www.burmeseclassic.com

စိတ်ကူးချိုချိုအစုစည်း

# သခင်ဖေငွေး၏ သခင်ဖေငွေး



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးမြင့်ဦး စိတ်ကူးချိုချိုစာပေ ၈၂ ၁၆လမ်း တာမွေ
ပုံနှိပ်သူ - ဒေါ်ဝင်းမာ စိတ်ကူးချိုချိုပုံနှိပ်တိုက် ၁၀၇၉ မင်္ဂလာလမ်း ရန်ကင်း
မျက်နှာဖုံးပန်းချီ - ဇော်ဆောင်
၂၀၁၂ ခုနှစ်ဘာလ ဒုတိယအကြိမ် အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်
[redacted]
သခင်ဖေမြင့်၏သခင်ဖေမြင့်
သခင်ဖေမြင့်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၂၇၀ မျက်နှာ၊ ၁၃ စင်တီ × ၂၁.၅ စင်တီ
(၁) သခင်ဖေမြင့်၏သခင်ဖေမြင့်
[redacted]

## မနီးတဲ့ ဘဝခရီးမှ သခင်ဖေမြင့်

ကိုယ်တစ်ခြမ်းစောင်း၍ ခေါင်းတစ်ဖက် ငိုက်ခါ၊ ခြေတစ်ဖက် ခွင်လျက်၊ မစွမ်းမသန် ဖြစ်နေပြီးလျှင် တုတ်ကောက်ကြီးကိုထောက်ကာ လမ်းလျှောက်တတ်သည်။ သို့ကလို လမ်းလျှောက်သည့်တိုင် တရွေ့ရွေ့နှင့် ရွေ့ရုံမျှသာ သွားနိုင်သူဖြစ်သည်။ သူ့ကိုယ်ခန္ဓာသည် အလွန်တရာ နှေးကွေးလွန်းမက နှေးကွေးစွာ သွားလာမှ ရသည်။ သို့သော် ဝါးတစ်ရိုက် နှစ်ရိုက်စာမျှ လျှောက်မိလျှင်ပင် မောဟိုက်သည်။ တစ်ထွာ တစ်မိုက်မျှဖြစ်သော အဆင်းအတက်ဆိုလျှင် ဘေးလူ တစ်ယောက်က တွဲထူမကူပေးမှသာ ဆင်းသက်လို့ရသည်။ သို့မဟုတ်ပါက အရုပ်ကြိုးပြတ်သည့်အလား ပုံရက်သား ခွေကျလေ့ရှိသည်။

### အမွဲဆုံး

သူကား အခြားသူမဟုတ်၊ မြန်မာပြည် နိုင်ငံရေးလောကနယ်ပယ်တွင် ထင်ပေါ်ကျော်ကြားဆုံး၊ ထောင်သက်အရှည်ဆုံး၊ အနှစ်နာအခံဆုံး၊ အမွဲဆုံး ဖြစ်သော သံမဏိရဲနီကြီး သခင်ဖေမြင့်ပင်တည်း။

ကိုယ်အင်္ဂါ ချို့ယွင်းသော်လည်း ဆရာကြီး သခင်ဖေမြင့်သည် စိတ်ဓာတ်အရာ၌ သာမန်လူထက် နိုင်မာသူ

www.burmeseclassic.com



ဖြစ်သည်။ နိုင်မာသည်ဟု ဆိုသော်လည်း သာမန်နိုင်မာခြင်းတော့ မဟုတ်၊ ကွယ်လွန်သူ မြောက်ဗီယက်နမ်သမ္မတ ဟိုချီမင်း ပြောကြားခဲ့သည့်အတိုင်း ...

**"အေးစက်သည် ငါ့အား စာတော့၍ ကြံ့နိုင်ခြင်းကို ဖြစ်စေပြီ၊ ငါ့စိတ်ကို သံမဏိအသွင် နိုင်မာစေပြီ"**

ဟူသည့် သံမဏိ စိတ်ဓာတ်မျိုးပင်တည်း။

## မနုဖြူသား

ဆရာကြီး သခင်ဖေဌေးအား ၁၉၁၃ ခုနှစ် မနုဖြူမြို့၌ မွေးဖွားသည်။ အဘမှာ မြေတိုင်းအင်စပက်တော် ဖြစ်သည်။ ၁၉၁၈ ခုနှစ်တွင် မနုဖြူမြို့ ဆရာဦးချစ်ဖူး ကျောင်းတွင် စတင် ပညာသင်ကြားရသည်။

၁၉၂၀ ခုနှစ်တွင် ညောင်တုန်းမြို့သို့ ပြောင်း၍ ဆရာဦးဘချစ် ကျောင်း၌ နေရပြန်သည်။ ၎င်းနောက် ညောင်တုန်းမြို့ အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။ ၇ တန်းသို့ ရောက်သောအခါတွင် ဆရာကြီး သခင်ဖေဌေးသည် မြင်းပေါ်မှ တစ်ခါ၊ သစ်ပင်ပေါ်မှ တစ်ခါ လိမ့်ကျခဲ့သဖြင့် ယခုကဲ့သို့ စွမ်းမသန်သော ဒုက္ခိတဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ရလေသည်။

## သေရာပါဒဏ်ရာ

ဆရာကြီး သခင်ဖေဌေး သစ်ပင်ပေါ်မှ လိမ့်ကျခဲ့သောအချိန်သည် အသက် ၁၉ နှစ်မျှသာရှိသည်။ လိမ့်ကျစဉ်ရသော ဒဏ်ရာများကို ရန်ကုန်ဆေးရုံကြီးတွင် ရက်ပေါင်းမြောက်မြားစွာ ကြာအောင် တက်ရောက် ကုသခဲ့သော်လည်း၊ သေသွားသည့်တိုင် ခြေတစ်ဖက် ဆောင်း၍၊ စက်ပါ ဆောင်းနေသောဘဝဖြင့် ဆေးရုံမှ ဆင်းခဲ့ရသည်။

ဤသို့ ဒုက္ခိတဘဝသို့ ရောက်ရှိသွားပြီးသည့်နောက်



ပိုင်းတွင် ကျောင်းနေနိုင်ခြင်း မရှိတော့သဖြင့် ကျောင်းမှ ထွက်ခဲ့ရလေသည်။ ကျောင်းထွက်ပြီးနောက် အားလပ်သော အချိန်များ၌ စာဖတ်ခြင်း၊ စာပေလေ့လာခြင်း၊ စာဖတ်အသင်း လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ မယ်ဒလင်တီးခြင်း စသော လုပ်ငန်းများဖြင့် အချိန်ကို ဖြုန်းတီးခဲ့ရသည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် အရေးတော်ပုံဖြစ်ပေါ်လာသောအခါ၌ ဒုက္ခိတဘဝ ရောက်နေရသော်လည်း ဆရာကြီး သခင်ဖေဌေးသည် သပိတ်အရေးတော်ပုံအတွင်း၌ ဝင်ရောက် ဆောင်ရွက်ခဲ့သေးသည်။ ထိုအရေးတော်ပုံမှစ၍ ဆရာကြီး သခင်ဖေဌေးသည် နိုင်ငံရေးစိတ်ဓာတ်ရင့်သန်လာခဲ့ပြီးနောက် များမကြာမီ တို့ဗမာ အစည်းအရုံးသို့ပင် ဝင်ရောက်ခဲ့သည်။

## ထောင်တစ်နှစ်

တို့ဗမာ အစည်းအရုံးဝင် သခင်အဖြစ်ဖြင့် ညောင်တုန်းမြို့မှာပင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီးနောက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကာကွယ်ရေး ဥပဒေ ပုဒ်မ ၃၀ ဖြင့် အဖမ်းခံရပြီးလျှင် ထောင်ဒဏ် တစ်နှစ် အပြစ်ပေးခြင်း ခံရလေသည်။ ပထမတွင် မအူပင်ထောင်၌ နေထိုင်၍ စီအတန်းကို ရရှိသောအခါ၌ မြန်မာပြည် အရပ်ရပ်မှ ထောင်ကျလာကြသော သခင်များ စုဝေးရာ အင်းစိန် သီးသန့်ထောင်ကလေးသို့ ပြောင်းရွှေ့ ရောက်ရှိခဲ့လေသည်။

ဆရာကြီး သခင်ဖေဌေးသည် ထောင်မကျမီအချိန်ကပင် သားမယားရကာ အိမ်ထောင်ကျပြီးပြီ ဖြစ်သည်။ ၁၉၄၁ ခုနှစ် ထောင်ကျနေစဉ်ဝယ် ဆရာကြီး၏ ဇနီးသည်မှာ သားဦးကလေးနှင့်အတူ အပြင်လောက၌ ကျန်ရစ်ခဲ့ရှာသည်။

ဆရာကြီးသည် ထိုအချိန်မှစ၍ အချုပ်နှင့်ထောင်၊

www.burmeseclassic.com

www.burmeseclassic.com



ထောင်နှင့်ကျွန်း၊ တစ်ကျွန်းနှင့်ပင် အားမရနိုင်သော အာဏာပိုင်များက နောက်ထပ် ဂေါ်တူ (ခေါ်) လိပ်ကျွန်းသို့ပင် တစ်ကျွန်းပြီး တစ်ကျွန်း ပို့ခဲ့ကြသည်။ သို့ဖြင့်ပင် ဆရာကြီး သခင်ဖေမွှေးသည် သံသရာဝဋ်၌ ချားရဟတ်ပမာ လည်ပတ်လာရလေသည်။

## မလွှတ်ပေးနိုင်

၁၉၆၀ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့ကို နောက်ဆုံးထား၍ ထိုနေ့တွင်မှ လွှတ်မပေးလျှင် အစာငတ်ခံတော့မည်ဟု အာဏာပိုင်များထံ တစ်လ ကြိုတင်ကာ ရာဇသံပေးလိုက်သည်။ သို့သော် အာဏာပိုင်များကမူ "လွှတ်မည့်ဆဲဆဲ ယခုလို ရာဇသံပေးသောကြောင့် မလွှတ်နိုင်" ဆိုသော အကြောင်းပြချက်ဖြင့် မလွှတ်ခဲ့ချေ။

သို့ဖြင့် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ဆရာကြီး သခင်ဖေမွှေးသည် အစာငတ်ခံတော့သည်။ အစာငတ်မခံမီ နောက်ဆုံးနေ့၌ ဇနီး ဒေါ်တင်တင်သည် ထောင်ဝင်စာ လာတွေ့သည့်အခါ ဆရာကြီး သခင်ဖေမွှေးက ဇနီးဖြစ်သူအား မှာကြားလိုက်သော စကားတစ်ခွန်းသည်ကား ...

**"ငါ့အသေလိုရှိရင် ငါ့အလောင်းသာ ရအောင် တောင်းကြ"**

ဟူသောစကားပင် ဖြစ်၏။ ဆရာကြီး သခင်ဖေမွှေး၏ သန္နိဋ္ဌာန်သည် ခိုင်မာသည်၊ ဘယ်နည်းနှင့်မဆို ထောင်မှ ထွက်ရအောင် တိုက်ပွဲဝင်တော့မည်ဆိုသည့် သံမဏိ အဓိဋ္ဌာန်ပင် ဖြစ်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ အယူအဆခြင်း တူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ၊ အပြင်တွင် ရှိနေကြသော အဖွဲ့အစည်းပေါင်းစုံတို့က ဆရာကြီး သခင်ဖေမွှေး လွှတ်မြောက်ရေးကို ဝိုင်းဝန်း ဆောင်ရွက်ရန် အဖွဲ့ပေါင်းစုံ ကော်မတီတစ်ခုကိုပင် ဖွဲ့စည်းခဲ့ကြသေးသည်။



ဆရာကြီး သခင်ဖေမွှေးကား အစာငတ်ခံလျက် ရှိလေသည်။ အပြင်တွင် အဖွဲ့ပေါင်းစုံ ဆရာကြီး သခင်ဖေမွှေး လွှတ်မြောက်ရေး ကော်မတီက လှုပ်ရှားမှုများ ပြုလုပ်ကြလေသည်။

သို့ဖြင့် ၁၉၆၁ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အစာငတ်ခံခဲ့သည်မှာ ဇန်နဝါရီလ ၂၅ ရက်သို့ပင် ရောက်ခဲ့ပြီးလျှင် ဆရာကြီး သခင်ဖေမွှေး၏ ကိုယ်အလေးချိန်မှာ ၂၄ ပေါင်ကျော်မျှ ကျဆင်းသွားပြီ ဖြစ်လေသည်။

## စာနှစ်ကြောင်း

နောက်တစ်နေ့ ဇန်နဝါရီ ၂၆ ရက်နေ့တွင် အင်းစိန်ထောင်တွင်းရှိ တိုက်ခန်းကျဉ်းကလေးမှ ခုတင်ပေါ်တွင် ခပ်မြော့မြော့သာ ရှိနေသော ဆရာကြီး သခင်ဖေမွှေးထံသို့ စာရေးဆရာ သခင်မြသန်း၊ ပြင်ပအဖွဲ့ ခေါင်းဆောင်ကြီးများသည် ထောင်ပိုင်ကြီးနှင့်အတူ ဝင်ရောက် တွေ့ဆုံကာ ဝန်ကြီးချုပ်ဦးနုနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပုံကို ပြောပြသောအခါကျမှ ဆရာကြီး သခင်ဖေမွှေးသည် ဥပဒေအတွင်းမှ နေမည်၊ အစာပြန်စားမည်ဟူသော စာနှစ်ကြောင်းပေါ်တွင် လက်မှတ် ရေးထိုးပေးလိုက်သည်။

အစိုးရဘက်မှ သူ၏ သိက္ခာကို ဆည်ပုံမှာ အစာငတ်ခံ၍ လွှတ်သည်မဟုတ်၊ လွှတ်သင့်လို့ လွှတ်တာ ဆိုသည့် သဘောဖြင့် ထောင်ထဲမှပင် အစာပြန်၍ စားစေခြင်း ဖြစ်လေသည်။ အမှန်အားဖြင့် ထောင်တွင်း၌ အစာငတ်ခံ တိုက်ပွဲနှင့် အပြင်မှ အဖွဲ့ပေါင်းစုံ ကော်မတီတို့၏ ထောက်ခံမှု တိုက်ပွဲများကြောင့်သာ လွှတ်ပေးရခြင်း ဖြစ်ပေသည်။

ထိုနေ့ညမှာပင် ဆရာကြီး သခင်ဖေမွှေးအား ထောင်မှ လွှတ်လိုက်သဖြင့် ဆရာကြီး၏ ရဲဘော်များကပင် ပွေ့ယူကာ ထောင်မှ ထုတ်လာရသည်။ အိမ်သို့ရောက်လျှင် ယုံ့ယုံ့သာ ကျန်သည့် ဆရာကြီး သခင်ဖေမွှေးအား ဒေါက်

www.burmeseclassic.com

www.burmeseclassic.com



တာ ဦးသောင်းရှိန်နှင့် ကြပ်မတ် ကုသပေးသဖြင့် တဖြည်းဖြည်း အားအင်ပြည့်ဖြိုးလာပါတော့သည်။

ထို့အတူ ဆရာကြီး သခင်ဖေမြွေးသည်လည်း ၁၉၄၀ ခုနှစ် (ဘီ) ကလပ်စ် ရရေးအတွက် မအူပင်ထောင်တွင် တစ်ကြိမ်၊ ၁၉၄၆ ခုနှစ် သာယာဝတီ ထောင်ကြီးတွင် အထွေထွေ သပိတ်ကြီးမှောက်နေသည့်ကာလ (ဗိုလ်ချုပ်အောင်ဆန်း ယာယီရာထူး လက်ခံသည့်အချိန်) တွင် တစ်ကြိမ်။ ၁၉၄၇ ခု ရုံးဝိုင်း ဂတ်ဝိုင်းမှု (ရုံးတော် စော်ကားမှုဟုဆိုကာ) မအူပင်ထောင်တွင် ချုပ်နှောင် ဖမ်းဆီးထားခဲ့စဉ်ကလည်း ရက်ပေါင်း ၂၄ ရက်တိတိ အငတ်ခံ၍ တစ်ကြိမ် စသည့်တိုက်ပွဲများကြောင့် အကြိမ်ကြိမ် အောင်မြင်ခဲ့သည်။

## ၁၅၁–ရက်

သို့ဖြင့် ဆရာကြီး သခင်ဖေမြွေး၏ သက်တမ်းတစ်လျှောက်တွင် ထောင်သက်မှာ ၁၄ နှစ်ကျော်မျှ ရှိပြီးလျှင် အစာငတ်ခံခဲ့သော ရက်ပေါင်းမှာ (၁၅၁) ရက်မျှ ရှိခဲ့သည်။ ဤသို့ဆိုလျှင် ဆရာကြီး သခင်ဖေမြွေး၏ သက်တမ်းတစ်လျှောက်တွင် ငါးလကြာမျှ အစာမစားဘဲ ဆရာကြီး သခင်ဖေမြွေး နေခဲ့ရသည် ဟူ၍ပင် ဆိုရချိမ့်မည် ဖြစ်သည်။

၁၉၆၃ ခုနှစ် ပြည်အကျဉ်းထောင်ကြီးမှ လွတ်လာခဲ့သော ဆရာကြီး သခင်ဖေမြွေးသည် သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့၏ ဖိစီးနှိပ်စက်ခြင်းကို အလူးအလဲ ခံစားလာရပြန်သည်။ အိမ်ရောက်ခါမှ ရောဂါသည် ပို၍ စုံလာသည်။ လွန်ခဲ့သည့် ဖ–ဆ–ပ–လ အစိုးရခေတ်၌ ထောင်များ၊ ကျွန်းများမှ ရရှိခဲ့သော ရောဂါတို့သည် ယခုမှပင် စု၍ ပွားများလာသည်။



## သွားရှာပြီ

ဤသို့ဖြင့် ဆရာကြီး သခင်ဖေမြွေးသည် ဆရာကြီးချစ်မြတ်နိုးသော နိုင်ငံရေးလောကမှ နိုင်ငံရေးသမားများနှင့်အတူ ဇနီး ဒေါ်တင်တင်၊ သမီး ခင်မျိုးမြင့်မြွေး၊ သားမောင်ရဲထွဋ်၊ မောင်ဇော်ထွဋ်၊ သမီးငယ် ခင်ရဲမြင့်မြွေးတို့ကို ကျောနိုင်း၍ သေမင်းခေါ်ရာသို့ (၁၇–၁၁–၆၈) ခုနှစ်နေ့တွင် လိုက်ပါသွားရလေတော့သည်။

"ဆရာကြီး သခင်ဖေမြွေး ကောင်းရာသုဂတိလားပါစေ"။

မြအုန်း

[ဆိုးဝေဂျာနယ်၊ အမှတ် ၀၀၊ ၁၃၃၃၊
ပြာသိုလဆုတ် ၁ ရက် (၁–၁–၇၂)]

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖေမြေး

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖေမြေ့ ငယ်စဉ်က

## ပထမအကြိမ်ထုတ် ဒီရိုင်းစာပေတိုက်၏ နိဒါန်း

မြန်မာပြည် နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားသည်နှင့်အမျှ ထောင်သက် အရှည်ဆုံး၊ အနှစ်နာအခံဆုံး၊ အမွဲဆုံးမှာ သခင်ဖေမြေ့ပင် ဖြစ်၏။ သခင်ဖေမြေ့ လို သံမဏိရဲနီကြီးမျိုးကိုမှ ချီးကျူးမှတ်တမ်း မတင်ရင် ကျုပ်တို့ ဝတ္တရား ကျေပါ့မလား။

ဒီရိုင်း

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖေမွှေးအား ရဲနီမယ် ဒေါ်ငွေစံနှင့်
ရဲနီကျော်ဝင်းတို့က အလေးပြုနေကြစဉ်။

## စာရေးသူ၏ အမှာ

၈-၄-၆၃ ခုနှစ်၊ ပြည် အကျဉ်းထောင်ကြီးမှ လွတ်လာခဲ့သော်လည်း ကျွန်တော်၏ သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့၏ ဖိစီး နှိပ်စက်ခြင်းကို အမြဲလို့ အလဲ ခံစားလာရပြန်သဖြင့် အိမ်ပြင်သို့ပင် မထွက်နိုင်တော့ဘဲ ဆရာဝန်ကြီးများ ညွှန်ကြားထားသည့်အတိုင်း ဆေးဝါးများကို စားသောက်ခြင်း၊ အနားယူခြင်းတို့ကို ပြုလုပ်နေရပါသည်။

အိမ်ရောက်ခါမှ ရောဂါမှ သက်သာလာသည် မရှိဘဲ ပြည် ထောင်ထဲမှာထက်ပင် ပိုမို ဆိုးဝါး၍လာသည်။ အစားပျက်၊ အအိပ်ပျက်ရသည့်အထိ သွေးတိုးရောဂါ၊ နှလုံးရောဂါများအပြင် အအေးပတ်ပြီး အဆုတ်ရောင်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ ဝမ်းဖော ဝမ်းရောင်ခြင်း စသည့် ရောဂါများကလည်း အပိုဆု အဖြစ်ဖြင့် ထပ် တိုးလာပြန်ပါသည်။

ထို့ကြောင့် ခြေထောက်တွေ ရောင်ရမ်းခြင်း၊ အသက်ရှူကျပ်၍ ညဘက်များတွင်လည်း အိပ်ရာပေါ်တွင် တုံးလုံးလှဲအိပ်၍ လုံးဝ မရသဖြင့် ငုတ်တုတ်ထထိုင်နေရခြင်း၊ ချောင်းကလည်း ဆိုးနေပြန်၍ အမောဆိုက်အောင် ပင်ပန်းနွမ်းနယ်ခြင်း၊ မျက်ရိုးတစ်ခြမ်းကိုက်ခြင်း စသော ဝေဒနာ ခံစားရမှုများကြောင့် (လွန်ခဲ့သည့် ဖ-ဆ-ပ-လ အစိုးရခေတ်တွင် ၁၂ နှစ်ကျော် တိုင်အောင် ထောင်များ၊ ကျွန်းများမှ ရရှိခဲ့သော သွေးတိုးရောဂါမှတစ်ဆင့် ပွားများလာသည့် ရောဂါဒဏ်ရာဒဏ်ချက်များ ဖြစ်သည်) ကျွန်တော့်ကိုယ်ကျွန်တော် စိတ်မချတော့ပါ။ ဤမျှရောဂါများဖြင့် သေလိမ့်မည်ဟု ထင်မိလာပါသည်။

အနည်းငယ်အားဖြင့် ရောဂါများ သက်သာလာသော [illegible]နေ့,

www.burmeseclassic.com

www.burmeseclassic.com



တွင် ဒီရိုင်း စာပေဖြန့်ချိရေး စာစဉ်မှ လူငယ်တပ်ဦး ဗဟိုကော်မတီဟောင်း ကိုသိန်းစံ တို့ လူစုက ဆွေးနွေးအနားယူနေသည့် အချိန်တွင် တခြား ပင်ပင်ပန်းပန်း အလုပ်များ မလုပ်နိုင်သေးသော်လည်း စာထိုင်ရေးနိုင်မည်ဆိုလျှင် ဆရာကြီး၏ နိုင်ငံရေး အတွေ့အကြုံ အတွေးအခေါ် အယူဝါဒရေး သဘောတရားများ ပါဝင်သည့် ဆရာကြီး၏ ဖြတ်သန်းလာခဲ့သော "နိုင်ငံရေးရာဇဝင်နှင့်တော်လှန်ရေးမှတ်တမ်း ...." စာအုပ်တစ်အုပ် ဖြစ်မြောက်အောင် ရေးစေလိုကြောင်း တိုက်တွန်းချက်ကလည်း ရှိလာပြန်သည်က တစ်ကြောင်း၊ ကျွန်တော်၏ သွေးတိုးရောဂါများကြောင့် မတော်လို့များ ရုတ်တရက် သေသွားခဲ့လျှင် ကျွန်တော်၏ ဘဝခရီးတစ်လျှောက် ခဲရာခဲဆစ် ပင်ပင်ပန်းပန်း တစ်လှမ်းချင်း လျှောက်လာခဲ့ရသော "အမျိုးသားတော်လှန်ရေးတိုက်ပွဲခရီးစဉ်နှင့် လူတန်းစား တော်လှန်ရေးတိုက်ပွဲ ခရီးစဉ်" တို့ကို လုပ်သား ပြည်သူလူထုအတွက် လေ့လာနိုင်ရန်၊ အတွေ့အကြုံယူစရာတို့ကိုလည်း ယူနိုင်ကြစေရန်၊ လေ့လာလိုသူများအတွက်လည်း လေ့လာနိုင်ကြစေရန် ကျွန်တော်သည် နားနားနေနေဖြင့် ဤစာအုပ်ကို ရေးရန် ဆုံးဖြတ်လိုက်ပြီးလျှင် ကျွန်တော်၏ရောဂါသက်သာသော အချိန်၌ ထ၍ ရေးလိုက်ပြီး၊ ရောဂါ ထကြွလာသော အချိန်၌ ရေးလက်စကို ရပ်နားထားလိုက်ခြင်း၊ သက်သာလာလျှင် ပြန် ဆက်ရေးလိုက်ခြင်းဖြင့် လေးလ၊ ငါးလ တိုင်တိုင် ဝေဒနာများကို ခံစားကုသနေသည့်ကြားမှ ဤစာအုပ် ဖြစ်မြောက်ခဲ့ရပါတော့သည်။

ကျွန်တော့်အမှာတွင် ငြိမ်းချမ်းရေး ပြဿနာကို အထူး တင်ပြလိုပေသည်။

* ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးအပေါ် ကျွန်တော်၏ သဘောထား အပြည့်အဝကို ဤစာအုပ်၏ အမှာစာမှာ ဦးစားပေး၍ ဆွေးနွေးတင်ပြလိုပါသည်။

* ငြိမ်းချမ်းရေးသည် တစ်ပြည်လုံး အတိုင်းအတာကို ဆောင်သည့် တစ်ပြည်လုံးအတွက် ငြိမ်းချမ်းရေး ဖြစ်ရပါမည်။

* တစ်ပြည်လုံးရှိ လူမျိုးတိုင်း၊ လူမျိုးတိုင်းနှင့် လုံးဝ သက်ဆိုင်နေသကဲ့သို့ တစ်ပြည်လုံးရှိ လူထု လူတန်းစားအသီးသီးတို့နှင့်လည်း လုံးဝ သက်ဆိုင်နေကြပါသည်။



* အုပ်ချုပ်သူ၊ အာဏာ လက်ကိုင်ရှိသူခေါင်းဆောင်စုများနှင့် လက်နက်ကိုင် တော်လှန်ရေး လုပ်နေသူ ခေါင်းဆောင်များချည်း သက်သက်သာလျှင် သက်ဆိုင်သည့် "ငြိမ်းချမ်းရေး" ဟူ၍ မယူဆနိုင်ပါ။

* ငြိမ်းချမ်းရေးသည် တစ်ပြည်ထောင်လုံး အရေး၊ ပြည်တွင်းရှိ အမျိုးသားပေါင်းစုံတို့၏ အလုံးစုံ သက်ဆိုင်ကြသည့် ငြိမ်းချမ်းရေး ဟူ၍သာ ယုံကြည်မိပါသည်။ သို့ရာတွင် မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရေးကိစ္စကိုကား အာဏာလက်ရှိ အုပ်စိုးသူ လူတန်းစားခေါင်းဆောင်ကြီးများနှင့် လက်နက်ကိုင် တော်လှန်ရေး လုပ်နေကြသော အာဏာမဲ့ သူပုန် ခေါင်းဆောင်ကြီးများတို့ တစ်ဘက်နှင့်တစ်ဘက် အချိန်ယူပြီး သဘောထားကြီးကြီး၊ ရိုးရိုးဖြောင့်ဖြောင့်၊ တန်းတူရည်တူအခွင့်အရေးဖြင့် စိတ်ရှည်လက်ရှည် ရဲဘော်ရဲဘက်ချင်းသဖွယ် သဘောထားပြီး တွေ့ဆုံ ဆွေးနွေးကြရပေမည်။

* တရားခံနှင့် တရားလို အမှုဆိုင်သလို တစ်ဘက်စီးနင်း တင်းတင်းမာမာ ဆွေးနွေးကြမည်ဆိုလျှင် ငြိမ်းချမ်းရေး ဝေး၍ ဆွေးနွေးပွဲ ခုံကျိုးမည်သာ ဖြစ်ပေမည်။

* ရဲဘော်ရဲဘက်ချင်းသဖွယ် ပျော့ပျော့ပျောင်းပျောင်း၊ သိမ်သိမ်မွေ့မွေ့၊ တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် သည်းခံမှု၊ သဘောထားကြီးမှု၊ စိတ်ထားတည်ကြည်မှု၊ ရိုးရိုးဖြောင့်ဖြောင့်နှင့် စိတ်ရှည်ရှည် ထားနိုင်မှု စသည့် ဤသို့သော (စိတ်ပိုင်း) စိတ်ဓာတ် အခြေခံကို ထားပြီးလျှင် (ရုပ်ပိုင်း) လက်တွေ့ငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ရာမှာကား မာ့က္စ၊ လီနင်ဝါဒနှင့် မဆန့်ကျင်သော၊ နယ်ချဲ့ပဒေသရာဇ်စနစ်တို့နှင့် ကင်းကင်းလွတ်လွတ်ဖြစ်သော ဆိုရှယ်လစ်ဝါဒ၏ ပထမ ပဏာမဖြစ်သော ပြည်သူ့ဒီမိုကရေစီစနစ်မှသည် ဆိုရှယ်လစ်စနစ်သို့၊ ၎င်း ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ အထိ ချီတက်နိုင်ရန် ကြိုတင်မြင်သိ နားလည်ထားပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ဝိဇ္ဇာနည်းကျကျ (ဝါ) အနုပဋိလောမ ရုပ်ဝါဒ (ရုပ်ပိုင်း) အခြေခံအတိုင်း စနစ်တကျ လုပ်နည်းလုပ်ဟန် မှန်မှန်ကန်ကန်ဖြင့် နှစ်ဦးနှစ်ဘက်စလုံး ဆောင်ရွက်သွားနိုင်ဖို့ အထူးလိုအပ်ချက် ဖြစ်သည်ဟု ယုံကြည်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* နိုင်ငံရေးအရ ကွဲလွဲချက်ကို နိုင်ငံရေးအရ ပြေလည်စွာ မဖြေရှင်းနိုင်ကြဘဲ ပြည်တွင်း ငြိမ်းချမ်းရေးကို စဉ်းစား၍ ရနိုင်မည် မထင်ပါ။

* ထို့အတူ ပြည်နယ်အရေး၊ လူမျိုးစုအရေးအတွက် ကွဲလွဲချက်ကိုလည်း သက်ဆိုင်ရာ သက်ဆိုင်ရာ လွှတ်လပ်စွာ သီးခြား ကိုင်ပိုင် ပြည်နယ် ထူထောင်ခွင့် ရှိသည်အထိ ပြေပြေလည်လည် မဆွေးနွေးနိုင်သမျှ ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အကောင်အထည် ပေါ်ပေါက်လာနိုင်လိမ့်မည် မထင်ပါ။

* ငြိမ်းချမ်းရေးသည် တွေ့ဆုံဆွေးနွေးရေး လုပ်နည်းလုပ်ဟန်မှ လွဲ၍ အပြုတ်တိုက်ရေး လမ်းစဉ်ဖြင့် အောင်နိုင်ရန် ယနေ့လက်ရှိ အခြေအနေများအရ ခွင့်မပြုခြင်းမှာ ပြည်တွင်းစစ် ၁၄–၁၅–၁၆ နှစ်များထိ ကြာညောင်းခဲ့ရပြီး ပြည်သူလူထုကြီး တစ်ရပ်လုံး ကြိမ်မီးအုံးခံရသည့်နယ်နှစ်ရှည်လများ မချိမဆန့်၊ မရှုမလှ သောကဗျာပါဒတွေ များစွာဖြင့် ပြည်တွင်းစစ်ကြီး၏ ဒဏ်ရာဒဏ်ချက်တို့ကို အလူးအလဲ ခံခဲ့ကြရပါပြီ။

* သို့ကြောင့်ပင်လျှင် ပြည်သူလူထုကြီး တစ်ရပ်လုံးသည် အပြုတ်တိုက်ရေး ဆိုသည့် အသံကို မကြားချင်ကြလေပြီ။ လက်နက်ချပြီး မိမိတို့တစ်ကိုယ်ရေတန်ဖိုးအတွက် အခွင့်ထူး ခံစားမှု ရကြရုံလောက်သာ "အလင်းဝင်သည်"၊ "လက်နက်စွန့်သည်"၊ "လက်နက်နှင့်ဒီမိုကရေစီ လဲသည်" စသော စကားလုံး လှလှကလေးတွေဖြင့် တန်ဆာ ဆင်မြန်းပြီး ဤနည်း ဤပုံ လုပ်နေကြခြင်းဖြင့်လည်း "တကယ်ငြိမ်းချမ်းရေး" မရကြဘဲ ပြည်တွင်းစစ်မီးကြီးက တောက်လောင်မြဲ တောက်လောင်နေသည် ဆိုသည်ကို ပြည်သူလူထုကြီးက မျက်ဝါးထင်ထင် တွေ့မြင်သိရှိကြပြီး ဖြစ်လေတော့သည်။

* ငြိမ်းချမ်းရေးသည် အာဏာ လက်ရှိ လက်နက်ကိုင်များ အပိုင်ပစ္စည်းလည်း မဟုတ်၊ အာဏာမဲ့ လက်နက်ကိုင်များ၏ အပိုင်ပစ္စည်းလည်း မဟုတ်၊ တစ်ပြည်လုံး အတိုင်းအတာထို ဆောင်သည့် ပြည်သူလူထုကြီး တစ်ရပ်လုံး၏ အပိုင်ပစ္စည်းသာ ဖြစ်သည်။

* သို့ကြောင့် ပြည်သူ့ဆန္ဒ အပြည့်အဝပါရှိသော ပြည်သူ့ဒီမိုကရေစီ ရွေးကောက်ပွဲကြီး တစ်ရပ်ကို ထာဝစဉ် ငြိမ်းချမ်းရေးအတွက် ရည်မှန်းပြီး ရွေးကောက်ပွဲတစ်ရပ် ဖွင့်ပေးဖို့ မလွှဲမရှောင် လုပ်ပေးအပ်သည့်အလျောက် မလွှဲမရှောင်သာဘဲ ပေါ်ထွက်လာရမည် ဟူ၍ ထင်မိပါသည်။



* ကျွန်တော်တို့တစ်တွေသည် နေရှင် ပါလီမန် ဒီမိုကရေစီသမားများ မဟုတ်ကြပါပေ။ ကျွန်တော်တို့တစ်တွေသည် နေရှင်ပါလီမန်ကို တိုက်ခဲ့သူတွေသာ ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေသည် မာ့က္စ၊ လီနင်ဝါဒ၏ ကွန်မြူနစ်ဝါဒ ယုံကြည်သက်ဝင်သူများ ဖြစ်ကြသည့်အလျောက် ကွန်မြူနစ်စနစ်ကိုပင် အကြိုက်အနှစ်သက်ဆုံး ဖြစ်ပါသည်။ ၎င်း ကွန်မြူနစ်စနစ်ကို မရောက်နိုင်သေးမီ ဆိုရှယ်လစ်စနစ်သို့ ရောက်ရှိပါဦးမည်။ ကျွန်တော်တို့ မြန်မာပြည်ကဲ့သို့ စက်မှုလက်မှု လုပ်ငန်းများနှင့် စက်ကြီးလုပ်ငန်းများ (လျှပ်စစ် လုပ်ငန်းများနှင့် အနုမြူလုပ်ငန်းများ) မထွန်းကားသေးသည့် မြေယာစိုက်ပျိုးရေး နိုင်ငံအဖြစ်မှာသာ ရှိနေသေးသည့် ဤမြန်မာပြည်အတွက် ဆိုရှယ်လစ်စနစ်၏ ပထမ ပဏာမပိုင်း ဖြစ်သည့် ပြည်သူ့ ဒီမိုကရေစီ စနစ်မှ တစ်စတစ်စ ဆိုရှယ်လစ်စနစ်ကို အခြေခံပြီး လုပ်သွားကြရင်းကမှသာ ဆိုရှယ်လစ်စနစ် စစ်စစ်သို့ တကယ်တမ်း အောင်မြင်ထိရောက်စွာ ချီတက်လုပ်ကိုင်နိုင်ပါမည်ဟု ယုံကြည်မိပါသည်။

* အလုပ်သမား လူတန်းစား အကျိုးနှင့် လယ်သမား လူတန်းစား အကျိုးကို မပေးနိုင်သော နေရှင် ပါလီမန် ဒီမိုကရေစီမျိုးကို ကျွန်တော်တို့တစ်တွေ လုံးဝ မလိုလားကြပါချေ။ နေရှင် ပါလီမန် ဒီမိုကရေစီသည် နေရှင်ကြီး လူတန်းစား အကျိုးကိုသာ ကိုယ်စားပြုထားသည့် ဝါဒသဘော ရှိကြောင်းကိုလည်း ကျွန်တော်တို့တစ်တွေက ခိုင်ခိုင်မြဲမြဲ ယုံကြည်နားလည်ခဲ့ကြသည့်အလျောက် ဦးနု၏ ဖ.ဆ.ပ.လ အစိုးရ၏ နေရှင်ပါလီမန် ဒီမိုကရေစီကို ကျွန်တော်တို့တိုက်ခိုက်ဆန့်ကျင်သည်မှာ ထင်ရှားနေပါသည်။

* ကျွန်တော်တို့တစ်တွေ တတ်နိုင်လျှင်ကား လယ်သမားသမ္မတနိုင်ငံ (ဝါ) ပြည်သူ့ဒီမိုကရေစီသမ္မတနိုင်ငံအဖြစ်မှ ဆိုရှယ်လစ်နိုင်ငံအဖြစ်တို့ကို တက်လှမ်းချီတက်လိုကြပါသည်။

* သို့ကြောင့်ပင်လျှင် တစ်ရက်–တစ်မနက်ခံမည့် ငြိမ်းချမ်းရေး အယောင်ဆောင်မျိုး မဟုတ်ဘဲ ထာဝစဉ် ရေရှည်ခံမည့် တကယ့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးဖြင့် သော်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံး၏ အများစုကြီး၏ ဆန္ဒယူမှုပြုပြီး ဤအများစု ပြည်သူလူထုကြီး၏ ဆန္ဒအရ "ငြိမ်းချမ်းရေး စစ်စစ်" ကို မနေမနား၊ မရမနေ ကြိုးစား လုံးပန်း အားထုတ်ပြီး အရယူရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးသည် မိုးပေါ်မှ ကျလာမည် မဟုတ်။ ငြိမ်းချမ်းရေးသည် လူစွမ်းကောင်းများထံမှာ မရှိ။ ငြိမ်းချမ်းရေးသည် ပြည်သူလူထုကြီးထံမှာသာ ရှိနေသည်။

* ပြည်သူလူထုကြီး၏ ဆန္ဒအရ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးရေး ကမ်းလှမ်းချက်ကို လုပ်ကိုင်လာခဲ့သော မိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရ ဖိတ်ခေါ်ချက်ကို ထောက်ခံပါ၏။ ကြိုဆိုပါ၏။ ထို့အတူ တောတွင်းမှ လက်နက်ကိုင် လူမျိုးစုအဖွဲ့အကြီးများနှင့် နိုင်ငံရေးပါတီကြီးများတို့၏ ကိုယ်စားလှယ်များ စေလွှတ်တွေ့ဆုံ ဆွေးနွေးခြင်းကို (ယုံ့ယုံကြည်ကြည်၊ လေးလေးစားစား အသီးသီးလာရောက်ကြခြင်းတို့ကို) ဝမ်းသာပါ၏၊ လေးလေးနက်နက် ထောက်ခံပါ၏။

* ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းနည်းဖြင့် ပြေပြေလည်လည် ဖြစ်ကြပါစေ .... မုချ ပြည်တွင်း ငြိမ်းချမ်းရေး ရကြပါစေဟု အသည်းထဲ အူထဲမှ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုလိုက်ပါသည်။

ထာဝစဉ် ငြိမ်းချမ်းရေးကို ရှေးရှုလျက်

**သခင်မြေဆွေး**

စက်တင်ဘာ ၁၈ ရက်နေ့၊ ၁၉၆၃။

## ကျွန်တော်၏ နိုင်ငံရေးအစ

ဆရာစံ၏ သူပုန်တိုက်ပွဲစဉ်ကို ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ထောက်ခံမိ၏။ ဆရာစံကိုလည်း ကျွန်တော် လေးလေးနက်နက် ကြည်ညိုမိ၏။

သူပုန်ခေါင်းဆောင်ကြီး ဆရာစံသည် နယ်ချဲ့ ကျူးကျော်ရေးသမား အင်္ဂလိပ်တို့အား ဓား လှံတို့ဖြင့် ဝင်ရောက် ထိုးနှက် ခုတ်သတ် တိုက်ပွဲဆင်မှု သတင်းများကို ကျွန်တော် ကြားရလေသောအခါ ကျွန်တော်၏ မျိုးချစ်စိတ်ဓာတ်သည် တဖွားဖွား တက်ကြွလို့နေ၏။

အကယ်၍များ ကျွန်တော့် ကျန်းမာရေးသာ ကောင်းမွန်၍ ဆရာစံတို့နှင့် ဆက်သွယ်မိမည်ဆိုလျှင် ကျွန်တော်သည် ဆရာစံ၏ သူပုန်တပ်တွင် သွားရောက် ပါဝင်မိမည်မှာ မုချပင်။

ဤသည်မှာ ၁၉၃၀–၃၁ နှစ်တွင်းက ဖြစ်ပွားခဲ့သော မြန်မာ လယ်သမား သူပုန်ကြီးက ကျွန်တော့်အား မျိုးချစ်စိတ်ဓာတ်ကို မွေးဖွားပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုအချိန်လောက်မှစ၍ ကျွန်တော်သည် နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်ရေး လွတ်လပ်ရေးတို့အတွက် နိုင်ငံရေးလောကအတွင်းသို့ ဝင်လာသည်မှာ ယနေ့အထိဆို နှစ်ပေါင်း ၃၀ ကျော်ပေပြီ။

ကျန်ရစ်ခဲ့သည့် နှစ်ပေါင်း (၃၀) အတွင်း ကျွန်တော်သည် ခေတ်မျိုးစုံကို ဖြတ်ကျော်လာခဲ့ရ၏။

ကျွန်တော်သည် နိုင်ငံရေးကို ကိုယ့်မြို့ ကိုယ့်နယ်မှ စတင် ဆောင်ရွက်ခဲ့၏။ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များသည်လည်း ကျွန်တော့် နယ်သူနယ်သားများနှင့် သူငယ်ချင်းများသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ ကျန်ရစ်ခဲ့သည့် နှစ်ပေါင်း (၃၀) လောက်က နိုင်ငံရေး ဆောင်ရွက်ခြင်းသည် ယခုလောက် မကျယ်ပြန့်သေးပါ။ ကျွန်တော်တို့သည် လူမျိုးရေးအသိဖြင့် အမျိုးသား လွတ်မြောက်ရေးနှင့် နိုင်ငံလွတ်မြောက်ရေးများကိုသာ ဆောင်ရွက်ခြင်းကြောင့်လည်း ကျွန်တော်၏ နိုင်ငံရေး အစသည် လူမျိုးရေးအသိက အရင်လာသည်ဟု ဆိုက မှားမည်မဟုတ်ပေ။

ထိုအချိန်မှာပင် ကျွန်တော်တို့တစ်တွေသည် အင်္ဂလိပ် နယ်ချဲ့အားလက်နက်ဖြင့် တော်လှန်ရန်အတွက် စီစဉ်ခဲ့ကြ၏။ ပြောဟောခဲ့ကြ၏။ လူထုတစ်ရပ်လုံးကိုလည်း ထိုနည်းဖြင့် စည်းရုံးခဲ့၏။ ထို့ကြောင့်ပင် ကျွန်တော်သည် ထောင် မကြာခဏ ကျခဲ့ရပေသည်။

ကျွန်တော် ထောင်ကျတိုင်းလည်း ထိုစဉ်က ခေါင်းဆောင်ကြီးများဖြစ်သော သခင်လေးမောင်၊ သခင်လှဘော်၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း စသူတို့နှင့် ရင်းနှီးခဲ့ရပေသည်။ ရင်းနှီးသည့်အလျောက်လည်း ကျွန်တော့်တွင် နိုင်ငံရေး အသိပညာများ ပို၍ တိုးပွား ကြွယ်ဝလာပေသည်။

ကျွန်တော်တို့ တိုင်းပြည်တွင် တို့ဗမာအစည်းအရုံး အစရှိသော အမျိုးသား အဖွဲ့အစည်းများလောက်ဖြင့် မလုံလောက်သေး။ နယ်ချဲ့ ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတို့နှင့် နိုင်ငံရေး ပြဿနာများအတွက် ခေတ်အမီဆုံး၊ ဝိဇ္ဇာနည်းအကျဆုံးသော လူတန်းစား တိုက်ပွဲများကိုပါ ရှေ့ဆောင်ရှေ့ရွက် ပြုနိုင်ရန် တကယ် ဦးဆောင်ပေးနိုင်မည့် ကမ္ဘာ့လောကတွင် သစ္စာတရားကြီး ဖြစ်သော မာ့က္စဝါဒကို အခြေခံပြီး ကွန်မြူနစ်ပါတီတစ်ရပ်ကို ထူထောင်ရန် သခင်စိုး၊ သခင်လှဖေ (ဗိုလ်လကျာ်)၊ သခင်အောင်ဆန်း (ဗိုလ်ချုပ်)၊ သခင်ဗိုလ် (ကွယ်လွန်)၊ ကိုဗဟိန်း၊ မစ္စတာဂိုရှယ်တို့က ပထမဦးစွာ ဆွေးနွေးတိုင်ပင်ကြ၍ ၁၉၃၈–၃၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီ (ဗမာပြည်) ကို လျှို့ဝှက်၍ ပထမဦးဆုံး ဖွဲ့စည်းကြပါသည်။

ဤသည်ကပင် ကျွန်တော့်အား နောင်အခါတွင် ကွန်မြူနစ် ခေါင်းဆောင်တစ်ယောက် ဖြစ်လာရန် ဇာဆော်ပေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ဘာကြောင့်ဆို (၁) ထိုကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်ကို ကျွန်တော်ယုံကြည်နေခြင်းနှင့် (၂) နဂါးနီထုတ် သခင်စိုးတို့ ရေးသော ဆိုရှယ်လစ်ကွန်မြူနစ်စာပေများကို စွဲမြဲစွာ လေ့လာမိသောကြောင့် ဖြစ်ပေသည်။



ကျွန်တော်သည် ဂျပန် ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းများကို ဆောင်ရွက်နေရင်းပင် ကွန်မြူနစ်ပါတီသို့ ရောက်သွားခဲ့ပါသည်။

ထို့နောက် ဂျပန်ဖက်ဆစ်တို့၏ ဖမ်းဆီးခြင်းကို ခံရပြန်သည်။ ဂျပန်ဖက်ဆစ်တို့သည် ကျွန်တော်နှင့် အဖမ်းခံ ရဲဘော်ရဲဘက်များအား ထိုစဉ်က ရက်ရက်စက်စက် ဖက်ဆစ်နည်းအတိုင်း ညှဉ်းပန်းနှိပ်စက်ခဲ့၏။

နောက်ပိုင်းတွင်မူ ကျွန်တော်သည် ကွန်မြူနစ်ဝါဒကို စွဲမြဲယုံကြည်ကာ ပါတီတွင် ပါတီကွဲသည်အထိ ပါဝင်ခဲ့တော့၏။

၁၉၄၈ ခုတွင် အလံနီ ကွန်မြူနစ်ပါတီ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ၊ ကရင် စသော အဖွဲ့အစည်းများ တောခိုပြီးသည့်နောက် ကျွန်တော်သည် ဝရမ်းပြေးအဖြစ် တစ်နှစ်ကျော် နေခဲ့ရပြီးနောက် အဖမ်းခံခဲ့ရပါသည်။ ထိုအဖမ်းခံရခြင်းသည် ကျွန်တော့်အဖို့ အရှည်ကြာဆုံး ချုပ်နှောင်ခံရခြင်းပင်။ ကျွန်း နှစ်ကျွန်း နှင့် ထောင်မျိုးစုံတွင် (၁၂) နှစ်ကျော် ကြာခဲ့ရပေသည်။

နောက်ဆုံးတွင်မူ ၁၉၆၂ ခု၊ ဩဂုတ်လ ၂ ရက်နေ့ညတွင် ထပ်မံအဖမ်းခံရပြီးနောက် တော်လှန်ရေး အစိုးရ၏ သင်ပုန်းချေ လွတ်ငြိမ်းခွင့်အရ နောက်ဆုံး ထောင်မှ ထွက်ခဲ့ရပြန်ပါသည်။

ယခု ထောင်မှ လွတ်မြောက်လာပြီးနောက် ကျွန်တော့်ကျန်းမာရေးသည် လွန်မင်းစွာ ဆိုး၍ နေပေပြီ။ ခုတင်ထက်ဝယ် ပက်လက်နေရသည်က များ၍နေသည်။

ကျွန်တော်၏ ဘဝမှတ်တမ်းတွင် ရပ်နားခြင်း မရခဲ့။ ဆရာစံ သူပုန်ခေတ်တွင် နိုင်ငံရေးစိတ် ဝင်ခဲ့၏။ ထို့နောက် လုပ်ခဲ့၏။ အင်္ဂလိပ်ကို တော်လှန်ရန် ကြိုးစားခဲ့၏။ ဂျပန်ကို တော်လှန်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော နိုင်ငံရေး အခြေအနေများအရ ကျွန်တော်သည် ယုံကြည်ချက်အတိုင်းပင် ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့်ပင် ဝရမ်းပြေးခဲ့ရသည်။ ထိုနောက် ထောင်တွင်း၌ ၁၂ နှစ်ကျော် နေခဲ့ရသည်။ ကျွန်းနှစ်ကျွန်းသို့လည်း ရောက်ခဲ့ရသည်။

ထိုအရာများကို ကျွန်တော်သည် အိပ်ရာထက်ပေါ်မှ တွေး၍ ကြည့်၏။ ရေးရေးမျှသာ ပေါ်တော့သည်။ နှစ်ပေါင်း (၃၀) ကျော်အတွင်းမှ အဖြစ်သနစ်များသည် စုံလည်း စုံ၏။ ရှုပ်လည်း ရှုပ်ထွေး၏။ စိတ်မော

www.burmeseclassic.com

www.burmeseclassic.com



စရာတွေ ပါသလို ကြည်နူး ဝမ်းမြောက်စရာများလည်း ပါပေသည်။ မခံချင် မကျေနပ်စရာတွေ တွေ့လာရလျှင် ဒေါသထွက်ခံပြင်းစရာတွေလည်း ဖြစ်ခဲ့ရသည်။

ဤသည်မှာ နိုင်ငံရေး ဘဝမှတ်တမ်းတွင် ကျွန်တော့် နှလုံးသား၌ စွဲထင်နေသော အရာများ ဖြစ်ပေသည်။

× × ×

## (၁)
## ရေနံမြေအလုပ်သမား သပိတ်တိုက်ပွဲများ

မြေလတ်ဒေသဖြစ်သော ရေနံချောင်း၊ ချောက်၊ မင်းဘူး အစရှိသည့် ရေနံထွက်ရာ နယ်မြေသည် ရေနံ ကုမ္ပဏီများ၏ ခြယ်လှယ်ရာ၊ သွေးစုပ်ရာ၊ ခေါင်းပုံဖြတ်ရာ၊ မိုက်ကြေးခွဲရာ နယ်မြေများပင် ဖြစ်သည်။

ထောင်သောင်း များစွာသော ရေနံမြေ အလုပ်သမားတို့မှာ ရေနံများ၊ ရေနံတွင်းများကို ပိုင်ဆိုင်ဖို့ဝေးစွ မိမိတို့၏နေအိမ် အိမ်ရာမှာလည်း ကြွက်သိုက်၊ ငှက်သိုက်သာသာ အလွန်စုတ်ပြတ်၍ ဖရိုဖရဲနိုင်လှသော တဲအိမ်ကလေးများတွင် ညဘက်များ၌ ရေနံဆီမီးခွက်ကိုပင် မထွန်းညှိနိုင်အောင် ဆင်းရဲနွမ်းပါးကြသည်။

ရေနံမြေ လုပ်သားတို့၏ တစ်နေကုန် လုပ်ရသော မိမိတို့လုပ်အားအတွက် မတန်သော အခ (ကူလီခ) ဖြင့် မသေရုံတမယ်၊ လုံးဝ မဝတ်ရုံကလေးသာ စားသောက်နေထိုင်ကြရသည်။

ရေနံတွင်းတူးသူ ရေနံတွင်းမှ ရေနံများ ရရှိရေးအတွက် လုပ်အားအမျိုးမျိုး ပေးရသူများ၊ ထိုမှတစ်ဆင့် ရေနံဆီ၊ ဓာတ်ဆီအထိအဖြစ် ရောက်အောင် လုပ်အားပေးရသူ၊ ဤသို့သော အလုပ် လုပ်ရသူတို့မှာ "လုပ်သူမစားရဘဲ" အလုပ် မလုပ်သူ ရေနံတွင်းပိုင်ရှင်ကြီးငယ်များ၊ နိုင်ငံခြားမှ နယ်ချဲ့ အရင်းအနှီးဖြင့် ဗမာ့မြေပေါ်မှ ရေနံများကို မတရား ပိုင်ဆိုင်နေကြသော ဘီ–အို–စီ၊ အိုင်–ဘီ–ပီ စသော နိုင်ငံခြား ကုမ္ပဏီကြီးများမှ သူဌေးကြီးများ၊ မန်နေဂျာကြီးများတို့၏ "မလုပ်သူ စားရခြင်း" စသည့် နယ်ချဲ့ အရင်းရှင်စနစ်ဆိုးအောက်မှာ ရေနံမြေ အလုပ်သမားပေါင်းစုံတို့သည် ဖောင်စီးရင်း ရေငတ် ဆိုသကဲ့သို့ ဖြစ်လာကြရတော့သည်။



ကျန်းမာရေး ထိခိုက်လာ၍ ရက် ၁ ရက်၊ ၂ ရက်မျှပင် လုပ်ခမပျက် အနားယူခွင့် မရ၊ တစ်လ တစ်ကြိမ်မှ လုပ်ခ ရှင်းပေးသော လတွက်နှင့် ငွေရှင်းရာမှာ ခံယူနေကြရသော်လည်း ဖျားနာသည့်အခါ တစ်ရက် အလုပ်မတက်လျှင် တစ်ရက်တွက် အခငွေ ဖြတ်တောက်ခံကြရခြင်း၊ အလုပ်ခွင်အတွင်းမှာ အလုပ်ကြောင့် ဒဏ်ရာ အနာတရ ခြေပြတ်၊ လက်ပြတ် တစ်ခုခုထိခိုက် နာကျင်ဒဏ်ရာရသော်လည်း လုံးဝ လျော်ကြေး မရကြဘဲ အလုပ်လည်းပြုတ်၊ သူတောင်းစားဘဝ ရောက်ရခြင်း၊ အထက်လူကြီးများနှင့် အလိုတော်ရိများကို အဆင်မပြေ လာဘ် မထိုးနိုင်လျှင် လူလျှော့ပစ်သည့် အထဲတွင် စာရင်းသွင်းခံရပြီး အလုပ်လက်မဲ့ ဖြစ်ကြ၏။

ရေနံတွင်းပိုင်များ၊ ရေနံ ကုမ္ပဏီကြီးများ ပိုင်ရှင် သူဌေးကြီးများ အတွက် နှစ်စဉ် သိန်းနှင့် သန်းနှင့်ချီပြီး အမြတ်အစွန်း ရရှိနေကြပါလျက်နှင့် ရေနံမြေ လုပ်သားတို့အပေါ် လုပ်ခ (ကူလီခ) လစာများ တိုးမြှင့်မပေးလိုကြရုံမျှမကသေး လုပ်ခလျှော့ခြင်း၊ လခ ဖြတ်တောက်ခြင်း စသော အလုပ်များကိုပင် အတင့်ရဲစွာ အနိုင်ကျင့်လာကြတော့သည်။

ထိုထိုသော အကြောင်းတို့ကြောင့် ရေနံမြေ အလုပ်သမားတို့သည် မကျေနပ်မှုများ ကိုယ်စီကိုယ်င ထိခိုက် နစ်နာချက်များ ခံစားလာရဖန်များလွန်းရာကား "ဖိလွန်းလျှင်ကြွ" ဆိုသည်ကဲ့သို့ ရေနံမြေ အလုပ်သမားများ၏ သပိတ်များ ပေါ်ပေါက်လာကြတော့သည်။

တရားသည်၊ တရားပါသည်၊ အလွန်တရားပါသည်။ လုပ်သူ မစားရဘဲ မလုပ်သူ စားနေရသော ဓနရှင် အရင်းရှင် စီးပွားရေး စနစ်အောက်တွင် အလုပ်သမားများ၊ စာရေး စာချီများ သပိတ်မှောက် ဆန္ဒပြကြခြင်းများ၊ မိမိတို့ နစ်နာချက်များကို ဖွင့်ထုတ် တောင်းဆိုကြခြင်းများတို့သည် သဘာဝကျပြီး မလွှဲမရှောင်သာ ပေါ်ပေါက်လာရစမြဲပင် ဖြစ်တော့သည်။

သို့ဖြင့် ရေနံမြေ အလုပ်သမားများ၊ သပိတ်တိုက်ပွဲများသည် ပျံ့၍ ပျံ့၍ ပွား၍ ပွား၍ တောမီးသဖွယ် ကူးစက်၍ တောက်လောင်လာကြတော့သည်။

ရေနံမြေ ကုမ္ပဏီပိုင်ကြီးများကလည်း မိမိတို့ ဓနရှင် အစိုးရခေတ်မှာ ဓနရှင်ကြီးများကသာလျှင် အစိုးရ စက်ယန္တရားကြီး တစ်ရပ်လုံးက အကူအညီ အဘက်ဘက်မှ ပေးနေခြင်းကြောင့် ကုမ္ပဏီတို့ဘက်မှ ခေါင်းမာကြသည်မှာ အဆန်းမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရေနံမြေ အလုပ်သမားသပိတ်ကို ကုမ္ပဏီ အာဏာပိုင်များက အစိုးရနှင့်ပေါင်း၍ (ပုလိပ်နှင့်ပေါင်းပြီး) အလုပ်သမား ခေါင်းဆောင်များကို ဖမ်းဆီး ချုပ်နှောင်ခြင်း၊ ဆန္ဒပြသူ သပိတ်မှောက်သူ အလုပ်သမားတို့အား အစုလိုက် အသုတ်လိုက် အလုပ်မှ တစ်ပါတည်း ထုတ်ပစ်ကြောင်း ကြေညာပြီး ရေနံကုမ္ပဏီပိုင် မြေကွက် နေအိမ်အတွင်းမှ မောင်းနှင်ထုတ်ပစ်ခြင်း စသော အကြမ်းဖက်မှုများဖြင့်သာ အဖြေပေးနေကြသည်။

ထိုသို့ ထောင်နှင့် သောင်းနှင့်ချီပြီး အတိဒုက္ခရောက်၍ အနှိပ်စက်ခံနေကြရရှာသော ရေနံမြေ အလုပ်သမား သပိတ်ကြီးကို ကူညီရန် ရန်ကုန်မြို့ရှိ တို့ဗမာ အစည်းအရုံး (ဗဟိုဌာနချုပ်) မှ သခင် ခေါင်းဆောင်ကြီးများ စည်းဝေး ဆုံးဖြတ်ကြတော့သည်။

အချို့သော သခင်ခေါင်းဆောင်များကို ရေနံမြေသို့ စေလွှတ်၍ လေ့လာ ကူညီပေးစေခြင်း၊ သခင်ခေါင်းဆောင် အချို့ကို မြစ်ဝကျွန်းပေါ်ရှိ မြို့နယ် ခရိုင် ဒေသများသို့ ရေနံမြေ အလုပ်သမားများ (သပိတ်မှောက် အလုပ်သမားများ) စားသောက်ရန်အတွက် ငါးပိ၊ ဆန်၊ ဆီ၊ ဆား၊ ငွေ တို့ကို အလှူခံထွက်၍ သပိတ်သမားများကို ပေးကြ၏။

ထိုအချိန်တွင် ရန်ကုန်ဗဟိုဌာနချုပ် တို့ဗမာ အစည်းအရုံးမှ သခင် ခေါင်းဆောင်နှစ်ဦး ညောင်တုန်းမြို့သို့ ရေနံမြေ အလုပ်သမား သပိတ်များ အတွက် ရိက္ခာ၊ ငွေ အလှူခံထွက်လာခဲ့ကြပြီး ရဲကင်းစံရာ ရွာမှ သခင် ငွေသိန်း၊ သခင်လှမောင်၊ သခင်ထွန်းအေး၊ သခင်အုံးဖေ စသည်တို့နှင့် တကွ ညောင်တုန်းမြို့ပေါ်ရှိ တို့ဗမာ အစည်းအရုံး လိုလားသူများတို့၏ အကူအညီဖြင့် မြို့ပေါ်တွင် လူထု တရားဟောပြောပွဲများ ပြောဟောကြပြီး အလှူခံသွားကြပါသည်။

တို့ဗမာအစည်းအရုံး၏ ဝါဒလမ်းစဉ်စာအုပ်များနှင့် တို့ဗမာ အစည်းအရုံး ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းစာအုပ်များတို့ကို ဖြန့်ချိခဲ့ကြပါသည်။

ထိုကာလပိုင်းလောက်တွင် စာရေးသူနှင့် ရောင်းရင်းတစ်စုတို့မှာ သခင်များ မဖြစ်ကြသေးပါ။

လက်ရေးစာစောင် အဖွဲ့တစ်ခု အဖြစ်ဖြင့် လစဉ်မှန်မှန် လက်ရေး စာစောင်များ ရေးထုတ်နေခြင်းမျှလောက်သာ ရှိပါသေးသည်။



ညောင်တုန်းမြို့ တစ်ဘက်ကမ်းရှိ ရဲကင်းစံရာ ရွာကြီးမှာကား တို့ဗမာ အစည်းအရုံး တည်ထောင်ပြီးပြီ ဖြစ်ပါသည်။ ရဲကင်းစံရာရွာ တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌမှာ ဘုန်းတော်ကြီး ဦးဝါသဝ ကိုယ်တော် ဖြစ်ပါသည်။ အတွင်းရေးမှူးမှာ သခင်ငွေသိန်း (ရဲကင်းစံရာ) (သေဆုံးသွားပြီ) ဖြစ်ပါသည်။ သခင်လှမောင်၊ သခင်ထွန်းအေး၊ သခင်အုန်းဖေ၊ သခင်ထွန်းရင် စသည်တို့မှာကား ညောင်တုန်းမြို့နယ် တို့ဗမာ အစည်းအရုံးထက်ပင် စော၍ သခင်များ ဖြစ်နေကြပါပြီ။

ကျွန်တော်သည် လက်ရေးစာစောင် လုပ်ငန်းကို စာရေးဖော်များအား လွှဲပေးခဲ့ပြီးနောက် နိုင်ငံရေး ချိန်ပြည့်လုပ်ရန် စိတ်အားထက်သန်နေကြသော ကျောင်းသားဟောင်းများနှင့် လက်ရှိ ကျောင်းသားအချို့ကို ဆွေးနွေး စည်းရုံးရတော့သည်။

လူပေါင်း (၁၅) ယောက်ပြည့်မှ မြို့နယ် တို့ဗမာ အစည်းအရုံး တည်ထောင်နိုင်မည်ဖြစ်၍ မျိုးချစ်စိတ်ရှိကြသော လူလတ်ပိုင်း ကုန်သည် ပွဲစားအချို့ကိုပါ သိမ်းသွင်းစည်းရုံးရန် ကျွန်တော်နှင့်လူငယ်တစ်စု ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးရမည့် ပုဂ္ဂိုလ်များထံ အနုးအညွတ် သွားရောက် ချဉ်းကပ်ကြပြီးနောက်တွင် ကျွန်တော်တို့ အလွန် တောင့်တနေသော တို့ဗမာ အစည်းအရုံး (ညောင်တုန်းမြို့နယ်) ကို ဖွဲ့စည်းနိုင်ပါသည်။

(ဥက္ကဋ္ဌ သခင်ဗဖြူ၊ နာယကအဖြစ် ဦးစန်းရင်)

အတွင်းရေးမှူး သခင်တင်ဦး၊ ဝါဒဖြန့်ချိရေးမှူး သခင်ဖေမြွေး၊ ငွေထိန်းမှူး သခင်ငြိမ်း၊ စာရင်းစစ်ဌာန သခင်ဘိုးပု၊ အမှုဆောင်များ သခင်သန်း၊ သခင်ခန့်ကြီး၊ သခင်သန်းမောင်၊ သခင်ဖြူး၊ သခင်ကျော်စိန်၊ သခင်ချစ် စသော စုစုပေါင်း (၁၅) ယောက်တို့ ဖြစ်ကြပါသည်။

ဤသည်မှာ ကျွန်တော်တို့ နေထိုင်ရာ ညောင်တုန်းမြို့နယ်တွင် တို့ဗမာ အစည်းအရုံး ပေါ်ထွက်လာပုံ ဖြစ်ပါသည်။

## ကျောင်းသား အရေးတော်ပုံကြီး

ကျောင်းသားတို့၏ အရေးတော်ပုံကြီးမှာ ရေနံမြေ အလုပ်သမား သပိတ်ကြီးမှ သပိတ် အလုပ်သမားကြီးတို့ အဖိနှိပ်ခံ အညှဉ်းဆဲခံ အနှိပ်စက်ခံ အငတ်ခံနေကြသည်တို့ကို မရှုရက်၊ မမြင်ရက်၊ မကြည့်ရက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျောင်းသားခေါင်းဆောင် အချို့တို့က ဝိုင်းဝန်း ကူညီကြခြင်း၊ ၎င်းမှ တစ်ဆက်တည်း ကျောင်းသား အခွင့်အရေး တိုက်ပွဲများ၊ ကျွန်ပညာ စနစ် ရှုတ်ချခြင်းများ စသည်တို့ပေါ် အခြေခံ၍ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ကျောင်းသားပေါင်းစုံမှ ရန်ကုန် အတွင်းဝန်ရုံး ဝိုင်း၍ ဆန္ဒပြ စီတန်းလှည့်လည်ပွဲကြီးတစ်ခု ကျင်းပရာတွင် (ဒေါက်တာဘမော်နှင့် ဒေါက်တာဘဦးတို့ ဝန်ကြီးများ ဖြစ်နေချိန်) ဗြိတိသျှ အစိုးရကို အားကိုးပြီး အတွင်းဝန်ရုံး ဝင်းတံခါး ခြံစည်းရိုးတံခါးကို အနိုင်အမာ ပိတ်ဆို့ထားပြီး ပါလျက် ကျောင်းသားများကလည်း ရုံးဝင်းထဲ ခြံစည်းရိုးထဲကို လုံးဝ မဝင်ကြပါဘဲလျက်နှင့် အတွင်းဝန်ရုံး ခြံဝင်းအပြင်ဘက်မှ လမ်းမကြီးများ ပေါ်မှသာ အေးချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြခြင်း၊ လက်နက်ဆို၍ အပ်တစ်ချောင်းပင် မပါကြသော ကျောင်းသားထုအား မြင်းစီးပုလိပ်များ ဖြင့် မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်၊ တရကြမ်း လူစုခွဲ နှိမ်နင်းပစ်လိုက်ကြ တော့သည်။

ဂျပ်ဆင် ကောလိပ်ကျောင်းမှ ဗိုလ်အောင်ကျော်မှာ ပွဲချင်းပြီး သေဆုံး ခဲ့ရရှာပြီးနောက် လူငယ် ကျောင်းသူ ကျောင်းသားမြောက်မြားစွာတို့ ဒဏ်ရာအနာတရ ခြေကျိုး လက်ကျိုး၊ ခေါင်းပေါက် ခေါင်းကွဲ အလူးအလဲ ခံကြရရှာသည်။ ကျောင်းသားမိဘများ၊ ကျောင်းသားတို့၏ ဆွေမျိုးသားချင်း များတို့သာမက လူထုကြီး တစ်ရပ်လုံး ကြိမ်မီးအုံးသကဲ့သို့ လည်းကောင်း၊ ယမ်းပုံပေါ် မီးခဲကျသကဲ့သို့ လည်းကောင်း ပြည်သူလူထုကြီးနှင့် မြို့မိ မြို့ဖများ အခဲမကျေ ခံစားလိုက်ရသည်။

တောမီးလောင်သကဲ့သို့ ကျောင်းသားအရေးတော်ပုံ မီးတောက် မီးလျှံကြီးမှာလည်း မြို့နယ်တိုင်း ခရိုင်တိုင်းရှိ မြန်မာကျောင်း၊ ကုလား ကျောင်း၊ အင်္ဂလိပ် မြန်မာကျောင်း၊ ကျောင်းပေါင်းစုံမှ ကျောင်းသားများနှင့် ကျောင်းသားဟောင်းများ၊ ကျောင်းသားမိဘများ တစ်မြို့နယ် တစ်မြို့နယ် တွင် ထောင်နှင့်သောင်းနှင့်ချီပြီး ကျောင်းသား တရားပွဲများဘက်မှ သောက်သောက်လဲ ထောက်ခံအားပေးကြတော့သည်။

မျက်ရည်စက်လက်ကျ၍ "မိဘပြည်သူများခင်ဗျား" ဟစ်ချီပြီး လည်းကောင်း၊ 'မိဘများရှင်' ဟု ငို၍ မိမိတို့ ပြည်သူတို့အား ရန်ကုန်မှ ဆင်းလာကြပြီး မိမိတို့ ကျောင်းသားများအား ဗြိတိသျှ နယ်ချဲ့သမား၏



လက်ပါးစေ ကြေးစား ပါးကွက်အာဏာသားတို့က မြင်းနှင့်တိုက်၊ တုတ်နှင့် ရိုက်ပုံတို့ကို တိုင်တည်ကြသည့် တရားပွဲများတွင် မြို့မိမြို့ဖများတို့မှာ ရင်ဘတ်စည်တီး စိတ်နှလုံး ထိခိုက် ယူကျုံးမရ ဖြစ်ကြရသည်။

## ကျောင်းသားနှင့် သခင် ပူးပေါင်းတရားပွဲများ

ကျောင်းသားအရေးကလည်း မအေးသေးရုံမက ရေနံမြေ အလုပ် သမား သပိတ်ကြီးမှာလည်း ရန်ကုန်ရောက်နေနှင့်ပြီး ရွှေတိဂုံ အလယ် ပစ္စယံ သပိတ်စခန်းမှာ သောင်တင်နေသည်။

ရန်ကုန်ဌာနချုပ် တို့ဗမာ အစည်းအရုံးတွင် သခင်ခေါင်းဆောင် များနှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသား အမှုဆောင်များတို့မှာ မြို့မိမြို့ဖ တို့၏ အကူအညီများ တောင်းခံပြီး ထမင်းထုပ်များ အနှံ့အပြား အလှူခံ ကြပြီး အလုပ်သမား သပိတ်အဖွဲ့တို့အား ကျွေးမွေး တာဝန်ယူကြရသည်။

ရန်ကုန်မြို့ပေါ်နှင့် ရန်ကုန်ဆင်ခြေဖုံး များတွင်လည်း ကျောင်းသား နှင့် သခင် ပူးပေါင်းဟောပြောကြသော တရားပွဲများ မစဲကြပေ။

မြို့နယ်အသီးသီးတို့တွင်လည်း ကျောင်းသားနှင့် သခင်များ လက်တွဲ ပူးပေါင်း၍ တရားဟောပြောပွဲများ မြို့နယ်တိုင်းလိုလိုပင် လှုပ်ရှားမှုများ အဆက်မပြတ် ရှိတော့သည်။

ကျွန်တော် နေထိုင်ရာ ညောင်တုန်းမြို့နယ်တွင်လည်း ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဖြစ်သူ ကိုထွန်းရှိန် (နောင် ဗိုလ်ရန်နိုင် ဖြစ်လာသူ) နှင့် ညောင်တုန်းမြို့နယ် တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌကြီး သခင်ဗဖြူတို့၏ တရားဟောပြောပွဲများ ကျင်းပခဲ့သေးသည်။

## တို့ဗမာ အစည်းအရုံး မြို့နယ်ညီလာခံ

ညောင်တုန်းမြို့နယ်နှင့် ရန်ကင်းစံရာရွာ တို့ဗမာ အစည်းအရုံး နှစ်ရပ်က တာဝန်ယူပြီး ညောင်တုန်းမြို့ပေါ်တွင် မြို့နယ် တို့ဗမာ အစည်း အရုံး ညီလာခံကြီး ကျင်းပနိုင်ခဲ့ကြပါသည်။

မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ် အသီးသီးမှ သခင်ခေါင်းဆောင်များနှင့် လယ်သမားခေါင်းဆောင်များအားလည်း ဖိတ်ခေါ်ဧည့်ခံနိုင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်ညီလာခံကြီး နှစ်ရက်တိုင်တိုင် ကျင်းပပြီး ရန်ကုန်ဗဟိုဌာနချုပ်မှ သခင်ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ဆရာကြီးမှာ ထိုအချိန်က ပုသိမ် ညီလာခံသွား သခင်ထွန်းအုပ်၊ သခင်ဗစိန်ကိုဏ်းမှ သခင်ကျော်ရင် က အလစ် အရိုက်ခံရပြီးစ အနာမကျက်တကျက်အချိန် ဖြစ်ပါသည်) နှင့် သခင်လှဘော်ကြီး၊ သခင်စိုး၊ သခင်လှဖေ၊ သခင်တင်မောင် (ကျူမငေး) တို့ တက်ရောက်ကြပါသည်။

ကျေးရွာ တောလက်များမှ တောင်သူလယ်သမားထုကြီးမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်တကွ ဌာနချုပ် သခင်ခေါင်းဆောင်ကြီးများ၏ တရားဟော မိန့်ခွန်းပြောမည်ကို ကြိုတင်သိထားကြသည့်အတွက် ပိုမို စိတ်ဝင်စား၊ ပိုမိုတက်ကြွစွာ မိမိတို့ ကျေးရွာများမှ ချီတက်လာကြပါသည်။ ညောင်တုန်းမြို့ပေါ်ရှိ လူထုပရိသတ်ကြီးမှာလည်း စိတ်ဓာတ်တက်ကြွစွာ တက်ရောက်နားထောင်ကြပါသည်။

ညောင်တုန်းမြို့ ဉသျှစ်ဘုရားလမ်းရှိ နိုင်ငံအေး တင်ပလ္လင်ခွေဘုရားတန်ဆောင်းဝင်းကြီး တစ်ခုလုံး ပြည့်လျှံသည့်အပြင် ၎င်းဘုရားတန်ဆောင်းကြီးရှေ့က လမ်းမကြီးပေါ်ရော၊ ၎င်းရှေ့ရှိ ဘုန်းကြီးကျောင်းဝင်းကြီး တစ်ခုလုံးတွင် လူထုပရိသတ်ကြီး ပြည့်လျှံသွားခဲ့ပါသည်။

(၁) သီးစားခ လျှော့ပေါ့ရေး၊

(၂) အမတော်ငွေ တိုးတက်ရရှိရေး၊

(၃) လယ်သမား လက်ထဲမှာ စပါးတွေ ရှိတုန်းမှာ စပါးဈေး တိုးမြှင့်ပေးရေး၊

(၄) စပါးတွေ လယ်သမားလက်ထဲ မရှိတော့ဘဲ ကုန်သည်ကြီး ဓနရှင်ကြီးများလက်ထဲ စပါးများသိုလှောင်ထားချိန်မှာ ဆန်ဈေး၊ အထည်အလိပ်ဈေးများ ချပေးရန်၊

(၅) ၉၁ ဌာန အုပ်ချုပ်ရေး ဖျက်သိမ်းပေးရန်၊

ဤသို့ အဆိုများကို မြို့နယ် တောင်သူလယ်သမား ခေါင်းဆောင်များ၊ တို့ဗမာ အစည်းအရုံးဝင် သခင်များတို့က စည်းဝေး၊ ဆုံးဖြတ်၊ အဆိုသွင်း၊ ထောက်ခံကြပြီး ဤနှစ်အတွင်း ပထမဆုံးအကြိမ် ညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပေသည်။



## ဒုတိယညီလာခံ

၁၉၃၉ ခု၊ ၁၃၀၁ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ညောင်တုန်းမြို့ တို့ဗမာအစည်းအရုံး ညီလာခံကို သွန်းဘုရားကြီး တန်ဆောင်းအတွင်း၌ ယခင်နှစ်ကလောက် မကြီးကျယ်တော့ဘဲ မြို့နယ်လိုက်ဆိုင်ရာ လယ်သမားများ၊ သခင်များသာ ဥက္ကဋ္ဌမိန့်ခွန်း၊ နှစ်ပတ်လည် အတွင်းရေးမှူး အစီရင်ခံစာ တင်သွင်းခြင်း၊ နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်း ထုတ်ခြင်း စသည်ဖြင့် ညီလာခံသဘောအရ လုပ်ရိုးလုပ်စဉ်လောက်သာ လုပ်နိုင်ခဲ့တော့သည်။

ထိုအချိန် ညောင်တုန်းမြို့နယ် တို့ဗမာ အစည်းအရုံးဝင် အလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ စုစုပေါင်း ၁၅ ယောက်မျှသာ ရှိသော်လည်း တို့ဗမာ အစည်းအရုံးဝင် သခင် ရိုးရိုး၊ အသင်းဝင်ပေါင်း တစ်ရာကျော်ခန့်ကိုမူ စည်းရုံးသိမ်းသွင်းပြီး ဖြစ်သည်။

တောင်သူလယ်သမား အဖွဲ့ဝင်ပေါင်းမှာ နှစ်ထောင် နီးပါးခန့် မှတ်ပုံတင်ပြီး ဖြတ်ပိုင်းထုတ်ပေးပြီး ရှိလေသည်။

ထိုသို့ သခင်အသင်းအဖွဲ့ဝင်များ စာရင်းအရ တိုးတက်လာသော်လည်း အချိန်ပြည့် ဘဝစွန့်လွှတ်၍ အလုပ် လုပ်ပေးနိုင်သူများ နည်းပါးလာတော့သည်။ အတွင်းရေးမှူး လုပ်နေရသူ ကျွန်တော်နှင့် ကျောင်းသားကြီးထဲမှ သခင် ထဲသို့ စာရင်းသွင်း ဝင်ရောက်လာပြီး ကျောင်းတက်ရင်း၊ နိုင်ငံရေးနယ်ထဲ ဝင်လာသော သခင်လှရှင်နှင့် နှစ်ယောက်လောက်သာ နေ့မအား ညမအား အချိန်ပြည့် လုပ်နေရသည့်အခါမျိုး ဖြစ်သည်။

ဥက္ကဋ္ဌကြီးမှာ မကြာခဏ မကျန်းမာခြင်း၊ စီးပွားရေး တစ်ဘက်လုပ်နေခြင်းတို့ကြောင့် အခမ်းအနား အစည်းအဝေးကြီးများ ရှိသောအခါနှင့် ဌာနချုပ်သွားခြင်း၊ ညီလာခံများသို့ တက်ခြင်းများလောက်သာ ဥက္ကဋ္ဌကြီးက တက်ကြွတတ်ပါသည်။

နေ့စဉ်နှင့်အမျှ လယ်သမားတွေအတွက် အမတော်ငွေ ရရေးအတွက် လျှောက်လွှာများ တစ်နေ့ တစ်နေ့ တစ်ရာကျော်မှ လူပေါင်း နှစ်ရာ သုံးရာအထိ (လျှောက်လွှာစာရေးများထံမှ တစ်စောင်လျှင် ဒီ၊ သို့မဟုတ် ရှစ်ပဲ စသည်ဖြင့် ငွေပေးပြီး မရေးကြရစေဘဲ) တို့ဗမာ အစည်းအရုံးဝင် တောင်သူလယ်သမားများအတွက် အခမဲ့ လျှောက်လွှာ ရေးပေးခြင်း အလုပ်ကို မနေမနား လုပ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိုးတက်ရေး သတင်းထောက်

ကျွန်တော်သည် တို့ဗမာ အစည်းအရုံး မြို့နယ် အတွင်းရေးမှူး အလုပ် အချိန်ပြည့် လုပ်နေရင်းနှင့်ပင် ညောင်တုန်းမြို့နယ်အတွက် တိုးတက်ရေး သတင်းစာတိုက်တွင် သတင်းထောက်တစ်ယောက် လိုနေကြောင်း ကြားသိရ၍ ထိုနေရာအတွက် ကျွန်တော်၏ အရည်အချင်းတို့ကို ဖော်ပြပြီး သတင်းထောက်လုပ်လိုကြောင်း လျှောက်လွှာတင်ခဲ့ရာ လွယ်ကူစွာပင် ညောင်တုန်းမြို့နယ်အတွက် "တိုးတက်ရေး" သတင်းထောက်ခန့်စာ ရတော့သည်။

မြို့ပေါ်တွင်သာမက တောလက်ကျေးရွာပေါင်း မြောက်မြားစွာတို့တွင်လည်း ကျွန်တော် အပါအဝင် မြို့နယ်ခေါင်းဆောင်သခင် ၃၊ ၄ ဦးတို့မှာ စက်ဘီးနှင့် တစ်လှည့်သော်လည်းကောင်း၊ နွားလှည်းကြုံနှင့်သော်လည်းကောင်း၊ ရေလမ်းဆိုလျှင် သမ္ဗန်နှင့် တစ်လှည့်သော်လည်းကောင်း တောင်သူလယ်သမား အစည်းအရုံးများ တိုးချဲ့ရန်နှင့် ရှိပြီး လယ်သမား အစည်းအရုံးများမှ တရားဟောပြောပွဲများ စည်းဝေးပွဲများလုပ်ရန် ဖိတ်ခေါ်ချက်အရ မြို့ပေါ်မှာ ၁၅ ရက်လောက်နေလျှင် တောရွာများတွင် ၁၅ ရက်လောက်နေပြီး တောနှင့် မြို့ကို မနားမနေ လူနည်းနည်းနှင့်ပင် လုပ်ခဲ့ရသည်။

## သီးစားဥပဒေ ပေါ်ထွက်လာချိန်

ထိုအချိန်တွင် လယ်သမားထုကြီး၏ တစ်ပြည်လုံး အုံကြွတောင်းဆိုမှုနှင့် တို့ဗမာ အစည်းအရုံးကြီး၏ အလုပ်သမားများ အရေးအတွက် ထပ်ခါမနား တောင်းဆိုတိုက်ပွဲဝင်မှုများကြောင့် ဗြိတိသျှ အစိုးရသည် မလွဲမရှောင်သာသော အပေါ်ယံ လူးဆေး၊ ဖြူးဆေးနှင့်တူသော လယ်သမား အခွင့်အရေး ကာကွယ်သည့်အနေနှင့် သီးစားဥပဒေနှင့် ဘုရင်ခံ၏ သီးစားပြင်ဆင်ရေး ဥပဒေ စသည်တို့ကို ထုတ်ပြန် အတည်ပြု ပြဋ္ဌာန်းလာကြရတော့သည်။

## ရလေ လိုလေ အို ... တဏှာ ဆိုသလိုပဲ

မြေရှင်ကြီးငယ်တို့မှာ ရလေ လိုလေ အို ... တဏှာ ဆိုသကဲ့သို့ပင် လယ်သမား သီးစားခပေး လုပ်နေရသူများ အပေါ်ဝယ် နှစ်စဉ် ရယူ ခေါင်းပုံ



ဖြတ်၊ မိုက်ကြေးခွဲနေသော သီးစားခများနှင့် အတိုးကြီးစား လုပ်ငန်းတို့မှ လောဘဇော မသတ်နိုင်ကြဘဲ နှစ်စဉ် နှစ်စဉ် သီးစားခနှုန်းများ တိုးတက်တောင်းယူလာခြင်း၊ သီးစားခ တိုးတောင်းသည်ကို မပေးနိုင်သော လယ်သမား အိမ်ထောင်စုအား လယ်မြေကွက်ထဲမှ ချက်ချင်း နှင်ထုတ်ခြင်း၊ လယ်သီးစားသမားက ထွက် မပေးလျှင် မတရား လီဆယ်ပြီး ပိုင်နက်ကျူးကျော်မှုဖြင့် ရာဇဝတ်မှုလုပ်၍ ပုလိပ် ငွေပေးပြီး လယ်သမားများအား ဖမ်းချုပ်နိုင်ခြင်းများ၊ လယ်ပေါင်းများစွာ ငွေတိုးစနစ်မှာလည်း အဆမတန် အကန့်အသတ်မရှိ အတိုးငွေ နှုန်းထားယူခြင်း၊ ပေါင်ရာမှာလည်း အပေါင်စာချုပ် မဟုတ်ဘဲ အရောင်းစာချုပ်ဖြင့်သာ (စာချုပ်) ချုပ်ဆိုခြင်း၊ လယ်ဈေး နွားဈေး ကောင်းနေလျှင် လယ်သမားတို့ ပြန်ရွေးချယ်နိုင်သော်လည်း ရွေးခွင့်မပြုတော့ဘဲ ရောင်းချပြီးကြောင်း ဖြစ်၍ လယ်သမားနှင့် မဆိုင်တော့၊ အပိုင်သိမ်းပြီးကြောင်း၊ ၎င်းတို့ ဝတ်လုံတော်ရများ၊ ရှေ့နေ ရှေ့ရပ်များ၊ ရုံး စသည်တို့မှာ မြေရှင်များက အနိုင်ကျင့် ယူလိုက်ခြင်းကို ခံကြရသော လယ်သမား၊ ယာသမား၊ ကိုင်းသမားများမှာ မနည်းလှတော့ပါပေ။

သို့ဖြင့် သီးစားဥပဒေများ ထွက်လာပြီးနောက် ပထမတန်း မြေတစ်ဧကလျှင် လယ်သမား သီးစားများက မည်မျှ တင်းရေ ပေးရမည်၊ ဒုတိယတန်း မြေတစ်ဧကလျှင် မည်မျှ တင်းရေကို ပေးရမည်၊ အညံ့ဆုံး တတိယတန်း မြေတစ်ဧက ဆိုလျှင် သီးစားခနှုန်း ဘယ်မျှ ပေးရမည်တို့ကို ကြေညာခဲ့ရာ လယ်သမား မြောက်မြားစွာတို့အနက် တို့ဗမာ အစည်းအရုံးဝင် အဖွဲ့ဝင် လယ်သမားများမှာ အများဆုံးအဖြစ် အစိုးရ ပြဋ္ဌာန်းကြေညာသော နှုန်းဖြင့်သာ မိမိတို့၏ မြေရှင်အား သီးစားခ ပေးကြပြီး မိမိတို့ မြေရှင်များက အရမ်း လိုချင်တိုင်း စည်းမဲ့ကမ်းမဲ့ တောင်းခံထားသည့် သီးစားခနှုန်းကို မပေးကြတော့ပေ။

## မြေရှင် လယ်သမား တိုက်ပွဲများ

မြေရှင် လယ်သမား တိုက်ပွဲများ မြို့နယ်တိုင်း၊ ခရိုင်တိုင်းတွင် ဖြစ်ပွားလာ၍ တောင်သူလယ်သမားများ ထောင်နှင့် သောင်းနှင့်ချီပြီး ဆူပူလှုပ်ရှားမှုများကို လုပ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ တရုတ် မြေရှင်ကြီးငယ်များနှင့် ချစ်တီးမြေရှင်များတို့သည် မိမိတို့စိတ်ကြိုက် တောင်းခံထားကြသည့်အတိုင်း သီးစားခ အပြေအလည် မပေးကြဘဲ အစိုးရက ပြဋ္ဌာန်း အတည်ပြုလိုက်သည့် အစိုးရနှုန်းထားဖြင့်သာ သီးစားခ ပေးကြသော လယ်သမားများပေါ် ဒေါသအမျက်ခြောင်းခြောင်း ထွက်ကြပြီး သီးစား လယ်သမားများအား လယ်ကွင်းထဲမှထွက်ကြရန် မောင်းနှင်ထုတ်ကြတော့သည်။

မြေရှင်တို့သည် သီးစားဟောင်းများကို လယ်တွင် ပြန် မချကြတော့ဘဲ မိမိတို့၏ ဩဇာခံ၊ မိမိတို့ တောင်းသမျှ သီးစားခ ပေးပါမည်ဟူသော လယ်သမားအသစ်ကိုသာ လယ်များတွင် ပြောင်းလဲ ချထားလိုက်ကြသည်။

ဤတွင် သီးစားဟောင်းများသည် လက်ရှိ မြေကွက်ထဲမှ မထွက်ကြရန်နှင့် မနှစ်က အစိုးရ ပြဋ္ဌာန်းထားသည့် သီးစားအခ နှုန်းအတိုင်း ကျေကျေပွန်ပွန် ပေးနိုင်ပါလျက် ဒီနှစ်တွင် ဆက်လက် မလုပ်ကြရသည်ကို လုံးဝ တရားနည်းလမ်းမကျ (သီးစားဥပဒေနှင့်လည်း ဆန့်ကျင်နေသဖြင့်) တို့ဗမာ အစည်းအရုံး သခင်များထံ ချဉ်းကပ်၍ မြေရှင်များကို နို့တစ် ပေးခြင်း၊ မြေရှင်တို့ကို တရားစွဲခြင်း စသော တရားဥပဒေ တိုက်ပွဲများကို ဆင်နွှဲကြရတော့သည်။

## သခင်ရှေ့နေများ

တို့ဗမာအစည်းအရုံးဝင် သခင်များသည် သီးစားဥပဒေများကို အလွတ်ရ မှတ်မိနေရန် သီးစားဥပဒေ စာအုပ်များကို ဖတ်ကြ လေ့လာကြနှင့် အလုပ်များနေကြလေသည်။

အမှုပေါင်း ရာကျော် ထောင်ကျော် များပြားလှသည့် မြို့နယ် တရားမ မြို့ပိုင်ရုံး၊ ဝန်ထောက်ရုံးများသို့ ရောက်ရှိနေသော သီးစားမှုများအတွက် သခင်များသည် လယ်သမား သီးစားများ၏ဘက်မှ ကိုယ်စားလှယ်ပါဝါ လွှဲအပ်စာ တင်သွင်းကြပြီး ဝတ်လုံတော်ရများ၊ ရှေ့နေ ရှေ့ရပ်များကဲ့သို့ တစ်နေကုန် ရုံးများပေါ်တွင် လယ်သမားများ၏ဘက်မှ ကူညီ ဆောင်ရွက် ပေးခဲ့ကြရသည်။

ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ဝန်ထောက်ရုံးတွင် လည်းကောင်း၊



တရားမ မြို့ပိုင်ရုံးတွင် လည်းကောင်း မိမိတို့ အစည်းအရုံးဝင် သီးစား လယ်သမားကြီးများအတွက် အမှုလိုက်ပေးနေခဲ့ရပေသည်။

ကျွန်တော်၏အဖော်မှာ သခင်လှရှင် (ကျောင်းသားကြီး) တစ်ယောက် ဖြစ်ပါသည်။ ၎င်းကျောင်းသားကြီး မအားသည့်အခါတွင် သခင်သာဟန်နှင့် သခင်သန်းမောင်တို့က အဖော်အဖြစ် လိုက်ပါကူညီကြပါသည်။ ကျွန်တော် သည် ရုံးခန်းအတွင်းသို့ဝင်ပြီး အမှုဆိုင်ကာ သီးစားဥပဒေစာအုပ်ကို ကိုင်၍ မြေရှင်ဘက်မှ ရှေ့နေကြီးများနှင့် ရင်ဆိုင်၍ ဥပဒေအရ စကားစစ်ထိုး နိုင်သူ ဖြစ်သောကြောင့် မိတ်ဆွေများက ရှေ့နေ လုပ်စားရန်ပင် တိုက်တွန်း ပြောဆိုခဲ့ကြသည်။

[ဥက္ကဋ္ဌကြီးမှာလည်း သည်အလုပ်ကို မလုပ်နိုင်ခဲ့ပါ။ ထို့ကြောင့် အမှုပေါင်း ခြောက်ရာကျော်ကျော် ရှိလာပြီ ဖြစ်သဖြင့် မျိုးချစ်စိတ်ဓာတ် လည်းရှိသူ ဆင်းရဲသား လယ်သမားကြီးများဘက်မှ ကူညီ အားပေးလိုစိတ် လည်း ရှိသူ အမိန့်တော်ရ ဝတ်လုံတစ်ဦးဖြစ်သူ ဦးစံသိန်း ဆိုသူနှင့် ဦးဘတင် ဆိုသူတို့အား ကျွန်တော်နှင့် လယ်သမားကြီးများက အခမဲ့ လိုက်ပါပေးရန် မေတ္တာရပ်ခံခဲ့ရပါသည်]

ဤနည်းဖြင့်လည်း တို့ဗမာ သခင် မဟုတ်သူ ရိုးရိုး အရပ်သား အမိန့်တော်ရ ဝတ်လုံ ရှေ့နေအချို့တို့ကို အမှုတချို့ ခွဲပေးပြီး တစ်မိုးတွင်း လုံး လယ်သမား သီးစားများနှင့် ကျွန်တော်မှာ ရုံးတက်ရုံးဆင်း လုပ်နေ ခဲ့ရတော့သည်။

## လယ်ထွန်တိုက်ပွဲ

သီးစားမှုအတွက် ရုံးတက်နေရသော အလုပ်တစ်ခုတည်းနှင့် မပြီး သေးပေ။ မြေရှင်တို့ဘက်မှ ထိုးစစ်ဆင်သောအားဖြင့် မိမိတို့အကြိုက် အသစ်ရွေးချယ် ချထားသော လယ်သမားနှင့်အပြိုင် ဝင်လုယက်လုပ်သူများ၊ မနှစ်က လုပ်လက်စရှိပြီး (အစိုးရ သီးစားခနှုန်း ပြေလည်သူ) လယ်သမား ဟောင်းနှင့် လယ်တစ်ကွက်တည်းမှာ နှစ်ဦး တစ်ပြိုင်တည်း ဝင် လုပ်ကြရ သည့် ထွန်ယက်တိုက်ပွဲအားလည်း ခေါင်းဆောင်ရသေးသည်။

လယ်သမားသစ်နှင့် လယ်သမားဟောင်းတို့ (ဝါ) မြေရှင်ကြိုက် လယ်သမားနှင့် အစိုးရနှုန်းပေးပြီး လယ်သမားတို့သည် လယ်တစ်ကွက်တည်း

www.burmeseclassic.com

www.burmeseclassic.com



လုယက်လုပ်ကြရာဝယ် ကျွန်တော်တို့ တို့ဗမာ အစည်းအရုံးဝင် တောင်သူလယ်သမားများဘက်မှ လူထုလူ့အုပ်ကြီးနှင့် လယ်ထွန်တိုက်ပွဲ ကို ဆင်နွှဲခဲ့ရတော့သည်။

ထိုသို့ လူထုအဖွဲ့အစည်း နည်းဖြင့် လယ်ထွန်ရာတွင် သော်လည်းကောင်း၊ စပါးကြဲရာတွင် သော်လည်းကောင်း၊ ပျိုးနုတ်ရာတွင် သော်လည်းကောင်း၊ စပါးပင်များ စိုက်ရာတွင် သော်လည်းကောင်း၊ နောက်ဆုံး စပါးပင်များကို ရိတ်သိမ်းကြရာတွင် သော်လည်းကောင်း ကျွန်တော်တို့၏ သီးစားဟောင်း လယ်သမားကြီးများဘက်မှ အစည်းအရုံးဝင် လူပေါင်းများစွာ၊ ထွန်တုံးပေါင်းများစွာ၊ ကောက်စိုက်မ များစွာ၊ စပါးရိတ်သူ တံစဉ်ကိုင်ပေါင်းများစွာတို့နှင့် လူထုအင်အားပေါ် အခြေခံ၍ ဖိဖိစီးစီး တိုက်ပွဲဝင်ခဲ့ကြရသည်။

မြေရှင်တို့ဘက်မှာကား "ငွေ"၊ "ရွှေနေများ"၊ "တရားသူကြီးများ" ကို လာဘ်ထိုးခြင်းများ၊ ရုံး၊ ဂါတ်၊ ပုလိပ်အရာရှိတို့နှင့် ပူးပေါင်းပြီး ရာဇဝတ်မှုခင်း အမျိုးမျိုးနှင့် သီးစားဟောင်း လယ်သမားကြီးတို့အား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းတို့ကို လုပ်ခဲ့ကြလေသည်။

ယေဘုယျကြည့်လျှင် မြေရှင်များဘက်မှ နိုင်သော သီးစားမှု နည်းပါး၍ သီးစားလယ်သမား (မနှစ်ကလူ) များဘက်မှ အနိုင်ရသည်က များပါသည်။

အဘယ်ကြောင့်ဆိုသော် "သီးစားဥပဒေ အရ အနိုင်ပေးရမည့် အမှုများမှာ မနှစ်က လယ်ချရာတွင် မြေရှင်တို့က သီးစားအခ နှုန်းထားကို ဘယ်၍ဘယ်မျှ သတ်မှတ် စာချုပ်ထားစေကာမူ မြေရှင်အလိုကျ တောင်းခံနှုန်းမှာ တရား မမျှတ၍ တရား မဝင်ဘဲ၊ အစိုးရက အသိအမှတ် မပြုဘဲ၊ အစိုးရက သတ်မှတ်သည့် သီးစားခနှုန်းကိုသာ လယ် အချခံ လယ်သမားကြီးများက ပေးနိုင်ခဲ့လျှင် နောင်နှစ်အတွက်ကိုလည်း ဤအစိုးရ ပြဋ္ဌာန်းနှုန်းအတိုင်း တာဝန်ကျေပွန်အောင် ပေးနိုင်သည့် သီးစားလယ်သမားဟောင်းကိုပင် ဆက်လက်၍ လယ်လုပ်ပိုင်ခွင့် ရှိစေရမည်" ဟူ၍ ဖြစ်ပေသည်။

သို့ကြောင့် သီးစားလယ်သမားတို့မှာ အစိုးရနှုန်းကို ပေးရာတွင် မိုးဖျက်၊ လေဖျက်၊ ပိုးဖျက်၍ လယ်ပျက်အဖြစ်ဖြင့် လယ်ဝန်များ၊ မြေတိုင်းစာရေး၊ မြေတိုင်း အင်စပိတ်တော်တို့က မနှစ်က လယ်ပျက်အဖြစ် သတ်မှတ်ထားခံရလျှင်လည်း အစိုးရ ပြဋ္ဌာန်းသည့် သီးစားခနှုန်းအတိုင်း အပြည့်



မပေးနိုင်သော်လည်း သုံးပုံနှစ်ပုံ ပေးနိုင်ခဲ့လျှင် နောင်နှစ်တွင် ထိုသူကိုပင် မြေရှင်သည် လယ် ဆက်လက် ချထားရမည်ဟု ဥပဒေ က ဆိုထားပေသည်။

လယ်ပျက်စီးရာမှာလည်း လုံးဝ အပျက်အစီး ဖြစ်သည်ဟု မြေစာရင်းမင်းကြီးရုံး၏ အဆုံးအဖြတ် ရှိနေခဲ့လျှင် သီးစားခ ပေးရန် ပျက်ကွက်သောလယ်သမားများအား လယ်ထဲမှ ဆက်လက် လုပ်ပိုင်ခွင့်များ ရှိသေးသည်။

သို့သော် မြေရှင်များဘက်မှ မြေရှင်များ အကျိုးအတွက် ကာကွယ်ပေးထားချက်များလည်း အမြောက်အမြား ရှိနေသည်။ ထိုသည်တို့ကား သီးစား လယ်သမားကြီးက သီးစားခ စပါးတွေ ဘယ်လောက်ပဲ ကျေပွန်အောင် ပေးနိုင်စေကာမူ မြေရှင်မှာ မိမိလယ်မြေကို လွှန်ခဲ့သော ဆယ့်နှစ်ကျော်ကျော်ကတည်းက တစ်ခါဖူးမျှ မြေဆီမြေသြဇာတက်ရန် မိမိလယ်မြေကို ရပ်နားထားရခြင်း မရှိသေးသည့်အတွက် မိမိမြေကွက်မှာ မြေဆီမြေသြဇာတွေ ကုန်ခန်းသွားမည် စိုးရိမ်ရပြီဖြစ်၍ ဒီနှစ်မှာ ဘယ် လယ်သမားသီးစားကိုမှ လယ် ပြန်မချတော့ပါဘဲ မြက်ခွန်နှုန်းသာ အခွန်ဆောင်ပြီး မိမိလယ်ကို ရပ်နားခွင့်ပေးပါရန် လျှောက်လွှာ တင်သွင်းပြီးမှ မူလ သီးစားသမားကို မချဘဲ ထားနိုင်ခွင့်ကို မြေရှင်အတွက် ပေးထားလေသည်။

ကျန်အချက်အလက် များစွာတို့တွင် သီးစား ဥပဒေအတိုင်း စားပြီးမလိမ့်တပတ်လုပ်ကာ မနှစ်က မူလ သီးစားလယ်သမားအပေါ် ပျက်ကွက်သူဖြစ်အောင် လုပ်နည်း လုပ်ဟန်တွေလည်း ရှိပါသေးသည်။ ဥပမာ–မြေရှင်အပေါ် သီးစားလယ်သမားက မိမိသည် အစိုးရ သီးစားခ ပြေလည်အောင် ပေးပြီးဖြစ်ခြင်းကြောင့်၊ မိမိကိုသာ မနှစ်က လယ်ကို ပြန်ချရမည် ဖြစ်ကြောင်း ကြိုတင် နို့တစ် ပေးရမည်၊ အသိသက်သေများ မည်သို့ ရှိရမည်စသည်ဖြင့် မြေပိုင်ရှင်များဘက်မှ ငြင်းဆန်နိုင်ရန် ကပ်လုံးထုတ် နိုင်ရန် အစိုးရ၏ သီးစားဥပဒေက ကာကွယ်ပေးထားချက်များလည်း မြေရှင်တို့ဘက်မှ ရှိနေသေးသည်။

မြေရှင်တို့သည် အမိန့်တော်ရ ရှေ့နေရှေ့ရပ်များကို ငွေကုန်ခံငှားရမ်းကြပြီး သီးစားဥပဒေထဲတွင် ရှိနေသည့် မိမိတို့ အခွင့်သာရာ အချက်အလက်များဖြင့်သာ ဥပဒေအရ ပြန်လှန်တိုက်ခိုက်ယူကြသည်သာ မကသေးဘဲ "သီးစားမှုခင်း" နှင့် လုံးဝ မဆိုင်၊ သီးစားမှုနှင့် လုံးဝ မပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



မြေလုမှု၊ ပိုင်နက်ကျူးလွန်မှု၊ စပါးခိုးမှု ... စသော ပုလိပ်အရေးပိုင်သော ရာဇဝတ်မှုဖြစ်အောင် အမှုဆင်ပြီး ပုလိပ်တို့ကို ငွေပေးပြီး သီးစားမှုတွင် အမှုနိုင်နေသော သီးစား လယ်သမားကြီးတို့အပေါ်၌ နှိပ်စက်ညှဉ်းပန်းကြတော့သည်။

ဤသို့ဖြစ်လာသော သီးစား လယ်သမားကြီးများအတွက်ဆိုလျှင် ကျွန်တော်တို့ သခင်ခေါင်းဆောင်များချည်း မပြီးတော့ဘဲ ကျွန်တော်တို့ဘက်မှလည်း ငွေစုကောက်ခံပြီး၊ ရရှိသမျှ ငွေကလေးဖြင့် ခင်မင်ရင်းနှီးသူ ဝတ်လုံတော်ရကြီး တစ်ဦးကို အမှုလွှဲအပ်ပြီး ဝန်ထောက်ရုံး၊ ထိုမှတစ်ဆင့် အရေးပိုင်ရုံး၊ ထိုမှတစ်ဆင့် ဟိုက်ကုတ်ရုံးကြီး (ရန်ကုန်) အထိ မိုးမဆုံးမြေမဆုံး ငွေရှင်၊ မြေရှင်ကြီးများနှင့်ပြိုင်ပြီး ရုံးတိုင်ကို ဖက်တက်နေခဲ့ကြရပါသေးသည်။

ကျွန်တော် မှတ်မိပါသေးသည်။ ညောင်တုန်းမြို့နယ်ရှိ သီးစားမှုပေါင်း များစွာတွင် စိတ်ဝင်စားဖွယ်လည်း အကောင်းဆုံး၊ ဒုက္ခလည်း အရောက်ခံရဆုံး၊ အနိုင်လည်း အရဆုံး၊ ငွေလည်း အကုန်ဆုံး၊ အမှုမှာလည်း တရားမှန်ကန်ပြီး သဘာဝအရရော၊ သီးစားဥပဒေအရရော အလွန်နည်းလမ်းကျခြင်း၊ တရားခြင်း၊ မှန်ကန်ခြင်းရှိလှသော အမှုတစ်ခုမှာ ဆားမလောက်နယ်ဘက်မှ ဘိုးပိန်၊ မောင်သင်တို့၏ သီးစားမှုပင် ဖြစ်ပေသည်။

အဆိုပါ ကိုဘိုးပိန်၊ ကိုမောင်သင် တို့၏ သီးစားအမှု နှစ်ခုမှာ မြေရှင်က တစ်ဦးတည်း ဖြစ်သည်။

အစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသည့် သီးစားခ အချိုးအတိုင်းကို မြေရှင်အား သက်သေများ အနိုင်အမာတို့၏ ရှေ့မှောက်တွင် အထင်အရှားပေးနိုင်ခဲ့ခြင်း၊ မြေရှင်သည် အစိုးရနှုန်းအတိုင်းသာ ပေး၍ မိမိ လိုချင်သလောက် မပေးခဲ့ခြင်းကြောင့် အမျက်ဒေါသထွက်ပြီး လယ်ထဲမှ နှင်ထုတ်ခြင်း။

ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့ကလည်း လယ်သီးစားခ ကျေပွန်အောင် အစိုးရနှုန်းအတိုင်း ပေးနိုင်ခြင်းအတွက် မူလအတိုင်းပင် ဆက်လက်လုပ်ပိုင်ခွင့် ရှိနေပြီဖြစ်ကြောင်း၊ အခြား လူတစ်ဦးဦးကို ပြောင်း မချရန်၊ အကယ်၍ တစ်ဦးဦးကို လွှဲပြောင်းချခဲ့လျှင် တရားစွဲမည် ဖြစ်ကြောင်းကို အသိသက်သေ နှစ်ဦးနှင့် မြေရှင်အပေါ် နို့တစ်ပေးထားနိုင်ခဲ့ခြင်း၊ ကြိုတင်



လုပ်စရာ ရှိသမျှအားလုံး ကျွန်တော်တို့ဘက်မှ သီးစားဥပဒေ စည်းကမ်းအတိုင်း ဝတ်လုံကြီးတစ်ဦးနှင့် တိုင်ပင်ပြီး လုပ်နိုင်ခဲ့ပေသည်။ ဤအမှုအနေဖြင့် တရားလမ်းကြောင်းအရ မှန်ကန်ခြင်းကြောင့် အောက်ရုံး (ခေါ်) ညောင်တုန်းမြို့နယ် ဝန်ထောက်ရုံးတွင် မြေရှင်ဘက်မှ ရှုံးပြီး သီးစားလယ်သမား ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့က အနိုင်ရခဲ့ကာ မနှစ်က လယ် ကို တရားဝင် လုပ်ပိုင်ခွင့်ကို ရုံးမှ အနိုင်ရခဲ့ပေသည်။

ဤသို့ဖြင့် တရားရုံးမှနိုင်သူ မူလသီးစားဖြစ်သူ မောင်သူ၊ ဘိုးပိန်တို့က ဤလယ်ကွက်ထဲတွင် ဝင်လုပ်နေကြ၍ တစ်ဘက်က မြေရှင်က သူ့မြေ သူ့သဘော ဟုဆိုပြီး မြေရှင်အကြိုက် လူသစ် (သီးစားသမားသစ်) ကို ချထားပြီး အပြိုင်လုပ်စေခဲ့ရာ မြေ တစ်ကွက်ထဲတွင် တရားဝင် သီးစားဟောင်းနှင့် တရားမဝင် သီးစားသစ်တို့ ပဋိပက္ခတိုက်ပွဲမှာ လူချင်း မသတ်ရုံတမယ် ဖြစ်ခဲ့ရလေသည်။ အပြိုင်ထွန်၊ အပြိုင်ကြဲ၊ အပြိုင်စိုက်ပြီးသည့် အခြေအနေအထိ ရောက်ခဲ့သည်။ တို့ဗမာ အစည်းအရုံးဝင် တောင်သူလယ်သမား အစည်းအရုံးကြီး၏ ဘက်တော်သား ဝိုင်းတော်သားများက ဘိုးပိန် မောင်သင်တို့ဘက်မှ ထွန်တုံးပေါင်း မြောက်မြားစွာ၊ လူတွေ အများကြီးနှင့် အစည်းအရုံးဝင်ချင်း ဝိုင်းဝန်းကူညီ ထွန် ပေးခဲ့ကြသည်။

ထို့အတူ စပါးကြဲခြင်း၊ စပါးစိုက်ပြီးသည်အထိ လူအင်အားကောင်းကောင်းနှင့် ကျွန်တော်တို့ဘက်မှ လုပ်နိုင်ခဲ့သည်။

မြေရှင်သည် ဒေါသအမျက် ကြီးသည်ထက် ကြီးလာပြီး ငွေကုန်ခံပြီး မအူပင် အရေးပိုင်ရုံးသို့ အယူခံတက်ခြင်း၊ လာဘ်ထိုးခြင်း၊ အမှုဆင်ပြီး သက်သေလိမ်များ ပြခြင်းတို့ဖြင့် နောက်ဆုံး စပါးစိုက်ပျိုးကာလ အချိန်ခန့်တွင် အရေးပိုင်ရုံးမှ မြေရှင်တို့အား အနိုင် ပေးလိုက်လေသည်။ (မြေရှင် ချသော သီးစားသမား ကို အတည်ပြုလိုက်ပြီး) မူလသီးစားသမားဟောင်းများဖြစ်သော ဘိုးပိန်နှင့် မောင်သင် (မနှစ်က တာဝန်ကျေပွန်သူ) အောက်ရုံးမှ အနိုင်ပေးချက်အရ တရားဝင် ထွန်ယက်စိုက်ပျိုးကြသူတို့ နှစ်ဦးမှာ လယ်များ ရှုံးနိမ့်ကြရလေပြီ။

"မွေရာသီလည်း ရောက်လာလေပြီ။ စပါးတွေမှာလည်း မှည့်လို့ဝင်းလို့ ကောင်းလိုက်တဲ့ စပါးတွေ ..."

မြေရှင်နှင့် မြေရှင် စိတ်ကြိုက် ချထားသည့် သီးစားအသစ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ စပါးရိတ်ချိန်တွင် အပြိုင်လုယက်ပြီး ရိတ်ယူကြတော့မည်ကို ကြိုတင်သိနှင့်ပြီးကြလေသည်။

လူအင်အားချင်းပြိုင်လျှင် ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့ဘက်က ကျိန်းသေနိုင်တော့မည်ကို အားလုံး သိနေကြသည်။

ဤအချိန်အခါဝယ် ရန်ကုန် ဟိုက်ကုတ်ရုံးကြီးသို့ ဘိုးပိန် မောင်သင်တို့ဘက်မှ ဝတ်လုံတော်ရကြီး တစ်ဦးက အရေးပိုင်ရုံး ဆုံးဖြတ်ချက်ကို မကျေနပ်၍ အောက်ရုံးက ဆုံးဖြတ်ချက်များ အမှုတွဲများ အပြည့်အစုံနှင့် တကွ အယူခံ ဝင်ထားလိုက်လေပြီ။

ထိုမှုမက ဟိုက်ကုတ်မှာ အယူခံဝင်ပြီး အဆုံးအဖြတ် ခံယူနေစဉ် နှစ်ဦးနှစ်ဘက်စလုံးက စပါးပင်များကို မရိတ်သိမ်းယူရန် တားဝရမ်း ထုတ်ပေးရန်လည်း တောင်းဆိုထားသေးသည်။

သို့ဖြင့် ဟိုက်ကုတ်မှ ဘာအကြောင်းမှ မဆုံးဖြတ်နိုင်မီ စပါးတွေကို မရိတ်လျှင် မဖြစ်အောင် ကျွမ်းကုန်မည့် အခြေအနေ ရောက်နေကြပြီ ဖြစ်၍ နှစ်ဘက်စလုံးမှ မနေနိုင်ကြတော့ဘဲ သူ့အင်အား ကိုယ့်အင်အားဖြင့် အင်အားချင်းပြိုင်၍ အနိုင် ရိတ်သိမ်းယူကြလေတော့သည်။

မြေရှင်တို့ဘက်မှ ကြိုတင်၍ စီစဉ်ထားကာ ပုလိပ်တို့အား ငွေပုံ ပေးအပ်ထားပြီး ဖြစ်သဖြင့် မဲဇလီ ရွာကြီးမှ ပုလိပ်ဌာန (ဂါတ်) တစ်ခု၏ ပုလိပ်အရာရှိ အမိန့်ဖြင့် “စပါးလုယက်မှု” “စပါး ခိုးမှု” တို့ဖြင့် ကိုဘိုးပိန်၊ ကိုမောင်သင်တို့နှင့် ကျွန်တော်တို့ဘက်မှ လယ်သမား ၁၅ ဦးကို ကြိုးနှင့် တုပ်နှောင် ဖမ်းဆီးလိုက်တော့သည်။ ဘိုးပိန်၊ မောင်သင်တို့ဘက်မှ အကုန် သာ့ဖမ်းလျှင် လူပေါင်း ၅၀ ကျော်ပေမည်။

သို့သော် ပုလိပ်တို့က ခေါင်းဆောင်သူတို့ကိုသာ အဓိကထား ချုံးနှိမ် လိုကြသဖြင့် ကိုဘိုးပိန်၊ ကိုမောင်သင်နှင့် တောင်သူလယ်သမား အစည်း အရုံးဝင် ကျေးရွာခေါင်းဆောင် ၁၅ ဦးကိုသာ ရွေးချယ် ဖမ်းဆီး ချုပ်နှောင် ထားလိုက်ကြသည်။

ညောင်တုန်းမြို့ပေါ်ရှိ ကျွန်တော်တို့ထံ သတင်း ရောက်လာချိန်တွင် အဖမ်းခံ အချုပ်ခံရသူ လယ်သမားများကို အမြန် လွှတ်ပေးရန်နှင့် ခု ချက်ချင်း မလွှတ်နိုင်လျှင် ညောင်တုန်းဌာနသို့ ပြောင်းရွှေ့ပေးရန်၊ အာမခံ ရရန်၊ ဝတ်လုံတော်ရနှင့် စီစဉ်ရသည်။ ကိုဘိုးပိန်၊ မောင်သင်တို့ အမှု



အကြောင်း တိုင်းပြည်မှသိစေရန် ကျွန်တော်သည် တိုးတက်ရေး သတင်းစာ တွင် ရေးထည့်လိုက်သေး၏။

နောက်များမကြာမီအတွင်း ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့လူစုကို အာမခံနှင့် လွှတ်လိုက်ပေမင့် အမှု ရုံးတင်ထားခြင်းကိုကား ရင်ဆိုင်နေကြ ရသည်။

* * *

ထိုလယ်သမား တိုက်ပွဲများနှင့် မရှေးမနှောင်း ကျွန်တော်သည် ကျောင်းသားသမဂ္ဂခေါင်းဆောင် လူငယ်များနှင့် တရားဟောပြောပွဲတစ်ခု ကျင်းပခဲ့ရာ ၎င်းတရားဟောပြောပွဲမှ အစိုးရကို ပုန်ကန်ရန် ဟောပြောမှု နှင့် ထောင်ဒဏ် အလုပ်ကြမ်းဖြင့် ပထမအကြိမ် ထောင် တစ်နှစ် ကျခံ ခဲ့ရပေသည်။

ကျွန်တော် ထောင်ထဲ ရောက်ပြီး မကြာမီပင် လယ်သမားကြီး ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့ “သူများလယ်ထဲသို့ အတင်းဝင်ပြီး စပါး လုရိတ်သည့်အမှု၊ စပါးလုရိတ်မှု” အတွက် ဆိုကာ အလုပ်ကြမ်းနှင့် ထောင်ကျလာတော့သည်။

ကိုဘိုးပိန်နှင့် ကိုမောင်သင်တို့ အမှုအကြောင်း အသေးစိတ် သိပြီး နှင့်သော ကျွန်တော်မှာ ဤသို့ မမျှော်လင့်ဘဲ ကိုယ့်လယ်သမားကြီး နှစ်ယောက် ထောင်ထဲ ရောက်လာသည်ကို မြင်ရသောအခါ ယမ်းပုံမီးကျ ဒေါသဆွေပြိုင်ပြိုင် ထွက်ခဲ့ပြီး အံတကြိတ်ကြိတ်နှင့် ထမင်းမစားနိုင် လောက်အောင် ဒေါသဖြစ်မိပါသည်။

များမကြာမီပင် ကျွန်တော် ဘီကလပ်စ်နှင့် အင်းစိန် ထောင်ကလေး သို့ မပြောင်းရွှေ့ရသေးမီအချိန် ကျွန်တော်တို့၏ ဝတ်လုံတော်ရကြီးနှင့် အစည်းအရုံးအဖွဲ့ဝင် ကျန် သခင်ခေါင်းဆောင် (သခင်ဗဖြူ) တို့ ဆက်လက် ဆောင်ရွက်ချက်ဖြင့် “စပါးလုယက်မှု” မှာ အယူခံနိုင်ပြီး ထောင်မှ လွတ် သွားကြလေသည်။

ကျွန်တော်သည် ကိုဘိုးပိန်တို့ ကိုမောင်သင်တို့ လွတ်ပြီးနောက် ဘီကလပ်စ် မရသေးခြင်းကို ရအောင် အစာငတ်ခံ တိုက်ပွဲဝင်ရန် ဆုံးဖြတ် ချက် ချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ ကျွန်တော် ပထမဆုံးအကြိမ် အဖမ်းခံရပုံနှင့် ပထမဆုံးအကြိမ် ထောင်ကျပုံများကို ဆက်လက် ဖော်ပြပါမည်။

* * *

၁၉၃၉ ခုနှစ်နှင့် ၁၉၄၀ ခုနှစ်များ၏ ကာလပိုင်းသည် သီးစားအချစ်လုပ်စားနေကြရသော၊ သီးစားသမား ထောင်သောင်းများစွာတို့ အကြောင်းနှင့် မြို့နယ်တိုင်း၊ ခရိုင်တိုင်းတွင်လည်း ညောင်တုန်း၊ မနုဖြူ၊ ပန်းတနော်၊ မအူပင်တို့ရှိ သီးစား လယ်သမားများနည်းတူ မြေရှင်များတို့၏ လောဘကြီးမှု၊ ညစ်ပတ်မှု (မြေရှင်စနစ်ဆိုးကြောင့်) အထက်ဖော်ပြပါအတိုင်းကဲ့သို့ သီးစားမှုများဖြင့် မြန်မာပြည် အနှံ့အပြား၊ မြို့တိုင်း၊ ခရိုင်တိုင်းရှိ ရုံးများတွင် ဤသို့နှင်နှင် မြေရှင် လယ်သမား ပဋိပက္ခကြီးများ မြင့်မားစွာ ပေါ်ပေါက်နေသော ကာလပင်တည်း။ ။

* * *

**ပထမဆုံးအကြိမ် အဖမ်းခံရခြင်း**

၁၉၄၀ ခုနှစ်၊ လပိုင်းကိုတော့ မမှတ်မိတော့ပါ။ ဤအချိန်မှာ အမျိုးသား ထွက်ရပ်ဂိုဏ်းကြီးမှ ဆုံးဖြတ်ချက်အရ တို့ဗမာ အစည်းအရုံးဝင် သခင်များနှင့် ကျောင်းသားသမဂ္ဂဝင် ကျောင်းသားခေါင်းဆောင်တို့ ပူးပေါင်း တရားဟောရန် မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဌာနချုပ်မှ ညွှန်ကြားချက်များ အသီးသီး ရောက်လာကြသည်။

ညောင်တုန်းမြို့နယ်၊ တို့ဗမာ အစည်းအရုံး အတွင်းရေးမှူး ကျွန်တော်ထံသို့ လည်းကောင်း၊ ညောင်တုန်းမြို့နယ်၊ အင်္ဂလိပ်–မြန်မာ အထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ အဖွဲ့ဝင် (အမှုဆောင်အဖွဲ့) ထံသို့ လည်းကောင်း ဆိုင်ရာတို့မှာ အောက်ပါအတိုင်း လူထုတရားပွဲ ဆင်နွှဲဟောကြားရမည်ဟု အညွှန်းရောက်ခဲ့သည်။

"ငါတို့တိုင်းပြည်အား မတရား လုယူတိုက်ခိုက် သိမ်းပိုက် မင်းလုပ်အုပ်စိုးနေတဲ့ ဗြိတိသျှ နယ်ချဲ့သမားထံမှာ ငါတို့ ဗမာပြည်အတွက် လွတ်လပ်ရေးကို လက်ဝါးဖြန့်ခံ တောင်းဆိုနေ၍ ရမည်မဟုတ်ပေ"

"လက်နက်နှင့် ရမ်းကား သိမ်းပိုက် အုပ်စိုးနယ်ချဲ့လာသူ၊ နယ်ချဲ့



သမားတို့အား လက်နက်ဖြင့်သာ ပုန်ကန် တိုက်ခိုက်ရယူမည် ဆိုသည်ကို ဗမာလူထုကြီး တစ်ရပ်လုံး သဘောပေါက် နားလည်အောင် မသွယ်မဝိုက်ဘဲ ရှင်းရှင်းနှင့်ဘွင်းဘွင်း လှုံ့ဆော်ဟောပြောကြရမည်"

"ဤသို့ ရှင်းရှင်းဘွင်းဘွင်း တဲ့တိုးဟောပြော၍ အဖမ်းခံရလျှင် ဖမ်းပါစေ၊ အဖမ်းခံပြီး ဟောပြောပွဲများ အနှံ့အပြား ဆင်နွှဲကြရမည်"

အထက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်ရှိသော ညွှန်ကြားချက်အရ ကျွန်တော်နှင့် ကျောင်းသားသမဂ္ဂ အမှုဆောင် ၅ ဦး၊ ပေါင်း ၆ ဦးတို့ ညောင်တုန်းမြို့ ဈေးဝ လမ်းမတန်းရှိ လမ်းကျယ်ကြီးပေါ်တွင် အောက်လင်းမီးအိမ်ကြီးများ ထွန်းညှိပြီး ညဘက်ရောက်တိုင်း ၇ နာရီလောက်မှစ၍ လမ်းပေါ် တရားဟောပြောပွဲများ ကျင်းပခဲ့ကြလေသည်။

ကျွန်တော်သည် တရားပွဲ သဘာပတိအဖြစ်နှင့် တရားပွဲအစ နိဒါန်းအနည်းငယ်ဟောပြီးနောက် ကျောင်းသားများက တစ်ဦးစီ၊ တစ်လှည့်စီ ဟောပြောခဲ့ကြသည်။

ကျောင်းသားများ ဟောပြီး နောက်ဆုံး သဘာပတိ၏ နိဂုံးချုပ်ရမည်ဖြစ်၍ ကျွန်တော်သည် ပရိသတ် အခြေအနေကို အကဲကြည့်ပြီး တရားနာ ပရိသတ်များ တက်ကြွနေသည်ကို တွေ့ရလျှင် လက်နက်ကိုင်ပုန်ကန် တော်လှန်တိုက်ခိုက်ရမည် ဆိုသည့်အချက်ကို တရားနာ ပရိသတ်တို့ သဘောပေါက်သည်ထက် ပေါက်စေရန် "လက်နက်ခဲယမ်းမီးကျောက်ဆိုတာ မိုးပေါ်က ကျလာရသော၊ နတ်များ သိကြားများ ဖန်ဆင်းသောလက်နက် မဟုတ်၊ လက်နက် ဆိုတာ လူ့ပြည်က လူတွေလက်နှင့်သာလုပ်ထားတဲ့ လက်နက် ဖြစ်တဲ့အတွက်၊ လက်နက်ဆိုတာ လူလုပ်ရင်ရနိုင်တယ်ဆိုတာ ကျွန်တော်တို့ နားလည်ကြပါတယ်"

"တချို့က ပြောကြတယ်၊ ဗြိတိသျှ နယ်ချဲ့သမားမှာ လက်နက်အင်အား ကောင်းတယ်၊ ဒါကြောင့် တို့ဗမာ ရှင်ဘုရင်ကိုတောင် ကြက်ကလေး ငှက်ကလေးလို ဖမ်းပြီး ဗမာပြည်ကို အုပ်စိုးနိုင်ခဲ့တယ်"

"အဲဒီလိုပြောပြီး ကြောက်စိတ် ကျွန်စိတ်တွေဝင်ပြီး ဗြိတိသျှ နယ်ချဲ့သမားရဲ့ လက်နက်ကြီးတွေ၊ မီးသင်္ဘော၊ (စစ်သင်္ဘောကြီးတွေ)၊ လေယာဉ်ပျံတွေ၊ အမြောက်တွေ၊ သံချပ်ကားများကို အထင်ကြီးပြီး မင်းတို့လူငယ်တွေရဲ့ မျိုးချစ်စိတ်ဓာတ်တော့ ချီးကျူးပါတယ်၊ ဒါပေမဲ့ လက်နက်မဲ့နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



တို့တစ်တွေက လက်နက်အင်အားကြီးတဲ့ အင်္ဂလိပ် အစိုးရကို တိုက်လို့ နိုင်နိုင်ပါ့မလားလို့ တချို့လူကြီးတွေက မေးတာ၊ ပြောတာကို ကျွန်တော်တို့က အောက်ပါအတိုင်း ရှင်းပြပါတယ်"

"တစ်အချက်အနေနဲ့ ရှင်းလိုတာက မြန်မာ ရှင်ဘုရင် စစ်ရှုံးရတာဟာ အင်္ဂလိပ်တို့ထက် မြန်မာတို့က လက်နက်အားနည်းလို့ မဟုတ်ပါဘူး။

အင်္ဂလိပ်တို့ဟာ အရင်းရှင် ဒီမိုကရေစီစနစ် ဖြစ်တယ်၊ မြန်မာဘုရင်ဟာ ပဒေသရာဇ် ကေရာဇ် မြေရှင်စနစ် ဖြစ်တယ်။

အင်္ဂလိပ်တို့ရဲ့ နေရှင် ဒီမိုကရေစီစနစ်ကို သက်ဦးဆံပိုင် ရှင်ဘုရင်စနစ် ဖြစ်တဲ့ ပဒေသရာဇ် ကေရာဇ်စနစ်ဖြစ်တဲ့ မြေရှင်ပဒေသရာဇ်စနစ်ထက် ပြည်သူလူထုပေါ်မှာ အုပ်ချုပ်ရာမှာ ခြယ်လှယ် သွေးစုပ်ရာမှာ ပျော့ပျောင်း သိမ်မွေ့မှုကြောင့် အင်္ဂလိပ်ရဲ့ နေရှင် ဒီမိုကရေစီကို ကောင်းသားပဲလို့ ယူဆနေတာရယ် ...

* နှစ်အချက်ကတော့ မြန်မာ ရှင်ဘုရင်တွေမှာ လူထုနှင့် ဆက်ဆံရေးမှာ ပြေလည်မှု နားလည်မှု မရှိရုံမက လူထုထောက်ခံမှု မရနိုင်အောင်၊ ပဒေသရာဇ် ကေရာဇ် စနစ်ဆိုး၊ မြေရှင်စနစ်ဆိုးက လူထုနဲ့ ရှင်ဘုရင်ကြားမှာ အုတ်တံတိုင်းကြီး ခြားပေးထားခဲ့တာရယ် ...

* သုံးအချက်ကတော့ ဗမာပြည် တစ်ပြည်ထဲမှာပဲ ဗမာရှင်ဘုရင်၊ မွန်ရှင်ဘုရင်၊ ရခိုင်ဘုရင်တွေ အချင်းချင်းကွဲပြီး မြန်မာတိုင်းရင်းသား ရှင်ဘုရင်ချင်း ခေါင်းဖြတ် လူသတ်ပွဲကြီးတွေ ဆင်နွှဲနေခဲ့ကြခြင်းရယ် ...

ဗမာရှင်ဘုရင်အချင်းချင်းလည်း ညီတော်က နောင်တော်ကိုသတ်၊ ဗမာကို သားက ဖမ်း၊ မင်းညီ မင်းသားတွေ တစ်ဦးကိုတစ်ဦးသတ်၊ ရန်းလှေ၊ ဓားဝီလို လုပ်နေကြတော့ စည်းလုံးညီညွတ်မှုလည်း လုံးဝ မရှိပြန်၊ ပြည်သူလူထုကလည်း ဒါတွေ မထောက်ခံနိုင်၊ ဘယ်မင်းတက်တက် ... တို့ပြည်သူလူထုမှာတော့ မျောက်လောင်း မျောက်လောင်း ပါပဲကွာ ဆိုတဲ့ တခါက ပေးတဲ့ အသိအရ ဗမာရှင်ဘုရင်ဘက်က တစ်ပြည်လုံး အုံကြွ လက်နက်ဆွဲ မထောက်ခံ ပါဝင်တိုက်နိုက် မပေးခဲ့တာရယ် ...

* လေးအချက်ကတော့ မြန်မာဘုရင်အပေါ် သံယောဇဉ်ကြီးနေရှာတဲ့ မြို့စားကြီးများ၊ နယ်စား ပယ်စားကြီးများ၊ မင်းမှုထမ်း စစ်ဗိုလ်ကြီးများ၊ မျိုးချစ်သူရဲကောင်းများ စတဲ့ ပုဂ္ဂိုလ်ကြီးတွေလောက်ပဲ ခုခံ တိုက်ခိုက်ပေးနေခဲ့ပေမယ်လို့ ဗမာတစ်ပြည်လုံးမှာရှိတဲ့ လယ်သမားထုကြီး အပါအဝင် ပြည်သူလူထုကြီး တစ်ရပ်လုံးတို့က လက်နက်စွဲကိုင် ခုခံတိုက်ခိုက်ခဲ့ကြတာ မဟုတ်တာကြောင့် မြန်မာဘုရင် သီပေါမင်း နန်းဆတ် ပြုတ်ပြီး ဗြိတိသျှ နယ်ချဲ့လက်အောက်ခံ ကိုလိုနီ (ကျွန်နိုင်ငံ) ဖြစ်ခဲ့ကြရတာပါပဲ"

"လက်နက်ကြောင့် စစ်ရှုံးတာ၊ စစ်နိုင်တာ မဟုတ်ပါဘူး၊ လက်နက်က စစ်ရဲ့အနိုင်အရှုံးကို အဆုံးအဖြတ်ကို မပေးနိုင်ပါဘူး။ တစ်ပြည်လုံးအတိုင်းအတာဆောင်တဲ့ ပြည်သူလူထု တစ်ရပ်လုံး ပါဝင်နိုင်ရင်၊ တစ်ပြည်လုံးရှိ လူထုကြီးတစ်ရပ်လုံး ပါဝင်အုံကြွ ထောက်ခံလာမှု၊ ညီညွတ်မှု၊ စည်းရုံးမှု၊ စနစ်မှန်ကန်မှု (ဝါ) လမ်းစဉ်မှန်ကန်မှု ရှိခဲ့ရင်၊ လုံးဝ လက်နက်မရှိတဲ့ဘဝက ထကြွပုန်ကန် တော်လှန်ခဲ့တဲ့ ရုရှားပြည် အောက်တိုဘာ တော်လှန်ရေး အရေးတော်ပုံကြီးဟာ အောင်မြင်ခဲ့ဖူးပါတယ်"

"ဆိုဗီယက် ရုရှားပြည်ဆိုတာ ခင်ဗျားတို့ ကြားဖူးမှာပေါ့။ အဲဒီမှာရှိတဲ့ ဇာဘုရင်ဟာ အတော်ဆိုးတယ်၊ လယ်သမား သိန်းသန်း များစွာနဲ့ အလုပ်သမား ထောင်သောင်းများစွာတို့ဟာ ဇာဘုရင်နဲ့ တိုင်းခြား နယ်ချဲ့ အရင်းရှင်တွေကိုရော ပြည်တွင်း ပဒေသရာဇ် မြေရှင်ကြီးတွေပေါ်ကိုပါ ဒေါသအမျက်ခြောင်းခြောင်းထွက်အောင် နာကြည်းနေကြတဲ့အတွက် လက်နက်မဲ့ အလုပ်သမား လယ်သမားတွေဟာ တောရော၊ မြို့ပေါ်တွေပါ တစ်ပြည်လုံး သောင်းသောင်းဖြဖြ အုံကြွပေါက်ကွဲ လက်နက်စွဲကိုင် တော်လှန် တိုက်ခိုက်လိုက်ကြပါတော့တယ်။ နောက်ဆုံး ဇာဘုရင်ရဲ့ စစ်တပ်၊ ပုလိပ်တပ်က လက်နက်ခဲယမ်းမီးကျောက်တွေဟာ ရုရှား သူပုန်ကြီးတွေရဲ့ လက်နက်တွေချည်း အားလုံး ဖြစ်ကုန်ကြတော့တယ်"

(တရားပွဲ ပရိတ်သတ်မှာ နှစ်ထောင်းအားရလှသဖြင့် ချီးကျူးသြဘာ အထူးပေးခဲ့ပါသည်)

ဤသို့ ပရိသတ်များ လက်ခုပ်တဖြောင်းဖြောင်း တီးပေးနေချိန်တွင် ကျွန်တော်သည် ဒေါမာန်ပါပါ တရားဟောကောင်းတုန်း ဖြစ်၏။ ထိုအချိန်လောက်မှာပင် စုံထောက် ပုလိပ်အရာရှိများ အလုပ်ရှုပ်လျက်ရှိ၏။ လက်ရေးတိုနှင့် ရေးကူးယူခြင်း၊ တရားဟောရာသို့ လာရောက် နားထောင်နေသူများထဲမှ မြို့မ သူကြီးကို လက်မှတ်ထိုးယူခြင်း၊ ပုလိပ် စုံထောက်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းရာ မကောင်းကြောင်း သိနေသူအချို့ကို လက်မှတ်ထိုးနိုင်းပြီး ကျွန်တော့်အား တရားစွဲရန် ပြင်ဆင်နေကြတော့သည်။

တရားပွဲကြီး ပြီးလျှင် ချက်ချင်းပင် ဖမ်းလိုကြသော်လည်း လူထုထောက်ခံမှု ရနေသဖြင့် လူထုအုံကြွမှု၊ လှုပ်ရှားဆူပူမှု ဖြစ်မည်စိုးရိမ်၍ ချက်ချင်း မဖမ်းသေးဘဲ တစ်ညအိပ် ဆိုင်းငံ့ပြီး နောက်တစ်နေ့ ဖမ်းရန် စီစဉ်ကြပါသည်။

ပုလိပ်ဖမ်းတော့မည် ဆိုသည့်အကြောင်း ကျောင်းသားမိဘအချို့မှ တစ်ဆင့် ကျောင်းသားကလေးများက ကြိုတင် သတင်းရကြပြီး ကျွန်တော့်ထံသို့ လာရောက် သတင်းပို့ပေးကြပါသည်။

"အေးကွာ … မင်းတို့ သတင်းလာပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ မရှောင်ဘူးကွ၊ ငါ အဖမ်းခံဖို့ အသင့်ပဲ၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်အမျိုးသား လွတ်မြောက်ရေးအတွက် အဖမ်းခံရမှာ ငါ့အတွက် ဂုဏ်ယူစရာပဲ၊ ဒါ ငါ့အတွက် ပထမရရှိတော့မယ့် ဂုဏ်ထူးကြီးပဲ" ဟု လာရောက် သတင်းပို့သူ ကျောင်းသားအား ပြောလိုက်ပြီး မိမိတစ်ယောက်တည်း ဃသောကျနေသည်မှာတော့ ငါတော့ ထောင်ကျဖူးတော့မည်၊ ထောင်ထဲမှာ အကျဉ်းသားတွေကို တရားဟောရတော့မည်၊ ထောင်ထဲမှာ စည်းရုံးရတာ ဘယ်လိုလဲ ဆိုတာ ကိုယ်တွေ့ သိလာရတော့မည်၊ ထောင်ထဲမှာ ဦးဝိစာရတို့ ဦးဉတ္တမကြီးတို့လို ထောင်ထဲမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရအောင် တိုက်ယူရတော့မည်ဟု အတွေးတစ်မျိုးနှင့် ပျော်နေမိသည်။

ဤအချိန်တွင် ကျွန်တော်၏ ဇနီးမှာ သမီးဦးလေး ခင်မျိုးမြင့်အား မွေးပြီးချိန် ဖြစ်ပေသည်။ ကျွန်တော်၏ မိဘများမှာ ကွယ်လွန်ကုန်ကြပေပြီ။ မိဘနှစ်ပါးစလုံး သေဆုံးကုန်ကြပြီ ဖြစ်၍ မိဘအတွက် ပူပင်သောကထားစရာ မလိုပေ။ မွေးစ သမီးနှင့် ဇနီးအတွက်လည်း လုံးဝမပူပင်မိပါ။ ဘာ့ကြောင့်ဆို ကျွန်တော်၏ တိုင်းပြည်နှင့် အမျိုးအတွက် အနစ်နာခံရခြင်းကို ဂုဏ်ယူလိုသည့် အမျိုးသားစိတ်ဓာတ် (ဝါ) မျိုးချစ်စိတ်ဓာတ်ကလည်း ပြင်းထန်လွန်းနေသည့်ပြင် ကျွန်တော့်ဇနီး၏ မိဘဆွေမျိုး အသိုင်းအဝန်းသည် အားကောင်းနေခြင်းကြောင့် ဖြစ်ပေသည်။

တရားဟောပြီး နောက်တစ်နေ့ နေ့လယ်ဘက်တွင် ပုလိပ်နှစ်ဦး၊ ရာဇဝတ်အုပ်နှစ်ဦး နေအိမ်မှ လာခေါ်သွားပါသည်။ ကျွန်တော်က ခပ်



အေးအေးပင် ရေချိုးကာ အဝတ်လဲပြီး ရဲဌာနသို့ လိုက်သွားခဲ့ပါသည်။

"သခင်ဖေမြွေးတစ်ယောက် ထောင်ကျပြီ" ဆိုသည့် သတင်းကို ကြားရသောအခါ၌ ကျွန်တော့်အနေဖြင့် အထူးပင် စိတ်ဝင်စားမိပါသည်။ စိတ်ဝင်စားရခြင်းမှာကား နိဒါန်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း သခင်ဖေမြွေးတွင် သွားရေးလာရေး နေထိုင်ရေးတို့၌ ဒုက္ခရှိနေသည်ကို သိသောကြောင့်ပင် ဖြစ်ပါသည်။ သည်လိုလူမျိုး တစ်ယောက် ထောင်ကျခံရသော ကိစ္စမှာ လွယ်ကူသောကိစ္စမဟုတ်ပါ။

သို့သော် သခင်ဖေမြွေးသည် ဒူးမထောက် အညံ့မခံဘဲ ထောင်ကျခံခဲ့သည်။ ထိုအချိန်က စလွန်ညီလာခံ၌ ဟောပြောခဲ့ခြင်းကြောင့် ကျွန်တော်နှင့်အတူ အဖမ်းခံရသော သခင်နှစ်ဦးသည် အင်္ဂလိပ် အစိုးရအား ဒူးထောက်အညံ့ခံကာ ထောင်မှ ထွက်သွားခဲ့ကြသည်နှင့် တွေ့ကြုံခဲ့ရသော ကျွန်တော့်အဖို့ရာ သခင်ဖေမြွေးလို လူတစ်ယောက်က အညံ့မခံဘဲ ထောင်ကျခံသည်ကို တွေ့ရသောအခါ မချီးကျူးဘဲ မနေနိုင်ခဲ့ပါ။

သူလို လူတစ်ယောက်အဖို့ စီ–အတန်းတွင် ထောင်ကျအကျဉ်းသားအဖြစ် နေရသော ဒုက္ခကို တွေးဆကြည့်မည်ဆိုပါက သေးငယ်သည့်ဒုက္ခ မဟုတ်ကြောင်းကို လွယ်ကူစွာပင် တွေ့မြင်နိုင်ပါသည်။

သခင်ဖေမြွေးသည် သူ၏ ဝတ်လုံမှတစ်ဆင့် တရားဥပဒေအရ ဘီ–အတန်း ရထိုက်ကြောင်းကို အထက်ရုံးသို့ လျှောက်ထားသဖြင့် နောက်များ မကြာမီတွင် ဘီ–အတန်းကို ရရှိလေတော့သည်။ ထိုစဉ်အခါကဆိုလျှင် ဗမာပြည်အရပ်ရပ်မှ ဘီ–အတန်းကို ရရှိသော အကျဉ်းသမားများအား အင်းစိန်မြို့ရှိ သီးသန့် အောနှင့် ဘီအတန်း ထောင်ကလေးသို့ ပို့ဆောင်ခဲ့ပါသည်။

**(သခင်မြသန်းရေး–နှစ်တျွန်းပြန် သံဗေထိနှစ်ဦးမှ)**

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ကျွန်တော် ထောင်ကျခံရခြင်းနှင့် စာရေးဆရာ နိုင်ငံရေးသမား သခင်မြသန်း၏အမြင် ဖြစ်ပေသည်။ အမှန်မှာ ဘီကလပ်စ်ရရန် ကျွန်တော်၏ ဝတ်လုံတော်မှတစ်ဆင့် တရားဥပဒေအရ ဤနည်း တစ်နည်းတည်းနှင့် ရရှိခဲ့ခြင်း မဟုတ်ပါ။

မအူပင် ထောင်ထဲမှ နှစ်လနီးပါး ဇီကလပ်စ်နှင့် စောင့်ဆိုင်းနေရင်း ဝတ်လုံတော်ရနှင့် အရေးပိုင်ရုံးမှတစ်ဆင့် ပြည်ထဲရေးဌာနသို့ ဘီကလပ်စ်အတွက် စာတင်ထားချက်၊ ပြန်ကြားချက် ဘာမျှ ပြန်မလာဘဲ အကြောင်းမထူးခြားသဖြင့် မစောင့်နိုင်သည်က တစ်ကြောင်း၊ မအူပင် ၂-ရာဘက် တရားသူကြီးရုံးမှာ အမှုစစ်စဉ်က ကုလားထိုင်မပေးဘဲ ဝက်ခြံကလေးထဲ ဝင်နိုင်း၍ အစစ် မခံခြင်း၊ ရှေ့နေ ဝတ်လုံများ ထိုင်သည့်နေရာတွင် ကုလားထိုင်နှင့် ထိုင်ခွင့်ပေးမှ အစစ်ခံခြင်း၊ ၎င်းပြင် အမှု မစစ်မီ ရုံးပြာတာက အမှုခေါ်ချိန်တွင် "ဖေရွှေ ... ဖေရွှေ" ဟု "သခင်" ဆိုသော စကားကို ထည့်မခေါ်သဖြင့် ထူးလည်းမထူး၊ သွားလည်း မသွားဘဲ တရားသူကြီးရုံး အပြင်ဘက် လက်ဖက်ရည်ဆိုင်တွင် တမင်တကာ ပေကပ်ပြီး ထိုင်နေခဲ့ပါသည်။ ပုလိပ်အစောင့်များနှင့် အမှုသည်လိုက်ခေါ်သော ပြာတာက ကျွန်တော်၏ရှေ့မှာ လာရပ်ပြီး "အမှုခေါ်နေပြီဗျ ... ခင်ဗျားနာမည် ခေါ်နေပြီ" ဟု ဆိုလာသည်။

"ဘာလဲ ... ဖေရွှေ ဆိုတာ ကျုပ်နာမည် မဟုတ်ဘူး၊ ကျုပ်နာမည်က သခင်ဖေရွှေ ဖြစ်တယ်၊ သခင် ဆိုတဲ့စကားလုံး မပါဘဲ ဖေရွှေလို့ ခေါ်ရင် ဘယ်ကောင်ခေါ်ခေါ် လက်မခံဘူး"

"ကဲ ... လာပါဗျာ၊ သခင်ဖေရွှေလို့ ခေါ်ပါတယ် ... သခင်ဖေရွှေကိုပဲ ခေါ်နေပါတယ်" ဟု ရုံးပြာတာက စကားပြင်ပြီး သခင်ဖေရွှေ လို့ ပြန်ပြင်ခေါ်တော့မှပဲ တရားသူကြီး ရုံးခန်းထဲ ဝင်တော့သည်။

ရုံးခန်းထဲ ရောက်ပြန်တော့ တရားခံများကို ခြံကလေး ဝိုင်းထားသော အဝန်းအဝိုင်းထဲ ဝင်ခိုင်းပြန်တော့သည်တွင် "ဒီဝက်ခြံထဲ ဝင်ပြီး ကျုပ် အစစ် မခံနိုင်ဘူး၊ ဒီဝတ်လုံ ရှေ့နေတွေနဲ့တူတူ စားပွဲခုံရှေ့မှာ ကုလားထိုင်နဲ့မှ ထိုင်ပြီး အစစ်ခံနိုင်မယ်" ဟု ဆိုပြီး ဝက်ခြံလေးထဲ မဝင်ဘဲ နစ်ရာဘက် တရားသူကြီး ရုံးခန်းကို နောက်နိုင်းပြီး အမှုအတွက် လာ



နားထောင်သူများ၊ အားပေးလာသူများနှင့် တရားသူကြီးကို ဂရုမစိုက်ဘဲ စကားပြောနေလိုက်သည်။

ဤတွင် တရားသူကြီးသည် အလွန်ဒေါသပွပြီး ကုလားထိုင်တစ်လုံး ပေးရန် သူ့စာရေးကြီးကို အမိန့်ပေးပြီး အမှုစစ်တော့သည်။

နောက်တစ်နေ့ ဆက်စစ်ပြီး ထောင်ဒဏ်တစ်နှစ် အလုပ်ကြမ်းနှင့် စီ-အတန်း၌ အပြစ်ပေးသည်။

"အစိုးရကို အကြည်ညိုပျက်အောင်၊ တိုင်းပြည်ကို ဆူပူအောင် လှုံ့ဆော်ကြောင်း၊ ပုလိပ်အရာရှိရဲ့ စွဲချက်ကိုလည်း တရားခံက မငြင်းကွယ်ဘဲ တရားရုံး ရှေ့မှောက်တွင်ပင် 'လွတ်လပ်ရေးဆိုတာ သူတောင်းစားလို တောင်းခံယူလို့ ရတာမျိုး မဟုတ်ဘူး၊ လက်နက်ကိုင်ပြီး သူပုန် ထယူမှ ရမယ်ဆိုတာ ကျုပ်နားလည်လို့ သူပုန်ထပြီး တိုက်ယူမှ လွတ်လပ်ရေး အစစ်ရမယ်ဆိုတာ ကျုပ်ဟောတယ်' ဟု သခင်ဖေရွှေကိုယ်တိုင် ထွက်ဆိုထားပြီး လက်မှတ်ရေးထိုးထားကြောင်း၊ ထို့ကြောင့် တစ်နှစ်အတွင်း ကောင်းမွန်စွာ နေပါမည်ဟု ကိုယ်ပိုင်ခံဝန်ချုပ် ပေးလိုက ပေးနိုင်ပြီး၊ သို့မဟုတ် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ် စီ-အတန်းနှင့် ကျခံစေရမည်"

ဤအမိန့်ကို ကျွန်တော်သည် ဟားတိုက် ရယ်မောရင်းဖြင့် ပြက်ရယ်ပြုလိုက်သည်။ ဝတ်လုံမိတ်ဆွေတစ်ဦးက ကျွန်တော့်အမှုအတွက် လိုက်ခဲ့သော်လည်း စကားတစ်ခွန်းမှ မပြောရသေးပေ။

ကျွန်တော့်ဝတ်လုံအား မငြင်းပါနဲ့၊ မကွယ်ပါနဲ့ ... ဘီကလပ်အတွက်သာ ဝတ်လုံက ဥပဒေအရ စကားပြောပေးပါဟု ပြောထားခြင်းကြောင့် ဝတ်လုံမှာ မိမိအမှုသည်အား ဘီကလပ်စ်ပေးရန် အချက်အလက်များ တင်ပြပြီး ထ၍ တောင်းဆိုသော်လည်း မူလထဲက ကျွန်တော့်အပေါ် ပုဂ္ဂိုလ်အရ မုန်းတီးနေပြီ ဖြစ်သည့်အတွက် ဘီကလပ်စ် မပေးနိုင်ဘူးဟု ပြတ်ပြတ်ပြောလိုက်သည်တွင် "ဟော့ ... အသက်နဲ့လဲပြီး ဘီကလပ်စ်ကို အရယူမယ်ကွ" ဟု အော်ဟစ်ပြောလိုက်ပြီး ထောင်ထဲသို့ ပျော်ပျော်ပင် ဝင်ခဲ့ပါသည်။

အပြင်မှ မိတ်ဆွေသခင်များက ဘီကလပ်စ်ရအောင် ဆောင်ရွက်ပေးပါမည် ဟူသော ကတိကြောင့် စောင့်ဆိုင်းနေရသည်မှာ တစ်လ

www.burmeseclassic.com

www.burmeseclassic.com



ကျော်၍ နှစ်လနီးပါး ရှိလာပြီ ဖြစ်သောကြောင့် ဤကဲ့သို့ အပြင်ဘက်ကိုသာ အားကိုးနေခြင်းသည် မိမိ မှားယွင်းခြင်းပဲဟု သိမြင်လာပြီး နောက်ဆုံး ပထမဆုံးအကြိမ် အစာတော်ခံ တိုက်ပွဲဝင်ပါတော့သည်။

အစာတော်ခံသည် ဆိုလျှင်ပင် ထောင်ဥပဒေအရ မှုလထားသော ထောင်ဆေးရုံအောက်ထပ် အဆောင်ထဲမှာ မထားတော့ဘဲ တိုက်ပိတ်လိုက်ပါသည်။ တိုက်ထဲတွင် ရေမှတစ်ပါး လုံးဝ ဘာမျှမစားတော့ဘဲ အိပ်၍သာ နေမိသည်။ ဘီကလပ်စ်မှ မရလျှင် ဦးဝိစာရ ကဲ့သို့ အသေခံတော့အံ့ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။

အကြောင်းအားလျော်စွာ အပြင်အပမှ နိုင်ငံရေး ဆူပူလှုပ်ရှားမှု၊ အမျိုးသားရေး အုံကြွပေါက်ကွဲမှုကြီးများ အလွန် အရှိန် ပြင်းထန်နေသည့်အတွက် အစာတော်ခံရက် ၆ ရက်မျှ ရသော နေ့လယ် ၂ နာရီကျော်တွင် မအူပင်၊ ဒုတိယအရေးပိုင် ဦးဘသော် (သောင်တုန်းသား)ကိုယ်တိုင် မိုးရွာနေသဖြင့် ထီးဆောင်းပြီး ထောင်မှူးကြီးနှင့်အတူ ကျွန်တော် အစာတော်ခံနေရာ တိုက်ထဲအထိ လျှောက်လာကြပြီး ပြည်ထဲရေးဌာနမှ ဘီ ကလပ်စ်ပေးလိုက်ရန် သံကြိုးရောက်ရှိလာပြီ ဖြစ်ကြောင်း၊ သောင်တုန်းသားချင်းမို့ ဝမ်းသာစွာ သတင်းပေးချင်လွန်းလို့ မိုးရွာနေလျက် ထီးဆောင်းပြီး ကိုယ်တိုင်လာရောက် ပြောကြားကြောင်း ပြောပါသည်။

ဤသည်မှာ ပထမဆုံးအကြိမ် အဖမ်းခံရခြင်းနှင့် ပထမဆုံးအကြိမ် ထောင်တစ်နှစ် ကျခဲ့ရာတွင် ဘီကလပ်စ် ရရန်အတွက် ပထမဆုံးအကြိမ် ၆ ရက်မျှ အစာတော်ခံ တိုက်ပွဲဝင်ခြင်းပင်။

မအူပင်ထောင်တွင် အစာတော်ခံတိုက်ပွဲဖြင့် ဘီကလပ်စ်ရပြီး နောက်တစ်နေ့တွင် ပုလိပ်နှစ်ယောက်၊ ရာဇဝတ်အုပ် တစ်ယောက်နှင့် ရောဝတီသင်္ဘော ပထမခန်းမှ ရန်ကုန်သို့ပို့ပြီး ရန်ကုန်မှ လော်ကယ်ရထားနှင့် အင်းစိန်မြို့ဘူတာမှ ကားဖြင့် အင်းစိန်ထောင်လေးသို့ ကျွန်တော့်အား ပို့ကြပါသည်။

များမကြာမီဝယ် တုတ်ကောက်ကို ထောက်ခါ တရွေ့ရွေ့ လျှောက်နေရသော သခင်ဖေမြွေးတစ်ယောက် အင်းစိန် သီးသန့်ထောင်ကလေး၏ ဘူးတံခါးပေါက်မှ ဝင်ရောက်လာသည်ကို တွေ့လိုက်ရပေသည်။ ထိုစဉ်အခါကပင်လျှင် သူ့



လို လူတစ်ယောက် ထောင်ထဲသို့ ရောက်လာပုံကို မြင်ရသောအခါ၌ ရင်နင့်စရာ ကောင်းခဲ့ပေသေးသည်။

သူ့ကိုမြင်လျှင် အပြေးအလွှား သွားရောက် ကြိုဆိုကာ ကျွန်တော်တို့နေရာ အဆောင်ထဲသို့ ခေါ်ဆောင်လာခဲ့ပါသည်။ ကျွန်တော်တို့တစ်တွေ နေရသော အဆောင်မှာ အောက်ထပ် ဖြစ်သော်လည်း အုတ်လှေကားထစ် သုံးထစ်မျှကို လှမ်းတက်ပြီးမှ အဆောင်ထဲသို့ ရောက်နိုင်ပါသည်။ ဤလှေကားထစ် အဆင်းအတက်မျိုးဆိုလျှင် သခင်ဖေမြွေး အဖို့ရာ တစ်ယောက်တည်း ဆင်တက်ဖို့ မလွယ်ဘဲ အားလူ တစ်ယောက်က တွဲခေါ်မှသာ ဆင်းနိုင် တက်နိုင်ပါသည်။

အင်းစိန် ဘီအတန်းထောင်၌မူ ကျွန်တော်တို့ ရဲဘော်တွေ အတော်များများ ရှိနေပြီ ဖြစ်သောကြောင့် သခင်ဖေမြွေး ဝိုင်းဝန်းပြုစုမည့်သူတွေ ပေါများနေပေသည်။ အဆောင်ထဲမှ ရေချိုးထွက်၍ သွားမည့်အခါ၊ ထမင်းစားမည့်အခါ၊ လက်ဖက်ရည်သောက်မည့်အခါ၊ လမ်းလျှောက်ထွက်မည့်အခါများတွင် အလှူ့ဦးသင့်ရာ လူတွေက ဝိုင်းဝန်းကူညီ ပြုစုပေးခဲ့ကြပါသည်။ ကျွန်တော့်အနေနှင့်ကား ဒေသချင်း နီးစပ်မှုကြောင့် သခင်ဖေမြွေး အပေါ်တွင် အခြားသူများထက် ပိုမို သံယောဇဉ်ကြီးမားနေသည်ဟု ဆိုက မှားမည်မထင်ပါ။ သို့ကြောင့် နီးနီးကပ်ကပ်ပင်လျှင် အထူးတလည် ကြည့်ရှု ပြုစုခဲ့ပါသည်။

ထိုအချိန်ဝယ် အင်းစိန် သီးသန့်ထောင်အတွင်း၌ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်နု၊ သခင်လေးမောင်၊ သခင်လှဘော်၊ သခင်တင်ဖေ၊ သခင် သန်းမြိုင်၊ သခင်ခင်အောင်၊ သခင်တင်မြ၊ သခင်ရွှေအုပ်ကြီး၊ သခင်လှထွန်း၊ သခင်စကြီး၊ သခင်ဗစိန်၊ သခင်သိန်းဟန်၊ သခင်အုံးဖေ၊ သခင်ချစ်သိမ်း၊ သခင်သိန်းမောင်တို့နှင့်တကွ ဒေးဒရဲမှ သခင်တင်၊ သခင်ကျော်ခင်၊ သခင် သက်တင် စသည်များ၊ မြောင်းမြမှ သခင်တင်၊ ရန်ကုန်မှ သခင်ဝိုင်း၊ ဝါးခယ်မမှ

www.burmeseclassic.com

www.burmeseclassic.com



သခင်သိန်းဖေ၊ သခင်မောင်မောင်၊ သခင်ချစ်တင်၊ သခင်သန်းလေး။ မော်လမြိုင်မှ သခင်ချစ်တင်တို့နှင့်တကွ ဓားမများ ဖြစ်သော ဗန္ဓုလဦးစိန်၊ ဦးတင့်၊ မိုလ်စိုးလွင်၊ မိုလ်ငွေ၊ ဦးဘုံစွမ် စသူများ။ သခင် သုဒ္ဒသန၊ သခင်သုမန၊ သခင် ဝါသဝ စသော သခင် ဘုန်းတော်ကြီးများနှင့် ထောင်ကြီးဘက်တွင်မှ သခင်မြသွင်၊ သခင်ဝတင်၊ ဒေးဒရဲ သခင်မောင်မောင်၊ သခင်တင်ရွှေ စသည်တို့ ရှိကြပါသည်။

ကျွန်တော်တို့တစ်တွေ အားလုံးမှာ ဘီအတန်း အကျဉ်းသမား ဖြစ်သောကြောင့် စားရေးသောက်ရေး၊ နေထိုင်ရေးတွင် အတော်ပင် သက်သာချောင်ချိစွာ ရှိကြပါသည်။ သို့သော် သခင်ဖေငွေး၏ ဘဝသည်ကား ထောင်ကျခံရသည်ခြင်း တူသည့်တိုင် အခြားသူတွေထက် ဒုက္ခပိုသူတစ်ယောက်ဖြစ်နေပါသေးသည်။

တစ်ခါတွင်ကား သူတစ်ပါးကို ဒုက္ခပေးရမှာ အားနာတတ်သော သခင်ဖေငွေးသည် အဆောင်ထဲမှ ထွက်သောအုတ်လှေကားထစ်ကလေးတွင် သူ့ဘာသာ တစ်ယောက်တည်း အသာအယာ တုတ်ထောက်၍ ဆင်းစမ်းကြည့်လျက် ရှိလေသည်။ ကျွန်တော်တို့တစ်တွေလည်း အမှတ်မဲ့မို့ သတိမထားမိဘဲရှိနိုက်တွင် သခင်ဖေငွေး တစ်ယောက်ခမ်းလျားထိုးကာ မြေကြီးပေါ် လဲကျသွားပါတော့သည်။ သူ့အဖို့ရာ လဲမိပြီ ဆိုမှဖြင့် တိုင်ကို လဲချလိုက်သလို ဒုတ်ဒုတ်သား လဲကျသွားတတ်ပါသေးသည်။ လဲမိပြီဆိုလျှင် မဟန်နိုင်တော့သဖြင့် တခြားသူတွေ မတော်တဆ လဲရသည်နှင့် မတူဘဲ သူ့အဖို့ရာ အလွန်တရာမှ အကျနာတတ်ပါသေးသည်။ လှေကားထစ်ပေါ်မှ မြေကြီးပေါ်အရောက် လဲကျသွားသော သခင်ဖေငွေးမှာ ကိုင်ရိုက်ခြင်း ခံရသလောက်ပင် နာသွားရှာပါသည်။

ဤတွင် သူ၏ဒုက္ခကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရပါပြီ။ သူ့ကို မြင်ရသူတိုင်း စိတ်မကောင်းဖြစ်ခြင်း



ဖြစ်ကြရလေသည်။ လဲကျနေပြီ ဆိုမှဖြင့် တစ်စုံတစ်ယောက်က ထူမပေးဘဲနှင့်လည်း ပြန်ထနိုင်သော အခြေအနေ မရှိပါ။

"အားမနာပါနဲ့ သခင်ဖေငွေးရာ ... အပြင်ထွက်ချင်၊ သွားချင် လာချင်ရင် ကျွန်တော်တို့ကို ခေါ်သာ ခေါ်ပါ" ဟူ၍ ပြောယူရပါသည်။

ဤသို့ဖြင့် အင်းစိန်ထောင်ထဲဝယ် ကျွန်တော်တို့တစ်တွေ အတူတကွ နေထိုင်လာကြပါသည်။

## ဇာတ်ဆောင်တစ်ယောက် ဖြစ်ခဲ့ခြင်း

အင်းစိန်ထောင်အတွင်းဝယ် နေထိုင်ကြစဉ် အတွင်း၌ရဲဘော်တွေသည် စာဖတ်ခြင်း၊ စာရေးခြင်း၊ နိုင်ငံရေး ဆွေးနွေးခြင်းနှင့် ကျန်းမာရေး အတွက်ဆိုလျှင် ပင်ပေါင်ရိုက်ခြင်း၊ ဘက်တမင်တန်ရိုက်ခြင်း၊ ဘောလုံးကန်ခြင်း၊ အလေးမခြင်း၊ အားကစားခြင်း အမျိုးမျိုးတို့ကို ကိုယ်ဝါသနာပါရာ လုပ်ကိုင်လာခဲ့ကြပြီးလျှင် အတီးအမှုတ် ဝါသနာပါသူတို့ကလည်း ဘင်ဂျို၊ ဂီတာ စသည်တို့ကို တီးမှုတ်နေတတ်ကြပါသည်။

သခင်စိုး၊ သခင်သန်းထွန်းတို့ကမူ နိုင်ငံရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားသဖြင့် နိုင်ငံရေးပညာလေ့လာလိုသော ရဲဘော်တွေသည် ထိုသင်တန်းများတွင် နေ့စဉ် အချိန်မှန်မှန် တက်ရောက်လေ့လာကြပါသည်။

သခင်စိုးသည် "ကျွန်မချစ်လင် ကိုလီနင်" စာအုပ်ကို ဘာသာပြန်ဆို ပြီးခဲ့၍ သခင်သန်းထွန်းက "ကွန်မြူနစ်ပါတီ ရာဇဝင်ချုပ်" ကို ဘာသာပြန်ခဲ့ပြီးလျှင် သခင်နုက "ရက်စက်ပါပေ့ကွယ်" ဝတ္ထုနှင့် "ပုထုဇနော ဥမ္မာတကော" ပြဇာတ်တို့ကို ရေးသား ပြီးစီးခဲ့ပါသည်။

ထို့မျှမကသေးဘဲ ... ပြဇာတ်ဝါသနာအိုး ဖြစ်သော သခင်နုသည် တစ်ခန်းရပ် ပြဇာတ်တိုကလေးများကို ရေးသား၍ ကပြရန် ဇာတ်တိုက် လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အင်းစိန် ထောင်တွင်း ရှိနေသော သခင်ရဲဘော်များအနက် ကျွန်တော်၊ သခင်တင်မြ၊ သခင်လှကွန်း၊ ဝါးခယ်မ သခင်သန်းလေးနှင့် သခင်ဝင်းလေးတို့မှာ အသက်အငယ်ဆုံး သခင်များ ဖြစ်ကြပါသည်။ ကျွန်တော်ဆိုလျှင် ထိုစဉ်က အသက် ၁၉ နှစ်သာ ရှိသေး၍ သခင်လှကွန်း၊ သခင်တင်မြ၊ သခင်ဝိုင်းတို့ဆိုလျှင် ကျွန်တော့်ထက်ပင် အသက်ငယ်၍ ၁၈ နှစ်စီလောက်တွင် ရှိကြပါသည်။

သို့ဖြင့် သခင်နှ ရေးသားစီစဉ်သော ပြဇာတ်များ ကပြရာတွင် လူငယ်ပိုင်းမှ ကျွန်တော်၊ သခင်သန်းလေး၊ သခင်ဝိုင်း၊ သခင်ချစ်တင် စသူများမှာ အမြဲပါဝင်ခဲ့ကြပြီးလျှင် သခင်ရွှေအုပ်ကြီး၊ မြောင်းမြ သခင်တင် စသော လူလတ်ပိုင်း ရဲဘော်များပါ အလျဉ်းသင့်ရာ အခန်းများတွင် စိတ်ပါဝင်စားစွာ ပါဝင်လာကြပါသည်။

သခင်ဖေမြွေး အင်းစိန် ထောင်သို့ ရောက်လာသော အချိန်မှာ ကျွန် တော်တို့တစ်တွေ ပြဇာတ်အချို့ ကပြပြီး၍ နောက်ထပ် ပြဇာတ်တစ်ပုဒ်ကို ဇာတ်တိုက်နေသော အချိန်အခါနှင့် ကြုံကြိုက်နေပါသည်။

ပြဇာတ်တွင် မြေရှင်ကြီး၏ နှိပ်စက်မှုကို ခံစားနေရသော လယ်သမား ဘိုးချမ်း၏ ကဏ္ဍတစ်ခု ပါဝင်လေရာ သခင်ဖေမြွေး ရောက်လာသည်နှင့် အလျဉ်းသင့်နေသဖြင့် သခင်ဖေမြွေးအား ထိုအခန်းတွင် ပါဝင် သရုပ်ဆောင်ရန် တိုက်တွန်းကြသောအခါ သခင်ဖေမြွေးကလည်း စိတ်ပါဝင်စားစွာပင် လက်သင့်ခံလိုက်ပါသည်။

ပြဇာတ်စင်ပေါ်ဝယ် လယ်သမား ဘိုးချမ်းနှင့် အဖော်တစ်ယောက်တို့ ထွက်ပေါ်လာကြလေပြီ။ လယ်သမား ဘိုးချမ်းသည် မြေရှင်၏ နှိပ်စက်မှုဒဏ်ကို ခံစားရပြီး သကာလ ဒုက္ခိတဘဝသို့ ရောက်ရှိနေရရှာသူ ဖြစ်ပါသည်။ ခြေတစ်ဘက် ခွင်ကာ ကိုယ်တစ်ခြမ်းစောင်းနေ



သော လယ်သမား ဘိုးချမ်းသည် သူ၏တုတ်ကောက်ကို ထောက်ခါ ထောက်ခါဖြင့် ဇာတ်စင်ပေါ်တွင် တရွေ့ရွေ့ လျှောက်နေပြီးမှ ရပ်လိုက်သည်။ ထိုနောက်တွင် သူနှင့် ပါလာသည့် အဖော်ဘက်သို့ လှည့်ကာ စကားပြောလိုက်သည်။

"ကြည်စမ်း ... ဒီမြေရှင်ကြီး နှိပ်စက်ထားလို့ ငါ့ဘဝ လူစဉ်မမီအောင် ဖြစ်နေရတာ တွေ့တယ် မဟုတ်လား"

ဘိုးချမ်းသည် မြေရှင်ဆိုး၏ နှိပ်စက် ညှဉ်းဆဲမှုခံရပုံနှင့် မြေရှင်စနစ်အပေါ် နာကြည်းရွံ့မုန်းမှုတွေကို သရုပ်ပါစွာ ဖော်ထုတ်ပြောကြားသွားလေသည်။ ပွဲကြည့်ပရိသတ်ကား ဘိုးချမ်း၏သရုပ်ဆောင်ပုံကို အတော်ကလေး သဘောတွေ့နေကြပေပြီ။

သူ၏ကဏ္ဍကို ပြီးဆုံးအောင် သရုပ်ဆောင်ပြီး၍ ကန့်လန့်ကာ နောက်ကွယ်သို့ ဘိုးချမ်း ဝင်ရောက်သွားသောအခါဝယ် လက်ခုပ်သြဘာသံတွေ သောသောညံစွာ ပေါ်ထွက်လာလေသတည်း။

ဤကား ဇာတ်ဆရာ သခင်နှ ဦးစီးသော ထောင်တွင်း ပြဇာတ်၌ သခင်ဖေမြွေး၏ ထူးကဲသော သရုပ်ဆောင်မှုပင် ဖြစ်ပေသည်။

အင်းစိန်ထောင်ထဲဝယ် သခင်နှ ပြဇာတ်များကို နိုင်ငံရေး အကျဉ်းသမားများရော အခြား ဘီအတန်း အကျဉ်းသမားများပါ ပိုမို စိတ်ဝင်စားလာကြပါသည်။ အနေကြာသောအခါ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာသော ထောင်တွင်းဘဝတွင် ဤပြဇာတ်ကလေးများမှာ စိတ်ပျော်လက်ပျော်ရှိအောင် ဖြေဖျော်စရာကလေးတွေ ဖြစ်လာခဲ့ပါသည်။

သို့ဖြင့် ပြဇာတ်တွေမှာ စိုပြည်မြိုင်ဆိုင်လာခဲ့သည်။ ပြဇာတ် မထွက်မီတွင် ပဏာမအကများကိုပင် ထည့်သွင်းကပြလာနိုင်ခဲ့သည်။ မြောင်းမြ သခင်တင်ကြီး၏ အင်္ဂလန်စိန် ခြေထိုးအကဆိုလျှင် အထူးပွဲကျသော တစ်ပင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အကတစ်ရပ် ဖြစ်ခဲ့သည်။ ထိုမျှသာမက သခင်ချစ်တင်နှင့် ကိုလှမောင်တို့ စီစဉ်သော နှစ်ပါးသွား စုံတွဲအကမှာလည်း အတော် မြိုင်ဆိုင်ကာ စိတ်ရွှင်မြူးဖွယ် ဖြစ်ခဲ့ပါသည်။ သခင်နု ရေးသားသော ပြဇာတ်များတွင် စကားပြောရာ၌ သဘာဝကျစေရန် ဆဲရေးတိုင်းထွာစမ်း ဆိုလျှင် ဇာတ်ကောင်တွေက တစ်တစ်ခွခွပင် ဆဲရသည်။ ပွဲကြည့်ပရိသတ်မှာလည်း ယောကျ်ားချည်း ဖြစ်သောကြောင့် လွတ်လပ်သည်။ ထိုအချက်ကို အကြောင်းပြုကာ သီချင်းဆိုကောင်းသော သခင်ချစ်တင်က သူ စီစဉ်သော နှစ်ပါးသွားအခန်းတွင် သီချင်းတစ်ပုဒ် စပ်ဆိုခဲ့သည်။

"ဇာတ်ဆရာ ... ဇာတ်ဆရာ ... ဆရာနု က အဟုတ်ပ စီစဉ်သဗျို့ ... ပြဇာတ်ဆန်းကို စီကာရေး ... အဆဲတွေကပို ..."

ထိုမျှသာ မကသေးပါ။ တယောထိုး အလွန် ကောင်းသည်ဟူ၍ ကျော်ကြားကာ ရွှေတံဆိပ်ပင် ရခဲ့ဖူးသော သခင်စိုးကြီးလည်း မနေနိုင်တော့ချေ။ ပြဇာတ်မထွက်မီ ပဏာမခန်းတွင် သခင်စိုး၏ တယောသံများကိုပါ ကြားလာရပြန်လေသည်။

ဤသို့လျှင် ပြဇာတ်များကို ပြလာကြရာ၌ သခင်နုက ဆရာ လုပ်ကာ သခင်စိုးက တယောကိုင်၍ ပွဲထွက်ခဲ့ပြီးလျှင် သခင်ဖေမြွေးတို့ ကျွန်တော်တို့တစ်တွေ ပါဝင်အသုံးတော်ခံကာ ကပြလျက်ရှိစဉ်၌ သခင်သန်းထွန်းမှာ တပြုံးပြုံးနှင့် ကြည့်နေတတ်ရုံသာမကဘဲ "ဒီတစ်ခါ အမူအရာတွေ အရင်တစ်ခါထက် တိုးတက်လာပြီ" စသည်ဖြင့် မှတ်ချက်များပင် ချလျက် သခင်ဇစိန်ကမူကား ရယ်စရာအခန်းရောက်လျှင် တဝါးဝါးနှင့် ကျယ်လောင်စွာပင် ရယ်မောနေတတ်ပါပေသည်။

ဤကား ဟိုအရင်တစ်ခါ အတိတ်က ဆုံစည်းခဲ့ခြင်းပင် ဖြစ်ပါ၏။



ထိုစဉ်အခါကမူ နယ်ချဲ့ အကျဉ်းထောင်အတွင်း၌ အကျဉ်းခံနေကြရသော်လည်း အားလုံး တစည်းတလုံးတည်းရှိကာ ပျော်တပြုံးပြုံးပင် နေနိုင်ခဲ့ကြသည်။ နိုင်ငံခြားသား ဗြိတိသျှနယ်ချဲ့၏ အကျဉ်းထောင်ပင် ဖြစ်စေကာမူ လူပီသစွာ ပြုစုစောင့်ရှောက်ထားခြင်းကိုလည်း ခံခဲ့ကြရသည်။

ဇာတ်ဆရာ သခင်နု၏ဘဝ၊ သခင်စိုး၏ဘဝ၊ သခင်သန်းထွန်းဘဝနှင့် ဇာတ်ဆောင်ခဲ့သူတို့၏ ဘဝတို့သည်ကား ယနေ့အချိန်ဝယ် ဘဝအထွေထွေ ကွဲပြားနေချေပြီ။ မြေရှင်စနစ်ဆိုး၏ နှိပ်စက်ညှဉ်းဆဲခြင်းကို ခံစားနေရသည့်ဘဝကို သရုပ်ဆောင်ခဲ့သည့် သခင်ဖေမြွေးသည်ကား မြေရှင်ပဒေသရာဇ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲအတွင်းဝယ် ယနေ့တိုင်အောင်ပင်လျှင် အနစ်နာခံကာ တိုက်ပွဲနွှဲဆင်နေဆဲ ရှိသေး၏။

(သခင်မြသန်းရေး–နှစ်တစ်ဆယ်ပြည့် စာအုပ်မှ)

သခင်မြသန်းသည် ကျွန်တော့်အကြောင်းရေးသော သူ၏စာအုပ်တွင် အထက်ပါအတိုင်း ရေးခြယ်ခဲ့သည်။ ကျွန်တော်တို့တစ်တွေ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေးခေတ်က အင်းစိန်ထောင်လေးတွင် အတူတကွ အချုပ်ခံရစဉ် ဇာတ်ဆရာ သခင်နု၏ ဇာတ်များတွင် ကျွန်တော်သည် အဖိနှိပ်ခံရသော ဇာတ်ကောင်တစ်ဦးအနေဖြင့် ပါခဲ့ဖူး၏။

ဇာတ်ဆရာ သခင်နုသည် နောက်ပိုင်းတွင် စာချုပ်အမျိုးမျိုးဖြင့် လွတ်လပ်ရေးကို ယူပြီးသည့်နောက် ကျွန်တော်သည် သူနှင့် အယူအဆကွဲခဲ့၏။ ဤအယူအဆကွဲလွဲမှုပေါ် အခြေစိုက်၍ ဦးနုသည် သူ ဝန်ကြီးချုပ်သက်တမ်းတစ်လျှောက်လုံး (၁၂) နှစ်ကျော် သူပိုင်ထောင်များတွင် လှည့်၍ ကျွန်တော့်အား ချုပ်နှောင်ခဲ့၏။ ကျွန်တော်သည် ကိုကိုးကျွန်း၊ ဂေါ်ရေးလိပ်ကျွန်း အကျဉ်းစခန်းများသို့လည်း အပို့ခံရပြီးသည်ကို အားမရသေး အင်းစိန် တွဲဘက် ထောင်လေးတွင် ထပ်၍ ချုပ်နှောင်ပြန်သည်။ ထို့ကြောင့် သူ ဝန်ကြီးချုပ်လက်ထက်တွင်ပင် ကျွန်တော်သည် ရက်ပေါင်း (၂၆) ရက်

www.burmeseclassic.com



တိုင်တိုင် အစာငတ်ခံတိုက်ပွဲကို ဆင်နွှဲပြီး လွတ်မြောက်ရေးကို တောင်းဆိုနေရလေသည်။

## ကျော်ကြားသော အင်းစိန်စစ်တမ်း

အင်းစိန် သီးသန့်ထောင်လေးမှ အဖြစ်သနစ် အလုံးစုံကို ရေးမည်ဆိုလျှင် ဆုံးလေမည် မဟုတ်ပါ။ သို့ရာတွင် မရေးမဖြစ်သော ထူးခြားချက်ကြီးမှာကား သခင်စိုး၏ နိုင်ငံရေးအမြင် ပြတ်သားတော်လှန်မှုမှ ထွက်ပေါ်လာသော (နောက်ပိုင်းတွင် အလွန်ကျော်ကြားလာခဲ့သော) အင်းစိန်စစ်တမ်းခေါ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းဝယ် ငါတို့ အဘယ်အင်အားစုနှင့် ပူးပေါင်းပြီး၊ ဘယ်ကဲ့သို့သော အင်အားစုကို ဆန့်ကျင်တိုက်ခိုက်ကြရမည်နည်းဟူသော လက်ငင်းကျရောက်နေသည့် ဒုတိယကမ္ဘာစစ်ကြီး၏ နိုင်ငံရေးပြဿနာနှင့် စစ်ရေးစစ်ရာ ပြဿနာတို့ပေါ် သုံးသပ်ရှုမြင်ထားသည့် သခင်စိုးရေး အင်းစိန်စစ်တမ်း အကြောင်းပင် ဖြစ်သည်။

ကျွန်တော်သည် အင်းစိန်ထောင်လေးထဲ ရောက်ပြီးနောက် သခင်စိုး၊ သခင်သန်းထွန်းတို့ ဦးဆောင်ပေးနေသော နိုင်ငံရေးသင်တန်းသို့ တက်ရောက်လေ့လာပါသည်။

အထူးသဖြင့် သခင်စိုးနှင့် အိပ်ဆောင်တစ်ခုတည်း၌ အတူနေ အတူစားဖြစ်သည့်ပြင် ထောင်ကျအကျဉ်းသားချင်းလည်း ဖြစ်ပါသည်။

သခင်သန်းထွန်းမှာ ထောင်ကျ အကျဉ်းသား မဟုတ်ဘဲ ကာကွယ်ရေး ပုဒ်မ ၂၆ နှင့် (ဖ.ဆ.ပ.လ ခေတ် ပုဒ်မ ၅ နှင့် အတူတူပင်) အင်းစိန်သီးသန့်ထောင်လေးတွင် အချုပ်ခံနေရသော အချုပ်သား ဖြစ်ပါသည်။ ၎င်းကဲ့သို့ ကာကွယ်ရေးပုဒ်မ ၂၆ အချုပ်သားများမှာ အိပ်ဆောင်တစ်ခုခွဲခြားထားပါသည်။ ၎င်းတို့မှာ သခင်သန်းထွန်းအပြင် သခင်လေးမောင်၊ သခင်လှဘော်၊ မစ္စတာဝိုရှယ်၊ နဂါးနီ ဦးထွန်းရွှေတို့ ဖြစ်ကြပါသည်။

သို့ကြောင့် ကျွန်တော်တို့ ထောင်ကျများမှာ ညဘက် အိပ်ဆောင်ပိတ်ချိန်တွင် သခင်သန်းထွန်းတို့နှင့် မတွေ့နိုင်ပါ။ နေ့လယ်ဘက် တစ်နေ့လုံး အိပ်ဆောင်ဖွင့်ချိန်မှာတော့ အဆောင်တစ်ခုနှင့်တစ်ခု လွယ်ကူစွာ သွားလာကူးယှက် ဆက်သွယ်နိုင်ခွင့် ရှိပါသည်။

နိုင်ငံရေးသင်တန်းမှာ နေ့လယ်နေ့ခင်းဘက်တွင် သခင်သန်းထွန်း



က သင်တန်းပေးလေ့ ရှိသော်လည်း ညဘက်တွင် တစ်အိပ်ဆောင်တည်း အတူနေရသည့် သခင်စိုးက ညဘက်သင်တန်းများ ပေးခဲ့ကြပါသည်။

နေ့လယ်ဘက်များတွင်လည်း သခင်စိုး အလှည့်နှင့် သခင်သန်းထွန်း အလှည့်ကျယူပြီး ဘာသာရပ်ခွဲ၍ သင်တန်းပေးခဲ့ကြသည်ကို ကျွန်တော်နှင့်တကွ သခင်လူငယ် တော်တော်များများ အချိန်မှန် တက်ကြွစွာ လေ့လာကြပါသည်။

တစ်နေ့သော် သခင်စိုးက စတင် ဦးဆောင်ပြီး ဒုတိယကမ္ဘာစစ်ကြီး၏ အခြေအနေကို ချပြ ဆွေးနွေးလာပါသည်။ ဤအချိန်တွင် သခင်သန်းထွန်းနှင့်တကွ နိုင်ငံရေးသင်တန်း တက်နေကြ သခင်အတော်များများ ရှိကြပါသည်။

သခင်စိုး တင်ပြပုံကား "အခုဖြစ်ပေါ်နေတဲ့ ဒုတိယကမ္ဘာစစ်ဟာ ဗမာပြည်ထဲသို့ ချဉ်းနင်းဝင်ရောက်လာတော့မှာတော့ အငြင်းပွားစရာမလိုအောင် သေချာနေပါပြီ။ ဒီတော့ ကျွန်တော်တို့အဖို့ ဂျပန်–အီတလီ–ဂျာမနီ စတဲ့ ဖက်ဆစ် သုံးနိုင်ငံဘက်က ပူးပေါင်းပါဝင်ကြမလား၊ သို့မဟုတ် ကမ္ဘာ့ဒီမိုကရေစီ (အရင်းရှင်ဒီမိုကရေစီ) အင်အားစုနဲ့ ဆိုဗီယက်အင်အားစုတို့ ပူးပေါင်းထားတဲ့ ဘက်ကပဲ ပါဝင်ပူးပေါင်းမလား။

ဒါမှမဟုတ် နှစ်ဘက်စလုံးကိုပဲ ဆန့်ကျင်တိုက်ခိုက်မည်လား ဆိုတာ မေးဖို့ရှိပါတယ်။

ကျွန်တော့်အမြင်အရပြောရင် ဂျပန် တင်နိုဟိကာ တို့၊ အီတလီ မူဆိုလီနီတို့၊ ဂျာမနီ ဟစ်တလာတို့ ဆိုတဲ့ ကောင်တွေဟာ ကမ္ဘာ့အရင်းရှင် ဖက်ဆစ်အကြီးစား နိုင်ငံတွေ ဖြစ်ကြတယ်။

အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့ဟာ အရင်းရှင်နိုင်ငံတွေ ဖြစ်သော်လည်း အရင်းရှင် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးနေကြရတဲ့ ဒီမိုကရေစီ နိုင်ငံတွေ ဖြစ်တယ်။

ဒါကြောင့်လည်း ဒီနေ့ ဒုတိယကမ္ဘာစစ်ပွဲရဲ့ ပထမပိုင်းကာလမှာ ဖက်ဆစ် အရင်းရှင်အင်အားစုတို့က တစ်ဘက်၊ ဒီမိုကရေစီ အရင်းရှင်အင်အားစုတို့က တစ်ဘက် ဈေးကွက်နိုင်ငံများရဖို့ နယ်ချဲ့ကြ၊ ကိုလိုနီနိုင်ငံလုကြတဲ့ နယ်ချဲ့စစ်ပွဲသက်သက်မျှသာ ဖြစ်ခဲ့တယ်။

၁၉၄၁ ဇူလိုင်လ ၂၂ ရက်နေ့က စပြီးလျှင် ဂျာမနီ နာဇီ ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ က ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ရုရှားကြီးကို စစ်မကြေညာဘဲ အတင်း တရကြမ်း ဝင်ရောက် တိုက်ခိုက်လိုက်ပြီးနောက်ပိုင်း ယနေ့ကာလမှာတော့ ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံက ခေါင်းဆောင်ကြီး စတာလင် ဟာ ဒီကမ္ဘာစစ်မှာ ၂ ဘက်စလုံးကို တစ်ချိန်တည်းမှာ တိုက်လို့မဖြစ်နိုင်တာကြောင့် ဒီလို ၂ ဘက်စလုံး တိုက်လျှင် မမှန်ကန်ဘူး ဆိုတာကို သိမြင်နားလည်ထားလို့ ယာယီ မဟာမိတ် ယူစရာရှိတာကတော့ အရင်းရှင် ဒီမိုကရေစီနိုင်ငံများဖြစ်တဲ့ ဒီမိုကရေစီစနစ်အောက်က ပြည်သူတွေ အင်အားစုရယ်၊ အင်္ဂလိပ်၊ အမေရိက၊ ပြင်သစ်တို့နှင့်သာ လက်တွဲပူးပေါင်းပြီး ယာယီမဟာမိတ် ဖြစ်နိုင်တယ် ဆိုတာကို စတာလင်ကြီးဟာ လက်တွေ့ပြနေလေပြီ။

နောက်တစ်ခုက ကျွန်တော်တို့ အိမ်နီးပါးချင်းဖြစ်တဲ့ တရုတ်ပြည်က တရုတ်ကွန်မြူနစ်ပါတီနှင့် မော်စီတုံးတို့က ဘာလုပ်နေကြသလဲဆိုတာ ကြည့်စမ်းပါဦး။

ဒုတိယကမ္ဘာစစ် မဖြစ်မီက အမေရိကန် ရုပ်သေးအစိုးရ ချန်ကေရှိတ်နှင့် ပြည်တွင်းစစ် ဖြစ်ပွားနေရာမှ ယနေ့လို ဒုတိယကမ္ဘာစစ်ရဲ့ ဒုတိယပိုင်းကာလ ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံကြီးဖြစ်တဲ့ ရုရှားနိုင်ငံ မဟာစတာလင်၏ လုပ်ဆောင်ချက်အရ ကြည့်ပြီး ဒီကာလမှာ ဂျပန်၊ အီတလီ၊ ဂျာမနီ စတဲ့ ဖက်ဆစ်သုံးနိုင်ငံကို တိုက်ရမယ်၊ အမေရိကန်နဲ့ အင်္ဂလိပ်တို့ဟာ ဆိုရှယ်လစ်နိုင်ငံနဲ့ ယာယီ စစ်မဟာမိတ် ဖြစ်နေကြပြီမို့ အမေရိကန်ရုပ်သေး တရုတ် ချန်ကေရှိတ်နှင့်လည်း စစ်အတိုက်အခိုက်ရပ်စဲ ပြည်တွင်းစစ် ရပ်စဲပြီး တရုတ် တရုတ်ချင်း ပူးပေါင်းကာ ဂျပန် ဖက်ဆစ်များကို တိုက်ခိုက်ရမည်ဆိုတဲ့အသိနှင့် ယနေ့ တရုတ်ပြည်မှာလည်း မော်စီတုံးနှင့် ချန်ကေရှိတ် ယာယီပူးပေါင်းပြီး ကမ္ဘာ့ဒီမိုကရေစီများ အင်အားစုဘက်မှ ဖက်ဆစ်သုံးနိုင်ငံကို ဝိုင်းတိုက်၊ ဝိုင်းချကြရမည်။

ဒီကမ္ဘာ့သုံးနိုင်ငံသာ ဒီကမ္ဘာကြီးကို လွှမ်းမိုးသွားခဲ့တယ်ဆိုရင် ကမ္ဘာ့သူ ကမ္ဘာ့သားတွေဟာ အတုအယောင် ဒီမိုကရေစီဖြစ်တဲ့ အရင်းရှင် ဒီမိုကရေစီကိုပင် တစ်ရွေးသားမျှ မခံစားရတော့ဘဲ နာဇီဖက်ဆစ်၊ အီတလီဖက်ဆစ်တို့၊ ဂျပန်ဖက်ဆစ်တို့ရဲ့ ရက်စက်ကြမ်းကြုတ်လှတဲ့ ဖက်ဆစ်ဘီလူးကြီး သဘက်ကြီးများရဲ့ ဝါးမျိုစားသောက်ခံကြရတော့မယ်။



အောက်တိုဘာ တော်လှန်ရေးက အလုပ်သမား သန်းပေါင်းများစွာနှင့် လယ်သမား ကုဋေကုဋာတို့ရဲ့ သွေးအစက်စက်နဲ့ အရယူဆောင် လာခဲ့ရတဲ့ ဆိုဗီယက် ဆိုရှယ်လစ် ရုရှားနိုင်ငံတော်ကြီးဟာလည်း ကမ္ဘာ့ဖက်ဆစ်အမှောင်ထုကြီးအောက်ကို ပြားပြားမှောက် ကျရောက်ရတော့မယ်။

ကမ္ဘာ့အလုပ်သမားထုကြီးနဲ့ ကမ္ဘာ့လယ်သမားထုကြီး တစ်ရပ်လုံးအား မီးရှူးတန်ဆောင် အလင်းရောင်ကြီး အဖြစ်နှင့် အမြဲတစေ အလင်းရောင် ပေးခဲ့နိုင်တဲ့ ဆိုရှယ်လစ် နိုင်ငံသူနိုင်ငံသားတွေရဲ့ ဆိုရှယ်လစ်ခေါင်းဆောင်ထုကြီး တစ်ရပ်လုံးဟာလည်း ဖက်ဆစ်သုံးနိုင်ငံရဲ့ သုတ်သင်ကွပ်မျက်ခြင်းကို အလူးလူးအလဲလဲ ခံကြရတော့မယ်။ ထို့ပြင်မက ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများရှိ ရောမ ကမ္ဘာ့ပြည်သူတွေဟာလည်း ဖက်ဆစ် လူယုတ်မာတွေအောက်မှာ သွေးအစက်စက် မျက်ရည်အစက်စက်နှင့် မရှုမလှ ဖက်ဆစ်တို့ဒဏ်ကို ခံစားကြရတော့မယ်။

ဒါကြောင့် ကျွန်တော်တို့ ဗမာပြည်က နိုင်ငံရေးသမားတွေဟာ အထူးသဖြင့် ကျွန်တော်တို့ တို့ဗမာ အစည်းအရုံးကြီးဟာ "ထွက်ရပ်ဂိုဏ်းကြီး" က ချမှတ်လိုက်ခဲ့တဲ့ ဗြိတိသျှအစိုးရကို လက်နက်နှင့် ပုန်ကန်တိုက်ခိုက်ရမယ်ဆိုတဲ့ ကာလနှင့် ဆုံးဖြတ်ချက်ဟာ ဟိုအခါ ကာလပိုင်းအားဖြင့် မှန်ကန်ခဲ့သော်လည်း၊ ယနေ့ ဒုတိယ ကမ္ဘာ့စစ်ကြီး၏ ဒုတိယပိုင်းကာလဖြစ်တဲ့ ၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ ကမ္ဘာ့ကွန်မြူနစ်များရဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်အရ ဗမာပြည်ဟာလည်း ကမ္ဘာ့စစ်ကြီးထဲမှာ ပါလာပြီဖြစ်လေတော့ ကမ္ဘာ့သေနင်္ဂဗျူဟာအတိုင်း ဗမာ့ သေနင်္ဂဗျူဟာမှာနှင့် နည်းပရိယာယ်မှာလည်း ထပ်တူတပ်မျှ ယူသင့်ပြီး ကျွန်တော်တို့ဟာ ဂျပန်ကို တိုက်ရမယ်။

ကျွန်တော်တို့ဟာ ဂျပန်ကို တိုက်ရာမှာ မဟာမိတ် ရှိရမယ်။ ဗြိတိသျှတို့ကို ယာယီ မဟာမိတ် ယူကြရမယ်။

အင်္ဂလိပ်အစိုးရထံမှ လက်နက်ခဲယမ်း မီးကျောက်များ ရအောင် တောင်းယူပြီး ဂျပန်ဖက်ဆစ်တို့ကို တိုက်ခိုက်ရမယ်။ အဲဒီလို မဟာမိတ်တွေထံမှ လက်နက်အကူအညီ ရအောင်ယူပြီး ဂျပန်ဖက်ဆစ်တို့ ဗမာပြည် ဝင်လာရင် ဆီးကြို တိုက်ခိုက်ကြရင်း ကိုယ့်နယ်မြေကိုယ် အရထူးဆောင် ယူကြရမယ်။ ဂျပန်ဖက်ဆစ်ကို တိုက်ခိုက်ရင် ရရှိအပ်မယ့် အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ လက်နက်ခဲယမ်း မီးကျောက်တွေ၊ နယ်မြေဒေသတွေကို စစ်ပြီးကာလအထိ မိမိတို့လက်ဝယ် အရအမိ ယူငင် ထိန်းသိမ်းထားကြပြီး စစ်ပြီးလျှင်လည်း ကိုယ်တိုက်ယူလို့ ရထားတဲ့ လွတ်လပ်ရေးကို ကိုယ် ထိန်းသိမ်းထားကြရမယ်။

ယခုလို ဗြိတိသျှနယ်ရဲ့သမားနဲ့ ယာယီ မဟာမိတ်ယူ ပူးပေါင်းပြီး ဖက်ဆစ်တို့ကို တိုက်ရမှာကို ရဲဘော်အချို့ဟာ ဝန်လေးပြီး မိမိတို့ တိုင်းပြည်ကို နှစ်ပေါင်း တစ်ရာနီးပါး မင်းလုပ် အုပ်စိုးရတဲ့ ဗြိတိသျှ အရင်းရှင်နယ်ရဲ့သမားကို အခုအခါမှာ မဟာမိတ်ပြုရမယ်ဆိုတော့ အောင့်သက်သက်နဲ့ စိတ်လေးနေကြမှာတို့၊ ဗြိတိသျှအစိုးရက ကျွန်တော်တို့ကို မယုံကြည်မှာတို့ စတာတွေကိုတော့ ကြုံတွေ့ရမှာပဲ။

ဒါပေမဲ့ … ဂျပန်ဖက်ဆစ်တွေကို ပေါင်းပြီး၊ အင်္ဂလိပ် တိုက်ရင်မှားတော့မှာ သေချာတယ်၊ ဘာ့ကြောင့်ဆိုတာ ဆိုရှယ်လစ် ဆိုဗီယက်နိုင်ငံကြီးရှိ စတာလင်၏ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကို လည်းကောင်း၊ တရုတ် ကွန်မြူနစ်ပါတီရဲ့ မော်စီတုံးနဲ့ ချန်ကေရှိတ်တို့ ပြည်တွင်းစစ်ပွဲကြီးနဲ့ တိုက်ခိုက်နေရာမှ ပြည်တွင်းစစ်ကို ရပ်ပြီး အမေရိကန် ရုပ်သေးအစိုးရ တရုတ်ဖြူနဲ့ တရုတ်နီတို့ ပူးပေါင်းပြီးလျှင် ဂျပန်ဖက်ဆစ်တို့ကို တိုက်ခိုက်နေတာဟာ မှန်ကန်တဲ့ ကမ္ဘာ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ဖြစ်တယ်ဆိုတာ ကျွန်တော် အတော်လေး ရှင်းခဲ့ပြီးပါပြီ။

ဒါကြောင့်မို့ … အင်္ဂလိပ်ကို ပေါင်းပြီး ဂျပန်ဖက်ဆစ်တို့ တိုက်ရေးသာလျှင် မှန်ကန်ပါတယ်။ အင်္ဂလိပ် အစရှိတာတို့ကို ပူးပေါင်းဖို့ ဆိုရာမှာလည်း ယာယီ မဟာမိတ်အဖြစ်နှင့်သာ ဒီစစ်ကြီးမှာ ဖက်ဆစ်တို့ ကျဆုံးသည့်အထိသာ အတိုင်းအတာရှိတယ်။

ဒီစစ်ကြီးပြီးလို့ ဖက်ဆစ်တွေ ကျဆုံးကုန်လျှင် ဒီဖက်ဆစ် သုံးနိုင်ငံနေရာမှာ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စတဲ့ အရင်းရှင် ဒီမိုကရေစီတွေကို ကမ္ဘာ့ကွန်မြူနစ် ဆိုရှယ်လစ် အင်အားစုတွေဟာ ဆက်တိုက်ဖို့တာဝန်ကျလာတော့မှာပဲ။

ဒါပေမဲ့ အရင်းရှင်စနစ်မှာ အရက်စက်ဆုံး၊ သွေးအငတ်ဆုံး၊ အကြမ်းတမ်းဆုံး၊ အဖောက်ပြန်ဆုံး၊ နံပါတ်ကုန်နေတဲ့ အရင်းရှင်ဖက်ဆစ်စနစ်ကျဆုံးသွားခဲ့လျှင် (နောင်တော်ကြီး ဖက်ဆစ်သေဆုံးခဲ့လျှင်) ညီတော်



လေးဖြစ်တဲ့ အရင်းရှင် ဒီမိုကရေစီအင်အားစုဟာ ထိုးထည်းဖြစ်ပြီး အားနည်းလာစရာ ရှိတယ်၊ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့ဟာ ဒီစစ်ကြီးပြီးလျှင် အားနည်းသွားကြမှာတော့ သေချာပါတယ်။

ကွန်မြူနစ် အင်အားစုတွေဟာလည်း ဒီစစ်ကြီးအတွင်းမှာ ဖက်ဆစ်တွေကို တိုက်ရင်း ရရှိလာမယ့် လက်နက်၊ နယ်မြေ၊ အတွေ့အကြုံတွေဟာ တိုးတက်သန်မာ ကြီးထွားလာကြမှာ မုချဖြစ်ရမယ်။

ဒါကြောင့် အင်္ဂလိပ်၊ အမေရိကန်တို့ထံမှ ယာယီ မဟာမိတ်အဖြစ်နဲ့ လက်နက်များ အရယူကြပြီး၊ ဂျပန်ဖက်ဆစ်တွေကို တိုက်ခိုက်တာသာငါတို့ မှန်ကန်ပြီး၊ ငါတို့ကသာ အမြတ်ထွက်လာရမယ်။

တစ်ကမ္ဘာလုံး အခြေအနေနှင့် ခြုံကြည့်လျှင်လည်း အရင်းရှင်ဒီမိုကရေစီ အင်အားစုတွေဟာ သူတို့အချင်းချင်း ဖြစ်တဲ့ အရင်းရှင်ချင်းချင်းကို လုံးဝ မတိုက်ချင်ကြဘူး။

ဒါကြောင့် ဂျာမနီဟာ ဘာလင်ကျွန်းတို့၊ ပိုလန်တို့ကို တိုက်ခိုက်လာစဉ်၊ နိုင်ငံလေးတွေကို လုယက် တိုက်ခိုက်လာစဉ် အင်္ဂလိပ်ဟာ ဂျာမနီကို မတိုက်ချင်လို့ နှာစေးနေခဲ့သေးတယ်။ အင်္ဂလန်ပြည်သူ ပြည်သားတွေက ဝိုင်းဝန်း ဆူပူပြီး၊ လူထုဆန္ဒ ပြပွဲကြီးများလုပ်ပြီး၊ ဂျာမနီတို့ကို တိုက်ရမယ်ဟု အတင်းအကျပ် ကိုင်လာကြတယ်။

ချိန်ဗာလိန် ကို ခေါင်းနက်ကြီးတွေနဲ့ မသာချပွဲ လုပ်ပြီး အင်္ဂလန်ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ် ချိန်ဗာလိန် အိမ်ရှေ့မှာ သွား ကန့်ကွက်ကြတယ်။ ဒီလိုကြောင့်ပဲ ဝန်ကြီးချုပ် ချိန်ဗာလိန် ပြုတ်ကျပြီး မစ္စတာချာချီ တက်လာရတယ်။

အင်္ဂလန် လူထုဆန္ဒအရ လက်သီး လက်မောင်း တန်းပြီး နာဇီဖက်ဆစ် ဂျာမနီတို့ကို အပြုတ်တိုက်မည်ဟု ကြိမ်းမောင်း တက်လာခဲ့တဲ့ မစ္စတာ ချာချီ ကို လူထုကြီး တစ်ရပ်လုံးက လက်ခုပ်သြဘာ ပေးကြတယ်။

အမေရိကန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့မှာလည်း လူထုအုံကြွ ပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာပြီး ဒီဖက်ဆစ် ဂျာမနီ၊ အီတလီတို့ကို တိုက်ခိုက်ရမယ်လို့ မိမိတို့ အစိုးရကို လူထုကြီးက အကျပ်ကိုင် တိုက်တွန်းယူခဲ့ရတာ ထောက်ကြည့်လျှင် ဒီအရင်းရှင်တွေဟာ သူတို့ အရင်းရှင်ချင်းချင်းကို တကယ် အပြုတ်မတိုက်လိုဘဲ ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံကြီးဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုရှားနိုင်ငံနဲ့ ကမ္ဘာ့ကွန်မြူနစ် ဆိုရှယ်လစ် အင်အားစုတွေကိုသာ တကယ် အပြုတ် တိုက်ခိုက်ချင်နေကြတယ်ဆိုတာ ကျွန်တော်တို့ နားလည်ထားကြရမယ်။

ဒါကိုကြည့်ရင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စတဲ့ အရင်းရှင် ဒီမိုကရေစီနိုင်ငံတို့ဟာ သူတို့ဆန္ဒနှင့် ဆန့်ကျင်ပြီး သူတို့ အရင်းရှင်နိုင်ငံချင်းကို မလွှဲမရှောင်သာဘဲ တိုက်ခိုက်လာကြရတော့တယ်။ ပြီးတော့ သူတို့ကို တိုက်ခိုက် ဖြုတ်ချနေခြင်းထက် ဆိုဗီယက် ဆိုရှယ်လစ် နိုင်ငံတော်ကြီးကို မဟာမိတ်ကြီး ပြုလုပ်ပြီး ကာယကံမြောက်အားဖြင့် ဆိုဗီယက် ဆိုရှယ်လစ် နိုင်ငံတော်ကြီးကို မဟာမိတ်ကောင်းအဖြစ် ပူးပေါင်းလာကြရတော့တယ်။

ဒါကပင်လျှင် လိပ်၊ ကန်၊ သစ် တို့ဟာ ၎င်းတို့ ဆန္ဒနှင့် ဆန့်ကျင်ပြီး ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံကြီး အားကြီးလာလေအောင်၊ ကမ္ဘာမှာ ကွန်မြူနစ်တွေ ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ပေါက်လာအောင် လုပ်ပေးမိလျက်သား ဖြစ်နေပေတော့တယ်။

ဘာကြောင့်ဆို ကိုယ့်သချိုင်း ကိုယ်တူးသကဲ့သို့၊ ကိုယ့်လည်ပင်းကိုယ် ကြိုးစွပ်သကဲ့သို့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့ဟာ ဒီ ဒုတိယကမ္ဘာစစ်ကြီးမှာ ကွန်မြူနစ်ပါတီများ အင်အားကြီးမားလာဖို့ ၎င်းတို့ရဲ့ တကယ့် မဟာမိတ် ဖက်ဆစ် သုံးနိုင်ငံကို မတိုက်ချင်ဘဲနှင့် ကမ္ဘာသူကမ္ဘာသားတွေရဲ့ အကျပ်ကိုင်မှုကြောင့် မလွှဲမရှောင်သာ ဖက်ဆစ်တို့ကို တိုက်နေရသေပြီ။

ရဲဘော်တို့ ... ဒါကြောင့် ကျွန်တော်တို့ဟာ ဂျပန်ဖက်ဆစ်ကို ဆန့်ကျင် တိုက်ခိုက်ကြရမယ်။

ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံတော်ကြီးရဲ့ ယာယီမဟာမိတ်ဖြစ်နေတဲ့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့ဘက်က ပါဝင်ပြီး "အင်္ဂလိပ်စစ်တပ်မှ လက်နက်များ အကူအညီယူပြီး၊ ဂျပန်ဖက်ဆစ်တို့ကို တိုက်ရမယ်" ဟု သခင်စိုးက အကျယ်တဝင့် တင်ပြဆွေးနွေးပြီးမှ ၎င်းတစ်ဦးတည်းကိုယ်တိုင် ရေးသားထားသော "အင်းစိန်လမ်း" ကို ဖတ်ပြပါတော့သည်။

× × ×



အင်းစိန်စစ်တမ်းမှာ နိုင်ငံရေးစစ်တမ်း တစ်စောင်အနေနှင့် ရေးထားပြီး အထက်က ကျွန်တော် ဖော်ပြထားခဲ့သမျှသော အချက်အလက်များ၊ အဓိပ္ပာယ်များ အတော်ကလေး ပြည့်ပြည့်စုံစုံ ပါဝင်ထားသည်ကို မှတ်မိပါသေးသည်။

သခင်စိုးအား မုန်းတီး မလိုလားသူများက သခင်စိုး ရေးသော အင်းစိန်စစ်တမ်းဟာ ဘာမှ မပြည့်စုံဘူး။ အင်္ဂလိပ်နှင့် ပူးပေါင်းပြီး ဂျပန်ကို တိုက်ရမယ်ဆိုတာလောက်ပဲ ပါတယ်ဟု ဝိုထ်းဂဏာနှင့် ပြောဆိုနေကြပါသည်။

အထူးသဖြင့် ကွန်မြူနစ် အရေးခြုံ အချောင်သမား တက်ဘုန်းကြီးသိန်းဖေကတော့ အင်းစိန်စစ်တမ်းကို ပေါ့ဆဆ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် ပြောဆို ရေးသားလေ့ရှိပါသည်။

ထိုစစ်တမ်းကို သခင်စိုး ရေးပြီး၍ များမကြာမီတွင် အင်းစိန် သီးသန့် ထောင်လေးရှိ အကျဉ်းသား အချုပ်သား အားလုံးကုန်ကို ဗမာပြည် အနှံ့အပြားရှိ အကျဉ်းထောင်အသီးသီးတို့သို့ ပြောင်းရွှေ့ ပို့တော့မည် ဟူသောသတင်းများ ဖြစ်ပေါ်လာတော့သည်။

သို့ဖြင့် ကျွန်တော်သည် သခင်စိုးထံမှ အင်းစိန်စစ်တမ်းကို မိတ္တူကူးယူ သိမ်းဆည်း လျှို့ဝှက်ထားလိုက်တော့သည်။

ကျွန်တော်၏ ထောင်ကျလွတ်ရက်ကို တွက်ကြည့်လျှင် သခင်စိုးတို့ထက် ဆောလျင်စွာ လွတ်ရက်ရှိသည့်အတွက် 'သခင်ဖေမြွေး ... ခင်ဗျားကတော့ ကျွန်တော့်အရင် လွတ်မှာ သေချာတယ်၊ ခင်ဗျား ဒီစစ်တမ်းကို လျှို့ဝှက်ယူသွားပြီး အပြင်ရောက်ရင် ဖြန့်ချိပါ ...' ဟု သခင်စိုးက တာဝန်ပေးအပ်ပါတော့သည်။

အပြင်ရောက်လျှင် ဂျပန်တော်လှန်ရေးအတွက် လုပ်ရမည့် တာဝန်ဝတ္တရားတို့ကိုလည်း ပါးစပ်နှင့် အနုစိတ် ဆွေးနွေးပါတော့သည်။

ကျွန်တော်တို့ လူသိုက်ကြီးမှာ စုရုံး စုရုံးနှင့် မစားနိုင်၊ မအိပ်နိုင်ကြတော့ဘဲ အိပ်ရာလိပ်တွေ ပြင်ဆင်ကြခြင်း၊ တစ်ယောက်ကို တစ်ယောက် မှာကြားကြခြင်း၊ စာအုပ်လက်ဆောင် ပေးကြခြင်း၊ အော်တိုစာအုပ်ကလေးတွေထဲမှာ တစ်ယောက် လက်ရေးနှင့် တစ်ယောက် ရေးလိုတာ ရေးနိုင်းကြခြင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီး ဖြိုမယ့်ကြံ၊ ခါးက မသန် ... ဖြစ်နေတဲ့၊ သခင်ဖေဌေး ... ခါးသန်အောင် ကြိုးစားပါလေ ..."

သခင်သန်းထွန်း ဟူ၍လည်းကောင်း။

"သခင်ဖေဌေး ... ဝွတ်တယ်ထင်ရင် ဒူးသာ ဒူးပေတော့ဗျာ ..."

သခင်စိုး ဟူ၍လည်းကောင်း။

ကျွန်တော်၏ အော်တိုစာအုပ်ငယ်လေးထဲမှာ ထောင်ပြောင်းရွှေ့ခါနီး အချိန်မှာ သခင်စိုး၊ သခင်သန်းထွန်းတို့က ဤသို့ ရေးပေးလိုက်ကြပါသေးသည်။

မှတ်ချက်။ ။ သခင်စိုးမှာ မြင်းခြံထောင်သို့ ကျွန်တော်တို့ (၁၁) ယောက်ထက် အရင် ပြောင်းရွှေ့သွားကြရပါသည်။ ပြောင်းရသည့်အချိန်က ဘယ်ကိုပြောင်းရမည်ဟု ဘယ်သူ့ကိုမှ ကြိုတင် မပြောသဖြင့် ဘယ်သူမှ ဘယ်ကို ပြောင်းရမည်ဟု မသိကြရပါ။

"မည်သူ မည်ဝါ ဘယ်နယောက်တို့ ဘယ်အချိန် နာရီမှာ ထောင်ပြောင်းမယ် ..." အသင့်ပြင်ထားကြပါ။ စစ်ပုလိပ် လာခေါ်လိမ့်မယ်၊ စစ်ပုလိပ်များ ဘူးထဲ ရောက်နေပါပြီ၊ ဘယ်သူ ဘယ်ဝါသို့ အသုတ်က ဘယ်နယောက်လာကြပါ စသည်ဖြင့် တစ်သုတ်ပြီး တစ်သုတ် ပို့နေချိန် ဖြစ်ပါတော့သည်။

(အင်းစိန် ထောင်အတွင်း၌ အတူတကွ နေထိုင်လာကြပြီးနောက် အရှေ့အာရှတိုက်တွင် စစ်ရိပ်စစ်ငွေ့များ သန်းလာသောအခါ၌ ကျွန်တော်တို့တစ်တွေအား လူစုခွဲကာ ဗမာပြည်အရပ်ရပ်ရှိ ထောင်အသီးသီးသို့ ပြောင်းရွှေ့ပစ်လိုက်ပါသည်။ ထိုအချိန်ဝယ် လွတ်ရက် စေ့သွားပြီဖြစ်သော ရဲဘော် တော်တော်များများမှာ ထောင်မှ လွတ်မြောက်သွားကြပြီ ဖြစ်၍ လွတ်ရက် မစေ့သေးသဖြင့် ကျန်ရှိနေသော သူများနှင့် ပုဒ်မ ၂၆ နှင့် အဖမ်းခံထားရသူများအား လူစုခွဲ၍ ထောင်ပြောင်းခဲ့ပါသည်။ သခင်စိုး အား မြင်းခြံထောင်သို့ လည်းကောင်း၊ သခင်သန်းထွန်း၊ သခင်လေးမောင်၊ သခင် ခင်အောင်၊ သခင်လှဘော်ကြီး စသူတို့အား မုံရွာထောင်သို့ လည်းကောင်း၊ သခင်တင်ဖေနှင့် သခင်ဗစိန်တို့



အား ပုသိမ်ထောင်သို့ လည်းကောင်း၊ ကျွန်တော်နှင့် သခင်ကျော်စိန်၊ သခင်ချမ်းသိမ်းတို့အား သရက်ထောင်သို့ လည်းကောင်း၊ သခင်သန်းလေးနှင့် အချို့အား မြိတ် ထောင်သို့ လည်းကောင်း၊ သခင်ဖေဌေး၊ သခင် ခကြီး နှင့် ဗန္ဓုလဦးစိန် တို့အား မော်လမြိုင်ထောင်သို့ လည်းကောင်း၊ သခင်ရွှေအုပ်ကြီးအား တောင်ငူ ထောင်သို့ လည်းကောင်း အသီးသီး ပြောင်းရွှေ့ ပို့လိုက်သောအခါတွင်မှ လူချင်းကွဲကွာခဲ့ပါသည်။ မာ့က္စ၊ လီနင်ဝါဒ ယုံကြည်ချက်မျိုးစေ့ကို သခင်ဖေဌေးသည် အင်းစိန် ထောင်အတွင်းမှာပင် ရရှိခဲ့သည်ဟု ဆိုလျှင် မှားမည်မထင်ချေ။)

**(သခင်ခြသန်းရေး–နှစ်ထျွန်းပြန် မှ)**

မှန်ပါသည်။ ကျွန်တော်သည် အင်းစိန်ထောင်ကို မရောက်မီကပင် မာ့က္စ၊ လီနင်ဝါဒ (ဝါ) ကွန်မြူနစ်ဝါဒကို အနည်းငယ် လေ့လာ ဖတ်ခဲ့ဖူးသော်လည်း နက်နက်နဲနဲ သဘောမပေါက်မိခဲ့ပါ။ အင်းစိန်ထောင်ထဲ ရောက်မှ လူမျိုးရေးအမြင် (ဝါ) အမျိုးသား တော်လှန်ရေးအမြင်သာမက လူတန်းစားအမြင် (ဝါ) လူတန်းစား တိုက်ပွဲသဘောတရားအမြင်၊ တစ်နည်းဆိုရလျှင် ကွန်မြူနစ်များအမြင်ကို အခြေခံပိုင်းလောက်တော့ ပိုင်နိုင်ရရှိလာခဲ့သည်ဟု ဆိုနိုင်ပါသည်။

"သခင်ဖေဌေးတို့အား မော်လမြိုင်သို့ ပို့သည့် မြင်ကွင်းမှာလည်း လူတကာ ဝိုင်း၍ ကြည့်ရအောင် စိတ်ပါဝင်စားဖွယ်ရာ မြင်ကွင်းတစ်ခုပင် ဖြစ်ခဲ့ပါသည်။

ရန်ကုန်ဘူတာကြီး အတွင်းဝယ် အကျဉ်းသားသုံးဦးအား ပုလိပ်များက စောင့်ကြပ် ခေါ်ဆောင်လာစဉ်တွင် လူတွေက ဝိုင်းအုံ ကြည့်ရှုနေကြ၏။ တစ်ယောက်သော အကျဉ်းသားမှာ ပက်လက်ကြီး အိပ်၍လာသဖြင့် ပုလိပ်တွေက ပွေ့ချီလာခဲ့ရ၏။ တစ်ဦးသော အကျဉ်းသားမှာ မူကား တုတ်ကောက်ကို ထောက်ကာ စောင်းငဲ့ စောင်းငဲ့ဖြင့် တရွေ့ရွေ့ လာနေရသောကြောင့် အသွားနှေးသော

www.burmeseclassic.com

www.burmeseclassic.com



ထိုသူအား ပုလိပ်တွေက စောင့်ကာ စောင့်ကာ ခေါ်ယူလာနေရ၏။ တခြား တစ်ဦးမှာမူကား ခန့်ညားသော ဥပဓိရုပ်ရှိပြီးလျှင် အလွန်တရာမှ ထည်ဝါသော အသွင်ကို ဆောင်ယူထားရုံသာမက ခေါင်းပေါင်းစ တလူလူနှင့် ရှိနေ၏။

ပက်လက်ကြီး အိပ်လာသဖြင့် မွေ့ယူလာခဲ့ရသူမှာ သခင်ခကြီး ဖြစ်ပြီးလျှင် တုတ်ထောက်ကာ စောင်းငဲ့စောင်းငဲ့ဖြင့် နေးကွေးစွာဖြင့် တရွေ့ရွေ့ လျှောက်လာရသူမှာ သခင်ဖေမြွေး ပင် ဖြစ်၍ ခေါင်းပေါင်းစ တလူလူနှင့် ပုဂ္ဂိုလ်မှာကား ဗန္ဓုလဦးစိန် ပင် ဖြစ်ပေသည်။

(ခ) တန်း ချရှိထားသော အကျဉ်းသားများအား ထောင်ပြောင်းခြင်း၊ ရုံးထုတ်ခြင်း စသည်တို့ကို ပြုလုပ်သောအခါ ထောင်အပြင်သို့ ထုတ်ယူလာလျှင် အများအားဖြင့် လက်ထိပ် မခတ်ဘဲ ခေါ်ယူလေ့ ရှိပေသည်။ သို့သော် (ခ) တန်း အကျဉ်းသမားများအား လက်ထိပ် မခတ်ရဆိုသော ဥပဒေ အသေအချာ မရှိခဲ့ချေ။

သာမန်အချိန်များတွင် လက်ထိပ်ခတ်လေ့ မရှိသော်လည်း အချိန်အခါအားဖြင့် ထူးခြားပြီးလျှင် အန္တရာယ်ရှိသည်ဟူ၍ ယူဆသဖြင့် သက်ဆိုင်ရာ ရာဇဝတ်ဝန်ကြီးက အထူးမှတ်ချက် ရေးသားလိုက်လျှင် လက်ထိပ်ခတ်၍ ခေါ်ယူသွားရမည် ဖြစ်ပေသည်။

ထိုအချိန်သည် အင်္ဂလိပ် တော်လှန်ရေးအတွက် စည်းရုံးပြင်ဆင်နေသော အချိန်ကာလ ဖြစ်ပေသည်။ သို့ကြောင့် အင်းစိန်ထောင်မှ လူစုခွဲကာ ထောင်အသီးသီးသို့ ပြောင်းရွှေ့သောအခါတွင် လူပုဂ္ဂိုလ် လိုက်၍ မည်သူအား လက်ထိပ်နှင့် ခေါ်ရမည်ဆိုသော မှတ်ချက်ကို အင်းစိန်ရာဇဝတ်ဝန်ကြီးက ရေးသားပို့လိုက်၏။

သို့ဖြင့် သခင် ခကြီးအား လက်ထိပ်ခတ်ကာ ခေါ်ယူလေ၏။ သခင် ဖေမြွေးမှုကား ... ဒုက္ခိတ ဖြစ်သောကြောင့် လက်ထိပ် မခတ်ဘဲ အလွတ် ခေါ်ခဲ့၏။ သို့ကြောင့် သခင်



ခကြီးသည် လက်ထိပ်ခတ် မခံဟု ငြင်းဆန်နေ၏။ သို့သော် အမိန့်အရဟု ဆိုကာ အတင်းအကျပ် လက်ထိပ်ခတ်သောအခါ၌ သခင်ခက မလိုက်ဟုဆိုပြီးလျှင် လှဲအိပ်၍ ဆန္ဒပြသောကြောင့် မော်လမြိုင် ရထားပေါ်အရောက် မွေ့ယူခဲ့ရခြင်း ဖြစ်လေသည်။

သခင်ဖေမြွေးတို့ လူစုအား မော်လမြိုင် ထောင်သို့ ပြောင်းရွှေ့ခဲ့သည့် မြင်ကွင်းကား ထူးထူးခြားခြားနှင့် လူတွေ ဝိုင်းအုံကြည့်ရသည်ထိ ဖြစ်ခဲ့ပါ၏။

သခင်ဖေမြွေးသည် စစ်မှန်တိုင်းကြီး အောက်မှပင် မော်လမြိုင် ထောင်မှ လွတ်ခဲ့ရလေသည်။ သူ ထောင်မှ လွတ်ချိန်တွင် ဗမာပြည်အား ဂျပန်တို့ သိမ်းပိုက်တော့မည့် ဆဲဆဲ အချိန်ဖြစ်ပြီးလျှင် ...

မြို့တွေ၌ မှောင်ချထားသော အချိန်ဖြစ်ပေသည်။ သခင်ဖေမြွေးသည် မော်လမြိုင် ထောင်မှ လွတ်ခဲ့ပြီးနောက် ညောင်တုန်းမြို့သို့ ရောက်အောင် တစ်ယောက်တည်းပင် ပြန်လာခဲ့လေသည်"

**(သခင်မြသန်းရေး–နှစ်ကျွန်းပြန် စာအုပ်မှ)**

အမှန်မှာ မော်လမြိုင် ထောင်သို့ ပြောင်းရွှေ့ရစဉ်က ကျွန်တော်နှင့် တကွ သခင်ခကြီး၊ ဗန္ဓုလဦးစိန်၊ မန္တလေး ဦးဘသော်၊ ဝါးခယ်မ သခင်မောင်မောင် (သခင်နု ညီဝမ်းကွဲတော်သူ) နှင့် နိုင်ငံရေးနှင့် အဖမ်းခံနေရသော ဘုန်းကြီးသုံးပါးတို့အပြင် လာဘ်စားမှုနှင့် ထောင်ကျ ကိုမောင်လတ်၊ လူသတ်မှု အနှစ် ၂၀ သူကြီးတစ်ဦး၊ စုစုပေါင်း (၁၁) ယောက်တိတိ ဖြစ်ကြပါသည်။

၎င်း (၁၁) ယောက်အတွဲမှ ပထမဆုံး လွတ်သူမှာ ကျွန်တော်နှင့် ကိုလတ် ဆိုသူ ဖြစ်ပါသည်။

ကျွန်တော်သည် ညောင်တုန်းမြို့သို့ ရောက်လျှင်ရောက်ချင်း ကျောင်းသားခေါင်းဆောင် အချို့နှင့် ချိန်းဆိုပြီး ညောင်တုန်းမြို့နှင့် ၁၁ မိုင် ဝေးကွာသော ချောင်းကြီး ရွာကြီးတွင် ဂျပန်တော်လှန်ရေး လုပ်ငန်းများအတွက် စိတ်ချရသော လက်ရွေးစင် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



အချို့နှင့်တွေ့ဆုံဆွေးနွေးသင်တန်းပေးပြီး အင်းစိန်စစ်တမ်းပေါ် အခြေခံ၍ ဆွေးနွေးစည်းရုံးပေတော့သည်။

ထိုမှတစ်ဆက်တည်း မအူပင်မြို့သို့ရုတ်တရက်သွားပြီး သခင်လှမောင် (ရန်ကင်းစံရာ) သခင်ထွန်းရင် (ရန်ကင်းစံရာ) တို့နှင့် ညတွင်းချင်း တွေ့ပြီး ပုသိမ်ဘက်သို့ မထွက်ခွာမီ အင်းစိန်စစ်တမ်း သဘောထားကို ချပြီး ဆွေးနွေးတင်ပြပါသည်။

၎င်းနောက် ပုသိမ်ဘက်သို့ ထွက်ခွာသွားပြီး ပုသိမ်တွင် သခင်များနှင့် တွေ့လိုသူကို မတွေ့ခဲ့၍ ညောင်တုန်းမြို့သို့ အမြန်ပြန်လာခဲ့ပါသည်။

ညောင်တုန်းမြို့သို့ ပြန်ရောက်လျှင် ပြန်ရောက်ချင်းမှာပဲ ရန်ကင်းစံရာရွာရှိ သခင်အုန်းဖေ၊ သခင်ထွန်းအေး စသည့် သခင်များနှင့် ညောင်တုန်းကျောင်းသားသမဂ္ဂ ခေါင်းဆောင် မောင်မောင်ကြည်၊ မောင်ကြည်ကြီး၊ မောင်သန်းတင် စသော စိတ်ချရသော ရဲဘော်ရဲဘက်တွေနှင့် ဂျပန်တော်လှန်ရေးအတွက် စိုင်းပြင်း ဆွေးနွေးခြင်း၊ စည်းရုံးခြင်းလုပ်ငန်း စပါတော့သည်။

× × ×

အထူးမှတ်ချက်အနေနှင့် ကျွန်တော် တင်ပြလိုပါသည်။

အင်းစိန်စစ်တမ်းကို သခင်စိုး ရေး တင်ပြီး ထောင်လေးထဲမှ သခင်ရဲဘော်တော်များများက လက်ခံကြ၊ ထောက်ခံကြသည်က တစ်ကြောင်း၊ အပြင်မှာ အဖမ်း မခံရသေးဘဲ ရှောင်တိမ်း လျှို့ဝှက် ပုန်းအောင်းပြီး သွားလာနေကြသော အပြင်မှာရှိသည့် သခင်အတော်များများတို့သည် ဂျပန်အဆက်အသွယ်များထံမှ ငွေများ လက်ခံကြနှင့်ပြီး ဂျပန်ပြည်သွားရန်နှင့် ယိုးဒယားသွားရန် စိုင်းပြင်းနေကြကြောင်းတို့ကို ကြားသိရ၍ တစ်ကြောင်း၊ ဤအကြောင်းများကြောင့် သခင်စိုး ရေးတင်ပြထားသော "အင်းစိန်စစ်တမ်း" ကို မိတ္တူများ ပွားများပြီး လွတ်လူ သခင်အချို့နှင့်ရော၊ လွတ်လူ ရိုးရိုးအကျဉ်းသမားအချို့နှင့်ရော၊ ထောင်ကြပ်ဝါဒါထဲမှ လိုလား စိတ်ချရသူတချို့ကို စည်းရုံးပြီး ၎င်းအင်းစိန်စစ်တမ်း စာတမ်းကို အပြင်ရှိ သခင်အောင်ဆန်း၊ သခင်လှဖေနှင့် အပြင်ရှိ သခင်အဆက်အသွယ်များထံသို့ မရောက်ရောက်သည့်နည်းဖြင့် သခင်စိုးနှင့် သခင်သန်းထွန်းတို့ ကိုယ်တိုင်



ကိုယ်ကျ စီစဉ်ဆောင်ရွက်ပေးခဲ့နှင့်ပြီး ဖြစ်ကြောင်းကို ကျွန်တော့်အား သခင်စိုး ကိုယ်တိုင် ပြောပြ၍ သိခဲ့ရပါသည်။

ထို့ကြောင့် ဂျပန်ဖက်ဆစ်တို့အား ဗိုတ်ခေါ် ပူးပေါင်းသူ သခင်အများစုကြီးမှာ အင်းစိန်ထောင်ထဲမှ သခင်များ၏ သဘောထားနှင့် အင်းစိန်စစ်တမ်း သဘောထားကို လုံးဝ မသိကြ၍ မဟုတ်ဘဲ ၎င်းတို့၏ အတွေးအခေါ်နှင့် ၎င်းတို့၏ သဘောထား မှားယွင်းမှုအရ ဖက်ဆစ် ဂျပန်တို့အား ပူးပေါင်းမိလျက်သား ဖြစ်နေကြပေတော့သည်။

## ၁၉၃၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ

ကျွန်တော်သည် ၁၉၃၀–၃၁ ခုနှစ်လောက်တွင် နိုင်ငံရေး စိတ်ဝင်စား၍ အချိန်ပိုင်း လုပ်လာခဲ့ပြီးနောက် ညောင်တုန်းမြို့နယ်တွင် တို့ဗမာအစည်းအရုံးကို တည်ထောင်၍ သခင် အသင်းဝင် ဖြစ်ခဲ့သည်မှာ ၁၉၃၉ ခုနှစ် မတိုင်မီ ၁၉၃၇–၃၈ ခုနှစ်လောက်က ဖြစ်ခဲ့ပေသည်။

သို့ရာတွင် ၁၉၄၀ ခုနှစ်ထဲတွင် ပထမဆုံးအကြိမ် ထောင်ကျပြီး အင်းစိန်တွဲဖက် ထောင်လေးထဲရောက်မှပင် ၁၉၃၉ ခုနှစ်က ရန်ကုန်ရှိ တို့ဗမာအစည်းအရုံး ခေါင်းဆောင်ပိုင်းမှ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်ဗိုလ် (ညောင်တုန်း)၊ သခင်လှဖေ(ဖျာပုံ)တို့နှင့် ကျောင်းသားခေါင်းဆောင်များထဲမှ ကိုဗဟိန်း၊ မစ္စတာဂိုရှယ်တို့က ဦးဆောင်ကြလျက် အင်္ဂလိပ်အစိုးရ မသိအောင် လျှို့ဝှက်စွာ တိတ်တဆိတ် ဖွဲ့စည်း တည်ထောင်ခဲ့ကြသော ဗမာပြည် ကွန်မြူနစ်ပါတီတစ်ရပ် ရှိခဲ့ဖူးကြောင်း သိရတော့သည်။

ဤကဲ့သို့ ၁၉၃၉ ခုနှစ်က လျှို့ဝှက်စွာ တည်ထောင်ခဲ့သော ကွန်မြူနစ်ပါတီတွင် သခင်အောင်ဆန်းက အတွင်းရေးမှူး ဖြစ်သည်ဟု သိရသည်။

၎င်းကွန်မြူနစ်ပါတီမှ (မက်နီဖက်စတို) ကြေငြာစာတမ်း အမှတ်(၁)၊ အမှတ် (၂) တို့အထိ ထုတ်ဝေဖြန့်ချိခဲ့ဖူးသည်ဟု ကြားသိရဖူးသည်။

ကွန်မြူနစ်ပါတီတစ်ရပ်ကို လျှို့ဝှက်ပြီး ဤသို့တိတ်တဆိတ် ထူထောင်ခဲ့ရခြင်းအကြောင်းမှာ တို့ဗမာအစည်းအရုံးကြီး၏ သခင် ခေါင်းဆောင်များမှာ မာ့က္စ၊ အင်ဂျယ်၊ လီနင်စတာလင် ဝါဒီများချည်း မဟုတ်ကြဘဲ ဝါဒရေး အယူဝါဒဘက်ဆိုင်ရာမှာ တစ်ယောက်တစ်ပေါက်ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးဝါဒသမား၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒသမားများ၊ ဗမာပြည်နယ်ချဲ့လက်အောက်မှ လွတ်မြောက်လျှင် မင်းမျိုးမင်းနွယ် အနွယ်တော်ကြီးများကို မင်းမြှောက်သူကောင်းပြုလိုသူများ (မိုနာခီသမားများ) စသည်ဖြင့် လည်းကောင်း၊ ဖေဘီယံဝါဒသမားများအဖြစ် လည်းကောင်း ဤသို့ နိုင်ငံရေး၊ အယူဝါဒရေး ဆိုင်ရာတွင် တူညီမှု မရှိကြဘဲ ဗြိတိသျှနယ်ချဲ့သမား အင်္ဂလိပ်အစိုးရကို တိုက်ရန် တစ်စုတည်းသော ရည်ရွယ်ချက် (အမျိုးသားတော်လှန်ရေးလုပ်ငန်းတစ်ခုတည်းမှာသာ) တူညီနေကြသောကြောင့်သာ ဤအမျိုးသား တို့ဗမာအစည်းအရုံးကြီးထဲမှာ လာရောက်ပေါင်းစပ်မိနေကြခြင်းသာ ဖြစ်ပေတော့သည်။

ဤသို့ဖြင့် တို့ဗမာအစည်းအရုံး ဗဟိုဌာနချုပ်ကြီးအတွင်းမှာပင်ခေါင်းဆောင်ကြီးများ ဗဟိုအမှုဆောင်အဖွဲ့မှ လူကြီးများထဲမှာပင် သခင်စိုး၊ သခင်အောင်ဆန်း၊ သခင်ဗိုလ်နှင့် သခင်လှဖေတို့သည်ကား မာ့က္စဝါဒ၊ လီနင်ဝါဒကို အများဆုံး လေ့လာဆည်းပူးပြီး အများဆုံး လက်ခံ ကြိုက်နှစ်သက်နေကြသူများ ဖြစ်ကြပေသည်။

တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင်ဗိုလ်တို့နှင့် လူပုဂ္ဂိုလ်အရမှာလည်း နီးစပ်၊ အယူဝါဒချင်းမှာလည်း တူညီနေခဲ့ကြသော လက်ရှိ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုဘဟိန်းနှင့် မစ္စတာဂိုရှယ်တို့မှာလည်း ထိုအချိန်အခါက တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်ပိုင်းသို့ မရောက်ကြသေးသော်လည်း အလုပ် လုပ်ရာတို့တွင် အမြဲတမ်း ပူးတွဲ ပူးတွဲ ဖြစ်နေခဲ့ကြပါသည်။

ထိုအချိန်ကာလမှာကား အလုပ်သမားများအတွက်သော်လည်းကောင်း၊ လယ်သမား အရေးတော်ပုံများအတွက်သော်လည်းကောင်း၊ ကျောင်းသားအရေးတော်ပုံများအတွက်သော်လည်းကောင်း တို့ဗမာ အစည်းအရုံး ဌာနချုပ်ကြီးမှ ရှေ့ဆောင်ရှေ့ရွက်မှုပေးကြရာဝယ် လူတန်းစားတိုက်ပွဲ သဘောတရားရေးရာ အခန်းမှာ အားနည်းမှုတို့ကြောင့် အောင်မြင်မှုရရှိသင့်သလောက် မရရှိကြရဘဲ ပြိုကျပျက်စီးခဲ့ရခြင်းများ ရှိနေသည်ဟု ကွန်မြူနစ်ဝါဒသမားများ အပိုင်းက သုံးသပ် ဆင်ခြင်မိလာကြတော့သည်။

သို့ကြောင့် ကမ္ဘာ့ကွန်မြူနစ်ပါတီများတို့ဖြင့် တိတ်တဆိတ် အဆက်



အသွယ်ယူကာ ... အထူးသဖြင့် အိမ်နီးပါးချင်းနိုင်ငံ ဖြစ်သော အိန္ဒိယ ကွန်မြူနစ်ပါတီနှင့်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီနှင့် လျှို့ဝှက်စွာ ဆက်သွယ်မှုများယူခြင်း၊ ဗမာပြည်အတွက် နိုင်ငံရေး လှုပ်ရှားမှုကြီးများအတွက် လွတ်လပ်ရေးအတွက် လည်းကောင်း၊ သပိတ်တိုက်ပွဲများအတွက် လည်းကောင်း လူမျိုးရေးတိုက်ပွဲသာမက လူတန်းစားတိုက်ပွဲ အသွင်အပြင်များကိုပါ ဆင်နွှဲသွားကြရာတွင် အကူအညီ၊ အကြံဉာဏ်တောင်းယူခြင်း စသည်တို့ကို အကြောင်းရင်းခံပြီး ငါတို့ဗမာပြည်မှာ ကွန်မြူနစ်ပါတီတစ်ရပ် ထူထောင်တည်ဆောက်ရန် ရုပ် အခြေခံက တောင်းဆိုနေပြီ ဖြစ်ကြောင်းကို သခင်စိုး ကပင် စတင်၍တင်ပြခဲ့ပြီး သခင်အောင်ဆန်းကို ၎င်းတို့အများသဘောတူ အတွင်းရေးမှူး တာဝန်ပေးပြီး ၎င်းတို့က အမှုဆောင် (ဗဟိုကော်မတီလူကြီး)များအဖြစ်ဖြင့် ဆောင်ရွက်ဖွဲ့စည်းခဲ့ကြဖူးသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး၏ ပထမပိုင်းကာလ၌ ဖက်ဆစ်အရင်းရှင် နိုင်ငံများ ဖြစ်ကြသည့် ဂျပန်၊ အီတလီ၊ ဂျာမနီတို့က တစ်ဘက်၊ အရင်းရှင် ဒီမိုကရေစီ နိုင်ငံများဖြစ်သော အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့က တစ်ဘက် နယ်ချဲ့အရင်းရှင်ချင်း စားခွက်လုသည့် စစ်ပွဲကြီးအတွင်းမှာ ကိုယ့်တိုင်းပြည် လွတ်လပ်ရေးအတွက် ဘယ်စခန်းက ပါဝင်ဆင်နွှဲရမည် ဆိုသည့်အချက်ကို အတွက်အချက် မှားခဲ့သော သခင်အောင်ဆန်းနှင့် သခင်လှဖေ (ယခု လကျာ်ကုမ္ပဏီပိုင်ရှင် ဗိုလ်လကျာ် ဖြစ်သည်) တို့သည် ဒုတိယကမ္ဘာစစ်၏ ဒုတိယပိုင်းကာလ အပြောင်းအလဲကို ကမ္ဘာ့ကွန်မြူနစ် ထိပ်သီးခေါင်းဆောင်ကြီးများဖြစ်သော စတာလင်နှင့် တရုတ်ကွန်မြူနစ် မော်စီတုံးတို့၏ ရှုမြင်သုံးသပ်မှုမျိုးကို မမြင်ဘဲ အဲဒါနှင့် ဆန့်ကျင်ဘက် မြင်ကြပြီး လက်တွေ့အရ ဂျပန်ဖက်ဆစ်များထံမှ အဆက်အသွယ်ယူပြီး ဂျပန်ဖက်ဆစ်တို့နှင့် ယာယီ ပူးပေါင်းမိ၍ မှားခဲ့ကြရသည်။

ဤတွင် ၁၉၃၉ ခုနှစ်က လျှို့ဝှက်စွာဖွဲ့စည်းတည်ထောင်ခဲ့ကြသော ဗမာပြည်ကွန်မြူနစ်ပါတီသည် အလိုအလျောက်ပျက်စီးခြင်းသို့ ရောက်ရှိလေတော့သည်။

သို့ကြောင့်ပင်လျှင် ဗမာပြည်တွင်းသို့ ဂျပန်ဖက်ဆစ်များ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြသောအခါ ဗမာပြည်အနှံ့အပြားရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသမားများ လုံးဝ လွတ်မြောက်လာခဲ့ကြပေသည်။ သခင်စိုးသည် လည်း အင်းစိန်ထောင်မှ မြင်းခြံ၊ ၎င်းမြင်းခြံထောင် ရောက်မှ "မြင်းခြံ စစ်တမ်း" အမည်နှင့် အင်းစိန် စစ်တမ်းကို အခြေခံပြီး ပိုမိုပြည့်စုံသော စစ်တမ်းတစ်စောင်ကို ထပ်ရေးပြီး အပြင်ရှိ သခင်များ၊ ကျောင်းသားများထံ အရောက် ထုတ်ပေးနိုင်ခဲ့ပါသေးသည်ဟု ကြားသိရသည်။ ၎င်းမြင်းခြံ ထောင်မှ မန္တလေးထောင်သို့အရောက် မန္တလေးထောင်မှပင် သခင်စိုး လွတ် မြောက်လာခဲ့ပါတော့သည်။

ထိုအချိန်အခါဝယ် ကျွန်တော်သည် ဂျပန်ဖက်ဆစ်တို့ကို တော် လှန်ရန် လျှို့ဝှက်ပြင်ဆင်မှုများအတွက် လျှို့ဝှက်စည်းရုံးရေးများ တိတ် တဆိတ် လုပ်နေစဉ် တစ်နေ့မှာ စက်ဘီးနှစ်စီးဖြင့် သခင်တင်မြနှင့် သခင် ဗတင် (ယခု မုတ္တမကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ) တို့ ရောက်လာကြပါ သည်။

"သခင်ဖေမြွေး ... သခင်စိုးကြီး ထောင်က လွတ်လာပြီ ကြားတယ်" "ဟုတ်လား ... ဘယ်ထောင်က ... လွတ်သလဲ၊ ခု ဘယ်မှာလဲ" "အဲဒါ ကျွန်တော်တို့ သွားရှာပြီး ခေါ်ခဲ့မလို့ပေါ့ ... မန္တလေးထောင်က လွတ်တယ် လို့ ကြားတာပဲ" ဟု သခင်တင်မြနှင့် ကျွန်တော်တို့ အပြန်အလှန် ပြော ကြပြီး၊ ကျွန်တော်၏ ကြိုတင်ပြင်ဆင်မှုများ လုပ်နေပြီ ဆိုသည့် သတင်း များကို သခင်ထွန်းမြ အား ပြောပြလိုက်ပါသည်။

ကျွန်တော်၏အိမ်တွင် သခင်တင်မြနှင့် သခင်ဗတင် တို့ နံနက်စာ ထမင်းစားကြပြီး ခရီးဆက် ထွက်ခွာသွားကြပါသည်။

ထိုနောက် သခင်တင်မြနှင့် သခင်စိုးတို့တွေ့၍ သခင်စိုး လျှို့ဝှက် ခွာ သွားလာပြီး သခင်တင်မြ၏ဇနီးရွာ ဖြစ်သော ဓနုဖြူမြို့ တစ်ဘက် ကမ်းရှိ လက်ဆွဲချောင်း ကျေးရွာလေးရှိ သခင်တင်မြ ယောက္ခမကြီးအိမ် တွင် ခေတ္တတည်းခိုလျှို့ဝှက်နေပြီးနောက် မြစ်ဝကျွန်းပေါ်အတွင်းရှိ ကျေးရွာ များအတွင်းမှာပင် လျှို့ဝှက်ခွာ သွားလာနေထိုင် စည်းရုံးပြီး ၁၉၄၂ ခုနှစ် ထဲမှာ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကို ဖွဲ့စည်း တည်ထောင်လိုက်ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် သခင်စိုး က ဦးဆောင်သွားကြောင်း သိရ ပါသည်။



## ဘီအိုင်အေခေတ်

"ဟော့ ... သခင်ဖေမြွေး၊ မအူပင်မှာ ခေါင်းရှည်လှမောင် တို့တော့ ခြောက်လုံးပြူးနှစ်လက် ခါးကြား ထိုးပြီး မအူပင်မြို့ထဲမှာ မော်တော်ကား တဝီဝီနဲ့ ဟိုရုံး ဝင်လိုက်၊ သည်ရုံးထွက်လိုက်နဲ့ အလုပ်တွေ သိပ်များ နေတယ် ဆိုပဲကွ" ဟု သခင်အုန်းဖေ၊ သခင်ထွန်းရင် (ရန်ကင်းစံရာ) တို့က ကျွန်တော့်အိမ် လာရောက်ပြီး အားရဝမ်းသာဖြင့် ပြောပြနေပါသည်။

ရန်ကင်းစံရာရွာ သခင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဆရာတော် ဘုန်းကြီးက ခေါ်တွေ့သဖြင့် ကျွန်တော်သည် ရန်ကင်းစံရာရွာဘက်သို့ သမ္ဗန်ဖြင့်ကူးပြီး သခင် ဘုန်းကြီးကျောင်းပေါ်တွင် တွေ့ဆုံရာတွင် ရန်ကင်း စံရာ သခင်ခေါင်းဆောင်များနှင့် ဘီ၊ အိုင်၊ အေ ခေတ်မှာ ဘယ်လို သေနင်္ဂ ဗျူဟာနှင့် ဘယ်လို နည်းပရိယာယ်တို့အရ ဆက်လက် ချီတက်ကြမည် နည်း (ငါတို့ဘာလုပ်ကြမည်နည်း) ဟူသည်တို့ ဖြစ်သည်။

အကြောင်းသော်ကား မနေ့က ဗိုလ်ရန်နိုင် ဦးစီးရှေ့ဆောင်၍လာ သော ဘီ၊ အိုင်၊ အေ တပ်မတော်သားများ မအူပင်မြို့ကို သိမ်းလိုက်ကြပြီ ဖြစ်ကြောင်း၊ ၎င်း ဘီအိုင်အေ တပ်မတော်တွင် ဗိုလ်ရန်နိုင်အပြင် ဂျပန် စစ်ဗိုလ်ကြီးနှစ်ဦးလည်း ပါဝင်ကြောင်း၊ စစ်သားများကတော့ ထားဝယ်သား မြန်မာစစ်သားတွေသာ ဖြစ်ကြောင်း။ မအူပင်မြို့ပေါ်ရှိ အရာရှိဟောင်းကြီး အချို့နှင့် သခင်အုန်းဖေ (မအူပင်)၊ သခင်ထွေး (မအူပင်)၊ သခင်သန်းလေး (မအူပင်)၊ သခင်အောင်သင်း (မြောင်းမြ)၊ သခင်လှမောင် (ရန်ကင်းစံရာ) သခင်များနှင့် အင်္ဂလိပ် အစိုးရ အရာရှိအချို့နှင့် ပူးတွဲပြီး ၁၀ ဦး၊ ကော်မတီ ဖွဲ့ပေးပြီး ယာယီအုပ်ချုပ်ရေး အဖွဲ့သစ်ကို ဗိုလ်ရန်နိုင် က လက်နက်တွေ အားလုံးသိမ်းပြီးမှ အုပ်ချုပ်ရေးအဖွဲ့သစ် ပြန်ဖွဲ့ပေး၍ အာဏာလွှဲအပ်ပြီး နောက်တစ်နေ့ ညောင်တုန်းမြို့ကို ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း သခင် လှမောင်နှင့် သခင်ထွန်းရင်တို့ဆီမှ သတင်းပို့ခိုင်းလိုက်သူ သခင်လူငယ် တစ်ဦးမှာ စက်ဘီးတစ်စီးဖြင့် မောကြီးပန်းကြီး ခရီးရောက်မဆိုက် ကျွန်တော့် ဆွေးနွေးတိုင်ပင်ရန် သတင်းကြားရန်အတွက် ရန်ကင်းစံရာရွာ သခင်အဖွဲ့ ခေါင်းဆောင် ဘုန်းကြီး က အခေါ်လွှတ်ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဥက္ကဋ္ဌ ဆရာတော်နှင့် ရန်ကင်းစံရာမှ အမှုဆောင် အဖွဲ့ဝင် သခင်လူငယ်တွေကို လေးစားယုံကြည်သည်။ ထို့ကြောင့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သိရှိလာသော "အင်းစိန် စစ်တမ်း" သဘောတရားရေးရာ အသိမှာ ဂျပန်ဖက်ဆစ်များကို ခေါင်းဆောင်လာသော ဗိုလ်ရန်နိုင် ကို ကျွန်တော်တို့ တွေ့ရန်လည်း မဟုတ်၊ ကြုံဆိုရန်လည်း မဟုတ်၊ ဘီအိုင်အေ ရာထူးယူရန်လည်း မဟုတ်ဘဲ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို မြေအောက်ဆင်း လုပ်သွားဖို့ပဲရှိတယ်ဟု ရှင်းရှင်းဆွေးနွေးခဲ့ပြီး အိမ်ပြန်လာသည်။

ကျွန်တော် မော်လမြိုင်ထောင်မှ လွတ်လျှင်လွတ်ချင်း ကျောင်းသားခေါင်းဆောင် အချို့နှင့် ရန်ကင်းစံရာမှ သခင်အချို့ကို ကျွန်တော် စိတ်ကြိုက်လက်ရွေးစင် လူကဲခတ်ကြည့်ပြီးမှ လျှို့ဝှက်စွာ ဆွေးနွေး၍ အမြန် ကလာပ်စည်းတစ်ခု ဖွဲ့စည်းထားခဲ့ပါသည်။

ကျွန်တော်တို့ ညောင်တုန်းမြို့ပေါ်ရှိ သခင်တွေကိုတော့ ရှင်းရှင်းပြောရလျှင် ကျွန်တော် သိပ် စိတ်မချရဘူးဟု ယူဆ၍ ဂျပန်တော်လှန်ရေးလုပ်ငန်းများအတွက် သခင်ချမ်း၊ သခင်ချစ်၊ သခင်သန်းမောင် တို့ လူစုကို အသိမပေးခဲ့ပါချေ။

ဤအချိန်က တစ်ပြည်လုံးရှိ သခင်တွေနှင့် လူထုတွေမှာ အင်္ဂလိပ်အစိုးရကို မုန်းတီးစိတ်ဓာတ်ကြောင့် ဂျပန်တို့ကို ဘာမှန်း ညာမှန်း မသိဘဲ ဂျပန်ကို အထင်ကြီးနေကြသည်က တစ်ကြောင်း၊ တို့ဗမာ သခင်ခေါင်းဆောင်ကြီးများတို့ကလည်း ဂျပန်တွေနှင့် ပူးပေါင်းပြီး အင်္ဂလိပ်တိုက်ဖို့ဝင်လာပြီဟု အားရဝမ်းသာ ဖြစ်နေကြပြီး ဘီအိုင်အေတွေကို ပန်းကုံးစွပ်ကြိုဆိုကြရန် အခွင့်အရေး တောင်းခံကြရန်၊ အုပ်ချုပ်ရေးအာဏာကို ရရာနေရာမှ အရအမိယူကြရန် ပြူးပြူးပျာပျာ ဖြစ်နေကြသော အချိန်အခါမျိုး ဖြစ်နေလေရာ ကျွန်တော်သည် အတော်ပင် အကျပ်အတည်းဖြစ်ပြီး ဘယ်သူ့ကို ယုံရမှန်း မသိအောင်၊ ဘယ်သူတွေနှင့် ဘယ်လို စပြီး ဘယ်လို လုပ်ရမှန်း မသိအောင် အခက်အခဲနှင့် ရင်ဆိုင်နေခဲ့ရတော့သည်မှာ အမှန်ပင်။

ကျောင်းသားထဲမှလည်း လက်ရှိ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များ ဖြစ်ကြသော မောင်မောင်ကြည်၊ မောင်ကြည်ကြီး (ဗိုလ်ကြည်)၊ မောင်သန်းတင်၊ မောင်လှရှင်တို့လောက်နှင့် ရန်ကင်းစံရာ သခင်အမှုဆောင်အချို့ဖြင့် ပေါင်း လူ ၁၀ ယောက်ခန့်သာ စိတ်ချ ယုံကြည်မှုယူပြီး ကျွန်တော်နားလည် ခံယူလာခဲ့သော အင်းစိန် စစ်တမ်း သဘောထားကို ဤမျှလောက်သာ အသိပေး ဆွေးနွေးဝံ့ပါတော့သည်။



ကျောင်းသားဟောင်းများ၊ သမဂ္ဂ အဖွဲ့ဝင်ဟောင်းများ အဖွဲ့မှလည်း ကိုချန်ထွန်း၊ မောင်ထွန်းမောင်၊ မောင်သန်း၊ မောင်ပွကြီးခေါ် မောင်တင်အောင်၊ မောင်ခင်မောင်လတ် စသည်တို့ လူစုကလည်း စာကြည့်တိုက်အသင်းတစ်ခု ထူထောင်လိုက်ပြီး လှုပ်ရှားမှု တစ်ခုခု ပေးရန် ဟန်ရေးပြင်လာသည်ကို ကျွန်တော်တို့လူစုက အကဲခတ်မိပါသည်။

သို့သော် ... ၎င်းတို့ ကျောင်းသားဟောင်း သမဂ္ဂအဖွဲ့ဟောင်းမှာ အခုလက်ရှိ ကျွန်တော်တို့နှင့်အတူ ပူးတွဲနေကြသည့် မောင်မောင်ကြည်၊ မောင်လှရှင်၊ ဗိုလ်ကြည်ကြီး၊ မောင်သန်းတင်တို့ စသော လက်ရှိ ကျောင်းသားသမဂ္ဂ အမှုဆောင်များနှင့် လူချင်း ပုဂ္ဂိုလ်အရ ချစ်ခင်ရင်းနှီးမှု၊ ဆက်ဆံမှုတွေ ရှိနေကြ၍ ၎င်းတို့မှာ ဘယ်လိုမှန်း မသိရသေး၊ စိတ်မချရသေး ဖြစ်နေစေကာမူ အန္တရာယ်ပေးမည့်သူများ မဟုတ်ကြကြောင်းကို သိရသဖြင့် ၎င်းတို့ကို မဟာမိတ် သဘောထားပြီးလျှင် တစ်စ တစ်စ တဖြည်းဖြည်းမှ အသိပေးပြီး ဂျပန်တော်လှန်ရေး (ဂျပန်တော်လှန်ရေး ဖက်ဆစ်စနစ်တိုက်ဖျက်ရေး) လုပ်ငန်းစဉ်တို့ကို ပညာပေး စည်းရုံးသိမ်းသွင်းသွားရန် ဆုံးဖြတ်ခဲ့သည်။

မြို့ပေါ်တွင်ကား သူ့အုပ်စုနှင့်သူ ဆိုသကဲ့သို့ ကျွန်တော်ကလည်း တစ်အုပ်စု၊ ကိုချန်ထွန်းတို့ကလည်း တစ်အုပ်စု၊ ဦးလှသွင် (မင်းတိုင်ပင်အမတ်၊ မြေပိုင်ရှင်) တို့ကလည်း တစ်အုပ်စု၊ ဂျပန်တော်လှန်ရေး ကိစ္စကိုလုံးဝ အသိမပေးဘဲ ချန်ထားခဲ့ရသော သခင်အချို့ကလည်း ဟိုတစ်စုသည်တစ်စုဖြင့် အစုကလေးမှာ နေ့ချင်း ညချင်း ဆိုသလို စုစု စုစု လှုပ်လှုပ်ရှားရှား တရှုရှု ဖြစ်နေကြပါသည်။

နောက်တစ်နေ့ နေ့လယ်ဘက်လောက်တွင် အမြောက်ကလေးပစ်သံနှင့် စက်သေနတ်ပစ်သံများ မြစ်ဘက်မှ ကြားရပြီး ကောင်းကင်မှလည်း အင်္ဂလိပ်လေယာဉ်ပျံ တစ်စင်း အမြင့်မှနေပြီး စက်သေနတ်နှင့် အဝေးမှ လှမ်းပစ်ခတ်သံများကို ကြားရသည်။

ဗိုလ်ရန်နိုင်၊ ဂျပန်စစ်ဗိုလ် ၂ ဦး၊ ပေါင်း စစ်ဗိုလ်ကြီး သုံးဦးတို့ ရှေ့ဆောင်သော ဘီ–အိုင်–အေ တပ်မတော် သင်္ဘော မော်တော်က ကြွေ့ကြီး စက်လှေကြီးများဖြင့် လူပေါင်း အတော်များများဖြင့် ညောင်တုန်းမြို့ ဈေးဆိပ်ကမ်း၌ ဆိုက်ကပ်လေပြီ။

www.burmeseclassic.com



အရာရှိဟောင်းများအဖွဲ့မှ ကြိုဆိုကြပြီး၊ အင်္ဂလိပ် အစိုးရ ပြေးကြပြီ ဖြစ်၍ စပ်ကူးမပ်ကူး ကာလတွင်းမှာ လုယက်မှု၊ ခိုးမှု၊ မီးရှို့မှု စသော လူဆိုးများရန်ကို ကာကွယ်ရန်အတွက် မြို့မိမြို့ဖများ အနေဖြင့် ကော်မတီ ဖွဲ့ပြီး ယာယီ ထိန်းသိမ်းထားပါသည်။ ခုခံစစ်တိုက်မည့်သူ မရှိပါဟု ဗိုလ်ရန်နိုင်ထံသို့ အရာရှိဟောင်းများက ကြိုဆို စကားကမ်းလှမ်း မိတ်ဆက် ကြပြီး မင်းတိုင်ပင် အမတ်ဟောင်း ဦးလှသွင် တိုက်တွင် စကားပြောကြ ပါသည်။

ဤအချိန်အထိ ကျွန်တော်သည် အိမ်မှာပင် တည်ငြိမ်စွာ စဉ်းစား ရင်း ထိုင်နေပါသည်။

မကြာမီ သခင်အောင်သင်း (မအူပင်မြို့နယ်နှင့်ခရိုင်အတွက် ဘီအိုင်အေအစိုးရ၏စစ်ဘက်တာဝန်ခံ)၊ သခင်ထွန်းရ (ရန်ကင်းစံရာမှ မအူပင်မှာ သွားရောက်နေသူ) နှင့် တို့ဗမာ အစည်းအရုံး ဌာနချုပ်မှ သခင် ဗတင် (ယခု မုတ္တမ ကုမ္ပဏီ)၊ ခနေဖြူ သခင်တင်မြ တို့က ကျွန်တော့်အား ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးမှူး တာဝန်ယူရန် ယာယီ ဘီအိုင်အေ အစိုးရ၏ ၁၀ ဦး ကော်မတီ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင် လက်ခံရန် လာ ရောက် ဆွေးနွေးကြပါသည်။

ညောင်တုန်းမြို့နယ် အခြေအနေမှာ တို့ဗမာ အစည်းအရုံးမှ ဥက္ကဋ္ဌ သခင်ဗဖြူ မှာ အဖမ်းခံသွားရာ ထောင်ထဲမှ ပြန်၍ မရောက်သေးသဖြင့် တစ်ကြောင်း၊ သခင်အဖွဲ့ထဲမှလည်း အတွင်းရေးမှူး ဖြစ်နေသူ ကျွန်တော်မှ လွဲ၍ ရှေ့ရေးလုပ်ငန်း ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများအတွက် စိတ်မချ ရသည့် အခြား သခင်တစ်ဦးဦး အုပ်ချုပ်ရေးမှူး ဖြစ်သွားခဲ့လျှင် လည်း ကောင်း၊ သို့မဟုတ် အရာရှိဟောင်းထဲမှ အုပ်ချုပ်ရေးမှူး တက်ဖြစ်သွား လျှင်လည်း ငါတို့ ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်ရှိသော သခင်တွေအတွက် အခက်ရှိလိမ့်မည် ဟူ၍ လည်းကောင်း ...။

"အခု ယာယီ ဘီအိုင်အေ အစိုးရ ဖွဲ့စည်းပုံက သခင်ခေါင်းဆောင် အချို့ရယ်၊ ကျောင်းသားခေါင်းဆောင် အချို့ရယ်၊ အရာရှိဟောင်းထဲမှ ဗြူရိုကရက် မဆန်ဘဲ သဘောကောင်းတဲ့ အရာရှိဟောင်း အချို့ရယ်တို့ကို စုပြီး ၁၀ ဦး ကော်မတီအဖြစ် ဖွဲ့ပေးခဲ့တာပဲကွာ ... မအူပင်မှာလည်း



သခင်အုံးဖေကြီးတို့၊ သခင်ထွေးတို့၊ သခင်သန်းလေးတို့နှင့် အရာရှိဟောင်း တချို့ ရောနှောပြီး ၁၀ ဦး ကော်မတီအဖြစ်နှင့် ကိုင်နိုင်းခဲ့တာပဲ"

"ဒါကြောင့် အခု ဗိုလ်ရန်နိုင်နဲ့ သခင်အောင်သန်းတို့က သခင်ဗဖြူ ဇနီး၊ သခင်မကြီး ဒေါ်အေးကြည် အိမ်မှာ ခေတ္တ ဆွေးနွေးပြီးပြီ ..." ကိုထွန်းရင် က ဆက်ပြောသည်မှာ "အုပ်ချုပ်ရေးမှူးနေရာရယ်၊ ကာကွယ်ရေးမှူး နေရာ ရယ်၊ ဒီနှစ်နေရာက အရေးကြီးတဲ့အတွက် သခင်ထဲက ထိပ်တန်းခေါင်း ဆောင်တစ်ဦး ဖြစ်ရမယ် ... ဒီတော့ သခင်ဖေမြေးပဲ လုပ်သင့်တယ်လို့ မြင်ကြတယ်။ ကျောင်းသားထဲကလည်း လူကြီးများနှင့် ခန့်ခန့်ညားညား ဝင်ဆံ့နိုင်မယ့် ကျောင်းသားခေါင်းဆောင်ထဲကဆိုတော့ ဗိုလ်ကြည်ကြီးကို မြင်ကြတယ်။ ကျွန်တော်တို့လည်း ခေါင်းရှုပ်နေပြီဗျာ" ဟု ကျွန်တော့်အား လာတွေ့သော လုပ်ဖော်လုပ်ဖက် သခင်ကြီးတွေက ကျွန်တော့်အား နားချ နေကြပါလေပြီ။

"ဒီည ဗိုလ်ရန်နိုင် မအိပ်မီ ညောင်တုန်းမြို့နယ်အတွက် အုပ်ချုပ်ရေး အဖွဲ့ ၁၀ ဦး ကော်မတီ စာရင်း အပြီးလုပ်ကြရလိမ့်မယ်၊ ဒီတော့ သခင် ဖေမြေး ... ယာယီပဲဗျာ ... အုပ်ချုပ်ရေးမှူးဌာနကို ခင်ဗျား လက်ခံစမ်းပါ၊ ခင်ဗျား လုပ်ချင်တဲ့ ဂျပန်တော်လှန်ရေးကြီးက အခုလက်နက်နဲ့ အခု ထချ လို့ ရသေးတာလည်း မဟုတ်တော့ ... ခင်ဗျား အုပ်ချုပ်ရေးမှူး လုပ်ရင်းဖြင့် သေနတ် လက်နက် ခဲယမ်းမီးကျောက်များရော ကျုပ်တို့ လိုအပ်တဲ့ပစ္စည်း တွေအတွက် ပြင်ဆင်နိုင်တာပေါ့ဗျာ ... ကောင်းတာ စပိုင် သဘောပေါ့၊ ဒီအစိုးရအဖွဲ့ထဲ ဝင်ပြီး ဒီအစိုးရဆန့်ကျင်ရေး (ဂျပန်ဆန့်ကျင်ရေး) ကို လျှို့ဝှက်ရေးကျကျ လုပ်သွားဖို့ပဲ" ဟု ဖိုးထွန်းရင်နှင့် သခင်မိတ်ဆွေ များ၏ ဆွေးနွေးချက်ကြောင့် တွေဝေမှုးနောက်နောက် ဖြစ်လာပြီး ဘာ ဆုံးဖြတ်ရမှန်း မသိအောင် ကျွန်တော့်မှာ ဖြစ်နေသည်။ ညဦးပိုင်းကတည်းက လာကြ၊ ဆွေးနွေးကြ၊ ထွက်သွားလိုက်ကြ၊ ပြန်လာပြီး ဆွေးနွေးလိုက်ကြ နှင့် ည ၁၂ နာရီ၊ နာရီပြန် ၁ ချက်တီး အထိပင် ဖြစ်ပေသည်။

နောက်ဆုံးတွင် ကျွန်တော်သည် ဖိုးထွန်းရင် (သခင်ထွန်းရင် ရန်ကင်းစံရာ) ၏ ဆွေးနွေးချက်ကို သဘောတူ လက်ခံလိုက်ပါသည်။

သခင်အောင်သင်း၊ သခင်ဗတင်၊ သခင်တင်မြ၊ သခင်ထွန်းရင် တို့၏ အကြံပေး တင်ပြချက်အရ ဗိုလ်ရန်နိုင်က သဘောတူ လက်ခံပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် နောက်တစ်နေ့ နံနက်ပိုင်းတွင် မြို့ပေါ်သို့ မောင်းခတ်ကြေညာပြီး ဗိုလ်ရန်နိုင်က ဤမြို့ကို အာဏာသိမ်း အုပ်ချုပ်လိုက်ပြီ ဖြစ်ကြောင်း၊ နံနက် ၉ နာရီတွင် ဟိုက်စကူး ကျောင်းကြီးပေါ်တွင် မြို့လုံးကျွတ် အစည်းအဝေးရှိကြောင်း၊ ထိုအစည်းအဝေးကြီးမှ မြို့ပေါ်ရှိ မြို့မိမြို့ဘ ထဲမှ ၁၀ ဦး ကော်မတီကို ရွေးချယ်ပြီး ယာယီ ဘီအိုင်အေ အစိုးရအဖြစ် ဗိုလ်ရန်နိုင်က အာဏာ အပ်နှင်းခဲ့မည် ဖြစ်ကြောင်း၊ မိမိတို့တွင် ရှိနေသော လိုင်စင်ရှိ သေနတ်လက်နက်များကို လည်းကောင်း၊ လိုင်စင်မဲ့ သေနတ်လက်နက်များကို လည်းကောင်း တစ်ပါတည်း ယူလာပြီး အပ်နှံရမည် ဖြစ်ကြောင်း၊ လက်နက်များကို လိုင်စင်သစ် လုပ်ပြီး ပြန်ပေးမည် ဖြစ်ကြောင်း၊ လျှို့ဝှက် ထိမ်ချန်ထားသူများကို ကြီးလေးသော အပြစ်ပေးမည် ဖြစ်ကြောင်း ... စသည့် ကြေညာချက်ကို မောင်းသမားများကို တစ်မြို့လုံး အနှံ့အပြား လိုက်ပြီး မောင်းကြေညာရန် ခိုင်းထားပြီးပါပြီ။

ဟိုက်စကူးကျောင်းကြီးပေါ်တွင် မြို့မိမြို့ဘ လူထုကြီး တစ်ထောင်ကျော် ရောက်နေကြပါပြီ။

ထိပ်ဆုံးတန်းမှာ ဗိုလ်ရန်နိုင်နှင့် ဂျပန် စစ်ဗိုလ်ကြီးများ မအူပင်က ပါလာသော အုပ်ချုပ်ရေး ဘီအိုင်အေ အရာရှိအချို့ ပေါင်း ၁၀ ဦးခန့် စီတန်းပြီး ကုလားထိုင်ကြီးများဖြင့် ထိုင်နေကြပါသည်။

ပရိသတ် မြို့မိမြို့ဘ လူကြီးများနှင့် ဗိုလ်ရန်နိုင်တို့အကြား ဘေးတစ်ဆက်တွင် လူ မရှိသော ကုလားထိုင်ကြီး ၁၀ လုံး အသင့်ချထားပါသည်။

အချိန်စေ့သောအခါ ဗိုလ်ရန်နိုင်နှင့် ဂျပန်စစ်ဗိုလ်များမှာ တရားဟောပြီးပြီးချင်း ပြန်သွားကြပြီး မအူပင်မှ ရောက်နေသော ဘီအိုင်အေ အစိုးရအဖွဲ့ဝင် လူကြီးများက ဗိုလ်ရန်နိုင် ပေးခဲ့သော ချိပ်ပိတ်ထားသည့် စာအိတ်ကြီးကို ဖွင့်ဖောက်ပြီး ဖတ်ပြကြေညာလိုက်ပါသည်။

ယာယီ ဘီအိုင်အေ အစိုးရ ၁၀ ဦး ကော်မတီအဖွဲ့။

၁။ ဥက္ကဋ္ဌ (အုပ်ချုပ်ရေးမှူး) သခင်ဖေမြွေး၊ တို့ဗမာအစည်းအရုံး။

၂။ ကာကွယ်ရေးဌာန။ ပထမ ဗိုလ်ကြည်၊ ကျောင်းသားသမဂ္ဂ တပ်ဖွဲ့။



၃။ ပုလိပ်ကာကွယ်ရေး။ ဒုတိယ ဦးမောင်ကြီး၊ ပုလိပ်အရာရှိဟောင်း။

၄။ တရားမ တရားဌာန။ ဦးကျော်ဆင့် (ဘီအေဘီအယ်လ်)

၅။ ရာဇဝတ်တရားဌာန။ ဦးအွေး (နယ်ပိုင်ဝန်ထောက်ဟောင်း)

၆။ ဘဏ္ဍာရေးဌာန တာဝန်ခံ။ ဦးကျော် (အိုင်စီအက်စ်)

၇။ စုဆောင်းထောက်ပံ့ရေးဌာန။ ဦးဘိုးဝန် (ပညာဝန်ထောက်ဟောင်း)

၈။ ဝါဒဖြန့်ချိရေးဌာန။ သခင်ချမ်း (တို့ဗမာအစည်းအရုံး)

၉။ ပစ္စည်းထိန်းသိမ်းရေးဌာန။ ဦးစံသိန်း (ဘီအေဘီအယ်လ်)

၁၀။ လမ်းပန်းဆက်သွယ်ရေး။ ဦးဘိုးရင် (မန္တလေး သစ်ဆိုင်)

ဤသို့ လူကြီး ၁၀ ဦး၏ အမည်ကို ကြေညာပြီးလျှင် ကုလားထိုင်လွတ် ၁၀ လုံး ချထားသော နေရာသို့ ကျွန်တော်တို့ ၁၀ ဦး ပရိသတ်ထဲမှ ထပြီး ၁၀ ဦး ကော်မတီအတွက် ပြင်ဆင်ထားသော ကုလားထိုင်ပေါ်တွင် သွား၍ထိုင်ရသည်။

ဤသို့ဖြင့် ကျွန်တော်သည် မရှယ်ဘဲနှင့် ဇော်ကဲ မင်းဖြစ် ဆိုသလို ဘီအိုင်အေ အစိုးရခေတ်၏ အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌကြီး ဖြစ်ခဲ့ရပါသည်။

ကျွန်တော် အိမ်ပြန်လာသောအချိန်တွင် အသွားတုန်းကလို ဆိုက်ကားလေးနှင့် မဟုတ်တော့ပါ။ မော်တော်ကားနှင့် ဖြစ်နေပါသည်။ ရိုင်ဖယ်သေနတ်များ၊ တစ်လုံးပြူး သေနတ်များ၊ နှစ်လုံးပြူး သေနတ်များ၊ ခြောက်လုံးပြူး သေနတ်များ၊ ကျည်ဆန် အမျိုးမျိုးများ၊ တောင်းကြီး တောင်းငယ်နှင့် ကျည်ဆန်တွေထည့်ပြီး သေနတ်တွေကတော့ ထင်းချောင်းများလို စုစည်းပြီး မော်တော်ကားနှင့် တင်ဆောင်၍ အိမ်သို့ ခေတ္တ ယူခဲ့ရပါသည်။

မြူနီစီပယ် ရုံးကြီးအောက်တွင် လက်နက် သိမ်းဆည်း လက်ခံပြီးနောက်၊ ပုလိပ်ဘက်ဌာနအတွက် ဦးမောင်မောင်ကြီး လက်ခံယူသွားခြင်း၊ ဘီအိုင်အေ စစ်ဘက်အတွက် ဗိုလ်ကြည်ကြီး လက်မှတ်ထိုး ယူသွားခြင်းတို့ ပြီးသည့်နောက် လိုင်စင်သေနတ်များအတွက် စာရင်းနှင့် လက်ခံပြီး အုပ်ချုပ်ရေးမှူးက ခေတ္တ သိမ်းဆည်းထားလိုက်ရခြင်း ဖြစ်သည်။

နောက်ရက်များတွင်မှာ တဖြည်းဖြည်း လိုင်စင်သစ်ဖြင့် ပြန်ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



များကို ပြန်ထုတ်ပေးရန် ဖြစ်သည်။ သို့ရာတွင် အုပ်ချုပ်ရေးမှူးက ထုတ်ပေးသင့်သည်ဟု ယူဆမှ မိမိတို့ လိုင်စင်သေနတ်များ ပြန်ကိုင်ရခြင်း ဖြစ်သည်။

ဤသို့ စာရင်းဝင်၊ တရားဝင် လာရောက်အပ်ကြရသော သေနတ်များကိုကား ကျွန်တော်တို့က မဖျောက်ဖျက် မသိမ်းဝှက်နိုင်ကြသော်လည်း မထင်မရှား လက်နက်ပုန်းများကို လာအပ်၍ ရသည်ပင်ဖြစ်စေ၊ ဤလို စာရင်းဖျောက်၍ ရနိုင်သော အခြေအနေရှိသည့် သေနတ်လက်နက်၊ ကျည်ဆန် ခဲယမ်းမီးကျောက်များကို ကျွန်တော်နှင့် ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက် ဖွဲ့စည်းထားသော (ယူနစ်) အဖွဲ့မှ လျှို့ဝှက် သိမ်းဆည်းထားလိုက်ကြပါတော့သည်။

## ညောင်တုန်းမြို့နယ် တို့ဗမာ အစည်းအရုံးသစ် ပြန်လည်ဖွဲ့စည်းခြင်း

ကျွန်တော်၏ စိတ်ချယုံကြည်ရသော ကျောင်းသားတို့၏ အကြံပေးချက်အရ စာသင်ကျောင်းများလည်း ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်ရပြီဖြစ်၍ ညောင်တုန်းမြို့ ဟိုက်စကူး ကျောင်းကြီးမှာလည်း ဘီအိုင်အေ စစ်သားများနေရာ စစ်သားစုဆောင်းရေးဌာနကြီး ဖြစ်သွားရရှာလေသည်။

ကလေးတွေ ကျောင်းသားတွေအတွက် စားပွဲများ၊ ထိုင်ခုံများလည်း တဖြည်းဖြည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါပြီ။ ကျောင်းဆရာကြီး ရုံးခန်းထဲမှ နာရီကြီးနှင့် စာအုပ်စာတမ်းများ စားပွဲကြီးများ၊ ကျောင်းပစ္စည်း ပရိဘောဂများ၊ စောစောပိုင်းကတည်းက တဖြည်းဖြည်း ပျောက်လာခဲ့သည်မှာ အစအနပင် ရှာမရတော့ပြီ။ ကျောင်းစာကြည့်တိုက် ဗီရိုတွေထဲမှ စာအုပ်များသည်လည်း ဘယ်အချိန်က လစ်ကုန်ကြသည်မှာ မပြောတတ်ကြတော့ပါ။

အင်္ဂလိပ် အစိုးရအဖွဲ့ ငွေတိုက်က ငွေတွေယူပြီး မီးရှို့စရာတွေ မီးရှို့ပြီး အင်္ဂလိပ်စစ်ဘက်မှ အဖျက်သမားများ လိုက်လံဖျက်ဆီးပြီး ထွက်ပြေးပြီးကတည်းက အစိုးရ အဆောက်အဦတွေမှာ အစောင့်မရှိတော့သဖြင့် ရုံးများ ကျောင်းများတို့မှ ပစ္စည်းများမှာ ညစဉ် လူများဝင်နိုးခြင်းကို ခံနေရသည်။



ဘီအိုင်အေခေတ်မှာ စစ်တန်းလျားသဘောအဖြစ် အသုံးတော်ခံလိုက်ရသော ဟိုက်စကူးကျောင်းကြီးမှာ အတွင်းမှာကား ဘာမျှ မကျန်ရစ်တော့ပါ။ ဆယ်တန်းကျောင်း အဖြစ်လည်း ပြန် မဖွင့်နိုင်တော့လေရာကား ကျောင်းသားသမဂ္ဂ အဖွဲ့ခေါင်းဆောင်တို့မှာ စာသင်ခြင်း၊ ကျောင်းတက်ခြင်း မလုပ်ကြရသည်အလျောက် တို့ဗမာအစည်းအရုံး ပြန်လည်ဖွဲ့စည်းပေးရန်၊ ၎င်းတို့ကိုယ်တိုင် သခင်များ လုပ်ကြရတော့မည်ဖြစ်၍ တို့ဗမာအစည်းအရုံးသစ်ကို ပြန်လည်ဖွဲ့စည်းပေးလိုက်ပါသည်။

ဘီအိုင်အေအုပ်ချုပ်ရေးအဖွဲ့ထဲ ရောက်နေသည့် ကျွန်တော်နှင့် သခင်ချမ်းတို့ကို တို့ဗမာ အစည်းအရုံးထဲတွင် အချိန်ပြည့် လုပ်အား မပေးနိုင်ကြတော့၍ ကျွန်တော်တို့ ခေါင်းဆောင်မှုကို ခွဲဝေပေးရန် သဘောတူလိုက်ပါသည်။

## တို့ဗမာအစည်းအရုံး (ဘီ၊ အိုင်၊ အေ ခေတ်)

မူလ တို့ဗမာ အစည်းအရုံးဝင် သခင်များလည်း မထွက်ကြပါ။ တိုးချဲ့သည့်သဘောဖြင့် သခင်မောင်ကြည်၊ သခင်သန်းတင်၊ သခင်သူတော်စသည်ဖြင့် ကျောင်းသမဂ္ဂ အဖွဲ့ထဲမှ တို့ဗမာ အစည်းအရုံးထဲသို့ ဝင်ရောက်လာကြတော့သည်။

အုပ်ချုပ်ရေးအဖွဲ့နှင့် ကာကွယ်ရေးအဖွဲ့ထဲ မပါဝင်သည့် ၎င်းတို့က လယ်သမားများအရေး မြို့ပြကျေးရွာ အရေးကိစ္စ အဝဝတို့ကို ၎င်းတို့က ရှေ့ဆောင်ကိုင်တွယ်ပြီး၊ အုပ်ချုပ်ရေးဘက်မှ ကျွန်တော်နှင့် တိုင်ပင်၍ လည်းကောင်း၊ ကာကွယ်ရေးဘက်မှ ဗိုလ်ကြည်နှင့် တိုင်ပင်၍ လည်းကောင်း သဘောတူ ဆောင်ရွက်သွားကြခြင်းဖြင့် ကိုယ့်တာဝန်ကိုယ် နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်ခဲ့ကြပါသည်။

## ဂျပန် ဖက်ဆစ်ဆန့်ကျင်ရေး စာတမ်းများ ဝေငှခြင်း

ကျွန်တော်နှင့် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ယယ်သည့် ဂျပန် ဖက်ဆစ်ဆန့်ကျင်ရေး စာတမ်းတို့ကို ရေးထုတ်၍ ကျွန်တော်တို့ လျှို့ဝှက်သိမ်းဆည်းထားသော လက်နှိပ်စက်နှင့် ရိုက်၊ လျှို့ဝှက်ထားသော ဂက်စ်တနာဖြင့် ရိုက်ထုတ်ခဲ့သည်။ ပထမအကြိမ် ထုတ်လုပ်ရာတွင် ကျွန်တော့်အိမ်ပေါ်တွင် ကင်းအစောင့်နှင့်ချပြီး ညဘက်မှာ အပြီးလုပ်ကြပြီး ရိုက်နှိပ်၍ (ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ရေးစာတမ်းများကို) ကာကွယ်ရေးမှူး ဗိုလ်ကြည် ကိုယ်တိုင်နှင့် မောင်မောင်ကြည်တို့က ဘီအိုင်အေ စစ်တန်းလျား လုပ်ထားသည့် ဟိုက်စကူးကျောင်းကြီးအတွင်း အနံ့အပြား၊ ငှင်းပြင် ဈေးဆိုင်များ၊ ဘုရားများ၊ တန်ဆောင်းဇရပ်များပါမကျန် (အန်ဒါဂရောင်းယူနစ်) ကျွန်တော်၏ လျှို့ဝှက်အဖွဲ့ကလေးက လက်စွမ်းပြဝေငှလိုက်ပါသည်။

နံနက် မိုးလင်းလာသည့် အချိန်တွင် ပုလိပ်ဘက်မှ ပုလိပ်သားများ၊ ပုလိပ်အရာရှိများနှင့် ဘီအိုင်အေ စစ်တန်းလျားမှ "ဘုမသိ ဘမသိ" စစ်ထဲလိုက်ချင်၍ဟုဆိုကာ ကျောင်းကြီးပေါ် ရောက်နေသူ ဘီအိုင်အေ စစ်သားလောင်းများတို့နှင့် စာတမ်းကို ဖတ်လိုက်ရသော အရပ်သားတို့မှာ ရတ်ရတ်သဲသဲ ဖြစ်သွားပါသည်။

ကျွန်တော့်ထံသို့လည်းကောင်း၊ ဗိုလ်ကြည်ကြီးထံသို့လည်းကောင်း ဖက်ဆစ်ဆန့်ကျင် စာရွက်စာတမ်းများကို သိမ်းဆည်းလာကြပြီး ပေးအပ်ကြပါသည်။ "အေးကွာ ... မင်းတို့ ဘယ်သူတွေကို ထင်သလဲ၊ သေသေချာချာ စုံစမ်းပြီး တကယ်သေချာရင် ငါ့ကို လာပြောပြ၊ ဖမ်းဖို့ ငါ အမိန့်ထုတ်ပေးပါ့မယ်" ဟု ကျွန်တော်သည် လိမ့်လွှတ်လိုက်ပါသည်။

ကျွန်တော်၏ တာဝန်မှာ အလွန့်အလွန် ဘေးအန္တရာယ်ကြီးကြောင်းကို စောစော မူလအစပိုင်းကပင် ကျွန်တော် ကြိုတင် သတိထားမိပါသည်။ ကျွန်တော်၏ ကိုယ်ခန္ဓာ တည်ရှိပုံအရနှင့် ကျွန်တော်၏ ကျန်းမာသန်စွမ်းမှုရှိခြင်းတို့ကြောင့် မြေအောက်တွင် လျှို့ဝှက် မနေနိုင်ဘဲလျက် ဖက်ဆစ်ဂျပန် တော်လှန်ရေးလုပ်ငန်းမှာ ကိုယ်တိုင် ဦးစီးရှေ့ဆောင် ပါဝင် လုပ်ဆောင်နေခြင်းတို့ကို အကယ်၍သာ ဂျပန် စစ်ဘက်ဆိုင်ရာက သိရှိဖမ်းမိသွားခဲ့ သော်လည်းကောင်း၊ ဘီအိုင်အေ စစ်ဗိုလ် မြန်မာဗိုလ်ထဲမှလည်း တကယ် ဂျပန်ဖက်ဆစ်များပေါ် အထင်ကြီးနေကြသည့် ဗမာ ဘီအိုင်အေ တပ်များ သိရှိသွားပါကလည်း အသတ်ခံရမည်ကို မုချဆတ်ဆတ် သိနားလည်ပါသည်။

သို့ကြောင့် ကျွန်တော်တို့ လျှို့ဝှက်ရေးကျကျ ကျင့်သုံးနိုင်ဖို့နှင့် ကိုယ့်အတွက်မိသွားလျှင် သစ္စာရှိရှိနှင့် အသေခံ၊ အသတ်ခံသွားရဲရမည်တို့ကို ကြိုတင်သတိပေး ဆွေးနွေးပြီး ဖြစ်ပါတော့သည်။

ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဟောင်းများ ဖြစ်ကြသော ကို



ချန်ထွန်းနှင့် မောင်တင်အောင် (ခေါ်) ပွကြီးတို့လူစု (စာကြည့်တိုက်သမားများ) နှင့် မောင်မောင်ကြည်၊ မောင်လှရှင်၊ ကိုသူတော် စသော တို့ဗမာ အစည်းအရုံးဝင် ကျောင်းသားချင်း ပူးပေါင်းလာသည်ထက် ပူးပေါင်းမိပြီး အယူဝါဒရေးမှာလည်း တူညီလက်ခံလာကြပါတော့သည်။

ကျွန်တော်နှင့် အမြဲ အတူနေအတူစားပြီး ဂျပန်ဆန့်ကျင်ရေး လုပ်ငန်း စာရွက်စာတမ်းများ ဖြန့်ချိဝေငှရာတွင် လည်းကောင်း၊ သေနတ်၊ လက်နက်၊ လက်ပစ်ဗုံး၊ ယမ်းတောင့်များ သိုဝှက်ရာ၌ လည်းကောင်း အားလုံး သိရှိခဲ့သော မောင်ဘီအို ဟု ခေါ်သော လူငယ်ကလေးမှာလည်း ဂျပန်များ ဗမာမြေပေါ်မှ ပြေးသည်အထိ ကျွန်တော့်အပေါ်တွင် သစ္စာရှိပြီး နှုတ်လုံလုံနှင့် တည်ငြိမ်စွာ နေနိုင်ခဲ့ပါသည်။

(ယခု မောင်ဘီအိုမှာ သေဆုံးလေပြီ)

ဘီအိုင်အေ တစ်ခေတ်လုံးမှာ ဂျပန်တော်လှန်ရေး စာတမ်းများကို သုံးကြိမ်ထက်မနည်း တိုက်(ပ်)နှင့် ရိုက်၍ လည်းကောင်း၊ ဂက်စတာနာဖြင့် ရိုက်ထုတ်၍ လည်းကောင်း လက်သိပ်ထိုးပြီး လျှို့ဝှက်ရေးကျကျ ပိပိရိရိ ဖြန့်ချိခြင်းဖြင့် ဖက်ဆစ်ဂျပန်တို့ကို အထင်ကြီးနေသော စိတ်ဓာတ်များကို အနည်းဆုံး တွေဝေသွားအောင်၊ အမြတ်ထွက်လျှင်လည်း ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခြင်းသာ မှန်ကန်သည်ဟူသော အဘိဓမ္မာပိုင်းဆိုင်ရာ နိုင်ငံရေး အယူဝါဒရေး ဆိုင်ရာ အပိုင်းတို့ကို သိရှိလာကြရန် ကျွန်တော်တို့က ကိုယ့် ကင်းလွှတ်မှုကို ယူပြီး လုပ်ခဲ့ကြပါသည်။

## သခင်တင်မြနှင့် ကျွန်တော်တို့

သခင်တင်မြနှင့် ကျွန်တော်တို့မှာ ညောင်တုန်းမြို့ကို ဘီအိုင်အေ အစိုးရဖွဲ့ကာစ လက်နက်များ သိမ်းဆည်းစကပင် အတူလုပ်ခဲ့ကြပြီး ကျွန်တော့်အကြောင်းနှင့် ကျွန်တော်၏ စည်းရုံးသိမ်းသွင်းထားသော ဂျပန်ဆန့်ကျင်ရေး အဖွဲ့လေး အကြောင်းကို သူ အကုန်လုံး သိပါသည်။

သို့လင့်ကစား ကျွန်တော်တို့ကို သခင်စိုးနှင့် တွေ့မပေးခဲ့ပါ။ ကျွန်တော်တို့ကလည်း သခင်စိုးနှင့် လူချင်း တွေ့ရရေးကို အမိက မထားကြပါ။ သခင်စိုးထံမှဟုဆိုကာ သခင်တင်မြ ယူလာပေးပို့သော စာရွက်စာတမ်း အချို့လောက်ကိုသာ ရသမျှ မြတ်မြတ်နိုးနိုး လေ့လာ ဖတ်ရှုနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်တင်မြ၏ သတ္တိကို သော်လည်းကောင်း၊ သခင်တင်မြ၊ သခင်စိုး၏ လက်ရုံးတစ်ဆူအဖြစ် ဂျပန်ဖက်ဆစ် တော်လှန်ရေးလုပ်ငန်းအတွက် သွားလာလှုပ်ရှားနေသည်ကို ကျွန်တော့်ထက် အသက်ငယ်သော်လည်း လေးစားယုံကြည်ခြင်း၊ ကြည်ညိုခြင်း ဖြစ်မိပါသည်။ သို့ရာတွင် ဘီအိုင်အေ (စစ်သားစုဆောင်းရေး) ဗိုလ်ကြီးတစ်ဦးဟုဆိုကာ ဈေးထဲမှာ ပိတ်အုပ်တွေ အုပ်လိုက် သိမ်းဆည်းသွားပြီး "သခင်ဖေငွေ အုပ်ချုပ်ရေးမှူးဆီမှာ သွားတောင်းယူပါ ..."

"ရော့ ... ဒီစာပြပြီး ငွေသွားတောင်းပါ" ဟုဆိုပြီး စာတစ်စောင် ရေးပေးခဲ့ခြင်း၊ စီးကရက် ရောင်းသောဆိုင်မှ စီးကရက် အမြောက်အမြား ယူသွားပြီး အထက်ပါအတိုင်း စာတစ်စောင် ပေးခဲ့ခြင်း၊ တရုတ်အိမ်က ရေဒီယို တစ်လုံးကို ယူသွားကာ စာတစ်စောင် ပေးခဲ့ပြီး ခေတ္တဟုဆိုကာ သိမ်းသွားခြင်း ... ဤသို့သော အပြုအမူများပေါ်မှာ ကျွန်တော်သည် ဒေါသထွက်လာပြီး အကြည်ညိုတုန့်လာပါသည်။

ငွေကို ရေလို သုံးပြီး အဝတ်ကို အကောင်းစား အဖိုးတန် လှမ့်ဆိုမှ ဝတ်ခြင်း။ ကျွန်တော်တို့က ဂျပန်တော်လှန်ရေးအတွက် စုဆောင်းပေးလိုက်သော ခြောက်လုံးပူး သေနတ်များ၊ ခဲယမ်းမီးကျောက်များ၊ ငွေအသင့်အတန့်စသည်တို့ကို ဂျပန်တော်လှန်ရေး ခေါင်းဆောင်ကြီး သခင်စိုးထံသို့ ရောက်မှ ရောက်အောင် ပေးပါမည်လားဟု သခင်တင်မြ၏ အပြုအမူ၊ အသုံးအစွဲ၊ အနေအထိုင်တို့ပေါ်မှာကြည့်ပြီး ကျွန်တော် သံသယဝင်လာမိပါတော့သည်။

ဤအချိန်တွင် ကျွန်တော်သည် အုပ်ချုပ်ရေးမှူး ဘဝဖြင့် ရှိနေသေးသော်လည်း ကိုယ်ရေးအတွက် ဘာတစ်ခုမှ အလွဲသုံးစား မပြုမိအောင် ဆင်ခြင်ထိန်းသိမ်းနိုင်ခဲ့ကြောင်းကို ညောင်တုန်းက ကျောင်းသားခေါင်းဆောင်များ၊ သခင်များ၊ အထူးသဖြင့် ရန်ကင်းစံရာက သခင်များအားလုံး အသိဖြစ်၍ လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည် လေးစားမှုကို ခံခဲ့ရပါသည်။

နောက်ဆုံး သခင်တင်မြကို ကျွန်တော်နှင့် သခင်စိုး တွေ့ပေးရန် တောင်းဆိုပါတော့သည်။

မှတ်ချက်။ ။ ကျွန်တော်တို့ ဖြန့်ချိဝေငှသော ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး စာတမ်းများတွင် ပါဝင်သည့် နိုင်ငံရေး အမိန့်ဟာယ်များမှာကား...



ဒုတိယကမ္ဘာစစ်၏ ဒုတိယပိုင်းကာလအသွင်မှာ ဒုတိယကမ္ဘာစစ်၏ ပထမပိုင်းကာလအသွင်နှင့် သွင်ပြင်လက္ခဏာ ခြားနားကြောင်း။ ဒုတိယကမ္ဘာစစ်၏ ဒုတိယပိုင်းကာလ အသွင်အပြင်အရ ဂျပန်တို့အား ပူးပေါင်းခေါ်ယူ အားဖြည့်ပေးနေသူ သခင်များနှင့် ဗမာခေါင်းဆောင်များမှာ အင်္ဂလိပ်တော်လှန်သည့် မျိုးချစ်ခေါင်းဆောင်ကြီးများလည်း မဖြစ်နိုင်၊ ယခုလိုအချိန်အခါတွင် အင်္ဂလိပ်တို့ကို မဟာမိတ်ပြု၍ ဖက်ဆစ် ဂျပန်များကိုသာ တိုက်ရမည့် ကာလပိုင်း ရောက်နေပြီကို ဘာမျှ နားမလည်နိုင်ဘဲ အင်္ဂလိပ်တို့ဟာ တစ်ခါတုန်းက ငါတို့ကို ကျွန်ပြုလုပ်ခဲ့သူတွေပဲဟု အစွဲတစ်ခုဖြင့် အင်္ဂလိပ်တို့တိုက်ရန် ဂျပန်ကို ပေါင်းရသည်ဆိုခြင်းမှာ (၁) ကမ္ဘာ့ကွန်မြူနစ် လူမျိုးစုံအဖွဲ့ချုပ်ကြီး၏ မေတ္တာရပ်ခံ ကြေညာချက်ပေါ်တွင် သစ္စာဖောက်လိုက်ခြင်း။ (၂) ဂျပန်ဖက်ဆစ်တို့ ရန်ကို အသက်ပေး ခုခံတိုက်ခိုက်နေကြသော သန်းပေါင်းများစွာရှိ တရုတ်ပြည်လူထုကြီးနှင့်တကွ ကွန်မြူနစ်တို့ကို သစ္စာဖောက်ခြင်း။ (၃) အောက်တိုဘာ တော်လှန်ရေးမှ အလုပ်သမားများ၊ လယ်သမားများ သွေးအစက်စက်ဖြင့် ဆိုဗီယက်ဆိုရှယ်လစ် နိုင်ငံကြီး တည်ဆောက်နိုင်ခဲ့သော ရုရှားပြည်ကြီးနှင့် ရုရှားကွန်မြူနစ်များတို့အပေါ် သစ္စာဖောက်လိုက်ခြင်း။ (၄) အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နိုင်ငံများရှိ အလုပ်သမား၊ လယ်သမားနှင့် ဒီမိုကရေစီ အင်အားစုများ အပါအဝင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုကြီး ရောမ သန်းပေါင်းများစွာတို့အား လုလုကြီး သစ္စာဖောက်လိုက်ကြခြင်းသာ ဖြစ်ပေသည်။

(၅) ကမ္ဘာအရပ်ရပ်ရှိ အလုပ်သမား လယ်သမားအပေါင်း သိန်းသန်း ကုဋေကုဋာရှိ လုပ်သားထုကြီးအား မီးရှူးတန်ဆောင် ဆိုရှယ်လစ် ကွန်မြူနစ် အလင်းရောင်ကို ပေးစွမ်းနိုင်သည့် ကမ္ဘာ့အလုပ်သမားတို့၏ မီးတိုင်ကြီးကို ရိုက်ချိုး၍ ဖက်ဆစ်ဂျပန်၊ ဖက်ဆစ် အီတလီ၊ ဖက်ဆစ်နာဇီ ဂျာမနီတို့ဘက်မှ ပါဝင်ပူးပေါင်းမိသူတိုင်းသည် ကမ္ဘာ့အရပ်ရပ်ရှိ အလုပ်သမားများနှင့် ကမ္ဘာ့အရပ်ရပ်ရှိ လယ်သမားများအား သစ္စာဖောက်လိုက်ခြင်းသာ ဖြစ်သည်။

သို့ကြောင့် ဖက်ဆစ်တော်လှန်ရေး မြေအောက်အဖွဲ့များနှင့် ဆက်သွယ်ကြပြီး ဤဒုတိယ ကမ္ဘာစစ်ကြီး အတွင်းမှာ တစ်ကမ္ဘာလုံးနှင့် အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ဝင်သော ဆိုဗီယက် ဆိုရှယ်လစ် ရုရှားကြီး ခေါင်းဆောင် တိုက်ဖျက်နေသော ဖက်ဆစ်အရင်းရှင်စနစ် တိုက်ဖျက်ရေး ကမ္ဘာ့ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်တို့ဖြင့် မလွဲမရှော်ရလေအောင် ဆိုဗီယက် ရုရှား၊ တရုတ်၊ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နှင့် ကမ္ဘာ့ဒီမိုကရေစီ အင်အားစုများဘက်မှ ပါဝင်ကြပြီး ဖက်ဆစ် သုံးနိုင်ငံဖြစ်သော ဖက်ဆစ်ဂျပန်၊ ဖက်ဆစ် အီတလီ၊ ဖက်ဆစ်နာဇီ ဂျာမနီ လူယုတ်မာတို့အား တိုက်ဖျက်ကြလော့။

၁။ ကမ္ဘာ့ဖက်ဆစ်စနစ်–မုချကျဆုံးရမည်။

၂။ ကမ္ဘာ့ဒီမိုကရေစီစနစ်–မုချအောင်ရမည်။

၃။ ကမ္ဘာ့ဆိုရှယ်လစ်စနစ်–မုချအောင်ရမည်။

(ဤသို့ တိုတိုနှင့်အဓိပ္ပာယ်လေးနက်မှုရှိသော စာရွက်စာတမ်းများကို ဖက်ဆစ်ဂျပန်တို့ ဝင်ခါစ ၆ လအတွင်း ဘီအိုင်အေခေတ်ထဲမှာပင် ကျွန်တော်နှင့် ကျွန်တော့်အဖွဲ့က ထုတ်ဝေနိုင်ခဲ့ပါသည်)

## ဘီ–ဒီ–အေ ခေတ်

အုပ်ချုပ်ရေးဘက် ဆိုင်ရာတွင်လည်း ဘီအိုင်အေ ခေတ်က ယာယီခန့်အပ်ထားခဲ့သော တစ်မြို့နယ်လျှင် ဆယ်ဦး ကော်မတီဖြင့် သခင်များ၊ ကျောင်းသားများ၊ အရာရှိဟောင်းများ၊ မြို့ပေါ်ရှိ ဩဇာရှိလူကြီးများ ပါဝင်ရာ ဘီအိုင်အေ အစိုးရခေတ်ကား ကုန်လေပြီ။

သခင်ဗျွန်းအုပ် နှင့် သခင်ဗစိန် တို့ကို ဖမ်းပြီး ဖော်မိုဆာ သို့ ပို့လိုက်ပြီ။

ဒေါက်တာဘမော်လည်း အရှင်မင်းကြီး ဖြစ်လာလေပြီ။

အချို့ ဘီအိုင်အေ ဗိုလ်တွေ ထွက်ကုန်ကြ၏။ အချို့မှာ ပြုတ်၍ကုန်ပြီ။ ဘီဒီအေ စစ်အုပ်ချုပ်ရေးသို့ ကူးပြောင်းလာခဲ့လေပြီ။

ထိုင်နေခဲ့ကြရသော အင်္ဂလိပ်အစိုးရခေတ်က မြို့ပိုင်မင်းများ၊ နယ်ပိုင်ဝန်ထောက်မင်းများလည်း မြို့နယ်များသို့ ပြန်ဆင်းလာကြပြီး ဒေါက်တာဘမော် အစိုးရသစ် အမိန့်ဖြင့် အုပ်ချုပ်ရေးမှူးများထံမှ အာဏာနှင့် ရုံးပစ္စည်းများ၊ ကာကွယ်ရေးဌာနမှူးထံမှလည်း တိုက်ပိုင် နယ်ပိုင်များက လက်နက်သိမ်းယူ အလုပ်လွှဲကြနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။



အိမ်ကြီးပေါ်မှ ဘီအိုင်အေ အရာရှိများလည်း အိမ်ကလေးပေါ်သို့ ပြောင်းပေးခဲ့ရသည်။

"မရှုယ်ဘဲနှင့် ဓော်ကဲမင်းဖြစ်" ခဲ့ရသော ကျွန်တော်သည်လည်း ခါးကြားထဲမှ ခြောက်လုံးပြူးကိုတော့ ပြန် မအပ်သေးဘဲ မိမိနေရင်းဖြစ်သော မိဘအိမ်ဟောင်းကလေးပေါ်သို့ ပြန်ရောက်ခဲ့လေပြီ။ သူဆင်း ငါတက်၊ ငါဆင်း သူတက် ... နှင့် နိုင်ငံရေး လောကစံတရားကို ကောင်းကောင်းကြီးသိ၊ ကြိုတင်လည်း မြင်ထားပြီးနှင့် ဖြစ်နေသော ကျွန်တော်တို့အဖို့က ပြတ်ပြတ်သားသား၊ ကင်းကင်းရှင်းရှင်း ဂျပန် ဖက်ဆစ်တို့အား ဆက်လက်တော်လှန်သွားကြရတော့မည်ဟု ဝမ်းသာ၍ပင် နေကြပါသေးသည်။

နိုင်ငံရေး သဘောတရားကို ဘာမျှ အမြော်အမြင်မရှိသူ အချို့တို့ကတော့ ရာထူးပြုတ်၊ အာဏာကျလာကြသည့် ကျွန်တော်နှင့် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များအပေါ် လှောင်ချင်သလိုလို၊ ပြောင်ချင်သလိုလို၊ အထူးသဖြင့် မြေရှင်ကြီးငယ်များနှင့် အင်္ဂလိပ်အရာရှိကြီးငယ်များတို့ကသာ ဤသို့ ဖြစ်လာသည်ကို မြင်ရသော်လည်း ကျွန်တော်တို့၏ ရိုးသားတည့်မတ်မှုကို လက်တွေ့ဆက်ဆံ ပေါင်းဖက်ခဲ့ကြရသော လယ်သမားအများစုကြီးနှင့် မြို့နေ ဆင်းရဲသားအများစုကြီးကတော့ ကျွန်တော်တို့ဘဝကို ကြည့်ပြီး ဝမ်းနည်းနေကြသလိုပင်။

ကျွန်တော်တို့ ရှေ့ဆက်လက် ချီတက် လုပ်သွားကြရဦးမည့် ဂျပန်ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကို လူတွေ့တိုင်း ပြောင်ကျကျကြီး ဖွင့်ဟ၍ မပြောနိုင်၊ အလွန့်အလွန် စိတ်ချရလောက်တော့မှ ဂျပန်ကို တော်လှန်ရမည့် သဘောထားများကို တိုးတိုးတိတ်တိတ် ဆွေးနွေးရပါသည်။

အချို့ပုဂ္ဂိုလ်များကို လူကိုယ်တိုင် နှုတ်ဖြင့် မပြောပြသေးမီ တစ်ဦးဦးမှတစ်ဆင့် စာရွက်စာတမ်းတို့ကို ပေးဖတ်စေပြီးမှ တစ်စတစ်စ သိမ်းသွင်းယူရပါသည်။

အလွန်လည်း စိတ်ရှည်ရပါသည်။ အလွန်မှလည်း ကြောက်စရာကောင်းလောက်အောင် ဖက်ဆစ်ဂျပန်တို့၏ ဘေးမှ သိုးကာသီကား ပွတ်ကာသပ်ကာ စွန့်စားသွားလာ လှုပ်ရှားနေရပါသည်။

ကျွန်တော့်မှာကား သန်စွမ်းစွမ်းနှင့် ပြေးနိုင်ရှောင်နိုင်သူ တစ်ယောက် မဟုတ်ဘဲ ဂျပန်လာဖမ်းလျှင် အသက်ကို အသေခံ၍ တစ်လှမ်း၊

www.burmeseclassic.com

www.burmeseclassic.com



တည်း ရှိနေခြင်းကြောင့် ကျွန်တော့်အဖို့ရာမှာ သူများထက် ပိုပြီး လျှို့ဝှက်ရမည်။ သတ္တိနှင့် ဇွဲမှာလည်း ပြိုင်ဘက်ကင်းအောင် ရှိနေရပါမည်။ သေမှာကို အနည်းငယ်လေးမျှ တွေးတော စိုးရိမ်ကြောင့်ကြမှု မရှိစေဘဲ အမြဲတစေ မိမိ၏ အသွေးအသား အသည်းနှလုံးတို့ကို ဆိုရှယ်လစ် လူ့ဘောင်အတွက် (ဝါ) ကွန်မြူနစ် လူ့ဘောင်အတွက် ရေစက်ချပြီး ခေါင်းလောင်းထိုး လှူဒါန်းပြီး ဖြစ်ရပါမည်။

ကျွန်တော်သည် ဂျပန်အစိုးရနှင့် ရောယှက်နေသော အစိုးရအလုပ်တစ်ခုခုနှင့် အရောင်ပြပြီး အတွင်းကတော့ ဂျပန် ဆန့်ကျင်ရေး လုပ်ငန်းကို လုပ်ရသည် ဆိုသော်လည်း ကိုယ့်ကိုယ်ကိုယ် လိပ်ပြာ မသန့် ဖြစ်မိပါသည်။ သခင်စိုးနှင့်လည်း ဤကိစ္စကို မဆွေးနွေးခဲ့ရပါဘဲ ဖိုးထွန်းရင်၊ သခင်တင်မြ စသည်တို့နှင့်သာ တိုင်ပင်ပြီး၊ ဘီအိုင်အေခေတ်၏ အုပ်ချုပ်ရေးမှူးနေရာမှာ ဝင်ကိုင်လိုက်ခြင်းသည် ဘာပဲဖြစ်ဖြစ် ဒါဟာ ရာထူးယူတာပဲ၊ ပိုက်ဆံ မရခြင်း၊ လစာ မရှိခြင်း၊ လာဘ် မစားခြင်း စသည့်ပြစ်မှုမရှိခဲ့သော်လည်း ဂျပန်ခေတ် အစိုးရအဝန်းအဝိုင်းထဲမှာ ပါဝင်မိခဲ့လေခြင်း ... ဟု (ရာဇဝင်အမည်းစက်ကလေးတစ်စက်တော့ ထင်ခဲ့ပြီလားဟု အရှိန်းရှိမ်ကြီး စိုးရိမ်မိပါသည်)

ထို့ကြောင့် လူထု လူတန်းစား အဖွဲ့အစည်း တစ်ခုခုထဲမှာ ဝင်ရောက်လှုပ်ရှားနေရင်းနှင့်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း တစ်ခုခုကို ဟန်ပြလုပ်နေရင်း ဖြစ်စေ ... တကယ်ကတော့ မြေအောက်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်၍ ဂျပန်ဖက်ဆစ်တို့ကို အသက်ပေး တော်လှန်တိုက်ခိုက်သွားရန် ဖြစ်သည်။

ဘီ၊ ဒီ၊ အေ၊ ခေတ် နောက်ပိုင်းတွင် သခင်တင်မြသည် ကျွန်တော့်အား အတွေ့မခံတော့ပါ။ ကျွန်တော်ကလည်း သူ့အပေါ် မယုံကြည်နိုင်တော့သလို သူကလည်း ကျွန်တော့်အပေါ်မှာ မယုံကြည်သလိုလို ကျွန်တော်က လျှို့ဝှက်ရေး ဖျက်ကွယ်တယ်၊ သခင်စိုးနှင့် တွေ့ပေး၍ မဖြစ်ဘူး၊ ၎င်း၏ ညွှန်ကြားမှုအောက်မှ သံမဏိစည်းကမ်းကို ကျိုးခွဲ့စွာ လိုက်နာနိုင်လာလို့ သူက ယုံကြည်လောက်ပြီဆိုမှ ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီးနှင့် တွေ့ခွင့်ပြုနိုင်မယ် ... ဟု မောင်မောင်ကြည်တို့ထံမှတစ်ဆင့် သခင်တင်မြ စကားကို ကြားသိရသည့်အတွက် ဒေါသထွက်ပြီး သခင်တင်မြနှင့်



အဆက်ပြတ်ခဲ့ရသလို သခင်စိုးနှင့်လည်း ကျွန်တော်သည် တစ်ခါတည်း အဆက်ပြတ်သွားခဲ့ပေသည်။

သို့သော် ဂျပန်တော်လှန်လိုသော စိတ်ဓာတ်ကတော့ ပျောက်မသွားပေ။ ဂျပန်တော်လှန်ရမည် ဆိုသော အသိနှင့် ယုံကြည်ချက်တို့က လေးနက်စွာ သိမြင်ထားပြီး ဖြစ်သဖြင့် ယုံကြည်ချက်မှာလည်း ပြင်းထန်လှသည်။

"ဟော့ ... သခင်စိုး ခေါင်းဆောင်မှု မရလျှင်ကော ကိုယ့်ဘာသာကိုယ် ဂျပန်ကို မတော်လှန်တတ်ဘူးလားကွ"

"သခင်စိုး ခေါင်းထဲက အရည်အချင်းတွေဟာလည်း မိုးပေါ်က ကျလာတာ မဟုတ်ပါဘူး။ မာ့က္စ၊ အိန်ဂျယ်လ်၊ လီနင်၊ စတာလင် စာပေတွေက ရှာဖွေပြီး များများဖတ်ပေး၊ လက်တွေ့မှာလည်း တကယ်အနစ်နာခံကိုယ်ကျိုးစွန့်လွှတ်ပြီး လုပ်ပေးရင် သခင်စိုးလိုပဲ တော်လာမှာပဲ" ဟု သခင်တင်မြကို ဒေါသထွက်ထွက်နှင့် သခင်စိုး ကိုပါ ဖိပြီး ပြောဆိုနေသော ကျွန်တော်၏မျက်နှာကို ကြည့်နေသော မောင်မောင်ကြည်ခေါ် ဖိုးထွန်းသန်း အား သတိရမိပါတော့သည်။

**(ဂျပန်ခေတ် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီဝင်)**
**ဖိုးထွန်းသန်း။**

ညောင်တုန်းမြို့နယ်နှင့် ၁၃ မိုင်ခန့်ဝေးသော ဂန်ချောင်းကျေးရွာကြီးမှ သူကြီးသားတစ်ယောက် ဖြစ်ပါသည်။

ညောင်တုန်းမြို့ပေါ်ရှိ ဖိုးထွန်းသန်း၏ အဒေါ်များ၊ ဦးလေးများ အိမ်တွင် ညဥ့်အိပ်ညဥ့်နေ တစ်ခါတည်း လာရောက်နေထိုင်ပြီး အင်္ဂလိပ်-မြန်မာ ၂ ဘာသာကျောင်းကို ငယ်စဥ် ကလေးဘဝမှ ၁၀ တန်းအထိ ပေါက်ရောက်အောင် သင်ကြားနေသော ၁၀ တန်းကျောင်းသားကြီး တစ်ဦး ဖြစ်သည်။

ညောင်တုန်းမြို့မှ ကျောင်းပိတ်သည့်အခါတိုင်း မိမိရွာသို့ ပြန်လေ့ရှိသည့်အတိုင်း မိမိ၏ မိဘမှလွဲ၍ အခြား ရွာသူရွာသား လယ်သမားဆင်းရဲသားများ၏ ဘဝကို ထိတွေ့လေ့လာ မြင်သိနေခဲ့ရရာမှ နိုင်ငံရေးစာအုပ်များ ဖတ်လာခြင်း၊ နောက် ကျွန်တော်နှင့်တွေ့ပြီး ကျောင်းသားသမဂ္ဂလုပ်ငန်းများလောက်သာမက တို့ဗမာအစည်းအရုံးကြီး၏ လယ်သမားရေးရာ ပြဿနာများကိုပါ (၎င်းနှင့် တစ်တန်းတည်း ကျောင်းနေဖက်

www.burmeseclassic.com

www.burmeseclassic.com



သခင်လှရှင်အတူ) ကူညီပါဝင်ဆောင်ရွက်ခြင်း၊ လေ့လာခြင်း၊ စိတ်ပါဝင်စားလာခြင်းအထိ ဖြစ်လာခဲ့သည်။

ကျွန်တော် ပထမဆုံးအကြိမ် ထောင်ကျသွားပြီး တစ်နှစ်ခန့်အကြာ ပြန်လည် လွတ်မြောက်လာချိန်မှာ ဖိုးထွန်းသန်းနှင့် သခင်လှရှင် တို့ ဗိုလ်ကြည် (ခေါ်) မောင်ကြည်ကြီးတို့ကို နိုင်ငံရေးသင်တန်းများ လျှို့ဝှက်စွာ အဆက်မပြတ်ပေးပြီး ထောင်ထဲမှ ကူးယူလာသော နိုင်ငံရေးမှတ်စုများ၊ စာပေများနှင့် အထူးသဖြင့် အင်းစိန်စစ်တမ်း သဘောတရားကို ငုံမိ ပိုင်နိုင်မိကြအောင် ကျွန်တော်က လက်ဦးဆရာအဖြစ် ဆွေးနွေး ပညာပေးလာခဲ့ခြင်းကြောင့် ယခုနောက်ပိုင်းအချိန်တွင် ကျွန်တော်နှင့် သခင်တင်မြ သဘောကွဲလွဲပြီး လူချင်းလည်း ခွာပြဲချိန်တွင် ဖိုးထွန်းသန်းမှာ သခင်တင်မြကို သူ့အနေနှင့်သူ ရအောင် ရှာတွေ့ရန်နှင့် သူသည် သခင်တင်မြနှင့် ဆက်လုပ်ရန် စိတ်ထဲတွင် ကြံစည်ထားဟန် ရှိပါသည်။

သို့သော် ကျွန်တော့်ကိုလည်း သူက သံယောဇဉ်ရှိနေသည်။ ထို့ကြောင့် ကျွန်တော်နှင့် သခင်တင်မြ ပြေလည်မှုရရန်နှင့် သခင်စိုးနှင့် ပြန်လည်ဆက်သွယ်မိကြရန် ဖိုးထွန်းသန်း၏ သန့်ရှင်းသော ရည်ရွယ်ချက်ဖြင့် ညောင်တုန်းမှ ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်နှင့် သခင်တင်မြနှင့် ဆက်သွယ်ပြီး ဖိုးထွန်းသန်း ဂျပန်ဖက်ဆစ် တော်လှန်ရေး ကွန်မြူနစ်ပါတီ လုပ်ငန်းများကို လုပ်နေပါသည်။

များမကြာမီ ဖိုးထွန်းရင် (သခင်ထွန်းရင်၊ ရန်ကင်းစံရာ) တို့ကိုပါ ဖိုးထွန်းသန်းနှင့်အတူ ဖိုးတင်မြမှတစ်ဆင့် ကွန်မြူနစ်ပါတီတွင် လုပ်နေလျက်ရှိကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါသည်။ ဘာကြောင့်ဆို ကျွန်တော်နှင့်လည်း ဖိုးထွန်းသန်း၊ ဖိုးထွန်းရင်တို့သည် လုံးဝ အဆက်မပြတ်ကြသေးပါ။ လူချင်းလည်း ရင်းနှီး ချစ်ကြည်လျက်ပင်။

× × ×

**ဘိအိုင်အေ ခေတ်ထဲမှာပင် ...**

**ဂျပန်ပြန် ဗိုလ်မင်းခေါင်၊ ဗိုလ်ဖေထျူး ဗိုလ်နေမျိုးတို့နှင့်**

**ကျွန်တော် အတိုက်အခံ ဖြစ်ခဲ့ရခြင်း**

တစ်နေ့တွင် ဗိုလ်မင်းခေါင်နှင့် ဗိုလ်ဘရှင် (ရုပ်ရှင်ဒါရိုက်တာကြီး



ဦးဘရှင်ပင် ဖြစ်သည်) ဦးစီးရှေ့ဆောင်သော လူပေါင်း နှစ်ရာကျော် သုံးရာခန့်ရှိ ဘီ၊ အိုင်၊ အေ တပ်ကြီးတစ်တပ် ညောင်တုန်းမြို့သို့ ရောက်လာကြပါသည်။

ရောက်လျှင်ရောက်ချင်းပင် နေရာထိုင်ခင်း တောင်းသဖြင့် ကျွန်တော်သည် ကာကွယ်ရေးတာဝန်ခံ ဗိုလ်ကြည်ကြီး ကို ခေါ်တွေ့ပြီး တပ်သားများအား ဟိုက်စကူးကျောင်းကြီး အပေါ်ထပ်တွင် နေရာထိုင်ခင်း ပေးစေလျက် ဗိုလ်မင်းခေါင်နှင့် ဗိုလ်ဘရှင်တို့အား မြူရုံး အပေါ်ထပ်တွင် နေရာပေးလိုက်ပါသည်။ ဟိုက်စကူးကျောင်းကြီးနှင့် မြူရုံးမှာလည်း ကပ်လျက်ဆက်လျက်ဖြစ်၍ အဆင်ပြေလှပါသည်။

ဗိုလ်ကြီးများ ထမင်းစားရန်နှင့် တပ်မတော်သားတို့ အားလုံးကုန် ထမင်းစားရန်ကို မြေပိုင်ရှင်ကြီး ဝါး ဦးဘိုးသိန်း ဒေါ်အို တို့က အလိုအလျောက် လာရောက် တာဝန်ယူသွားသဖြင့် ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွင် တာဝန်တစ်ခု ပေါ့သွားရပါသည်။

နောက်တစ်နေ့တွင် ဂျပန်ပြန် ဗိုလ်မင်းခေါင်၏ အမိန့်တော်ဟု တစ်မြို့လုံး မောင်းခတ်ကြေညာလိုက်သည်မှာ "မနေ့က ဖမ်းဆီးမိလာသော ငစိန်ကြီး၊ ညွှာကြီး၊ ဓားပြကြီး နှစ်ယောက်ကို ဈေးထိပ်လမ်းမပေါ်တွင် လုံ့စွပ်ထိုး၍ သုတ်သင် သတ်ဖြတ်ပြမည် ဖြစ်ကြောင်း၊ မည်သူမဆို ညနေ ၃ နာရီတွင် လာရောက်ကြည့်ရှုနိုင်ကြောင်း" မောင်းခတ်ကြေညာပြီး များမကြာမီပင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ဆယ်ဦးကော်မတီ အစိုးရအဖွဲ့ အစည်းအဝေး ထိုင်ကြပါသည်။

အစည်းအဝေးတွင် ဤသို့ မြို့လယ်ကောင်ကြီး လမ်းမကြီးပေါ်တွင် ဓားပြကြီးများကို လုံ့စွပ်ထိုးသတ်ပြမည်ဆိုခြင်းကို ဗိုလ်မင်းခေါင်နှင့် တွေ့ပြီး မေတ္တာရပ်ခံရန် မြို့နယ်ပုလိပ်နှင့် မြို့နယ် ဘီအိုင်အေတို့မှ မနေ့က ဖမ်းလာခဲ့ရသည့် ဤဓားပြကြီးများကို မြို့နယ်ရာဇဝင်ရုံးတင် စစ်ဆေးပြီး မအူပင်ထောင်ထဲ ထားလိုက်ရုံပဲ ဖြစ်သည်။ မအူပင် ခရိုင်ရုံးနှင့် ထောင်နှင့် အားလုံး ရှိနေပြီဖြစ်သောကြောင့် ယခုအချိန်မှာ လမ်းမအလယ် ဓားပြများအား သတ်ပြရန် မလိုအပ်၍ ဖြစ်သည်။

ဤသို့ ဆွေးနွေးဆုံးဖြတ်ကြပြီး၊ ဗိုလ်မင်းခေါင်နှင့်တွေ့ရန် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ (၁) အုပ်ချုပ်ရေးမှူး၊ (၂) ကာကွယ်ရေးမှူး၊ (၃) ဝါး

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချိရေးမှူး ကျွန်တော်၊ ဗိုလ်ကြည်၊ သခင်ချမ်းတို့ သုံးဦး ကို ရွေးချယ်လိုက်ကြပါသည်။

ထိုအနိုက် တောရဘုန်းကြီးကျောင်းတိုက်မှ ဘုန်းတော်ကြီး ၃–၄ ပါးတို့က အုပ်ချုပ်ရေးမှူး ဒကာကြီးနှင့် တွေ့ချင်တယ် ဆိုသဖြင့် ဘုန်းကြီးများနှင့် ကျွန်တော် တွေ့ပါသည်။ ဘုန်းကြီးများက မြန်မာရှင်ဘုရင်များ လက်ထက်က ရာဇဝတ်ပါးကွပ်အာဏာသားတို့ ကွပ်မျက်သုတ်သင်မည့် တရားခံ ရာဇဝတ်ကောင်များပင် ဖြစ်စေကာမူ ဆရာတော်ကြီးများက အလှူခံလျှင် အသက်ကို ချမ်းသာပေးရိုး ထုံးစံ ရှိခဲ့ဖူးပါသည်။ သို့ကြောင့် ဒကာကြီးတို့ ဗမာ ဘီအိုင်အေ အစိုးရကို တောရ ဆရာတော်ကြီးက အသက်အလှူခံလိုပါသည်ဟု ဆိုလာသည်။

ကျွန်တော်က အခုလေးတင်ပဲ တပည့်တော်တို့ ၁၀ ဦး ကော်မတီ မြို့နယ် အုပ်ချုပ်ရေး အစိုးရအဖွဲ့ကလည်း ယခုလို လူသတ်တာ၊ ဓားပြမှုကို သတ်တာ သဘော မတူကြ၍ ဗိုလ်မင်းခေါင် ထံသွားကြဖို့ ကိုယ်စားလှယ် ရွေးထားပြီးပါပြီ၊ အရှင်ဘုရားတို့လည်း လိုက်လိုက လိုက်ခဲ့ကြပါ၊ အနုပင် တပည့်တော်တို့ သွားပါမည်ဟု ဆိုကာ ကျွန်တော်တို့သည် မြို့ရုံး အပေါ်ထပ်တွင် ခေတ္တ တည်းခိုနေသော ဗိုလ်မင်းခေါင် (ဂျပန်ပြန်) ထံ သွားပြီး အကျိုးအကြောင်း ပြောပြကြပါသည်။ မရကြပါ။

စစ်အမိန့်သည် စစ်အမိန့်သာ ဖြစ်သည်။ ယခု သတ်မည့် ဓားပြကြီးများသည် ဗြိတိသျှ လက်ထက်မှ လည်းကောင်း၊ ယခုအထိ လည်းကောင်း အကြိမ်များစွာ အမြဲတစေ ဓားပြတိုက်စားလေ့ရှိသည့် ရာဇဝင် ဓားပြကြီးများ ဖြစ်သည်။ ကျုပ်တို့ စစ်ဦးမှာ ၎င်းတို့ ဓားပြတိုက်နေစဉ်နှင့်လည်း ကြုံကြိုက်သည်၊ ခင်ဗျားတို့ မြို့နယ် ပုလိပ်အဖွဲ့ကို ကျုပ်တို့က ဝိုင်းဝန်းကူညီပေးပြီး ဓားပြ ၁၅ ယောက်ကို ကျုပ်တို့ တပ်ချိတက်ရာမှာ ကြုံကြိုက်လို့ ကူညီနိုင်လို့သာ ခင်ဗျားတို့ ပုလိပ်တွေ မသေတာ။ နို့မဟုတ် ဤဓားပြတွေက ခင်ဗျားတို့ မြို့နယ်ပုလိပ်အဖွဲ့တွေကို ကောင်းကောင်း ပြန်ချလွှတ်လိုက်မှာ၊ တိုတိုပဲလေ ... စစ်အမိန့်အရ ဓားပြတိုက်တာကို ကျုပ်တို့က သတ်သင့်သည့် ဓားပြမှုနဲ့ သတ်တာတော့ သတ်ရမှာပဲ"

"၁၅ ယောက်အနက် ခေါင်းဆောင်တွေလည်းဖြစ် အမြဲပဲလိုလို ဓားပြတိုက်စားလာခဲ့သည့် ငစိန်ကြီး၊ ညောကြီး ဆိုတဲ့ ရာဇဝင် ဓားပြကြီး



နှစ်ဦးကိုတော့ ကျွန်တော်နှင့် ဗိုလ်ကြီးဘရှင်တို့ကိုယ်တိုင် သေသေချာချာ စစ်ဆေးလေ့လာပြီးပြီ"

"ခင်ဗျားက အုပ်ချုပ်ရေးမှူး လုပ်ပြီး ဓားပြဘက်မှ ရှေ့နေလိုက်နေရသေးလား ..." ဟု နောက်ဆုံး နိဂုံးချုပ်လိုက်သည်တွင် ကျွန်တော်နှင့် ပါဝင်လိုက်ပါလာသူတို့မှာ ပြန်ကြဖို့သာ ပြင်ကြပါတော့သည်။ ကျွန်တော်ကတော့ နိုင်ငံရေးသမား ဖြစ်သည်။ နိုင်ငံရေးစကားပဲ ပြောရတော့မည်။

"ဒီမှာ ဗိုလ်မင်းခေါင် – ခင်ဗျားဟာလည်း သခင်တစ်ယောက်၊ နိုင်ငံရေးသမား တစ်ယောက်လို့ ကျွန်တော် ကြားဖူးပါတယ်၊ ကျွန်တော်က ဓားပြရှေ့နေ မဟုတ်ဘူး။ လယ်သမား အလုပ်သမားတို့ရဲ့ ရှေ့ဆောင်ရှေ့ရှုက် နိုင်ငံရေးသမားပဲ၊ တိုတိုကတော့ ကျွန်တော်တို့ သခင်တွေ နိုင်ငံရေးသမားတွေ နားလည်ထားခဲ့ကြတာဟာ ဓားပြတိုက်ရတာတို့၊ ခိုးရတာတို့၊ အမျိုးသမီးကလေးတွေ ဖာ ဖြစ်ရတာတို့ဟာ ဒီလူတွေရဲ့ အပြစ်က အမိက မဟုတ်ဘဲ မြေရှင်ပဒေသရာဇ် စနစ်ဆိုးနဲ့ နယ်ချဲ့အရင်းရှင် စနစ်ဆိုး အောက်မှာ လူတန်းစေ့ ပညာ မသင်နိုင်ခြင်း၊ လူတန်းစေ့ မစားရ မဝတ်ကြရခြင်း စတဲ့ အကြောင်းရင်းခံများအရ အခုလို ကိုယ်ကျင့်တရားပျက်ရပြီး ဓားပြတိုက်ရ၊ ခိုးရတာတွေ ဖြစ်လာတာပဲ။ ကျွန်တော်တို့ကလည်း အခု ဘီအိုင်အေ အစိုးရ ဖြစ်လာလို့ စီးပွားရေးအရ လယ်သမားတွေအပေါ်မှာ ဘာမှ လုပ်ပေးနိုင်သေးတာ မဟုတ်ဘူး။ ဒီလိုချည်း ဓားပြတိုက်တာနဲ့ လူသတ်ပစ်လို့ ဓားပြတိုက်မှုတွေ ပျောက်သွားမှာ မဟုတ်ပါဘူး။ လယ်ယာမဲ့ မြေမဲ့ လယ်ကူလီ တောနေ ဆင်းရဲသားတို့ကို စီးပွားရေးစနစ်မှာ ပြေလည်လာအောင်၊ လူတန်းစေ့ စားဝတ်နေရေး ဖူလုံအောင် လုပ်ပေးနိုင်ကြတဲ့ တစ်နေ့နေ့ကျမှပဲ ဓားပြမှု၊ ခိုးမှုတို့ဟာ ပျောက်ကင်းလာမှာပါ" ဟု ပြောပြီး မကြားချင်သလိုလို ကျွန်တော့်ကို ဂရုမစိုက်သလိုလို မျက်နှာထားတင်းတင်းနှင့် နှုတ်ခမ်းမွေးစနှင့် စစ်မာန် စစ်သွေးတွေ နားထင်နားရင်းထိ တက်နေပုံရသော ဗိုလ်မင်းခေါင်၏ မျက်နှာကိုကြည့်ပြီး ပြန်ဆင်းလာခဲ့ကြပါသည်။

ညနေစောင်းလာပါပြီ။ ညောင်တုန်းဈေးထိပ် လမ်းမတော် ဓာတ်မီးတိုင် (သစ်သားတိုင်) ကြီးမှာ ငစိန်ကြီးခေါ် မကြာခဏ ဓားပြတိုက်ခဲ့သော လယ်သမားကြီး ဦးစိန် အား ဓာတ်မီးတိုင်မှာ ကပ်လျက် ချည်၍ထား၏၊

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်း၊ ခါး အထိ ပိုင်ပိုင်နိုင်နိုင်နှင့် နိုင်နိုင်ကြီး ပိုက်ဆံကြိုးကြီးများဖြင့် တုပ်နှောင်ထားလျက် အသင့်ဖြစ်နေပါပြီ။

ကျွန်တော်သည် ပထမတော့ သွား မကြည့်ဟု သဘောပိုက်ထားပြီး မသွားခဲ့ပါ။ နောက်မှ ငါ သွား မကြည့်လည်း ဦးစိန်ကြီး၊ ဦးညွှာကြီး စသည့် လယ်သမား ဓားပြတိုက်မိသူ နှစ်ဦးမှာတော့ သေကြတော့မှာပဲ၊ မကြည့်ရက်သော်လည်း ဖက်ဆစ်စနစ်၊ ဖက်ဆစ်ဘီလူးများ၏ ရက်စက်မှုကိုတော့ လေ့လာရဦးပေမည်ဟု ယူဆပြီး ကျွန်တော်ကိုယ်တိုင် ထောင့်တစ်ခုမှ ကုလားထိုင်တစ်လုံးဖြင့် ထိုင်ကြည့်နေပါသည်။

လှံစွပ်ထိုးရမည့် စစ်သား ၁၅ ယောက်ခန့်တို့က သေနတ်များတွင် လှံစွပ်ကြီးများ အသင့်တပ်ဆင်လျက် တန်းစီ၍ ဓားပြကြီး ဦးစိန်ကြီးရှေ့ ၃–၄ လံ အကွာတွင် မတ်မတ်ရပ်နေကြရပါသည်။

ပထမဆုံး ဗိုလ်မင်းခေါင် ကိုယ်တိုင် တတ်မီးတိုင်မှာ တုပ်ချည်ထားသည့် ဓားပြကြီးရှေ့တည့်တည့်တွင် ရပ်တန့်ပြီး လှံစွပ်နှင့်ချိန်ရွယ်ပြီး "ကျား ..." ဟု အော်ဟစ်ပြီးလျှင် တအားဆောင့်၍ ရင်ဝတည့်တည့်သို့ ထိုးသွင်းလိုက်ပါသည်။

ဗိုလ်မင်းခေါင်၏ လှံစွပ်ကို ဆွဲနုတ်လိုက်သောအခါ သစ်သား တတ်မီးတိုင် အတွင်းသို့ လူကိုယ်ခန္ဓာမှ ဖောက်ဝင်ပြီး စူးစိုက်နေသော လှံစွပ်ကို ရုတ်တရက် ဆွဲနုတ်၍ မရသဖြင့် ဓားပြကြီး၏ ဝမ်းဗိုက်ကို ဗိုလ်မင်းခေါင်၏ ခြေထောက်တစ်ဘက်နှင့် လှမ်းကန်လျက် တအားဆွဲနုတ်လိုက်တော့မှ ယိုစီးဆင်းလာသော သွေးအစက်စက်နှင့် လှံစွပ်ကို နုတ်၍ ရပါတော့သည်။

ဤသို့ဖြင့် "ကျား ... ကျား ..." ဟု အော်ဟစ်ခါ ရင်ညွန့် ရင်ခေါင်း လည်မျိုတို့သို့ ဆက်ခါ ဆက်ခါ ထိုးသတ်လိုက်ပါသည်။

သားတွေ သမီးတွေဖြင့် မစားလောက်၊ မသောက်လောက်ရုံမက တော်၍ လယ်ကူလီ၊ လယ်သမားမွဲ ဘဝဖြင့် မြေပိုင် မရှိ၊ ယာပိုင် မရှိ၊ ငွေရင်းလည်း မရှိသဖြင့် အခြား ချမ်းသာသော လယ်သမားများကဲ့သို့ ထမင်းနပ်မှန်အောင် မစားနိုင် မသောက်နိုင်သည့် ဘဝဆိုးမှ လယ်မဲ့ ယာမဲ့ လယ်ကူလီ ဘဝနှင့် ထမင်းမဝ လူတန်းမစေ့တော့သည့်အတွက် အရဲစွန့်ပြီး ပထမအကြိမ် ဓားပြတိုက်စားရသည့် ဘဝမှ မထူးတော့ပါ



ဘူးကွာ ... လုပ်စားလျက်နှင့်မှ မစားလောက်ဘဲ ငတ်သာနေရတဲ့ လယ်မဲ့ ယာမဲ့ ဘဝမှာ ဓားပြပဲ တိုက်စားတော့မည်ဟု တစ်ကြိမ်က နှစ်ကြိမ်၊ သုံးကြိမ် အင်္ဂလိပ်ခေတ် ယခု ဘီအိုင်အေခေတ် (အင်္ဂလိပ် ကျွန်ခေတ်တုန်းကထက် ဘာမှ မထူးခြား၊ ဘာစီးပွားရေးလုပ်ငန်းမှ မထူထောင်ပေးနိုင်သော ဘီအိုင်အေ အစိုးရအပေါ် မျှော်လင့် မစောင့်စားနိုင်ဘဲ အငတ်ပြဿနာကို လက်ငင်း ရှင်းလိုက်ရသော) ဘီအိုင်အေခေတ်တွင် ယခုတစ်ကြိမ်သာ ၎င်းတို့ ဓားပြ တိုက်ရသေးသော်လည်း ယခုတော့ဖြင့် ငတ်၍ ဓားပြ တိုက်စားမိသော လယ်မဲ့ ယာမဲ့ လယ်ကူလီကြီးသည် နိုင်ငံရေးသမား အမည်ခံ လူငယ် သခင်ပေါက်စ ဗိုလ်မင်းခေါင် ၏ လှံစွပ်များမှာ အသက်ပါသွားရရှာလေပြီဟု ကျွန်တော့မှာ ယူကျုံးမရ ဖြစ်မိခဲ့ပါသည်။

မကြာမီ ဗိုလ်မင်းခေါင်က အားရအောင် ထိုးပြီးနောက် နောက်သို့ ခပ်ဝေးဝေး ဆုတ်ရပ်နေပြီး စစ်မိန့် အော်ဟစ်ပေးလျက် တန်းစီရပ်နေကြသော စစ်သားများ တစ်ဦးစီ တစ်လှည့်စီ တက်၍ တက်၍ ဓားပြကြီးအား လှံစွပ်ဖြင့် မရေမတွက်နိုင်အောင် ထိုးကြပြန်ပါသည်။

အားလုံး လှံစွပ်ထိုးသူများ မောနေ၍ ရပ်နားနေစဉ် နောက်ထပ် သတ်ရန်အတွက် ဓားပြကြီး ဦးညွှာကို ဆွဲခေါ်လာပါတော့သည်။ ဓားပြကြီး ဦးညွှာမှာ ပါးစပ်က ဘာတွေပြောမှန်း မသိ၊ ပြောပါသေးသည်။ ရန်းလည်း ရုန်းကန်ပါသေးသည်။ သို့ဖြင့် ရှေ့လူအတိုင်းပင် တတ်မီးတိုင်မှာ အတင်းဆွဲချည် တုပ်နှောင်ထားပြီး ဘီအိုင်အေ စစ်သားများ အလှည့်ကျ လှံစွပ်ကစားလိုက်ကြပါသည်။

ဓားပြဗိုလ်ကြီး ဦးစိန်မှာ ဘာတစ်ခွန်းမှ မပြော၊ မျက်စိတို့ စုံမှိတ်၍ အံကြိတ်ခံပြီး သေသွားရရှာပါသည်။ ဓားပြဗိုလ်ကြီး ဦးညွှာမှာကား ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်ပြီးလျှင် စကားတွေပြောရင်း သေသွားရပါသည်။

ကျန် ဓားပြနောက်လိုက် ငယ်သားများကို တစ်ယောက်လျှင် ကြိမ် ဒဏ် ငါးဆယ်စီ ဘီအိုင်အေ စစ်သားများကိုယ်တိုင် အလှည့်ကျရိုက်ပြီး ညောင်တုန်းမြို့နယ် ပုလိပ်အဖွဲ့ ပြန်အပ်၍ ဂါတ်အချုပ်ထဲတွင် ၃ ရက် တိုင်တိုင် နေပူထုတ်လှန်းစေပြီးမှ လွှတ်ပစ်လိုက်ပါဟု အမိန့်ပေးပြီးလျှင် ဗိုလ်မင်းခေါင် တပ်ကြီးသည် ဤနေ့ ညဘက်တွင်ပင် ညောင်တုန်းမြို့မှ ခရီးဆက်ထွက်သွားကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဤအချိန်အခါ ကာလကပင် အခြား သခင် ဆိုသူတွေနှင့် ခံယူချက်ချင်း မတူပါ။ ဤခေတ် ဤအခါက နိုင်ငံရေးသမားအမည်ခံပြီး ဂျပန်နှင့်ပေါင်းသူ စစ်ဘက်ရာထူး၊ အုပ်ချုပ်ရေးဘက် ရာထူးများ ယူပြီး လုပ်နေကြသူများနှင့် လုံး၀ အမြင်ချင်း ခြားနားနေပါသည်။ ကျွန်တော်၏အမြင်၊ ကျွန်တော်၏အသိ၊ ကျွန်တော်၏ ခံယူချက်တို့ကို ပြောင်ကျကျကြီး တိုင်းပြည် လူထုရှေ့မှောက်မှာ ဖွင့်ဟပြီး မပြောနိုင်ခဲ့ပါ။ ပြောင်ကျကျကြီး လူထုထံမှာ မတင်ပြနိုင်ပါ။ လူထုထံမှ အယူခံ၀င်ရန်၊ လူထုကို တင်ပြနိုင်ရန် အားမလျော့သေးပါ။

လျှို့ဝှက်ရေးကို ကျင့်သုံးပြီး ကျွန်တော့်အသက်ကို အစတေးခံပြီး မြေအောက် ဂျပန် ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကို ဆက်လက်လုပ်သွားရန်ကိုသာ စိတ်ဓာတ် နိုးကြားမှုများသော ကျွန်တော်၏ ဦးနှောက်တွင်း၀ယ် အစဉ်၀င်ရောက်လာပါတော့သည်။

## ကရင်ဗမာ အဓိကရုဏ်း မဖြစ်စေရန် ကာကွယ်နိုင်ခဲ့ခြင်း

ဘီအိုင်အေခေတ် တစ်နေ့သော အချိန်တွင် ညောင်တုန်းမြို့နယ်တောလက်ကျေးရွာများအနက် ကရင်လူမျိုး လယ်သမားကြီးများ အများဆုံးနေထိုင်ကြသော ကရင်ရွာများမှ ကရင်လယ်သမားကြီးများ မြို့ပေါ်တက်လာကြပြီး တို့ဗမာ အစည်းအရုံးမှ သခင်ကြည် (ခေါ်) မောင်မောင်ကြည်နှင့် သခင်သာဟန် တို့ထံ လာရောက် တိုင်တန်းကြသည်မှာကား ...

ညောင်တုန်းမြို့ပေါ်က ကျောက်ထိုးဆရာ ဦးဘဦး ဆိုသူသည် ခြောက်လုံးပြူး ခါးထိုးပြီး နောက်ပါ ဘီ–အိုင်–အေ စစ်သား ၂ ဦးနှင့် ၎င်းတို့ကရင်ရွာများသို့ လာရောက်ပြီး ဗိုလ်နေမျိုး အမိန့်အရ ဘီ–အိုင်–အေ စစ်သား စုဆောင်းရန် လွှတ်လိုက်လို့ လာသည်။ ရွာရှိ လူထုတွေ ခေါ်ပေးပါဟု ဆိုသဖြင့် လူထု စုပေးခေါ်ပေးပါသည်။ အင်္ဂလိပ်တိုက်ရန် ဘီ–အိုင်–အေ စစ်သားတွေ အများကြီး လိုတယ်၊ စစ်ထဲ၀င်ဖို့ စာရင်းသွင်းကြပါ၊ စစ်ထဲ ၀င်ကြပါဟု တရားဟောလာပါသည်။

ဘယ်သူကမှ ဘာမှ ပြန်မပြောသည့်အဆုံးမှာ "ခင်ဗျားတို့ ကရင်လူမျိုးတွေဟာ အင်္ဂလိပ်ကို အဖေလိုပဲ မှတ်ထင်ခဲ့ပြီး အင်္ဂလိပ်စစ်တပ်ထဲကိုတော့ ၀င်ပြီး၊ အင်္ဂလိပ်စစ်သား လုပ်ခဲ့ကြတယ် ... အခု ဗမာခေတ်မှာ



ဗမာတွေ စစ်သား စစ်ဗိုလ်ဖြစ်ပြီး အင်္ဂလိပ်ကို တိုက်နေတဲ့အခါမှာ ခင်ဗျားတို့ ကရင်တွေ တစ်ယောက်မှ ဘီအိုင်အေ စစ်ထဲကို မ၀င်ကြဘူး၊ ခင်ဗျားတို့ အထင်ကြီးခဲ့တဲ့ အင်္ဂလိပ်ဟာ ခွေးပြေး ၀က်ပြေး ပြေးနေရပြီ ..."

"ခင်ဗျားတို့ ကရင်ရွာတွေမှာ တစ်ယောက်မှ စစ်သားစုဆောင်းလို့မရဘူး ... ခင်ဗျားတို့ကို ဓားပြားနဲ့ရိုက်ပြီး စစ်ထဲ မ၀င်မနေရ အမိန့်မျိုးနဲ့ အတင်း ဓားပြားရိုက်ခေါ်မှ ရမယ့် လူမျိုးတွေပဲ ..."

ဤသို့ ဗိုလ်ဘဦး အမည်ခံ ကျောက်ထိုးဆရာ ကိုဘဦး ဟာ ကျွန်တော်တို့ရွာများသို့ လာရောက်ပြီး ကရင်ဗမာ အဓိကရုဏ်း ဖြစ်စေသော ဟောပြောပုံမျိုးဖြင့် ကရင်လူမျိုးတွေအပေါ် ထိပါး ပုတ်ခတ် ဆဲရေးသွားပါသည်ဟု လူကိုယ်တိုင် လာရောက် လက်မှတ်ထိုးပြီး စာတင်သွားကြကြောင်းကို တို့ဗမာ အစည်းအရုံးသို့ ၀င်ရောက် လုပ်ကိုင်နေကြသော ကျောင်းသားသမဂ္ဂခေါင်းဆောင် မောင်မောင်ကြည် (ခေါ်) သခင်ကြည်တို့ထံ လာရောက်တင်ပြ တိုင်တန်းချက်တို့ကို သေသေချာချာ လေ့လာပြီးမှ ကျောက်ထိုးဆရာ ဦးဘဦးကို ကျွန်တော့်ထံ အခေါ်လွှတ်လိုက်ပါတော့သည်။

ကိုဘဦးမှာ ဗိုလ်နေမျိုး က ထုတ်ပေးထားသော စာတစ်စောင်ကို ကျွန်တော့်အား ထုတ်ပြပြီး ဗိုလ်နေမျိုး၏ အမိန့်အရ ၎င်းသည် စစ်သားစုဆောင်းရန် တာ၀န်အရ တရားဟောခဲ့ကြောင်း၊ ကရင်တွေ လာတိုင်ကြားသကဲ့သို့ ၎င်းက မပြောကြောင်း၊ ရိုးရိုးကောင်းကောင်းနှင့် စစ်ထဲ၀င်ရန်သာ ပြောကြောင်းဖြင့် ထုချေ ငြင်းဆန်နေပါသည်။

ကျွန်တော်သည် ကိုဘဦး၏ ထုချေ ငြင်းဆန်မှုကို လက်မခံလို၍ မဟုတ်ပါ၊ သက်သေအထောက်အထား နိုင်နိုင်လုံလုံနှင့် ၎င်းကျေးရွာမှ သူကြီးများ၊ လူကြီးများ၊ ဗမာလူမျိုးများကိုပါ ခေါ်ယူစစ်ဆေး လေ့လာပါမည်၊ သို့သော် ယနေ့ကစပြီး "ခင်ဗျား တောရွာတွေဆင်းပြီး တရားလည်း မဟောပါနှင့်၊ စစ်သားလည်း မစုဆောင်းပါနှင့်၊ ခင်ဗျားရဲ့ ခြောက်လုံးပြူးကိုလည်း ကျွန်တော်တို့ ကာကွယ်ရေးမှူးက ခွင့် ထုတ်ပေးထားသည်မို့ ပြန်သိမ်းထားလိုက်တယ်" ဟု ပြောပြီး ပြန်လွှတ်လိုက်ပါသည်။

အိမ်မဲ–ပန်းတနော်ဘက်တွင် ကရင်လူမျိုး ပုန်ကန်ခြင်းကို လိုက်တိုက်နေသော ဗိုလ်နေမျိုးထံသို့ ကျောက်ထိုးဆရာ ကိုဘဦး ပြေး၍ တိုင်တော့သည်။ ပိုပိုမိုမိုတွေလည်း ထည့်သွင်း အကျယ်ချဲ့၍ တိုင်ခဲ့သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေမျိုးမှာ မဟာဒေါသကြီးစွာဖြင့် စစ်ဗိုလ်၊ စစ်သား ၃၀ လောက်ခေါ်ခဲ့ပြီး ညောင်တုန်းမြို့သို့ ပေါက်ချလာတော့သည်။

အုပ်ချုပ်ရေးမှူး ကျွန်တော့်အား ဖမ်း၍ ဆော်တော့မည် တကဲကဲဖြစ်လာသည်။ သို့သော် ကျွန်တော့်မှာ မြို့နေလူထု တစ်ရပ်လုံးသာမကတောနေလူထု တစ်ရပ်လုံးကပါ ထောက်ခံလေးစား ကြည်ညိုနေကြကြောင်းကြားသိရချက်အပြင် ကာကွယ်ရေးတာဝန်ခံ ဗိုလ်ကြည်ကြီးမှာ ကျွန်တော်၏ အရင်းနှီးဆုံးပုဂ္ဂိုလ် ဖြစ်နေခြင်း၊ ပုလိပ်ဘက်ကလည်း ကျွန်တော့်ကိုချစ်ခင်လေးစား ရိုသေမှုရှိနေကြောင်း စသော မြို့နယ် အာဏာပိုင်အဖွဲ့၏ထက်အောက် စည်းရုံး ညီညွတ်မှုတို့ကြောင့် တစ်ပြိုင်နက်တည်း ကျွန်တော့်ကို ဝင် မဖမ်းသေးဘဲ သခင်ဗဖြူအိမ်မှာ ခေတ္တ စခန်းထောက်ပြီး ကျွန်တော့်အကြောင်းကို လေ့လာသည်တွင် ...

စောစောကပင် ကြိုတင်သိကြားထားပြီးသော ကျောက်ထိုးဆရာကိုဘဦး၏ ကရင်ရွာတွေသွားပြီး ကြိမ်းမောင်း ဆဲဆိုခဲ့ခြင်းများကိစ္စ သခင်ဗဖြူ က သေသေချာချာ ရှင်းပြပြီး လူအချို့တို့ကို ဗိုလ်နေမျိုးနှင့် ကိုယ်တိုင်ခေါ်တွေ့ပေးပြီး ဗိုလ်နေမျိုးကိုယ်တိုင် လေ့လာလိုစေခြင်းဖြင့် ဗိုလ်နေမျိုး၏ ဒေါသမီးကို အရှိန်လျော့သွားစေလိုက်ပါသည်။

ဤအချိန်တွင် သခင်ဗဖြူ၏ အမှန်တရားဘက်မှ ဝင်ရပ်ပေးမှုကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါသည်။ သို့ကြောင့်လည်း အဆင်ပြေသွားပါသည်။ သို့သော် ကျွန်တော်ကား အနည်းငယ်မျှ မတုန်လှုပ်ပါ။ ရင်ဆိုင်ရန် အသင့်ရှိထားပြီးပါပြီ။

ကျွန်တော်၏ အယုံကြည်ရဆုံး လူများ ချက်ချင်း အနီးအပါးသို့ခေါ်ယူလိုက်ပြီး အကယ်၍ သခင်ဗဖြူအိမ်မှ ဗိုလ်နေမျိုးတို့လူစုနှင့် ပြေပြေလည်လည် ဆွေးနွေးလို့ မဖြစ်လျှင် အခြောက်တိုက် တစ်ဖက်သတ်တော့ အသတ်မခံနိုင်ပါ။ သူသေ ကိုယ်သေ နှံတိုက်ခိုက်သွားရန် လက်ပစ်ဗုံး၊ ခြောက်လုံးပူး၊ ရိုင်ဖယ်သေနတ်များပါ ကျွန်တော့်အိမ်ပေါ်မှာရော၊ မလှမ်းမကမ်း အိမ်အချို့မှာပါ လျှို့ဝှက်စွာ ပြင်ဆင်ထားလိုက်ပြီးပါပြီ။

ဗိုလ်နေမျိုးတို့ လူအုပ်မှာ ကျွန်တော့်အိမ်ပေါ်သို့ တက်မလာကြပါ။ မြို့ပိုင်ရုံး (ကျွန်တော့်အိမ်အနီးတွင်) ပေါ်တွင် ကျွန်တော်နှင့် မျက်နှာစုံညီမေးလိုသေးသည်ဟုဆိုကာ ဆိုင်ပေးရန် ပြောချက်အရ သခင်ဗဖြူနှင့်



အုပ်ချုပ်ရေး အရာရှိတို့က စီစဉ်ပေးချက်အရ ကျွန်တော်ကလည်း သွားတွေ့ပါသည်။

ကျွန်တော်သည် ကျွန်တော့်အဆောင်များနှင့်အတူ မြို့ပိုင်ရုံးပေါ်တွင် ဗိုလ်နေမျိုးတို့လူစုနှင့် မျက်နှာချင်းဆိုင် စကားပြောကြရပါသည်။

"ခင်ဗျား ... ကျွန်တော့်လက်မှတ်နဲ့ စစ်သားစုဆောင်းဖို့ ပေးထားတဲ့ အမိန့်စာရယ်၊ ခြောက်လုံးပြူး ကိုင်ဆောင်ခွင့် ပေးထားတဲ့ လက်မှတ်တွေကို ဗိုလ်ဘဦးဆီက ခင်ဗျား ဘာလို့ သိမ်းယူနိုင်သလဲ"

"ကျွန်တော့်တာဝန်အရက ကျွန်တော်တို့ အုပ်ချုပ်နေတဲ့ မြို့နယ်ထဲမှာ ကရင် ဗမာ အဓိကရုဏ်းကြီး မပေါ်ပေါက်လာအောင် အုပ်ချုပ်ရေးဘက်ကရော ကာကွယ်ရေးဌာနဘက်ကရော အရေးတကြီး ထိန်းသိမ်းနေရတဲ့အချိန်မှာ ခင်ဗျားရဲ့ စေတနာနဲ့ ခင်ဗျား ထုတ်ပေးလိုက်တဲ့ စာများ၊ လက်မှတ်များပေါ်မှာ အခွင့်အရေးယူပြီး ဗိုလ်ဘဦးဟာ ကရင် ဗမာ အဓိကရုဏ်း ဖြစ်အောင် ကာယကံမြောက်ကျူးလွန်နေတာကို အမြန်ဆုံး ကာကွယ်ရေးမှူး ဗိုလ်ကြည်နှင့်ပါ ဆွေးနွေးတိုင်ပင်ပြီး အချိန်မီ တားဆီးလိုက်တာ ကျွန်တော်တို့ မှန်တယ်လို့ ယူဆတယ်"

"ဒါဟာ ကျွန်တော်တို့ လုပ်အပ်တဲ့ တာဝန်ဝတ္တရားသာ ဖြစ်တယ် ... ဥပမာ လူတစ်ယောက်ကို ဗိုလ်မိုးကြိုးလို ထိပ်တန်း ဗိုလ်ကြီးတစ်ယောက်ပဲ ဖြစ်စေ၊ လူဆိုးရန် ကာကွယ်ဖို့ ခြောက်လုံးပူးတစ်လက် ကိုင်ဆောင်ခွင့်ပေးထားတယ်၊ ဒါပေမဲ့ ဒီလူဟာ အရက်တွေမူးပြီး ခင်ဗျားရှေ့မှာပဲ အရပ်ထဲက ကလေးတွေ မိန်းမတွေကို ဗိုလ်မိုးကြိုး ထုတ်ပေးထားတဲ့ ခြောက်လုံးပူးနဲ့ လိုက်ပစ်သတ်နေခဲ့ရင် ခင်ဗျား ဒီလိုလူမျိုးကို ကြည့်နေနိုင်ပါ့မလား၊ ဗိုလ်မိုးကြိုး ထုတ်ပေးထားတဲ့ သေနတ်ပဲ ဖြစ်ဖြစ်၊ ဒီသေနတ်နဲ့ မဟုတ်တဲ့ သည်အလုပ်ကို လုပ်နေရင် ခင်ဗျား သိမ်းရမှာပဲ"

ဗိုလ်နေမျိုးတို့လူစု နောက်ထပ် ဘာမျှ မပြောကြတော့ဘဲ ကျွန်တော့်အားလည်း နှုတ်မဆက်ဘဲ ခပ်တည်တည်နှင့် ပြန်သွားကြတော့သည်။

ဗိုလ်ကြီး အလွန် ဖြစ်ချင်နေသော ကျောက်ထိုးဆရာ ကိုဘဦးလည်း ဤကိစ္စ ဤပြဿနာဖြင့် ကျွန်တော့်အား ချောက်တွန်းရန် ကြိုး[illegible] သော်လည်း အရေးမလှ၍ အသာ နောက်ဆုတ်သွားခဲ့ပါသည်။

သို့သော် များမကြာမီ ဂျပန်ပြန် ဗိုလ်ကြီး ဗိုလ်ဇေယျ[illegible] တင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်တပ် တက်လာပြန်ပြီး ညောင်တုန်းသို့ ဗိုလ်ဧယျတပ် ရောက်လာသည်ကို ကျွန်တော်တို့က နောက်မှ သိရပါသည်။ အခွင့်အရေး ထပ်တောင်းရန်နှင့် ကပ်ပြီး ချောက်တွန်းရန် အလစ်ချောင်းနေကြသော အခွင့်အရေးမျှော် အချောင်သမားတို့က အရင် သွားရောက် ကြိုဆိုကြခြင်း၊ ထမင်းခေါ်ကျွေးခြင်းတွေ လုပ်နေကြပါသည်။

ကျွန်တော်ကတော့ ကိုယ့်ဌာန ကိုယ့်အိမ်ပေါ်တွင်ပင် ထိုင်စောင့်နေပါသည်။ ဤနေ့ကား ကျွန်တော် ဝမ်းချုပ်ပြီး နေမကောင်း ဖြစ်နေ၍ ဝမ်းနုတ်ဆေး စားထားခြင်းကြောင့်လည်း တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် သွားရောက် ခရီးဦးကြို လုပ်စရာဟုလည်း မယူဆ၊ မလုပ်နိုင် ... သို့ကြောင့် အိမ်ပေါ်ကပင် သတင်းစောင့် နားထောင်နေသည်။

မကြာမီပင် "ဗိုလ်ကြီး ဗိုလ်ဧယျတပ်က ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ထမင်းထုပ် ဆင့်ပေးပါ" ဟု ဗိုလ်ကလေးများဟု ထင်ရသူများက လာရောက် အကြောင်းကြားပါသည်။

ကျွန်တော်သည် ကာကွယ်ရေး တာဝန်ခံ ဗိုလ်ကြည်နှင့် ပုလိပ်ဘက်မှ ဌာနာအုပ် ကိုအောင်ကျော်တို့ကို တယ်လီဖုန်းနှင့် လှမ်းခေါ်ပြီး ထမင်းထုပ်များ ဆင့်ပေးရန်၊ အကယ်၍ မလောက်ငှလျှင် ဈေးတန်း ထမင်းဆိုင်များမှ ထမင်းများ ဝယ်ကျွေးရန် တစ်ဆင့် အမိန့်ပေး ညွှန်ကြားလိုက်ပြီး၊ မြို့ထဲမှ နာလာသည်နှင့် အိမ်သာတက်ရန် နောက်ဖေးသို့ ထွက်သွားပြီး၊ ပြန်ထွက်လာချိန်မှာ စောစောက လာပြီး ထမင်းထုပ် တောင်းသူ ဗိုလ်ကလေးများနှင့် ဌာနာအုပ် ကိုကျော်အောင်တို့ ပြန်သွားကြပါပြီ။

သို့ဖြင့် ကိစ္စကား ပြီးမသွားပါ။ နေ့လယ် ၁၂ နာရီခန့်လောက်တွင် ဘရင်းဂန်း စက်သေနတ်လေးတို့ကို ကိုင်ဆောင်လာသော လက်နက်တွေနှင့် လူတစ်စုက အိမ်ပေါ်တက်လာပြီး "ဗိုလ်ကြီး ဗိုလ်ဧယျက ခင်ဗျားခုလိုက်ခဲ့ရမယ် ခေါ်တယ်၊ ခုလိုက်ခဲ့ပါ ..." ဟု မာဆတ်ဆတ် ခေါ်နေပါသည်။

မာဆတ်ဆတ် ပြောပုံကိုတော့ နားထဲမှ လုံးဝ မခံချင်ပါ။ သို့သော် စစ်ဗိုလ်၊ စစ်သားကလေးတွေမှာ စစ်မာန်တွေ သိပ်တက်နေပြီး လူထုနှင့်ဆက်ဆံရမှာလည်း သူတို့ခေါ်လာတဲ့ ဂျပန်တွေထက် ပိုမို ရိုင်းကြသူတွေကိုလည်း မြင်ဖူးနေပြီ ဖြစ်၍ "ဟယ် ... ဒီကောင်ကလေးတွေ မာဆတ်ဆတ်



နိုင်တာ အရေးလုပ်စရာ မဟုတ်ဘူး၊ ဘာကိစ္စဆိုတာ သိရအောင် လိုက်သွားမှပဲ" ဟု စိတ်ပိုင်းဖြတ်ပြီး စိုးရိမ်မှု တစ်စုံတစ်ရာ မရှိဘဲ လိုက်သွားပါသည်။

ဟိုက်စကူးကျောင်းကြီးထဲ ဝင်လိုက်တော့ ကျောင်းကြီးထဲမှ ဘီ-အိုင်-အေ လောင်းများကို အားလုံး တန်းစီနိုင်းပြီး မေးမြန်းနေပါသည်။

"မင်းတို့ ဒီကို ရောက်နေတာ ဘယ်နှလဲ ရှိပြီလဲ"

"ကျွန်တော် ၃ လ ရှိပြီ၊ ကျွန်တော်တို့က ၂ လ ရှိပြီ ..."

"မင်းတို့ကို ဒီလောက်ကြာအောင် ဒီမြို့နယ် အုပ်ချုပ်ရေးက လူကြီးတွေက စစ်တိုက်ဖို့ စစ်ကျောင်းတက်ဖို့ ရန်ကုန်မပို့ဘဲ သူတို့ဆီမှာ အလကားသက်သက်ထားပြီး ထမင်းကျွေးထားတာဟာ သက်သက် စိတ်ဓာတ်ပျက်အောင် လုပ်နေတာပဲ၊ ကောင်းပြီ ... အားလုံး အသင့်ပြင် ... ငါနဲ့ လိုက်ခဲ့ကြရမယ် ... လိုက်မယ် မဟုတ်လား"

"လိုက်မယ် ဗိုလ်ကြီး"

ဘီ-အိုင်-အေ လောင်းများကို တန်းစီ စကားပြောပြီးနောက် ...

စစ်သားလောင်းများလည်း ဗိုလ်ဧယျနှင့် လိုက်ရန် ကျောင်းကြီးထဲဝင်ပြီး အထုပ်အပိုး ပြင်နေကြစဉ်၊ ကျွန်တော့်ဘက်သို့ လှည့်ကြည့်ပြီး သူ့လက်ထောက် စစ်ဗိုလ်ကလေးကို အမိန့်ပေးပြီး ကျွန်တော့်ကိုယ်ထဲမှ ခြောက်လုံးပူးကို သိမ်းနိုင်းပြီး ဘာမပြော ညာမပြောနှင့် စစ်သားလောင်းများ လိုက်ခဲ့ရန် သူ့လူများအား မှာကြားပြီး ခပ်တည်တည်နှင့် ထွက်သွားပါသည်။

ဤသို့သော အပြုအမူများနှင့် မြင်တွေ့ရသော ဗိုလ်ဧယျမှာ သခင်လှမောင်ဟု သိရသည့်အတွက် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ သခင်များ၊ သခင်ခေါင်းဆောင်များနှင့် အချို့သော ကျောင်းသားခေါင်းဆောင် အတော်များများတို့မှာ သဘောတရားရေး အမြင်ဖြင့် အင်္ဂလိပ်ကို ရန်သူဟု မြင်ခဲ့သည့် ပထမပိုင်း ကာလများက အမြင်အတိုင်း တရားသေ ရှုမြင်ပြီး နိုင်ငံရေး အတွေ့အလှည့်များ သဘောကို နားမလည်နိုင်ခဲ့ကြပါပေ။

ဒုတိယကမ္ဘာစစ်၏ ဒုတိယပိုင်းကာလ အကူးအပြောင်း အတွေ့အလှည့်တွင် အင်္ဂလိပ်တို့မှာ ရှေ့တန်းရောက် ရန်သူများ မဟုတ်တော့ဘဲ ဂျပန်ဖက်ဆစ်များသာလျှင် ရှေ့တန်းရောက် ရန်သူများ ဖြစ်လာကြပြီဟု သူတို့တစ်တွေ နားလည်နိုင်စွမ်း မရှိခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဂျပန်ပြန်ကြီး ဗိုလ်ဇေယျသည် ဂျပန်ကိုခေါ်ခဲ့ပြီး (ဂျပန်ပေါင်း၊ အင်္ဂလိပ်တိုက်) ဗမာ့မြေပေါ်မှ အလိုအလျောက် ဆုတ်ခွာ ထွက်ပြေးနေကြသော အင်္ဂလိပ်စစ်တပ် အကြွင်းအကျန်များကိုတိုက်ရန် ညောင်တုန်း၊ မနေပြူ ဟင်္သာတမှ မန္တလေးအထိ ကုန်းလမ်းအတိုင်းနှင့် ရေလမ်းအတိုင်း ချီတက်နေခြင်း ဖြစ်သည်။

ကျွန်တော်တို့က ဂျပန်ဖက်ဆစ်များ တိုက်ရန် ပြင်ဆင်နေကြောင်းများနှင့် ကျွန်တော့်ထံတွင် ဂျပန်တိုက်ရန် လက်နက်များ သိုဝှက် သိမ်းဆည်းထားခြင်းများ၊ ဂျပန်ပေါင်းသူများ၏ အမှားများကို ဝေဖန်ရေးသားထားပြီး ဂျပန်ဖက်ဆစ်များကိုသာ တိုက်ရမည်ဟု အမိပ္ပာယ် အလေးအနက်ဖွင့်ဆိုထားသော စာရွက်စာတမ်းများကိုလည်း ကျွန်တော်ပင် ရိုက်ထုတ်ဖြန့်ချိနေကြောင်း စသည့် အကြောင်းစုံတို့ကိုသာလျှင် ဤအချိန် ဤအခါက ဂျပန်ပြန်ဗိုလ်ကြီး ဗိုလ်ဇေယျ အားလုံးသိရှိပါက ကျွန်တော်၏အသက်သည် ဂျပန်လူမျိုး လက်ဖြင့် မသေရမီ ဂျပန်စိတ် မွှန်နေသော မြန်မာအချင်းချင်း၏လက်ဖြင့် သေမည်မှာ မလွဲပါချေ။

ယခုမူ ဗိုလ်ဇေယျ သိသည်မှာ ... ဘီ၊ အိုင်၊ အေ စစ်သားလောင်းများကို ရန်ကုန် စစ်သားစုဆောင်းရေးဌာန စသည်တို့ကို မပို့ဘဲ ညောင်တုန်းမှာပင် အချိန်ဆွဲ အချိန်ကုန်လွန်စေခဲ့ခြင်းဖြင့် တဖြည်းဖြည်း စိတ်ပျက်လာကြပြီး အိမ်နေ မိဘဆွေမျိုး သားမယားတို့ လာခေါ်ကြလျှင်လည်း ကျွန်တော်နှင့် ကာကွယ်ရေးမှူး တိုင်ပင်ကြပြီး စစ်သားလောင်းများ နုတ်ထွက်ခွင့်၊ အိမ်ပြန်ချင်သူ ပြန်ခွင့်တို့ ပြုလိုက်သည်။

ချောက်တွန်းသူများ၊ ဗိုလ်ဇေယျထံ သံတော်ဦးတင်သူများမှာ ဤမျှသာ သိကြပါသည်။ ထို့ထက် သူတို့ ပို မသိကြ၊ မထင်ကြပါ။ ထို့ကြောင့် သူတို့သိသမျှ သံတော်ဦးတင် ချောက်တွန်းပေးလိုက်သော်လည်း ကျွန်တော့်မှာ အကြိမ်းအမောင်းခံရရုံ၊ ခြောက်လုံးပူးသေနတ်သိမ်းယူသွားသည့် အရှက်ခွဲ ခံလိုက်ရရုံဖြင့် ပြီးသွားသည်။

ကျွန်တော်တို့၏ အုပ်ချုပ်ရေး ကော်မတီကိုတော့ ဖျက်၍ မသွားနိုင်ပါ။ ကျွန်တော်၏ ဥက္ကဋ္ဌ နေရာကိုလည်း ဖြုတ်ချ မသွားနိုင်ပါ။

ဤသို့ အနီးကပ်ဆုံးသော အန္တရာယ်များမှာကား ဖက်ဆစ်ဂျပန်လူမျိုး စစ်စစ်ကြီးတွေနှင့် ရင် မဆိုင်ရမီ မြန်မာအချင်းချင်း၊ ကျောင်းသားကျောင်းသားချင်း၊ ဂျပန်ကိုတိုက်ရမည် ဆိုသူနှင့် အင်္ဂလိပ်ကိုတိုက်ရမည် ဆိုသူတို့၏ ရင်ဆိုင်ခဲ့ကြရသော အန္တရာယ်က ကြီးမားလှပေသည်။



## သခင်ကျော်စိန် သေနတ်မှန်ခြင်း

ဘီ၊ ဒီ၊ အေ ခေတ် (ဒေါက်တာဘမော်–အဓိပတိ အရှင်မင်းကြီး ဖြစ်စဉ်) အချိန်အစပိုင်း ကာလလောက်က ဖြစ်မည် ထင်ပါသည်။

ကျွန်တော်သည် ရန်ကုန်သို့ လာရောက်ရန် ကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ၎င်းကိစ္စမှာ နိုင်ငံရေးနှင့် လုံးဝ မပတ်သက်သော စီးပွားရေး လုပ်ငန်းတစ်ခုအတွက် ကျွန်တော်၏ ဓနီးက သကြားလိုင်စင် (ကိုယ်စားလှယ်) (သို့မဟုတ်) ရေနံဆီ (သို့မဟုတ်) ဖယောင်းတိုင် (သို့မဟုတ်) မီးခြစ် စသည့် ပစ္စည်းတစ်ခုခုအတွက် ရရာ ကိုယ်စားလှယ် လိုင်စင်ရရေးအတွက် သို့နှာမည်နှင့် ဆင်းရဲသား တို့ဗမာအစည်းအရုံး ဗဟိုဌာနချုပ် (ရန်ကုန်) မှတစ်ဆင့် သွားရောက် ကြိုးစားပြီး လိုင်စင် ယူထားပေးရန် နားပူနေသည့်အတွက် ကျွန်တော့်အနေနှင့် စီးပွားရေးလုပ်ငန်း ဝါသနာမပါ၊ စီးပွားရေးအလုပ်သည် "ငါ့အလုပ် မဟုတ်၊ ငါကတော့ နိုင်ငံရေးပဲ လုပ်မှာပဲ၊ ငါ လူဖြစ်လာတာဟာ မင်းတို့ မယား သားသမီးတွေ ရှာကျွေးဖို့ လူဖြစ်လာတာ မဟုတ်ဘူး၊ တိုင်းပြည်နဲ့ အမျိုးအတွက် (ယနေ့ခေတ် အသုံးအနှုန်းနှင့် ပြောရလျှင် လုပ်သားပြည်သူအတွက်) ဖြစ်တယ်"

"အေး ... တစ်ခုတော့ ရှိတာပေါ့၊ တစ်အိမ်ထောင်တည်း မိသားစု အသိုင်းအဝိုင်းဆိုတော့ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း ဆိုသည့်အတိုင်း တတ်နိုင်သမျှတော့ ကူညီမယ်" ဟု ဆိုကာ ကျွန်တော့်ဓနီး အဆိုအရ လိုင်စင်များ ယူပေးရန် ရန်ကုန်သို့ ထွက်လာခဲ့ပါသည်။

ရန်ကုန် ရောက်လျှင် စမ်းချောင်း သခင်ဗသိန်း အိမ်မှာ တည်းခိုပါသည်။ မနေပြူ သခင်မြသန်းနှင့်လည်း ဤအိမ်၌ အတူတွေ့ကြပါသည်။ (မနေပြူ သခင်မြသန်းမှာ ယခု စာရေးဆရာ သခင်မြသန်း ဖြစ်သည်) သခင်ကျော်စိန်တစ်ယောက် သေနတ်အပစ်ခံရ၍ ဆေးရုံတက်ရောက်ကုသနေရကြောင်း သတင်းကြားပါတော့သည်။

သို့ဖြင့် သခင်ကျော်စိန်ထံသို့ လူနာသတင်းမေးရန် သခင်မြသန်းအား ကျွန်တော့်ကို ဆေးရုံလိုက်ပို့နိုင်းပြီး သခင်ကျော်စိန်နှင့် တွေ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်လည်း ဆင်းရဲသား တို့ဗမာအစည်းအရုံးသို့ ရောက်တိုင်း ရောက်တိုင်း သခင်ကျော်စိန်ထံ သွားရောက် စကားပြောသည်၊ ဆွေးနွေးကြပါသည်။ သို့သော် တစ်စင်တစ်ဂိုဏ်း ထူထောင်ရန် မဟုတ်ကြပါ။

ထိုအချိန်တွင် သခင်ကျော်စိန်မှာလည်း သခင်စိုးနှင့် အဆက်ပြတ်နေပြီး သခင်တင်မြကလည်း အတွေ့မခံသဖြင့် သခင်စိုးထံ အဆက်ရရေးအတွက်နှင့် သခင်တင်မြနှင့် အထင်လွဲခဲ့သည်တို့ကို စာဖြင့်ရေးပြီး သခင်စိုးထံ အစီရင်ခံစာဖြင့် ရှင်းလင်းနိုင်ရန် ကြိုးစားနေကြောင်း သိရသည်။ တစ်ဂိုဏ်း တစ်စင် ထူထောင်ရန် ကျွန်တော့်အားလည်း မဆွယ်ပါ။ သခင်စိုးဆန့်ကျင်ရေး စကားကိုလည်း တစ်ခွန်းတစ်ပါဒမျှ မပြောပါ။ ကျွန်တော်ကလည်း သခင်တင်မြအပေါ် မပြေလည်ချက်တော့ ပြောပါသည်။

ထို့အပြင် ကျွန်တော်တို့ ဆွေးနွေးသော စကားများမှာကား ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် သဘောတရား ရေးရာများနှင့် လျှို့ဝှက် စည်းကမ်းများ၊ သခင်စိုးနှင့် ပြန်လည်အဆက် မရမီ ကိုယ့်အသိ ကိုယ့်အမြင်အရ လိုအပ်သော ပစ္စည်းများ စုဆောင်းထားရန်နှင့် ရရှိသမျှ စာတမ်းများမှ ဖလှယ်ပြီး လေ့လာကြရန် ဖြစ်ပါသည်။

သို့သော် ထိုအချိန်မှစ၍ သခင်ဖေမြွေးသည် သခင်ကျော်စိန်နှင့် ပူးပေါင်းပြီး တစ်စင်တစ်ဂိုဏ်း ထူထောင်သွားလေပြီ။ (K.S) ဂိုဏ်းဝင်ဖြစ်သွားပြီဟု ညောင်တုန်းတွင်ရှိ ကျွန်တော့်ရဲဘော်များကပင် ကျွန်တော့်ကို အတွေ့မခံ့သူ ရောင်ရှားလာသူတို့ ပေါ်လာကြတော့သည်။

ဖိုးထွန်းသန်းနှင့် ဖိုးထွန်းရင်တို့လည်း ကျွန်တော့်ကို လုံးဝ အတွေ့မခံ၍ သူတို့ ဘယ်နေသည်ကိုပင် လုံးဝ မသိရတော့ဘဲ ပျောက်သွားကြတော့သည်။

### များမကြာမီ

များမကြာမီပင် ဖိုးထွန်းရင်၊ ဖိုးထွန်းသန်းတို့မှာ ပါတီ ဗဟိုကော်မတီဝင်အဖြစ် လည်းကောင်း၊ သခင်စိုး ဦးဆောင်သည့် ကွန်မြူနစ်ပါတီတွင် လူကြီးများ ဖြစ်နေကြောင်းကို ကြားသိရ၍ ကျွန်တော် အလွန် ဝမ်းသာမိပါသည်။

၎င်းတို့နှစ်ဦးမှာ ကျွန်တော်၏ စိတ်နေစိတ်ထားမှအစ ကိုယ်ကျင့်



သိက္ခာ၊ ယုံကြည်ချက်၊ သဘောတရား စသည်တို့ပါ ကျွန်တော့်အပေါ် ကောင်းကောင်းကြီး သိထားသူများ မဟုတ်ပါလော။

သခင်တင်မြနှင့် ကျွန်တော် မပြေလည်၍ ၎င်းတို့မှ သခင်စိုးထံသို့ အဆက်မရနိုင်သော်လည်း သူတို့နှစ်ယောက် (ထွန်းသန်း–ထွန်းရင်) ထံမှ တစ်နေ့နေ့တွင် သခင်စိုးနှင့် ကျွန်တော် ပြန်ပေါင်းထုပ်နိုင်ကြမည် မဟုတ်ပါလော။

သို့ဖြင့် သူတို့နှစ်ဦး ပါတီထဲမှာ လူကြီးများ ဖြစ်သွားကြပြီဟု ဆိုသော သတင်းသည် ကျွန်တော့်အဖို့ ဝမ်းသာလှိုက်လှဲ ချီးကျူးမိပါသည်။

ဤသို့ သူတို့ ၂ ယောက်အတွက် တိုးတက်မှု ရှိနေကြပြီ ဖြစ်သော်လည်း အဆက်ဖြတ်ခံထားရ၍ ဘာတွေ ဖတ်၍ ဘာတွေ လုပ်ရမှန်း မသိတော့အောင် ဖြစ်နေခဲ့လေလေ၊ ဖိုးတင်မြကို ဒေါသထွက်လေလေ ဖြစ်မိပါသည်။

ဤသို့ အတော်ကြာကြာ ပါတီနှင့် အဆက်ပြတ်နေရုံမက ဖိုးထွန်းသန်းတို့ နှစ်ဦးနှင့်လည်း မတွေ့ရတော့သည့် အခြေအနေမျိုးတွင် ရန်ကုန်မှ သခင်ကျော်စိန်ထံမှ စာနှင့် အခေါ်လွှတ်လိုက်သဖြင့် ကျွန်တော် ရန်ကုန်ထွက်လာပြီး သခင်ကျော်စိန်နှင့် တွေ့ပါသည်။

သခင်စိုးနှင့် ကျွန်တော်တို့ အဆက်အသွယ် ပြတ်နေသည့်အခိုက်မှာ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ အဆက်ပြတ်နေသူများက ကိုယ့်အသိ ကိုယ့်ယုံကြည်ချက်အတိုင်း စုပေါင်း တိုင်ပင်ကြပြီး သဘောတူညီချက် ရသည့် စာတမ်းကို ရေးထုတ်လျက် မိမိနယ်မြေဒေသတွင် မိမိတို့ဘာသာ တာဝန်ယူပြီး ၎င်းစာတမ်းများကို များများ ရိုက်ထုတ်ပြီး လူထုထဲအရောက်၊ ညဘက်များတွင် ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ဈေးဆိုင်များပေါ်၊ ရပ်ကွက်များ အိမ်များအပေါ် ရောက်အောင် လျှို့ဝှက်စွာ ဖြန့်ချိရန် ဆွေးနွေး သဘောတူကြပါသည်။

သခင်ကျော်စိန်မှတစ်ဆင့် မိတ်ဆက်ပေးမှုကြောင့် မစ္စတာရာဂျန် (ခေါ်) ဆရာ ရာဂျန်ကို ထိုအချိန်အခါမှ (စမ်းချောင်း မအူပင်လမ်းဟု ထင်သည်) အိမ်တစ်အိမ်တွင် လျှို့ဝှက်စွာ တွေ့ဆုံရင်းနှီး ခင်မင်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ (K.S) သခင်ကျော်စိန်၏ ဂိုဏ်းဟူ၍ လည်းကောင်း၊ (K.S) ဂိုဏ်း ဟူ၍ လည်းကောင်း လျှို့ဝှက် မြေအောက်လုပ်ငန်း သမားများလောက (ဝါ) ဂျပန် ဖက်ဆစ်တော်လှန်ရေး မြေအောက် လျှို့ဝှက်ရေး လုပ်နေကြသူ အချင်းချင်း၏ လောကတွင် နာမည်ထွက်လာပါတော့သည်။

## ကျွန်တော်၏ ကလာပ်စည်း

ညောင်တုန်းမြို့တွင်ကား ဖိုးထွန်းသန်းနှင့် ဖိုးထွန်းရင်တို့ နှစ်ယောက်နှင့် ရန်ကင်းစံရာမှ အချို့တစ်ဝက် သခင်တင်မြဘက် ပါသွားကြသော်လည်း ညောင်တုန်း ကျောင်းသားများထဲမှ သခင်လှရှင်၊ မောင်ပွကြီး (ခေါ်) မောင်တင်အောင်၊ မောင်ကြည်ကြီး ... စသည့် လူငယ် အချို့တစ်ဝက်နှင့် ကလာပ်စည်းဖွဲ့ပြီး ခနေဖြူမှလည်း သခင်ကျော်အေး၊ သခင်အေးညိမ်းတို့ ကလာပ်စည်းများနှင့် ပူးပေါင်းဆက်သွယ်ကြလျက် သခင်ကျော်စိန်နှင့် ဆရာ ရာဂျန်တို့ထံမှ ယူလာသော စာရွက်စာတမ်းများကို ကျွန်တော်တို့ ဆိမ့်တစ်ဆင့် ဂက်စတာနာ (စာကူးစက်ဖြင့်) ရာထောင်များစွာ ပွားထုတ်လိုက်ပြီး ခနေဖြူ၊ ညောင်တုန်း၊ မအူပင် မြို့ပေါ်ထိ တာဝန် ခွဲဝေယူကြလျက် ပလူပျံအောင် တစ်နေ့တည်း၊ တစ်ညတည်း၊ တစ်ချိန်တည်းတွင် ဖြန့်ချိလွှဲဆော်ချလိုက်ကြပါသည်။

ဤအချိန်တွင် အဖမ်းမခံကြရသေးပေ။

အောင်အောင်မြင်မြင်ဖြင့် မှန်းချက်နှင့် နှမ်းထွက် ကိုက်သွားကြသဖြင့် အပျော်ကြီး ပျော်နေကြတော့သည်။

"ဒါ ... ဤဖေကိုယ့် လက်ချက်ကွနော် ..." ဟု ကိုယ့်ကလာပ်စည်းနှင့်ကိုယ် ပီတိဖြစ်နေကြပါသည်။

ဂျပန်ဖက်ဆစ်တို့ အသတ်ခံရမည်ကို အနည်းငယ်မျှ မကြောက်မရွံ့ကြရုံမက ပျော်၍ပင် နေကြသော ကျွန်တော်တို့လူစုအား အရူးဟု ဆိုသူလည်းရှိ၊ မိုက်ရူးရဲဟု ဆိုသူလည်း မရှားတော့ပေ။ ဘယ်သူတွေက ဘာပဲပြောနေနေ၊ ဘယ်သူတွေက ဘာပဲထင်ထင် ... ကျွန်တော်တို့ကတော့ ဤသည်ကား ဂျပန် ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းပင်တည်းဟု သဘောပေါက်နေကြသည်။

ကမ္ဘာပေါ်မှာ အသက်ထင်ရှား ငါတို့ လေးစားအပ်သော စတာလင်



ကြီးနှင့် မော်စီတုံးတို့သည်လည်း မိမိတို့ တိုင်းနိုင်ငံတွင် မိမိတို့ ကွန်မြူနစ် အင်အားစုကြီးဖြင့် ဂျပန်၊ အီတလီ၊ ဂျာမနီ စသော ဖက်ဆစ်သုံးနိုင်ငံကို ဆန့်ကျင် တိုက်ခိုက်နေကြချိန် မဟုတ်ကြပါလော။

ကမ္ဘာ့ကွန်မြူနစ် အင်အားစုများဘက်မှ ငါတို့ လူစုကလေးသည် ဗမာပြည် တစ်နေရာမှနေပြီး ကမ္ဘာ့ ကွန်မြူနစ်ကြီးများနှင့်အတူ ရင်ပေါင်တန်း မလိုက်နိုင်တောင် နောက်ဆွယ်က ထက်ကြပ်မကွာ လိုက်၍ ဂျပန်ဖက်ဆစ်တော်လှန်ရေးကို ဤဒုတိယ ကမ္ဘာစစ်ကြီး၏ အတွေ့အလှည့်မှာ လွှင့်စင် ကျ မကျန်ရစ်ခဲ့ဘဲ ကမ္ဘာ့ဆိုရှယ်လစ် အင်အားစုကြီးများ၊ ကမ္ဘာ့ဒီမိုကရေစီ အင်အားစုကြီးများဘက်မှ ပါဝင်နိုင်ခဲ့ပေပြီတည်း။

## ဒုတိယအကြိမ် စာရွက်များ ဖြန့်ဝေခြင်း

ကျွန်တော်သည် ဘီ၊ ဒီ၊ အေ ခေတ်ထဲမှာပင် သခင်ကျော်စိန်နှင့် ပူးပေါင်းလျက် ပထမအကြိမ် အောင်အောင်မြင်မြင်ဖြင့် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး စာတမ်းများ ဝေဖြန့်ချိနိုင်ခဲ့ကြသဖြင့် နောက်ထပ်တစ်ဖန် ထပ်မံ၍ ဒုတိယအကြိမ်မြောက်တွင် ဗမာတစ်ပြည်လုံး အနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိကြဲချဝေနိုင်ကြရန်အတွက် ကြိုးစားကြပြန်သည်။

မှတ်ချက်။ ။ ကျွန်တော်သည် သခင်ကျော်စိန်အား အင်းစိန် ဘီကလပ်စ် အကျဉ်းထောင်လေးထဲတွင် သခင်စိုးတို့နှင့်အတူ ရင်းရင်းနှီးနှီး အယူဝါဒ တူ၊ စရိုက် တူ တို့ဗမာ အစည်းအရုံးဝင်ချင်း အတူတူ နေထိုင်လာခဲ့၍ အလွန်ရင်းနှီးမှု ရလာခဲ့ကြသော ရဲဘော်ရဲဘက်များ ဖြစ်ကြပါပေသည်။ ထောင်က လွတ်လာပြီးနောက်တွင်ကား သခင်ကျော်စိန်နှင့် ကျွန်တော်မှာ လုံးဝ အဆက်အသွယ် မရှိခဲ့ကြတော့ပါပေ။

ကျွန်တော်သည် ဂျပန်ဝင်စမှစ၍ သခင်တင်မြနှင့်သာ အဆက်အသွယ်လုပ်ပြီး ကိုလှကြည် (ရဲနီကျော်ဝင်း၊ အလံနီကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ)၊ ကိုချစ်လှိုင် (ယခုအခါ အလံနီ တောခိုဘဝမှ လက်နက်ချပြီးလာသူ ကိုထိန်လင်း) စသည်တို့နှင့်လည်း ဂျပန်တော်လှန်ရေး လုပ်ငန်းများအတွက် အယူဝါဒတူညီမှုရှိကြပြီး ရင်းနှီး ခင်မင်ခဲ့ကြပါသည်။ ရံဖန်ရံခါလည်း လူချင်းတွေ့ကြ၊ အဆက်အသွယ် လုပ်ကြပါသည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ ညောင်တုန်းမြို့နယ်ရှိ ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ရေး ကလာပ်စည်းမှ မိမိတို့ သဘောအရ မိမိတို့လက်ထဲတွင် ရှိနေကြသော ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး၊ ပညာပေးရေး၊ လှုံ့ဆော်ရေး စာရွက်စာတမ်းများကို နှစ်ကြိမ်မှ သုံးကြိမ်အထိ ကျွန်တော်တို့ မြို့ပေါ်တွင် တိတ်တဆိတ် ဖြန့်ချိကြဲချ ဝေငှခြင်း ပြုခဲ့သည်။

ထိုအချိန်လောက်က ဂျပန်ကင်ပေတိုင်များအနေဖြင့် ကျွန်တော်တို့ မြို့ပေါ်တွင် ရုံး မစိုက်နိုင်ကြသေးပါ။ ကျွန်တော်တို့ကိုယ်တိုင်ပင် အုပ်ချုပ်ရေး တာဝန်ခံတွေ ဖြစ်နေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် အန္တရာယ်များ မရှိခဲ့ကြပေ။

ယခု ဒုတိယအကြိမ်တွင် ရန်ကုန်မြို့ပေါ်တွင် လည်းကောင်း၊ မြို့နယ် ခရိုင်များတွင် လည်းကောင်း ရှေးယခင်ကထက် လှုပ်ရှားမှုများ၊ စာရွက်ရေ များများ၊ မြို့နယ်များများ၊ ဒေသနေရာ များများတို့တွင် တစ်ပြည်လုံး ပလူပျံသွားလေအောင် အသီးသီး တာဝန်ခွဲဝေလျက် စွန့်စား လုပ်ဆောင် သွားကြရန် ဖြစ်သည်။

မစ္စတာရာဂျန် (ခေါ်) ဆရာ ရာဂျန်မှာ ဘီအက်စီ တစ်ယောက်လည်း ဖြစ်၊ အစိုးရ အထက်တန်းကျောင်း ကျောင်းဆရာ တစ်ယောက်လည်း ဖြစ်ပါသည်။ (ယခု ရန်ကုန် တစ်နေရာတွင် ရှိနေသော တစ်လောက ထောင်မှ လွတ်လာသော ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ကိုအောင်နိုင် ပင် ဖြစ်သည်)

သခင်ကျော်စိန်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း နာယကကြီး အဖြစ်နှင့် ရှေ့ဆောင်ခဲ့သော တို့ဗမာအစည်းအရုံးဗဟိုဌာနချုပ်တွင် အချိန် ပြည့် လုပ်ပေးနေသော ဌာနချုပ်အမှုဆောင်အဖွဲ့ဝင် သခင် တစ်ယောက် ဖြစ်သည်။

သခင်ကျော်စိန်နှင့် မစ္စတာ ရာဂျန်တို့မှာ ကျွန်တော်ကဲ့သို့ပင် သခင် စိုး နှင့် အလွန် တွေ့ချင်ကြပြီး သခင်စိုး၏ခေါင်းဆောင်မှုအောက်တွင် တစ်ပါတီတည်း၊ လုပ်ဆောင်လိုသူများသာ ဖြစ်ကြပါသည်။ သခင်စိုးနှင့် စင်ပြိုင်၊ ပါတီပြိုင် ထူထောင်လိုကြသောစိတ် လုံးဝ မရှိခဲ့ပါပေ။

ကျွန်တော့်အနေမှာလည်း သခင်ကျော်စိန်နှင့် မစ္စတာရာဂျန်တို့နှင့် ပူးပေါင်း လုပ်ဆောင်နေခြင်းသည် ဂျပန်ဖက်ဆစ်တို့ကို မတိုက်ရဲဘဲ ထိုင် နေခြင်းသည် လည်းကောင်း၊ ကိုယ့်ကျိုး ကိုယ့်စီးပွား လုပ်နေခြင်းသည် လည်းကောင်း၊ ဤသို့ နေခြင်းမျိုးသည် ပြည်သူတွေကို သစ္စာဖောက်ရာ



ရောက်သည်ဟု ယူဆမိပါသည်။ ထို့ကြောင့်ပင်လျှင် သခင်စိုးနှင့် အဆက် အသွယ် မရလျှင်လည်း ကိုယ့်အသိနှင့်ကိုယ် ဖက်ဆစ်ဂျပန်ဆန့်ကျင် တိုက်ခိုက်ရေးအတွက် တတ်သလောက် မှတ်သလောက်၊ နားလည်သလောက် တော့ဖြင့် စိတ်ချရသူချင်း၊ အယူဝါဒတူညီကြသူချင်းတို့ ပူးပေါင်းပြီး တစ်ခုခု လုပ်ကြခြင်းကို မှန်သည်ဟုပင် ထင်ခဲ့ပါသည်။

သခင်ကျော်စိန်၊ ဆရာ ရာဂျန် တို့အပြင် သံမဏိ မောင်မောင် (ကျောင်းသား)၊ ဦးကိုကိုကြီး (ယခုအခါ သိန်းလေးဆယ် ဦးကိုကိုကြီး ပင်တည်း)၊ ခနဖြူ သခင်ဗသိန်း (ဘီတီအတ် ဓာတ်ပုံတိုက်ပိုင်ရှင်၊ စမ်း ချောင်း)၊ သခင်သန်း ဗားကရာပွဲရုံ (ၶင်းနောက် အလံနီ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ) (ယခုအခါ တောတွင်းတစ်နေရာတွင် လက်နက်ကိုင် တိုက်ပွဲတစ်ခု၌ ကျဆုံးခဲ့လေပြီ) စသည့် လူကြီးပိုင်းများ ပါဝင်လာကြပြီး ရန်ကုန်တစ်နေရာတွင် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး မြေအောက်အဖွဲ့တစ်ခု အသွင်သို့ ဆိုက်ရောက်လာလေလေ သခင်စိုး ဦးဆောင်သော ကွန်မြူနစ် ပါတီမှ ရဲဘော်များက အတွေ့မခံရဲကြလေလေ ဖြစ်လာတော့သည်။ ဤ အကြောင်းကို လေ့လာသော် ကျွန်တော်တို့တစ်တွေ လုပ်နေပုံများမှာ လျှို့ဝှက်ရေး ပျက်နေသောကြောင့် လည်းကောင်း၊ စင်ပြိုင် ဂိုဏ်းပြိုင် လုပ်နေခြင်းကြောင့် ဟူ၍ လည်းကောင်း ပြောသံဆိုသံများ ကြားရသော် လည်း ကျွန်တော်တို့မှာ ဘဝင်မကျနိုင်ပေ။ ငါတို့ကား ထိုင်နေသည်လည်း မဟုတ်၊ ဂျပန် ဖက်ဆစ်တို့နှင့် ပူးပေါင်းနေသော သူများလည်း မဟုတ်ဘဲ၊ သခင်တင်မြတို့ ဂျပန်တော်လှန်ရေး လုပ်နေသလို ငါတို့လည်း လုပ်နေ တာပဲဟု သခင်တင်မြပေါ်တွင် မကျေချမ်းချက်များနှင့် ငါတို့အား သခင်စိုး နှင့် အဆက်ပြတ်အောင် လုပ်ခဲ့သူ၊ သခင်စိုးနှင့် ငါတို့ကြား ကတုန်း ကတိုက် လုပ်ခဲ့သော သခင်တင်မြ ဟုသာ မှတ်ထင်ခဲ့ပေတော့သည်။

ကျွန်တော်သည် မအူပင်ခရိုင်ကို တာဝန်ယူ စည်းရုံးကိုင်တွယ်ခဲ့ပါ သည်။ ရန်ကုန်တွင်လည်း ကြည့်မြင်တိုင်ဘက်ကို ဦးကိုကိုကြီးတို့ ကလာပ် စည်းများက တာဝန်ယူကြပါသည်။ စမ်းချောင်း မြေနီကုန်းဘက်များကို သခင်သန်း၊ သခင်ဗသိန်းတို့၏ ကလာပ်စည်းများက တာဝန်ယူကြပါ သည်။ သထုံခရိုင်ဘက် သထုံ၊ ကျိုက်ထိုမြို့များပေါ်တွင် ဆရာ ရာဂျန်၊

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သာညွန့်၊ ရဲဘော်စိုးနိုင်တို့ ကလာပ်စည်းများတို့က တာဝန်ယူကြပါသည်။

မနေဖြူမြို့ပေါ်တွင် သခင်အေးငြိမ်း၊ သခင်ကျော်အေး၊ သခင်လှ၊ သခင်ကျော်စိန် (မနေဖြူ) တို့ ပါဝင်သော သခင် ဆယ်ယောက်ကျော် ရှိသည့် ကလာပ်စည်းများက တာဝန်ယူခဲ့ကြပါသည်။ မနေဖြူ ကလာပ်စည်းများမှာ ညောင်တုန်းမြို့ထက် ကေအက်စ် အဖွဲ့ဝင်များ အင်အားကောင်းခဲ့ပါသည်။ (ဤသည်တို့ကား သခင်တင်မြ၏ ဆက်ဆံရေး ညံ့ဖျင်းမှုနှင့် သခင်တင်မြ၏ ဘဝင်မြင့်ပြီး လုပ်ဖော်ကိုင်ဖက်များပေါ် ခေါင်းဆောင်လုပ်ချင်မှု၊ သခင်စိုးကို မိမိနောက်ကွယ်တွင် ဝှက်ထားပြီး မင်းတို့တစ်တွေ သခင်စိုးနှင့် တွေ့ဖို့ မလိုဘူး၊ ငါနှင့်သာ ဆက်ပြီး ငါခိုင်းသမျှ လုပ်ရမည် ဟူသော သခင်တင်မြ၏ အညွှန်းပေါ် အားလုံး မကျေမချမ်း ဖြစ်ပေါ်လာကြပြီး မနေဖြူ သခင်အေးငြိမ်းတို့ လူစုလည်း ညောင်တုန်းက ကျွန်တော်တို့ကဲ့သို့ ဖြစ်လာကြရတော့သည်။

ညောင်တုန်းတွင် တကယ်စွန့်၍ စာရွက်စာတမ်း ဖြန့်ချိသူ သုံးဦးသာ ရှိခဲ့ပါသည်။

မအူပင်မြို့ပေါ်ကိုတော့ ကျွန်တော်နှင့် သခင်သာဟန် တို့ နှစ်ယောက်တည်း အရဲစွန့်သွား၍ ည ၁၀ နာရီတွင် သခင်သာဟန် ကိုယ်တိုင်နှင့် ကျွန်တော်၏ အမည်မဖော်လိုသော ရဲဘော်တစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။

ဤသို့ တစ်ပြည်လုံးအတွက် မြို့နယ်တိုင်း၊ ခရိုင်တိုင်းတွင် မဟုတ်သော်လည်း တစ်ပြည်လုံးတွင် ကွက်ကျား ပြောက်ကျားအားဖြင့် လူဦးရေခေါင်း တစ်ရာကျော်ခန့်၏ စွန့်စား လုပ်ဆောင်မှုများ ပါဝင်ရာ ကျွန်တော်တို့တစ်တွေ၏ ကလာပ်စည်းများသည် နေ့ချင်းညချင်း ရက်တရက် ကြီးထွားကျယ်ပြန့်လာခဲ့ပါသေးသည်။

ထိုသို့ ခဏချင်း ကြီးထွားလာ၍ လူဦးရေ အရေအတွက်က များပြားလာသဖြင့် ဖက်ဆစ်ဂျပန်များ တုန်လှုပ်ချောက်ချား လန့်ဖျပ်သွားပြီး လူထုကလည်း လှုပ်လှုပ်ရွရွ ဖြစ်လာကာ ကျွန်တော်တို့ ခြေလှမ်းကို အာရုံစိုက်လာအောင် တပ်လှန့်နှိုးလိုက်သလို ဖြစ်ခဲ့တော့သည်။

သခင်စိုး ဦးဆောင်သော ကွန်မြူနစ်ပါတီမှ စည်းရုံးပုံ၊ လှုံ့ဆော်ပုံ



တို့မှာ ကျွန်တော်တို့ကဲ့သို့ မဟုတ်ပါချေ။ လူတစ်ယောက်ကို ပိုင်နိုင်စွာ လေ့လာ သိရှိလာတော့မှ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး၊ တိုက်ခိုက်ရေးတို့အတွက် လည်းကောင်း၊ မာ့က္စ၊ လီနင် သဘောတရား စာပေများကို လည်းကောင်း တစ်စတစ်စ ပေးဖတ် လေ့လာစေခြင်း၊ ၎င်းလူ၏ အခြေအနေကို ထပ်မံလေ့လာကြည့်ရှုပြီးမှ နောက်ထပ် ဆက်သွယ်စေခြင်း ... စသည်ဖြင့် တည်ငြိမ်စွာ ဘာသံမျှ မကြားရအောင် ပိပိရိရိ လျှို့ဝှက်ရေး တကယ်ကျစွာ စည်းရုံးပုံ ပုံသဏ္ဌာန်ကို သခင်စိုးက ချမှတ် ပေးနိုင်ခဲ့၍ ဖက်ဆစ်ဂျပန်များလက်သို့ မိမိတပ်သားများ အစုလိုက်၊ အပုံလိုက် တစ်ပြုံတစ်ခေါင်းကြီး မကျရောက်ခဲ့ကြရပါပေ။

အလွန့်အလွန် လက်ချော် ခြေချော် ဖြစ်သွားခိုက် ဖမ်းဆီးမိခဲ့လျှင်လည်း သခင်စိုး ဦးဆောင်သော ပါတီမှ တစ်ဦးချင်း တစ်ယောက်ချင်းထက် ပိုမို၍ ဖမ်းဆီး မရနိုင်ခဲ့ပါပေ။

ရှင်းရှင်းဝန်ခံရလျှင် သခင်ကျော်စိန်၊ ဆရာ ရာဂျန်နှင့် ကျွန်တော်တို့ လှုံ့ဆော်ပုံ၊ စည်းရုံးပုံ ပုံသဏ္ဌာန်မှာ လျှို့ဝှက်ရေး မကျကြဘဲ သူရဲကောင်း ဆန်ဆန် သဘောသို့ သက်ရောက်ခဲ့ပါပေသည်။

သို့ရာတွင် ဂျပန်ဖက်ဆစ်တို့အား ကယ်တင်ရှင်ကြီးများဟု ထင်မှတ်မှားပြီး ဂျပန်ဖက်ဆစ်နှင့် ပူးပေါင်းကာ ကမ္ဘာ့ဒီမိုကရေစီ အင်အားစုကြီးများအပေါ် သစ္စာဖောက်နေခဲ့ကြသော သခင် တော်တော်များများနှင့် ကျောင်းသားခေါင်းဆောင် အချို့တို့ထက် စာကြည့်သော် ကျွန်တော်တို့က ဂျပန်ဖက်ဆစ်ကို တော်လှန်ရမှန်း နားလည်သိရှိခြင်း၊ သိရှိသည့်အလျောက် ကိုယ့်အသက်နှင့် ကိုယ်ကျိုးစွန့်လွှတ်၍ ဂျပန် ဖက်ဆစ်တို့ကို ဦးဦးဖျားဖျား တော်လှန်ဆန့်ကျင် ရဲဝံ့ခြင်းမှာ ဂုဏ်ယူစရာပင် မဟုတ်ပါလော ...။

## ဖမ်းတုန်ပါပြီ

မနေဖြူရှိ ကျွန်တော်တို့ ရဲဘော်များအား ဂျပန် ကင်ပေတိုင် (ဂျပန်စစ်ဗိုလ်ထောက်လှမ်းရေး) တို့က ၁၅ ယောက်ခန့် သခင်တွေကို ဖမ်းလိုက်ပြီး မရှုမလှ ရိုက်နှက် ညှဉ်းဆဲ ရေတိုက် ရိုက်ပုတ် လုပ်နေကြပြီ ဟူသော သတင်းဆိုးကြီးတစ်ရပ် ကျွန်တော်တို့ ညောင်တုန်းမြို့ရှိ ကလာပ်စည်းသို့ သတင်းရောက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ညောင်တုန်းမြို့ပေါ်ရှိ ကျွန်တော့် ကလာပ်စည်းအဖွဲ့ဝင်များအား ကုန်ရောင်း ကုန်ဝယ် လုပ်ငန်းများဖြင့် တစ်နယ်ဒေသတို့သို့ ရှောင်နိုင်းလိုက်ပြီး ကျွန်တော့်အနေနှင့်တော့ ဖော်ကောင် မရှိသေးသမျှ အဖမ်းမခံရသေးဟု ယူဆသည်။ ခနေဖြူက အဖမ်းခံရသူ သခင်အေးညိမ်း၊ သခင်ကျော်အေးတို့ လူစုမှာ တကယ်ပင် သစ္စာရှိ၍ တကယ်ပင် မျိုးချစ်စိတ်ကြီးသူများ တကယ့် ချစ်စရာကောင်းသော သခင်ကြီးများပါပေ။

ခနေဖြူ သခင်များအား ရိုက်နှက်ညှဉ်းဆဲပုံမှာကား သာမန် ရိုက်ရိုးရိုက်စဉ်လောက် မဟုတ်ပါ။ ဂျပန် ကင်ပေတိုင် ဖက်ဆစ်များ ကိုယ်တိုင်ကိုယ်ကျ ရိုက်နှက် ညှဉ်းဆဲပြီး စစ်ဆေးကြပါသည်။ သခင်အေးညိမ်း၊ သခင်ကျော်အေး၊ သခင်လှ၊ သခင်ကျော်စိန် (ရန်ကုန်သခင်ကျော်စိန် မဟုတ်ပါ။ ခနေဖြူသခင်ကျော်စိန်သာဖြစ်သည်) အဖမ်းခံရသူ၊ မသက်သာသူ သခင်တို့အား တစ်ဦးချင်းစီ တစ်ဦးစီ ခွဲပြီး စစ်ဆေးပါသည်။

ခေါင်းဆောင်ဟု ထင်ရသော သခင်အေးညိမ်းနှင့် သခင်ကျော်အေးတို့ နှစ်ယောက်ကို တစ်ခန်းစီခွဲပြီး ၎င်းတို့ တစ်ယောက်လျှင် ဂျပန်ဖက်ဆစ်သုံးယောက်က ခြေထောက်ကို ကြိုးနှင့် တုပ်ချည်ပြီးလျှင် လက်ပြန်ကြိုးနောက်ပြန်ချည်၍ ကုလားထိုင် တစ်လုံးပေါ်သို့တက် မတ်တတ်ရပ်ရပါသည်။ ခြေထောက်ကိုလည်း ချည်နှောင်ထား၊ လက်ကိုလည်း လက်ပြန်ကြိုးတုပ်နှောင်ပြီးကာမှ ၎င်းလက်က ကြိုးနှင့်ဆက်၍ ကောင်းကင်က ထုပ်တန်းမှ ကြိုးပစ်တွင်လိုက်ပြီး တစ်ဖက်တွင် ထုပ်တန်းပေါ်မှ ကျနေသော ကြိုးအစကို ဂျပန် နှစ်ကောင်က ကိုင်ဆွဲထားပြီး ကျန် ဖက်ဆစ်တစ်ကောင်က ကုလားထိုင်ကို ခြေထောက်နှင့် ဆောင့်ကန်လိုက်ပါတော့သည်။

သခင်အေးညိမ်း မတ်တတ်ရပ်နေရသော ကုလားထိုင်မှာကား ဂျပန်က ခြေထောက်နှင့် ဆောင့်ကန်ပစ်လိုက်၍ လဲကျသွားပါပြီ။ သခင်အေးညိမ်း ခမျာမှာတော့ ကုလားထိုင်ကဲ့သို့ လဲ မကျပါ။ လက်ပြန်ကြိုးချည်နှောင်ထားသော ကြိုးတစ်စမှ ခေါင်းပေါ်က ထုပ်တန်းနှင့် ရစ်ပတ်ထားသဖြင့် ကြိုးတန်းလန်းကြီးဖြင့် လေထဲတွင် ရင်မှာ ကော့ပျံတက်သွားပြီး လက်နှစ်ဘက်ကိုလည်း နောက်ပြန် အပေါ်သို့ မ တင် ချိုးလိုက်သလို အကြောများ ပြတ်သွားလောက်အောင် မချိမဆံ့ ခံလိုက်ရပါသည်။

ထိုသို့ လက်ပြန်ကြိုးတုပ် ထုပ်တန်းဆွဲပြီး၊ လူ ကိုယ်ခန္ဓာကိုကိုယ်



ဂျပန်တစ်ကောင်က တအားလွှဲလိုက်ပြီး ယိမ်းထိုးနေသော သခင်အေးညိမ်း၏ ရင်ပုံတည့်တည့်ကို လက်သီးနှင့်တအားပင့်၍ပင့်၍ ထိုးလိုက်ပါသည်။

ထုပ်တန်းမှ ကြိုးကို လျှော့ချလိုက် မြှင့်တင်လိုက်၊ လူကို ဒန်းလွှဲသကဲ့သို့ တအားလွှဲလိုက် အရှိန်နှင့် ယိမ်းထိုးလွင့်လာသော သခင်အေးညိမ်း၏ ရင်အုပ်ကို လည်းကောင်း၊ မေးရိုးကို လည်းကောင်း ဂျပန်ဖက်ဆစ်၏ လက်သီးချက်များဖြင့် ဆက်ခါ ဆက်ခါ ထိုးနှက်လိုက်ရာ နောက်ဆုံးတွင် သခင်အေးညိမ်းခမျာ သတိ မရတော့ပါ။

သတိ မရတော့သော သခင်အေးညိမ်း ကို အထက်ဖော်ပြပါနည်းအတိုင်း နှိပ်စက်သကဲ့သို့ ကျန်အခန်းတစ်ခုထဲမှာလည်း သခင်ကျော်အေးအား ထိုနည်းအတိုင်း ပုံစံတူ နည်းတူ နှိပ်စက် ညှဉ်းဆဲနေခြင်းကို အလူးအလိမ့် ကြိတ်မှိတ် ခံစားနေရပါသည်။ မကြာမီ သခင်ကျော်အေးလည်း စကားမေး မရတော့ပါ။

ကမ္ဘာကြီးကို သတိ မရကြတော့သော ခနေဖြူ သခင်ခေါင်းဆောင်နှစ်ယောက် (သခင်အေးညိမ်း၊ သခင်ကျော်အေး) တို့အား ပုလိပ်တို့က ပွေ့မ ချီယူလာပြီး အချုပ်ခန်းထဲမှာပင် ပစ်ထားလိုက်ကြပါသည်။

ငယ်သား နောက်လိုက်များ၊ လုပ်ဖော်လုပ်ဖက်များဟု ထင်၍ဖမ်းထားသော သခင်လှ၊ သခင်ကျော်စိန်တို့နှင့် သခင်အချို့တို့ကိုလည်း ကြိုးနှင့် ချည်နှောင် ပက်လက်လှန်နိုင်းပြီးမှ ခေါင်းကို မလှုပ်နိုင်အောင် ဝိုင်းဝန်း ချုပ်ကိုင်ထားသူ ပုလိပ်များက ကိုင်ပေးရပြီး၊ ဂျပန်ကင်ပေတိုင် ဖက်ဆစ်များ ကိုယ်တိုင် ရေပုံးကြီး တစ်ပုံးပြီး တစ်ပုံး မ၍ မ၍ ရေသွန်းလောင်းချခြင်းဖြင့် ကုန်းပေါ်တွင် သခင်တို့ ရေနစ်ကြလေပြီ။

တဖူးဖူးနှင့် ပါးစပ်မှ နှာခေါင်းမှ အတင်း ဖွတ်ဝင်လာသော ရေတွေကို အားရှိသမျှ မှုတ်ထုတ်လိုက်သော အသံနှင့် မချိမဆံ့ ရှိုက်သံတို့မှာကား ဖူး ... ဖူး ... ဖူး ... ဟဲ ... ဟဲ ... ဟူး ... ဟူး စသည်ဖြင့် မချိမဆံ့ ဖြစ်နေစဉ် ...

ဂျပန် ဖက်ဆစ်ကောင်၏ အသံမှာကား ...

"ပြော ... ပြော ... လုပ်တယ် မဟုတ်လား ... နှင် ... နှင် ပါတယ် မို့လား" ဟု အတင်း ဝေါက်ငမ်း အော်ဟစ် ဆဲဆို မေးမြန်းနေသံတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဝါးဖြင့် ခပ်ပြင်းပြင်း ရိုက်ခတ်လိုက်သံတို့မှာကား လောက ငရဲပြည်မှ ငရဲသားတို့၏ ခြိမ်းခြောက်သံကြီးများအလား ပွက်လောရိုက် နေတော့သည်။

လက်ချောင်းကလေးများ အကြားဝယ် ခဲတံကို ထည့်ပြီး လက်ကို တအား ဆုပ်ညှစ်လိုက်ပြီးနောက်မှ ခဲတံချောင်းကို ချာလည်ပတ် လှည့်လှည့် ပေးခြင်းအားဖြင့် ခံရသူမှာ တွန့်လိမ် တွန့်လိမ်နှင့် မျက်ရည်ပေါက်ကြီး များ တောက်တောက်ကျအောင် အံကြိတ်ခံနေရင်းက လက်ကြားမှာ သွေး အစက်စက် ကျလာကြပါသည်။

ဤနှိပ်စက်ခန်း တစ်ကဏ္ဍ ပြီးဆုံးသွားသောအခါ လက်ချောင်းများ အကြားတွင် အဖုအပိန့်ကြီးများ၊ ညိုမည်းပေါက်ပြဲနေသော ဒဏ်ရာ ဒဏ်ချက်များမှာ တစ်လကျော်နှင့် မပျောက်နိုင်ကြတော့ပါပေ။

ခြေသလုံးကို မျဉ်းလုံးနှင့်လှိမ့်ခြင်း၊ ခြေသလုံးကို စစ်ဖိနပ်ခွာနှင့် တအားဆောင့်၍ ကန်ကျောက်ထားခြင်းတို့ကြောင့်လည်း အဖမ်းခံ သခင် များ၏ ခြေသလုံးများတွင် ညိုမည်း စုတ်ပြတ် ပွံရွဲ့နေကြပါပေပြီ။

ဤသို့ ဂျပန်ဖက်ဆစ်များ၏ နှိပ်စက်ခန်းမှာ တစ်နေ့တည်း မဟုတ် ပါပေ။ နေ့စဉ်နေ့တိုင်း တစ်ယောက်ကမှ မဖော်မချင်း နှိပ်စက်နေပေတော့ ရာ ကြာလျှင် ခံနိုင်ရည် မရှိကြတော့ဘဲ တောပြောတောင်ပြောနှင့် ညောင်တုန်းက လူတွေရော၊ ရန်ကုန်က သခင်ကျော်စိန်၊ သခင်ဗသိန်းတို့ဆီ အထိ ပေါက်ကြမှာ စိုးရိမ်မိသည်။ သည်တော့ ငါတို့ ခေါင်းဆောင် နှစ်ယောက်က အောက်ပါအတိုင်း ပြောမည်။ သူတို့ သတ်လည်း အသေ ခံကြရုံပဲဟု ဆုံးဖြတ်ပြီး ကမ္ဘာကြီးကို မေ့မေ့သွားရာမှ ပြန်ပြန် သတိရလာ ကြရသော သခင်အေးညိမ်းနှင့် သခင်ကျော်အေးတို့ နှစ်ယောက်က အချုပ် ခန်းတွင်းမှာ အတူပြန်၍ အတူတွေ့ကြရသည့် အခါများမှာ တီးတိုးတိုင်ပင် ကြပြီး သခင်အေးငြိမ်းက ဖွင့်ပြောလိုက်တော့သည်။

၎င်းတို့ ပြောပုံမှာကား ဗမာပြည်တွင် မရှိတော့သော သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့နှင့် အဆက်အသွယ်များ ဖြစ်ကြောင်း။ သခင်အေးငြိမ်း ကို သခင်ဗစိန်က ၎င်းအဖမ်းမခံရမီ (၎င်းပြည်နှင်ဒဏ် မခံရမီ ဆိုလိုသည်) ရန်ကုန်တစ်နေရာမှာ ခေါ်တွေ့ပြီး စာရွက်များဝေရန်ဆွေးနွေးပြီး၊ သဘော



တူညီချက်ရတော့ ၎င်းစာရွက်များကို အများကြီး ပေးလိုက်ကြောင်း၊ ၎င်း ကဲ့သို့ သခင်ဗစိန် ပေးလိုက်သော စာရွက်များကို သခင်အေးငြိမ်းမှ တစ်ဆင့် သခင်ကျော်အေးကိုပါ တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့နှစ်ယောက်မှ ခေါင်းဆောင်၍ သခင်ကျော်စိန်၊ သခင်လှ စသည်တို့နှင့်အတူ ၎င်းစာရွက် များကို ဖြန့်ချိ ကြဲချဝေခဲ့ကြောင်း ... စသည်ဖြင့် သခင်အေးငြိမ်းက မြားဦး ကို ဖော်မိုဆာဘက်သို့ အရောက် ပို့လိုက်နိုင်ခြင်းကြောင့် ညောင်တုန်းနှင့် ရန်ကုန်သို့ ... ကျွန်တော်တို့ဘက်သို့ ကျရောက်မည့် မြားဦးမှာ ပင်လယ် ရပ်ခြား ဖော်မိုဆာအထိ ရောက်သွားခဲ့လေသည်။ ဤသည်ကို ညောင်တုန်း မှ ကျွန်တော်တို့နှင့် ရန်ကုန်မှ သခင်ဗသိန်းတို့ သခင်သန်း၊ သခင်ကျော်စိန် တို့ ရှောင်နိုင်ရန် ထွက်ပေါက်ရှာနိုင်ရန် သခင်အေးငြိမ်းနှင့် သခင်ကျော်အေး တို့၏ အချုပ်ထဲမှ ရှောင်တခင် အကြံဉာဏ်ထုတ်လိုက်ရသည့် တခဲနာပွတ်ဗို ဉာဏ်ဟု ခေါ်ရမည်လား မသိပေ။

ဤသို့ သခင်အေးငြိမ်းတို့က လမ်းလွှဲပေးလိုက်ခြင်းကြောင့် လက်နှိပ် စက် ဘယ်က ရသလဲ ... လက်နှိပ်စက် ဘယ်မှာ ဝှက်ထားသလဲ ... ဂက်စတာနာကို ဘယ်မှာထားသလဲ ... ဆိုသော ဂျပန်တို့ အမိအရ မေးနေ သော မေးခွန်းကိုလည်း လှီးလွှဲပစ်လိုက်နိုင်ခဲ့ပေသည်။

ညောင်တုန်းမြို့ပေါ်မှာလည်း နေပြည်မြို့ပေါ်မှာကဲ့သို့ ဂျပန် တော် လှန်ရေး စာရွက်စာတမ်းများ ပလူပျံ ဝေခဲ့ခြင်းကြောင့် ညောင်တုန်းမြို့ ပေါ်မှာ မည်သူမည်ဝါတွေ ဦးဆောင် လုပ်နေသနည်း ဆိုသော အမေးကို လည်း သခင်အေးငြိမ်းနှင့် သခင်ကျော်အေးတို့က "ဘူး" ခံ၍ "ကျွန်တော် တို့ မသိပါ ... ဒါဟာ အရေးအကြီးဆုံးနှင့် ထိပ်တန်း လျှို့ဝှက်ချက်ကြီး ဖြစ်သဖြင့် သခင်ဗစိန်ဟာ ညောင်တုန်းက လူတစ်ဦးဦးကို သူ့ဟာသူ ခေါ်တွေ့ပြီး စာရွက်တွေ ပေးလိုက်ပြီး ဝေနိုင်းမည် ထင်ပါတယ် ..." ဟု စကားကို အဆုံးသတ် အမြစ်ဖြတ်ထားလိုက်သည့်အတွက် ဂျပန် ကင် ပေတိုင်တို့သည် ညောင်တုန်းက ကျွန်တော်တို့တစ်တွေကို မျက်ခြည်ပြတ် သွားရလေသည်။

ဤသို့ဖြင့် ဆက်မေး၍ မရကြသော နေဖြူ သခင်များအား မအူပင် ထောင်ကြီးချုပ်သို့ ပို့ထားလိုက်သည်ဟု ကြားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ညောင်တုန်း မိုလ်ကြည်ကြီး အဖမ်းခံရခြင်း

ဘီအိုင်အေခေတ်က ကာကွယ်ရေးတာဝန်ခံ မောင်ကြည်ကြီး (ခေါ်) ကျောင်းသားသမဂ္ဂ သံမဏိတပ်ဗိုလ် ဗိုလ်ကြည်ကြီးမှာ ကုန်သည်လုပ်ပြီး လုံးဝ နိုင်ငံရေး ရပ်နားပြီး ထိုင်နေချိန်တွင် ဘယ်သူက ဘယ်လို ခြေထိုးလိုက်သည် မသိ၊ ဗိုလ်ကြည်ခမျာမှာ အဖမ်းခံရပြီး ကုန်းပေါ်တွင် ရေနစ်ရရှာပြန်သည်။

ဘယ်လိုပင် ရေတိုက်ကောင်းသော ဂျပန်ဖက်ဆစ် ကင်ပေတိုင်တို့သည် ဂျပန်တော်လှန်ရေးစိတ်ဓာတ် ရှိခဲ့ဖူးပြီး ကျွန်တော်တို့နှင့် ဘီအိုင်အေခေတ် တစ်လျှောက်လုံးက သစ္စာရှိစွာ လုပ်ခဲ့ဖူးသူပီပီ ယခု ဘီဒီအေခေတ်မှာ ၎င်းကိုယ်တိုင် ဆက်လက် မလုပ်နိုင်တော့သဖြင့် မလုပ်စေကာမူ ဖွဲ့ရှိရှိ၊ သစ္စာရှိရှိဖြင့် အံကြိတ်ခံကာ "မသိပါ ... မသိဘူး ..." ဟူ၍ပင် ဘူးခံခဲ့သူ ဖြစ်ပါသည်။

သို့ဖြင့် ညောင်တုန်းမြို့တွင် ကျွန်တော်တို့တစ်တွေအား မေးလားမြန်းလားပင် မရှိတော့သဖြင့် ကုန်ရောင်းကုန်ဝယ်ဖြင့် တခြားရပ်ရွာသို့ ရှောင်တိမ်းနေကြသော မောင်ပွကြီး (ခေါ်) မောင်တင်အောင်နှင့် မောင်လှရှင်တို့ ညောင်တုန်းမြို့သို့ ပြန်လာကြပြီး ဣန္ဒြေရရနှင့် ခပ်တည်တည် နေထိုင်လျက် ရှိကြပါသည်။

မအူပင် ထောင်ကြီးအတွင်းမှာ ချုပ်နှောင်ထားသော သခင်အေးငြိမ်းနှင့် သခင်ကျော်အေးတို့ ခေါင်းဆောင် နှစ်ယောက်ကိုလည်း ခေါင်းတွင် ဂုန်အိတ်စွပ်၍ သတ်ဖြတ်ရန် ထောင်အပြင်ဘက်သို့ ခေါ်ထုတ်ကြတော့မည့် ဆဲဆဲကာလ တစ်နေ့သောအခါဝယ် ... ရန်ကုန်ဌာနချုပ် ဂျပန်ကင်ပေတိုင်ရုံးမှ အမိန့်များ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူတို့ရှိ ဂျပန်ကင်ပေတိုင်ရုံးများသို့ ညွှန်ကြားချက်များ ရောက်လာတော့သည်ဟု ကျွန်တော်တို့တစ်တွေ အဖမ်းခံရပြီး၍ ဂါတ်ချုပ်ထဲရောက်မှ ကြားသိရတော့သည့် သတင်း ဖြစ်ပေသည်။

ရှောင်တိမ်းရန် မတတ်နိုင်ကြတော့ပေ။ သတ္တိရှိရှိ ဖွဲ့ကောင်းကောင်းနှင့် မျိုးချစ်သူရဲကောင်းများ (သို့မဟုတ်) ဘော်လ်ရှီဗစ်များကဲ့သို့ ပြောင်မြောက်စွာ ဂျပန် ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းအတွက် အသက်ကို အစတေးခံရဲကြရတော့ပေမည်။



တစ်နေ့သော ည ၆ နာရီ၊ ၇ နာရီ အချိန်လောက်တွင် ဂျပန် ကင်ပေတိုင်မှ ဘာသာပြန် တရုတ်ကပြားလေးတစ်ဦးက "သခင်ဖေမြွေး၊ ခင်ဗျားကို ကျွန်တော်တို့ ဂျပန်စစ်ဗိုလ်ကြီးက အခေါ်ခိုင်းလိုက်တယ်" ဟု လာခေါ်ပါသည်။ ကျွန်တော်သည် ကြိုတင်ပြီးထားသော ဆုံးဖြတ်ချက်ရှိပြီးသူ၊ အန္တရာယ်ကို ရှောင်တိမ်းပြေးလွှားခြင်းထက် ရင်ဆိုင်မည်ဟု မိမိကိုယ်ခန္ဓာ တည်ဆောက်ပုံ (ကျန်းမာသန်စွမ်းခြင်းမရှိမှု) အခြေအနေအရ ပြေး၍ မလွတ်နိုင်သူ ဖြစ်သည့်အလျောက် မျက်နှာမပျက် "ဘာကိစ္စလဲကွ" ဟု မေးလိုက်သည်။ "ကျွန်တော် မသိရပါ ..." ဟု ကောင်လေး ပြန်ဖြေပြီးနောက် ကျွန်တော်သည် ဘာမျှ နောက်ထပ် မမေးတော့ဘဲ ကျွန်တော့်ဇနီးအား ခေါ်ပြီး "ငါ့ကို ဂျပန်စစ်ဗိုလ်ကြီးက ခေါ်ခိုင်းလို့ ငါလိုက်သွားမယ်" ဟု နှုတ်ဆက်ပြီး အဝတ်လဲ ဖိနပ်စီးပြီး ဣန္ဒြေရရနှင့်ပင် ခပ်အေးအေး လိုက်သွားပါသည်။

## ရောက်လျှင်ရောက်ချင်း ဆောက်နှင့်ထွင်း

ကျွန်တော် ရောက်လျှင်ပင် ဂျပန်စစ်ဗိုလ်သည် သူ့ရှေ့တည့်တည့်တွင် အထိုင်ခိုင်းထားပြီး ရန်ကုန် ကင်ပေ ဌာနချုပ်ရုံးကြီးက စာရောက်ရှိလာကြောင်း၊ ဒါကြောင့် အခု ခေါ်မေးရခြင်း ဖြစ်ကြောင်း၊ လိမ်ညာပြော၍ ရမည် မဟုတ်ကြောင်း၊ ဒါကြောင့် အမှန်အတိုင်းပြောပါဟု နိဒါန်းပြောပြီး သခင်ကျော်စိန်၊ မစ္စတာရာဂျန်၊ သခင်ဗသိန်းတို့ကို သိသလားဟု မေးပါသည်။

ကျွန်တော်က သခင်ကျော်စိန် (ရန်ကုန်) နှင့် သခင်ဗသိန်း စမ်းချောင်း တို့ကို သိပါသည်။ မစ္စတာရာဂျန်ကို မသိပါဟု ဆိုလိုက်သည်။ ဂျပန်က ဆက်လက်မေးသည်။ "နိပ္ပွန်တွေ မကောင်းဘူး ... နိပ္ပွန်ကို တိုက်ရမယ် ... စာရေးထားတဲ့ စာရွက်တွေကို သခင်ကျော်စိန်နဲ့ ရာဂျန်တို့က ပေးလိုက်တယ်၊ ဟုတ်တယ်မို့လား ... မှန်မှန်ပြောပါ" ဟု ဖက်ဆစ်ကောင်မှာ လူသားကို အစိမ်းလိုက် ဆားမပါဘဲ ဝါးစားတော့မည့် မျက်နှာထားဖြင့် မေးနေပါပြီ။

ကျွန်တော်ကား ဘယ်လို ဖြေရပါ့မည်နည်း။ သေမှာကိုလည်း လုံးဝကြောက်စိတ် မဝင်ပါ။ အရိုက်ခံရမှာ ရေသောက်ရမှာကိုလည်း မကြောက်

www.burmeseclassic.com



လှပါ။ သို့သော် လွယ်လွယ်ကူကူနှင့် မူတူး ဂျပန်စစ်ဗိုလ်၏ ဖြားယောင်းခြောက်လှန့် မေးမြန်းရုံနှင့် အကုန်ဖော်လိုက်ခြင်းသည် အလျင်စလို ပြုမူရာ ရောက်မည်။ သို့ကြောင့် ငါ ငြင်းဆန်ပြီး လျှို့ဝှက်ချက်အရ ဖုံးကွယ်ရမည်ဟု သဘောပိုက်ကာ ခပ်တည်တည်နှင့် ဖုံးကွယ်လိုက်ပါသည်။

ဖက်ဆစ်ဂျပန်မှာ ဖက်ဆစ်ပီပီ ဒေါသအမျက်ကြီးစွာဖြင့် ကျွန်တော်၏ ဦးခေါင်းသို့ စားပွဲပေါ်မှ မျဉ်းလုံးကြီးနှင့် တအားလွှဲ၍ အချက်ပေါင်းများစွာ ရိုက်နှက်လိုက်ပါသည်။ ကျွန်တော်သည် ဂျပန် ဖက်ဆစ်ကောင်ကို ပြန်ချလိုသော ဒေါသစိတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး အံကြိတ်ခါ မျက်နှာထားနှင့် ခပ်တင်းတင်း ပြန်ကြည့်နေပြီး ဘာမျှမပြောဘဲ ဘာပြောရကောင်းမည်နည်းဟု စဉ်းစားနေခိုက်မှာပင် ...

ကျွန်တော့်အား ရိုက်သော ဂျပန်စစ်ဗိုလ်သည် အတွင်းခန်းဘက်သို့ မျက်နှာလှည့်ပြီး ဟိုအခန်းထဲကကောင်ကို ထုတ်ခဲ့စမ်း ဟု အမိန့်ပေးလိုက်ပြီးနောက် အခန်းတွင်းမှ တွဲယူ ဆွဲထုတ်လာခြင်း ခံရသူကို ကျွန်တော့်ရှေ့သို့ ရောက်လာသဖြင့် ကြည့်လိုက်ရာ ကျွန်တော် အလွန် အံ့အားသင့်သွားမိပါတော့သည်။

ပွကြိုး (ခေါ်) မောင်တင်အောင် တစ်ယောက်ပါလား ... ဘယ်အချိန်က အဖမ်းခံနေရပြီး၊ ဘယ်လောက်များ ရိုက်နှက်ထားသနည်း ဆိုလျှင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာလေပြီ။

မျက်နှာကြီးတစ်ခုလုံး ညိုမည်းနီရဲပြီး ရောင်ကိုင်းပေါက်ပြဲနေလေပြီ။ မျက်လုံးကြီး နှစ်လုံးမှာလည်း ကျွတ်ထွက်ကျတော့မည့်အလား ရဲရဲတောက်နီပြီး ပြူးထွက်နေလေသည်။

"သခင်ဖေမြွေး ... ကျွန်တော့်ကိုသာ ကြည့်ပါတော့ဗျာ ... ကျွန်တော်တော့ ဘယ်လိုမှ မခံနိုင်တော့တဲ့အတွက် ခင်ဗျားဟာ ကျွန်တော်တို့တစ်တွေရဲ့ ခေါင်းဆောင်ပဲ၊ ဒီစာရွက်စာတမ်းတွေ ဖြန့်ချိ ကြဲချ ဝေငှလုပ်ကြတာတွေဟာလည်း ကျွန်တော်တို့ပဲ ဆိုတာတွေကို ကျွန်တော်တော့ အားလုံးဖော်ပြောလိုက်ရပြီးပြီ။ ခင်ဗျား ကွယ်ဝှက်နေလည်း ရတော့မှာ မဟုတ်ပါဘူးဗျာ၊ နောက်မှ သတ်ပစ်ရင် အသေခံကြရရုံပဲ၊ အခုလက်ငင်း ခံရတာကို မခံနိုင်လို့ ကျွန်တော် အကုန်ပြောလိုက်ပြီးပြီ ..." ဟု မောင်တင်အောင်၏ ရုပ်ဆင်းအင်္ဂါ ပျက်နေသော ကိုယ်ခန္ဓာမှ ထွက်ပေါ်လာသော စကားသံ



မှာလည်း အသံမမှန်၊ မရှိတင်ကဲ လှိုက်လှဲဝမ်းနည်း ကြေကွဲသံ တုန်တုန်ယင်ယင်နှင့်ဖြစ်၍ ကျွန်တော်၏ အသည်းနှလုံးတွင် ကြင်နာမှုအပြည့်နှင့် မောင်တင်အောင်ကို မမြင်ရက်၊ မကြည့်ရက်အောင် ဖြစ်နေသည့်ကြားမှ ကျွန်တော် ဘာဆက်ပြော၍ ဘာဆက်လုပ်ရမည်ကို တစ်မုဟုတ်အတွင်း ဆုံးဖြတ်လိုက်ရပါတော့သည်။

မောင်တင်အောင်ကို တစ်နေရာသို့ ပြန်ခေါ်သွားကြသည်။

မောင်တင်အောင်အား ပြန်ခေါ်သွားစေပြီးနောက် ဂျပန်စစ်ဗိုလ်သည် "ကဲ ... ဘယ့်နှယ်ရှိစ" ဆိုဘိသကဲ့သို့ မျက်နှာထား ခပ်တင်းတင်းနှင့် ကျွန်တော့်မျက်နှာကို အကဲခတ်သလို စူးစူးစိုက်စိုက်ကြည့်လျက် ကျွန်တော့်အား ကုလားထိုင်ပေါ်သို့ သူနှင့် မျက်နှာချင်းဆိုင် တည့်တည့်မတ်မတ်ပြန်ထိုင်ခိုင်းလိုက်ပါသည်။ (မောင်တင်အောင်ကို တွဲယူ ဖွေ့ရှိ မ လာကြ၍ သမ်တလင်းပေါ်သို့ ချထားလိုက်ပြီး ကျွန်တော့်အား ခေါ်ပြစဉ်တုန်းက ကျွန်တော်သည် မတ်တတ်ရပ်၍ မောင်တင်အောင်အား ထကြည့်ပြီး မောင်တင်အောင်ကို ပြန်ယူသွားပြီးနောက်လည်း ကုလားထိုင်တွင် ဝင်ရောက်မထိုင်သေးဘဲ မတ်တတ်ရပ်လျက် စဉ်းစားနေမိပါသည်။ ရှင်းရှင်းဆိုရသော် ကျွန်တော်သည် ငိုင်သွားခြင်း ဖြစ်သည်)

ကျွန်တော်သည် ကုလားထိုင်ပေါ်တွင် မတ်မတ်ထိုင်ပြီးနောက် ဂျပန်စစ်ဗိုလ်၏ မျက်နှာကို ရဲရဲတောက် ခက်ထန်သည့် ဆုံးဖြတ်ချက်ချထားပြီးသူတစ်ယောက်၏ မျက်နှာထားဖြင့် စေ့စေ့ကြည့်ပြီးလျှင် "ဒီမှာ ကျုပ် ရှင်းရှင်းပြောမယ်၊ ဒီခရိုင်မှာ ကျုပ် တာဝန်ခံပဲဖြစ်တယ်၊ ကျုပ်တို့ ဗမာပြည်ကို အင်္ဂလိပ်က လာပြီး ကျွန်လုပ် အုပ်ချုပ်နေခဲ့စဉ်ကလည်း ခေါင်းငုံ့ မခံခဲ့ဘူး၊ တော်လှန်ခဲ့တာပဲ။ အခု ခင်ဗျားတို့ ဂျပန်တွေက ကျုပ်တို့ ဗမာ့မြေပေါ်မှာ ကျွန်လုပ်ပြီး ဒီလို လာအုပ်ချုပ် မင်းလုပ်နေတာကိုလည်း တော်လှန်တိုက်ထုတ်ရမှာက ကျုပ်တို့ အမျိုးသားစိတ်ရှိသူ မျိုးချစ်ပုဂ္ဂိုလ်တွေရဲ့ တာဝန်ပဲ ... ဒါ ကျုပ်တို့ရဲ့ ဆော်လရှိဗစ် စိတ်ဓာတ်ပဲ ... ခင်ဗျားတို့ ဂျပန်တွေ ခဏခဏ ပြောနေကြတဲ့ အင်္ဂလိပ်-အမေရိကန်ကို ကျွန်မခံဘူး၊ ဂျပန်ပြည်ကို ဘယ်လိုလူမျိုးမှ အအုပ်ချုပ်မခံဘူး ဆိုခဲ့တယ်မို့လား။ ခင်ဗျားတို့ ဂျပန်ပြည်ကို တိုင်းခြားသား တခြားလူမျိုးများက လာရောက်ပြီး ပိုင်စိုးပိုင်နင်း မင်းလုပ် အုပ်ချုပ် ဗိုလ်ကျနေရင်ရော ခင်ဗျားတို့ ခံနေ

www.burmeseclassic.com

www.burmeseclassic.com



ကြမလား ... ခင်ဗျားတို့မှာ သတ္တိရှိသလို ကျုပ်တို့မှာလည်း ကျုပ်တို့ ဗမာနိုင်ငံနဲ့ ဗမာလူမျိုးတွေအတွက် သတ္တိရှိပါတယ်၊ မျိုးချစ်စိတ်ရှိတယ်၊ ဒါကြောင့် တော်လှန်ရေးအတွက် လှုံ့ဆော် စည်းရုံးကြရတယ်။ ဒီစာရွက်တွေ ဖြန့်ချိရတာဟာ စည်းရုံးလှုံ့ဆော်တာပဲ ... အဲဒီလို လုပ်ခဲ့ရင် တစ်နေ့နေ့မှာ ခင်ဗျားတို့ ဖမ်းမိခဲ့ရင် ... ပထမအချက် မသိဘူး ... ငြင်းဆန် ကွယ်ဝှက်ကြရမယ်၊ ဒါမှမရရင် သတ္တိရှိရှိ ကိုယ့်အမျိုးသားတွေအတွက်နဲ့ ကိုယ့်တိုင်းပြည်အတွက် ကိုယ် တော်လှန်တာဟာ တရားတယ်ဆိုတာ သတ္တိရှိရှိ ပြောပြီး ကိုယ်လုပ်တာသာ ကိုယ်ပြောပြီး အသေခံဖို့ပဲ ... ဒါပဲရှိတယ်။ ဒီတော့ ခင်ဗျားတို့ ဘာမှ လူမဆန်တဲ့ နှိပ်စက် စော်ကားမှုတွေ လုပ်နေစရာ မလိုဘူး ... တစ်အချက်ကတော့ သတ်လိုလျှင် သတ်ပစ်နိုင်တယ်၊ နှစ်အချက်ကတော့ တစ်ကျွန်းတစ်နယ် ပြည်နှင်ဒဏ် ပေးလိုချင်လည်း ပေးနိုင်တယ်၊ သုံးအချက်ကတော့ ထောင်ချထားလိုကလည်း ထောင်ချထားနိုင်တယ်။ ဒီသုံးချက်သော ဆုလာဘ်ကြီးမျိုး တစ်ခုခုကိုတော့ ငါတို့ တစ်နေ့နေ့မှာ ရင်ဆိုင်ရမှာပဲ ဆိုတာကို စောစောကတည်းကပင် သိတယ်။ ဂျပန်တော်လှန်ရေး လုပ်ငန်းကို လုပ်ကတည်းက ကြိုတင် တွက်ဆမိကြပြီး၊ အဓိဋ္ဌာန်ပြုပြီး ဆုံးဖြတ်ချက်တွေ ချပြီးမှ ဒါမျိုး လုပ်ဝံ့ လုပ်ရတယ်ဆိုတာ ခင်ဗျားတို့ သိဖို့ပဲ" ဟု နိဂုံးချုပ်လိုက်လေသည်။

မောင်တင်အောင်ကို မြင်လိုက်ရပြီး ကရုဏာဒေါသော ဖြစ်ပေါ်လာပြီး သွေးဆူလာရာမှ မောင်တင်အောင်၏ ပြောဆိုသံများအရ စဉ်းစားဆုံးဖြတ်ပြီး နောက်ဆုံး မပြောလည်း မဖြစ်၊ လှည့်ဖြားလှည့်ပတ် ငြင်းဆန်နေခြင်း အတွက်လည်း အကျိုးရှိမည် မဟုတ်ဟု သိထားပြီဖြစ်၍ အထက်ပါအတိုင်း တိုတိုနှင့်ပြတ်ပြတ် ပြောချလိုက်သည်။

ကျွန်တော် မျှော်မှန်းထားသည့်အတိုင်းပင် ဂျပန် ဖက်ဆစ်ကောင်မှာ ဤသို့ သတ္တိရှိရှိ မိမိလုပ်သည်ကို မိမိလုပ်သည်ဟု ဝန်ခံ ပြောရဲတာကို ကြိုက်သည်ဟု ပြောပြီး၊ ကျွန်တော့်အား အခန်းတစ်ခုတည်းတွင် ချုပ်နှောင်ထားလိုက်ပါသည်။ ၎င်းအချိန်ကစပြီး ကျွန်တော့်အား ညောင်တုန်းအချုပ်ခန်းအတွင်းနှင့် မအူပင် ထောင်အတွင်းမှာပါ၊ ရန်ကုန် ဘားလမ်း၊ ဂျပန် အချုပ်ထောင်အတွင်းမှာရော ကျွန်တော့်အား ရိုက်ပုတ် ညှဉ်းဆဲ



နှိပ်စက်ခြင်း မပြုတော့ပါပေ။ မေးမြန်းစရာတို့ကိုပင် ထပ်မံ မေးမြန်းခြင်း မပြုတော့၍ အံ့ဩနေမိပါသည်။

ကျွန်တော့်အဖို့မှာ လျှို့ဝှက်စရာတွေ အများကြီး ကျန်ပါသေးသည်။ လက်နက် ခဲယမ်းမီးကျောက်များ၊ လက်ပစ်ဗုံးများ၊ လက်နှိပ်စက် စသည်တို့ လျှို့ဝှက်ထားသည်ကို အတင်းရိုက်မေးလျှင်တော့ အသက် အသေခံဖို့ပင် ဆုံးဖြတ်ကြရတော့သည်။ မောင်တင်အောင်မှာ လက်နက်များကိုဖွက်ကိုသိုဝှက်ထားသော နေရာကို အတိအကျ မသိသော်လည်း၊ လက်နက်များရှိကြောင်း ရှိကြောင်းကိုတော့ မောင်တင်အောင် သိပါသည်။ သူ့ဘာသာသူစုဆောင်းထားသည်လည်း ရှိကောင်းရှိမည်ဟု ယူဆပါသည်။ သို့ရာတွင် ကျွန်တော့်အား လက်နက်နှင့် ပတ်သက်၍ အကြိတ်အနယ် မမေးဘဲ "ခင်ဗျားတို့ ဂျပန်ကို တော်လှန်ဖို့ လုပ်တာဟာ လက်နက်ရှိလို့လား ..." "အခုတော့ ဘာမှ မရှိသေးဘူး ... လေသေနတ်တောင် မရှိဘူး၊ နောက်ကို စည်းရုံးရေးတွေ ကျယ်ပြန့်လာပြီး တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်မိခဲ့ရင် ဖြစ်စေ၊ ရန်ပုံငွေတို့ စုဆောင်းမိလာသည့်အခါမှာမှ တဖြည်းဖြည်း သေနတ်ကို ရှာယူဖို့တော့ အစီအစဉ်ရှိတယ် ..." ဟု ဖြေလိုက်သည်နှင့် ပြီးခဲ့ပါသည်။

ဘယ်သူတွေ ပါသေးသလဲ၊ ဘယ်ဝါတွေ ပါသေးသလဲ ဆိုရာမှာလည်း "ယခု ခင်ဗျားတို့ ဖမ်းထားပြီးဖြစ်သော မောင်တင်အောင်၊ မောင်လှရှင် (ခေါ်) သခင်လှရှင်၊ ကျွန်တော်တို့ သုံးယောက်တည်းပင် ညောင်တုန်းမှာ ကလာပ်စည်း တစ်ခုတည်း ရှိကြောင်း၊ (မှတ်ချက်-မောင်တင်အောင်ကို ပထမဆုံး ညောင်တုန်းမြို့ပေါ်တွင် ဖမ်းပါသည်။ မောင်တင်အောင်ကို ဖမ်းပြီး ၂ နာရီကျော် ရိုက်နှက်ပြီးမှ ကျွန်တော့်အား ဖမ်းပါသည်။ မောင်လှရှင် အား နောက်တစ်နေ့မှာ မောင်လှရှင် ကိုယ်တိုင် လာရောက် အဖမ်းခံပါသည်။ အကြောင်းသော်ကား မောင်လှရှင်ဖခင် အဘိုးကြီးအား ဂျပန်တို့က ရိုက်မောင်း ပုတ်မောင်း ခြိမ်းခြောက်ချက်အရ မောင်လှရှင် အဖေကြီးက မောင်လှရှင် ပုန်းနေရာ ကျွန်တော့်အစ်မကြီးအိမ်သို့ လာရောက်ငိုယိုသည်ကို မခံစား မရှုဆိတ်နိုင်သည့်အတွက် သူကိုယ်တိုင် လာရောက် အဖမ်းခံရကြောင်း မောင်လှရှင်ကိုယ်တိုင် ပြောပြ၍ ကျွန်တော် သိရပါသည်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မောင်လှရှင်ကို အတူတူ ထားပါသည်။ မောင်တင်အောင်၊ သခင်လှမောင်တို့အား တခြားစီ ခွဲခြားထားပါသည်။ သခင်လှမောင်မှာ ရန်ကုန် တစ်နေရာမှ ဖမ်းဆီးခြင်း ခံလာရပြီး စာရွက်စာတမ်းများ ဖြန့်ချိရာမှာ လုံးဝ မပါဝင်သူ ဖြစ်သော်လည်း မသင်္ကာဟု ဆိုပြီး ရန်ကုန်မှ ညောင်တုန်းသို့ စစ်ဆေးရန် ပို့လိုက်ပါသည်။

ကျွန်တော်တို့သည် ညောင်တုန်း သုံးယောက်မှလွဲ၍ အခြားလူများကို ဘူးကွယ်ထားကြပါသည်။ ကျွန်တော်နှင့် မောင်လှရှင်တို့က သခင်လှမောင် မပါဘူး၊ သခင်ကြည် (မိုလ်ကြည်ကြီး) မပါဘူး၊ မောင်မောင်ကြည် မပါဘူး၊ ကိုထွန်းအေး (သခင်ထွန်းအေး) တို့လည်း မပါဘူး ... ညောင်တုန်းမှာ တို့သုံးယောက်သာ လုပ်တယ် ဟူ၍ ပြောကြပါသည်။ ထိုထက် ပိုမေး၍ မရကြပါ။ မောင်လှရှင်ကို အနည်းငယ် ရိုက်ပါသေးသည်။ (အနည်းငယ် ဆိုရာ၌ မသက်သာလှပါ၊ သို့ရာတွင် မောင်တင်အောင် အရိုက်ခံရစဉ်ကထက် စာကြည့်လျှင် မောင်လှရှင် အရိုက်ခံရခြင်းမှာ အနည်းငယ်ဟုသာ ဆိုရပါမည်)

မောင်တင်အောင်မှာ အရိုက်ခံထားရချက်များကြောင့် အမှန်အတိုင်းပြောလည်း ရိုက်၊ မဟုတ်တာပြောလည်း ရိုက် ဆိုသလို ခံရရှာပါသည်။

ဥပမာ ... မောင်တင်အောင်ကို သခင်လှမောင် ပါသလား မေးရာတွင်၊ သခင်လှမောင် မပါဘူးဟု အမှန်ဖြေခဲ့သော်လည်း "ပါတယ် ... တာမပါဘူးလို့... နင်လိမ်တယ်" ဟု ဆိုပြီး ရိုက်နှက်ပြန်ပါသည်။ အသားပေါ်တွင် အထိမခံနိုင်အောင် ဖြစ်နေသော မောင်တင်အောင်မှာ "သခင်လှမောင် ပါ ပါတယ်" ဟု တစ်မျိုး ဖြေရပြန်ပါသည်။

ကျွန်တော်နှင့် မောင်လှရှင် ဆီ လာကြပြီး သခင်လှမောင် ပါသည်ဟု တင်အောင်က ပြောတယ်၊ နင်တို့ညာတယ် ... ဟု ကျွန်တော်တို့အား လာရောက်ဆဲဆို ကြိမ်းမောင်းပြီး ရိုက်မောင်း ပုတ်မောင်း လုပ်ပြီး ခြိမ်းခြောက်သော်လည်း ကျွန်တော်တို့က "ဟော့ ... မပါလို့ မပါဘူးလို့ ပြောနေတာကွ ... မင်းတို့ ရိုက်ရုံ မကလို့ သတ်သတ် ... မှန်တာပြောတာ၊ ရိုက်ချင်ရိုက်၊ ခု သတ်လိုက်၊ မဟုတ်တာကို သူတစ်ဖက်သား နစ်နာအောင် မပြောနိုင်ဘူးကွ၊ ငါတို့ လုပ်တယ်၊ ငါတို့ ပြောရဲတယ် .. မဆီမဆိုင်နဲ့ မလုပ်တဲ့လူကို လုပ်တယ်လို့ လိမ်မပြောနိုင်ဘူး" ဟု စပ်မာမာ စပ်တည်တည် တစ်သံတည်း မှုတ်လွှတ်လိုက်သည်။



ဂျပန်သည် မောင်တင်အောင်ဆီ ပြန်သွားပြီး "တင်အောင် မင်း မှန်မှန်ပြောပါ၊ လှမောင် မပါဘူးလို့ မေငြွးနဲ့ လှရှင်က ပြောနေတယ်၊ ဒါကို မှန်မှန်ပြောပါ" "ခင်ဗျားတို့ မရိုက်ရင် မှန်မှန်ပြောပါ့မယ် ..." "မရိုက်ဘူး ... မှန်မှန်ပြော" ဟု ဆိုလိုက်ရာ "အမှန်ကတော့ သခင်လှမောင် မပါပါဘူး၊ ခင်ဗျားတို့က မပါဘူး ပြောတာကို မယုံဘဲ အတင်းရိုက် မေးလို့သာ ပါတယ် ပြောရတာပါ၊ တကယ်ကတော့ လှမောင် မပါဘူး" ဟု နိဂုံးချုပ်လိုက်ရတော့သည်။

သခင်လှမောင်မှာ လွှတ်ဖို့ရန် အလားအလာ ရှိလာပါသည်။ ၎င်းဇနီးနှင့်ပင် တွေ့ခွင့်ရလာပါပြီ။ သို့သော် ... ရန်ကုန်က ကင်ပေတိုင်ဌာနချုပ်ကြီးက သခင်မေငြွး၊ သခင်လှမောင်၊ သခင်လှရှင်၊ မောင်တင်အောင်တို့ကို ရန်ကုန်သို့ အရောက်ပို့ရမည် ဟူသော အမိန့်ကြောင့် မအူပင်မှ တစ်ဆင့် ရန်ကုန်သို့ ပို့ရန် ပြင်ဆင်ပါတော့သည်။

ကျွန်တော်တို့ ၄ ယောက်ကို သင်္ဘောကလေး တစ်စင်းနှင့် မအူပင်ထောင်ကြီးအတွင်းသို့ တစ်နေ့ပို့ထားပြီး တစ်ညအိပ်စေပြီးမှ ရန်ကုန်သို့ ပို့ခြင်း ဖြစ်ပါသည်။

မအူပင်ထောင် ရောက်လျှင် သခင်အေးငြိမ်း၊ သခင်ကျော်အေး၊ သခင်လှ၊ သခင်ကျော်သောင်း၊ သခင်ကြီးညို၊ သခင်ကျော်စိန်၊ သခင်ကျော်ညွှန့်တို့ လူစုနှင့် အိပ်ဆောင်ကြီးတစ်ခု အပေါ်ထပ်တွင် အတူသိပ်၍ တစ်ညအိပ် အတူတကွ နေလိုက်ကြရပါသေးသည်။ တစ်ညလုံး မအိပ်နိုင်ကြပါပေ။

ကျွန်တော်တို့ အရိုက်ခံခဲ့ကြရပုံများနှင့် ဂျပန်မူးတူးတို့အပေါ် ကျွန်တော်တို့ တစ်ပတ်ရိုက်ခဲ့ပုံများ၊ ၎င်းတို့ကို လှည့်စားပြီး ဖြေခဲ့ပုံများ အရေးကြီးတာတွေနှင့် မဆိုင်သူတွေ မသိသူတွေအတွက် အသက်ပေး ကာကွယ်နိုင်ခဲ့ပုံများ၊ လျှို့ဝှက်နေသူ သခင်စိုး၊ မောင်မောင်ကြည်၊ သခင်ထွန်းရင်၊ သခင်ထွန်းအေးတို့မှာ ကျွန်တော်တို့နှင့် အဆက်အသွယ်မရှိကြောင်း၊ ၎င်းတို့အကြောင်း မသိကြောင်း၊ ၎င်းတို့ ကုန်သည်များ လုပ်နေကြောင်း၊ ရန်ကုန်မှာလိုလို ကြားရကြောင်း၊ ကွန်မြူနစ် ဟူ၍ မကြား မသိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



"ဘူး" ပိတ်ခဲ့နိုင်ကြကြောင်း၊ ယခု ရန်ကုန်ရောက်လျှင်လည်း တစ်သံတည်း အတိုင်အဖောက်ညီညီ ထွက်ကြရန် ညှိနှိုင်း ဆွေးနွေးကြပါသည်။

ကျွန်တော်တို့ ဆွေးနွေးချက်များကို ထောင်အစောင့်များ မကြားနိုင်ရန်နှင့် အစောင့် ဝါဒါများ လာလျှင် ကြိုတင် မြင်နိုင်သည့်အတွက် ကင်းချထားပြီးမှ တိုးတိုးတိတ်တိတ် ဆွေးနွေးကြပါသည်။

ဤအချိန်တွင် ကျွန်တော်တို့ ကြိုတင် ကြားသိရကြသည်မှာကား ရန်ကုန်တွင် သခင်ကျော်စိန်၊ ဆရာ ရာဂျန်၊ သခင်ဗသိန်းတို့ကို စတင်မိပြီး ၎င်းတို့ကို ရိုက်နှက်စစ်ရာမှာ ၎င်းတို့ စခန်းများကို တက်ရောက်ရှာဖွေရာမှာ နယ်ရှိ စာရင်းများရသွား၍လိုလို၊ ၎င်းတို့အနက် သခင်ကျော်စိန် (ရန်ကုန်) က ဖော်ပြချက်ကြောင့်လိုလို ကျွန်တော်တို့ ညောင်တုန်းက လူသုံးယောက်ကို စာရင်းအတိအကျ နာမည်နှင့်တကွ ပေးလိုက်ခြင်းကြောင့် အဖမ်းခံရခြင်း ဖြစ်ကြောင်းသိကြရတော့သည်။

ယခု ၎င်းတို့ မနက်ဖြန် အသုတ်ကိုလည်း၊ တချို့ကို ဤနေရာ မအူပင်ထောင်မှ လွှတ်လိုက်မည် ထင်ရ၍ အချို့ ခေါင်းဆောင်ပိုင်းကို ခင်ဗျားတို့ ညောင်တုန်း သုံးယောက်ကဲ့သို့ပင် ရန်ကုန်ရောက်ကြဦးမယ် ထင်ကြပါသည်။

ရန်ကုန်အထိ အခေါ်ခံရသူများမှာ သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ကဲ့သို့ ဖော်မိုဆာ စသော တစ်ကျွန်း တစ်နိုင်ငံခြားသို့ပင် ပို့ထားမည်လား၊ ဗမာပြည်က ထောင်တစ်ခုတည်းမှာပဲ စစ်ပြီး ခြောက်လ အထိ ထောင်ချထားမည်လား၊ သို့မဟုတ် သတ်ပစ်လေမလား ... ဘာလားမှန်း မသိနိုင်ကြပေမဲ့ ကျွန်တော်တို့ကား အရယ်အပြုံး မပျက်၊ အစား မပျက်၊ အအိပ်မပျက် ပျော်ပျော်ပါးပါး နောက်ပြောင်၍ပင် ကစားနေလိုက်ကြပါသေးသည်။

နေဖြူ သခင်ကျော်သောင်းက "သခင်ဖေမြွေး ... ခင်ဗျား ဒီထောင်ထဲကို ရောက်ဖူးတယ် မဟုတ်လား" ဟု မေးပါသည်။ ကျွန်တော်က ရောက်ဖူးကြောင်း ဖြေလိုက်ရပါသည်။ "ခင်ဗျား အင်္ဂလိပ်ခေတ်က ရောက်ခဲ့ဖူးပေမဲ့ ကျွန်တော်တို့လောက် စည်းရုံးရေးရှိမယ် မဟုတ်ပါဘူးထင်တယ်"

"အခု ... ကျွန်တော်တို့ရောက်မှ တစ်ထောင်လုံးကို စည်းရုံးထားတယ် ... ခင်ဗျား ကြည့်မလား၊ ကျွန်တော်တို့ စည်းရုံးရေး အင်အားစုကြီးကို ကြည့်စမ်း၊ ကျွန်တော် ပြမယ်" ဟု ပြောပြောဆိုဆို ထသွားပြီး ကျွန်တော်တို့ ထားသည့် ဘူးကြီးအနီး အဆောင်အပေါ်ထပ်ထောင့် တစ်နေရာမှ နေပြီး "အားလုံး ကောင်းကြရဲ့လား" ဟု အသံကုန် အော်ဟစ်၍ မေးလိုက်ပါသည်။



အိပ်ဆောင်အသီးသီးမှ အကျဉ်းသား ဘာရာ ထောင်အစောင့်များသည် ဘူးကြီးပေါ်မှာ တာဝန်ကျ ဝါဒါထောင်ကြပ်ကြီးက ၁၅ မိနစ် တစ်ကြိမ် တစ်ခါတစ်ရံ မကြာခဏ မေးလေ့ရှိသည့်အတွက် ဘူးကြီးပေါ်မှပင် မေးမြန်းအော်ဟစ် အချက်ပေးလိုက်သံဟု မှတ်ထင်ကြပြီးလျှင် ...

"အားလုံး ကောင်းပါတယ် ခင်ဗျား" ဟူသော တစ်ခဲနက် ပြန်လည်ဖြေကြားလိုက်သော အိပ်ဆောင်အသီးသီးမှ အကျဉ်းသား ဘာရာတို့၏ အသံများ ပေါ်ထွက်လာတော့မှ ကျွန်တော့်မှာ ဟက်ဟက်ပက်ပက် ရယ်မောပြီး ထောင် အရည်ဝနေသော ကျွန်တော့်အား ယခုမှ ထောင်ကြီးချုပ် ခံရဖူးသူ သခင်ကျော်သောင်း က ကစားလိုက်သည်ကို ခံလိုက်ရပါသည်။

ဤသို့ဖြင့် မိမိတို့၏ အသက်ဆားအန္တရာယ်ကို ဂရုမစိုက်နိုင်ကြဘဲ ဂျပန်ဖက်ဆစ်တို့အား တော်လှန်ဆန့်ကျင်ရမည် ဟူသော အသိတရားဖြင့် မသိသေး နားမလည်ရှာကြသေးသော လူများစုကြီးကို ကျွန်တော်တို့ လူနည်းစု ဂျပန်တော်လှန်ရေးသမားများက အသက်ကို အစတေးခံ၍ ဂျပန်ဖက်ဆစ်တွေကို တော်လှန်ရမှန်း သိကြလေအောင် ပညာပေး လှုံ့ဆော်ဖွင့်ချ၊ စည်းရုံးနေကြရင်းဖြင့် ဤသို့ ဤပုံ အရိုက်ခံ အနက်ခံကြရလေပြီ နောက်ကို ဘာဖြစ်မှန်း မသိရကြသေးသော်လည်း ကျွန်တော်တို့ကတော့ ပျော်ပျော်ပင် ဖြစ်ပါသည်။

သို့ဖြင့် မအူပင်ထောင်မှာ တစ်ညအိပ်ပြီး နံနက် မိုးလင်းမှ ညနေနာရီ ၄ နာရီအထိ သမ္မန် မော်တော်ကလေးနှင့် ကျွန်တော်တို့ လေးယောက် (သခင်လှမောင်၊ သခင်လှရှင်၊ မောင်တင်အောင်နှင့် ကျွန်တော့်အား) မစ္စတာ အွန်နိုး ဟု ခေါ်သော ဂျပန်ကင်ပေတိုင် စစ်ဗိုလ်တစ်ဦးနှင့် ပုလိပ်သားရိုင်ဖယ် သေနတ်ကိုင် ၄ ယောက်တို့က လက်ထိပ်နှင့် ခေါ်ဆောင်ပါသည်။ ကျွန်တော် တစ်ယောက်တည်းကိုတော့ လက်ထိပ်မခတ်ပါ။ သူတို့ သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



တွဲကိုတော့ သဘော်ပေါ်၌ လည်းကောင်း၊ မော်တော်ပေါ်၌ လည်းကောင်း လက်ထိပ် ခတ်ပါသည်။

မအူပင်မှ ရန်ကုန် အကြား ခရီးလမ်းတစ်နေရာတွင် နံနက်စာ ထမင်းစားချိန်တွင် မော်တော် ဆိုက်ကပ်ပေး၍ တောရွာလေးတစ်ခုရှိ ထမင်းလည်း ရောင်း၊ လက်ဖက်ရည်လည်း ရောင်းသော ဗမာဆိုင်ကလေး တစ်ခုတွင် ကျွန်တော်တို့သည် ဟင်း နှစ်မည် သုံးမည် ဖြင့် ထမင်း အဝ စားကြပါသည်။

ထမင်းစားပြီးနောက် လက်ဖက်ရည်အချို တစ်ယောက် တစ်ခွက်စီ မှာသောက်ကြပါသေးသည်။ ကျွန်တော်တို့ကို လိုက်ပို့သော ဂျပန်ကင်ပေတိုင် စစ်ဗိုလ် မစ္စတာအွန်နီးသည် သဘောကောင်းပုံရပါသည်။ ပုလိပ်တို့ကလည်း ဆက်ဆံရေးကောင်းပါသည်။ ကျွန်တော်တို့ကလည်း ဆေးလိပ်က အစ ဝယ်ကြပါသည်။ ကျွန်တော်တို့ အဖမ်းခံရစဉ်က ပိုက်ဆံဆို၍ တစ်ပြားတစ်ချပ်မှ အိမ်က ယူလာရခြင်းလည်း မရှိ၊ အိမ်နှင့်လည်း အဆက်အသွယ် မရကြပါ။

သို့သော် ကျွန်တော် တစ်ဦးတည်းမှာတော့ ညောင်တုန်းမှ မအူပင် ထောင်ပို့ရန် ဂါတ်ချုပ်မှအထွက် ကျွန်တော့်အိမ်ရှေ့ လမ်း ၂၀ ရှိ အိမ်ရှေ့မှ ဆိုက်ကားနှင့် ဖြတ်ခေါ်လာရာတွင် အဝတ်အထည်လွယ်အိတ် (လုံချည် နှစ်ထည်၊ အကျီ နှစ်ထည်၊ အပေါ်အကျီ တစ်ထည် ပါသော လွယ်အိတ်) ကို အိမ်မှ လိုက်ပေး၍ ရလာခဲ့ပါသည်။

ဆိုက်ကားပေါ်သို့ ကျွန်တော့်ကို တင်တွန်းပြီး ဂါတ်ချုပ်ထဲမှ ထုတ်ယူလာသော ကျွန်တော်နှင့် အဆောင့်တို့ကိုကြည့်ပြီး စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ အိမ်ပေါ်မှ စိုက်ကြည့်နေကြသော ကျွန်တော့်ဇနီး ဒေါ်တင်တင်နှင့် ကျွန်တော့်သမီးကြီး (၃) နှစ် အရွယ်၊ သားငယ် (၂) နှစ်အရွယ်တို့နှင့် ခယ်မ မြမြ၊ ယောက္ခမကြီး ဒေါ်ငွေဖြူတို့၏ ကြေကွဲဝမ်းနည်းစွာဖြင့် စူးစူးစိုက်စိုက် ကြည့်နေကြပုံကို ယနေ့တိုင် မမေ့နိုင်ပါ။

ကျွန်တော်သည် အင်္ဂလိပ် ကျွန်ခေတ်ကတည်းက အဖမ်းအဆီးခံဖူးသူ၊ ထောင်တန်းကျဖူးသူ ဖြစ်သော်လည်း ဤဂျပန်ဖက်ဆစ်တို့ခေတ်မှာ အဖမ်းခံရသည်မှာကား သေလျှင်သေ၊ မသေလျှင်လည်း တစ်ကျွန်းတစ်ပြည် ကွာခြားသော နိုင်ငံခြားပြည်နှင်ဒဏ်ကိုတော့ အနည်းဆုံး ခံကြရမည်ဟု တထစ်ချ



ပိုင်းဖြတ်ထားလာခဲ့သူများ ဖြစ်ကြပါသည်။ ပေါ့ပေါ့ဆဆ တွက်ပြီး ... ဂျပန်ကို အထင်သေးပြီးမှ လုပ်ရဲသူများ မဟုတ်ပါချေ။

သို့နှင့် ... မအူပင်မှ ထွက်ခဲ့သော သမ္ဗန် မော်တော်မှာ ရန်ကုန် ဆိပ်ကမ်းသို့ ၃ နာရီလောက်တွင် ရောက်ပါသည်။ ကျွန်တော်တို့ ၄ ဦးအား ကုန်တင်ကားကြီး တစ်ခုပေါ်တွင် တင်ဆောင်၍ ကမ်းနား ပုလိပ်မင်းကြီးရုံးသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုရောက်မှ မအူပင်က ပုလိပ်များနှင့် မအူပင်မှ လိုက်ပို့သော ဂျပန်စစ်ဗိုလ် မစ္စတာ အွန်နီးတို့က ရန်ကုန်မှ ကင်ပေတိုင်ချုပ်သို့ အပ်ခဲ့ကြပြီး ၎င်းတို့ ပြန်သွားကြပါသည်။

ကျွန်တော်တို့ ၄ ယောက်အား ညဘက် နေဝင်ခါစတွင် ဘားလမ်းရှိ ကင်ပေအချုပ် အတွင်းဘက်အကျဆုံး အခန်းထဲတွင် အိပ်ရာ မပေး၊ စောင် မပေး၊ ခြင်ထောင် မရှိ၊ နီးဖျာအစုတ်ကလေး တစ်ချပ်သာ ပေး၍ သမံတလင်းပေါ်တွင် ကိုယ့်လက်ကိုယ် ခေါင်းအုံးပြီး အိပ်ကြရပါသည်။ ကျွန်တော့်မှာ ခေါင်းက စောင်းနေသဖြင့် လက်ကို ခေါင်းအုံးအိပ်၍ မဖြစ်သဖြင့် အိမ်က ပါလာသော လွယ်အိတ်ကလေး ခေါင်းအုံးပြီး ခြင်ကိုက်ခံ၍ အိပ်ကြရပါသည်။

## လက်ပုံစံယူခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း

ရန်ကုန်ရောက်ပြီးမှ ကျွန်တော်တို့အား ထွေထွေထူးထူး မေးမြန်းခြင်း မပြုတော့ပါ။ သခင်လှမောင် ကိစ္စကိုသာ တစ်ယောက်စီ မေးပြီးနောက် ကျွန်တော်တို့သုံးယောက် (ကျွန်တော်နှင့် သခင်လှရှင်၊ မောင်တင်အောင်) တို့က တကယ်ပင် သခင်လှမောင် လုံးဝ မသိပါကြောင်း ပြောပြလိုက်တော့မှ လည်းကောင်း၊ ပထမပိုင်းတွင် သခင်လှမောင် ပါသည်ဟု ပြောရခြင်းမှာလည်း မပါပါဘူးဟု အမှန်အတိုင်း ပြောပါလျက် လိမ်ပြောသည်ဆိုကာ အတင်း ဖိရိုက်နှက်နေသဖြင့်သာလျှင် ပြောမိပြောရာ ဆွဲထည့်ခဲ့ရကြောင်းများ လိပ်ပတ်လည်အောင် ရှင်းလင်းပြီးသဖြင့် သခင်လှမောင်မှာ ကျွန်တော်တို့ ရန်ကုန်ရောက်ပြီး ၁၅ ရက်၊ ၂၀ ရက်အတွင်း လွှတ်သွားပါသည်။

ကျွန်တော်တို့ကိုတော့ ပုလိပ်ရုံးကြီး အောက်ဆုံးထပ် ထောင်ခန်း တစ်နေရာတွင် သစ်သားကျွန်းခုတင်၊ အုန်းဆံမွေ့ရာစုတ်တစ်ခု၊ ခေါင်းအုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှင့် စစ်သုံး စာခြင်ထောင် တစ်လုံးနှင့် မိလ္လာခန်းပါဆက်လျက် အခန်းကျယ်ကျယ် တစ်ခုအတွင်း၌ ၁၅ ရက်ခန့် ကောင်းကောင်းထားပါသော်လည်း ရန်ကုန်ရောက်စက သခင်လှအောင်၊ သခင်လှရှင်၊ မောင်တင်အောင်တို့နှင့်အတူ တစ်ပတ်ခန့် အတူအိပ် အတူစား သမ်တလင်းပေါ် အိပ်၊ ကျောက်ဖရုံသီးပြုတ်နှင့် ထမင်းကို တစ်နေ့ ၂ ကြိမ် စားရပါသည်။ တစ်ခါတစ်ရံ ဘူးသီးပြုတ်၊ တစ်ခါတစ်ရံ ဆားနှင့် ထမင်းချည်းသက်သက် စားရသည်ကိုပင် မက်မောမိပါသည်။ ဤကား ဘားလမ်း စတီးဝပ်ခေါ် ဘားလမ်း အချုပ်ကြီးထဲ၌ ဆေးလူ မရှိဘဲ ဂျပန်လူမျိုး စန္ဒရီတွေချည်း သက်သက် အစောင့်ချထားသော အချုပ်၌ ရဲဘော်ရဲဘက်တို့နှင့် အညှဉ်းခံရခြင်းပင် ဖြစ်သည်။

၎င်း ဘားလမ်း စတီးဝပ်ဂါတ် အချုပ်ကြီးရှိ အခန်းအသီးသီးတို့တွင် တစ်ခန်းမှ တစ်ခန်းသို့ လူချင်း မကူးမသန်း မသွားလာကြရသော်လည်း အနေကြာလာကြသောအခါ ကျွန်တော်ကဲ့သို့ အဖမ်းခံရသူများမှာ ဆရာ ရာဂျန်၊ ဦးကိုကိုကြီး၊ သခင်ဗသိန်း၊ သခင်သန်း စသည်ဖြင့် လူပေါင်း ၄၀ ကျော် ၅၀ ခန့် ရှိသည်ဟု အကဲခတ်မိပါသည်။

ကျွန်တော် တစ်ယောက်တည်း အဆိုပါ ကမ်းနား ပုလိပ်ရုံးကြီးအောက်ရှိ (ကင်ပေတိုင်ရုံးကြီး) အခန်းတစ်ခုတွင် ခွဲထားပြီးမှ တစ်နေ့တွင် ဂျပန်စစ်ဗိုလ်တစ်ဦးက ခင်ဗျားကို ကျွန်တော်တို့ ကင်ပေတိုင်ဗိုလ်ကြီးကြီးဆုံးက စကားပြောဖို့ အခေါ်လွှတ်လိုက်တယ် ဟု ပြောပြီး မော်တော်ကားအကောင်းစားကြီး တစ်စင်းနှင့် ခေါ်သွားပါသည်။ ခေါင်းကို စောင်တစ်ထည် ခြုံနိုင်းပြီး ခေါင်းမြီးခြုံကြီးနှင့် ကား၏နောက်တန်းမှ အိပ်လိုက်သွားရပါသည်။

ကားဆိုက်ပြီး ထထ ဟု ပြောမှ ထ ကြည့်လိုက်ရာ အလွန်သပ်ရပ်သော ခြံဝင်းတစ်ခုအတွင်းရှိ တစ်ထပ်တိုက် လှလှ ပုပုလေးရှေ့ ရောက်နေကြောင်း သိရသည်။ ၎င်းတစ်ထပ်တိုက်အတွင်းရှိ ဧည့်ခန်းအတွင်း ဝင်ပြီး အလွန်သစ်လွင် သပ်ရပ်လှသည့် ဘုံဆောဘားမားလုပ် ကုလားထိုင်တစ်ခုံပေါ်တွင် အထိုင်ခိုင်းပါသည်။

၎င်းအခန်း၏ ဘေးနံရံတွင်လည်း နှစ်ယောက်ထိုင် ဆိုဖာ ကုလားထိုင်ကြီးများ၊ အပေါ် မျက်နှာကြက်တွင်လည်း ဖန်မီးပွင့် ရောင်စုံများဖြင့်



ဧည့်ခန်းတစ်ခုလုံး၏ အဆင်အပြင်မှာ ဥရောပတိုက်သား သူဌေးတစ်ဦးဦး၏ အိမ်ဧည့်ခန်းနှင့် တူနေပေတော့သည်။

ကျွန်တော့်ကို ခေါ်လာသော စစ်ဗိုလ်မှာလည်း မအူပင်က လိုက်ပို့သော စစ်ဗိုလ်နာမည်နှင့် တူနေသေးသည်။ ၎င်း၏ နာမည်မှာလည်း အွန်နိုးစံဟု ခေါ်ကြောင်း မကြာမီ သိရပါသည်။ ကျွန်တော်နှင့် ၎င်းစစ်ဗိုလ် ထိုင်နေစဉ် ချောချောလှလှ အသက် ၂၀ အရွယ်ခန့်ရှိ ဂျပန် အမျိုးသမီးကလေးနှင့်အတူ အသက် ၄၀ ခန့်ရှိ စစ်ဗိုလ်ကြီး ဟု ထင်ရသော ဂျပန်ဗိုလ်တစ်ဦးတို့ ခဏအကြာ အခန်းတစ်ခုအတွင်းမှ ထွက်လာကြပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဂျပန်စစ်ဗိုလ်ကြီးက ဝင်ထိုင်လိုက်ပါသည်။

စစ်ဗိုလ်ကြီးဟု ထင်ရသူက တစ်စုံတစ်ရာ ဂျပန်လို ပြောလိုက်ရာ အွန်နိုးစံက အတွင်း မီးဖိုခန်း ဟု ထင်ရသော အခန်းသို့ဝင်၍ တစ်ခုခု မှာလိုက်ပါသည်။ မကြာမီ နို့အေးနှင့် ကိတ်မုန့်များ၊ ဂျပန် စီးကရက်များ ရောက်လာပါသည်။

ကျွန်တော်သည် ရုတ်ခြည်း မစားမသောက်သေးဘဲ ကြည့်နေစဉ်မှာပင် ဂျပန်စစ်ဗိုလ်ကြီးက ဂျပန်လို ပြောလိုက်ပါသည်။ ဂျပန်မလေးက ဗမာလို ပီပီသသနှင့် စကားနောက်မှ ပြောကြတာပေါ့၊ မုန့်နဲ့ နို့ သောက်လိုက်ပါဦး ... ဟု ဆိုသဖြင့် ကျွန်တော်လည်း မဆိုင်းမတွ မုန့်ကို နှစ်ခုလောက် နှိုက်ယူစားလိုက်ပြီး နို့အေးတစ်ခွက်ကို သောက်ချလိုက်ပါသည်။ ၎င်းနောက် စီးကရက် တစ်လိပ်ကို မီးညှိသောက်လိုက်ပါသည်။

ဂျပန် စစ်ဗိုလ်ကြီးနှင့် အွန်နိုးတို့ကလည်း စားသောက်ပြီး တိတ်တဆိတ် ငြိမ်သက်နေကြစဉ်တွင် ဂျပန် စစ်ဗိုလ်ကြီးက ဂျပန်စကားနှင့် အတန်ငယ် စကားပြောပြီး ရပ်လိုက်ပါသည်။

"ကျွန်မတို့ နိပ္ပွန် စစ်ဗိုလ်ကြီးက စကားပြောပါရစေတဲ့၊ ပြောလိုတာကတော့ ကျွန်မတို့ နိပ္ပွန်တွေကို ဘာကြောင့် တော်လှန်တိုက်ခိုက်ဖို့ လုပ်ကြပါသလဲ၊ ကွန်မြူနစ်ဝါဒကို ယုံကြည်သလား၊ ဘာ့ကြောင့် ကွန်မြူနစ်ဝါဒကို ကြိုက်နှစ်သက် ယုံကြည်ပါသလဲဆိုတာ သိပါရစေတဲ့"

ကျွန်တော့်အလှည့် ရောက်ပါပြီ။ ဒီနေရာမှာ ကျွန်တော်သည် ကိုယ့်အမြင်မှန်နှင့် ကိုယ့်ယုံကြည်ချက် အမှန်တို့ကို သတ္တိရှိရှိ ပြောရဲဖို့သာ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီး ဖြစ်သည့်အတိုင်း ပြန်ပြောလိုက်သည်။ "ဗမာပြည် ဗမာ့မြေပေါ်မှာ ကျွန်ပြု လာရောက်အုပ်ချုပ် မင်းလုပ် စိုးမိုးနေသူ မှန်လျှင် အင်္ဂလိပ်ကိုလည်း တော်လှန်ရမှာပဲ၊ ဂျပန်ကိုလည်း တော်လှန်ရမှာပဲ၊ ဘယ် လူမျိုးခြား တိုင်းတပါးသားကိုမဆို ဗမာမြေပေါ်မှ ထွက်ခွာသွားသည်အထိ တော်လှန် တိုက်ခိုက်ရဖို့မှာ ဗမာမျိုးချစ် ပုဂ္ဂိုလ်တိုင်းရဲ့ တာဝန်ဖြစ်တယ်"

"အင်္ဂလိပ်က ဗမာပြည်ကို ကျွန်လုပ်ပြီး အုပ်ချုပ်နေခဲ့စဉ်ကလည်း အင်္ဂလိပ်ကို သူပုန် ထပြီး တိုက်ထုတ်ရမည်ဟု တရားဟောခြင်းကြောင့် အင်းစိန်ထောင်၊ မော်လမြိုင်ထောင်တို့တွင် တစ်နှစ် ထောင်ကျခံခဲ့ရဖူးပါပြီ"

"ယခု အင်္ဂလိပ်တွေလည်း မရှိတော့ပြီ၊ အင်္ဂလိပ်ကို တိုက်ရမည့်နေရာမှာ ဒုတိယကမ္ဘာစစ် ဖြစ်လာပြီး ဂျပန်၊ အီတလီ၊ ဂျာမနီတို့ကို တိုက်ရမည့်အသွင်သို့ ပြောင်းသွားကြောင်းတို့ကို ပြောပြလိုက်ပြီးမှ၊ ကွန်မြူနစ်ဝါဒကို ကြိုက်နှစ်သက်ရခြင်း ယုံကြည်ရခြင်း အကြောင်းမှာ ကွန်မြူနစ်ဝါဒမှာ အလုပ်သမား လယ်သမား လူတန်းစားတို့ကို အခြေခံထားပြီး ဆောင်ရွက်သောကြောင့် ကွန်မြူနစ်ဝါဒကို ကြိုက်နှစ်သက်တယ်"

"တစ်နေ့ အမှန်တရားဖြစ်သည့် ကွန်မြူနစ်ဝါဒဟာ ဧရာမ လုပ်သားပြည်သူတွေရဲ့ အများကြိုက် သဘာဝကျတဲ့ ဝိဇ္ဇာနည်းကျတဲ့အတွက် တစ်နေ့နေ့မှာ ကွန်မြူနစ်ဝါဒသာလျှင် ကမ္ဘာကြီး တစ်ခုလုံးကို အောင်နိုင်လွှမ်းခြုံမိလိမ့်မည်ဟု ယုံကြည်တယ်" ဟု နိဂုံးချုပ်လိုက်ပါသည်။

ကျွန်တော်နှင့် ဂျပန်စစ်ဗိုလ်ကြီး နှစ်ဦးတို့ စကားပြောကြရသည်မှာ တစ်ဦးက ဗမာစကား၊ တစ်ဦးက ဂျပန်စကား၊ ဤသို့ ခြားနားနေသည်ကို အလယ်မှ စကားပြန်မကလေး လီလီစံက တစ်ပိုဒ်စီ တစ်ပိုဒ်စီ ဖြတ်တောက်ပြီး တဖြည်းဖြည်း အေးအေးဆေးဆေး ပြောကြရပါသည်။

ဂျပန်စစ်ဗိုလ်ကြီးက ပြန်လှန် ပြောပြသည်မှာ "ကွန်မြူနစ်ဝါဒကို ကျွန်တော်တို့ နိပ္ပွန်တွေလည်း လေ့လာကြပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကတော့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စတဲ့ နိုင်ငံဖြစ်တဲ့ အရှင်းရှင်နေရှင် နိုင်ငံကြီးတွေကို အာရှတိုက်သား နိုင်ငံများချင်း ပူးပေါင်းပြီး စစ်တိုက်ယူပြီးကာမှ ကျွန်တော်တို့ လိုချင်တဲ့ ဝါဒတွေ လမ်းစဉ်တွေ လုပ်နိုင်ကြမည်လို့ ယုံကြည်ကြပြီး ဗမာပြည်က သခင်ခေါင်းဆောင်တွေနှင့်



ကျောင်းသားခေါင်းဆောင်တွေ အချို့နှင့် ပူးပေါင်းပြီး ဘီအိုင်အေ၊ ၎င်းမှ ဆက်၍ ဘီ၊ ဒီ၊ အေ အစရှိသည်ဖြင့် ဗမာလူမျိုး ခေါင်းဆောင်တွေကို အုပ်ချုပ်ရေး စစ်ရေး ပေးထားခဲ့ပါတယ်။ အခု ဗမာ့ပြည်မှာ နိပ္ပွန် စစ်တပ်မတော်တွေက လာရောက် ကူညီနေတာပါ။ ဗမာပြည်က ဗမာ့တပ်မတော်မှာ လေတပ်၊ ရေတပ်၊ ကုန်းတပ်မှ စပြီး အင်အား မလုံလောက်သေး၍ နိပ္ပွန် တပ်မတော်က စစ်ကြီးအတွင်းမှာ အင်္ဂလိပ် အမေရိကန်တို့ လာရောက် သိမ်းပိုက် မထားနိုင်စေရန် အာရှတိုက်သားချင်း ညီအစ်ကိုချင်း သဖွယ် လာရောက် ကူညီနေရတာပါ" ဟု ဂျပန်စစ်ဗိုလ်ကြီးမှာ ဖက်ဆစ်စစ်ဗိုလ် ဖြစ်ပါလျက် ဖက်ဆစ်တို့၏ အပြုအမူကို မပြဘဲ အလွန်နူးညံ့ပျော့ပျောင်းစွာ မျက်နှာထား ချိုချိုသာသာနှင့် "ဘုန်းကြီးစာချ၊ မိကျောင်းမင်း ရေကင်းပြ" ဆိုတာလို လူလည်လုပ်ပြီး တရားဟောနေပါသည်။

ကျွန်တော်သည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်၍ စိတ်မဝင်စားသော်လည်း 'ဘု' မှတ်လိုက်ရ ကောင်းမည်လော၊ ငါ နားလည်ထားချက်တွေကို အနုစိတ် ဖွင့်ဟပြီး အပြိုင်အဆိုင် ချေ၍ တရားပြန်ဟောရကောင်းမည်လောဟု အတွေးဖြင့် နားထောင်နေစဉ်မှာပင် "ကဲပါလေ ... နောက်တော့လည်း ဆွေးနွေးကြသေးတာပေါ့၊ ကျုပ်တို့ နိပ္ပွန်တွေရဲ့ အလုပ်ကို စစ် ပြီးသည့် တိုင်အောင်တော့ ခင်ဗျားတို့ မယုံကြည်ပေမဲ့ စောင့်ကြည့်ဖို့တော့ ကောင်းပါတယ်"

"ကျွန်တော်ကတော့ ခင်ဗျားတို့ ပြောဟောနေကြတာကို မြို့ပေါ်တွေမှာ မကြာခဏ ကြားဖူးတယ်၊ ခင်ဗျားတို့ပေးတဲ့ လွတ်လပ်ရေးလည်း မယုံကြည်ဘူး။ ခင်ဗျားတို့ ပေးထားတယ်ဆိုတဲ့ အုပ်ချုပ်ရေးနဲ့ စစ်ဘက်တပ်မတော်ဟာလည်း ဘာမှ အာမခံချက် မရှိဘူး။ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကို လုံးဝ မငဲ့ဘဲ ရှင်းရှင်းပြောရရင် ဂျပန်၊ ဂျာမနီ၊ အီတလီတို့ကို အရင်းရှင် ဖက်ဆစ်နိုင်ငံများလို့ပဲ နားလည်ထားတဲ့အတွက် ဖက်ဆစ်ကို တိုက်ရမယ်၊ ဖက်ဆစ်ကို တော်လှန်ရမယ် ဆိုတဲ့ အမြင်ဘက်က နေကြည့်ပြီး အခုလို ဂျပန်တော်လှန်ရေးအတွက် လုပ်ကြတာပဲ" ဟု ကျွန်တော်သည် စိတ်ကိုတင်းပြီး ဖြစ်ချင်တာ ဖြစ်စေတော့ဟု အရဲစွန့်ကာ ပြောင်ပြောင် ဖွင့်ဆော်လိုက်ပါသည်။

ဂျပန် စစ်ဗိုလ်ကြီးမှာ အလွန် သိမ်မွေ့ဟန်ဆောင်ပြီး မျက်နှာထား

www.burmeseclassic.com

www.burmeseclassic.com



ချိုချို ထားခဲ့ကာ ပြောဆိုခဲ့သော်လည်း ကျွန်တော့်ထံမှ နောက်ဆုံး ပြောလိုက်သော စကားကို စကားပြန် ဂျပန်မကလေးဆီမှ ဂျပန်လို ကြားသိရသည်နှင့် သိသိသာသာကြီး မျက်နှာပြောင်းသွားပြီး ဒေါသထွက်လာဟန် ပေါ်လာပါသည်။

ကျွန်တော်သည်လည်း ၎င်းတို့ မျက်နှာပြောင်းပြီး အမူအရာ ခက်ထန်သွားသည်ကို မသိဟန်၊ ဂရုမစိုက်ဟန်ပြုကာ စီးကရက်ကိုသာ သောက်ရင်း ရှေ့လျှောက် ရင်ဆိုင်ရမည့် အန္တရာယ်ကို သို့လော ... သို့လော ... တွေးတောနေမိပါသည်။

## သခင်ကျော်စိန်နှင့် တွေ့ခြင်း

စကားပြန်။ "ရှင့်ကို မေးနေတယ် ... သခင်ကျော်စိန်နဲ့ တွေ့ချင်သလားတဲ့၊ သခင်ကျော်စိန် အပေါ်မှာ ဘယ်လို သဘောထားသလဲ ..." တဲ့။

ကျွန်တော်။ "မတွေ့ချင်ပါဘူး၊ ဘယ်လိုမှတော့ သဘောမထားပါဘူး"

စကားပြန်။ "ကျွန်မတို့ ဗိုလ်ကြီးက ပြောတယ် ... ရှင် သခင်ကျော်စိန်နှင့်တွေ့ပြီး စကားပြောပါဦး၊ သူဟာ ရှင်တို့အပေါ်မှာ အများကြီး စိတ်ကောင်းထားပါတယ်၊ သခင်ကျော်စိန်နှင့် အခုတွေ့ရမယ်" ဟု ပြော၍ ပြုံးချုပ်လိုက်ပါသည်။

ဂျပန်စစ်ဗိုလ်ကြီးမှာ စကားပြန် လီလီစံနှင့်အတူ ထ၍ ထွက်သွားကြစဉ် အွန်နိုးစံဟုခေါ်သော ဂျပန်စစ်ဗိုလ်လေးက ညှော်ခန်းနှင့် ကပ်လျက်ရှိသော အခန်းတစ်ခုကို လက်နှင့်ခေါက်လိုက်ပြီး တံခါးဖွင့်နိုင်းလိုက်သည်တွင် ၎င်းအခန်းအတွင်းမှ သခင်ကျော်စိန် ထွက်လာကာ ကျွန်တော့်ကို နှုတ်ဆက်ပြီး ၎င်းအခန်းတွင်းရှိ ခုတင်ပေါ်သို့ ခေါ်သွားပါသည်။

သခင်ကျော်စိန်၏အပြောမှာ သခင်ဗသိန်း ကို စတင် ဖမ်းဆီးပြီး ၎င်းအား ဖမ်းဆီးကြောင်း၊ ၎င်းနောက် ဆရာ ရာဂျန် တို့၊ ဦးကိုကိုကြီးတို့အားလုံး ဖမ်းမိကုန်ကြောင်း၊ နောက်ဆုံးတွင် အားလုံး သေကုန်မည်ဖြစ်၍ တစ်နည်းတစ်လမ်းအားဖြင့် ထွက်ပေါက်ကို ရှာကြံသောအားဖြင့် ကင်ပေတိုင် စစ်ဗိုလ်ကြီးနှင့် ဆွေးနွေးပြီး ၎င်းတို့ (ဂျပန်တို့ကိုဆိုလိုသည်)၏



အပြုအမူတွေ လုပ်ပုံတွေကို စောင့်ကြည့်လေ့လာခွင့်ပြုရန်၊ ၎င်းတို့သည် ဗမာပြည်ကို ကျွန်လုပ် အုပ်ချုပ်ဖို့ မဟုတ်ဘဲ ဗမာတွေကို ကူညီဖို့ လာရောက်နေခြင်းသာ ဖြစ်၍ စစ်ပြီးလျှင် ဗမာ့မြေပေါ်မှာ ဂျပန်တစ်ယောက်မှ နေထိုင်ကြလိမ့်မည်မဟုတ်ဟု ဆိုသော သူတို့စကားနှင့် သူတို့အပေါ် ကိုင်တွယ်ထားပြီး ကျွန်တော်တို့အားလုံး လွတ်မြောက်ရေး လမ်းစကို ရှာကြံရခြင်းဖြစ်ကြောင်းတို့ကို ရှင်းပြပြီး ၎င်း၏ သဘောထား အချို့ကို ဆွေးနွေးပါသည်။

သူက (သခင်ကျော်စိန်) ဘာတွေပဲ ပြောနေနေ ... ကျွန်တော်ကတော့ နား မဝင်ပါ။ ကျွန်တော်၏ စိတ်အစဉ်တွင် ကိန်းအောင်းလာခဲ့သော ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ဆန့်ကျင် တိုက်ခိုက်ကြမှသာ ကမ္ဘာ့ကွန်မြူနစ်များ၏ လုပ်ငန်းစဉ် ဖြစ်မည်။ ကမ္ဘာ့ဒီမိုကရေစီ အင်အားစုကြီးနှင့် ကမ္ဘာ့ဆိုရှယ်လစ် အင်အားစုကြီးတွေကသာ မုချ ဒီစစ်ကို အောင်နိုင်မည်။ ဖက်ဆစ်ဂျပန်တို့ကို ပူးပေါင်းမိသူတိုင်းသည် ကမ္ဘာ့ဆိုရှယ်လစ် အင်အားစုကြီးနှင့် ကမ္ဘာ့ဒီမိုကရေစီ အင်အားစုကြီးတွေကို သစ္စာဖောက်ရာ ရောက်တော့မည်မှာ မလွဲတော့ပေ။ သို့ကြောင့် လူသည် တစ်နည်းနည်းဖြင့်တော့ သေကြရမည့် သူတွေချည်း ဖြစ်သည်။ အခု ဂျပန် သတ် မခံရ၍ မသေလျှင်လည်း သစ္စာဖောက် ဘဝနှင့်တော့ လူ့ဘဝတွင် အသက် မရှင်လိုပြီ။ အသက်ပင် သေလျှင် သေပါစေ၊ သစ္စာဖောက်ဘဝနှင့်တော့ အသက်ရှင်၍ ငါ့နာမည် အသေမခံနိုင်ပါချေ ... ဟု စိတ်ဓာတ်အစဉ်မှာ လာရောက်အသိပေးမှုများကို ခံစားနေရသဖြင့် သခင်ကျော်စိန်နှင့် ရှည်ရှည်ဝေးဝေး စကားတွေ ပြန်ပြောမနေတော့ဘဲ သခင်ကျော်စိန်နှင့် ဂျပန်စစ်ဗိုလ်ကြီးတွေ ဘယ်လို ရှေ့ဆက်စခန်းသွားကြဦးမည်ကို စောင့်ကြည့်ပြီးခါမှ အခြေအနေကိုကြည့်၍ သစ္စာဖောက် ဘဝလည်း မရောက်ရန် ကြိုးစားရမှာပဲဟု စိတ်ကိုတင်းပြီး အမိဋ္ဌာန် ပြုလိုက်ပါသည်။

သခင်ကျော်စိန်မှာ ၎င်း တစ်ထပ်တိုက်လေးတွင် နေရပါသည်။ ၎င်းတို့ ပထမ အဖမ်းခံရစဉ်က ပုလိပ်ရုံးကြီး အောက်ထပ်က ကျွန်တော့်အားထားသော ကျွန်း ခုတင်လေးနှင့် အခန်းမှာ ပထမဆုံး သခင်ကျော်စိန် နေခဲ့ရသော အခန်းဖြစ်ကြောင်း သခင်ကျော်စိန်က ပြောပြမှ သိရပါသည်။ ယခု သခင်ကျော်စိန် နေသော ခြံဝင်းကြီးထဲမှ ထစ်ထပ်တိုက်ပုကလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဂျပန် စစ်ဗိုလ်ကြီး၏ အပျော်မယား၊ ဘာသာပြန်၊ ဗမာစကားတတ်သော လီလီစံနှင့် ၎င်းလီလီစံ၏မိခင် ဂျပန်မကြီးတစ်ဦး၊ ၎င်းလီလီစံ၏ညီမ စစ်ဗိုလ်ကတော် ဂျပန်မလေး တစ်ဦးနှင့် ၎င်း၏ထမင်းချက် ဂေါရင်ဂျီ ကုလားမပျိုလေးတစ်ဦးတို့ နေသောတိုက် ဖြစ်သည်။

ဂျပန် စစ်ဗိုလ်ကြီးနှင့် သခင်ကျော်စိန်မှာ အချိန်မရွေး ကြာကြာကြီး ဆွေးနွေးနိုင်ရန်၊ အခါမလင့် တွေ့ဆုံနိုင်ရန်အတွက် သခင်ကျော်စိန်အား ယခုကဲ့သို့ ခေါ်ပြီး ၎င်းတိုက်ကလေးမှာ ထားရှိကြောင်း လေ့လာသိရှိရပါသည်။

ကျွန်တော်သည် သုံးရက်ခန့် ၎င်း တစ်ထပ်တိုက်ကလေးထဲတွင် သခင်ကျော်စိန်နှင့် အတူနေခဲ့ကြရပြီး ဂျပန်ကင်ပေတိုင် စစ်ဗိုလ်လေး တစ်ဦးက ပြန်လာခေါ်ပြီး ဘားလမ်း အချုပ်ထောင်ရှိ သခင်လှရှင်၊ မောင်တင်အောင်တို့နှင့်အတူ ပြန်ထားပြီး ချုပ်နှောင်ထားလိုက်ပါသည်။

သခင်ကျော်စိန်နှင့် တွေ့ပြီးနောက် ဘားလမ်း အချုပ်ထောင်ထဲသို့ ပြန်ပို့ပြီးနောက် တစ်လခန့် ကြာမည် ထင်ပါသည်။ တစ်နေ့သော အချိန်တွင်ကား ...

### ဂျပန် စစ်ဗိုလ်ကြီးက တရားဟောခြင်း

တစ်နေ့သော နေ့လယ်ပိုင်းတွင် ဘားလမ်း အချုပ်ခန်း အသီးသီးမှ နေ့မမြင် လ မမြင်ရဘဲ ရက်ရှည်လများ အချုပ်ခံနေရသော ဗမာပြည် အနှံ့အပြားမှ သခင်ကျော်စိန်၊ ဆရာ ရာဂျန်တို့နှင့် ဆက်သွယ်ပြီး ဂျပန် တော်လှန်ရေး၊ ဖက်ဆစ် ဆန့်ကျင်ရေး လုပ်နေကြသူများ ဖမ်းဆီးခံထားရသူတို့ ၁၀ ယောက် တစ်တွဲ၊ ငါးယောက်တစ်တွဲ ခေါ်ထုတ်၍ ပုလိပ်ရုံးကြီး အပေါ်ထပ် အစည်းအဝေး ခန်းမကျယ်ကြီးထဲတွင် စုဝေး ထိုင်နိုင်းထားပါသည်။

ကျွန်တော်တို့တစ်တွေကို လက်ထိပ် မခတ်၊ ကြိုးချည်၍ မထုတ်ဘဲ သေနတ်ကိုင် ဂျပန်စစ်သား အမြောက်အမြားတို့က လမ်းဘေး တစ်ဘက်တစ်ချက်တွင် အစောင့်များ ပြည့်နှက်နေအောင် ကင်းစောင့်ချထားပြီးမှ တစ်သုတ်စီ တစ်သုတ်စီ၊ အတွဲလိုက် အတွဲလိုက် ကင်ပေတိုင်စစ်ဗိုလ်များ ဝိုင်းရံပြီး ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။

ကင်ပေတိုင်ရုံးကြီး (ပုလိပ်ရုံးကြီး အပေါ်ထပ်) အပေါ်ဆုံးထပ်ရှိ



အစည်းအဝေးခန်းမကြီးအတွင်း လူစုံတက်စုံ ရောက်နေတော့မှ တစ်ယောက်မျက်နှာကို တစ်ယောက် မြင်ကြရပါတော့သည်။ သခင်သန်း မှာ ပါးသိုင်းမွေး မုတ်ဆိတ်မွေးများဖြင့် ကုလားကြီးလို ဖြစ်နေ၍၊ ခပ်လှမ်းလှမ်းက ထိုင်နေသူတို့မှာ တိုးတိုးတိုးတိုးနှင့် သူ ဘယ်သူလဲ ... ဟု မေးသူ မေးကြသည်။ မစ္စတာ ရာဂျန်မှာလည်း ပါးသိုင်းမွေး ထူထူ၊ မုတ်ဆိတ်မွေး ထူထူနှင့် ပကတိကုလားကြီးတစ်ယောက် ဖြစ်နေပါသည်။ ဦးကိုကိုကြီးမှာလည်း ဘယ်တုန်းက ဖမ်းထားသည် မသိ၊ အသား ဖြူဖပ်ဖြူရော်နှင့် မုတ်ဆိတ်များ၊ ပါးသိုင်းမွေးများနှင့် ရုပ်တစ်မျိုး ပြောင်းနေသလိုလို ဖြစ်နေပါသည်။ တစ်ယောက်ကိုတစ်ယောက် မမြင်ဘူးသူများ၊ တော်တော်များများတို့မှာ ဘယ်နယ်က ဘယ်သူများပါလိမ့်ဟု သိချင်ကြ၊ မေးချင်ကြသော်လည်း သိခွင့် မရကြသေး၊ မေးခွင့် မရကြသေးပါ။

သခင်အေးညိမ်း၊ သခင်ကျော်အေး၊ သခင်လှ (ကိုလှလေး)၊ သခင်ကျော်စိန် စသော နေဖြူ သခင်များကိုလည်း တွေ့ကြရသည့်အပြင် နေဖြူ သခင်မြသန်း (ယခု စာရေးဆရာ) ကိုလည်း တွေ့ရပါသည်။

ကျွန်တော် သိသည်မှာ နေဖြူမှ အခြား သခင်တွေ အဖမ်းခံရစဉ်က သခင်မြသန်း မပါသေးပါ။ သခင်မြသန်းမှာ မြင်းခြံမြို့တွင်လိုလို၊ ရန်ကုန်မှာလိုလို ကြားသိရပြီး ဘယ်အချိန်က ဘယ်သူ့အတွဲများနှင့် အဖမ်းခံရသည် ဆိုခြင်းကို မသိသဖြင့် သခင်မြသန်းကိုတွေ့တော့ စကားပြောချင်ပါသည်။ အကျိုးအကြောင်း မေးချင်ပါသည်။ သို့သော် ဘာမျှ မမေးနိုင်ခဲ့ပါ။

မကြာမီ စည်းဝေးခန်းမကြီးထဲသို့ ကင်ပေတိုင် စစ်ဗိုလ်ကြီး (ကျွန်တော့်အား တစ်ခါကခေါ်တွေ့သူ)နှင့် စကားပြန် ဂျပန်မ လီလီ တို့ ရောက်ရှိလာပါသည်။ ဂျပန်စစ်ဗိုလ်ကြီးသည် ခပ်တည်တည် မျက်နှာထားနှင့် လူတွေကို ဖွေဖွေစပ်စပ် အတော်ကြာအောင် ထိုင်ရာ မထဘဲ လှမ်းကြည့်အကဲခတ်နေဟန် ရှိပါသည်။ ၎င်းနောက်မှ တစ်ပိုဒ်စီ၊ တစ်ကန့်စီ ဂျပန်စကားနှင့် တရားဟောပါတော့သည်။ စကားပြန်မလေး လီလီစံကလည်း ဗမာစကား နိုင်နိုင်နင်းနင်းဖြင့် ဘာသာပြန်၍ စကားပြန်နေပါပြီ။

ကျွန်တော်တို့တစ်တွေကို လှည့်ဖြား လိမ်ညာသော စကားတို့ဖြင့် ဖြားယောင်းပြီး ၎င်းတို့ ဂျပန်တွေကို ဖက်ဆစ်တွေဟု မယူဆကြရန်နှင့် ၎င်းတို့သည် ဗမာတွေနှင့် အာရှတိုက်သားတို့အပေါ် ညီအစ်ကိုရင်းလိုသာ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြီး ဗမာတွေကို လွတ်လပ်ရေး ပေးထားပြီး ဖြစ်ကြောင်း၊ စစ် မပြီးသေး၍သာ ၎င်းတို့ ကုန်း–လေ–ရေ တပ်များ လာရောက် ကူညီစောင့်ရှောက်နေရခြင်း ဖြစ်ကြောင်း၊ စစ်ပြီးလျှင်ကား ၎င်းတို့ ဂျပန်များ တစ်ယောက်မှမကျန် ဗမာပြည်ပေါ်တွင် နေမည် မဟုတ်ကြောင်း ... စသည်ဖြင့် ယုတ္တိမရှိ အခြေခံ အနှစ်သာရ သဘောတရား မပါဘဲ ဗလတ်ပြောပြောဟောပြီး ကျွန်တော်တို့အား ကလေးများလို လိမ်ညာ ဖြန်းသန်း ပြောဟောနေပါသည်။

တစ်နာရီကျော်ကျော်ခန့် ပြောဟောပြီးနောက် ကျွန်တော်တို့အား ဂျပန်လုပ် ပေါက်စီမုန့် တစ်လုံးစီနှင့် ဟေဟိုးတွေ သောက်ဖို့ပေးသော သစ်ရွက်နှင့် လိပ်ထားသော ဆေးလိပ်ကလေးများ ပေးဝေပါသည်။ ၎င်းနောက် ကိုယ့်နေရာဟောင်း ဘားလမ်း အချုပ်ခန်း အသီးသီးသို့ ပြန်နေကြရပါတော့သည်။ လူပေါင်း ၆၀ ကျော် (ခြောက်ဆယ်ကျော်) ရှိမည်ထင်ပါသည်။

သို့ဖြင့် အချုပ်ခန်းထဲ အားလုံး ပြန်သွင်း ထားလိုက်၊ တစ်လ တစ်ကြိမ်၊ ၁၅ ရက် တစ်ကြိမ် ကင်ပေတိုင် ရုံးကြီး အပေါ်ထပ် စည်းဝေးခန်းမကြီးထဲကို ခေါ်ပြီး တရားဟောပြောလိုက်၊ တစ်ဖန် ပြန်ပြီး ဘားလမ်းအချုပ်ကြီးထဲ ပြန်လည် ချုပ်နှောင်ထားလိုက်၊ လက်ပုံစံများ၊ လက်ဗွေများ လက်ဆယ်ချောင်းစလုံး ဓာတ်ပုံရိုက်ခြင်း၊ လူတစ်ယောက်လျှင် ဓာတ်ပုံ များစွာ ရိုက်ယူခြင်းတို့ကို ပြုလုပ်နေပါသည်။

ကျွန်တော်တို့တစ်တွေမှာ အစည်းအဝေးခန်းမှာ မကြာခဏ ဆိုသလို တွေ့ဆုံကြ၍ ဘယ်သူတွေက ဘယ်အခန်းမှာ နေကြရတယ်၊ ဘယ်သူတွေ ဘယ်ဝါတွေ စုနေရတယ် စသည်ဖြင့် မေးမြန်းကြပါသည်။ ကျွန်တော်တို့ တစ်တွေကို မသတ်တော့ဘူးဟု ယူဆလာကြပါပြီ။ သို့သော် လွှတ်ပေးထားမည်လား၊ ထောင်ပဲ ချဦးမည်လော ... ဟု တွေးနေကြရသေးသော်လည်း လွှတ်မည်ဟု ထင်သူက များကြသဖြင့် ပျော်ပျော်နေ၊ ပျော်ပျော်စားကြပါသည်။

ပျော်ပျော်စား ဆိုပေမင့် ဘူးသီးပြုတ်၊ ရွှေဖရုံသီးပြုတ်၊ ကျောက်ဖရုံသီးပြုတ်၊ ဂျပန်ထမင်းပျော့ပျော့ ... ၎င်းမှလွဲ၍ အခြားဟင်းကောင်း မစားရပါ။



## လွှတ်မည်ဟု ကြေညာခြင်း

ကျွန်တော်တို့အားလုံး ခါတိုင်းကဲ့သို့ ကင်ပေတိုင် ရုံးကြီးအပေါ်ထပ်သို့ တရားဟောသည်ကို နားထောင်ရန် သွားရောက်စုဝေးကြရပါသည်။

ဂျပန်စစ်ဗိုလ်ကြီးသည် ပြုံးပြုံးရွှင်ရွှင်နှင့် "ယခု ခင်ဗျားတို့ကို အပြစ် မပေး၊ ထောင် မချဘဲ၊ မကြာမီမှာပဲ လုံးဝ လွှတ်လိုက်ကြမည် ဖြစ်ကြောင်း။ မိမိတို့မြို့ မိမိတို့ဒေသမှာ ရှိသော ဂျပန်ကင်ပေတိုင်များကို ကူညီကြဖို့ ဤစစ်ကြီးမှာ အင်္ဂလိပ် အမေရိကန်တို့ကို အောင်နိုင်ဖို့ သေချာသည့်အကြောင်း နိပွန် (ဂျပန်)တွေသည် ဤစစ်ကြီးမှာ မရှုံးနိုင်ရမည် ဖြစ်ကြောင်း" အနည်းငယ် ပြောဟောပြီးနောက် "ခင်ဗျားတို့ကို အထူးသတိပေးလိုသည်မှာတော့ နောက်တစ်ကြိမ်တွင် ဂျပန်ဆန့်ကျင်ရေး၊ ဂျပန်တော်လှန်ရေး လုပ်ငန်းများ လုပ်ခဲ့လျှင် ယခုလို ချမ်းသာခွင့်၊ လွတ်ငြိမ်းခွင့် ပေးတော့မည်မဟုတ်ဆိုသည်ကို ကောင်းကောင်း နားလည်ထားကြလိုကြောင်း"

"တတ်နိုင်သမျှလည်း မိမိတို့ နယ်မြေဒေသရှိ ကင်ပေတိုင်တို့အား ဝိုင်းဝန်း အကူအညီပေးရန်ကိုလည်း မေတ္တာရပ်ခံ တိုက်တွန်းလိုက်ပါကြောင်း ..." ဟု ပြောပြီး ဘားလမ်း အချုပ်ထဲသို့ ပြန်ထားလိုက်ပါသည်။

နောက်ရက် မကြာမီအတွင်းမှာပင် ကျွန်တော်တို့ အသုတ်မှာ သခင်ဗသိန်း၊ သခင်မြသန်း၊ ကျွန်တော်နှင့် သခင်အေးငြိမ်းတို့ (ခနဖြူ သခင်အချို့နှင့်) သခင်လူရှင်တို့ပါ ၅ ယောက် ၆ ယောက် တစ်တွဲမှာ စမ်းချောင်း ဆရာထွန်းလမ်းရှိ သခင်ဗသိန်း နေအိမ်တွင် ပထမ အကျယ်ချုပ်သဘော အရက် ၂၀ တစ်လခန့် နေကြရပြီး၊ ထိုနောက်မှ ညောင်တုန်းမြို့ ကိုယ့်အိမ် ကိုယ့်ရာကို ပြန်ခွင့်ပြုပါသည်။

ကြည့်မြင်တိုင် နတ်စင်လမ်းရှိ ဦးကိုကိုကြီး အိမ်တွင်လည်း မောင်စိုးနိုင်တို့ လူစု ၆ ဦး ၇ ဦးခန့်တို့ကို အကျယ်ချုပ်ဖြင့် အရက် ၂၀ တစ်လခန့် နေကြရပြီးမှ မိမိတို့မြို့ရှိ မိမိတို့အိမ်သို့ ပြန်ကြရပါသည်။

သခင်ကျော်စိန် နေသောအိမ်တွင် ဆရာ ရာဂျန်နှင့်တကွ အကျယ်ချုပ်ဖြင့် လွှတ်သူ သခင်လူငယ်အချို့ ပေါင်း ဆယ်ယောက်ခန့်ကိုလည်း ခေါ်ယူထားပြီး တစ်လကျော် နှစ်လနီးပါး အကျယ်ချုပ်ဖြင့် နေကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လကျော် နှစ်လနီးပါးခန့်တွင် အချို့ကို သခင်ကျော်စိန်၏ နေအိမ်မှ ပြန်ခွင့်ပြုလိုက်ပြီးသော်လည်း ကိုကိုလေး (ဗိုလ်တာထောင် အယ်ဒီတာဟောင်း၊ လူငယ်တပ်ဦး ဥက္ကဋ္ဌဟောင်း၊ ကိုကိုးကျွန်းပြန်) နှစ်ဦး သုံးဦးတို့ကိုကား သခင်ကျော်စိန်နှင့်အတူ လေးလ ငါးလ ဆက်လက် နေထိုင်စေသည်။

ကျွန်တော်တို့အသီးသီး နယ်ရှိ ကိုယ့်မြို့ကိုယ့်ရွာများသို့ ပြန်နေကြသူများမှာ တစ်ယောက်မျှ ဂျပန်ကင်ပေတိုင်တို့အား အရေးမစိုက်၊ အရောမဝင်၊ ကူညီဖို့ဝေးစွ လားလားမျှ ရှိတယ်လို့ ငါးပိဖုတ်တယ်လို့ မထင်ဘဲ ကိုယ့်စီးပွား ကိုယ်လုပ်ပြီး အေးအေး နေထိုင်ကြသူများချည်း များနေပါတော့သည်။

သို့ကြောင့်ထင့် တစ်နေ့တွင် လူလွှတ်၍ သခင်ကျော်စိန်ထံမှ ဘယ်နေ့ ဘယ်ရက်အရောက် ရန်ကုန်သို့လာရန် ဂျပန်စစ်ဗိုလ်ကြီးက တွေ့လို၍ ဟု ဆိုသဖြင့် မလာလျှင် ဘာဖြစ်မှန်းမသိသည့်အတွက် မလာချင်ဘဲနှင့် ရန်ကုန်သို့ လာခဲ့ရပါသည်။ စမ်းချောင်း ဆရာထွန်းလမ်းရှိ သခင်ဗသိန်း နေအိမ်တွင် တည်းခိုပါသည်။ ထိုမှတစ်ဆင့် ချင်းချောင်းရိပ်သာရှိ သခင်ကျော်စိန်၏ ရွှေနန်းသိဂီသို့သွား၍ သခင်ကျော်စိန်နှင့် တွေ့ပြီး နောက်တစ်နေ့ မမှတ်မိသော နေရာတစ်နေရာမှ တိုက်တစ်ခုထဲသို့ အနယ်နယ်မှ တက်လာ ရောက်ရှိနေကြသော (ဂျပန် ဘားလမ်း အချုပ်ကြီးမှ လွတ်သူများ) ကျွန်တော်တို့အား မုန့်ဟင်းခါး ကျွေးပါသည်။ ဂျပန်ကင်ပေတိုင် စစ်ဗိုလ်ကြီးနှင့် လီလီစံတို့ကိုလည်း ၎င်းမုန့်ဟင်းခါး စားပွဲတွင် တွေ့ရပြန်ပါပြီ။

ဂျပန်စစ်ဗိုလ်ကြီးက "အခုလို ခင်ဗျားတို့ကို ခေါ်တွေ့ရသည်မှာ အကြောင်းထူးလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့တစ်တွေသည် မိမိတို့ နယ်မြေမှာရှိသော ကင်ပေတိုင်များကို ဘာမှ အကူအညီမပေးကြဘူးလို့ ကြားရတယ်။ ခင်ဗျားတို့ကို အတင်းအဓမ္မ မခိုင်းလိုပါ။ ဒါကြောင့် ကိုယ့်အသိနှင့်ကိုယ်ကူညီကြစေလိုသည်" ဟု တရားဟောပြီး လူစုခွဲ ပြန်ကြပါသည်။ ဘာမျှအကြောင်းမထူးကြဘဲ စရိတ်ကုန် လူပန်းနှင့် ပြန်ခဲ့ကြရပါသည်။

မိမိတို့ အိမ်ပြန်ရောက်သူတို့မှာ မူလကတည်းက ဂျပန်ဖက်ဆစ်တို့



အပေါ် အမျက်ချောင်းချောင်း ထွက်နေကြသူများ ဖြစ်သည့်အလျောက် ဘာတစ်ခုမှ ကင်ပေတိုင်တို့နှင့် ဆက်သွယ် ကူညီလိုစိတ် မရှိကြသည့် အလျောက် ကိုယ့်စီးပွားရေးလုပ်ငန်းများကိုချည်း ရောင်းရေးဝယ်ရေး အလုပ်များသာ လုပ်နေကြပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဈေးထိပ်ဝ တစ်နေရာတွင် လက်ဖက်ရည်ဆိုင်တစ်ခုကို သူငယ်ချင်းအချို့နှင့် အစုစပ်လုပ်ပြီး လက်ဖက်ရည်ဆိုင် တည်ခင်းရောင်းချပြီး အေးအေးနေထိုင်ခဲ့ပါသည်။

## နောက်တစ်ခေါက် ခေါ်ပြန်ပါပြီ

သခင်ကျော်စိန်ထံမှ နောက်များမကြာမီ လူလွှတ်ပြီး နောက်တစ်ခေါက် ခေါ်ခိုင်းပြန်ပါသည်။ စစ်နိုင်ရေးအတွက် အကူအညီပေးရန် အနည်းငယ် ဆွေးနွေးပြီး ပြန်လွှတ်လိုက်ပြန်သည်။ ၎င်းအခေါက်တွင် ဆရာ ရာဂျန်မှာ ဆူဘတ်(စ်)ချန်ထရာဘို့စ် ဦးဆောင်သော ကုလားအမျိုးသား စစ်တပ်ထဲတွင် အလုပ်လုပ်နေပြီဖြစ်၍ ဆရာ ရာဂျန် စစ်တပ်မှ လခထုတ်သော နေ့မှာ သခင်ဘသောင်း ဟိုတယ်တွင် လည်းကောင်း၊ ဗဟန်း မလှမြိုင် လက်ဖက်ရည်ဆိုင်တွင် လည်းကောင်း စားကြသောက်ကြနှင့် ရှေ့ဘယ်လို စခန်းသွားရမည်ကို မဆုံးဖြတ် မစဉ်းစားနိုင်ကြသေးဘဲ လမ်းစပျောက်ကာ ရယ်စရာ ရောက်တတ်ရာရာ ပြောဆိုပြီး လူချင်း ခွဲခွာကြတော့သည်။

ဤသို့ ကျွန်တော်တို့တစ်တွေမှာ သခင်ကျော်စိန်နှင့်လည်း ဆက်လက်မတွဲလိုကြပြီ။ သခင်ကျော်စိန်နှင့် ဆရာ ရာဂျန်တို့ကလည်း ဂျပန်ဖက်ဆစ် တော်လှန်ရေးလုပ်ငန်းအတွက် ဆက်လက် ရှေ့ဆောင်မှု မယူနိုင်ကြတော့ပြီ။ ကျွန်တော်တို့တစ်တွေကလည်း သခင်ကျော်စိန်တို့အား လုံးဝ မယုံကြည်တော့ပါချေ။ မသွားလျှင် မဖြစ်လွန်းလို့၊ လျှို့ဝှက်မြေလျှိုပြီး ပုန်းအောင်းမနေနိုင်ကြသဖြင့်သာ သခင်ကျော်စိန်က ခဏခဏ ခေါ်သည်ကို ရန်ကုန်သို့ လာလာ တွေ့နေကြရသော်လည်း၊ ကိုယ့်စီးပွားရေး အလုပ်ကလေးတွေနှင့်ကိုယ်စီ ဂျပန်တို့နှင့် ကင်းကင်းရှင်းရှင်း အေးအေးလူလူ လုပ်ကိုင် စားသောက်နေကြပြီ ဖြစ်ကြသဖြင့် ကိုယ့်စရိတ် ကိုယ်ရှာပြီး သခင်ကျော်စိန် ခေါ်ယူရာ ရန်ကုန် ရွှေနန်းသိဂီ သို့ မသွားလိုကြတော့သည့် အလျောက် တဖြည်းဖြည်း တစ်စ တစ်စ အဆက်ဖြတ်လိုက်ကြပြီး ကိုယ့်မြို့တွင်ပင် ကိုယ် နေလိုက်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်ပေတိုင် စစ်ဗိုလ်ကြီးလည်း နောက်ထပ် လွတ်သူများကို ခေါ်တွေ့ခြင်း မပြုတော့ပါချေ။

## သခင်စိုးဝါတီနှင့် ပြန်ဆက်မိခြင်း

၁၉၄၄ ခုနှစ်ထဲတွင် တစ်နေ့သော ညနေချမ်းအချိန်တွင် မောင်ဖေသန်း ဆိုသော ကျောင်းသားခေါင်းဆောင်တစ်ဦးနှင့်အတူ သခင်သန်းမြိုင် တစ်ယောက် ရောက်လာပါသည်။ သခင်စိုးက ကျွန်တော်တို့ လူဟောင်းတွေကို ပြန်လည် အဆက်အသွယ် လုပ်ပြီး (သခင်ကျော်စိန်မှအပ) ဂျပန်ဖက်ဆစ်တို့နှင့် မပူးပေါင်းသူ၊ ဖက်ဆစ်ဂျပန်တို့အား တော်လှန် တိုက်ထုတ်ရမည်ဟူသော အသိတရားနှင့်တကွ တကယ်တမ်းလည်း ကိုယ်ကျိုး စွန့်လွှတ်လျက် အနာနာခံပြီး ဖက်ဆစ် တိုက်ဖျက်ရေး ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ခဲ့ကြသူများသည် အလားအလာ အရှိဆုံး၊ အနစ်နာခံခဲ့သူများ ဖြစ်ကြ၍ သခင်စိုးက ပြန်လည် သိမ်းသွင်းကြောင်း ပြန်လည် ဆက်သွယ်ပြီး ဖက်ဆစ်တို့အား ဆက်လက် တော်လှန်သွားရန်နှင့် ခေါင်းဆောင်မှု မကောင်း၍သာ ယခုကဲ့သို့ မရှုမလှ ကျဆုံး၊ အဖမ်းအဆီး ခံကြရခြင်း၊ အချို့မှာ လူစဥ်မမီ သေရှာပါသည့်အထိ (သခင်ဗသိန်းတို့ဆိုလျှင် သေရှာပါသည့်အထိ ဂျပန်ဖက်ဆစ်တို့ နှိပ်စက် ညှဥ်းဆဲခံရသော ဒဏ်ရာဒဏ်ချက်များကြောင့် ချောင်းဆိုးသွေးအန်သေခဲ့ရခြင်း) ရိုက်ပုတ်နှိပ်စက်ညှဥ်းဆဲခံခဲ့ကြရသော ဒဏ်ရာဒဏ်ချက်တို့ကြောင့် ကျန်းမာရေး အကြီးအကျယ် ထိခိုက်လာကြရခြင်း၊ ခေါင်းဆောင်မှု မမှန်ကန်ခြင်း၊ ခေါင်းဆောင်မှု အရည်အချင်း နည်းပါးခြင်း၊ လျှို့ဝှက်ရေးကျကျ စနစ်ကျကျ ဖြန့်ချိ စည်းရုံးရမည့်နေရာတွင် ရန်သူဖက်ဆစ်တို့အား သဲသဲမဲမဲ အတင်းလိုက် ဖမ်းဆီးကြရအောင် ဖန်တီးပေးပြီး လုပ်သည့် လှုံ့ဆော်စည်းရုံးပုံသဏ္ဌာန်များယွင်းခြင်းတို့ကြောင့် ခေါင်းဆောင်ပိုင်းနေရာသို့ တက်ယူပြီး ကွန်မြူနစ်ပါတီ (ဗမာပြည်) သခင်စိုးတို့နှင့် စင်ပြိုင်သဘော လုပ်ခဲ့ကြသည့် သခင်ကျော်စိန်မှအပ ကျန်ကျွန်တော်တို့တစ်တွေအား သခင်စိုးသည် စိတ်ချ ယုံကြည်ရသူများကို (အလားအလာရှိသူများကို) ပြန်လည်ချဥ်းကပ် ဆက်သွယ်စေလျက် ကလာပ်စည်းများ ဖွဲ့စည်းစေပြီး အလုပ်ပြန် စ ပေးပါတော့သည်။

ကျွန်တော်သည် မူလကပင် သခင်စိုး၏ ခေါင်းဆောင်မှုကို ပယ်လှန်



လို၍ မဟုတ်ဘဲ သခင်တင်မြနှင့် အယုံအကြည်မဲ့မှု၊ သခင်တင်မြ၏ အနိုင်ခံလိုက်ရမှုတို့ကြောင့် သခင်စိုးနှင့် လူချင်းလည်း မတွေ့ရ၊ စာဖြင့်လည်း အဆက်ပြတ်ခဲ့ရာမှ မိမိ ကင်းလွတ်မှုကို ယူပြီး မိမိအသိဖြင့် ဂျပန် ဆန့်ကျင်ရေး လုပ်ခဲ့ခြင်းမှ သခင်ကျော်စိန်၊ ဆရာ ရာဂျန်တို့နှင့် ဘဝတူချင်း အယူဝါဒချင်းအားဖြင့် သွားရောက် ပူးပေါင်းမိခဲ့ကြောင်းတို့ ရှင်းရှင်းကြီး ဖော်ပြခဲ့ဖူးလေပြီ။

ယခု လမ်းစပျောက်နေပြီ ဖြစ်သော ကျွန်တော်သည် လမ်းစ ပြန်တွေ့လိုက်ရသဖြင့် တောကြီးမျက်မည်း အလယ်တွင် ယောင်ချာချာဖြင့် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေခိုက် အလုပ် စရန် ရောင်ခြည် ပေါ်လာသောကြောင့် အားရဝမ်းသာ ဖြစ်ခဲ့ရပါသည်။

သခင်စိုးနှင့် ကျွန်တော့်အား အဆက်အသွယ် ဖြတ်ခဲ့သော သခင်တင်မြ ပေါ် ဒေါသထွက်ရင်းက "ဟော့ ခေါင်းဆောင်ဆိုတာ မိုးပေါ်က ကျလာတဲ့ လူမဟုတ်ဘူး ... မာ့က္စ၊ လီနင် စာပေတွေ ဖတ်၊ လက်တွေ့လည်းလုပ်၊ သဘောတရားရေးနှင့် လက်တွေ့ ပေါင်းစပ်ပြီး ပြည်သူလူထုအကျိုးနှင့် ကိုက်ညီ ဟပ်စပ်သွားအောင် လုပ်ဆောင်သွားနိုင်ရင် ငါတို့လည်း ခေါင်းဆောင် တက်လုပ်နေတာပါပဲကွာ" ဟု ကိုယ့်ကိုယ်ကိုယ် မနေရှင်ပေါက်စ မာန်မာနထားပြီး ကြွားဝါခဲ့သော်ငြားလည်း လက်တွေ့ ထ လုပ်ကြည့်ကြသည့်အခါမှာ သခင်စိုး၏ ခေါင်းဆောင်မှုနှင့် ကြီးထွားတည်ရှိ ရင့်ကျက်နေသော မြေအောက် ကွန်မြူနစ်ပါတီမှာကား အလွန်ပိပြားပြီး လျှို့ဝှက်ရေးကျ၍ အောင်မြင်မှုများသာ တစ်နေ့တခြား ပွားများလာပေတော့သည်။

တစ်နံပါတ် ခေါင်းဆောင်အဖြစ် သခင်စိုးအပြင် သခင်တင်မြ၊ သခင်လှကြည် (ယခု ရဲနီဗိုလ်ချုပ် ကျော်ဝင်း)၊ ကိုချစ်လှိုင် (ယခု ကိုထိန်လင်း၊ မဆလ ပါတီမှာ လုပ်နေသူ)၊ ဒေါ်စောမြ (ယခု အလံနီပါတီမှ လက်နက်ချပြီး မဆလ ပါတီမှာ လုပ်နေသူ)၊ သခင်ထွန်းရင် (ယခု ဦးထွန်းရင် ယူအယ်လ်အို မှာ လုပ်နေသူ ရဲနီဟောင်း)၊ ကိုထွန်းသန်း (မောင်မောင်ကြည် ခေါ် ရဲနီထွန်းသန်း) ယခု ပြည်တွင်းစစ်ကာလ ၁၉၄၉ ခုနှစ်မှာ အင်းစိန်ခရိုင်တွင် သူပုန်အဖွဲ့ချင်းမှ ဗိုလ်ရမ်း ဆိုသူ ပြည်သူ့ရဲဘော် လူထွက် (ဗမာပြည် ကွန်မြူနစ်ပါတီ တိုက်နယ် တာဝန်ခံတစ်ဦး၏ အသတ်ခံလိုက်သည်)၊ ကိုထွန်းစိန် (သခင်အေးမောင်၊ ယခု ထူးစိန်ပါတီ ခေါင်း

www.burmeseclassic.com



ဆောင်)၊ သခင်သန်းမြိုင်၊ သခင် သက်တင်၊ ကိုစံညွန့် (ကျဆုံး)၊ သခင်မောင်မောင် (နောက် အလံနီ ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုဝင်)၊ ကိုညွန့်ဝင်း (ကျဆုံး) အစရှိသည့် ပါတီ ဗဟိုကော်မတီများ၊ အရန် ဗဟိုကော်မတီများ စုံစုံလင်လင်ဖြင့် ခေါင်းဆောင်များမှာလည်း အကျအဆုံး လုံးဝ မရှိသလောက် စနစ်တကျ ထိန်းသိမ်းထားနိုင်ပြီ။ တစိမ့်စိမ့် ကျယ်ပြန့်လာအောင် အာရှလူငယ်များ (အမြို့မြို့ အနယ်နယ်မှ အာရှလူငယ်များ) ဘီဒီအေ တပ်မတော်သားများအပြင် မိုလ်ကြီးတွေ၊ မိုလ်ကလေးတွေအထိ လျှို့ဝှက်ရေးကျကျ စည်းရုံးယူနိုင်ခဲ့ပါတော့သည်။

လယ်ယာစိုက်ပျိုးရေး ဝန်ကြီးလုပ်နေသော သခင်သန်းထွန်း ကိုပင်လျှင် သခင်စိုး ကွန်မြူနစ်ပါတီမှ အဆက်အသွယ် ရှိပြီး ပြန်လည်စည်းရုံးရေးလုပ်နေပြီ ဆိုသည်ကို ကျွန်တော်ကိုယ်တိုင် သခင်သန်းမြိုင်၏ လက်ရေးဖြင့် စာကလေး တစ်စောင် ယူဆောင်လာပြီး သခင်သန်းထွန်း (ဝန်ကြီးအိမ်) ဝင်ဒါမီယာ အိမ်သို့ သွားရောက်ပြီး ပထမ သခင်သန်းထွန်းနှင့် တွေ့ပြီး သခင်သန်းမြိုင် ပေးလိုက်သောစာကို ထုတ်ပေးလိုက်သည်။ ၎င်းနောက် သခင်သန်းထွန်း အိမ် အပေါ်ထပ် တက်သော လှေကားအောက် တည့်တည့်ရှိ အခန်းအတွင်းထဲမှာ သခင်လှကြည် (ယခု ရဲနီ မိုလ်ကျော်ဝင်း) နှင့် တွေ့ပြီး ဆွေးနွေးကြပါသည်။

ထိုအခါ ထိုအချိန်မှစ၍ ဗိုးကျော်ဝင်းနှင့် မကြာခဏ ဆက်သွယ်ပြီး ဣန္ဒြေရရ၊ လျှို့ဝှက်ရေးကျကျ၊ ကလာပ်စည်းများ ဖွဲ့စည်းပြီး ကွန်မြူနစ်ပါတီမှ ထုတ်ဝေ ပညာပေးသော စာပေများ ဖတ်ရှုလေ့လာခြင်း၊ မိမိတို့ကလာပ်စည်းအတွင်း လျှို့ဝှက်ရေးကျကျ လေ့လာခြင်း၊ ဆွေးနွေးခြင်း၊ သင်တန်းပေးခြင်းများကို ပိပိရိရိ လုပ်သွားပါတော့သည်။

သခင်ကျော်စိန်တို့နှင့်တုန်းက လုပ်သလို စာရွက်များ ကြဲဖြန့် ဝေငှသည့် ဖြန့်ချိရေးမျိုးကို လုံးဝ မလုပ်ကြရတော့ပါချေ။

## မတ်လ ၂၇ ရက်နေ့

မတ်လ ၂၇ ရက်နေ့မတိုင်မီ ၁၄၊ ၁၅ ရက် စော၍ ရန်ကင်းစံရာမှ သခင်ထွန်းအေးမှာ ညောင်တုန်းမြို့နှင့် ၄၊ ၅ မိုင်ခန့်ဝေးသည့် ကုန်းဝဲထောင့်



ရွာရှိ လယ်ကွင်းထဲသို့ လေယာဉ်ပျံပေါ်မှ လေထီးနှင့် လက်နက်အပြည့်အစုံဖြင့် ကျဆင်းလာကြပါတော့သည်။

သခင်ထွန်းအေး (ရန်ကင်းစံရာ) နှင့်အတူ ကုလားစစ်မိုလ် ၄ ဦး၊ မျက်နှာဖြူ စစ်မိုလ်တစ်ဦး၊ ပေါင်း ၎င်းတို့ ငါးဦး နှင့် သခင်ထွန်းအေးတို့ ၆ ယောက်၊ တစ်ယောက်စီ ကွင်းထဲ ရှေ့ဆင့် နောက်ဆင့် ကျလာပြီးနောက်မှ လက်နက် ယမ်းတောင့် သေတ္တာများနှင့် အဝတ်၊ ရိက္ခာ သေတ္တာများ ဆက်ခါ ဆက်ခါ ကျလာပါတော့သည်။

ဤအချိန်တွင် ဗမာ့တပ်မတော်မှလည်း မိုလ်ဂါမဏိ အမည်ခံ မိုလ်ဘချစ် (ရခိုင်အမျိုးသား) တစ်ဦး ခေါင်းဆောင်သော ဗမာ့ တပ်မတော်သားများတို့သည်လည်း အချို့မှာ ရန်ကင်းစံရွာ၌ အချို့မှာ ဝါးတောကျင်ဖော်ရွာ၌၊ အချို့မှာ ရွာသစ်ရွာကြီးထဲ၌၊ အချို့မှ မိုးဟုတ်ရွာထဲ၌ လူစုခွဲ၍ တပ်ဖျောက်ပြီး ရုပ်ဖျက်၍ အချိန်ကို စောင့်နေကြပါသည်။

သခင်သာဟန်နှင့် သခင်ချစ်၊ မောင်ဖေသန်း၊ ကိုသူတော်၊ ကိုချမ်းထွန်း၊ ကိုကျော်သိန်း (ဝဲထောင့်) တို့ ပါဝင်ကြသော သခင်၊ ကျောင်းသား၊ လယ်သမား ပါဝင်သည့် ကွန်မြူနစ်ပါတီ ကလာပ်စည်းများတို့ကလည်း အသင့်စည်းရုံး၊ အသင့် လက်နက်များ ပြင်ဆင် ကိုင်ဆောင်ပြီး၊ ဗမာ့တပ်မတော်မှ မိုလ်ဂါမဏိတို့ လူများနှင့် ပူးပေါင်း တွဲတိုက်ကြဖို့ အစီအစဉ်များ လုပ်နေကြပါသည်။

ကိုကျော်ဝင်း (ခေါ်) သခင်လှကြည်မှာလည်း မနေဖြူ စံကင်းရေပေါက်၊ သံကြိုးတို့ဘက်မှ (အစိုးရ သူကြီးများနှင့် အစိုးရလိုင်စင်) သေနတ်များကို သိမ်းဆည်း ယူငင်လိုက်ပြီး ညောင်တုန်းဘက်သို့ ဆိုက်ရောက်လာကာ ကျွန်တော်နှင့် တွေ့၍ ကျွန်တော်၊ သခင်အုန်းဖေအား သင့်တော်သည့် တာဝန်များကို ထမ်းဆောင်ရန် လာရောက် ဆွေးနွေးပါသည်။

လေထီး ကိုထွန်းအေး ရောက်လာပြီးနောက် ရန်ကင်းစံရာ သခင်များ၊ ရန်ကင်းစံရာရှိ မျိုးချစ် ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားတပ် လယ်သမားကြီးများ၊ ဝဲထောင့်ရွာရှိ ကိုကျော်သိန်းတို့ လယ်သမား ပြောက်ကျားတပ်သားကြီးများနှင့် ကျွန်တော်တို့က အင်အားစု တစ်ဘက်၊ မိုလ်ဂါမဏိနှင့် သခင်ချစ် တို့ လူစုက တစ်ဘက်၊ မသိမသာ အစု နှစ်စုဖြစ်လျက် ကျွန်ဖက်ဆစ်တို့ကို လမ်းမှ ဖြတ်တိုက်ကြရန် ကိစ္စမှာ သော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဖက်ဆစ်များ တည်းခို စားသောက်နေချိန်မှာ ဝင်ရောက် ပူးကပ်တိုက်ရန် စသည်တို့တွင်မှာ သော်လည်းကောင်း၊ အတော်အသင့် ဆန္ဒ မတူညီမှုများ ပေါ်ပေါက်လာကြသေးသော်လည်း အတတ်နိုင်ဆုံး တူညီမှု၊ ညီညွတ်မှု အရယူကြပြီး ဂျပန်ဖက်ဆစ်များသို့ ရေလမ်းမှ ဆီးကြို ဖြတ်တိုက်ကြတော့သည်။

ကျွန်တော်၏ တာဝန်ကား မြို့ငွန်မြို့များရှိ ဘုန်းကြီးကျောင်းထဲတွင် နေ့လယ်ဘက်၌ သွားရောက် ပုန်းလျှိုးနေပြီး ညဘက်များတွင် ကျွန်တော်ကိုယ်တိုင် မြို့ထဲဝင်သည့်အခါ ဝင်၍သော်လည်းကောင်း၊ ကျွန်တော့်လူယုံများ လွှတ်၍ သော်လည်းကောင်း၊ မြို့ထဲမှ ဂျပန်ဖက်ဆစ်များ အသွားအလာနှင့် ဖက်ဆစ်များ တည်းခိုနေပုံ အခြေအနေကို အသေးစိတ် လေ့လာကြည့်ရှုပြီး သခင်ထွန်းအေးတို့ထံသို့ လည်းကောင်း၊ အဆက်အသွယ်ရရာ ဖက်ဆစ်တော်လှန်ရေးသမားတို့ထံ သတင်းပို့ပေးခဲ့ခြင်း၊ လက်ပစ်ဗုံးများနှင့် ယမ်းတောင့် ကျည်ဆန်များ စုဆောင်း ဝယ်ယူ၍ ပို့ပေးခဲ့ခြင်းများဖြင့် အလုပ်အကျွေးပြုခဲ့ပါသည်။

ကျွန်တော်တို့ ဘိအိုင်အေ လက်ထက်က ကိုချမ်းထွန်း ထံမှာ လျှို့ဝှက် သိမ်းဆည်း အပ်နှံထားသော ရိုင်ဖယ် သေနတ်များ၊ ခြောက်လုံးပြူးနှင့် ယမ်းတောင့် လက်ပစ်ဗုံးများအနက် အခြား ယမ်းတောင့်များ၊ လက်ပစ်ဗုံးများ ပျက်စီးကုန်ကြပြီ ဖြစ်သော်လည်း ရိုင်ဖယ်သေနတ်များကိုတော့ သေနတ်ဒင်များ ခြစားထားသည်ကို အနည်းငယ်ပြန်ပြင်ဆင်ပြီး ဂျပန်တော်လှန်ရာတွင် ပြန်လည်အသုံးပြုနိုင်ကြပါသည်။

ကျွန်တော် အုပ်ချုပ်ရေးမှူးတာဝန်ဖြင့် သို့ဝှက်သိမ်းဆည်းပြီး သခင်ထွန်းအေးတို့ လူစုဖြင့် ရန်ကင်းစံရာ ရွာတွင်းရှိ လျှို့ဝှက်နေရာတစ်ခုသို့ လက်ပစ်ဗုံးများ၊ ကျည်ဆန်ယမ်းတောင့်များ၊ အတော်များများကြီး ပေးပို့ သိမ်းဆည်းခဲ့သည်တို့မှာ အချို့မှာ ပျောက်ဆုံးခြင်း၊ အချို့မှာ သုံးနှစ်၊ သုံးမိုး တိုင်တိုင် ကာလကြာညောင်း မြေမြှုပ်ရေဝင်သံချေးတက်ပြီး လုံးဝ သုံးမရတော့ဘဲ ပျက်စီးခဲ့ပါသည်။

ဤသို့ဖြင့် ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့ ဂျပန်ဖက်ဆစ် တော်လှန်ရေးလုပ်ငန်း လက်နက်ကိုင် တော်လှန်ရေးကြီးကား ပြီးဆုံးသွားခဲ့ပါပြီ။ သို့သော် ကုလားစစ်သားများနှင့် အင်္ဂလိပ် မျက်နှာဖြူ စစ်ဗိုလ်ကြီးများ



ပါဝင်ဦးစီး ရှေ့ဆောင်လာသော အင်္ဂလိပ်စစ်တပ် ကြီးငယ်တို့က ကျွန်တော်တို့ မြို့ပေါ်ရှိ ဟိုက်စကူး ကျောင်းကြီးပေါ်မှာ မည်းမည်းလှုပ်မျှ များပြားစွာ ရောက်ရှိနေကြပါသည်။

ကမ်းနား ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင်လည်း ကုလား အင်္ဂလိပ်များ ပါဝင်သည့် စစ်သင်္ဘောကြီးများ၊ စစ်မော်တော်ကားယာဉ်များ၊ ကြက်တောင်စိုက် မြစ်ရိုးကမ်းခြေတွင် ဆိုက်ကပ်နေကြပြီး ညဘက်များတွင်လည်း အင်ဂျင်ဓာတ်မီးများ တထိန်ထိန် တလင်းလင်းနှင့် မြင်ကွင်းမှာ တစ်မျိုးဖြစ်၍နေပါသည်။

## နေ့လယ်ဘက်က မောင်းကြေညာသံ

မြို့ပေါ်တွင် နေ့လယ်ဘက်က မောင်းသမားကြီး ဦးဘိုးထပ် ၏ မောင်းသံမှ ကြေညာသံ ထွက်လာပြန်သည်။ အင်္ဂလိပ် အစိုးရမင်းတို့က ဗမာပြည်ကို ပြန်လည် သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း၊ ဂျပန်လုပ် ငွေစက္ကူအတုများကို အင်္ဂလိပ် အစိုးရတို့က အသိအမှတ်မပြုတော့သည့်အကြောင်း၊ အင်္ဂလိပ် ငွေဒင်္ဂါးနှင့် အင်္ဂလိပ်လုပ် ငွေစက္ကူများကိုသာ အင်္ဂလိပ်အစိုးရက တာဝန်ယူမည် ဖြစ်ကြောင်း၊ ဂျပန်စက္ကူတို့ကို လုံးဝ အသိအမှတ်မပြု တာဝန် မယူနိုင်ကြောင်း ကြေညာ မောင်းခတ်လိုက်ပါလေပြီ။

## ဘော တို့ ရင်တွဲ ရှာလေပြီ

အင်္ဂလိပ်မင်းတို့၏ မောင်းခတ်၊ စာရွက်ကမ်း ကြေညာချက်မှာ မြို့ပေါ်ရှိ လူပါး လူနပ် သူဌေးများအဖို့ လုံးဝ ဂရုမစိုက်ကြပေမဲ့ လူရိုးလူအ ဖြစ်ကြရှာသော ကိုင်းသမားကြီး၊ လယ်သမားကြီးများမှာကား ဂျပန်စက္ကူတွေ သေတ္တာတွေထဲမှ ထုတ်ကြည့်၍ ... လယ်သမားကြီးများ၏ ဇနီး၊ သား၊ သမီးများမှာ အနားတွင် ဝိုင်းအုံလျက် သွားလေသူအသက် မရှင်နိုင်တော့သော ဂျပန်စက္ကူအပုံကြီးများကိုကြည့်၍ မျက်ရည်များ ဝိုင်းလျက်။ သူတို့တစ်တွေ ငိုကြွေးနေကြရုံမှတစ်ပါး ဘာတတ်နိုင်ကြမည်နည်း။

မြို့ပေါ်ရှိ ပွဲစားကြီးများ၊ ကုန်သည်ကြီးများတို့ကတော့ ၎င်းတို့ထံမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ ဂျပန်စက္ကူများအားလုံး တစ်ရွက်မှ မချန်ထားရစ်ဘဲ ပဲ၊ ဆန်၊ ဆီ၊ ငရုတ်၊ ပြောင်း ဘာပဲရရ ရရာပစ္စည်းတွေကို ဝယ်ယူ၍ ကုန်စည်များ အဖြစ်သို့ ရုပ်ပြောင်း ရုပ်လွှဲ လုပ်လိုက်ကြသည်။

အုန်းသီးတစ်လုံးကို ဂျပန်ငွေ ၂၅ မှ၊ အုန်းသီးတစ်လုံး ဂျပန်ငွေ ၅ဝ၊ တစ်ရာ အထိ ပေးပြီး အုန်းသီးများ၊ ဆေးရိုးများ၊ ဆေးရွက်ကြီးများ၊ ပြောင်းဖူးဖက်များ ဈေး အဆမတန် ပေးရ ပေးရ အရမ်း ပေးပြီး အရမ်း ဝယ်ယူရဲကြသလောက်၊ ရိုးအပြီး သနားစရာကောင်းလှသည့် ကျွန်တော် တို့ လယ်သမားကြီးများနှင့် ကိုင်း (ယာခင်း) သမားကြီးတို့မှာကား ဘယ် လို ပြောလို့မှ သဘောမပေါက်ကြဘဲ ဂျပန်စက္ကူတို့ကို နောက်တက်လာ မည့် အစိုးရသည် ဘယ်နည်းနှင့်မဆို လဲလှယ်ပြီး ပေးကြရမှာပဲ၊ ဤကဲ့သို့ မှ လဲလှယ်မပေးလျှင် တိုင်းပြည်မှာ ဆူပူပွက်လောရိုက်သွားမှာပေါ့၊ အစိုးရ လုပ်ပြီးမှ ဤမျှလောက် တာဝန် မယူနိုင်ရင် ဘယ်ဖြစ်ပါ့မလဲ ... ဟူ၍ ကိုယ့်ဆင်ခြေ၊ ကိုယ့်အသိ၊ ကိုယ့်အမြင်နှင့် ဂျပန်စက္ကူကို ကျစ်ကျစ် ပါအောင် သိမ်းဆည်းပြီး ရှိစုမဲ့စု ကုန်ပစ္စည်းအချို့တို့ကို မြို့သား လူလည် တွေ၊ မြို့သား ကုန်သည်တို့အား ရောင်းချလိုက်ကြပါတော့သည်။

ဂျပန်ဖက်ဆစ်များကို အသက်ပေး တော်လှန်တိုက်ခိုက်ပြီးလျှင် ကိုယ့်နယ်မြေ၊ ကိုယ့်မြို့ရွာမှာ ကိုယ့်လက်နက် ကိုယ်ကိုင်ဆောင်ပြီး နေနိုင် ကြမည်ဟု ဝမ်းအသာကြီးသာနေကြသော ကျွန်တော်တို့တစ်တွေကား လက်နက်တွေ့ အပ်ရသည်၊ နယ်မြေ မြို့ရွာတွေ အပ်ရသည်။ အင်္ဂလိပ် အရာရှိဟောင်းကြီးများ၊ ပုလိပ် အရာရှိကြီးများ၊ အရေးပိုင်၊ နယ်ပိုင်ဟောင်း အရာရှိကြီးများတို့က ခေါင်းပေါင်းစကြီး တလူလူနှင့် ညစာ ထမင်းစားပွဲ အရက်သောက်ပွဲကြီးများ ပြုလုပ်၍ အင်္ဂလိပ်၊ အမေရိကန် စစ်ဗိုလ်ကြီး များကို ဧည့်ခံပွဲများ ကျင်းပနေကြပါလေပြီ။

ကျွန်တော်တို့ကား ရာထူး မမက်ကြပါ။ သို့ရာတွင် ဗမာပြည်အား ဒုတိယပိ ကျွန်လုပ် အုပ်စိုး မင်းလုပ်မည့် အင်္ဂလိပ်၊ အမေရိကန်တို့ကို ယခုကဲ့သို့ စစ်သင်္ဘောကြီးများနှင့် ထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား ပြန် လည် ရပ်တည် ရောက်ရှိလာနေခြင်းကိုတော့ အနည်းငယ်မျှ မရှုဆိတ်နိုင်ပါ။

အင်္ဂလိပ် အစိုးရထံမှ အမှုထမ်း ကျွန် အလုပ်ဖြင့် မိမိ တစ်အိမ်ထောင် အကျိုး၊ ကိုယ်ရေးကိုယ်တာကိုယ်ကျိုးရှာသမားများမှလွဲ၍ အဘယ်



မျိုးချစ်စိတ်ရှိပြီး သူ့ကျွန် မခံလိုသူတိုင်းတို့သည် အင်္ဂလိပ်အစိုးရတို့၏ ဒုတိယအကြိမ်မြောက် ကျွန်နိုင်ငံဘဝသို့ ပြန်လည် အရောက်ခံနိုင်ကြပါ အံ့နည်း ...။

## ဒုတိယကမ္ဘာစစ်ကြီးလည်း ပြီးလေပြီ

ဒုတိယပိ အင်္ဂလိပ်အစိုးရမင်းတို့၏ ဒုတိယအကြိမ်မြောက် ကျွန် ပြန်ဖြစ်ကြရလေပြီဟု ယူကျုံးမရ အပူလုံးကြွကာ နေမထိ ထိုင်မသာ ဖြစ် နေသဖြင့် သခင်စိုးနှင့် လူချင်းတွေ့ဆုံပြီး "ငါတို့ ဘာလုပ်ကြမည်နည်း ..." ဟူသော အမေးဖြင့်မေး၍ အလုပ်ဖြင့် အဖြေရှာအံ့ ဟု ဆုံးဖြတ်ပြီး ရန်ကင်းစံရာမှ သခင်အချို့နှင့်အတူ သခင်အုန်းဖေ၊ သခင်ထွန်းလှိုင်တို့ နှင့်အတူ သမ္ဗန်တစ်စီးဖြင့် ရန်ကုန်သို့ ထွက်လာခဲ့ကြပါတော့သည်။

ညနေ ၆ နာရီ နေဝင်စတွင် ရန်ကုန်ဆိပ်ကမ်း တစ်ခုတွင် ကျွန်တော် တို့ သမ္ဗန်ဆိုက်ကပ်ရန် ပြင်ဆင်လိုက်ပါသည်။ ကုလားစစ်သားများက အတင်းအဓမ္မဖြင့် မောင်းနှင်ထုတ်နေကြပါသဖြင့် ကျွန်တော်တို့ သမ္ဗန် သာမက အခြား အခြား မည်သည့်သမ္ဗန်များမှ ဆိုက်ကပ်ခွင့် မပေးကြပါ။ ရန်ကုန် တစ်ဖက်ကမ်းမှာ သွားကပ်ပြီး တစ်ဖက်ကမ်းမှာမှ အိပ်ကြရမည်။ နံနက် မိုးလင်းမှပင် ရန်ကုန်ဆိပ်ကမ်းမှာ လာကပ်ခွင့် ပြုနိုင်မည်ဟု မျက်နှာဖြူ စစ်ဗိုလ်တစ်ဦးက ဦးအွန်မျိုးရှ အား အင်္ဂလိပ်လို ပြောနေပါသည်။ ကျွန်တော် တို့ သမ္ဗန်နှင့်အတူ ညောင်တုန်းမှ ထွက်လာသော တရုတ်လူမျိုး ခေါင်း ဆောင် မစ္စတာ အွန်မျိုးရှ ခေါ် အဘိုးကြီး၏ ဝန်စည်စလှယ် အိမ်ထောင် ပရိဘောဂပစ္စည်းများ တင်ဆောင်ယူလာသော သမ္ဗန်ကြီး တစ်စင်းမှာလည်း ကမ်းဆိပ်သို့ မကပ်ရ၊ ကုန်ပစ္စည်းများ မချရနှင့် တဝဲလည်လည် ဒုက္ခ ဖြစ်နေရပါသည်။

သို့သော် မစ္စတာ အွန်မျိုးရှ မှာတော့ ပစ္စည်းတွေကို သမ္ဗန်ကြီးပေါ် မှာ ထားခဲ့ပြီး လူချည်းသက်သက် လှေကလေးတစ်ခုမှ တစ်ဆင့် ဆင်းပြီး ကမ်းကပ်၊ ကမ်းပေါ် တက်သွားပါတော့သည်။

ကျွန်တော်တို့ သမ္ဗန်မှာတော့ ကမ်းကပ်၍ မရသည့်တူတူ တစ် ယောက်မျှ မဆင်းကြတော့ဘဲ တစ်ဖက်ကမ်းသို့ ကူးပြောင်း လှော်ခတ် နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည် လုံးဝ ပျောက်ကွယ်သွားပါပြီ။ ရန်ကုန်မြစ်အတွင်း ဝယ် ပင်လယ်ကူး သင်္ဘောကြီးများပေါ်မှ ရေဒီယို အင်္ဂလိပ် သီချင်းသံများ တို့နှင့် သင်္ဘောကြီးများပေါ်မှ ဓာတ်မီးရောင်စုံများက လင်းလင်း ထိန်ညီး လျက် ...

စစ်သင်္ဘောကြီး၊ ငယ်၊ လတ်တို့လည်း တစ်စင်းနှင့် တစ်စင်းဆီသို့ မီးဖြင့် အချက်ပေးစကား ပြောနေကြသည်မှာလည်း ဝင်းခနဲ၊ လင်းခနဲ၊ လက်ခနဲဖြင့် မှိတ်လိုက် လင်းလိုက် မျက်စိရှုပ်စရာ၊ မခံချိမခံချင်စရာ ကျွန်တော်တို့ကို ပြောင်လှောင်ပြနေသည်ဟု ထင်မိပါတော့သည်။

“ဟော ... ဗျာ ...” ကျွန်တော်တို့ သမ္ဗန်မှာ တက် တစ်ချောင်း ကျိုးသွားပါချေပြီ။ ရှေ့တက်တစ်ချောင်း၊ နောက်တက် နှစ်ချောင်းဖြင့် လှော်ခတ်ရာမှ ယခု ရှေ့တက်တစ်ချောင်း၊ နောက်တက် တစ်ချောင်းတည်း ဖြင့် တအားကုန် တွန်းခတ်နေကြရပါပြီ။ သင်္ဘောကြီး နှစ်စင်းကြားကို ကျွန်တော်တို့သမ္ဗန် ဝင်သွားလျှင် အားလုံး သေကုန်ကြပါတော့မည်။

ကျွန်တော့်အတွက် အားလုံး ပို၍ စိုးရိမ် လာကြပါတော့သည်။ မသန်မစွမ်းနှင့် ရေလည်း မကူးတတ်၊ သင်္ဘောကြီး ဘောကြိုးကြီးများကို လည်း လှမ်းဆွဲထားနိုင်မည် မဟုတ်ပေ။ သင်္ဘောကြီးဖြင့် အလံ နှစ်ဆယ် အလံ သုံးဆယ် ခန့်သာ လိုပါတော့သည်။

လူသည် မသေမီ ရှိသမျှသော အင်အားတို့ကို အစွမ်းကုန် ကြိုးစား ကြလေပြီ။ “ဟေး လွတ်သွားပြီ ... လွတ်သွားပြီ” သင်္ဘောကြီးနှစ်စင်း ကြားတို့ လွန်မြောက် ကျော်ဖြတ်၍ တစ်ဘက်ကမ်း ဒလဆိပ်ကမ်းဘက်သို့ နီးကပ် ရောက်ရှိလာပါချေပြီ။

သို့ဖြင့် ကျွန်တော်တို့သမ္ဗန်သည် ရန်ကုန် တစ်ဘက်ကမ်းရှိ ဒလ ဘက် ကမ်းခြေတစ်နေရာတွင် ဆိုက်ကပ် ညအိပ်ကြတော့သည်။

နံနက်မိုးသောက်သောအခါ ရန်ကုန်ဆိပ်ကမ်းဘက်သို့ ဆိုက်ကပ် ပြီး ကျွန်တော်သည် ရန်ကင်းစံရာ သခင်အုံးဖေ၊ သခင်ထွန်းလှိုင်တို့နှင့်အတူ စမ်းချောင်း သခင်ဗသိန်းကြီး အိမ်သို့ တက်လာခဲ့ကြပါသည်။

၎င်း သခင်ဗသိန်းအိမ်တွင် မောင်မောင်ကြည် ခေါ် ဖိုးထွန်းသန်း တို့နှင့် ပထမဆုံးတွေ့ပြီး အနည်းငယ် စကားပြောပြီး သခင်စိုးနှင့် တွေ့လို ကြောင်း၊ ဖိုးထွန်းသန်းမှတစ်ဆင့် အရေးဆို တွေ့ခွင့်တောင်းလိုက်ပါသည်။



အနယ်နယ်မှ တက်လာကြသော ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ၊ ပါတီဝင်များ၊ လိုလားသူများတို့သည် အချို့ ကွန်မြူပါတီ အဆောက်အဦး ပေါ်တွင် တည်းခိုကြသည်။ အချို့မှာ သခင်သန်းထွန်းအိမ်တွင် တည်းခို ကြသည်။ အချို့မှာ ကိုဘဟိန်းအိမ်တွင် တည်းခိုကြသည်။ ကျွန်တော်တို့ ညောင်တုန်း ဓနုဖြူမှ လာသူအချို့မှာ သခင်ဗသိန်းအိမ်တွင် တည်းခိုကြပါ တော့သည်။

ဤအချိန်တွင် လူတချို့တစ်ဝက်အား သခင်ဗသိန်းနှင့် သခင်မကြီး ဒေါ်ကုလားမတို့ အိမ်သားစုများက ထမင်းဟင်း ချက်ပြုတ်ပြီး ကျွေးမွေးရန် တာဝန်ယူထားရသည့်အလျောက် နံနက်စာ ထမင်းဟင်းကို တစ်သုတ်စီ တစ်သုတ်စီ သခင်ဗသိန်းအိမ်တွင် ထမင်းလာရောက်စားကြပါသည်။

သခင်စိုးလည်း ထမင်း လာစားရင်း ကျွန်တော်နှင့် တွေ့ပါသည်။ နေ့လယ် ၁၂ နာရီတွင် ပါတီ အဆောက်အဦး အပေါ်ထပ် သခင်စိုး (အထွေ ထွေ အတွင်းရေးမှူးချုပ်) ရုံးခန်းတွင် ကျွန်တော်နှင့် နှစ်ဦးချင်း စကား အေးအေးဆေးဆေး ပြောလို၍ လာခဲ့ရန် ချိန်းဆိုခဲ့ပြီး၊ ထမင်းစားပြီးနောက် သခင်စိုး ပြန်သွားပါသည်။

ကွန်မြူနစ်ပါတီ အဆောက်အဦးမှာ ဗားကရာလမ်းရှိ (ယခု အစိုးရ အထက်တန်း အမှတ် (၁)ကျောင်း) နှစ်ထပ်တိုက်ကလေးတွင် ဖြစ်ပါ သည်။ ကွန်မြူနစ်ပါတီ ဟူသော ဆိုင်းဘုတ်ကြီးမှာ အဝေးကပင် မြင်နိုင် ပါသည်။

## သခင်စိုးနှင့် ဆွေးနွေးခြင်း

စမ်းချောင်း၊ ဗားကရာလမ်းမကြီးပေါ်ရှိ ကွန်မြူနစ်ပါတီ အဆောက် အဦ၊ အထွေထွေအတွင်းရေးမှူး ရုံးခန်း၌ ကျွန်တော်နှင့် သခင်စိုး နှစ်ယောက် ချင်း တွေ့ဆုံပြီး ဆွေးနွေးကြပါသည်။ သခင်တင်မြနှင့် ဖြစ်ခဲ့သမျှတို့ကို အတော်အသင့် တင်ပြခဲ့ပြီးနောက် အဓိက အခြေအနေကတော့ သခင်စိုးနှင့် လူချင်းလည်း မတွေ့၍ စာပေးစာယူဖြင့်လည်း အထင်လွဲမှားမှုများကို ဖြေရှင်း ဆွေးနွေးခွင့် မရကြခြင်းများကို ဆွေးနွေးတင်ပြလိုက်ပါသည်။

၁၀ ရက်လောက် ကြာသောအခါ ကျွန်တော်တို့ လူရင်း လူကောင်း တွေထဲမှ လူပေါင်း ၁၅ ယောက်၊ ၂၀ ခန့်ကို အနုပဋိလောမ သခင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ပေးရန် သခင်စိုးက စီမံပါသည်။ ကိုကျော်ဝင်း၊ ကိုထိန်လင်း၊ ကိုအောင်လင်း (ရခိုင်ပြည်တွင်ကျဆုံး)၊ ရခိုင် ဗုံပေါက်သာကျော်တို့လူနှင့် ကျွန်တော်တို့ ညောင်တုန်း ရန်ကင်းစံရာမှ သခင်ဟောင်းများလည်း ပါဝင်ကြပါသည်။

ဗဟိုဌာနချုပ်ရောက်မှ သိရသည်မှာ ကိုကျော်ဝင်း၊ ကိုထိန်လင်း၊ ကိုအောင်လင်း၊ ကိုစံဌေး အစရှိသူတို့မှာ အရေးယူခံထားသူများ ဖြစ်ကြောင်း သိရပါသည်။

ထိုအချိန်အခါက လက်ရှိ ဗဟိုကော်မတီများမှာ (၁) သခင်စိုး အထွေထွေ အတွင်းရေးမှူးနှင့် (၂) ကိုထွန်းသန်း (၃) ကိုထွန်းရင် (၄) သခင်တင်မြ (၅) သခင်လှမြိုင် (၆) မစောမြ (၇) ကိုစံညွန့် (၈) ကိုထွန်းစိန် (၉) သခင်သန်းထွန်း (၁၀) ကိုဗဟိန်း မှတ်ချက်။ ။ ကိုသိန်းဖေ မှာ ဗဟိုကော်မတီတစ်ဦး ဖြစ်သည်ဟု သိရသည်။ သို့ရာတွင် ၎င်းမှာ အိန္ဒိယပြည်မှာပင် ရှိနေပါသေးသည်။

ကျွန်တော်တို့ လူပေါင်း ၁၅ ယောက်၊ ၂၀ ခန့်ကို (၇) ရက်ခန့်လောက်သာ သခင်စိုး တစ်ဦးတည်း သင်တန်းပေးနေတုန်းမှာပင် အနယ်နယ်မှ ရောက်ရှိလာသူ ပါတီဝင်များ၊ လိုလားသူများ၊ လူသစ်များ၊ လူဟောင်းများတို့ကပါ ၎င်းတို့အား နိုင်ငံရေးသင်တန်း တက်ခွင့်ပေးရန် အရေးဆိုလာမှုများ ပြင်းပြင်းထန်ထန် ရိုက်ခတ်လာမှုကြောင့် သခင်စိုးသည် အစီအစဉ်ပြောင်းရန်အတွက် ကျွန်တော်တို့တစ်တွေအား သင်တန်းပေးနေရာမှ ရပ်တန့်ဆိုင်းငံ့ ထားလိုက်ရပါသည်။

၃၊ ၄ ရက်အတွင်းမှာပင် လူတွေ အများကြီးဖြင့် ပါတီ အဆောက်အဦး အပြည့်အလျှံ နိုင်ငံရေးသင်တန်း ဖွင့်လှစ်ပြီး (၁) အနုပဋိလောမ ရုပ်ဝါဒနှင့် ရာဇဝင်ရေး ရုပ်ဝါဒကို သခင်စိုး က တာဝန်ယူ၍ သင်တန်းပေးပါသည်။ (၂) အစွန်းထွက်တန်ဖိုး သဘောတရားကို ကိုဗဟိန်း က သင်တန်းဆရာအဖြစ် တာဝန်ယူရပါသည်။ (၃) ကွန်မြူနစ်ပါတီ ဖွဲ့စည်းပုံနှင့် ကွန်မြူနစ် စည်းရုံးပုံကိုတော့ သခင်သန်းမြိုင်က တာဝန်ယူပြီး သင်တန်းပေးပါသည်။ (၄) အိမ်ထောင်ဦး ပုဂ္ဂလိကနှင့် အစိုးရ သဘောထားကို ဒေါ်စောမြ က တာဝန်ယူပြီး သင်တန်းပေးပါသည်။ (၅) ကမ္ဘာ့နိုင်ငံရေး အခြေအနေများနှင့် ဗမာ့နိုင်ငံရေး အခြေအနေကို သခင်သန်းထွန်းက တာဝန်



ယူ၍ လည်းကောင်း၊ စာသင်ကျောင်းများကဲ့သို့ တိကျစွာ သူ့အချိန်နှင့် သူ့ဘာသာရပ်များကို အလှည့်ကျ သင်တန်းဆရာများက ကိုယ်စီကိုယ်ငကိုယ့်တာဝန်ကိုယ် ခွဲဝေယူကြပြီး ကွန်မြူနစ်ပါတီအဆောက်အဦကြီး အပေါ်ထပ်တွင် သင်တန်း စ ပေးပါသည်။

ထိုအချိန်က တစ်ဘက်တွင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်မြ၊ ဦးကိုကိုကြီး တို့ ခေါင်းဆောင် စည်းရုံးနေကြသော ဆိုရှယ်လစ်ပါတီ ဌာနချုပ်မှလည်း တိုက်နယ်များအလိုက်ခွဲ၍ လှုပ်ရှားစည်းရုံးနေကြပါသေးသည်။ သူတို့ဘက်ကလည်း သူတို့လူတွေနှင့်သူတို့ နိုင်ငံရေးသင်တန်းများ ပေးနေကြပါသည်။

သို့သော် ကွန်မြူနစ်ပါတီလောက် အရည်အချင်းရော၊ အရေအတွက်ရော မီအောင် လိုက်၍ မစည်းရုံးနိုင်ခဲ့ကြပါချေ။

ဒုတိယ ပါတီကွန်ဖရင့် လုပ်ရန်မှာလည်း တစ်လခန့်သာ လိုလေတော့ရာ အမြို့မြို့ အနယ်နယ်မှ မြန်မာပြည်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်တန်းဒေသများကပါ တစ်စ တစ်စ လူတွေ များသည်ထက် များလာပါသည်။

စမ်းချောင်း၊ ရှမ်းလမ်းဘက်ရှိ ညောင်တုန်းလမ်း၊ မအူပင်လမ်းတို့ဘက်တွင်ရှိသော မြူနီစီပယ် ကျောင်းကြီးတစ်ခုမှာလည်း ခေတ္တ ကျောင်းပိတ်ထားသဖြင့် ၎င်းကျောင်းဆိုင်ရာ လူကြီးများ၏ ခွင့်ပြုချက်အရ ၎င်းမြူကျောင်းသို့ ပြောင်းရွှေ့ပြီး ကွန်မြူနစ်သင်တန်းများ ပေးကြပြန်ပါသည်။

နံနက် ၇ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ နံနက်စာစား လွှတ်ပြီးလျှင် နေ့လယ် ၁၂ နာရီမှ ၁ နာရီခွဲ၊ လက်ဖက်ရည်သောက်ဆင်းပြီး နေ့ ၂ နာရီ တိတိမှ ညနေ ၄ နာရီ၊ သို့မဟုတ် ၄ နာရီခွဲအထိ နေ့ဆက်ရက်ဆက် တစ်လကျော်ကျော် ပေးခဲ့သော သင်တန်းမှာ အဘယ်မျှ ပြည့်စုံသနည်းဟု ဆိုလျှင် ၁၉၄၀ ခု၊ ၄၁ ကြား ကျွန်တော်တို့ အင်းစိန်သီးသန့် ဘီကလပ်စ် ထောင်ကလေးထဲတုန်းက သခင်စိုး၊ သခင်သန်းထွန်းတို့ဆီမှ နိုင်ငံရေး သင်တန်း တက်ခဲ့ကြရစဉ်တုန်းကထက် ပိုမို ပြည့်စုံပါသည်။

သို့သော် ကျွန်တော်တို့တစ်တွေမှာ ကျွန်တော်တို့ပါတီ ခေါင်းဆောင်များအပေါ် မကျေနပ်နေသော အချက်ကြီးတစ်ခု ရှိနေကြပါသည်။

ဤကား ဘရောက်ဒါဝါဒ (ခေါ်) ငြိမ်းချမ်းသာယာ ဖြစ်ပေါ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တရား၊ အချောင်သမား ဝါဒကြီးကို လူငယ်ပိုင်း၊ လူလတ်ပိုင်း (အသက်ကို မဆိုလိုပါ။ ပါတီနယ်နိမိတ် သတ်မှတ်ရေးဆိုင်ရာ၏ အကြီးအငယ်ပိုင်းကို ဆိုလိုပါသည်) အတော်များများတို့က လက်မခံနိုင်ကြပါ။ ဘဝင်မကျ နိုင်ကြပါချေ။

ကျွန်တော် မှတ်မိပါသေးသည်။ ကျွန်တော်သည် ဖိုးထွန်းရင်နှင့် ငယ်သူချင်းလည်း ဖြစ်၊ နယ်သား အရပ်သားချင်းလည်း ဖြစ်သည့်အလျောက် "ဟေ့ ... ဖိုးထွန်းရင်၊ အခုအချိန် လက်နက်ချလိုက်ကြရပြီး မိမိတို့ နယ်မြေ တွေကိုလည်း အင်္ဂလိပ်အစိုးရ ပြန်အပ်လိုက်ပြီးခါမှ ငြိမ်းချမ်းသာယာစွာ နည်းလမ်းဖြင့် လွတ်လပ်ရေးကို ရနိုင်တယ်ဆိုတဲ့ ဆင်ခြေ ဆင်လက်တွေ၊ အကြောင်းပြချက်တွေကို ငါ ဘဝင်မကျဘူးကွ ... ဒါကို တို့ ပြန်တိုက် ရအောင် ... ငါ အင်းစိန်ထောင်ထဲတုန်းက သခင်စိုးတို့နှင့် ဆွေးနွေးခဲ့ရာမှာ ဒီလို မဟုတ်ဘူးကွ။ ဂျပန်ဖက်ဆစ်တို့ကို တော်လှန်ပြီးနောက်၊ အဲဒီက ရရှိအပ်တဲ့ လက်နက် ခဲယမ်းမီးကျောက်များ၊ သိမ်းပိုက်ရရှိပြီး နယ်မြေများ၊ အတွေ့အကြုံများတို့ဖြင့် ဖက်ဆစ်နယ်ချဲ့ ကျဆုံးပြီးနောက် ဝင်ရောက် ကျူးကျော် နယ်ချဲ့လာဦးမည့် အရင်းရှင် ဒီမိုကရေစီ နယ်ချဲ့ လိပ်၊ ကန် တို့ကို ဆက်လက်ပြီး လက်နက်ကိုင် တိုက်ပွဲဖြင့်သာ ငါတို့၏ တကယ့် လွတ်လပ်ရေးကို အရယူမည်ဆိုတာ သေသေချာချာ ဆွေးနွေးခဲ့ဖူးပါတယ် ကွ ..."

"အခု သခင်စိုး ကိုယ်တိုင်က ဘယ်လို ဖြစ်ပြန်သလဲ ... အိန္ဒိယ ပြည်မှ ကုလားကွန်မြူနစ်တွေက ဒီ အမေရိကန်ကွန်မြူနစ်ပါတီက ခေါင်း ဆောင်တစ်ဦး ဖြစ်တဲ့ အားလ် ဘရောက်ဒါရဲ့ ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ် ရေးကြီးဟာ မာ့က္စ်ဝါဒနဲ့လည်း မကိုက်ညီ၊ လီနင်တို့ စတာလင်တို့ သွန်သင်ချက်တွေနဲ့လည်း လုံးဝ ဆန့်ကျင်နေပါလားကွ" ဟု ဖိုးထွန်းရင် ကို ပြောမိပါသည်။

သို့ဖြင့် ပွစိပွစိဖြင့်သာ ပါတီဝင်သူ လူငယ်လူလတ်ပိုင်းမှာ မရဲတရဲ၊ မပွင့်တပွင့် ရင်းနှီးရာ လူလောက်ကိုသာ မိမိတို့ မကျေနပ်နေကြသည့် လက်နက်ကိုင် တိုက်ပွဲတစ်ရပ် မပါဘဲ လွတ်လပ်ရေး ရရမည် ဆိုသော ပါတီ ခေါင်းဆောင်ပိုင်းတို့၏ အပြောအဟောတွေကို ဘယ်လို အကြောင်း ပြချက်တွေပဲ ပေးပေး၊ ဘယ်လို ကပ်လုံးတွေ၊ ဆင်ခြေတွေပဲ ပေးနေနေ ...



ရင်းခေါင်းဆောင်ကြီးများနှင့် ယှဉ်ပြိုင်ပြီး စကား အနိုင်ရအောင် တိုက် မယူနိုင်ကြစေကာမူ ပြေပြေလည်လည် ဘဝင်ကျမှုကိုတော့ မရသွားကြ ပါပေ။

**ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေး တရားဘက်မှ ဆင်ခြေ ဆင်လက်များ**

(၁) အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့သည် စစ်ပြီး ယခုကာလ ပိုင်းတွင် အကြီးအကျယ် အားနည်းနေခြင်း။

(၂) နောက်တစ်ကြိမ် စစ်ပြန်ဖြစ်ရန် လိပ်၊ ကန်၊ သစ် နယ်ချဲ့ သမားတို့မှာ လုံးဝ အင်အား မရှိတော့ခြင်း။

(၃) တီဟီရန် ကွန်ဖရင့်၊ ယော်လ်တာ ကွန်ဖရင့်၊ ဆန်ဖရန့်စစ္စကို ကွန်ဖရင့် စသော ကွန်ဖရင့်တွေမှာ စာချုပ် ချုပ်ဆိုထားခြင်း ခံရပုံက (ကြီးလေးကြီး နိုင်ငံ စာချုပ်အရ) စတာလင် အကြိုက် ဤဒုတိယကမ္ဘာစစ် အတွင်းမှာ ဖက်ဆစ် သုံးနိုင်ငံကို တွန်းလှန်တိုက်ခိုက် တော်လှန်သော ကိုလိုနီနိုင်ငံများအား စစ်ပြီးကာလပိုင်းတွင် ကိုလိုနီဘဝမှ လက်လွှတ် လိုက်ရမည် ... လုံးဝ လွတ်လပ်ရေး ပေးရမည်ဟု အဆိုရှိခြင်း။

(၄) မာ့က္စ၊ လီနင်၊ စတာလင် ဝါဒအရ လက်နက်ကိုင် တော်လှန် ရေးနှင့်သာ လွတ်လပ်ရေး ရနိုင်တယ်ဆိုတာ မှန်တယ်လေ ... အခု ငါတို့က ဂျပန်၊ ဂျာမနီ၊ အီတလီ ဖက်ဆစ်တွေကို လက်နက်ကိုင် တိုက်လာခဲ့တာပဲ မဟုတ်လား၊ အဲဒါကြောင့် လွတ်လပ်ရေးကို ရရမှာပဲပေါ့ ... ဒါကြောင့် ပိုလန်တို့ ဆိုရင်လည်း လုံးဝ လွတ်လပ်ရေး ရနေပြီ၊ အခု ဒုတိယကမ္ဘာစစ် ပြီးမှ လုံးဝ လွတ်မြောက်လာပြီး ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်လာခဲ့တဲ့ တိုင်းပြည်တွေဟာ ဥရောပမှာ အများကြီးပဲ တိုးတက်လာပြီ။

(၅) အခုနေ အင်္ဂလိပ် အမေရိကန်တို့ကို လက်နက်နှင့် ပြန်တိုက် လျှင် ဖစ်ကော်လ်မစ် ... ပဉ္စမံတပ်သားတွေ ဖြစ်ကုန်လိမ့်မယ်။

(၆) ဤငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေးလမ်း၏ အကျိုးသက် ရောက်မှုသည်ကား အိန္ဒိယတွင်ရှိ ကိုသိန်းဖေ သည် အထူးပြတ်သားသည့် အတွက် ဗမာပြည် ပြန်ရောက်လျှင် သခင်စိုးကို ဖြုတ်ပြီး ကိုသိန်းဖေမြင့် အထွေထွေ အတွင်းရေးမှူး ဖြစ်လိမ့်မည်ဟု ထင်မြင်ချက် ပေးနေကြခြင်း၊ တီးတိုးသတင်းဖြစ်ပေါ်နေကြခြင်းတို့မှာ ပါတီထဲတွင်အမင်္ဂလာကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ် ဝင်ပူးနေခြင်း၊ အခြေအနေဆိုးများ ပေါ်ပေါက်နေခြင်းပင် ဖြစ်တော့သည်။

× × ×

## အိမ်ထောင်သစ်ပြဿနာ

ဤအချိန်လောက်တွင်ပင် သခင်စိုး အိမ်ထောင်ပြုသည့် ကိစ္စသည် ပါတီတွင်း၌ ပြဿနာကြီးတစ်ရပ်အဖြစ် ပေါ်ထွက်လာပြန်သည်။ ကျွန်တော့် အနေနှင့်တော့ ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေးလမ်းစဉ်ပေါ် မပြေမလည် ရှိခဲ့ရုံမှတစ်ပါး သခင်စိုး အိမ်ထောင်သစ် ပြုသည့်ကိစ္စကို လုံးဝဂရုလည်း မစိုက်၊ စိတ်လည်း မဝင်စားခဲ့ပါချေ။

မခင်စီ ကို ဂျပန်ခေတ် အလယ်လောက်က အကြောင်းကြောင်းကြောင့် ကွာရှင်းပြီးနောက် ၆ လ ကျော်ကျော် ၇ လနီးနီး ကြာသောင်းပြီးကာမှ မနှင်းမေ နှင့် အိမ်ထောင်ပြုခဲ့ကြသည်ဟု အတော်အတန် သိနှင့်ပြီး ဖြစ်သည့်အတွက် ဤဖိုမဆက်ဆံရေး ပြဿနာကို အဓိက ဟူ၍လည်း သဘောမထား၊ ကျွန်တော်၏ ပကတိ အသိတရားကိုက နိုင်ငံရေး အဘိဓမ္မာတရား၏ အမှားအမှန်သာလျှင် ပါတီမှာ အဓိကလည်း ဖြစ်သည်။ ရှေ့တန်းလည်း ရောက်သင့်သည်။ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးမှအပ "အချစ်ဟောင်းကုန်ဆုံး၍ အချစ်သစ်သို့ ကူးပြောင်းခြင်း ..."၊ တစ်ဦးနှင့်တစ်ဦး စိတ်ဆိုသောချင်း မတိုက်ဆိုင်၍ ကွာရှင်းပြီးမှ တစ်ဦးကို ယူခြင်းသည် တစ်ပြိုင်နက် မယားနှစ်ယောက်ယူခြင်း၊ အပျော်အပါးလိုက်ခြင်းနှင့် မဆိုင်၊ တခြားစီ၊ အဓိပ္ပာယ် တစ်မျိုးစီဟု မူလကပင် ယူဆမိသူ ဖြစ်သည့်အလျောက် သခင်စိုး၏ ဖိုမ ပြဿနာကို သခင်စိုးအား ခေါင်းဆောင်မှုမှ ဖြုတ်ချပြီး အိန္ဒိယမှလာမည့် ဦးသိန်းဖေမြင့်ကို အထွေထွေ အတွင်းရေးမှူး တင်လိုသူ အချို့တို့က တီးတိုးတီးတိုး လုပ်နေကြသံလည်း ကြားခဲ့ရပါသည်။

'အချစ်ဟောင်း ကုန်ဆုံး၍ အချစ်သစ်တို့ ကူးပြောင်းခြင်း' ဆိုရာမှာ မယားကို သော်လည်းကောင်း၊ လင်ကို သော်လည်းကောင်း အဝတ်အထည် တစ်မျိုးပြီးတစ်မျိုး လဲလှယ်ဝတ်ဆင်ထားချင်သူ လူစားမျိုး၏ အပြုအမူ အကျင့်အကြံမျိုးကိုတော့ ကျွန်တော် လုံးဝ လက်မခံနိုင်ပါ။

သို့ရာတွင် အချစ်ဟောင်း ကုန်ဆုံးရာ၌ အကြောင်းအကျိုး အဆက်



အစပ် နိုင်လုံစွာ မပေါင်းနိုင်လောက်အောင် အကျိုးအကြောင်း ဆက်စပ်မှု ရှိလာလျှင် အိန်ဂျယ် ၏ အိမ်ထောင်ဦး ပုဂ္ဂလိက နှင့် အစိုးရ ဇစ် ထဲမှ ဖိုမကိစ္စများပေါ် သဘောထားအတိုင်း မိမိကိုယ်ခန္ဓာကို မိမိအမေက မွေးပေးလိုက်သည့်နောက် မိမိသာလျှင် ပိုင်ဆိုင်ပြီး၊ မိမိ အလိုတူသော ကာလအပိုင်းအခြား အထိသာလျှင် ဖို သည် လည်းကောင်း၊ မ သည် လည်းကောင်း ကာမ ရာဂကို ပိုင်ဆိုင်နိုင်ပေသည်။ မိမိကိုယ်၌က အလို မတူနိုင်သော ကာလတွင်ကား သက်ရှိ ကျွဲ၊ နွား၊ ဝက် တိရစ္ဆာန်များကဲ့သို့ သက်မဲ့ ကုလားထိုင်၊ ဗီရို၊ သေတ္တာ စားပွဲများကဲ့သို့ ဝယ်ယူရရှိထားသူ၏ တစ်သက်တာလုံး ပိုင်ဆိုင်မှုမျိုး ပေး မထားနိုင်ပါချေ။

ကိုယ့်အမေ မွေးတုန်းက ကိုယ်နှင့်အတူပါလာသော လိင်ကို တစ်ဦးတည်းသာ အခါခပ်သိမ်း ပိုင်ဆိုင်နေကြခြင်းကြောင့် ကိုယ်ကိုယ်တိုင်က အကြောင်းတစ်မျိုးမျိုးကြောင့် ဖြစ်စေ၊ စိတ်မပါ အလို မတူတော့သည့် နေ့တွင် ကိုယ့်လိင်ကို ကိုယ် ထိန်းသိမ်းထားနိုင်ခွင့်၊ ကိုယ့်အချစ်သစ်ကို ကိုယ် ပြောင်းယူနိုင်ခွင့် ရှိသင့်သည် ဟူသော သဘောထားကို လက်ခံကြိုက်နှစ်သက်ပြီးသူ ကျွန်တော့်အဖို့ သခင်စိုးပေါ် ဖိုမဆက်ဆံရေးကိစ္စကို ချက် ရှာပြီး အလဲထိုးလိုသူ အုပ်စုကြီးနှင့် ကျွန်တော့်မှာ လုံးဝ မတိုက်ဆိုင်ခဲ့ပါချေ။

သို့သော် ကျွန်တော်သည် သခင်စိုး ကို အလဲထိုးခံလိုက်ရသော ဖိုမကိစ္စနှင့်ပတ်သက်သည့် တင်ပြ ဆွဲချ လုပ်လိုက်ကြသည့် ဒုတိယ ကွန်ဖရင့် ခေါ် အရှုးထောင်ဖွင့်ပွဲ တစ်ခုကိုတော့ ရာဇဝင်မှာ အရှုးတွေ စာရင်းထဲ မပါခဲ့ရသည့်အတွက် စောစော ပြန်လွှတ်လိုက်သော သခင်စိုးအား ကျေးဇူးတင်ရပါတော့မည်။

နိုင်ငံရေးသင်တန်းများ ပြီးဆုံးသွားသည့်နေ့ နောက်တစ်နေ့တွင် သခင်စိုးသည် ကျွန်တော့်အား ခေါ်နိုင်း၍ တစ်ယောက်ချင်းတွေ့ပြီး ညောင်တုန်းမြို့နယ်သို့ အမြန်ပြန်၍ လယ်သမား သမဂ္ဂများ ဖော်ထုတ်စည်းရုံးရန် တာဝန်ပေးအပ်ပါတော့သည်။ ကိုထွန်းအေးနှင့် ကိုထွန်းရင်တို့ကိုလည်း မအူပင်ခရိုင် (ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော်၊ မအူပင်) ၄ မြို့အတွက် ပြန်လွှတ်ပေးမည့်အကြောင်း၊ ကျွန်တော့်အား ကွန်မြူနစ်ပါတီ ဖွဲ့စည်းပုံ အခြေခံအတိုင်း အောက်ခြေမှ စည်းရုံး၊ အလုပ်အကျွေး၊

www.burmeseclassic.com



ပြုခြင်း ခေါင်းဆောင်မှုခန်းမှာလည်း အလုပ်နှင့်အတူ ပေါ်ထွက်လာမည့် အကြောင်းများကို ဆွေးနွေးပါသည်။

ကျွန်တော်သည် ခေါင်းဆောင်မှုခန်းကို အဓိကထား လုပ်လာခဲ့သူ မဟုတ်ပါ။ မှန်ကန်သော အလုပ်ကို လုပ်နိုင်သမျှ လုပ်ပိုင်ခွင့် ရှိလာရင် ကျေနပ် ဝမ်းသာလှကြောင်း စသည်တို့ကို ဆွေးနွေးပြီးပြီးချင်း ညောင်တုန်းမြို့သို့ ပြန်ခဲ့ပါတော့သည်။

သခင်သာဟန်၊ မောင်မြအောင်၊ မောင်ဖေသန်း အစရှိသော ရဲဘော်သုံးယောက်သာလျှင် ရန်ကင်းစံရာမှ ရဲဘော်များ အချို့နှင့်အတူ ရန်ကုန်မြို့ပေါ်တွင် ကျန်ရစ်ခဲ့ကြပါသည်။ (မှတ်ချက်။ ။ ဤအချိန်အခါက ရဲဘော်ရဲဘက် ဟူ၍သာ ခေါ်ကြပါသည်။ ရဲနီ ဟူသော အခေါ်အဝေါ်မှာ အလံနီကွန်မြူနစ်ပါတီ ဖြစ်ပေါ်လာသော ၁၉၄၆ ခုနှစ် အလံနီပါတီခေတ်ကြမှပင် ရဲနီ ဟူသော အခေါ်ကို ကျွန်တော်တို့က စတင် သုံးစွဲလာပါသည်)

ညောင်တုန်းမြို့ပြန်ရောက်ပြီးသည်နှင့် စီဆောဝင်း ကို ခေါ်ပြီး ရွာသစ်၊ ရေပေါက်၊ သံကြိုး စသော ရွာများသို့ သမ္မန်စီးပြီး လယ်သမား စည်းရုံးရေး ဆင်းပါသည်။

ထိုကဲ့သို့ ကျေးရွာများသို့ ဆင်းလိုက်၊ မြို့ ပြန်တက်လာလိုက်ဖြင့် အလုပ်များနေစဉ်မှာပင် သခင်သာဟန်၊ မောင်မြအောင်တို့ ပြန်ရောက်လာကြပါသည်။ သခင်စိုးအား ဖိုမဆက်ဆံရေး အပြစ်ကြောင့် သခင်စိုး၊ ရှာ၊ မနှင်းမြကိုပါ တစ်နှစ်တိတိ ပါတီမှ အရေးယူ အပြစ်ပေး ထုတ်ပစ်လိုက်ကြပြီး ကိုသိန်းဖေအား အထွေထွေ အတွင်းရေးမှူး တင်လိုက်ပြီဖြစ်ကြောင်း သတင်းကြားပါသည်။

ဒုတိယ ပါတီကွန်ဖရင့်တွင် သခင်စိုးအား မဲလိမ် လူညာများဖြင့် မတရား ဖြုတ်ချလိုက်ကြောင်းကိုပါ ကျွန်တော်သည် ကြားသိရပါသည်။ ထို့ကြောင့်လည်း သခင်စိုးက အရူးထောင်ဖွင့်ပွဲ ဟု ဒုတိယ ကွန်ဖရင့်ကို အမည်ပေးခဲ့ပါသည်။

ထိုအချိန်မှ ဆက်၍ ဖ-တ-ပ-လ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့) ကို လည်းကောင်း၊ ကွန်မြူနစ်ပါတီကို လည်းကောင်း၊ တောင်သူလယ်သမားအဖွဲ့ကို လည်းကောင်း၊ မြို့နယ်အလိုက် ကျွန်တော်တို့ တာဝန်ယူကြရပါတော့သည်။ ကျွန်တော့်မှာ တောင်သူလယ်သမားအဖွဲ့၊



မြို့နယ်ဥက္ကဋ္ဌ အဖြစ်နှင့် ထမ်းဆောင်ခဲ့ရပါသည်။ ဖ-တ-ပ-လ အဖွဲ့ထဲမှာ ကျွန်တော်က အမှုဆောင်ရိုးရိုးတစ်ဦးပင်ဖြစ်၍ သခင်ချစ် မှာ ဖ-တ-ပ-လ မြို့နယ်ဥက္ကဋ္ဌ ဖြစ်ပါသည်။ သခင်သာဟန် မှာ ကွန်မြူနစ်ပါတီ မြို့နယ်၏ အတွင်းရေးမှူး ဖြစ်၍ ကျွန်တော်တို့က ကွန်မြူနစ်ပါတီ အမှုဆောင် (မြို့နယ်)များ ဖြစ်ကြပါသည်။

ဖိုးထွန်းရင်မှာ ဌာနချုပ် ခေါင်းဆောင် (ဗဟိုကော်မတီ) မအူပင် တစ်ခရိုင်လုံးအတွက် စည်းရုံးရေးအဖြစ်နှင့် ဖဆပလခရိုင်၊ ကွန်မြူနစ်ပါတီခရိုင်၊ တောင်သူလယ်သမားခရိုင်တို့ကို ကိုင်တွယ်စည်းရုံးရပါသည်။

ကိုထွန်းအေးမှာကား တောင်သူလယ်သမား ဌာနအတွက် ခရိုင်အတွင်းရေးမှူး အဖြစ်နှင့် ၄ မြို့စလုံးမှ လယ်သမား အဖွဲ့အစည်းများကို ကိုင်တွယ်စေခဲ့ပါသည်။

× × ×

## သခင်စိုး အိန္ဒိယပြည် တိတ်တဆိတ်သွားခဲ့ခြင်း

သခင်စိုးသည် ဖိုမ ပြဿနာကို ရှေ့တန်းတင် အထုတ်ခံရပြီး အတွင်းရေးမှူးချုပ်မှ လည်းကောင်း၊ ဗဟိုကော်မတီမှ လည်းကောင်း၊ ပါတီဝင်တစ်ယောက် အဖြစ်မှ လည်းကောင်း လုံးဝ အထုတ်ခံလိုက်ရခြင်းကြောင့် အကြီးအကျယ် စိတ်ကို ထိခိုက်စေခဲ့သည်။ မိမိ ထူထောင်ထားသော ပါတီမှ မတရား အထုတ်ခံလိုက်ရခြင်းကို သခင်စိုးသည် နာကြည်းဒေါသထွက်မည်မှာ အမှန်ပင်။ သုံးနှစ် သုံးမိုးစလုံး ဖက်ဆစ် ဂျပန်တို့၏ သေနတ် လုံ့စွပ်ဖျားမှ ဤသို့သော အဖြစ်ကို တွေးမိတိုင်း၊ တွေးမိတိုင်း ကျွန်တော်၏ ရဲဘော်ကြီး (ယခုခေတ်အခေါ် ရဲနီကြီး) သခင်စိုးသည် ဗမာပြည်မှာ နေချင်တော့မည် မဟုတ်ပါပေ။

သခင်စိုး အိန္ဒိယပြည်သို့ သွားခြင်းမှာ လေယာဉ်ပျံမောင်းသော ကုလားစစ်သား ကွန်မြူနစ်ပါတီဝင် ပိုင်းလော့များနှင့် ဆက်သွယ်မိပြီးလျှင် အိန္ဒိယပြည်သို့ ထွက်ခွာခဲ့ရခြင်း ဖြစ်ပါသည်။ ဤသို့ အင်္ဂလိပ်အစိုးရ စစ်စုံထောက်များ မသိရအောင် လျှို့ဝှက်ပြီး သွားရသည်ကိုသိပါလျက်နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးလက်သစ် ကိုသိန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



က သို့ ... သခင်စိုး၊ အိန္ဒိယပြည် ... စသည်ဖြင့် မြို့နာမည်၊ လမ်းနံပါတ်၊ အိမ်နံပါတ် လိပ်စာ အပြည့်အစုံဖြင့် သခင်စိုးထံသို့ စာတိုက်မှနေ၍ ဗမာပြည်က စာထည့်လိုက်ခြင်းဖြင့် ကိုသိန်းဖေသည် သခင်စိုး အား အင်္ဂလိပ် စုံထောက်များကို မျက်စပစ်၍ အဖမ်းခိုင်းလိုက်ပါသေးသည်။

## အိန္ဒိယရောက် သခင်စိုး

အိန္ဒိယရောက် သခင်စိုးမှာ ကုလား ကွန်မြူနစ်ပါတီ ခေါင်းဆောင် ပီစီဂျိုရှီတို့နှင့် ဆွေးနွေး၍ အဆင် မပြေကြပါ။ သခင်စိုးက ငြိမ်းချမ်း သာယာစွာ ဖြစ်ပေါ်ရေး လမ်းစဉ်သည် အချောင်သမား လမ်းစဉ်ဖြစ်ကြောင်း ကို အိန္ဒိယပြည်သို့ မသွားမီ ကာလကပင် ပြန်လည် သုံးသပ်သိမြင်ခဲ့ပြီ ဖြစ်သော်လည်း လုံလောက်သော အထောက်အထား အချက်အလက်များ ရှာဖွေရန်၊ အထူးသဖြင့် အိန္ဒိယပြည်မှတစ်ဆင့် ဆိုဗီယက် ရုရှား ကွန်မြူနစ် ပါတီကြီးမှ စတာလင်နှင့်သော်လည်းကောင်း (သို့မဟုတ်) ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တစ်ဦးနှင့် သော်လည်းကောင်း ဆက်သွယ် မိရန်၊ ဘရောက်ဒါဝါဒအပေါ် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ၏ သဘော ထားကို ဆွေးနွေးလေ့လာလိုသည့် အချက်မှာ သခင်စိုး၏ အဓိက အိန္ဒိယ သို့ လာရခြင်း၏ အကြောင်းရင်းခံကြီး တစ်ရပ် ဖြစ်ပါတော့သည်။

ကုလား ကွန်မြူနစ် ခေါင်းဆောင်များနှင့် လုံးဝ မကိုက်ညီသော သခင်စိုးသည် တရုတ် ကွန်မြူနစ်ပါတီမှ ဆိုဗီယက်ရုရှားကွန်မြူနစ်ပါတီ သို့ အိန္ဒိယမှတစ်ဆင့် သွားရန် ကြိုးစားနေသော တရုတ် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးနှင့် မမျှော်လင့်ဘဲ တွေ့ရပြန်၍ သခင်စိုးအဖို့ တူညီ သော ဝါဒဖြင့် "လက်နက်ကိုင် တော်လှန်ရေး မပါဘဲ စစ်မှန်သည့် တကယ့် လွတ်လပ်ရေး မရနိုင်" ဆိုသည့် အချက်အပြင်၊ မိန်းမကိစ္စကြောင့် ကွန်မြူနစ် ပါတီ အထွေထွေ အတွင်းရေးမှူးကြီး တစ်ယောက်လုံးကို ပါတီထဲမှ လုံးဝ မထုတ်ပယ်နိုင်ကြောင်း၊ ယခုကဲ့သို့ အောက်ဆုံးထစ် အထိသို့ပင် ဖိုမ ဆက်ဆံရေး ကိစ္စဖြင့် အပြစ်မပေးနိုင်ကြောင်း။ နိုင်ငံရေးစည်းရုံး၊ စစ်ရေး များယွင်းမှု ရှိလျှင်တောင် အထွေထွေ အတွင်းရေးမှူးမှတစ်ဆင့် ရိုးရိုး ဗဟို ကော်မတီအဆင့် (သို့မဟုတ်) ၎င်းမှတစ်ဆင့် အရန် ဗဟိုကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီ၊ အနိမ့်ဆုံး ပါတီဝင် ရိုးရိုးအထိ ဆင့်ကဲ ချ နိုင်စရာတွေ ရှိပါလျက် စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး အမှား တို့ကို အဓိက အကြောင်းရင်း မခံဘဲ ဖိုမ ကိစ္စကို အဓိက အကြောင်းရင်း ခံပြီး တစ်နစ်တိတိ ပါတီမှ ထုတ်ပယ်လိုက်ခြင်းမှာ အလွန် အဓိပ္ပာယ် မဲ့သော၊ ကွန်မြူနစ်ပါတီ မဆန်သော အပြစ်ပေးခြင်းမျှသာ ဖြစ်ကြောင်းကို တရုတ် ကွန်မြူနစ် ရဲဘော်ကြီး၏ ဆွေးနွေးချက်ကို ကြားရသော သခင်စိုး သည် စိတ်ဓာတ် ကျဆင်းမှုများမှ ပြန်၍ စိတ်ဓာတ် တက်လာပါသည်။



ထိုမှ တစ်ဆက်တည်း ဆိုဗီယက် ကွန်မြူနစ်ပါတီ၏ အသံဖြစ်သော ပါရာဗဒါ သတင်းစာများကို အိန္ဒိယ ကွန်မြူနစ်ပါတီ စာကြည့်တိုက်ရှိ စာအုပ်များအကြားဝယ် ချောင်ထိုးထားသည်တို့ကို ဆွဲထုတ် ဖတ်ရှုမိတော့မှ ပီစီဂျိုရှီ တို့၏ ညစ်ပတ်စုတ်ပဲ့မှုကို ရှုံ့စရာကောင်းအောင် တွေ့ရပေသည်။ အကြောင်းကား ဆိုဗီယက်မှ ထုတ်ဝေသော ပါရာဗဒါ သတင်းစာကြီးတွင် ဘရောက်ဒါဝါဒ၏ ဖောက်ပြန် မှားယွင်းမှုကို ရစရာ မရှိအောင် ထိုးနှက် ထားသော ဆောင်းပါးများ ဖတ်လိုက်ရမိခြင်းကြောင့်တည်း။

"ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေး" အချောင်သမား ဝါဒက ဆိုဗီ ယက် ကွန်မြူနစ်ပါတီကြီးက အကြီးအကျယ် ဝေဖန်ထိုးနှက်နေပါလျက် ဗမာပြည်ကိုတော့ ဆိုဗီယက် ကွန်မြူနစ်ပါတီက သဘောထားများ လုံးဝ မသိရအောင် ဖုံးဖိ လျှို့ဝှက်ထားစေခဲ့ပြီး မိမိတို့ အိန္ဒိယ ကုလား ကွန်မြူနစ် များ၏ အချောင်သမားဝါဒ ဘရောက်ဒါဝါဒကိုမှ ဗမာပြည်အရောက် သွတ်သွင်းခဲ့ရက်လေခြင်း။

(မှတ်ချက်။ ။ ကွန်မြူနစ်ပါတီ ကွဲပြီးနောက်၊ သခင်စိုးရေး ဂျို ကို သိန်း သန်း အန္တရာယ် စာအုပ်ကို လေ့လာဖတ်ရှုလျှင် အိန္ဒိယ ကွန်မြူနစ် များ၏ အချောင်သမား သဘောတရားကို သိနိုင်ပေမည်)

ဤအကြောင်းတွေ အပြည့်အဝ အလုံးစုံ သိထားလာပြီဖြစ်သော သခင်စိုးသည် ဗမာပြည်သို့ လျှို့ဝှက်စွာ ပြန်ပေါက်ချလာပါတော့သည်။ သခင်စိုး ပြန်ရောက်ချိန်သည် ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ဖ-ဆ-ပ-လ ဗဟိုဌာနချုပ် ဦးစီးသော ညီလာခံကြီး ကျင်းပနေချိန် ဖြစ်ပါသည်။

သခင်အောင်ဆန်းသည် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌကြီး ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်နုမှာ ဒေါက်တာဗမော်တို့၊ မိုလ်ရန်နိုင်တို့နှင့်အတူ ဂျပန်များကို မတော်လှန်ရဲသူများအဖြစ် ဖမ်းဆီးပြီး ယိုးဒယားပြည်အထိ ခေါ်ဆောင်သွားခြင်း ခံရရာမှ ယိုးဒယားသို့ မရောက်ခဲ့ဘဲ မော်လမြိုင်ဘက်မှ ရန်ကုန် ပြန်ရောက်လာပေသည်။

သခင်စိုးမှာလည်း အိန္ဒိယပြည်မှ တိတ်တဆိတ် ပြန်၍အရောက်တွင် ဤညီလာခံ၌ ပေါ်ထွက်ရန် (သခင်စိုးအား ပွဲတက်ရန် ဦးဖေကြီး၏ ဒိုမီနီယံ အန္တရာယ်ကို ထိုးနက်ရန်) ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တစ်ဦးအဖြစ်နှင့် လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းရန် သခင်စိုး အား ရွေးချယ်လိုက်ကြရလေတော့သည်။

ဤအခြေအနေသို့ သခင်စိုး ပြန်လည်ရောက်ရှိအောင် ပို့ဆောင်အားပေး ထောက်ခံလာကြသူများမှာကား သခင်စိုးနှင့်အတူ ဂျပန် ဖက်ဆစ်များ၏ လုံ့ဖွပ်ဖျားအောက်မှ ပွတ်ခါသီခါ ရှောင်တိမ်း လုပ်ကိုင်လာခဲ့ကြရသော (၁၉၄၂ ခုနှစ်မှ စတင်ပေါက်ဖွားလာခဲ့ကြသော) ပါတီ အမြုတေများဖြစ်ခဲ့ကြသည့် သခင်တင်မြ၊ ကိုထွန်းရင်၊ ကိုထွန်းသန်း၊ မစောမြ၊ ကိုစံညွန့်၊ ကိုထွန်းစိန်၊ ကိုသက်တင် စသော ပါတီ ဗဟိုကော်မတီများတို့ပင် ဖြစ်ပေသည်။

သခင်စိုး ပါတီ အတွင်းရေးမှူး မဟုတ်တော့သည့် အချိန်က စ၍ တတ်ယောင်ကား မာ့က္စဝါဒသမား ကိုသိန်းဖေ ၏ လုပ်ဆောင်ပြုမူချက်ရှင်းလိုလိုပင် အမှားတွေချည်းနှင့် ပြွတ်သိပ်နေတော့သည်ကို သုံးနှစ် သုံးမိုးစလုံး သခင်စိုးထံမှ ကွန်မြူနစ် စာပေပညာအရာမှာရော၊ လက်တွေ့လုပ်ငန်းဆောင်ရွက် အောင်မြင်မှုများအပေါ်မှာရော ကိုသိန်းဖေမြင့်နှင့် ဘာမျှ မဆိုင်လောက်အောင် တော်လာခဲ့ကြသည့် ဖိုးထွန်းသန်း၊ ဖိုးထွန်းရင်၊ ကိုစံညွန့်၊ ကိုသက်တင် တို့ ဗဟိုကော်မတီဟောင်းများမှာ ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ နှစ်ယောက်ပေါင်းနှင့်ပင် သခင်စိုး တစ်ဦးတည်း၏ ပညာအရည်အချင်း၊ လုပ်ရည်ကိုင်ရည် အားလုံးတို့ကို လက်တွေ့မျက်မြင် နှိုင်းယှဉ်ကြည့်ရသည့် အခါမှာမှ ... မိန်းမ ယူရာမှာ အလွန် အညာလွယ်သည်ဟု ယူဆခဲ့ကြသော ဖိုးထွန်းရင်၊ မစောမြတို့သည် သခင်စိုးအား ပါတီတွင်း ပြန်ယူဆောင်၍၊ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့၏ ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေး ဘရောက်ဒါ အချောင်သမားဝါဒကို ကွန်မြူနစ်



ပါတီတွင်းမှ တိုက်ထုတ်ပစ်ရန် သခင်စိုးအား ရှေ့တန်းသို့ထုတ်ရန် ကြိုးစားလာခဲ့ကြပါတော့သည်။

သို့ဖြင့် ဖ–ဆ–ပ–လ ညီလာခံကြီးမှာ သိန်း နှင့် သန်း နှင့် ချီ၍ စောရာမ လူထုညီလာခံကြီး ဖြစ်လာခဲ့ပါတော့သည်။

အနယ်နယ် အမြို့မြို့မှ ညီလာခံ ကိုယ်စားလှယ်ကြီးများတို့ အသီးသီးမှာ ရွှေတိဂုံ ဘုရားကြီး ကျယ်ဝန်းသလောက် အလယ်ပစ္စယံ ဇရပ်များ၊ တန်ဆောင်းများ ရှိသမျှတွင် ကြိတ်ကြိတ်တိုး၍ စည်ကား ကျပ်တည်းနေအောင် တည်းခိုနေကြရပါသည်။

ကျွန်တော်တို့ မအူပင် ခရိုင်မှလည်း ညောင်တုန်းမြို့နယ်မှ ကျွန်တော်၊ သခင်သာဟန်၊ သခင်ထွန်းအေး၊ သခင်ချစ်၊ မောင်ဖေသန်း၊ (ဤသည်တို့က ဖဆပလ ကွန်မြူနစ် တောင်သူလယ်သမားအဖွဲ့ အသီးသီးကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီးမှ တက်လာသူများ)၊ ကိုမြင့် (ညောင်တုန်းဈေးကြီးသမဂ္ဂ ကိုယ်စားလှယ်) တို့ ဖြစ်ပါသည်။

မနုဖြူမြို့နယ်မှ သခင်အေးညိမ်း၊ သခင်ကျော်အေး၊ ဝတ်လုံတော်ရ ဦးကွန်း အစရှိသည်တို့ ဖြစ်ပါသည်။ ပန်းတနော်မြို့နယ်မှ သခင်ဗချစ်တင်နှင့် သခင် ၃၊ ၄ ဦးတို့ ဖြစ်ပါသည်။ မအူပင်မြို့မှ သခင်ထွေး၊ သခင်သန်းလေးတို့ သခင် ၃–၄ ဦး ဖြစ်ပါသည်။

ဖဆပလ ထဲတွင် လည်းကောင်း၊ တောင်သူလယ်သမား အဖွဲ့အစည်းများတွင် လည်းကောင်း၊ ကွန်မြူနစ်ပါတီများတွင် လည်းကောင်း မြို့တိုင်း နယ်တိုင်းမှာလိုလိုပင် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တွေက အများဆုံး ဖြစ်နေကြပြီး၊ သခင်မြ၊ ဦးဗဆွေတို့၏ အရေးတော်ပုံပါတီဟု ခေါ်သော ဆိုရှယ်လစ်ပါတီမှ ကိုယ်စားလှယ်များမှာ အလွန့်အလွန်အားနည်းနေကြောင်းကို တွေ့ခဲ့ရပါသည်။

မအူပင်ခရိုင် တစ်ခုလုံးမှာဆိုလျှင် ဆိုရှယ်လစ် ကိုဘညိမ်း ဆိုသူ မအူပင်သား တစ်ဦးတည်းသာ ဖဆပလ ညီလာခံသို့ တက်နိုင်ပါသည်။

ဤအချိန် ဤကာလတွင် ကျွန်တော်သည် ညောင်တုန်းမြို့နယ် ပါတီအမှုဆောင်လူကြီး (ပါတီဝင်)၊ ညောင်တုန်းမြို့နယ် တောင်သူလယ်သမားအဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်၊ ညောင်တုန်း မြူနီစီပယ် လူကြီးတစ်ဦးလည်း ဖြစ်၊ ညောင်တုန်းမြို့ရှိ အစိုးရ ဟိုက်စကူးကျောင်းကြီး၏ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ လူကြီးတစ်ဦးလည်း ဖြစ်၊ ဈောင်တုန်းမြို့ မြို့ ဈေးလုံးဆိုင်ရာ ဈေးသမဂ္ဂကြီး၏ အတွင်းရေးမှူး တစ်ဦးလည်း အဖြစ်နှင့် အလွန် အလုပ် များပြီး၊ အလွန် ကျန်းမာရေးကောင်းနေသော အချိန်အခါ ဖြစ်ပါသည်။

× × ×

## မအူပင်ခရိုင် လယ်သမား ညီလာခံကြီး

ကျွန်တော်တို့တစ်တွေသည် ရန်ကုန်မြို့ ဖဆပလ ညီလာခံကြီးမှ အပြန်တွင် လေးမြို့နယ်မှ ပူးပေါင်း၍ ဈောင်တုန်းမြို့ပေါ်တွင် လယ်သမား ညီလာခံကြီးတစ်ခု ကြီးကြီးကျယ်ကျယ် ကျင်းပရန် မအူပင်ခရိုင် အတွက် ဗဟိုကော်မတီ တာဝန်ခံ ဖိုးထွန်းရင် နှင့် မြို့နယ် လေးခုမှ ခေါင်းဆောင်အားလုံးတို့ ဆန္ဒယူ သဘောတူညီမှုရှိကြပြီး ဗဟိုဌာနချုပ်၏ ခွင့်ပြုချက်အရ လယ်သမား ညီလာခံကြီး လုပ်ရန် အပြင်းအထန် ကြိုးစားကြပါသည်။

## ကျွန်တော် မအူပင်ခရိုင် ဥက္ကဋ္ဌဖြစ်ခြင်း

ဤခရိုင် တောင်သူလယ်သမား ညီလာခံကြီးတွင် တင်သွင်းရန် အဆိုများ၊ အမှုဆောင်များ၊ ဥက္ကဋ္ဌ အတွင်းရေးမှူးများ ရွေးချယ်ရေး အစဉ်အရ ဗဟိုကော်မတီ ဖိုးထွန်းရင်က ဦးစီးကျင်းပသော မအူပင်ခရိုင် တံခါးပိတ် ပါတီတွင်း ဆွေးနွေးပွဲတွင် ခရိုင် တောင်သူလယ်သမား ပထမ ဥက္ကဋ္ဌ အဖြစ် ကျွန်တော့်အား သတ်မှတ်ကြပါသည်။ ခရိုင် ဒုတိယ ဥက္ကဋ္ဌကြီး အဖြစ် သခင်ထွေး အား သတ်မှတ်ကြပါသည်။ ခရိုင် အတွင်းရေးမှူးအဖြစ် သခင်ထွန်းအေး (လေထီး) အား ရွေးချယ် သတ်မှတ်လိုက်ပါသည်။ တွဲဖက် အတွင်းရေးမှူးအဖြစ် သခင်သာဟန် (ဈောင်တုန်း) အား သတ်မှတ်ပြီး အမှုဆောင်များမှာ ဓနုဖြူ၊ ပန်းတနော်၊ မအူပင်၊ ဈောင်တုန်းတို့မှ မြို့နယ် ခေါင်းဆောင်များတို့ကို လျာထား သတ်မှတ်လိုက်ကြပါသည်။

မအူပင်ခရိုင် တောင်သူလယ်သမား ညီလာခံကြီးကို ၁၉၄၆ ခုနှစ် ထဲတွင် ကွန်မြူနစ်ပါတီ နှစ်ပါတီ မကွဲသေးမီ ဖဆပလနှင့် ကွန်မြူနစ် ပါတီသည်လည်း မကွဲကြသေးမီ၊ အမျိုးသား စည်းလုံးညီညွတ်မှုကြီး ဒီရေ အရှိန် ပြင်းပြင်းထန်ထန် တက်နေသောအချိန် လုံးဝ လွတ်လပ်ရေး မရလျှင်



ဗြိတိသျှအင်္ဂလိပ်နယ်ချဲ့သမားတို့အား အသက်ပေးပြီးလက်နက်ဖြင့် တိုက်ယူကြမည်ဟု စားကြိမ်းကြိမ်းပြီး သွေးဆူသွေးပွ တက်ကြွနေကြသောကာလ အချိန်တွင်ကျင်းပခြင်းဖြစ်သည်။

ဤသို့ အချိန်ကောင်း အခါကောင်းတွင် မအူပင်ခရိုင် တောင်သူလယ်သမား ညီလာခံကြီးကို လူထုအင်အား၊ ငွေအင်အားပါ စိုက်ထုတ်၍ အစွမ်းကုန် ကြိုးစားလုပ်ဆောင်ကြရာတွင် ပါဝင်ကူညီ ဆောင်ရွက်သူများ အဖွဲ့အစည်းများမှာ ဖဆပလ၊ မီးသတ်၊ ဖဆပလ အမျိုးသမီးအဖွဲ့နှင့် အခြား လူထုလူတန်းစား အဖွဲ့အားလုံး တစ်ဖွဲ့မကျန် ကူညီကြပါသည်။

ဈောင်တုန်းမြို့နှင့် ရန်ကင်းစံရာ ရွာအကြား ဖြတ်သန်း စီးဆင်းနေသော ပန်းလှိုင်မြစ်ကို ဖြတ်သန်း၍ ဝါးဖောင်များ ရေပေါ်တွင်ခံ၍ ဝါးပိုး ဝါးကြီးများ၊ မျောတိုင်ကြီး ရေလယ်တွင် ခဲရာခဲဆစ် စိုက်ထူပြီး ၃-၄ ရက်တိတိ မပျက်မစီးစေနိုင်အောင် တံတားရှည်ကြီးထိုးပြီး ဓနုဖြူ၊ ဇကာကြီး၊ အဖျောက်၊ ရေပေါက်၊ သံကြိုး၊ စံကင်း၊ တာကြီးပိုင်း၊ လက်ဆွဲချောင်း၊ ဈောင်ပိုင်း၊ ရွာသစ်ကြီး၊ ရွာသစ်လေး၊ ကွမ်းခြံကုန်း၊ ရန်ကင်းစံရာရွာ၊ ရန်ကင်းစံရာကျွန်း စသော ဈောင်တုန်းမြို့ပိုင် ရွာကြီးများ တိုက်နယ်များမှ တောင်သူလယ်သမားများအပြင် ဓနုဖြူမြို့နယ် တစ်နယ်လုံးရှိ တိုက်နယ် ပေါင်း ၄၀ ခန့်ကျော်တို့ကလည်း လယ်သမားများပါ ပေါင်းလျက် နှစ်သောင်းကျော် လယ်သမား လူထုကြီးတို့မှာ ကြွေးကြော်သံများ တစ်ခဲနက် အော်ဟစ်လျက် တူ၊ တံစဉ် အလံနီကြီးများ ကိုင်ဆောင်လျက် ဤဖော်ပြပါ ယာယီ မြစ်ကူးတံတားရှည်ကြီးမှ လူထုကြီး ဖြတ်ကူးလာနိုင်ကြသည်မှာ ရန်ကင်းစံရာ "ရွာနီလေး" ၏ စည်းလုံးညီညွတ်မှု အင်အားကို လက်တွေ့ပြဘိ သကဲ့သို့ ဖြစ်ပါသည်။

ပန်းတနော်နှင့် မအူပင် နယ်ဘက်မှ ဈောင်တုန်း တစ်ဘက်ကမ်း၊ ဧရာဝတီမြစ်ဘက်ရှိ ရှည်လျားသော အစိုးရ တာရိုးကြီးအတိုင်း ခြေလျင် ချီတက်လာကြသော လယ်သမားထုကြီး ရာထောင်တို့နှင့် စက်လှေ့မြစ်ကမ်းမှ လှေသမ္ဗန်တို့ကို ငှားရမ်း စီးနင်း၍ မြစ်ထဲမှပင် တရကြမ်း ချီတက်လို့ နေ၏။

ဈောင်တုန်းမြို့ဘက်ကမ်းနှင့် တစ်ဆက်တည်း ဖြစ်နေကြသော ဂန်ချောင်းကြီး၊ မာယူ၊ ကျုံရစ်၊ ကျောက်တိုင်၊ သံဖြူစု၊ ကညင်ကောက်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသာဝ၊ ဘားလင်းကျွန်း၊ ထိန်ကုန်း၊ နတ်ပေး စသည့် ရွာများမှ လည်းကောင်း၊ အညာစု၊ သဲကုံး၊ ဝါးရုံစွန်း၊ ပေါက်တော အစရှိသည့် ရွာများမှ လည်းကောင်း၊ ရွှေဂူ၊ ဝဲထောင့်၊ ကျွန်းကြား၊ ဇီးဖြူကုန်း၊ ဆားမလောက် အစရှိသည့် ရွာများဘက်မှ လည်းကောင်း စုစုပေါင်း ၄ မြို့နယ်၊ တစ်ခရိုင်စလုံးရှိ လယ်သမားထုကြီးမှာ လေးသောင်းခန့်ရှိမည်ဟု ခန့်မှန်းကြပါသည်။

ညီလာခံကို ၃ ရက်တိတိ ကျင်းပကြသည်။ လယ်သမားထုကြီး ဇရာမ အလုံးအရင်းနှင့် တစ်သုတ်ပြီးတစ်သုတ်၊ အတန်းရှည်ကြီး တစ်တန်းပြီးတစ်တန်း ရှေ့ဆင့်နောက်ဆင့် ချီတက်လာကြသူများအား တည်းနိုရပ်နား အိပ်စက်နေရန်အတွက် နေရာချထားရသော စခန်းမှာ (၁) ရွှေဒေါင်းရုပ်ရှင်ရုံကြီး အပေါ်ထပ် အောက်ထပ် အပြည့် (၂) ရွှေဘုန်းပွင့် တန်ဆောင်းကြီး (၃) ဈေး မမွှာရုံကြီး၏ အပေါ်ထပ် အောက်ထပ် (၄) နိုင်ငံအေးဘုရားတန်ဆောင်းကြီး အတွင်းနှင့် ၎င်းအနီးရှိ ဇရပ်များ၊ တန်ဆောင်းကလေးများတို့တွင် လယ်သမားထုကြီးမှာ အပြည့်အနှက် ဖြစ်နေပါသည်။

၎င်းလယ်သမားထုကြီး စတင်ရောက်စ ညဘက်မှာပင် ပဏာမ အစည်းအဝေးကြီးတစ်ရပ်ကို ဈေးမမွှာရုံကြီး အောက်ထပ်၌ နံနက်ဖြန် ညီလာခံကြီး စလျှင် တင်မြှောက်ရန် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြပါတော့သည်။

ကျွန်တော်သည် ခရိုင် တောင်သူလယ်သမား အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် လယ်သမားထုကြီး၏ ရွေးချယ်တင်မြှောက်ခြင်းကို ခံရပါသည်။ မိအူပင် သခင်ထွေး ကိုလည်း ခရိုင် ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးကောက်လိုက်ကြပါသည်။

(အပြိုင်) သခင်သာဟန်နှင့် လေထီး သခင်ထွန်းအေး တို့ နှစ်ဦးမှာ ကွန်မြူနစ်ပါတီက မူလ လျာထား သတ်မှတ်စီစဉ်ထားသည့်အတိုင်း မဖြစ်ကြတော့ဘဲ မဲဆန္ဒယူရာဝယ် မဲခွဲပြီး ယူရသည်အထိ အပြိုင်အဆိုင် အတိုက်အခံ ဖြစ်လာပါတော့သည်။ သခင်ထွန်းအေးမှာ နှစ်မဲတည်းဖြင့် သခင်သာဟန်ကို ကပ်ပြီး အရှုံးပေးရပြီး၊ သခင်သာဟန်က ခရိုင် အတွင်းရေးမှူး ဖြစ်လျက်၊ သခင်ထွန်းအေးက တွဲဖက် အတွင်းရေးမှူး အဖြစ်နှင့်ပင် အေးအေးချမ်းချမ်း



ပြီးသွားပါတော့သည်။ အဆိုများကို ဗဟိုဌာနချုပ် ကွန်မြူနစ်ပါတီမှ သဘောတူပြီး (ဗမာတစ်ပြည်လုံးမှ ကွန်မြူနစ်ပါတီ၏တောင်သူလယ်သမား ညီလာခံကြီးများ တခြိမ့်ခြိမ့်ကျင်းပနေခဲ့ကြသည့်အတိုင်း အခြား ခရိုင်ရှိ တောင်သူလယ်သမားကြီးများ ညီလာခံတို့မှ အသံများနှင့် တစ်သံတည်းဖြစ်အောင်) အဆိုများကို စီစစ်ကြ၍ အဆိုတင်သွင်းမည့် သူများနှင့် အဆိုထောက်ခံမည့် သူများအားလုံး အသင့်လုပ်ထားကြရသည်။

ကျွန်တော့် တစ်သက်တွင် မအူပင်ခရိုင်၌ ဤမျှ ကြီးမား ညီညွတ်ရှိခဲ့လှသော လယ်သမား ညီလာခံကြီးမျိုးကို နောက်ထပ် မတွေ့မြင်ရတော့ပါချေ။

* * *

## ကွန်မြူနစ်ပါတီ ကွဲခြင်း

ခရိုင် တောင်သူလယ်သမား ညီလာခံ (ညောင်တုန်းမြို့) ကြီးသို့ ပထမ ရောက်လာသူမှာ ဖိုးထွန်းရင်နှင့် မစောမြတို့ ဖြစ်ပြီး၊ ရှေ့ဆင့်နောက်ဆင့် ထက်ကြပ်လိုက်လာသူမှာ သခင်သန်းမြိုင် ဖြစ်ပါသည်။ ညီလာခံ ကျင်းပမည့် ရက်အမီ ရောက်ရှိလာကြသော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လူကြီးများ ဖြစ်ကြသည့် ညီလာခံကြီးကိစ္စအတွက် သက်သက် ရောက်ရှိလာကြခြင်း ဖြစ်သည်ဟု ပထမတုန်းကတော့ ဤသို့ပင် ကျွန်တော်တို့က ထင်မိကြပါသည်။

သို့သော် ဤညီလာခံကြီး ကိစ္စတစ်ခုတည်းအတွက် မဟုတ်ပါပေ။ အရေးကြီးဆုံး ကိစ္စမှာကား ဗဟိုဌာနချုပ်တွင် သခင်စိုးနှင့် ဗဟိုကော်မတီဟောင်းကြီးများပါ ပေါင်း ၈ ဦးတို့က တစ်ဘက်နှင့် သခင်သိန်းဖေ၊ သခင်သန်းထွန်းတို့ အပါအဝင် ဗဟိုကော်မတီဟောင်းအချို့နှင့် အသစ်အချို့ ပေါင်း ၂၁ ယောက်တို့က တစ်ဖက် အပြတ်အသတ် ကွဲကြလေပြီ။

သို့ကြောင့် သခင်သန်းမြိုင်က မောင်ဖေသန်း အိမ်တွင် တည်းနို၍ ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့ဘက်မှ မှန်သည်ဟု ဆွယ်တရားဟောပြီး၊ ကိုယ့်လူ သူ့လူစုရန် အချိန်မီ အလုအယက် လိုက်လာခြင်း ဖြစ်သည်။

ဖိုးထွန်းရင်နှင့် မစောမြကလည်း ပါတီကွဲရခြင်း အကြောင်းကို ကျွန်တော်တို့တစ်တွေအား ဆွေးနွေး တင်ပြရန်နှင့် ဖိုးထွန်းရင်က ဟာဝန်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော မအူပင်ခရိုင် တောင်သူလယ်သမား ညီလာခံကြီးတွင် ပြီးဆုံးအောင် ကျင်းပနိုင်ရန် ကူညီကြရန် အမြန်အပြေးအလွှား လာခဲ့သူများ ဖြစ်ကြောင်းကို ကျွန်တော်တို့ လူကြီးပိုင်းနှင့် လူလတ်ပိုင်းများတို့ကတော့ သိနေကြပါသည်။

သို့သော် လယ်သမားထုကြီးများနှင့် ပါတီအောက်ထပ်ရှိ လိုလားသူများ၊ လူငယ်ပိုင်းများသို့ အသိမပေးကြသေးပါ။ အကြောင်းက လောလောဆယ် ၂ ရက်၊ ၃ ရက်အတွင်း ကာလပိုင်းမှာတော့ ခရိုင် တောင်သူလယ်သမား ညီလာခံကြီး ချောချောမောမော အောင်မြင်စွာ ပြီးမြောက်ရေးအတွက် ပါတီ အကွဲအပြဲကိစ္စကို အောင့်ထားလိုက်ကြရပြီး အထက်မှ ကျွန်တော် တင်ပြ အစီရင်ခံခဲ့သည့်အတိုင်း ခရိုင် တောင်သူလယ်သမား ညီလာခံကြီးကို အပြီးတိုင် အောင်မြင်သည့်တိုင် လုပ်ဆောင်ရတော့မည်။

ညီလာခံကြီး ပြီးဆုံးပြီ ဖြစ်သဖြင့် လယ်သမားကြီးများနှင့် လူငယ်လူလတ်ပိုင်းတို့ မိမိတို့ မြို့နယ် ရပ်ရွာများသို့ အသီးသီး ပြန်ကုန်ကြပြီ ဖြစ်သော်လည်း ကွန်မြူနစ်ပါတီ ကွဲရသည့် ကိစ္စရပ်ကြီးကို နှစ်ဘက်မှ ရောက်ရှိနေသော ဗဟိုကိုယ်စားလှယ်ကြီးများ၏ တင်ပြချက်တို့ကို မျက်နှာစုံညီ ကြားနာလေ့လာကြရန်အတွက် မအူပင်ခရိုင်မှ သခင်ထွေး၊ သခင်သန်းလေး၊ သခင်လှမောင်၊ သခင်ချစ်လှိုင် စသော ဖ-ဆ-ပ-လ နှင့် ကွန်မြူနစ် ပါတီဝင်များ၊ ပန်းတနော်နယ်မှ ကိုခင်စော၊ ကိုခင်မြင့်၊ သခင်ကြည် စသော ဖ-ဆ-ပ-လ နှင့် ကွန်မြူနစ်ပါတီဝင်များ၊ ဓနုဖြူ မြို့နယ် ပါတီမှ သခင်အေးညိမ်း၊ ကိုတင်ဦး၊ ကိုလှအောင်၊ သခင်ကြွယ်၊ သခင်ကျော်အေး အစရှိသည့် ဖ-ဆ-ပ-လ နှင့် ကွန်မြူနစ် ပါတီဝင်များ၊ ညောင်တုန်းမြို့နယ်ပါတီမှ သခင်ထွန်းအေး၊ သခင်သာဟန်၊ သခင်အုံးဖေ၊ သခင်လှမောင်၊ သခင်ချစ်၊ မောင်ဖေသန်း၊ ဘိုးသူတော်၊ မောင်မြအောင်၊ စီစောဝင်း အစရှိသော ဖ-ဆ-ပ-လ နှင့် ကွန်မြူနစ် ပါတီဝင်များ။ (မှတ်ချက်။ ။ ဤအချိန်မှာ နယ်များတွင် ဖ-ဆ-ပ-လ နှင့် ကွန်မြူနစ် ပါတီမှာ မကွဲကြသေးသောကြောင့် ကျွန်တော်တို့ တစ်တွေမှာ လူတစ်ကိုယ်တည်းဖြင့် ဖ-ဆ-ပ-လ လည်း လုပ်၊ ကွန်မြူနစ်လည်း လုပ်နေကြပါသည်)

ငင်း လေးမြို့နယ်မှ ကွန်မြူနစ်ပါတီဝင် မြို့နယ်အမှုဆောင်၊ ခရိုင်



အမှုဆောင်များသည် ညောင်တုန်း ၂၁ လမ်းထိပ်ရှိ ချစ်တီး ဘုရားရှိနိုးကျောင်းကြီးဝင်းအတွင်း၌ လူစုဝေးကြပြီး ခြံဝင်းတံခါးပိတ်လျက် ပါတီကွဲပုံ အနုစိတ်တို့ကို နှစ်ဘက်ကိုယ်စားလှယ်တို့၏ တစ်လှည့်စီ၊ တစ်လှည့်စီ အနုစိတ် တင်ပြချက်၊ အပြန်အလှန် အတိအကျ အသေးစိတ် တင်ပြချက်တို့ကို သုံးရက်တိတိ ကျွန်တော်တို့က လေ့လာကြပါသည်။

ထိုမျှမကသေး။ စည်းဝေး တင်ပြ ဆွေးနွေးချိန်ပြီးသည့် နောက်ပိုင်း အချိန်များတွင် သခင်သန်းမြိုင်မှာ ညဘက်များတွင် သခင်သာဟန်၊ မောင်ဖေသန်း၊ ကိုသူတော်၊ မောင်သောင်းတို့နှင့် တစ်နေရာမှာ တစ်တွဲ တွေ့ဆုံလျက် လည်းကောင်း၊ မစောမြ၊ ကိုထွန်းရင်တို့ နှစ်ဦးကလည်း မောင်မြအောင်၊ စီ စောဝင်း၊ သခင်ထွန်းအေးနှင့် ကျွန်တော့်အိမ်တွင် ညဘက်လာရောက်၍ လည်းကောင်း၊ ဤသို့ တစ်ကွဲစီ တစ်ဖွဲ့စီ၊ တစ်လှည့်စီ တစ်ယောက်ချင်း တွေ့၍ သော်လည်းကောင်း၊ နှစ်ယောက်ချင်း တွေ့၍ သော်လည်းကောင်း ဗဟိုဌာနချုပ်၌ နာရီပေါင်း တစ်ရာကျော်ကျော် ဖြစ်ခဲ့ကြရသော ဆွေးနွေးချက်များ၊ အပြန်အလှန် အတိုက်အခံ ငြင်းခုံ ဆော်တီးခဲ့ကြပုံများကို တစ်လုံးမျှမကျန်ကြရအောင် အိမ်ပေါက်စေ့ လည်၍ တင်ပြနေကြပါသည်။

ကျွန်တော်နှင့် သခင်ထွန်းအေး၊ မောင်မြအောင်၊ စီ စောဝင်းနှင့် ရန်ကင်းစံရာမှ သခင်အများတို့က တစ်စု၊ သခင်သာဟန်၊ မောင်ဖေသန်း၊ မောင်သောင်း၊ ကိုသူတော်တို့က တစ်စုဖြင့် အလိုလို သူ့အစု ငါ့အစုနှင့် မသိမသာ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် မသကာ်သလိုလို၊ မယုံချင်သလိုလို ဖြစ်လာသည့်အတွက် နောက်ဆုံး ကျွန်တော်သည် အကြံတစ်ခု ရလာပြီး သခင်သာဟန် မြို့နယ် ပါတီခေါင်းဆောင်အား အမှုဆောင် အစည်းအဝေး ခေါ်နိုင်းလိုက်ပြီး အစည်းအဝေး ထိုင်ရပါတော့သည်။

"ကဲ ... ရဲဘော်ရဲဘက်တို့ ... ဗဟိုကော်မတီများ ဖြစ်ကြတဲ့ ကိုထွန်းရင်၊ မစောမြ၊ သခင်သန်းမြိုင်တို့ကတော့ ပြန်သွားကြပြီ။ မအူပင်၊ ပန်းတနော်၊ ဓနုဖြူမှ ရဲဘော်များလည်း ပြန်သွားကြပြီ။ ကျွန်တော်တို့ ညောင်တုန်းမြို့နယ်မှ ရဲဘော်များ အချင်းချင်း နှစ်ပါတီ မဖြစ်ဘဲ အမှန်ဆုံး၊ အခြေခံအကျဆုံး၊ တရားနည်းလမ်းအကျဆုံး အဖြေမှန် ရရှိနိုင်ရန်အတွက် ကျွန်တော်တို့ချင်း ကိုယ့်လူ သူ့လူ မစုဘဲ ဤအစည်းအဝေးမှ လာဝန်ခွဲဝေ

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး လူ ၆ ယောက် ကိုယ်စားလှယ် ရွေးချယ်ပါ၊ သခင်သန်းထွန်းတို့ ပါတီကို သွားပြီး သခင်သန်းထွန်းနှင့်တွေ့၊ ဟိုက အစည်းအဝေးမှတ်တမ်းတွေ၊ ဆွေးနွေးပွဲမှာ ဆွေးနွေးသည့် အချက်အလက်များ အသေးစိတ် ပါဝင်သည့် စာရွက်စာတမ်းများကို အရ တောင်းယူခဲ့ရမည်။

ထို့အတူ သခင်စိုးတို့ အလံနီ ကွန်မြူနစ်ပါတီကိုသွားပြီး သခင်စိုး ကိုယ်တိုင်နှင့်တွေ့ပြီး ဟိုက အစည်းအဝေး မှတ်တမ်းတွေ ဆွေးနွေးပွဲမှာ ဆွေးနွေးကြသည့် အချက်အလက်များ အပြည့်အစုံကို အနုစိတ် ပါဝင်သည့် စာရွက်စာတမ်းများကို အရယူဆောင်လာခဲ့ရမည်။

မြို့နယ်ခေါင်းဆောင်များ ၁၅ ယောက်ခန့်အနက် လူ ၆ ယောက်ကို ရွေးချယ် စေလွှတ်လိုက်ပါသည်။ သခင်သာဟန်၊ သခင်ထွန်းအေးတို့ ၂ ဦးက တစ်ဖက်စီ ခေါင်းဆောင်သွားကြပြီး တစ်ပတ်ခန့် လေ့လာ ဆွေးနွေးခဲ့ကြပါသည်။ စာရွက်စာတမ်းများ အပြည့်အစုံ ယူလာကြပြီး၊ ညောင်တုန်းမြို့နယ်သို့ ပြန်ရောက်ရှိလာကြပါသည်။

မြို့နယ်ပါတီ အစည်းအဝေးကို လိုလားသူ၊ အထူး လိုလားသူ အဆင့်မှစပြီး ပါတီဝင်ကြီးများအထိ လူစေ့တက်စေ့ မပျက်မကွက် ညတိုင်း ညတိုင်း အစည်းအဝေး တက်ရောက်စေပြီး နှစ်ဘက် ကိုယ်စားလှယ်များ ယူလာသမျှ အားလုံးသော စာရွက်စာတမ်းများကို ဖြည်းဖြည်း ဖတ်စေလျက် ရက်ဆက် နေ့ဆက် တဖြည်းဖြည်း လေ့လာကြပါတော့သည်။

ဌာနချုပ်သို့ လေ့လာရန် နှစ်ဘက်ကိုယ်စားလှယ်များ မိမိတို့ လေ့လာသိရှိလာသမျှ စာရွက်စာတမ်းများအပြင်၊ စာရွက်စာတမ်းတွင် မပါဝင်သည့် ပြောဆို၊ ဆိုပာန်၊ ပြုမူဟန် အသေးစိတ်တို့ကို ပါးစပ်နှင့်လည်း အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း တင်ပြကြရပါသည်။

ဤသို့ တစ်လနီးပါး ညဆက်၊ နေ့ဆက် မနားမနေ လေ့လာ ဆွေးနွေးကြပြီး နောက်ဆုံးတစ်ညတွင် အဖြူ၊ အနီ သိရှိ မဲခွဲ ဆန္ဒယူကြပါတော့သည်။

မဲဆန္ဒယူချိန်တွင် သခင်ချစ်မှ ထ၍ ကျွန်တော်ကတော့ ကွန်မြူနစ်ပါတီ ဘယ်ပါတီမှ မလုပ်လိုတော့ပါ။ ဖ–ဆ–ပ–လ မြို့နယ် ဥက္ကဋ္ဌအဖြစ်နှင့်ပင် ဖ–ဆ–ပ–လ အဖွဲ့ထဲမှာပဲ ပါတီ မရှိသူတစ်ဦးအဖြစ် နေပါတော့မည်ဟုဆိုပြီး ထိုင်လိုက်ပါသည်။



ကျွန်တော်တို့ မြို့နယ်ပါတီ သင်းလုံးကျွတ် အစည်းအဝေးမှာ မဲဆန္ဒယူ၍ အဖြူ၊ အနီ ခွဲလိုက်သော်လည်း တစ်ယောက်မျှ ကိုသိန်းဖေ ပါတီဘက်မှာ မရှိကြတော့ဘဲ၊ အားလုံး တစ်ယောက်မကျန် သခင်စိုး ခေါင်းဆောင်သော အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကို ဆက်သွယ်ထောက်ခံကြောင်း၊ အများ ဆန္ဒရယူပြီး နောက်တစ်နေ့တွင် သတင်းစာထဲတွင် ကြေညာလိုက်ပြီး အလံနီကွန်မြူနစ်ပါတီ(ဗမာပြည်)ညောင်တုန်းမြို့နယ်ကို ဖွဲ့စည်းခဲ့ပါသည်။

## ပါတီကွဲခြင်း၏ အကြောင်းရင်းများ

### ဗဟိုကော်မတီကြီး (၇) ဦးအား ထုတ်ပစ်လိုက်ခြင်း

သခင်စိုး လူစုနှင့် ကိုသိန်းဖေတို့ လူစု ပြန်လည် ဆုံစည်းရမည့် ရက်ချိန်းနေ့ မတိုင်မီ တစ်ရက်စော၍ သတင်းစာများတွင် စာလုံးမည်းကြီးများဖြင့် သခင်တင်မြ၊ ကိုထွန်းသန်း၊ ကိုထွန်းရင်၊ မစောမြ၊ ကိုစံညွန့်၊ ကိုထိန်လင်း၊ ကိုသက်တင်တို့ (၇) ဦးအား သခင်သန်းထွန်း အိမ်တွင် ပြုလုပ်သော ဗဟိုကော်မတီ အစည်းအဝေးမှ ထုတ်ပစ်ကြောင်း ကြေညာလိုက်လေသည်။

ကိုထွန်းသန်း၊ ကိုတင်မြ၊ ကိုထွန်းရင်၊ မစောမြ တို့မှာ လုံးဝ မသိရသည်သာမက သခင်စိုး ကိုယ်တိုင်ပင် မသိရှိဘဲ တစ်ဖက်သတ် တံခါးပိတ် အစည်းအဝေးလုပ်ပြီး ဤသို့ မတရား၊ မရိုးမသား၊ အနိုင်ကျင့်လိုက်သည်ကို မခံမရပ်နိုင် ဖြစ်တော့သည်။

ဒေါသထွက်နေ၍ဖြင့် မပြီးသည့်ကိစ္စကြောင့် အစည်းအဝေး အမြန်ပြန်ထိုင်နိုင်းခဲ့လေသည်။ အစည်းအဝေး ကျင်းပပေးပါသည်။ သို့ရာတွင် ကိုသိန်းဖေတို့ဘက်မှ ဗဟိုကော်မတီ အများစုက ထုတ်ပယ်ထားပြီး တိုင်းသိပြည်ကြား သတင်းစာများတွင် ထုတ်ပြန်ကြေညာပြီး ဖြစ်နေသည့် အထုတ်ပယ်ခံ (၇) ဦးကိုတော့ အစည်းအဝေးတက်ခွင့် မပေးနိုင်ဟု သခင်စိုးအား အကျပ်ကိုင်၍ အများစုဖြင့် အနိုင်ယူရန် လုပ်လာကြပါသည်။

"သခင်စိုးကိုတော့ ကျွန်တော်တို့တစ်တွေက အထွေထွေ အတွင်းရေးမှူးနေရာ တာဝန်ကို သဘောတူကြသည့်အလျောက် ဆက်၍လည်း သဘောတူပါသည်။ သို့ရာတွင် ကိုသိန်းဖေနှင့် သခင်သန်းထွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အပြင် ကိုဗသိန်းတင်၊ သခင်သန်းဖေတို့ နှစ်ယောက်ပါ ... ပေါင်း (လေး) ဦးအား ပေါလစ်ဗျူရိုအဖွဲ့မှာ ထားပြီးလျှင် ကျန်ဗဟိုကော်မတီ (၁၇) ဦးကိုလည်း ဗဟိုကော်မတီ အဖွဲ့ထဲမှာ ဆက်လက်ထားရှိ ဖွဲ့စည်းရန်" ဤအတိုင်းသာ ပါတီ ဆက်လက် ထူထောင်သွားကြရမည် ဟူ၍လည်းကောင်း ...။

"တစ်ဖက်သတ် အထုတ်ခံထားရသော သခင်တင်မြ၊ ကိုထွန်းသန်း၊ ကိုထွန်းရင်၊ ကိုထွန်းစိန်၊ ကိုစံညွန့်၊ မစောမြ၊ ကိုသက်တင်တို့ (၇) ဦး အတွက်တော့ နောက်ပိုင်းမှပင် တဖြည်းဖြည်း စဉ်းစားပြီး ဆွေးနွေးနိုင်မည်။ ယခု အထုတ်ပယ်ခံပြီး (၇) ဦး ကိစ္စအတွက် စဉ်းလည်း မစဉ်းစားနိုင်၊ ဆွေးနွေးလည်း မဆွေးနွေးနိုင်" ဟူ၍ ကိုသိန်းဖေတို့ဘက်မှ လိပ်ခဲတည်းလည်း မာရေကျောရေပင် တင်းခံလာကြတော့သည်။

သခင်စိုးအား တစ်ဦးတည်း ထား၍ ကိုသိန်းဖေတို့ ဗဟိုကော်မတီသစ် ၂၁ ဦးတို့က လူဦးရေ အများစုဖြင့် ၎င်းတို့လိုရာကို ချုပ်နှောင်ဆွဲဆောင်၍ ရလျှင်ရ၊ အကယ်၍ မရလျှင်လည်း ပါတီတစ်ရပ်လုံး၏ ထုံးစံအတိုင်း ဗဟိုကော်မတီအများစု၏ဆန္ဒကို အနည်းစုသည် လိုက်နာကျင့်သုံး နာခံကြရမည် ဟူသော စည်းမျဉ်းစည်းကမ်းချက်များအရ သခင်စိုး တစ်ဦးတည်းကို အထွေထွေ အတွင်းရေးမှူးနေရာဖြင့် မှားထားပြီး၊ တကယ့်တကယ်ကတော့ သခင်စိုးနှင့် အပေါင်းပါ ဗဟိုကော်မတီ (၇) ဦးအား ပယ်ထုတ်လိုက်ပြီးလျှင် သခင်စိုး တစ်ဦးတည်းကိုတော့ သူတို့ လူများစု (၂၁-ဦး) က အနိုင် ချုပ်ကိုင်နိုင်ပြီဟု ကျိန်းသေပေါက် တွက်ဆပြီး အချောင်သမားတို့ နည်းပရိယာယ်အရ ကျင့်သုံးလိုက်ကြခြင်းသာ ဖြစ်ပေသည်။

သခင်စိုး၏ လက်ရှိ အခြေအနေမှာလည်း နှစ်လမ်းသာ ရှိတော့သည်။ (၁) ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ ဦးဆောင်သော ဗဟိုကော်မတီသစ် ၂၁-ဦးထဲတွင် သခင်စိုး တစ်ဦးတည်း ပါဝင်ပြီး၊ ၎င်းတို့လူစု၏ ချုပ်ကိုင်မှုကို ခံယူပြီး စိတ် မချရသော အထွေထွေ အတွင်းရေးမှူးတာဝန်ဖြင့် ဆက်လက် ချီတက်မည်လား၊ သို့တည်းမဟုတ် ... (၂) သခင်တင်မြ၊ ကိုထွန်းသန်း၊ ကိုထွန်းရင်၊ ကိုစံညွန့်၊ မစောမြ၊ ကိုသက်တင်၊ ကိုထွန်းစိန် စသော (ဗဟိုကော်မတီဟောင်း) များနှင့် ပြန်လည် ပူးတွဲပြီး ကွန်မြူနစ်ပါတီသစ်တစ်ရပ် ထူထောင်သွားမည်လား။



ဤသို့ နှစ်နည်းနှစ်လမ်းမှ လွဲ၍ ကြားလမ်း မရှိခဲ့တော့ပေ။ ကြားလမ်း တစ်လမ်းမှာက လမ်းပိတ်ထားလိုက်ကြလေပြီ။ ကိုထွန်းသန်း၊ ကိုတင်မြ၊ ကိုထွန်းရင်၊ မစောမြတို့ (၇) ဦးကို ပြန်လည်၍ ပါတီ ဗဟိုကော်မတီထဲမှာ သခင်စိုးနှင့်အတူ ပြန်လည် တွဲဖက် ပူးပေါင်း လုပ်ဆောင်ခွင့် (တစ်ဖက်သတ် ထုတ်ပစ်လိုက်ခြင်းကို ပြန်လည် ရုပ်သိမ်းပေးရန်) ရခဲ့လျှင် ကြားလမ်းတစ်ခု လမ်းပွင့်နိုင်ပေသေးသည်။ ယခုမူကား ကိုသိန်းဖေတို့ဘက်မှ ဂိုဏ်းခွဲမှုဖြင့် စွပ်စွဲ၍ သတင်းစာထဲမှ ကြေညာ ထုတ်ပယ်ပစ်ပြီးဖြစ်သူ လက်ရှိ ဗဟိုကော်မတီလည်း ဖြစ်၊ ဂျပန်ဖက်ဆစ်တို့ ဝင်စကပင် စတင် လုပ်ဆောင်လာခဲ့ကြသော ပါတီအမြုတေဗဟိုကော်မတီဟောင်းကြီးများလည်း ဖြစ်သူ(၇)ဦးအား ဘယ်နည်းနှင့်မျှ လောလောဆယ် ပြန်မသွင်းနိုင်ဘူး၊ လောလောဆယ် ပြန်ပြီး ဘယ်နည်းနှင့်မျှ လက်မခံနိုင်ဘူးဟု ပြတ်ပြတ်ပြောထားပြီးသော အခြေအနေအောက်တွင် ကြားလမ်း မရှိတော့ပေ။

မှတ်ချက်။ ။ လောလောဆယ် အခြေအနေမှာပင် လက်သင့်မခံနိုင်ကြလျှင်လည်း နောက်နောင်မှပဲ အချိန်အကန့်အသတ်မရှိ လီဆယ်ဖြားယောင်း လှည့်ပတ်မှုမျိုးမှာ ဘယ် အာမခံချက်မှ မရှိသော လုပ်ကြံမှုတစ်ရပ်သာ ဖြစ်သည်က တစ်ကြောင်း၊ ပါတီကွန်ဖရင့် ခေါ်သည့်တိုင်အောင် စောင့်ပြီး ... ဤကြားအတွင်းမှာ သခင်စိုး တစ်ဦးတည်းက ၎င်းတို့ ၂၁ ဦးနှင့်သာ လုပ်သွားရမည့် အဖြစ်တို့မှာလည်း အခြေအနေ ဆိုးဝါးသည်ထက် ဆိုးဝါးလာမည်သာ ဖြစ်သည်။ နောက်ဆုံး တံတွေးဖြင့် ကပ်ထားသည့် စည်းရုံးရေးမျိုးကဲ့သို့ တံတွေးခြောက်လျှင် ကွာကျသွားမည်ပင် ဖြစ်သည့်အတွက် စောစောကပင် လမ်းနှစ်သွယ်သာလျှင် ရှိတော့လေရာ အချောင်သမား သဘောထား ရှိသူများနှင့် ကွဲအက်ရာ ခွဲထွက်ရာ လမ်းစဉ်အတိုင်း ရွေးချယ်လိုက်ရပေသော သခင်စိုးကြီးအား ကျွန်တော်တို့ ညောင်တုန်းမြို့နယ် ပါတီတစ်ရပ်လုံးမှ ခြွင်းချက်မရှိ ထောက်ခံအားပေးကြပြီး ညောင်တုန်းမြို့ပေါ်တွင် အပြိုင်အဆိုင် ကွန်မြူနစ်ပါတီ နှစ်ခု မရှိတော့ဘဲ တစ်ခုတည်းသော အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) မြို့နယ် ပါတီကို ကျွန်တော်တို့ ဦးစီးပြီး ပြန်လည် တည်ဆောက်နိုင်ခဲ့ကြပါသည်။

၎င်းတို့ ၂၁-ဦး ဗဟိုကော်မတီများအနက် တချို့များမှာကား ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဖရင့်ခေါ် အရှုံးထောင်ဖွင့်ပွဲ ၁၉၄၅ ခု အင်္ဂလိပ်စစ်အစိုးရ စစ်ပြီးခေတ်ကာလမှ (သခင်စိုး ထုတ်ပစ်ခံရသော ကွန်ဖရင့်မှ) အရန် ဗဟိုကော်မတီ စည်းရုံးရေးမှူး အဆင့်မှ တစ်ဆင့်တက်ပြီး ဗဟိုကော်မတီအပြည့် ဖြစ်လာသူများလည်း ပါဝင်ကြသည်ဟု သိရပါသည်။ အချို့မှာ ခရိုင်ကော်မတီဝင်၊ ပါတီဝင်အဆင့် နေရာလောက်မှ ကိုသိန်းဖေ၊ သခင်သန်းထွန်း ထောက်ခံမှုဖြင့် နောက်မှ လောလောဆယ် ဗဟိုကော်မတီ ဖြစ်လာကြသူ အသစ်စက်စက်များလည်း ဤ မကွဲမီ ဗဟိုကော်မတီ အစုနှစ်စုအနက် ၂၁-ဦးဖြစ်နေခဲ့ရသော အစုဘက်မှ လူများရခြင်းမှာ ဤနည်းဤပုံအားဖြင့် လူများရခြင်း ဖြစ်သည်ဟုလည်း သိရပါသည်။

ကိုထိန်လင်း၊ ကိုကျော်ဝင်း၊ ကိုအောင်လင်း (ပြည်တွင်းစစ်အတွင်း ရခိုင်ပြည်၌ ကျဆုံးသူ) ၎င်းတို့သုံးဦးမှာ ပါတီကွဲခါနီး အချိန်တွင် လည်းကောင်း၊ အရှုံးထောင်ဖွင့်ပွဲ (ဒုတိယကွန်ဖရင့်) ကာလအတွင်းမှာ လည်းကောင်း၊ ပါတီ ဗဟိုကော်မတီ လူကြီးများ မဟုတ်ကြပါ။ ပါတီဝင် ရိုးရိုးအဖြစ်နှင့် အရေးယူခံထားရ၍ အောက်ခြေမှ စတင်လုပ်နေကြရသူများဖြစ်နေကြပါသည်။

သို့သော် ပါတီကွဲပြီး အလံနီ ကွန်မြူနစ်ပါတီသစ် တစ်ရပ်ကို သခင်စိုး ကြီးမှူး ပြန်လည်ထူထောင်ပြီး များမကြာမီမှာပင် ကိုထိန်လင်း၊ ကိုကျော်ဝင်း၊ ကိုအောင်လင်း (ရခိုင်ပြည်အတွက် တာဝန်ခံ) တို့မှာ အလံနီပါတီမှာ ဗဟိုကော်မတီဝင်လူကြီးများအဖြစ် ဖြစ်လာကြပါသည်။

ကျွန်တော်သည် ၁၉၄၇ ခုနှစ် မြောင်းမြ ထောင်ကြီးမှ အစာငတ်ခံရက် ၄၅ ရက်ဖြင့် လွတ်မြောက်ခဲ့ခြင်း၊ ၎င်းမတိုင်မီ ၁၉၄၇ ခုထဲမှာပင် ရှေ့ဆင့်နောက်ဆင့် ဆိုသကဲ့သို့ ရုံးပိုင်းပွဲ၊ ဂါတ်ပိုင်းပွဲကြောင့် အချုပ်ခံနေရ၍ မအူပင် ထောင်ကြီးချုပ်အတွင်းမှ ၂၄ ရက်တိတိ အစာငတ်ခံပြီး လွတ်မြောက်လာခဲ့ခြင်း၊ ၁၉၄၆ ခု ပထမအကြိမ် မှတရားသင်း ကြေညာပြီး အဖမ်းခံရစဉ် သာယာဝတီ ထောင်ကြီးအတွင်းမှ (အထွေထွေ သပိတ်ကြီးအတွင်း ကာလထဲ၌ပင်) အစာငတ်ခံတိုက်ပွဲ ၁၅ ရက်ဖြင့် ထောင်မှ လွတ်မြောက်ခဲ့ခြင်း စသည့် ထောင်တွင်း ထောင်ပြင် တိုက်ပွဲများဖြင့် ၁၉၄၇ ခု ကျရောက်ခါမှ ကျွန်တော်သည် ဗဟိုကော်မတီ အပြည့်အဖြစ်ကို



လည်းကောင်း၊ မြစ်ဝကျွန်းပေါ် တာဝန်ခံအဖြစ်ကို လည်းကောင်း ပါတီမှ ရွေးချယ် သတ်မှတ် တာဝန်ပေးခြင်း ခံရပါသည်။

ပါတီမကွဲမီအချိန်မှ၊ ပါတီကွဲပြီးနောက်ထိ ကျွန်တော်သည် လယ်သမား ခရိုင်အဖွဲ့၏ ခရိုင်ဥက္ကဋ္ဌ အဖြစ်နှင့် ရှိခဲ့သည့်အပြင် အလံနီ ကွန်မြူနစ်ပါတီ သက်တမ်း တစ်နှစ်လောက် အတွင်းတွင်ပင် (C.C.O.) ဗဟိုကော်မတီ စည်းရုံးရေးမှူး အဆင့်သို့ ရောက်ခဲ့ပါသည်။

* * *

ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ ဦးဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီမှ

(၁) ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် (ရန်ကုန်)
(၂) ဗမာပြည် တောင်သူလယ်သမား အဖွဲ့ချုပ် (ရန်ကုန်)
(၃) ဗမာပြည် တပ်နီအဖွဲ့ချုပ် (ရန်ကုန်)

သခင်စိုး ဦးဆောင်သော အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) မှလည်း ...

(၁) အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဗဟိုဌာနချုပ် (ရန်ကုန်)
(၂) အလံနီ တောင်သူလယ်သမားအဖွဲ့ချုပ် (ဗမာပြည်) (ဗဟိုဌာနချုပ်–ရန်ကုန်)
(၃) အလံနီစောင့်တပ်ဖွဲ့ (ဗမာပြည်) ဗဟိုဌာနချုပ် (ရန်ကုန်)

ဤသို့ ကွန်မြူနစ်ပါတီနှစ်ခု ထီးပြိုင် စင်ပြိုင် ထူထောင် တည်ဆောက်ခဲ့ကြပြီး နယ်ချဲ့ ဗြိတိသျှ အင်္ဂလိပ်အစိုးရကိုလည်း တိုက်ကြရင်း အချောင်သမားဝါဒ၊ ဘရောက်ဒါ ဝါဒကို ပြန်လည်ကောက်ယူနေပြန်သော ခွေးမြီးကောက် ကျည်ထောက်စွပ်သော သိန်းဖေ ၏ ငြိမ်းချမ်းသာယာစွာ လမ်းစဉ် နှင့် တော်လှန်သော အနုပဋိလောမကျသော ဝိဇ္ဇာနည်းကျသော မာက္ခ လီနင်ဝါဒ လမ်းစဉ်နှင့် တိုက်ပွဲဆင်လျက်။

ဤပါတီနှစ်ရပ်မှ သဘောတရားရေး၊ အယူဝါဒရေး၊ နိုင်ငံရေး၊ စည်းရုံးရေး တိုက်ပွဲများ တစ်စတစ်စ ပြင်းထန်လာကြသည်နှင့်အမျှ သခင်စိုး၏ ပါးစပ်၊ နှုတ်ဖျားမှလည်း တောက်ပြောင်သော စကားလုံးများ ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



### (၁) ခါးရိုး မရှိသော တက်တုန်းကြီး သိန်းဖေ

မှတ်ချက်။ ။ ခါးရိုးပြတ် ကုသထားရ၍ ခါးရိုး မရှိဟု ဆိုသည်ကား မဟုတ်ပါပေ။ မာ့က္စ၊ အိန်ဂျယ်၊ လီနင်၊ စတာလင်ဝါဒ (ဝါ) ကွန်မြူနစ်ဝါဒ အခြေခံ ကျောရိုးကြီး မဲ့နေသော ကိုသိန်းဖေ အား ကျောရိုးမဲ့ တက်တုန်းကြီး သိန်းဖေ၊ မာ့က္စ လီနင်ဝါဒတည်းဟူသော ခါးရိုးမဲ့နေသော တက်ဘုန်းကြီး သိန်းဖေဟု တင်စား ခေါ်လိုက်ခြင်းပင်တည်း။

### (၂) ကလိမ်ချုံသိန်းဖေ

ကိုသိန်းဖေမှာ အလွန် မရိုးသားလွန်းဘဲ၊ အလွန် ကလိမ်ချုံကျသူ၊ လူလည်လူရှုပ် တစ်ယောက်သာ ဖြစ်ခြင်းကြောင့်လည်း ၎င်း၏အပြုအမူ၊ အပြောအဆို၊ အကျင့်အကြံတို့ကိုကြည့်ပြီး ကလိမ်ချုံ သိန်းဖေ ဟု အမည်တွင်စေခဲ့ပါတော့သည်။

အထူးသဖြင့် ဤသို့ဖြစ်ရသည်မှာလည်း သခင်စိုးနှင့် ပါတီအမြဲတမ်း ဗဟိုကော်မတီကြီးများ ၈ ဦးတို့ဘက်မှ အသည်းထိအောင် နာကြည်းမှုကြီးများ ဆက်ခါဆက်ခါ ဖြစ်ရသည်မှာကား (၁) သခင်စိုးနှင့် မနင်းမေတို့ နှစ်ဦးအား ပထမ အထုတ်ခံလိုက်ခဲ့ရခြင်း (၂) ၎င်းကိစ္စ ပြေလည်ပြီး ပါတီတွင်း ပြန်ရောက်၊ ပါတီ ဗဟိုကော်မတီ ဖွဲ့စည်းရန်အဆင့် ရောက်ခါမှ မူလလူ ပါတီ အမြဲတမ်း ဗဟိုကော်မတီ ၇ ဦးအား မတရား တစ်ဖက်သတ် အထုတ်ခံလိုက်ရပြန်ခြင်း။ (၃) နောက်ဆုံး သခင်စိုး၏ ခွဲထွက်လာရသော အခါတွင်လည်း ပါတီ အဆောက်အဦကြီး ဖြစ်သော နေရာဟောင်းကြီးကို ၎င်းတို့က တက်စီးထားသည်သာမက၊ သခင်စိုး နာမည်နှင့် သခင်စိုး အထွေထွေ အတွင်းရေးမှူးအဆင့် ဒုတိယ ပါတီကွန်ဖရင့် (အရှုံထောင်ဖွင့်ပွဲ) မလုပ်မီ စောစောပိုင်းကာလ အချိန်ကပင် သခင်စိုးအား လိုလားသူ တစ်ဦးက လှူဒါန်းခဲ့သော စာပုံနှိပ်စက်ကြီးကိုလည်း ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ လူများစုက အပိုင် သိမ်းယူထားလိုက်ကြခြင်း။ (သခင်စိုး ရေး– "ပြည်သူ့ရုံးတော်" စာအုပ်တွင် ရှာဖတ်ကြည့်နိုင်ပါသည်)

ဆိုင်းဘုတ်မှအစ စမ်းချောင်း၊ မင်္ဂလာလမ်း အမှတ် (၁၁) သခင်သန်းနေအိမ် အပေါ်ထပ်တွင် အသစ် ပြန်လည်ထူထောင်၍ လမ်းပေါ်မှ စခဲ့ကြရခြင်းတို့ကြောင့် မိမိတို့ ၁၉၄၂ ခုနှစ်မှာကတည်းက မိမိတို့ အသက်သွေးခဲဖြင့် မတည် ရင်းနှီး တည်ထောင်လာခဲ့ရသော ကွန်မြူနစ်ပါတီကြီးကို



နောက်ပိုင်း ဂျပန်ဖက်ဆစ်တို့ ပြေးခါနီကာလ ရောက်ခါမှပင် ကွန်မြူနစ်ပါတီ၏ နောက်ဖေးပေါက်တံခါးမှ အလစ် ခိုးကြောင်ခိုးဝှက်၊ ပုန်းလျှိုးကွယ်လျှိုး ဝင်ရောက်လာခဲ့သူများတို့က အလစ် ဝင်အုပ်စည်းပြီး အချောင်နိုက်ယူလိုက်ခြင်းကို မရှုမလှ ခံလိုက်ရသော မိမိတို့၏ အဖြစ်ကို မိမိတို့ ပြန်လည် သတိရမိကြလေလေ ... အလံနီ ကွန်မြူနစ်ပါတီသည် စကားလုံးအသုံးအနှုန်း ခပ်ကြမ်းကြမ်းကလေးဖြင့် ပွဲထွက်လာခဲ့ကြရသည်မှာ သဘာဝကျသည်ဟု ကျွန်တော် ထင်မိပါတော့သည်။

မှတ်ချက်။ ။ ကိုသိန်းဖေ သည် သခင်စိုး နှင့် ပါတီချင်း ပြတ်ပြတ်စဲစဲ ဖြစ်လာပြီးသည့် နောက်ပိုင်းတွင် ၎င်းရှေ့ဆောင် ဦးစီးထားနိုင်ခဲ့သည့် (ဗမာပြည်) ကွန်မြူနစ်ပါတီ အား ရှေ့ယခင်က သူအလွန် ကြိုက်နှစ်သက်၍ လက်ခံလာခဲ့သော ငြိမ်းချမ်းသာယာစွာ ကူးပြောင်းရေး ဘရောက်ဒါဝါဒ (အချောင်သမားလမ်းစဉ်) အတိုင်း ပြန်လည်ကျင့်သုံးလာတော့သည်။ (သခင်စိုးက နာရီတစ်ရာကျော် ဝေဖန်တိုက်ပွဲဝင်စဉ်က ဆင်ခြေဆင်လက်အမျိုးမျိုးဖြင့် ခုခံကာကွယ်ရင်းမှ နောက်ဆုံး အရှုံးပေးခဲ့ရသော ကိုသိန်းဖေသည် ခွေးမြီးကောက်ကျည်တောက်စွပ် သဘောအတိုင်း သခင်စိုးနှင့် တခြားစီ ဖြစ်ပြီးနောက်တွင် ချက်ချင်းပင် သူ့ပါတီ၌ သူ၏ ငြိမ်းချမ်းသာယာ ကူးပြောင်းရေး(ဘရောက်ဒါဝါဒ)လမ်းစဉ်ကိုပင် ပြန်လည်ကောက်ယူ ကျင့်သုံးလာတော့သည်။

..... ..... .....

* ကွန်မြူနစ်ပါတီ ကွဲခြင်းနှင့် ပတ်သက်၍ အထက်တွင် ကျွန်တော်ဖော်ထုတ်ရေးသားချက်များမှာ ပါတီကွဲခဲ့စဉ် အချိန်အခါက ကိုယ်တိုင်ပါဝင် ထိတွေ့ သိရှိ ခံစားလာကြသော ကိုထွန်းသန်း၊ ကိုထွန်းရင်တို့ထံမှလည်းကောင်း၊ အခြား ဗဟိုကော်မတီဝင် ပါဝင်သူများထံမှ လည်းကောင်း လေ့လာမှတ်ယူပြီး ရေးသားတင်ပြလိုက်ပါသည်။

* ၎င်းကဲ့သို့ ကျွန်တော့်အား ကွန်မြူနစ် နှစ်ပါတီ ကွဲခဲ့ရပုံကိုလိုရင်း အချက်အလက်များ အတိုချုပ် ရေးသားပေးရန် အလံနီ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဟောင်း၊ ပါတီကွဲစဉ်က ကိုယ်တိုင်ပါဝင်သူ တစ်ဦးအား ရေးပေးစေလိုကြောင်း ကျွန်တော်၏ မေတ္တာရပ်ခံချက်အရ ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com



ရေးသားပေးပို့ချက်များကို လေ့လာနိုင်ရန် ၎င်း၏ စာမူအတိုင်း တိုက်ရိုက် ဖော်ပြလိုက်ပါသည်။

..... ..... .....

## ကွန်မြူနစ်ပါတီကွဲခြင်း

## ပါတီကွဲစဉ်က ဖဟိုကော်မတီ လူကြီးတစ်ဦး၏အမြင်

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကျင်းပခဲ့သော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးတွင် ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲလေသည်။ သခင်စိုး ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ (ဗမာပြည်) သည် ပါတီ ကွဲပြီးနောက် အလုပ်သမား လယ်သမား လူတန်းစားကို စည်းရုံးရာ၌ အလံနီ အလုပ်သမား သမဂ္ဂ၊ အလံနီ လယ်သမား သမဂ္ဂ ဟု အမည်ပေး၍ စည်းရုံးခဲ့သည်။

ယင်းကို အကြောင်းပြု၍ သခင်စိုး ခေါင်းဆောင်သော ဤကွန်မြူနစ် ပါတီ (ဗမာပြည်) သည် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဟု အမည် တွင်ခဲ့လျက် ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့ ခေါင်းဆောင်သော ကွန်မြူနစ် ပါတီကမူ ဗမာပြည်ကွန်မြူနစ်ပါတီ ဟု အမည်ခံယူခဲ့လေသည်။

ဖက်ဆစ် ဂျပန်ခေတ်ကအစ၊ ဖက်ဆစ်တော်လှန်ရေးအတွက် ကွန် မြူနစ်ပါတီကို သခင်စိုး စတင် တည်ထောင်ခဲ့စဉ်ကမူ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဟူသော အမည်ကို သုံးစွဲခဲ့၏။

## ပါတီကွဲခြင်းနှင့် အထင်အမြင်များ

ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသွားခြင်းနှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံ ရေးသားပြောဆိုနေခဲ့ကြ၊ နေကြဆဲ ဖြစ်သည်။ အချို့က ထွန်းရင်၊ ထွန်းသန်း ဆိုတဲ့ "ကောင်ကလေး နှစ်ကောင်" ကြောင့် ပါတီကွဲရသည် ဟူ၍ လည်းကောင်း။

အချို့ကမူ သခင်စိုးသည် အိန္ဒိယ ကွန်မြူနစ်ပါတီ ခေါင်းဆောင် တို့၏ အကူအညီဖြင့် ဘရောက်ဒါဝါဒ အမှားများကို ဆေးကြောလာကာ ၁၉၄၆ ခု ဖေဖော်ဝါရီလ ဗဟိုကော်မတီ အစည်းအဝေးတွင် "ဝေဖန်ရေး အစီရင်ခံစာ" ကို တင်၍ ဝေဖန်တိုက်ခိုက်ခဲ့သည်။ ထိုအစီရင်ခံစာကို ဗဟို



ကော်မတီက တစ်သဘောတည်း အတည်ပြုခဲ့သော်လည်း "သခင်စိုးသည် သခင်သန်းထွန်းနှင့် ဦးသိန်းဖေတို့တွင်သာ ဘရောက်ဒါဝါဒအတွက် တာဝန် ရှိသည်။ မိမိတွင် မရှိဟု ဆိုကာ သဘောကွဲလွဲမှု ပေါ်ခဲ့၏။ ထို့နောက် ပါတီမှ ခွဲထွက်၍ သွားလေသည်" ဟူ၍ လည်းကောင်း ရေးသား ပြောဆို နေကြလေသည်။

ဤသို့ ပြောဆို ရေးသားနေကြခြင်းမှာ နားစွန်နားဖျား တစ်ဖက် သတ် ကြားရခြင်းကို အဟုတ် မှတ်ထင်၍သော်လည်းကောင်း၊ တမင် သက်သက် ဖြစ်ရပ်မှန်အချက်အလက်များကို ရုပ်ဖျက်ပစ်လို၍ သော်လည်း ကောင်း ဖြစ်ရပေမည်။

ထွန်းရင်၊ ထွန်းသန်း ဆိုတဲ့ "ကောင်ကလေးနှစ်ကောင်" ကြောင့် ပါတီကွဲရသည် ဆိုသော အချက်မှာ မည်မျှ ယုတ္တိ မတန်သည်ကို တွေးခေါ် နိုင်သော သာမန် ဦးနှောက်ရှိသူ လူတိုင်းလောက်ပင် အလွယ်တကူ နားလည် နိုင်ပေသည်။ ဘာ့ကြောင့်ဆို သခင်စိုးကို "ကောင်ကလေး နှစ်ကောင်" က ဩဇာလွှမ်းမိုးနိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။

သခင်စိုးသည် အိန္ဒိယ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တို့၏ အကူ အညီဖြင့် ဘရောက်ဒါဝါဒ အမှားများကို ဆေးကြောလာသည် ဟူသော အချက်မှာလည်း လုံးဝ မှားယွင်းပေသည်။ အိန္ဒိယမှ သခင်စိုး ပြန်ရောက် လာသောအခါ အိန္ဒိယပါတီ ခေါင်းဆောင် မည်သူများနှင့် ဆွေးနွေးခဲ့ရ ပါသလဲဟု မေးကြည့်ခဲ့သည်။ "ဘယ်သူနဲ့မှ ကောင်းကောင်း မဆွေးနွေး ခဲ့ရပါဘူး ... သူတို့တွေလည်း အလုပ် သိပ်များကြတယ်၊ ကိုယ့်ဟာကိုယ်ပဲ စာဖတ်နေရတယ်" ဟု သခင်စိုးက ပြောကြားခဲ့သည်ကို ကောင်းစွာ မှတ်မိ သည်။

ထို့ပြင် ပါတီ ၂ ခု ကွဲသွားပြီးနောက် မကြာမြင့်မီပင် ရဲဘော် ဂိုရှယ် အိန္ဒိယပြည်မှ ဗမာပြည်သို့ ရောက်ရှိလာခဲ့သည်။ သူ့တွင် ဗမာ ပြည် ကွန်မြူနစ်ပါတီအတွက် အိန္ဒိယ ကွန်မြူနစ်ပါတီမှ ချမှတ်ပေးလိုက် သည်ဆိုသော လမ်းစဉ်ကြီး ပါလာခဲ့သည်။ ထိုလမ်းစဉ်ကို လက်ခံသော ပါတီကိုသာလျှင် အိန္ဒိယပါတီက အသိအမှတ်ပြုမည်ဟုလည်း ဆိုလေသည်။

ထိုလမ်းစဉ်ကို သခင်စိုးက လုံးဝ လက်မခံသဖြင့် ရဲဘော်ဂိုရှယ်က "ခင်ဗျားရဲ့ ကောင်ကလေးတွေနဲ့ ဆွေးနွေးပါရစေ ..." ဟု သခင်စိုးထံ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းသည်။ သခင်စိုးကလည်း ခွင့်ပြုသည်။ ရဲဘော်ကိုရှယ်သည် "ကောင်ကလေးတွေ" ကို တစ်ယောက်ချင်း တွေ့ဆုံဆွေးနွေးခဲ့၏။ သို့သော်လည်း "ကောင်ကလေးတွေ" ကလည်း လက်မခံကြပေ။ ဘာကြောင့်ဆိုထိုလမ်းစဉ်မှာ ပါလီမန်တိုက်ပွဲ၏ စည်းဝိုင်းတွင်းမှ မထွက်သောကြောင့်ဖြစ်သည်။ အနှစ်သာရအားဖြင့် ဘရောက်ဒါဝါဒပင် ဖြစ်နေသောကြောင့်ဖြစ်သည်။ ထိုကာလက အိန္ဒိယပါတီ၏လမ်းစဉ်ကိုယ်တိုင်ကလည်း ပါလီမန်တိုက်ပွဲ ဘောင်အတွင်း၌သာ ကန့်သတ်ထားကြောင်း လေ့လာခဲ့ကြသူတိုင်းသိကြပေလိမ့်မည်။

သို့ဖြစ်လျှင် သခင်စိုးသည် အိန္ဒိယပါတီ ခေါင်းဆောင်တို့၏ အကူအညီဖြင့် ဘရောက်ဒါဝါဒ အမှားများကို ဆေးကြောလာသည် ဟူသောစကားမှာ ယုတ္တိတန်ပါသေးသလော။

## ပါတီကွဲရခြင်း အကြောင်းများ

ရာဇဝင်ကို ဖုံးကွယ်၍ မရ၊ ဖြစ်ရပ်မှန်များကို ရုပ်ဖျက်ဆင်းပျက်ဖြစ်အောင် လုပ်၍မရပါ။ "သခင်စိုးသည် သခင်သန်းထွန်းနှင့် ဦးသိန်းဖေမြင့်တို့တွင်သာ ဘရောက်ဒါဝါဒ အတွက် တာဝန်ရှိသည်။ မိမိတွင် တာဝန်မရှိဟုဆိုကာ သဘောကွဲလွဲမှု ပေါ်ခဲ့သည်။ ထို့နောက် ပါတီမှ ခွဲထွက်သွားခဲ့တော့၏" ဆိုသည်မှာလည်း တကယ့်အဖြစ်မှန်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေသည်။

သခင်စိုးသည် ဦးသိန်းဖေ၏ ဘရောက်ဒါဝါဒ သွင်းကုန်ကြီးကို အနိုက်အတန့်အားဖြင့် တွေဝေ၍ လက်ခံမိခြင်းကြောင့် သူ့ကိုယ်သူ မညှာမတာ ဝေဖန်ခဲ့သည်။

"အကာလ ညဉ့်အခါ အဖော်မပါ တစ်ကိုယ်တည်း လူယုတ်မာများအနီးသို့ သွားရောက်ခြင်းကြောင့် စော်ကားခံရသော အကြင်မိန်းမအားအပြစ်မှ ခွင့်မလွှတ်သာ ..." ဟူသော မာ့က္စ၏ ဩဝါဒကို ကောက်နုတ်ကိုးကားလျက် ဘရောက်ဒါဝါဒကို လက်ခံမိသဖြင့် သူ့တွင်လည်း အပြစ်မကင်းကြောင်းကို သခင်စိုးသည် ဖေဖော်ဝါရီလ အစည်းအဝေး၌ပင် သူ့ကိုယ်သူ မထောက်မညှာ ဝေဖန်ခဲ့၍ ဖြောင့်ဖြောင့်ကြီးပင် ဝန်ခံခဲ့သည်။

၁၉၄၆ ခု၊ ဖေဖော်ဝါရီလ ဗဟိုကော်မတီ အစည်းအဝေးတွင် "ဝေဖန်ရေး အစီရင်ခံစာ" ဖြင့် သခင်စိုး ဝေဖန်ခဲ့သည်မှာ နိုင်ငံရေးလမ်းစဉ်တစ်ခုတည်းသာ ဖြစ်သည်။ ယင်းကိုပင် ဦးသိန်းဖေက ဇစ်တမ်းဖြင့် ပြန်လည်ဝေဖန်ခဲ့သေးသည်။ ဦးသိန်းဖေမြင့်၏ ဝေဖန်ရေးမှာ သူ၏ ဘရောက်ဒါဝါဒကို ကာကွယ်ခြင်းပင် ဖြစ်သည်။



ဦးသိန်းဖေမြင့်၏ ထိုပြန်လည်ဝေဖန်ရေး စစ်တမ်းတွင် ပထမပိုင်း၌ သခင်စိုးအား ချီးကျူးထောပနာပြုထားပြီး သူသည် သခင်စိုး၏ အရွေဝါသီက တပည့်ရင်းဖြစ်ပုံကို ကဗျာဆန်စွာ ဖော်ထုတ်ထားသည်ကို မှတ်မိပါသေးသည်။

သူသည် ဂျပန်ဖက်ဆစ်များအား ဗမာပြည်သို့ ပင့်ဖိတ်ခဲ့သူ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း ဂျပန်ဖက်ဆစ်များ ဆိုးဝါးပုံကို ကိုယ်တွေ့ကြုံရသောအခါ မည်သို့ ပြုလုပ်ရမည်မသိအောင် တွေဝေနေစဉ် ကျောက်ဆည်နယ်ထဲ၌ သခင်စိုးနှင့် တွေ့ကြရာ ဖက်ဆစ်များနှင့် ပူးပေါင်းခြင်း၏ ဆိုးဝါးသော အမှားကို သခင်စိုးက အနုပဋိလောမ ရုပ်ဝါဒဖြင့်ယှဉ်၍ ရှင်းလင်းပြသောအခါတွင် "ဖေါ်ဘီကူ ..." ဟု ဆိုရုံရှိသေးသူ ကျွတ်တမ်းဝင်ခဲ့ပါသည် ဟူ၍ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ သခင်စိုး၏ ဝေဖန်ရေး အစီရင်ခံစာအား ပြန်လှန် ဝေဖန်သော ဦးသိန်းဖေမြင့်၏ စစ်တမ်းမှာ ချီးမွမ်း ခြေကျောက်စစ်တမ်း၊ သူ၏ ဘရောက်ဒါဝါဒအား ကာကွယ်ရန်အတွက် ပြန်လှန်တိုက်ခိုက်သော စစ်တမ်းသာ ဖြစ်သည်။ ၎င်းကို သခင်စိုးက စစ်တမ်းတစ်ခု နောက်ထပ်ရေး၍ ပြန်လှန် ဝေဖန်ခဲ့ရသည်။

## လက်ယာ သွေဖည်ရေးများ

သခင်စိုး၏ ဝေဖန်ရေး အစီရင်ခံစာမှာ နိုင်ငံရေးလမ်းစဉ် တစ်ခုတည်းကိုသာ ဝေဖန်ခြင်း ဖြစ်သည်။ ဖေဖော်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးတွင် အပြန်အလှန် ဝေဖန်ခဲ့ကြသည်မှာ နိုင်ငံရေးလမ်းစဉ် တစ်ခုတည်း မဟုတ်ပါ။ ပြဿနာပေါင်း များစွာပင် ဖြစ်သည်။

ဖေဖော်ဝါရီ ဗဟိုအစည်းအဝေး မတိုင်မီ ဗဟိုကော်မတီ အစည်းအဝေးတစ်ခု ကျင်းပခဲ့သေးသည်။ ထိုအစည်းအဝေးတွင် ကွန်မြူနစ်ပါတီ

www.burmeseclassic.com

www.burmeseclassic.com



သည် လက်ယာသွေဖည်ရေး အတွက်အထိပ်သို့ ရောက်ခဲ့သည်။ လူတန်းစား ချင်း ပူးပေါင်းရေးကို အစွမ်းကုန် ရှေးရှုခဲ့သည်။

ထိုအစည်းအဝေး၌ အတွင်းရေးမှူးအဖြစ် ဦးသိန်းဖေမြင့် က တင်သွင်း ပြီး ဆုံးဖြတ်ခဲ့ကြသော ဆုံးဖြတ်ချက်များအနက် အရေးကြီးသဖြင့် ယခု တိုင် မှတ်မိနေသော ဆုံးဖြတ်ချက်များမှာ နှစ်ခု ဖြစ်လေသည်။

## (၁) ဘာသာရေး ဆုံးဖြတ်ချက်

ဗုဒ္ဓ အဘိဓမ္မာသည် ဘာသာရေး အဘိဓမ္မာများအနက် မာ့ကွဝါဒ နှင့် အနီးစပ်ဆုံး ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓ အဘိဓမ္မာ တိုးတက်ပြန့်ပွား လာလျှင် ကွန်မြူနစ်အရေးတော်အတွက် အထောက်အကူ ဖြစ်စေနိုင် သည်။ ယခုအခါ၌ ဗုဒ္ဓအဘိဓမ္မာမှာ သန့်စင်ခြင်း မရှိလှသေး။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ သန့်စင်ပြန့်ပွားလာအောင် ဆောင်ရွက်ပေးရန် ကွန်မြူနစ် ပါတီတွင် တာဝန်ရှိသည်။ ဗုဒ္ဓတက္ကသိုလ်ကြီး တည်ထောင် အောင်မြင် ရေးအတွက် ကွန်မြူနစ်ပါတီက အဘက်ဘက်မှ ဝိုင်းဝန်းအားပေးရမည်ဟု အဓိပ္ပာယ်ရှိသော ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို "ကောင်ကလေးတွေ ..." က သူတို့ တတ်သိ နားလည်သလောက် ဆန့်ကျင်ခဲ့ကြသော်လည်း "အများစု ..." ဆန္ဒဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

## (၂) လူတန်းစား ဆုံးဖြတ်ချက်

ဦးသိန်းဖေမြင့်ကပင် ခေါင်းဆောင်၍ စက်ပိုင်၊ ဘဏ်ပိုင်၊ ကုန်သည်၊ ပွဲစား၊ မြေပိုင်ရှင်များသည် ကွန်မြူနစ်ပါတီ၏ မဟာမိတ်လူတန်းစားများ ဖြစ်ခြင်းကြောင့် "စက်ပိုင်၊ ဘဏ်ပိုင်၊ ကုန်သည်၊ ပွဲစား မြေပိုင်ရှင်များ သမဂ္ဂ"ကို ထူထောင်ရန် ဆုံးဖြတ်သည်ဟု အဓိပ္ပာယ် သက်ရောက်သော အဆိုကို တင်သွင်းခဲ့သည်။ "အများစုဆန္ဒ ..." ဖြင့်ပင် ဆုံးဖြတ်ချက်ချခဲ့သည်။

ထိုဆုံးဖြတ်ချက်များကို မပီကလာ၊ ပီကလာဖြင့် သူတို့ တတ် သလောက် ဝေဖန် ဆန့်ကျင်ခဲ့သော "ကောင်ကလေး" များသည် ဖေဖော် ဝါရီ ဗဟိုကော်မတီ အစည်းအဝေးတွင် သခင်စိုး က ဝေဖန်သောအခါ နှစ်ထောင်းအားရစွာ သခင်စိုး အား ထောက်ခံခဲ့ကြ၏။



ဘာသာရေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ထိုဆုံးဖြတ်ချက် သည် ဗြိတိသျှ နယ်ချဲ့ခေတ်က ဘာသာရေးကိစ္စတွင် ကျူးလွန်ခဲ့သော ဦးသိန်းဖေမြင့်၏ လက်ဝဲသွေဖည်ရေး အပြစ်ကြီးကို ဖုံးကွယ်ရန် ကြိုးစား သော လက်ယာ သွေဖည်ရေး ဖြစ်သည်။ ကွန်မြူနစ်ပါတီသည် လူမျိုး မရွေး၊ ဘာသာမရွေး စည်းရုံးရန် တာဝန်ရှိသဖြင့် ဘာသာရေးကိစ္စတွင် ဝင်ရောက်ထိပါးက အန္တရာယ်ရှိသည်။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ သဘာထား၊ ဘာသာရေးတွင် မည်သို့မှ ဝင်ရောက်စွက်ဖက်ခြင်း မပြုသော သဘောထားသာ မှန်ကန်သည် ဟူသော အဓိပ္ပာယ်ရှိသည့် သဘောတရား ဖြင့် သခင်စိုး က ဝေဖန်ခဲ့သည်။

စက်ပိုင်၊ ဘဏ်ပိုင်၊ ကုန်သည် ပွဲစား၊ မြေပိုင်ရှင် သမဂ္ဂ ထူထောင် ရန် ဟူသော ဆုံးဖြတ်ချက်ကိုလည်း ခြယ်လှယ်သူ လူတန်းစားများကလည်း စည်းစည်းရုံးရုံးနှင့် ခွန်အားရှိရှိ ခြယ်လှယ်နိုင်ရန် အားပေးရာသို့ ရောက် သည် ဟူသော အဓိပ္ပာယ်ပါသည့် သဘောတရားများဖြင့် အပြင်းအထန် ဝေဖန်ခဲ့သည်။

ဤသို့ ဝေဖန်ကြသည်မှာ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ပါးစပ် ဖြင့်သာ ဝေဖန်ခဲ့ကြသည် မဟုတ်၊ ပြဿနာ တစ်ခုစီအတွက် စစ်တမ်း တစ်ခုစီရေး၍ ဝေဖန်ခဲ့ကြခြင်း ဖြစ်သည်။ သခင်စိုး၏ ဝေဖန်ရေးစစ်တမ်း များကို ဦးသိန်းဖေမြင့်တို့ဘက်ကလည်း စစ်တမ်းများ ရေးသား၍ ပြန်လည် ဝေဖန်ခြင်း ဖြစ်သည်။

ပြဿနာတစ်ခုအတွက် စစ်တမ်း တစ်ခုတည်းဖြင့် ပြီးပြောက်ခဲ့သည် ဟူ၍ မည်သည့်ပြဿနာတွင်မှ မရှိပါ။ သူ့ဝေဖန်ရေးစစ်တမ်းကို ပြန်ဝေဖန်၊ ကိုယ့်ဝေဖန်ရေးကို သူကတစ်ဖန် ပြန်လှန်ဝေဖန်နှင့် ပြုလုပ်ခဲ့ကြသည် ဖြစ်ရာ ပြဿနာတစ်ခုအတွက် တစ်ဘက် တစ်ဘက်မှ စစ်တမ်း ၂ ခုမှ ၄ ခုသို့ တိုင်အောင် ရေးသား၍ အပြန်ပြန် အလှန်လှန် ဝေဖန်ခဲ့ကြရပေ သည်။

နောက်ဆုံးတွင်ကား ပြဿနာတိုင်းတွင် အယူအဆ မှိုင်မာလှသည် ဟု နာမည်ကြီးနေသော ဦးသိန်းဖေမြင့်တို့ဘက်မှ ဝန်ခံခြင်းဖြင့်သာ အဆုံး သတ်ခဲ့လေသည်။

ထိုသို့ အပြန်အလှန် ဝေဖန်နေကြစဉ်တွင် စကားပြောရင်း ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



အသံတိမ်၍ တိမ်၍ ဝင် ဝင်သွားသော ဦးသိန်းဖေမြင့် က အားမလို အားမရဖြင့် ဝေါက်ငမ်းနဲ့သည်ကို မြင်ယောင်မိသေးတော့သည်။

ဦးသိန်းဖေမြင့်တို့ ဝန်ခံခဲ့ကြခြင်းမှာ အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့နှင့်တကွ မှာ့က္ခ၊ လီနင်၊ စတာလင်တို့၏ ကျမ်းအကိုးအကားများဖြင့် ယှဉ်ပြိုင်၍ ဝေဖန်နိုင်စွမ်း မရှိခြင်း၊ မငြင်းကွယ်နိုင်ခြင်းတို့ကြောင့်သာ အစွမ်းကုန် နှစ်ခရင်းက ဝန်ခံရခြင်း ဖြစ်ကြောင်း ထင်ရှားလှပေသည်။

**မက္ကင်ဇီနှင့် နှစ်ကိုယ်ကြား**

ထိုသို့ အပြန်အလှန် ဝေဖန်နေစဉ် အချိန်တွင်းဝယ် ... "ကောင်ကလေးများ" ထဲမှ တစ်ယောက်သည် ဦးသိန်းဖေမြင့်၏ လျှို့ဝှက်ရေးဓာတ်ရုပ်တစ်ခုကို အကြောင်းအားလျော်စွာ တွေ့ရှိ ဖော်ထုတ်လိုက်သည်။ ဦးသိန်းဖေ၏ ပုဂ္ဂလိကပိုင် ဟု ဆိုသော ဖိုင်တွဲတစ်ခုကို ရလာခြင်းပင် ဖြစ်သည်။ ထိုဖိုင်တွဲထဲတွင် ဗြိတိသျှ ကွန်မြူနစ်ပါတီဝင် ဟု ဆိုကြသော မက္ကင်ဇီ အမည်ရှိ အင်္ဂလိပ် တစ်ယောက်နှင့် ဦးသိန်းဖေမြင့်တို့ နှစ်ဦးတည်း နှစ်ကိုယ်ကြား ဆွေးနွေးသဘောတူချက်များ ပါရှိလေသည်။

သဘောတူညီချက်များမှာ ဗမာပြည် လွတ်လပ်ရေး ရသောအခါ ဗမာ့ငွေကြေးအား ဗြိတိသျှ ငွေကြေးဖြစ်သော စတာလင် နယ်ပယ်တွင်းသာ ထားရန်၊ နှစ်ပြည်၊ တစ်ပြည် ရွှေလမ်း ငွေလမ်းဖောက်၍ အပြန်အလှန် ကူညီကြရန် ... စသော အချက်အလက်များ ပါဝင်လေသည်။ ထိုသဘောတူညီချက်ကို "ကောင်ကလေးများ" က အစည်းအဝေးတွင် ဖော်ထုတ်လိုက်သောအခါတွင်မှ ဗဟိုကော်မတီဝင်များအားလုံး သိရှိကြလေသည်။ ထိုသဘောတူညီချက် အကြောင်းကို ဦးသိန်းဖေမြင့်က တစ်စုံတစ်ယောက်ကိုမှ အသိ မပေးခဲ့ပေ။

အားလုံးသော ပြဿနာများကို ဦးသိန်းဖေမြင့်တို့က အစွမ်းကုန် ခုခံရင်း ဝန်ခံခြင်းဖြင့် နိဂုံးချုပ်ပြီးသောအခါ တာဝန် ပြန်လည်ခန့်ခွဲရေး အခန်းသို့ ဆိုက်ရောက်လာခဲ့သည်။

**ရွေးချယ်ရေး တရားများ**

ပါတီ၏ တာဝန်ကို ပြန်လည်ခန့်ခွဲရန်၊ ထိုသို့ ခန့်ခွဲရာတွင် (၁) မှာ့က္ခ၊ လီနင် ဝါဒ အခြေခံတရားများကို လေ့လာဖူးသူများ၊ အနုပဋိလောမ ရုပ်ဝါဒကို လေ့လာလက်ခံသူများ။ (၂) ရန်သူနှင့် မပူးပေါင်းဘူးသူများ။ (၃) ပါတီအား အလုပ်အကျွေးပြုရာတွင် ကာလအရှည်အကြာဆုံးသူများ ... စသော အချက်များ ပါဝင်သည့် ရွေးချယ်ရေး တရားများကို သခင်စိုးက တင်ပြသည်။



ဦးသိန်းဖေမြင့်တို့ လူစုက ပါတီခေါင်းဆောင်စုထဲတွင် သူတို့လူတွေအားလုံး မပါဝင်ရအောင် သခင်စိုးက လုပ်ကြံလာခြင်း ဖြစ်သည်ဟု ဝိုင်း၍ အပြင်းအထန် ဆန့်ကျင်ကြ၊ လက်မခံကြဘဲ ပယ်ချလိုက်ကြသည်။ ဤသည်တွင် ညီညွတ်ရေးကို ရှေးရှု၍ သခင်စိုးက လျှော့ပေးခဲ့သည်။

ဤသို့ဖြင့် တာဝန်ခန့်ခွဲရေးတွင် သဘောကွဲလွဲလာခဲ့ကြရာ၊ နောက်ဆုံးတွင် ဦးသိန်းဖေမြင့်၊ သခင်သန်းထွန်း၊ သခင်စိုး၊ ကိုဘဟိန်းတို့ ၄ ဦးက ပေါ်လစ်ဗျူရို အဖွဲ့ဝင်၊ ၎င်းအနက် သခင်စိုးက အတွင်းရေးမှူးချုပ် အဖြစ် သဘောတူပါသည်ဟု ဆိုလာကြသည်။

ဤတောင်းဆိုချက်မှာ မှာ့က္ခဝါဒ ပါတီတို့၏ အစဉ်အလာ လုပ်ရိုး၊ လုပ်ထုံးနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။ ပါတီနှင့် တော်လှန်ရေးအား အန္တရာယ်ဖြစ်လောက်အောင် တက်တက်စဉ် မှားခဲ့ကြသူများကို ဗဟိုကော်မတီ အဆင့်အထိ တာဝန်ရှိသောနေရာတွင် ပြန်လည် တာဝန်ပေးရိုးထုံးစံမရှိပေ။

ဘရောက်ဒါဝါဒ အမှားကို ကျူးလွန်ခဲ့ကြရာ၌ သခင်စိုး တွင်လည်း တာဝန်မကင်းပေ။ ဤအချက်ကို သခင်စိုး ကိုယ်တိုင်က ဝန်ခံခဲ့သည်။ ထိုအမှားကြောင့် သခင်စိုး အပေါ်တွင် တင်ရှိသော အပြစ်သည် ဦးသိန်းဖေမြင့်တို့၏ အပြစ်နှင့် နှိုင်းယှဉ်လျှင် ဆီးစေ့နှင့် မြင့်မိုရ်တောင်မက ကွာခြားလှပေသည်။

ဘာကြောင့်ဆို ... ၁၉၄၅ ခု၊ ဇူလိုင်လတွင် ကျင်းပခဲ့သော ဒုတိယ အကြိမ်မြောက် ပါတီညီလာခံမှစ၍ ၁၉၄၆ ခု၊ ဖေဖော်ဝါရီလ မတိုင်မီ ၅ လခန့်သာ သခင်စိုးသည် ဘရောက်ဒါဝါဒ အမှားကို သဘောတရားရေး အရ လက်ခံခဲ့ခြင်း ဖြစ်သည်။ လက်တွေ့လုပ်ဆောင်ချက်အရ အမှား ကျူးလွန်ခြင်း မရှိခဲ့ခြင်း၊ ထိုအမှားကို တိုတောင်းသော ကာလအတွင်း သိမြင်၍ အချိန်မီ ပြတ်သားစွာ ဝေဖန်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဖေမြင့်တို့ကမူ သဘောတရားရေးအရရော၊ လက်တွေ့လုပ်ငန်းဆောင်တာများအရပါ ကျူးလွန်ခဲ့ရုံမက ဘာသာရေး လူတန်းစားပူးပေါင်းရေး အမှားများကိုပါ ထပ်မံ ကျူးလွန်ခဲ့ခြင်း၊ သူတို့၏ အမှားကိုကိုယ်တိုင်သိမြင်ဖို့ဝေးစွ၊ တစ်ပါးသူက ထောက်ပြ ဝေဖန်သည်ကိုပင် အစွမ်းကုန် ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ခြင်း၊ ဝန်ခံရာ၌လည်း မလွှဲသာ၍ စိတ်မပါ တပါဝန်ခံခြင်း၊ အမှားတွင်သာ တွယ်ကပ်နေရန် ကြိုးစားခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

ထိုအကြောင်းများကြောင့် ဦးသိန်းဖေမြင့်တို့အား ပေါ်လစ်ဗျူရိုအဆင့်အထိ ထားရန် သဘော မတူနိုင်ဟု သခင်စိုး နှင့် ကောင်ကလေးများက ငြင်းပယ်သောအခါ ဦးသိန်းဖေမြင့်တို့နှင့်သာ ရော၍ မလုပ်နိုင်ဘူးဆိုလျှင် ကိုဗသိန်းတင် နှင့် သခင်သန်းဖေ တို့ကို ပေါ်လစ်ဗျူရိုအဖွဲ့ထဲ ထပ်ဖြည့်ပေးပါဟု ဆိုလာကြသည်။

ဤသို့ အဆိုပြုလာကြကြောင်းကို သခင်စိုး က "ကောင်ကလေး" တွေအား ပြန်လည် ပြောပြခဲ့၏။ ၎င်းအချက်ကိုလည်း ကောင်ကလေးအများစုက သဘော မတူနိုင်ခဲ့ကြပေ။

"ကောင်ကလေးတွေ" က သဘောမတူနိုင်ကြသည်မှာ သူတို့တွင် လုံလောက်သောအကြောင်းများစွာရှိသည်။ ကောင်ကလေးတွေသည် ဖက်ဆစ်ဂျပန် ဗမာပြည်သို့ရောက်စ၊ ၁၉၄၃ ခု နှစ်ဦးကပင် သူတို့ဘာသာ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။ သခင်စိုးအား ခက်ခဲပင်ပန်းစွာ ရှာဖွေခဲ့ကြပြီး၊ သခင်စိုးနှင့် ဒိုးတူပေါင်ဖက် ကွန်မြူနစ်ပါတီကို စတင်တည်ဆောက်ခဲ့ကြသည်။ ထိုကာလ၏ "အပါယ်ခံ" ဘဝဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးပါတီ တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။

ထိုကာလဝယ် ဖက်ဆစ်ဂျပန် တော်လှန်ရေးအပြီး၌ ပါတီ၏ ထိပ်တန်း ခေါင်းဆောင်ကြီးများ ဖြစ်လာကြသော ပုဂ္ဂိုလ်များစွာတို့နှင့် ပတ်သက်သော တူးခါးလှသည့် အတွေ့အကြုံများကို ရခဲ့ကြသူများ ဖြစ်သည်။

ပြည်သူ့တော်လှန်ရေး၏ အနာဂတ် အကျိုးစီးပွားကို မျှော်ကိုးလျက် ထိုအတွေ့အကြုံများကို ရေးသားဖော်ပြခြင်း မပြုလိုပါ။ နောင်သောအခါတွင် လိုအပ်ပါက ဖော်ထုတ်ပါမည်။



ကောင်ကလေး အများစုက လက်မခံသင့်ကြောင်း အကျိုးအကြောင်းပြ၍ သခင်စိုးအား တင်ပြသောအခါ သခင်စိုးကလည်း လက်မခံပေ။ တခြားသူများနှင့် လဲလှယ်ရန် တင်ပြစောစပ်နေဆဲတွင် ကောင်ကလေးများအား ပါတီမှ ထုတ်ပစ်လိုက်ပြီး ဖြစ်ကြောင်း ဦးသိန်းဖေမြင့်တို့ဘက်ကို သတင်းစာများမှ ကြေညာလေတော့သည်။

ထိုအခါတွင် ပေါ်လစ်ဗျူရို အဖွဲ့ဝင် ၄ ဦးမှ၊ ၆ ဦး ထားရန် အဆိုပြုသော ဦးသိန်းဖေမြင့်တို့၏ ကြံရွယ်ချက်ကို ကောင်ကလေးများ တင်ပြသည့်အတိုင်း မှန်လေပြီဟု သခင်စိုးမှာ ပို၍ သဘောပေါက်သွားပုံရသည်။

ထို့ကြောင့် ကောင်ကလေးများအား ထုတ် မပစ်ရန် သခင်စိုး က အရေး ဆိုသော်လည်း မရ၊ အများစုအားဖြင့် အနိုင်ကျင့်ခဲ့လေသည်။ ထိုအခါတွင်ကား လက်ယာ အချောင်သမားဝါဒ အမှားများကို စိတ်မပါဘဲ ဝန်ခံရသူ၊ ထိုသူများဘက်မှ ခုခံတိုက်ခိုက် ထောက်ခံခဲ့သူများ ကြားတွင် တစ်ဦးတည်း အထီးကျန်ဘဝ လမ်းစဉ်ကို ရွေးမည်လော၊ ကောင်ကလေးတွေနှင့် ပေါင်း၍ တော်လှန်ရေးလမ်းစဉ်ကို ရွေးမည်လော ဟု သခင်စိုး တွင် ရွေးချယ်ရန် လမ်းနှစ်သွယ်သာ ကျန်တော့၏။ အခြားလမ်း မရှိတော့ပေ။

ထိုလမ်းကား ကောင်ကလေးများနှင့် ပူးတွဲ၍ ပါတီသစ်ဖွဲ့ရန် လမ်းမှလွဲ၍ အခြား ဘယ်လမ်း ရှိဦးမည်နည်း။

× × ×

## ပါတီသစ်

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ပါတီသစ် ထူထောင်ခဲ့ပြီးနောက် ညောင်တုန်းမြို့ တစ်ဘက်ကမ်းရှိ ရန်ကင်းစံရာ ရွာကလေးရှိ ကွန်မြူနစ်များမှာ ရဲရဲတောက် အလံနီများ ဖြစ်ခဲ့ကြပါသည်။ သို့ကြောင့်လည်း သခင်စိုးက ရွာနီကလေး ဟု ကင်ပွန်းတပ်၍ ခေါ်ခဲ့ရာမှ ရာဇဝင်တွင်ခဲ့သည့် ရွာနီကလေးပင် ဖြစ်သည်။

အလံနီပါတီ ခွဲထူထောင်ပြီးနောက် ပါတီတွင် ရန်ပုံငွေ အခက်အခဲနှင့် ကြုံတွေ့ရ၍ ဖိုးထွန်းရင်နှင့် ကိုထန်းအေးတို့သည် ရန်ကုန်မှ အမြန်ဆင်းလာခဲ့ကြပြီး ရန်ကင်းစံရာရွာရှိ သခင်အုန်းဖေ၊ သခင်လှမောင်၊ သခင်ထွန်းလှိုင်၊ ကိုသိန်းမောင် (သေသွားရှာသူ)၊ ကိုအုံးထော်၊ မောင်နီ အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များအပြင် ရန်ကင်းစံရာ အမျိုးသမီးများ၊ ရန်ကင်းစံရာ လယ်သမား များနှင့် ကိုင်းသမားတို့ပါ မကျန်၊ ကိုထွန်းရင်နှင့် ကိုထွန်းအေးတို့က ရှင်းလင်းရေးအစဉ်နှင့် ရှင်းလင်းပြောဟောပြီး ရသမျှ အလှူခံလိုက်သည် တွင် ရက်ရောလှသော ရွာနီလေးမှ ငါးပိများ၊ ငါးခြောက်များ၊ ဆန်များ၊ ဆီများ၊ ဆား၊ ငရုတ်၊ ကြက်သွန်အထိ ရိက္ခာအပြည့်အစုံအပြင် ငွေသားမှာ လည်း ရာကျော်အောင် ကောက်ခံရရှိသွားပါသည်။

သို့ဖြင့် စမ်းချောင်း၊ မင်္ဂလာလမ်း၊ အမှတ် (၁၁) တွင် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဗဟိုဌာနချုပ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ "ပြည်သူ့ ရုံးတော်" စာအုပ်ကိုလည်း ရိုက်ထုတ်ပြီး ရန်ပုံငွေအတွက် သခင်စိုး ကိုယ် တိုင် ပါဝင်၍ မြို့ပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် လှည့်လည် ရောင်းချခြင်း၊ ရှင်းလင်းရေး အစဉ်လုပ်ခြင်းတို့ ပြုလုပ်ကြပါသည်။

### သခင်သန်းထွန်း အိမ်ပေါ်တက်၍ သခင်စိုး စာအုပ်ရောင်းခြင်း

သခင်စိုးသည် ရဲနီများနှင့်အတူ ပြည်သူ့ရုံးတော် စာအုပ် လည်း ရောင်းရာတွင် သခင်သန်းထွန်းအိမ်ရှေ့ ရောက်လာကြသောအခါ သခင်စိုး ကိုယ်တိုင် "ဗျို့ … သခင်သန်းထွန်း … ပြည်သူ့ရုံးတော် စာအုပ်ဝယ်ဗျာ၊ ကျုပ်တို့ ရန်ပုံငွေအတွက် အားပေးပါဦး …" ဟု ဆိုသဖြင့် သခင်သန်းထွန်း မှ ရယ်ပြုံးလျက် စာအုပ်များ ဝယ်လိုက်သည်ကို မှတ်မိပါသေးသည်။

### ညောင်တုန်း မအူပင် ပါတီများ

ညောင်တုန်းမြို့တွင်မူကား အလံနီ ကွန်မြူနစ်ပါတီ တစ်ခုတည်း ပင်။ ထို့အတူ မအူပင် မြို့ပေါ်တွင်လည်း အလံနီ ကွန်မြူနစ်ပါတီ တစ်ခု တည်းပင်။ (သို့သော် နောက်ပိုင်း ၄–၅ လခန့် အတွင်းမှာ သခင်သန်းလေး တို့ ညီအစ်ကို ငွေရေး၊ ကြေးရေး ကိစ္စကြောင့် ပါတီမှ ထုတ်ပယ်လိုက်သည့် နောက်ပိုင်းတွင် သခင်သန်းလေးနှင့် သခင်ချစ်လှိုင်တို့ ညီအစ်ကိုမှာ သခင်သန်းထွန်း၏ (ဗမာပြည်)ကွန်မြူနစ်ပါတီဝင်များ ဖြစ်သွားကြပါသည်) အလံနီကွန်မြူနစ်ပါတီဘက်မှ သခင်ထွေးက (မအူပင်) တွင် ကျန် ရဲနီ များဖြင့် ဆက်လက် လုပ်ခဲ့ပါသေးသည်။



ထိုအတူပင် ပန်းတနော်မြို့နယ်တွင်လည်း ပါတီ စင်ပြိုင် မရှိပါ။ ကိုခင်အေး၊ သခင်ကြည်၊ ကိုအေးကြီး၊ ကိုခင်မြင့် စသော ရဲနီများဖြင့် တစ်ခုတည်းသော အလံနီ ကွန်မြူနစ်ပါတီနှင့် တောင်သူလယ်သမားအဖွဲ့ (အလံနီများ)လုပ်ခဲ့သည်ကို တွေ့ရပါသည်။

ဓနုဖြူတွင် သခင်သန်းမြိုင် သည် ရက်ပေါင်းများစွာ နေပြီး သခင် အေးညိမ်းနှင့် ရင်းနှီးသံယောဇဉ်ရှိသူများကို စုစည်းစည်း၊ သိမ်သိမ် မွေ့မွေ့ ချဉ်းကပ်၍ ရက်ရှည် နိုင်ငံရေးသင်တန်းပေးပြီး အလံနီ ကွန်မြူနစ် ပါတီ(ဗမာပြည်)နှင့် အပြိုင်ထူထောင်လိုက်ပါသည်။

အလံနီ ကွန်မြူနစ်ပါတီ ဓနုဖြူ မြို့နယ်မှာလည်း ဗမာပြည် ကွန်မြူနစ် ပါတီနှင့် ယှဉ်ပြိုင် လှုပ်ရှား စည်းရုံးနိုင်ခဲ့ကြပါသည်။ ပါတီခေါင်းဆောင် များမှာ ကိုတင်ဦး၊ သခင်ကျော်အေး၊ ကိုလှအောင်၊ သခင်ကြွယ်၊ မငွေး၊ ကိုစောအောင်၊ မသိန်းစု၊ ကိုအောင်ကျော်ဖဲ၊ သခင်မြင့်၊ မဖြူ (သခင်တင်မြ ၏ဇနီး) တို့မှာ အလံနီ ကွန်မြူနစ်ပါတီဘက်မှ ဖြစ်ကြသည်။

(ဗမာပြည်) ကွန်မြူနစ်ပါတီဘက်မှ ခေါင်းဆောင် သခင်အေးညိမ်း ၏ဇနီး မအတင့်မှာ မဖြူ၏ ညီမအရင်း၊ မငွေး၏ အစ်မကြီးအရင်း ဖြစ်ကြ ပါသည်။ ညီအစ်မတွေ တစ်မိသားချင်း ဖြစ်ခဲ့ကြပေမဲ့ ယခု ပါတီ နှစ်ဘက် ကွဲချိန်တွင် အယူဝါဒချင်းလည်း ကွဲကြပြီး ကိုယ့်ယုံကြည်ချက်ပေါ်တွင် ကိုယ်ရပ်တည်ကြရပေပြီ။ နိုင်ငံရေး၊ အယူဝါဒရေးဆိုင်ရာ ခန်းနှင့် ပတ်သက် လာလျှင် ညီအစ်ကိုချင်းတွေ၊ ညီအစ်မချင်းတွေ၊ ဆွေမျိုးသားချင်းတွေ ဟူ၍ ငဲ့ညှာထောက်ထား အားနာ၍ မနေနိုင်ကြတော့ပေ။

ဤအဆင့်မှာကား လူတန်းစားတိုက်ပွဲအမြင်နှင့် လူတန်းစားတိုက်ပွဲ အသွင်ဘက်သို့ ဆောင်ယူ ရောက်ရှိလာကြလေပြီ။

လူတန်းစား ကိုယ်စားပြုပုံခြင်း၊ လူတန်းစားအမြင် ကွာခြားမှုတို့ အပေါ်တွင် လူချင်း ကွာခြားမှုတို့ ဖြစ်ပေါ်လာရသော ကဏ္ဍသို့ ဆိုက်ရောက် လာခဲ့လေပြီ။

* * *

### နာမည်ကျော် ထန်းတစ်ပင်တိုက်ပွဲ

အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ဗဟိုဌာနချုပ်၏ ပွဲဦးထွက်

www.burmeseclassic.com

www.burmeseclassic.com



လူထုကြီးနှင့် ချိတ်ဆက်၍ လုပ်ရသော လူထုတိုက်ပွဲကြီး တစ်ခုကား မမေ့အပ်မမေ့နိုင်သင့်သော ထန်းတစ်ပင် လယ်သမားကြီးများ သေနတ်အပစ်ခံရသည့် ကိစ္စကြီးပင် ဖြစ်တော့သည်။

ဤကိစ္စကြီးတွင် ဆိုရှယ်လစ်ပါတီမှ လည်းကောင်း၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်မှ လည်းကောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီမှ လည်းကောင်း၊ အလံနီ ကွန်မြူနစ်ပါတီမှ လည်းကောင်း စည်းရုံးရေးမှူးများ မိမိတို့ပါတီအဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်အသီးသီးတို့ လူကိုယ်တိုင်လွှတ်လျက် ထန်းတစ်ပင်မြို့ပေါ်သို့ ရောက်၍လာကြသည်။

သို့ရာတွင် နယ်ချဲ့သမား ဗြိတိသျှ အင်္ဂလိပ် အစိုးရ လက်ပါးစေ ... ကျွန်ပီသသူ ပုလိပ်တို့သည်ကား အမိန့်မပါဘဲ လူလေးယောက်ထက်ပို၍ မသွားမလာကြရဟု အမိန့်ခပ်ကြမ်းကြမ်း ထုတ်ဆင့်ပြီး၊ ခပ်ကြမ်းကြမ်းတားဆီး နှင်ထုတ်၊ မောင်းထုတ်၍နေသည်။

အားလုံး အဖွဲ့အသီးသီးမှ အမိန့်တော်မြတ်ကို နာခံလျက် အမိန့်ခံကြရန် ရန်ကုန်မြို့ပေါ်သို့ ပြန်ပြေးသွားကြလေပြီ။

ဖိုးထွန်းသန်း၊ ဖိုးထွန်းရင်တို့ ဦးစီးခေါင်းဆောင်၍ လမုတန်းကြီး၊ လမုတန်းလေး၊ ထိန်တစ်ပင် အစရှိသော ရွာများတို့မှာ လယ်သမားထုကြီးနှင့် လယ်သူမ အမျိုးသမီးထုကြီးတို့မှာ ကြွေးကြော်သံများ ဆူညံစွာဖြင့် လက်သီးလက်မောင်းတန်းကာ ထန်းတစ်ပင်မြို့ထဲရှိ သေနတ်ပစ်ခံကြရသော နေရာအထိ အလောင်းကို ကောက်ယူရန် အတင်းအဓမ္မ ချီတက်လာကြပါသည်။

"စစ်ပုလိပ်တို့၏ ကျည်ဆန် လုံ့စွပ် နောက်မတွန့်နဲ့ ..." ဟူသော သွေးဆွပေးသော ကြွေးကြော်သံကို မိုးရေများ ရွှဲရွှဲကြီးထဲတွင် ဖိုးထွန်းရင်အသံနှင့် လယ်သမားများ၊ လယ်သူမများအသံ၊ ဖိုးထွန်းသန်းက တစ်လှည့်တိုင်လိုက်၊ ဖိုးထွန်းရင်က တစ်လှည့် တိုင်လိုက်ဖြင့် လုံ့စွပ်ကိုင် သေနတ်ကိုင်ထားကြသော ပုလိပ်များအကြားမှ အသံများ။ စတင်ဖြစ်ရသော အကြောင်းရင်းကား ယူနီဖောင်းဝတ်ပြီး စစ်လေ့ကျင့်ရေးများ ပြုလုပ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၏ သားသမီးများ ဖြစ်သော ပြည်သူ့ရဲဘော်များကို ဖမ်းဆီး ချုပ်နှောင်လိုက်သည့်ကိစ္စဖြင့် နယ်ချဲ့သမားက သွေးတိုးစမ်းလိုက်သည်မှ ပေါက်ကွဲထွက်လာခြင်း ဖြစ်ပေသည်။



လယ်သမားကြီးတို့သည် မိမိတို့ သားသမီးများကို မတရား ဖမ်းဆီးချုပ်နှောင်ထားကြခြင်းကို မခံနိုင် မရပ်နိုင် ဖြစ်ခဲ့ကြရာမှ ရိုးရိုးကလေးဆန္ဒပြ စီတန်းလှည့်လည်ပြီး ပြည်သူ့ရဲဘော် ဖမ်းထားသူများအား လွှတ်ပေးရန် အရေးဆို၍ ဤသို့ ဖမ်းဆီးထားခြင်း၏ အပြုအမူကို ကန့်ကွက်ကြရာ၌ နယ်ချဲ့လက်နက်ကိုင်တပ်တို့သည် (လက်နက်ဆို၍ အပ်တိုတောင်မပါဘဲ) လူစုသက်သက် ဆန္ဒပြ စီတန်း လှည့်လည်လာသည့် လယ်သမားထုကြီး အထဲသို့ သေနတ်နှင့်ပစ်သွင်းလိုက်လေသည်။

သေသူတွေသေ၊ ဒဏ်ရာရသူတွေ ရကြသည်။ ဤတွင် စစ်ပြီးကာလ အင်္ဂလိပ်အစိုးရ နယ်ချဲ့သမားတို့၊ ဂျပန်ဖက်ဆစ်တို့အား တော်လှန်အောင်နိုင်ခဲ့သည့် ဗမာ့လယ်သမား လူထုကြီးကို ကျည်ဆန်ဖြင့် ကျေးဇူးဆပ်လိုက်ခြင်းပါတည်း။

ဤသို့သော စီတန်းလှည့်လည်၊ ဆန္ဒပြမှု ရိုးရိုးကလေးလောက်မျှနှင့်ပင် ပုန်ကန်ထကြွသူ သူပုန်ကြီးများသဖွယ်သဘောထား၍ ရဲရဲတင်းတင်း၊ ရက်ရက်စက်စက် သေနတ်ဖြင့် ပစ်သတ်ရဲခြင်းမှာ ဗမာလူထုကြီးအား သွေးတိုးစမ်းကြည့်လိုက်ခြင်းသာ ဖြစ်ပေသည်။

ဤသို့ ထန်းတစ်ပင်ကိစ္စတွင်သာ မဟုတ်၊ အနယ်နယ် အရပ်ရပ်တွင်ရှိသော တောင်သူလယ်သမားများ၊ အရေးအခင်းများ၊ ဥပမာ ... မနှစ်က လယ်သီးစားများသည် အကြောင်းကြောင်းတို့ကြောင့် သီးစားခ မကြေကြပြားသော်လည်း ၎င်းတို့လုပ်လက်စ လယ်များကို ဆက်လက်လုပ်ပိုင်ခွင့်အရေး၊ အမတော်ငွေ လုံလုံလောက်လောက် ရရှိရေး၊ ကြွေးမြီးဟောင်းများ မပေးဆပ်ရရေး၊ စသည်တို့အတွက် စီတန်းလှည့်လည်ခြင်း၊ ဆန္ဒပြကြခြင်း၊ လူထုအင်အားပြခြင်းတို့၊ တရားဟောပြောပွဲ ကျင်းပခြင်း၊ အစည်းအဝေးပွဲ လုပ်ခြင်းများတို့တွင် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) အနေနှင့် လိုင်စင်ခံခြင်း၊ လျှောက်လွှာတင်၊ အမိန့်ယူခြင်း လုံးဝ မလုပ်ကြရဟု ဗဟိုဌာနချုပ်မှ အညွှန်းရှိထားခဲ့လေသည်။

အလံဖြူ ကွန်မြူနစ်ပါတီ အနေနှင့်တော့ ဤသို့ မဟုတ်ကြပါပေ။ ရန်ကုန်ဌာနချုပ်မှာပင် ဖြစ်စေ၊ အနယ်နယ် အရပ်ရပ်ရှိ အလံဖြူ ကွန်မြူနစ်ပါတီများ၏ စီတန်းလှည့်လည်ပွဲများ၊ တောင်သူလယ်သမား လူထုဆန္ဒပြပွဲများ၌ဖြစ်စေ၊ တရားဟောခြင်း၊ အစည်းအဝေးလုပ်ခြင်းတို့၌ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



အစိုးရမင်းတရားများထံ လျှောက်လွှာတင်ခြင်း၊ အမိန့်ခံခြင်း၊ အသံရဲ့စက်လိုင်စင်ယူခြင်း စသည့် အမိန့်တော်ကို တစ်သဝေမတိမ်း နာခံလိုက်နာကြပြီးမှ လုပ်တတ်ကြလေသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အလံနီ၊ အလံဖြူ ဟု ပါတီကွဲပြီးကတည်းက မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လအထိ ၆ လတာမျှသော အလံနီ ကွန်မြူနစ်ပါတီ၏ စည်းရုံးရေး ဆင်းခဲ့ရသော ကာလ တိုတိုတောင်းတောင်းလေးအတွင်းမှာပင် ခရိုင်ပေါင်း ၂၁ ခရိုင်တိတိ အောင်မြင်စွာ အလံနီ ကွန်မြူနစ်ပါတီခွဲများနှင့် အလံနီ တောင်သူလယ်သမား အဖွဲ့အစည်းခွဲများ နေ့ချင်းညချင်း တိုးတက်ကျယ်ပြန့်လာအောင် အလံနီပါတီဗဟိုကော်မတီများနှင့် စည်းရုံးရေးမှူးများတို့က ကြိုးစား စည်းရုံးနိုင်စွမ်းရှိခဲ့ကြပါသည်။

အလံနီ ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် သခင်စိုး၊ မနှင်းမေ၊ မစောမြ၊ ကိုထွန်းသန်း၊ ကိုထွန်းရင်၊ ကိုတင်မြ၊ ကိုစံညွန့်၊ ကိုသက်တင်၊ ကိုကျော်ဝင်း၊ ကိုထိန်လင်း၊ ကိုအောင်လင်း၊ ကိုကျော်ဇော၊ သခင်မြသန်းတို့မှာ ရန်ကုန်မြို့ပေါ်တွင် အမြဲလိုလို ရှိနေခဲ့ကြပါသည်။ သို့သော် ... ကိုထွန်းရင်မှာ မအူပင်ခရိုင်သို့ မကြာခဏ ဆင်းဆင်း၍ လာရပါသည်။

ထို့အတူပင် ကိုထွန်းသန်းမှာလည်း ဟံသာဝတီခရိုင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ တွံတေး၊ ကွမ်းခြံကုန်းတို့သို့ မကြာခဏ ဆင်း၍ ဆင်း၍ စည်းရုံးရပါသည်။

ကိုစံညွန့်နှင့် ကိုကျော်ဇော၊ မစောမြတို့မှာ ဒလ သင်္ဘောကျင်း အလုပ်သမားများနှင့် ရန်ကုန် အလုပ်သမား စည်းရုံးရေးကို ကိုင်ကြရပါသည်။

ကိုကျော်ဝင်းမှာ အာဏာသစ် ဂျာနယ်နှင့် စာပေဖြန့်ချိရေးလုပ်ငန်း၊ ဗဟိုဌာနချုပ်၊ စာရွက်စာတမ်း၊ လက်နှိပ်စက်၊ ဂက်စတာနာ စသော ပုံနှိပ်ဖြန့်ချိရေး လုပ်ငန်းနှင့် ဌာနချုပ်ရုံးလုပ်ငန်းတို့ကို ကိုင်ပါသည်။

ကိုထိန်လင်းကို ဆိတ်ဖြူနယ်၊ ပခုက္ကူနယ်ဘက်သို့ စည်းရုံးရေးအတွက် လွှတ်ထားကြောင်း သိရပါသည်။

ဆိတ်ဖြူနယ်၊ ပခုက္ကူနယ် ခရိုင်များတွင် မိုးခေါင်ရေရှား သီးနှံစိုက်ပျိုး၍မရ ဖြစ်နေကြပြီး တောင်သူများ၊ လယ်သမားကြီးများတို့မှာ အငတ်ဘေး အန္တရာယ်ဖြင့် ရင်ဆိုင်နေကြရသော အချိန်တို့ပင်တည်း။



၁၉၄၆ ခု၊ ဇွန်–ဇူလိုင်လများတွင် တွံတေး၊ ကွမ်းခြံကုန်းဘက်မှလည်းကောင်း၊ ခရမ်း၊ ကျောက်တန်း၊ သုံးခွဘက်မှ လည်းကောင်း၊ တောင်သူလယ်သမားများ၏ အရေးအခင်းများကြောင့် တောင်သူလယ်သမား လူထုကြီးနှင့် အလံနီပါတီ ခေါင်းဆောင်တို့ ရှေ့ဆောင် ဦးစီးပြီး ဆန္ဒပြ စီတန်းလှည့်လည်ပွဲများ၊ အစည်းအဝေးပွဲများ ကျင်းပခဲ့ကြရာမှ အမိန့်မခံ၊ လျှောက်လွှာတင် အခွင့်မတောင်းမှုဖြင့် ခေါင်းဆောင်များအချို့ အဖမ်းခံလိုက်ကြရပါသည်။

၁၉၄၆ ခု၊ ဇွန်လထဲတွင် မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်တွင် တောင်သူလယ်သမား တရားပွဲများ စီတန်းလှည့်လည် ဆန္ဒပြပွဲများကို အမိန့်မခံ၊ လျှောက်လွှာ မတင်ဘဲ လုပ်ခဲ့ကြဖူးသော်လည်း အလံနီကွန်မြူနစ်ပါတီကို မတရားသင်း မကြေညာမီမှာတော့ ကျွန်တော်တို့တွေ တစ်ယောက်မျှ အဖမ်းအဆီး မခံကြရသေးပါချေ။

၁၉၄၆ ခုနေ့တွင် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကို လည်းကောင်း၊ အလံနီ တောင်သူလယ်သမား သမဂ္ဂ အဖွဲ့များကို လည်းကောင်း၊ အလံနီစောင့် တပ်ဖွဲ့များကို လည်းကောင်း တစ်ပြည်လုံးတွင် ဘုရင်ခံ (အင်္ဂလိပ်အစိုးရ) အစိုးရက မတရားသင်း ကြေညာလိုက်ပြီ ဖြစ်ကြောင်း၊ သို့ကြောင့် ၎င်းတို့နှင့်ဆိုင်သော ပုံနှိပ်စာအုပ်များ၊ ပုံနှိပ် စာရွက်စာတမ်းများ၊ လက်ရေး စာအုပ်များ၊ လက်ရေး စာရွက်စာတမ်းများ၊ ပုံနှိပ်စက်ဖြင့် ရိုက်ထားသော စာအုပ်များ၊ လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာရွက်စာတမ်းများ၊ ဂက်စတာနာ စာကူးစက်ဖြင့် ရိုက်နှိပ်ထားသော စာအုပ်များ၊ ၎င်းဖြင့် ရိုက်ကူးထားသော စာရွက်စာတမ်းများ၊ ငွေစာရင်းအင်းများ၊ ဖိုင်တွဲများ စသည်တို့အားလုံးနှင့် ပါတီဆိုင်းဘုတ်များကိုပါ ဖြုတ်ယူသိမ်းဆည်းရမည်ဟူသော မတရားသင်း ကြေညာခြင်းနှင့် ပတ်သက်သည့် ညွှန်ကြားချက် အမိန့်စာကြီးကို တစ်လုံးချင်း လာရောက် ဖတ်ပြပါသည်။

ယခု မတရားသင်း ကြေညာခံလိုက်ရသောအခါတွင်ကား လူတွေကို မဖမ်းသေးသော်လည်း အလံနီ ကွန်မြူနစ်ပါတီ ဆိုင်းဘုတ်များနှင့် စာအုပ်စာတမ်း စာရွက် ဖိုင်တွဲ စာရင်းအင်းတို့အားလုံး သိမ်းယူသွားကြပါတော့သည်။ ကျွန်တော်တို့ ညောင်တုန်းမြို့နယ် ပါတီ အဆောက်အဦသည် လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂၀ လမ်းထိပ် သခင်သာဟန်တို့နေသော အဆောက်အဦသည် လည်းကောင်း အားလုံးကုန် သိမ်းဆည်းခံလိုက်ရပါတော့သည်။

## အရေးပိုင်အမိန့် (၁၄၄)

ဝါဆို ဝါခေါင် ရေဖောင်ဖောင် ဆိုသော အချိန်သို့ ရောက်၍လာပါသည်။ ရန်ကင်းစံရာရွာများ၊ ကျွန်းများ ရေမြုပ်နေကြ၍ လှေကလေးများဖြင့် တစ်အိမ်နှင့်တစ်အိမ် လှေဖြင့် ကူးသန်း သွားလာနေကြရပါသည်။

ညောင်တုန်းမြို့နယ်တွင် တာကြီးများရှိရာ တာရိုးကြီး၏ အတွင်းဘက်ရှိ လယ်မြေ ကိုင်းမြေများမှာ မိုးရာသီတွင် စိုက်ပျိုးနိုင်ကြသော်လည်း ရေကာတာ တာရိုးကြီးများ အပြင်ဘက်မှ ကမ်းနားရွာများမှာ ဝါဆို ဝါခေါင် ရေမြုပ်နေသောကြောင့် အသီးအပင်များ လုံးဝ မစိုက်နိုင်ကြဘဲ ငါးများ တန်းခြင်း၊ မြုံးထောင်ခြင်း၊ ငါးဖမ်းခြင်း၊ ဟင်းရံအတွက် အနည်းငယ်မျှ လောက်သာ အလုပ်ရှိကြပြီး လုံးဝ ထိုင်နေကြရချိန် ဖြစ်ပါသည်။

အလံနီကွန်မြူနစ်ပါတီ ကို မတရားသင်းကြေညာထားသည့် အတိုင်း မအူပင်ခရိုင် အရေးပိုင် မစ္စတာ ဒီလုံး က လူ ၄ ယောက်ထက် ပို၍ စီတန်းလှည့်လည်ခြင်း မပြုရ။ (အသုဘ၊ အလှူ ရှင်ပြု စသော ဘာသာရေး အလုပ်များမှလွဲ၍) နိုင်ငံရေးနှင့် ပတ်သက်သော အစည်းအဝေးလုပ်ခြင်းများကိုလည်း အမိန့်တစ်စုံတစ်ရာမရဘဲ မလုပ်ရ။ မြို့ပိုင်ရုံး၊ နယ်ပိုင်ဝန်ထောက်ရုံးများတွင် လျှောက်လွှာတင်ပြီးမှ ဆိုင်ရာတို့၏ အမိန့် အရ ခွင့်ပြုချက် ရမှသာလျှင် စီတန်းလှည့်လည်ခြင်း၊ လူထုဆန္ဒပြခြင်း၊ အစည်းအဝေးလုပ်ခြင်းများကို လုပ်ရမည်ဟု မောင်းခတ် ကြေညာနိုင်းခြင်း၊ နံ့တစ်ဘုတ်များတွင် နံ့တစ်စာကပ်ခြင်းတို့ကို ရိုက်ချိုးရန်နှင့် တောင်သူ လယ်သမားအရေးအတွက် အစည်းအဝေး လုပ်ရန်လည်း ရှိသည်၊ စီတန်း လှည့်လည်ရန်လည်း ရှိသဖြင့် အပြင်းအထန် ကျေးရွာများသို့ အစည်းအဝေးတက်ရန် "အရေးပိုင် မောင်းခတ်ကြေညာ တားမြစ်ပြီး" နှစ်ရက် အကြာတွင် အစည်းအဝေးကြီးတစ်ခုနှင့် စီတန်းလှည့်လည်ပွဲကြီးတစ်ခုကို အဖမ်းခံပြီး ကျင်းပ ပြုလုပ်နိုင်ရန်အတွက် ကျေးရွာများသို့ လူလွှတ်စည်းရုံး ဖိတ်ခေါ်ထားခဲ့ပါသည်။

မိုးတွင်းကြီးလည်းဖြစ်၊ မြန်းမြန်းဒိုင်းဒိုင်း စည်းရုံးဖိတ်ခေါ်လိုက်ကြ



ရခြင်းကြောင့် လယ်သမားလူထု တစ်ထောင်ခန့်လောက်နှင့် ရန်ကင်းစံရာရွာ အမျိုးသမီးအဖွဲ့တို့ပါ ပေါင်း လူတစ်ထောင်ကျော်ကျော်ခန့် အစည်းအဝေး တက်လာနိုင်ကြပါသည်။

ညောင်တုန်းမြို့ နိုင်ငံအေး တန်ဆောင်းကြီးအတွင်း၌ တောင်သူ လယ်သမား အစည်းအဝေးကြီး ကျင်းပနေစဉ် ပုလိပ်ဘက်မှ အရာရှိတစ်ဦး ရောက်ရှိလာပြီး လျှောက်လွှာတင်ရန်၊ အစည်းအဝေးအတွက် အမိန့်ခံရန်၊ အခုချက်ချင်း လျှောက်လွှာတင်လျှင် မိနစ်ပိုင်းအတွင်း အစည်းအဝေး လုပ်ခွင့်ပြုကြောင်း၊ လျှောက်လွှာတွင် လက်မှတ်ထိုး အမိန့်ချမှတ်ပေးမည် ဖြစ်ကြောင်း ပြောပါသည်။

အကယ်၍ ဤလူထုကြီးနှင့် အစည်းအဝေးအပြီး စီတန်း လှည့်လည် ကြဦးမည် ဆိုလျှင်လည်း စီတန်းလှည့်လည်ခွင့်ပြုရန် လျှောက်လွှာ တစ်စောင် သတ်သတ်ရေး တင်ပို့ပါ၊ ၎င်းလျှောက်လွှာကိုလည်း ကြည့်ပြီးလျှင် နယ်ပိုင်နှင့် မြို့ပိုင် (တိုက်ပိုင် ပုလိပ်ဘက်) တို့က လျှောက်လွှာကိုကြည့်ပြီး ချက်ချင်း အမိန့်ထုတ်ပေးပါမည် ... စသည်ဖြင့် ပုလိပ်အရာရှိက လာရောက် ပြောနေပါသည်။ ပုလိပ်အရာရှိအား "ကျုပ်တို့ လုပ်ချင်သလို လုပ်မယ် ... ခင်ဗျားတို့လည်း လုပ်ချင်တာလုပ်" ဟု ပြတ်ပြတ် ပြောလိုက်ပါသည်။

မကြာမီ အစည်းအဝေး စ ကြပါသည်။

အစည်းအဝေးတွင် ကျွန်တော်က သဘာပတိလုပ်၍ မောင်မြအောင်က အစည်းအဝေး အတွင်းရေးမှူး (အစမ်းအနားမှူး) လုပ်ပါသည်။ ဤ အစည်းအဝေးတွင် အလံနီ ကွန်မြူနစ်ပါတီမှ မြို့နယ်ခေါင်းဆောင်များ၊ ခရိုင်ခေါင်းဆောင်များ အကုန် အဖမ်းမခံလိုက်ရအောင် ကြိုတင်ပြင်ဆင်ပြီး ရှောင်နိုင်းထားသူများကို ရှောင်နိုင်း ဖယ်ထားလိုက်ကြပြီးမှ ကျွန်တော်နှင့် မောင်မြအောင်၊ မောင်ထင်ကျော်၊ ပေါင်း သုံးယောက်တည်းသာ ပါတီမှ တက်ရောက် ခေါင်းဆောင်ပြီး လူထုကြီးများမှာကား တောင်သူလယ်သမား ကြီးများနှင့် ရန်ကင်းစံရာ အမျိုးသမီးအဖွဲ့ဝင် ရဲနီမယ်များတို့သာ ဖြစ်ကြပါသည်။

အစည်းအဝေးတွင် အဆိုများ တင်သွင်း ထောက်ခံ အတည်ပြုကြပြီး ကျွန်တော်သည် သဘာပတိ မိန့်ခွန်း နိဂုံးချုပ်တရားကို သွေးထိုး လှုံ့ဆော်မှု

www.burmeseclassic.com

www.burmeseclassic.com



များများ ထည့်သွင်း ဟောပြောလိုက်ပါသည်။ "ဤအစည်းအဝေး တက်ရောက်လာကြသော တောင်သူလယ်သမားကြီးများနှင့် ရဲနီမယ် အမျိုးသမီးများ ခင်ဗျာ … အခုလို အစည်းအဝေး ခေါ်ယူရခြင်းမှာ ခင်ဗျားတို့ တောင်သူလယ်သမားထုကြီးနှင့် တောနေ ဆင်းရဲသား လယ်သမား လယ်ကူလီ ကောက်စိုက်မတို့က ပါတီကို တင်ပြ တောင်းဆိုထားကြသော တောင်းဆိုချက်များကို ပြည်သူလူထုကြီး အသိလည်းဖြစ်ရန် အုပ်ချုပ်သော လူတန်းစား အင်္ဂလိပ်အစိုးရ(စစ်အစိုးရ)ကိုလည်း သိရန်တင်ပြရန်တို့အတွက် လူထုဆန္ဒပြပွဲကို လုပ်ဖို့ လိုပါတယ်"

"အခု အစည်းအဝေးတစ်ရပ်တော့ ပြီးခဲ့ပါပြီ။ သို့ရာတွင် အခု အစည်းအဝေး တက်ရောက်လာသော လယ်သမားထုကြီးနှင့် အမျိုးသမီးများ ကျွန်တော်တို့ပါတီမှ ရဲနီ ခေါင်းဆောင်သုံးဦး ရှေ့ဆောင်ပြီး မြို့ပေါ်တွင် စီတန်းလှည့်လည်ပြီး ကြွေးကြော်သံများ အော်ဟစ်၍ ပြည်သူတို့ထံ ကျွန်တော်တို့ ဘဝဆန္ဒကို တင်ပြဖို့လည်း လိုအပ်ပါသည်။ ၎င်းပြင် ကိုယ့်တိုင်းပြည်က ကိုယ့်လူမျိုးပိုင် မြေကြီး လမ်းမပေါ်မှာ လက်နက်မပါ အလံကိုလွှင့်ထူ ကြွေးကြော် ဆန္ဒပြခြင်းသည် တရားသော စည်းကမ်းကျနသော နိုင်ငံရေး လုပ်ငန်းသာ ဖြစ်ကြောင်း၊ သို့ပါလျက် ဒုတိယအကြိမ် ကျွန်တော်တို့ ပြည်သူတွေပေါ်မှာ မတရား ကျွန်ပြုလုပ်ထားသည်၊ အင်္ဂလိပ်အစိုးရက စီတန်းလှည့်လည် ဆန္ဒပြခြင်းကို လူ ၄ ယောက်ထက် ပို လမ်း မလျှောက်ရ၊ အမိန့်ခံလျှောက်လွှာ တင်ရမည်ဟု ကျွန်တော်တို့အပေါ် မတရား လာရောက်အုပ်စိုး မင်းလုပ်နေသော အင်္ဂလိပ်နယ်ချဲ့က ကျွန်တော်တို့၏ ဇာတိသွေး ဇာတိမာန်တွေကို အညွန့်ကျိုးအောင် ရိုက်ချိုးပစ်နေတာသာ ဖြစ်၍ ဤအမိန့်ကို ကျွန်တော်တို့ ခေါင်းဆောင်သုံးဦးက ထောင်ကျခံပြီး ရိုက်ချိုးပစ်ရပါမည်"

"သို့သော် … ခင်ဗျားတို့ ဆန္ဒအရ မလိုက်ပါလိုသူများက ဤနေရာတွင်ပင် နေခဲ့နိုင်ပါသည်။ ကျွန်တော့်သဘောကို ပြောရလျှင်တော့ ခင်ဗျားတို့အားလုံး ပါဝင်သော စီတန်းလှည့်လည်ပွဲကြီး ဖြစ်လိုပါသည်။ ကျွန်တော်တို့မှာ လယ်တစ်ကွက်မှ မရှိပါ။ ခင်ဗျားတို့၏ အရေးတော်များအတွက် ကျွန်တော်တို့က ထောင်ကျခံပြီး ဆောင်ရွက်ရဲလျှင် ခင်ဗျားတို့ကလည်း စီတန်း လှည့်လည်ရာတွင် လိုက်ရဲဖို့ သတ္တိလောက်တော့ ရှိစေချင်ပါသည်။



ခင်ဗျားတို့ တောနယ် လယ်သမားကြီးများကိုလည်း ဖမ်းမည်မထင်ပါ။ အကယ်၍ ဖမ်းလျှင်လည်း အဖမ်းခံကြရဲရပါမည်" ဟု ပြောဟောလိုက်သည်။

လူထုကြီးမှာ သွေးကြွလာကြပါသည်။ ဇာတိသွေး ဇာတိမာန်တို့ ဝေဝေဆာ တက်ကြွနေသော တောင်သူလယ်သမားကြီးများနှင့် ရန်ကင်းစံရာ အမျိုးသမီးများ နေရာယူ၍ စီတန်းလည်ရန် နိုင်ငံအေး ဘုရားတန်ဆောင်းကြီးအတွင်းမှ လမ်းမကြီးပေါ်သို့ ထွက်လာကြပါသည်။ ၎င်းလမ်းမကြီးမှ ဈေးဘက်သို့ ချီတက် ကြွေးကြော်ခဲ့ရပါသည်။ ရှေ့ဆုံးမှ တူ တံစဉ်အလံကြီး နှစ်စင်းကို ကိုင်ဆောင်လျက် ရှေ့ဆုံးမှ ချီတက်သူ မောင်မြအောင်နှင့် မောင်ထင်ကျော်တို့နှင့် ယှဉ်လျက် ကျွန်တော် ပါလာသည်။

အမျိုးသမီးများမှာ မောင်မြအောင်၊ မောင်ထင်ကျော်နှင့် ကျွန်တော်သုံးယောက်၏ နောက်ဘက်မှ တစ်ဆက်တည်း ကပ်၍ လိုက်ပါလာကြသလို တောင်သူလယ်သမားကြီးများမှာလည်း တက်တက်ကြွကြွနှင့် မိုးကလေး တဖွားဖွား အကြားမှ စီတန်းလှည့်လည်လျက် ပါးစပ်တို့မှလည်း ကြွေးကြော်သံများ အော်ဟစ်ကျလျက် …။

ညောင်တုန်းမြို့ လမ်းမတော် လမ်းမကြီးအတိုင်း ချီတက်၍ ၂၀ လမ်းထိပ်ရှိ ပါတီအဆောက်အဦရှေ့တွင် ရပ်တန့်လျက် ကျွန်တော်က ခေတ္တရပ် တရားဟောပြီး လူစုခွဲလိုက်ပါသည်။

ဤအချိန်ထိ အဖမ်းအဆီး မရှိသေးပါ။ သို့သော် ညနေဘက် ၅ နာရီခွဲ၊ ၆ နာရီလောက်တွင် ပုလိပ်တွေ အစုလိုက် အစုလိုက် ရာဇဝတ်တစ်ဦး ခေါင်းဆောင်လျက် ကျွန်တော့်အိမ်ကို ဝိုင်းထားသူတွေက တစ်စု၊ လမ်း ၂၀ ပါတီ အဆောက်အဦကို ဝိုင်းသူတို့က ဝိုင်း၊ မောင်မြအောင်၏ နေအိမ်ကို သွားဝိုင်းသူက ဝိုင်း၊ မောင်ထင်ကျော်အိမ်ကို သွားဝိုင်းသူက ဝိုင်း၊ စီဓာဝင်းအိမ်ကို သွားဝိုင်းသူတွေက သွားဝိုင်းနှင့် တစ်မြို့လုံးရှိ ပုလိပ်ကြီးများ အကုန်နှင့် စပယ်ရှယ် ပုလိပ်ကလေးများပါမကျန် အကုန်ထွက်၍ ဝိုင်းကြပါသည်။

သို့ဖြင့် အခြားလူတွေ တစ်ဦးမှ ဖမ်းမမိကြပါဘဲ၊ ကျွန်တော်၊ မောင်မြအောင်၊ မောင်ထင်ကျော်တို့ သုံးယောက်ကိုသာ ရဲဌာနသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ညချင်း ပုလိပ်မော်တော်နှင့် မအူပင် ထောင်ကြီးချုပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ပို့ပါသည်။ နံနက် ၈ နာရီခန့်တွင် မအူပင်မြို့ရှိ မအူပင် ထောင်ကြီးအတွင်းရှိ သီးသန့် အခန်းတစ်ခုတွင် သန့်သန့်ပြန့်ပြန့် သုံးယောက်တည်း ခွဲထားလိုက်ကြပါသည်။

သို့သော် ကျွန်တော်တို့မှာ အထူးတန်း မရကြသဖြင့် ရိုးရိုး အဆင့်အတန်းနှင့် နေရသော်လည်း ပါလာကြသော စီးကရက်များ၊ ဆေးလိပ်များ သောက်ခွင့်လည်း ရကြပါသည်။ ပါလာသော ငွေအနည်းငယ်ဖြင့်လည်း အစားအသောက်များကို နားလည်မှုဖြင့် ဝယ်စားနိုင်ကြပါသည်။

မကြာမီ ရုံးထုတ် အမှုစစ်သောအခါ အိမ်သားစု မိသားစုများ လိုက်လာကြကြောင်း ထောင်ဝအထွက်မှပင် တွေ့ရပါသည်။ ၎င်းတို့နှင့်အတူ ပုလိပ်အစောင့်များပါ တဖြည်းဖြည်း ခြေကျင်လျှောက်ကြပြီး မအူပင် ရုံးသစ်ကြီးသို့ အရေးပိုင်ရုံးမှ တစ်ဆင့်သွားကြပြီး အစစ်ခံကြပါသည်။ ပေါင်း နှစ်ရက်မျှသာ စစ်ဆေးရသည်။ စီရင်ချက် ချမှတ်ရန် နောက်တစ်နေ့တွင် ရက်ချိန်းပေးပါသည်။

အမှုစစ်ပုံမှာ စွဲချက်တင်သည့် ပုလိပ်အရာရှိက သက်သေ သုံးယောက် လေးယောက်လောက် ရှာထားပြီးလျှင် ဘယ်နေ့ ဘယ်ရက်မှ အလံနီ ကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာထားကြောင်းနှင့် ၎င်းပြင် ဘယ်နေ့ ဘယ်ရက်မှာ မအူပင်ခရိုင် အရေးပိုင်အမိန့်ဖြင့် ၁၄၄ (က) ပုဒ်မ ထုတ်ထားခဲ့ကြောင်း၊ ဤသို့ဖြစ်ပါလျက် သခင်ဖေငွေ၊ ကိုမြအောင်၊ ကိုထင်ကျော်တို့သည် အလံနီခေါင်းဆောင်များ အဖြစ်ဖြင့် လယ်သမားများနှင့် လူထုကို လှုံ့ဆော်စည်းရုံးပြီး အလံနီပါတီ လုပ်ငန်းများကို လုပ်ခြင်း၊ စည်းရုံးခြင်း။ သို့ဖြစ်၍ သခင်ဖေငွေ၊ ကိုမြအောင်၊ ကိုထင်ကျော်တို့အား အလံနီ မတရားသင်းပုဒ်မ (၁၇) (၁) (၁၇) (၂) စသည်တို့ဖြင့် တင်ကြောင်းဟုဆိုကာ အမှုတင်သွင်းခဲ့ပြီး ပုလိပ်သက်သေများ ပေးခဲ့လေသည်။

ကျွန်တော်တို့ သုံးဦးစလုံးက လုံးဝ မငြင်းဆန်ကြပေ။ ကျွန်တော်တို့သည် အလံနီ ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ဖြစ်ကြောင်းကို ပြောလိုက်ပါသည်။ "ဟုတ်တယ်၊ ကျုပ်တို့ဟာ အလံနီကွန်မြူနစ်တွေပဲ" ဟု ပြောခဲ့လေသည်။

သို့ကြောင့်ပင် တရားသူကြီးသည် နယ်ချဲ့လက်ပါးစေ ကြေးစား



တရားသူကြီးတစ်ဦး ဖြစ်သော်လည်း ကျွန်တော်တို့အား ကောင်းကောင်းမွန်မွန် ဆက်ဆံပါသည်။ စီရင်ချက်ချမှတ်မည့်နေ့တွင် တရားခွင် စင်မြင့်ပေါ်၌ မထိုင်ဘဲ ၎င်းရုံးခန်းအတွင်းရှိ ၎င်းစာရေးသော အတွင်းခန်း (စဉ်းစားခန်း) ထဲသို့ ခေါ်လျက် စားပွဲတွင် လေးဦးစလုံး ဝိုင်းထိုင်ပြီး ... "ခင်ဗျားတို့ကို လေးစားပါတယ်ဗျာ၊ ဒါကြောင့် အားလုံးကိုပဲ ခင်ဗျားတို့ တောင်းဆိုချက်ဖြစ်တဲ့ အထူးတန်းကို သုံးယောက်စလုံးအား ပေးလိုက်ပါတယ်၊ သခင်ဖေငွေကိုတော့ ထောင်တစ်နှစ် ချလိုက်ရပါတယ်၊ ကိုမြအောင်နဲ့ ကိုထင်ကျော်တို့ကိုတော့ တစ်ယောက်ကို ၆ လမျှသာ အပြစ်ပေးထားပါတယ်"

"အင်းစိန် ထောင်ကြီးကိုပို့ဖို့ အမိန့်ချမှတ်ထားပါတယ်၊ အကယ်၍ အင်းစိန်ထောင်ကြီးကမှ အထူးတန်း မရှိလျှင် သူတို့ဘာသာ သူတို့မှ တစ်ဆင့် အထူးတန်းရှိသော ထောင်ကြီးများသို့ ပို့ပါလိမ့်မယ်၊ ကျွန်တော့်အထင်တော့ အင်းစိန်ထောင်ကြီးမှာပဲ အထူးတန်း ရှိမည်ထင်၍ အင်းစိန်ထောင်ကြီးကိုပဲ ပို့ရန် အမိန့်စာမှာ ရေးထားပါတယ် ..." ဟု တရားသူကြီးက ကောင်းကောင်းမွန်မွန် ဆက်ဆံပြောပြပြီး အမိန့်စာများ၊ စီရင်ချက်များတို့ကို ရေးသားပြီး ဆိုင်ရာတို့သို့ ပေးအပ်လိုက်ပါသည်။

သို့ဖြင့် မအူပင်ထောင်မှ ကျွန်တော်တို့ သုံးယောက်သည် နောက်တစ်နေ့ ညနေဘက်စောစောတွင် ရန်ကုန်ထွက် သင်္ဘော (ညသင်္ဘော) တစ်စီးနှင့် ရာဇဝတ်အုပ်တစ်ဦး၊ ပုလိပ်အစောင့် ၃ ဦး၊ ပေါင်း အစောင့်အကြပ် ၄ ဦးနှင့် မအူပင်ထောင်ကြီးမှ ထွက်ခဲ့ကြရပါသည်။

တစ်ညလုံး သင်္ဘောပေါ်တွင် အိပ်၍မပျော်ကြပါ။ လက်ဖက်ရည်သောက်၊ မုန့်ပဲသရေစာများ ဝယ်စားခြင်းဖြင့် တစ်ညလုံး မိုးလင်းခဲ့ရပါသည်။ နံနက်မိုးလင်းလျှင် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်ပါတော့သည်။ ကျွန်တော်တို့မှာ ခပ်အေးအေးပင် အိပ်ရာမှထပြီး အထုပ်အပိုးပြင်ကြပြီး သင်္ဘောပေါ်မှ ဆင်းလာခဲ့ကြပါသည်။

အင်းစိန် ထောင်ကြီးအတွင်းသို့ မဝင်မီ ကျွန်တော်တို့ မော်တော်ကားနှင့် အင်းစိန်ဈေးအတွင်းရှိ လက်ဖက်ရည်ဆိုင်အတွင်းမှာ လက်ဖက်ရည်သောက် မုန့်စားကြပြီးမှ အင်းစိန်ထောင်ကြီးအတွင်းဝင်ပြီး ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိက ထောင်မှူးလက်သို့ စာရွက်စာတမ်းများနှင့်အတူ ကျွန်တော်တို့ သုံးယောက်အား အပ်ခဲ့ပြီး ၎င်းတို့ ပြန်ကြပါသည်။

ကျွန်တော်တို့ အင်းစိန်ထောင်ကြီး ရောက်ချိန်မှာ ၇ နာရီကျော်ကျော် ၈ နာရီခန့်လောက်သာ ရှိပါသေးသည်။ ထောင်ပိုင်ကြီးများ မလာရောက်ကြသေး၍ ဘယ်အဆောင်၊ ဘယ်နေရာမှာ နေရမှန်း မသိရသေးဘဲ ဘူးကြီးထဲတွင်ပင် မတ်တတ်ရပ်လိုက်၊ ထိုင်လိုက်နှင့် တစ်နာရီကျော်ကျော် အခြောက်တိုက် အညှဉ်းခံနေကြရပါသည်။ မျက်နှာဖြူလူမျိုး စစ်ပြန် ထောင်ပိုင်ကြီးနှင့် မြန်မာလူမျိုး (ဒု–ထောင်ပိုင်) ဦးတင်မောင်ကြီးတို့ ရောက်လာမှပင် ကျွန်တော်တို့ကို တစ်ဖက်ယပ် (အထူးတန်းသမားတွေကို သီးသန့်ခွဲထားလေ့ရှိသည့်) တိုက်တန်းလျားတွင် ကျွန်တော်တို့ တစ်ယောက်တစ်ခန်းစီ ထားလိုက်ပါသည်။

ကျွန်တော်တို့မှာ (ဘီကလပ်စ်) အထူးတန်းများ ဖြစ်၍ ထမင်းဟင်းလျာအတွက် ယိုးဒယား ဦးလှဖေ ဆိုသူ အထူးတန်းသမား အချုပ်အကျဉ်းသားတစ်ဦးက ဦးစီး စီမံချက်ပြုတ်ပေးပါသည်။ သို့သော် ကျွန်တော်တို့မှာ အင်းစိန်ထောင်မှာ ကြာရှည်မနေရဘဲ နက်ဖြန်ပင် သာယာဝတီ ထောင်ကြီးသို့ ပို့ပေးမည် ဖြစ်ကြောင်း၊ ဤအင်းစိန်ထောင်ကြီးတွင် ဘီကလပ်စ် ထောင်ကျများ လုံးဝ မထားရဟု သိရှိပါတော့သည်။

နောက်တစ်နေ့ နံနက်စာကို စောစောကျွေးလိုက်ကြပြီး စစ်ရဲသား အစောင့်များနှင့် ကျွန်တော်တို့ သုံးယောက်အား ၉ နာရီလောက်တွင် အင်းစိန်ထောင်ကြီးမှ သာယာဝတီ ထောင်ကြီးသို့ နေ့လယ် ၂ နာရီခန့် အရောက် အမြန်ပို့လိုက်ပါသည်။

ကျွန်တော်တို့ သာယာဝတီ ထောင်ကြီးသို့ နေ့လယ် ၂ နာရီ ကျော်ကျော်တွင် ရောက်ရှိလာကြပြီး နှစ်ထပ်တိုက် (တစ်ဖက်ယပ်တိုက်) တစ်လုံး၏ အပေါ်ထပ် အခန်းများတွင် တစ်ခန်းလျှင် သုံးယောက်ကျ ခုတင်နှင့် အိပ်ရပါသည်။

မှတ်ချက်။ ။ထောင်ထုံးစံ ထောင်ဥပဒေမှာ တိုက်ခန်းတစ်ခုလျှင် တစ်ယောက်တည်းဖြစ်စေ၊ သို့မဟုတ် သုံးယောက်ဖြစ်စေ နေရပါသည်။ တစ်ခန်းတည်းတွင် နှစ်ယောက်တည်း အတူထားလေ့ မရှိပါချေ။

ကျွန်တော်တို့ ထားရှိသော တိုက်အပေါ်ထပ်မှ အပြင်ဘက်သို့



လှမ်းကြည့်လျှင် အုတ်ရိုးမှာ ခပ်လှမ်းလှမ်းမှာ ရှိသဖြင့် နိမ့်နေ၍ အပြင်ဘက်မှ လယ်ကွင်းများ ရုံးအပြန် မော်တော်ကား လမ်းမကြီးအတိုင်း မြင်ကြရသည့်အပြင် အုတ်ရိုး အပြင်ဘက်ရှိ ရေကန်ကြီးတစ်ခုကိုလည်း ထောင်နှင့် မလှမ်းမကမ်းတွင်လည်း တွေ့မြင်ရပါသည်။ ညို့ညို့မှိုင်းမှိုင်း တောင်တန်းကြီးနှင့် တောတန်းကြီးများကိုလည်း အဝေးဆုံးအရပ်မှာ တည်ရှိနေကြောင်း မြင်တွေ့နေကြရပါသည်။

## အတွေ့တွေ့သစိတ်ကြီးနှင့် ဗုလိပ်သစိတ်ကြီး

ကျွန်တော်တို့ သာယာဝတီထောင်ထဲ ရောက်သည့်အချိန်တွင် ဟံသာဝတီခရိုင် ပါတီမှ ကိုညွန့်နှင့် ကိုသိန်းတို့ နှစ်ယောက်အား ရုံးဝိုင်းပွဲကိစ္စကြောင့် ထောင်ချလိုက်ကြောင်း သိရသည်။ တိုက်ကြီးမြို့မှ မိုလ်မာယပြည်သူ့ရဲဘော်မှာ ယူနီဖောင်းဝတ်ပြီး စစ်လေ့ကျင့်ခန်းလုပ်၍ ၎င်းရဲဘော်ကလေးများ အများအပြားကို ထောင်ချလိုက်ကြောင်း သိရပါသည်။

ထန်းတစ်ပင်မြို့မှ အလံနီဟောင်း ဗိုလ်သောင်း ဆိုသူ လက်နက်မှုဖြင့် ထောင်ကျနေသူ တစ်ယောက်လည်း တွေ့ရပါသည်။ မောင်မောင်တင် စာတိုက်အရာရှိ၊ လာဘ်စားမှု ထောင်ကျ၊ အင်္ဂလိပ်ကပြား မြို့ပိုင်တစ်ဦး၊ ထောင်ကျ လူသတ်မှု၊ ဘုန်းကြီးတစ်ပါးနှင့် ကြည့်မြင်တိုင်ဘက်မှ မြင်းထရိန်နာ ဦးကြာဇေ ထောင်ကျတစ်ဦးနှင့် ထားဝယ်ဘက်မှ လူသတ်မှုဖြင့် ထောင်ကျ ပန်ချာပီကုလား မိုင်းသူဌေး နှစ်ဦးတို့နှင့် ကျွန်တော်တို့ သုံးယောက်မှာ အတူနေ၊ အတူစားလာခဲ့ကြရပါသည်။

သို့ရာတွင် နေ့စဉ် အသားမစားရဘဲ တစ်ပတ်မှပင် တစ်ခါ စားရခြင်း၊ နို့ဆီ၊ လက်ဖက်ခြောက်၊ ကော်ဖီတို့လည်း မရကြခြင်း၊ ဘီကလပ်စ် အဝတ်များ၊ လုံချည်များ၊ ခုတင်များ လုံလုံလောက်လောက် မပေးခြင်းများ၊ ဘီကလပ်စ် ဆိုသည့် အမည်သာလျှင်ရှိပြီး ဘီကလပ်စ်တို့ ရသင့်ရထိုက်သော အခွင့်အရေးများကို ဘယ်သူတစ်ဦးမျှ မရရှိကြပါ။ ကျွန်တော်တို့ အရင် ရောက်နေကြသော ဘီကလပ်စ်များကလည်း ပေးသမျှယူ၊ ကျွေးသမျှစား ဘဝဖြင့် နေလာကြသည်မှာ အခု ကျွန်တော်တို့ သုံးယောက် ထပ်ရောက်လာသည်အထိ ဖြစ်ပါသည်။

သို့ကြောင့် ထောင်မင်းကြီးထံ ပြည်ထဲရေးဌာနနှင့် ထောင်များဌာန

www.burmeseclassic.com

www.burmeseclassic.com



များသို့ တောင်းဆိုတင်ပြချက်များ အသီးသီး လက်မှတ်ဝိုင်းထိုးပြီး မိတ္တူ ငါးစောင်စန့် စာတင်ပို့ရန်၊ စာပို့ပြီးလျှင် တစ်လခန့် စောင့်ကြည့်ပြီး အကြောင်း မပြန်၊ အခွင့်အရေး အပြည့် မရလျှင် အစာငတ်ခံကြရန် စည်းဝေးဆုံးဖြတ်ကြပြီး အထက်ပါအတိုင်း စာတင်လိုက်ကြတော့သည်။

ကျွန်တော်တို့ စာတင်ပြီး တစ်လကျော်ကျော် ကြာလတ်ခဲ့သော် ဗမာတစ်ပြည်လုံး အုံကြွ ပေါက်ကွဲထွက်လာသော အထွေထွေ သပိတ်ကြီးနှင့် ပုလိပ်သပိတ်ကြီးတို့မှာ တခြိမ့်ခြိမ့်နှင့်တိုက်ပွဲဝင်နေသောအချိန် ဖြစ်ပါသည်။ (၁၉၄၆ ခု ဗမာပြည် ရာဇဝင်တွင်ခဲ့သည့် အထွေထွေသပိတ်ကြီးပင်တည်း) "အထွေထွေသပိတ်ကြီး ဖြစ်နေတယ် ... အခုလိုအခါမှာ အစာငတ်ခံ ဆန္ဒပြပြီး သပိတ်မှောက်လျှင် ... စာတိုက်လည်း ပိတ်ထားတယ်၊ မီးရထားတွေလည်း ပိတ်ထားတယ်၊ အားလုံး ပိတ်ထားတယ် ... ရုံးတွေလည်း ပိတ်ထားတယ်၊ ဒီတော့ ကျွန်တော်တို့တစ်တွေ အစာငတ်ခံနေတာဟာ လူမသိ၊ ပြည်သူတွေမသိနဲ့ အချည်းနှီးဖြစ်ပါလိမ့်မယ် ..." သို့ကြောင့် အစာငတ်မခံကြသေးဘဲ အကန့်အသတ် မရှိ ရွှေ့ဆိုင်းရန်ဟု မြို့ပိုင် ထောင်ကျနှင့် စာတိုက်အရာရှိ ထောင်ကျတို့က တင်ပြလာသည်ကို ကျွန်တော်မှလွဲ၍ အားလုံးက သဘောတူနေကြပြီး၊ အစာငတ်ခံ ဆန္ဒပြသပိတ်ကို စောင့်ဆိုင်းရန် ဆွေးနွေးလာကြပါသည်။

သို့ဖြင့် ... ကျွန်တော်တစ်ဦးတည်းက နိုင်ငံရေး အခြေအနေ ဆိုသည်မှာ ဤသို့ "အစိုးရမှာ အခက်အခဲအကျပ်အတည်းဆိုက်နေလေလေ– ကျွန်တော်တို့ အစာငတ်ခံတိုက်ပွဲဖြင့် ဆန္ဒပြမှုကြီးကို အမြန်ဆုံး လိုက်လျောဖြီး အရေးတယူ လုပ်ပေးရလေလေ ဖြစ်ရမည် ... ဆိုသည့် တွက်ချက်မှုများကို နှစ်ရက် သုံးရက် ဆက်လက်ပြီး တွက်ပြခြင်း၊ အနုစိတ် အစီအစဉ်တို့ကို လုပ်ရန် တင်ပြခြင်း၊ ထောင်ကော်မတီ လူကြီးတစ်ဦးဖြစ်သူ သာယာဝတီ သခင်ခင်အောင်နှင့် ကျွန်တော်တို့ အစာငတ်ခံမည့်ရက် နေ့ကို တာရေးပြီး သတင်းစာများ အစောင်စောင်တွင် ပါဝင် ဖတ်ရှုရလေအောင် သခင် ခင်အောင်က တာဝန်ယူထားပြီးကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ အစာငတ်ခံ တိုက်ပွဲသတင်းနှင့် အထွေထွေသပိတ်ကြီးနှင့် တစ်ချိန်တည်း ရောနှောပူးပေါင်း ပါရှိသွားခဲ့လျှင် ပိုမို၍ အရေးသာလာရမည်မှာ မုချ



ဖြစ်ကြောင်း ကျွန်တော်၏ နောက်ဆုံးတင်ပြချက်ကို အားလုံးက ပြန်၍ လက်ခံလာကြပြီး အစာငတ်ခံတိုက်ပွဲ ဝင်ခဲ့ကြပါတော့သည်။

## အစာငတ်ခံတိုက်ပွဲ စပါပြီ

ကျွန်တော်တို့အားလုံးကို တိုက်များအသီးသီးတွင် လူစုခွဲပြီး တိုက်ပိတ်ထားလိုက်ခြင်း ခံကြရပါသည်။ (ဤသည်ကား အစာငတ်ခံလျှင် တိုက်ပိတ်လေ့ရှိသော ထောင်ထုံးစံဓလေ့ ဖြစ်ပါသည်။ ၎င်းကိစ္စကို ကျွန်တော်က အတွေ့အကြုံရှိပြီး သိနှင့်ပြီးဖြစ်၍ ၎င်းတို့အား ဆွေးနွေးတင်ပြထားခဲ့ပြီး ဖြစ်နေပါပြီ) အစာငတ်ခံရက် နှစ်ရက်ကျော်၍ သုံးရက်မြောက်သောနေ့တွင် ထားဝယ်မြို့မှ လူသတ်မှုနှင့် ထောင် အနှစ်နှစ်ဆယ် ကျခံနေရသော ပန်းချာပီကြီး နှစ်ဦးမှာ ပထမဆုံး သပိတ်လှန်လိုက်ပြီး အစာပြန်စားပါတော့သည်။

၄ ရက်၊ ၅ ရက် မြောက်သောနေ့များတွင် ဘုန်းကြီးလေးပါးနှင့် မြို့ပိုင်ထောင်ကျ၊ စာတိုက်အရာရှိ ထောင်ကျတို့ သုံးဦး သပိတ်ပြန်လှန်ပြီး အစာ ပြန်စားကြပါသည်။ မောင်မြအောင်၊ မောင်ထင်ကျော်နှင့် မောင်ညွှန့်တို့မှာလည်း ၇ ရက်ခန့်အတွင်း သပိတ်ပြန်လှန်ပြီး အစာ ပြန်စားလိုက်ကြပါတော့သည်။ (ဤအချိန်တွင် ထန်းတစ်ပင် ဗိုလ်သောင်းနှင့် တိုက်ကြီး ဗိုလ်မာဃတို့ ထောင်ထဲမှာ မရှိတော့ပါ။ ၎င်းတို့နှစ်ဦး လွတ်သွားကြပါပြီ)

ကျွန်တော်နှင့် ကိုသိန်းတို့ နှစ်ယောက်သာလျှင် ဇွဲကောင်းကောင်းဖြင့် အကြိတ်အနယ် ခက်လက် တိုက်ပွဲဝင်နေခဲ့ကြပါသည်။ သို့ရာတွင် ကိုသိန်း ၁၀ ရက်မြောက်သောနေ့တွင် သပိတ်လှန်လိုက်ပါသည်။

ကျွန်တော်တစ်ယောက်တည်း ကျန်ပါတော့သည်။ "အားလုံး အစာပြန်စားသွားကြပြီ၊ ခင်ဗျားလည်း အစာ ပြန်စားပါ၊ အခြေအနေ မကောင်းဘူး" ဟု ရဲနီမြအောင်တို့ဆီက စာကို ဆရာဝန်၏ဗာရာ က ဆရာဝန်နှင့် လိုက်လာစဉ် ကျွန်တော့်အား ကပ်ပေးသွားပါသည်။ ၎င်းစာ ဖတ်ရကာမှ ပိုမိုဒေါသထွက်လာပြီး ပိုမို ပြတ်သားလာပါတော့သည်။ ကျွန်တော့်အမြင်မှာကား အလွန့်အလွန် အခြေအနေ ကောင်းနေသည်ဟု မြင်နေပါသည်။ မုချ အောင်နိုင်ရမည်ဟုလည်း ပြင်းပြင်းထန်ထန် ယုံကြည်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ယုံကြည်သည့်အတိုင်းပင် ၁၅ ရက် ကျော်လွန်၍ ၁၆ ရက်မြောက်သောနေ့တွင် ကျွန်တော့်အား လွှတ်လိုက်ရန်နှင့် တစ်ပါတည်း အခြား ဘီကလပ်စ် ထောင်ကျများကိုလည်း အဝတ်အထည်များ ဝယ်ချုပ် ပေးလိုက်ရန်၊ နေ့စဉ် အသားဟင်းများကျွေးရန် အမိန့်စာများ ရောက်လာ ပါတော့သည်။ (ဤကား နိုင်ငံရေး အုံကြွလှုပ်ရှားမှုကြီးအပေါ် အကဲခတ် နိုင်မှုနှင့် ဖွဲ့ရှိမှုတို့ပေါ် ခံစားလိုက်ရသော အကျိုးအမြတ်ပေတည်း)

## စစ်သားနှစ်ယောက်နှင့် ကျွန်တော်

ကျွန်တော်ကား သာယာဝတီ ထောင်ကြီးတံခါးမှ အင်အားမရှိဘဲ တစ်လှမ်းချင်းလှမ်း၍ လမ်းမကြီးပေါ်တွင် တစ်လှမ်းချင်း လျှောက်၍ ထွက်ခဲ့၏။ အင်အား ကုန်ခန်းနေသော ကျွန်တော်၏ ဒူးနှစ်လုံးမှာ တဆတ် ဆတ် လှုပ်လာပြီး မြေပြင်ပေါ်သို့ လဲကျတော့အံ့ဆဲဆဲ၌ "သခင်ဖေငွေး ... ခင်ဗျား ဘယ်တုန်းက လွှတ်သလဲ၊ နောက်မှာ မမတင်တို့ မြင်းလှည်းနဲ့ လိုက်လာနေကြပြီ" ဟူသော အသံနှင့်အတူ ကျွန်တော်၏ ယောက်ဖလေး ဗိုလ်အေး (ခေါ်) ဗိုလ်ကြီးလှ မှာ ဆိုက်ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ကျွန် တော့်အား လှမ်းကိုင် ထိန်းထားလိုက်ပါသည်။

ကျွန်တော်သည် ဘာမျှ ပြန်မပြောနိုင်သေးပါ။ သိပ်မိုက်မဲလှသော ရှေ့ထောင်ပိုင်ကြီး ဦးတင်မောင်၏ အဖော်မပါဘဲ လူချည်းသက်သက် မိုက်မိုက် ကန်းကန်းလွှတ်လိုက်သကဲ့သို့ ကျွန်တော်ကလည်း လွတ်မြောက်မှုကို ဝမ်းသာအားရဖြစ်ပြီး မလျှောက်နိုင်ဘဲ ဖွဲလုပ်ပြီး တစ်လှမ်းချင်း ထွက်လာ ခဲ့မိပါသည်။ (အပြင်ရောက်လျှင် ဝါဒါတစ်ဦးဦးအိမ် ဝင်တည်းနိုင်ပြီးမှ ကားငှားနိုင်းမည်ဟု တွက်ထား၍လည်း အရဲစွန့် ထွက်လာခဲ့ခြင်း ဖြစ်ပါ သည်)

ဗိုလ်အေးနှင့်အတူ ဆိုက်ကားစီးပြီး လိုက်လာသူမှာ ဗိုလ်အေး၏ သူငယ်ချင်း ရဲဘော် ဗိုလ်သန်းညွန့် (ခေါ်) ယခု မော်ဘီမှ ဒုဗိုလ်မှူးကြီး သန်းညွန့် ဖြစ်ပါသည်) နောက်မှ လိုက်လာကြသည့် မြင်းလှည်းတစ်စီး ပေါ်မှ လူများသည် ဆိုက်ကားပေါ်တွင် ထိုင်နေသော ကျွန်တော့်အား အံ့အားသင့်စွာဖြင့်ကြည့်ပြီး အားလုံး မြင်းလှည်းပေါ်မှ ခုန်ဆင်းလာကြ ပါသည်။ ကျွန်တော် တွေ့ရသည်မှာ မောင်မြအောင်၏ နှမပျိုကလေးများ



ဖြစ်ကြသော အမာကြည်၊ အကြည်ကလေးတို့နှင့် မမသန်းနှင့် မောင်ထင် ကျော်၏ မမကြီးတို့ ဖြစ်ကြပါသည်။ "ကိုမြအောင်နဲ့ ကိုထင်ကျော်တို့ရော သူတို့တော့ မလွှတ်သေးဘူးလား" ဟူသော မေးခွန်းများသည် ဆူညံစွာ ထွက်ပေါ်၍နေပါသည်။

မောင်မြအောင်နှင့် မောင်ထင်ကျော်တို့ မလွှတ်ကြသေးကြောင်း၊ သူတို့က ထောင် ၆ လ ကျတာပဲ၊ မကြာမီ လွှတ်မှာပေါ့။ ကျွန်တော် ကတော့ ထောင်တစ်နှစ် ကျတာပဲ၊ အခု အစာငတ်ခံတိုက်ပွဲနှင့် လွှတ်ရ တာပါ။ သူတို့လည်း အစာငတ်ခံကြပါသေးသည်။ သို့သော် အစာပြန်စား ရက်က စောလွန်း၍ မလွှတ်တော့ဘူးဟု စကားအနည်းငယ်သာ ပြောနိုင်ပြီး ၎င်းတို့က မောင်မြအောင်၊ မောင်ထင်ကျော်တို့နှင့် ထောင်ဝင်စာ တွေ့နိုင်း လိုက်ရပါသည်။ ကျွန်တော့်ပါ သူတို့ ထောင်ဘူးဝသို့ ခေါ်သွားပါသည်။

ထိုနေ့တွင် ကျွန်တော် တစ်ယောက်တည်း သခင်ခင်အောင်နှင့် ကိုသန်းထွန်းလေးတို့၏ လေးလေးစားစားဖိတ်ခေါ်ချက်အရ သခင်ခင်အောင် ၏ နေအိမ်၌ သွားရောက်တည်းခို ညအိပ်ရပါသည်။ နောက်တစ်နေ့ မီးရထား ဖြင့် ရန်ကုန်သို့ ပြန်ရောက်လာကြပါသည်။

## တရားသင်း ကြေညာလိုက်လေပြီ

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး ရက်သတ္တ တစ်ပတ်မျှပင် မကြာမီ အလံနီကွန်မြူနစ်ပါတီကို တရားသင်း ကြေညာလိုက်ပြီဟု ကြားသိရပါ သည်။ ကျွန်တော့်အနေနှင့် အနည်းငယ် ထူထူထောင်ထောင်လည်း ဖြစ်လာ သဖြင့် ဆိုက်ကားတစ်စီး ငှားစီးပြီးလျှင် ကြည့်မြင်တိုင်၊ ဌာနာလမ်း၊ သူငယ်ချင်း နေအိမ်မှာ စမ်းချောင်း၊ မင်္ဂလာလမ်း၊ အိမ်နံပါတ် (၁၁) သို့ လာခဲ့ပါတော့သည်။

ထိုအိမ်မှာ သခင်စိုးနှင့် မတွေ့ရသေးပါ။ အခြား ရဲနီများတို့နှင့်သာ တွေ့ရပြီး ကြည့်မြင်တိုင် ဌာနာလမ်းရှိ တည်းခိုအိမ်သို့ ပြန်လာခဲ့ရပါ သေးသည်။

သခင်စိုးလည်း သန်လျင်အချုပ်မှ လွတ်လာသောအခါ ကျွန်တော့် အား တွေ့ချင်၍ ကိုထွန်းရင် ကို အခေါ်လွှတ်လိုက်ပါသည်။ ထိုအခြင် ၃၂ လမ်းရှိ တောင်သူလယ်သမား ဌာနချုပ်သို့ ကျွန်တော် လာခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကဲ့သို့ အစာငတ်ခံ တိုက်ပွဲဖြင့် အင်းစိန် ထောင်ကြီးအတွင်းမှ လွတ်မြောက်လာခဲ့ကြသော ကွမ်းခြံကုန်းမှ ရဲနီ ထွန်းဦး၊ ရဲနီ ထွန်းစိန်တို့မှာလည်း ရောက်ရှိနေကြပါသည်။

ကျွန်တော်တို့ အစာငတ်ခံ တိုက်ပွဲပြန် အောင်ပွဲခံ ရဲနီ သုံးဦးအား ဂုဏ်ပြုချီးကျူးကြောင်းကို သခင်စိုး က စကားအနည်းငယ် ပြောဟောပြီးနောက် ကျွန်တော်တို့အား အိမ်မပြန်ကြစေဘဲ လိမ္မော်ရည်၊ စွပ်ပြုတ်၊ ဆန်ပြုတ်နှင့် တစ်စတစ်စ အစာကြေမည့် အာဟာရများကိုသာ စားသောက်ရန်နှင့် ရဲနီမယ်များ၊ ရဲနီများက ကျွန်တော်တို့အား ပြုစုရန် ညွှန်ကြားထားသည်။

ထို့နောက် အဖမ်းခံရသူများ အစာငတ်ခံ တိုက်ပွဲဝင်ကြရန် တိုက်တွန်း ညွှန်ကြားချက်များမှာ ကျွန်တော်တို့ကို စံပြထား၍ နိုင်ငံရေး အခြေအနေ အုံကြွလှုပ်ရှားမှု ရှိနေမှု အချိန်ကာလအပိုင်းအခြားကို ကြည့်ပြီး လုပ်ရန် ဆွေးနွေးသတ်မှတ်မှုများ ပေါ်လာခဲ့ရခြင်း ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။

### ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့တွင် ပါဝင်ခြင်း

အထွေထွေသပိတ်ကြီးတွင် အိမ်တော်ပါ အင်္ဂလိပ်အစိုးရမင်းတို့၏ ကျွန်ရင်းကြီးဖြစ်သော ဆာပေါ်ထွန်း ပြုတ်ကျပြီး ဘုရင်ခံ အတိုင်ပင်ခံ အစိုးရအဖြစ်မှ ဗိုလ်ချုပ်အောင်ဆန်း အား ယာယီ အစိုးရအဖွဲ့ထဲတွင် ထည့်သွင်းလိုက်သည်။

ပြည်သူ့ရဲဘော်များ စစ်ဝတ်စစ်ထည် ဝတ်ဆင်လျက် စစ်လေ့ကျင့်ခန်း လုပ်ခြင်းများကို အင်္ဂလိပ် အစိုးရက အာဏာအမိန့်ဖြင့် တားဆီးပိတ်ပင်ခဲ့သော်လည်း အနယ်နယ်တွင် အာဏာဖီဆန် ဆန့်ကျင်၍ စစ်ယူနီဖောင်း ဝတ်ဆင်ကြခြင်း၊ စစ်လေ့ကျင့်ခန်း ဆင်းခြင်းများ လုပ်ခဲ့ကြသော ပြည်သူ့ရဲဘော် အမြောက်အမြားတို့ကို ဖမ်းဆီးခြင်း၊ ထောင်သွင်းအကျဉ်းချထားခဲ့ခြင်းကို ခံနေရဆဲပင် ဖြစ်သည်။

ထန်းတစ်ပင်မြို့နယ် သေနတ်ပစ်မှုကြီးမှာလည်း ဤကဲ့သို့ ပြည်သူ့ရဲဘော်များ စစ်ဝတ်စစ်ထည်ဝတ်ပြီး စစ်ရေး လေ့ကျင့်မှုမှ စတင်၍ ပေါ်ပေါက်လာရသော အရေးတော်ကြီး တစ်ရပ်ပင် ဖြစ်ပေသည်။



ယခု ဗိုလ်ချုပ်အောင်ဆန်း ယာယီ အင်္ဂလိပ် စစ်အစိုးရ အဖွဲ့တွင်းသို့ ဝင်ပြီး ရာထူးလက်ခံချိန်တွင် ဗမာတစ်ပြည်လုံးရှိ စစ်ဝတ်ယူနီဖောင်းဝတ်ပြီး စစ်ရေးလေ့ကျင့်ခန်းဆင်း၍ ဖမ်းဆီးထားသူများ၊ ထောင်ချထားသူများ အားလုံးကို လွှတ်ပစ်ရန် အမိန့်တစ်ရပ် ထုတ်လိုက်သဖြင့် ပြည်သူ့ရဲဘော်များအားလုံး လွတ်မြောက်လာခဲ့ကြရပါသည်။

အလံနီကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာထားခြင်းကိုလည်း တရားသင်း ပြန်ကြေညာပေးရန် သပိတ်အဖွဲ့ပေါင်းစုံတို့မှာ ပြင်းပြင်းထန်ထန် (လူထုတောင်းဆိုချက်) သပိတ်အဖွဲ့ပေါင်းစုံတို့၏ဆန္ဒကို မလွန်ဆန်နိုင်သည်က တစ်ကြောင်း၊ ဆာပေါ်ထွန်း မတတ်နိုင်သည့် သပိတ်ကြီး ပြန်လှန်ဖို့ အရေးကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူပြီး အထွေထွေသပိတ်ကြီး ပြန်လှန်ရန်အတွက် လုံးပန်းကြိုးစားမှုကြီးမှာ အောင်မြင်ခဲ့ပါသည်။

သပိတ်ပေါင်းစုံတို့၏ တောင်းဆိုချက်များအနက် အင်္ဂလိပ် အစိုးရအနေဖြင့် လိုက်လျောနိုင်သမျှတို့ကို အပေးအယူ လုပ်ပြီး လိုက်လျောခဲ့ရပါသည်။ အဓိကကျသော စီးပွားရေး၊ နိုင်ငံရေး အခြေခံတရားကြီးများ၏ တောင်းဆိုချက်များမှအပ သာမန် လူမှုအခွင့်အရေး ပြဿနာ တရားငယ်တို့ကို မလွှဲမရှောင်သာ ပေးလိုက်ရပါသည်။

သို့ဖြင့် အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကို လည်းကောင်း၊ အလံနီ တောင်သူလယ်သမားအဖွဲ့များကို သော်လည်းကောင်း၊ အလံနီ တပ်ဖွဲ့ကို သော်လည်းကောင်း တရားသင်း ပြန်လည်ပေးလိုက်ရပြီးလျှင် မတရားသင်း ပုဒ်မ ၁၇ (၁)–၁၇ (၂) စသော ပုဒ်ထီး ပုဒ်မတို့ဖြင့် ဖမ်းဆီးထောင်ချထားခဲ့သော အလံနီ ကွန်မြူနစ်များနှင့် အလံနီ လယ်သမားကြီးတို့အား လုံးဝ လွှတ်ပေးလိုက်ပါသည်။ ဤအချိန်တွင် ရန်ကုန်မြို့ပေါ်ရှိ အလံနီ ကွန်မြူနစ်ပါတီမှ ကြီးမှူး၍ ကျောက်မြောင်းတရားပွဲ၊ ပုဇွန်တောင်တရားပွဲ၊ စမ်းချောင်းရပ်ကွက်တရားပွဲ စသော ညဘက် ဓာတ်မီးကြီးများ ထွန်းညှိပြီး ပါတီဝင် အစောင့်များနှင့် တရားဟောခဲ့ကြရပါသည်။

ကျွန်တော်သည် ကျောက်မြောင်း မွှာရုံ၌ လည်းကောင်း၊ ပုဇွန်တောင် လိပ်ကန်ပန်းခြံ တရားပွဲ၌ လည်းကောင်း သခင်တင်မြ၊ ကိုကျော်ဝင်း၊ ကိုထွန်းရင်နှင့်အတူ ဟောပြောခဲ့ရပါသည်။ ကျွန်တော်မှာ ပြဦးထွက်

www.burmeseclassic.com

www.burmeseclassic.com



တရားဟောရသူ ဖြစ်ပါသည်။ လိပ်ကန်ပန်းခြံ၌ မိုးတွန်းရင် တရားဟောချိန်မှာ ခဲနှင့် လာပေါက်သဖြင့် ကျွန်တော်တို့က အစောင့်ချထားသည့် အလံနီစောင့် တပ်ဖွဲ့က လူတစ်ဦးကို လက်ပူးလက်ကြပ် မိပါသည်။

၎င်းအား ပြည်သူ့ရဲဘော်အဖွဲ့နှင့် ဆိုရှယ်လစ်ပါတီတို့က ငွေပေးခိုင်းစေ၍ ဤကဲ့သို့ ခဲနှင့်ပေါက်ရပါသည်ဟု လူရှေ့သူရှေ့တွင် ဝန်ခံပါသည်။ တချို့က လက်သီးနှင့် ဝိုင်းထိုးကြပါသေးသည်။ ကျွန်တော်တို့ လူကြီးပိုင်းက သိလျှင်သိချင်း ခေါ်ယူ တရားဟော ဆုံးမစကားပြောပြီး ပြန်လွှတ်လိုက်ရပါသည်။

ကျောက်မြောင်း ဓမ္မာရုံလမ်းမှ တာဝန်ယူချက်အရ ကျွန်တော်တို့၊ ကိုကျော်ဝင်း၊ သခင်တင်မြတို့ တရားဟောခဲ့ရာမှာတော့ ဆားကင်းရန်ကင်း လူများများနှင့် အေးအေးဆေးဆေး ဟောပြောခဲ့ကြရပါသည်။

*　　*　　*

### တိုက်ပွဲအတွင်းမှ သခင်ဖေငွေး

သခင်ဖေငွေး ထောင်မှလွတ်လာပြီးနောက်၊ ၁၉၄၇ ခုနှစ်တွင် အလံနီ၏ ရန်ကုန်ဗဟိုဌာနချုပ်၌ ယာယီတာဝန်ယူကာ ဆောင်ရွက်ရလေသည်။ ထိုအချိန်တွင် ရန်ကုန်မြို့ ရပ်ကွက်တိုင်း ညတရားပွဲများ ကျင်းပလျက်ရှိရာ သူသည် ရပ်ကွက် တရားပွဲများတွင် ပါဝင် ဟောပြောခဲ့လေသည်။

ရန်ကုန်တွင် ယာယီ တာဝန်ယူပြီးနောက် ညောင်တုန်းသို့ပြန်ကာ မအူပင်ခရိုင် စည်းရုံးရေးကို ဆက်လက် လုပ်ကိုင်ပြန်လေသည်။ ဗမာတစ်ပြည်လုံးဝယ် ပြည်သူလူထု တစ်ရပ်လုံးသည် လွတ်လပ်ရေးအတွက် ရန်းကန် လှုပ်ရှားလျက်ပင် ရှိနေသည်။ လူတန်းစား အသီးသီးတွင်လည်း လူတန်းစားတိုက်ပွဲတွေ ဆင်နွှဲလျက်ရှိလေသည်။

လယ်သမား လူတန်းစား၏ ဘဝအခြေအနေသည် အလွန်အမင်း ဆိုးဝါးလျက် ရှိနေသည်။ သို့ကြောင့် လယ်သမား လူထုသည် သူတို့ ရင်ဆိုင်ရသော ဘဝပြဿနာများအတွက် အဆက်မပြတ် ရုန်းကန်တိုက်ခိုက်နေပေ



သည်။ အထက်ဗမာပြည်တွင်ဆိုလျှင် မြေခွန်မပေးရေး တိုက်ပွဲများ၊ အမတော်ကြေးရယူရေး တိုက်ပွဲများ၊ လက်ငုတ်လက်ရင်း တည်မြဲရေးနှင့် အထွေထွေ ကြုံတွေ့နေရသော လယ်သမားတို့၏ အခက်အခဲ ဖြေရှင်းရေး၊ အောက်ဗမာပြည်တွင် သီးစားခ မပေးရေး၊ လက်ငုတ်လက်ရင်း တည်မြဲရေး၊ အမတော်ကြေး ရယူရေး စသော တိုက်ပွဲများ အဟုန်ပြင်းစွာ ဖြစ်ပေါ်လျက် ရှိလေသည်။

၁၉၄၇ ခုနှစ်ထဲမှာပင် မအူပင်ခရိုင် လယ်သမား တိုက်ပွဲများကို ခေါင်းဆောင်နေသော သခင်ဖေငွေးသည် အမတော်ကြေးနှင့် သီးထောက်ခ ကိစ္စအတွက် ဆန္ဒပြ ချီတက်လာသော လယ်သမားထုကြီးအား သူကိုယ်တိုင် ခေါင်းဆောင်ကာ ညောင်တုန်းမြို့အုပ်နှင့် နယ်ပိုင်ဝန်ထောက်ရုံးအား ဝိုင်းဝန်းဆန္ဒပြလေသည်။

ရုံးကို ဝိုင်းဆန္ဒပြသဖြင့် ရုံးတော်ကို စော်ကားသည်ဆိုကာ ရုံးတော် စော်ကားမှုဖြင့် သခင်ဖေငွေးနှင့်တကွ ပါတီဝင် လယ်သမား (၃၀) ကျော်တို့အား ဖမ်းဆီးပြန်လေသည်။ ညနေ ၃ နာရီတွင် သူတို့တစ်တွေအား ဖမ်းဆီးပြီးလျှင် ည ၉ နာရီတွင် ယူဘီ မော်တော်တစ်စင်းဖြင့် မအူပင်ထောင်သို့ ညတွင်းချင်း ပို့လိုက်လေတော့သည်။

ငြိမ်းချမ်းစွာ ဆန္ဒပြကြသော လယ်သမား ခေါင်းဆောင်တို့အား ဖမ်းဆီးခြင်းမှာ ဒီမိုကရေစီ အခွင့်အရေးကို ချိုးဖျက်၍ မတရားဖမ်းဆီးခြင်းသာ ဖြစ်သည့်အတွက်ဟု ဆိုကာ သခင်ဖေငွေးသည် အဖမ်းခံရသည့် အချိန်မှ စတင်ပြီးလျှင် အစာငတ်ခံရာတွင် သခင်ဖေငွေးသာမကဘဲ လယ်သမား ခေါင်းဆောင် ၃၀ ကျော်ပါ အားလုံး အစာငတ်ခံ ဆန္ဒပြကြလေသည်။

အစာငတ်ခံတိုက်ပွဲတွင် အတူတကွ အဖမ်းခံရသူများ အနက် လူ ၂ ယောက်မှလွဲ၍ ကျန်လူအားလုံးပင် ပါဝင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ကြိမ်တွင် အစာငတ်ခံရသော ရက်ပေါင်းမှာ ၂၄ ရက် ကြာခဲ့ပြီးလျှင် သခင်ဖေမြွေး၏ ကိုယ်အလေးချိန်မှာ ၇၅ ပေါင်မျှသာ ကျန်ရှိလေတော့သည်။ အရိုးပေါ် အရေတင်၍ ယှဲ့ယှဲ့မျှသာ ကျန်ရှိနေတော့သည့် သခင်ဖေမြွေးမှာ သွေးအားတွေ ဆုတ်လျော့ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေသို့ ရောက်ရှိလာတော့သည်။ ထိုအခါ ဆိုင်ရာဆရာဝန် က သခင်ဖေမြွေး အသက်ရှင်ရေးအတွက် တာဝန်မယူနိုင် ဟူ၍ မှတ်ချက်ရေးသည့်အထိ ဖြစ်လာသောကြောင့် မအူပင်ထောင်မှ လွှတ်လိုက်ရပြန်သည်။

သို့ဖြင့် သခင်ဖေမြွေးအား လူနာတင် ထမ်းစင်ဖြင့် ထမ်းကာ ထောင်ထဲမှ ထုတ်ယူပြီးလျှင် မအူပင် ဆေးရုံသို့ တင်ပို့လိုက်ရလေသည်။ ထောင်မှ လွှတ်လိုက်ပြီ ဖြစ်သောကြောင့် မအူပင် ဆေးရုံပေါ်သို့ ရောက်သောအခါ၌ အစာပြန်၍ စားလေသည်။ ရက်ပေါင်းများစွာ အစာငတ်ခံသော လူတစ်ယောက်အဖို့ရာ အစာပြန်စားသည် ဆိုသည့်တိုင် စားချင်ရာ အစာကို ရုတ်တရက် ချက်ချင်း ပြန်လည်စားသောက်၍ မဖြစ်နိုင်ချေ။

အူနုနေပြီးလျှင် အစားကို ချေဖျက်နိုင်သော ဓာတ်အားပါ ဆုတ်ယုတ် ပျက်ပြားနေသောကြောင့် အစ ပထမတွင် ဂလူးကို့(စ်) အရည်လောက်သာ သောက်ရပြီး၊ ဂလူးကို့(စ်) ဘီတာမင် ဘီ စသော အားဆေးများ ထိုးရသည်။ ထို့နောက် ဂလူးကို့(စ်) နှင့် လိမ္မော်ရည် (သို့မဟုတ်) သံပရာရည် စသည်တို့ကိုသာလျှင် ပထမ တစ်ရက် နှစ်ရက်တွင် သောက်သုံးရပါသည်။ ထို့နောက် သုံးရက်ခန့် ကြာသောအခါတွင်မှ နွားနို့ကို သောက်ရသော်လည်း အဖတ်ကို မစားနိုင်သေးပါ။ ထို့နောက်မှ တစ်စတစ်စဖြင့် ဆန်ပြုတ်၊ ကြက်ဥ စသည်တို့ကို စားနိုင်ပြီးလျှင် တစ်ပတ်လောက်တွင်မှ ထမင်းစားခွင့် ပြုလိုက်လေသည်။

ဤသို့ စနစ်တကျ ကုသခြင်း မရှိဘဲ အစာငတ်ခံပြီးနေ အစာ စားလိုသော ဆောကြီးကာ အစာကို မဆင်ခြင်ဘဲ စားမည်ဆိုပါလျှင် ဘေးဥပါဒ် ဖြစ်နိုင်ပါသည်။ အစာငတ်ခံပြီးနောက် အစာကို စနစ်တကျ ပြန်စားရမည် ဖြစ်သော်လည်း အစားအသောက်ကို ဆင်ခြင်စားသုံးခြင်း မပြုကြသော်ကြောင့် ရောဂါဝေဒနာကို ဆိုးရွားစွာ ခံစားကြရသူများလည်း ရှိပါသည်။ တိုက်ကြီးမှ ကိုတင်မောင်ရှိန် စသော ရဲဘော်တစ်ယောက်မှာမူ အစာငတ်ခံ တိုက်ပွဲဖြင့် ထောင်မှ လွတ်မြောက်လာပြီးနောက် အပြင်ရောက်သောအခါ၌ အစားများပြီးလျှင် သေဆုံးသွားရှာပါသည်။

**(သခင်မြသန်းရေး–နှစ်ကျွန်းပြန် သံမဏိ စာအုပ်မှ)**



မှတ်ချက်။ ။ တိုက်ကြီးမှ ကိုတင်မောင်ရှိန် ကိစ္စမှာ ကျွန်တော့်အမြင်မှာတော့ သခင်မြသန်း တင်ပြသလို အစားအသောက် မှားချင်လည်း မှားလိမ့်မည်။ သို့ရာတွင် အတွင်းဝန်ရုံး ပိုင်းစဉ်က စစ်ပုလိပ်များ၏ အရိုက်အနှက် ခံလိုက်ရသည့် ဒဏ်ရာ၊ ဒဏ်ချက်များကလည်း မရှုမလှအောင် ခံထားရမှု အစာငတ်ခံ တိုက်ပွဲကိုလည်း သေလုမျောပါး တိုက်ပြီးမှ လွတ်မြောက်လာခဲ့ရသော အချိန်တွင် ကုသမရနိုင်လောက်အောင် အခြေအနေဆိုးလွန်းနေပြီဖြစ်၍ အသက်ငွေ့ငွေ့ကလေးသာ ထောင်ထဲမှ ပါလာခြင်းကြောင့် အပြင်ကို ရောက်ပြီးသော်လည်း ကုသ၍ မရနိုင်ဘဲ သေဆုံးရခြင်း ဖြစ်ပါသည်။

ထိုအချိန်က သခင်ဖေမြွေးနှင့်အတူ အစာငတ်ခံခဲ့သော လယ်သမား ခေါင်းဆောင်များပါ ထောင်မှ လွတ်မြောက်လာကြပြီးလျှင် ၎င်းတို့အနက်မှ အခြေအနေ အဆိုးဆုံးသူအချို့မှာ သူနှင့်အတူပင် မအူပင်ဆေးရုံတွင် တက်ရောက်ကုသရပါသည်။ ဤသို့သော အခြေအနေကြောင့် သခင်ဖေမြွေးသည် ညောင်တုန်းသို့ မပြန်နိုင်သေးဘဲ မအူပင် ဆေးရုံမှာပင် တက်ရောက်ကုသနေဆဲ ရှိပါသည်။

ထိုအတောအတွင်းဝယ် အလံနီပါတီအား ဒုတိယအကြိမ် မတရားသင်း ကြေညာလိုက်လေသည်။ ဆန်ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



သောက်နိုင်သည့် အခြေအနေသို့ပင် မရောက်ရှိသေးဘဲ နွားနို့ကိုသာ သောက်နေရသေးသော သခင်ဖေမြွေးအား (ထောင်မှ လွှတ်လိုက်ပြီး) လေးငါးရက် အကြာမှပင် ထပ်မံ ဖမ်းဆီးပြန်လေသည်။ လွှတ်ပြီးမှ အဘယ်ကြောင့် ပြန်၍ အဖမ်းခံရသနည်း ဟူ၍ မေးစရာရှိပါသည်။ အကယ်၍ သေဆုံးသွားခဲ့သော် အစိုးရတာဝန် ဖြစ်မည် စိုးသော ကြောင့်သာလျှင် အခြေအနေ ဆိုးရွားလာချိန်တွင် အခိုက် အတန့်အားဖြင့် လွှတ်ပေးလိုက်ခြင်းသာ ဖြစ်ကြောင်း လက်တွေ့ အားဖြင့် ထင်ရှားနေသည် ဟူ၍ ဖြေဆိုရပေမည်။

ဂလူးကို့(စ်)နှင့် နွားနို့ သောက်ပြီး၍ သေဘေးနှင့် အတော်ကလေး ဝေးကွာလာသော အခြေအနေသို့ ရောက် သည်နှင့် တစ်ပြိုင်နက် ထမင်း ဟူ၍ တစ်နပ်တလေမျှ မစား ရသေးသော သခင်ဖေမြွေးအား ပြန်လည် ဖမ်းဆီးပြန်ပါ သည်။ သူ၏အဖြစ်ကား ထမင်းဆို၍လည်း တစ်လုတ် တစ်ဆုတ်မျှ မစားရသေး၊ အိမ်သို့လည်း ပြန်မရောက် သေးမီမှာပင် ပြန်လည်ကာ အဖမ်းခံရသည့် အဖြစ်ဆိုးပင် တည်း။

သူ၏ ခရီးစဉ်မှာ မအူပင် ထောင်မှ မအူပင် ဆေးရုံ၊ ထိုမှတစ်ဖန် မအူပင်ထောင်သို့ ပြန်ခဲ့ရခြင်းသာ ဖြစ်ပါ သည်။

မအူပင် ထောင်ကြီးသို့ ပြန်လည် ရောက်ရှိသည်နှင့် တစ်ပြိုင်နက် သူသည် အစာငတ်ခံ တိုက်ပွဲကို ပြန်လည် ဆင်နွှဲလေတော့သည်။ အစိုးရ ဘက်က ဖမ်းသည်။ သေခါ နီးတွင် လွှတ်သည်။ လွှတ်ပြီး ပြန်ဖမ်းသည်။ သူ့ဘက်က အစာငတ်ခံသည်။ လွှတ်လာသည်။ အာဟာရ ဆို၍ အရည် ကလေးမျှ လွေးနေရသေးသည်။ နောက်ပြီး တစ်ဖန် အစာ ငတ်ခံလေသည်။ ဖမ်းသူကပဲ ဖမ်းနိုင်လေမလား၊ အစာငတ် ခံသူကပဲ ခံနိုင်လေမလား။ ဤတိုက်ပွဲအား စောင့်စား ကြည့်ရှု ကြပါစို့ ...။



“အစာငတ်ခံတိုက်ပွဲ ဆင်နွှဲရခြင်းမှာ လူကောင်းပကတိ မှ အလွန်တရာ စိုးရိမ်ဖွယ်ရာ ကောင်းလှသော လူမမာဘဝ သို့ ကူးပြောင်းသွားရခြင်းသာ ဖြစ်ပါသည်။ ၂၄ ရက်ကြာမျှ အစာငတ်ခံပြီးစဖြစ်၍ သူသည် လူမမာဘဝမှာပင် ရှိနေပါ သေးသည်။ ယခုတစ်ဖန် လူမမာ ဘဝမှာပင် ဆက်လက်၍ အစာငတ်ခံရပြန်လေသည်။ ဤသို့လျှင် အစာငတ်ခံ ဆန္ဒ ပြရသော အကြောင်းရင်းမှာကား သေလုမျောပါး ဖြစ်နေ သော အခြေအနေအတွင်းမှ လွှတ်လာခဲ့ရပြီးလျှင် အရည် ကလေး အနည်းငယ်ဝင်ကာ ရှိသေးလျက် လူမမာ ဘဝ မှာပင် ရှိနေဆဲ လူတစ်ယောက်အား မညှာမတာ ပြန်လည် ဖမ်းဆီးခြင်းအား ကန့်ကွက်သည့်အနေဖြင့် အစာငတ်ခံရ ခြင်းသာ ဖြစ်ပါသည်။

သခင်ဖေမြွေး၏ တောင်းဆိုချက်မှာ “ဆေးဝါးကုသ ခွင့် ရရှိရေးအတွက် အရေးပိုင်နှင့် တွေ့ခွင့်ရရှိရေး” ပင် ဖြစ်လေသည်။ နဂိုကပင် အားအင်ပြည့်ဖြိုးခြင်း မရှိသေး သော သခင်ဖေမြွေးမှာ ပြန်လည် အစာငတ်ခံ၍ သုံးရက်မျှ ကြာသောအခါ အခြေအနေ ဆိုးဝါးလာပြန်လေတော့သည်။ သို့ဖြင့် လူမမာ ဖြစ်နေသည့် သခင်ဖေမြွေးအား တွေ့ဆုံရန် အတွက် မအူပင် အရေးပိုင် မစ္စတာ ဒီလုံးသည် ထောင် တွင်းသို့ ဝင်လာရလေသည်။ ထိုအခြင်းအရာမှာ အာဏာပိုင် တစ်ယောက်သည် သူ့ဘာသာ တင်းမာစွာ မနေသာတော့ သဖြင့် သေရဲသူတစ်ဦး၏ ရှေ့မှောက်သို့ အလျှော့ပေးကာ လာရောက်တွေ့ဆုံရခြင်းသာလျှင် ဖြစ်ပါသည်။

ဤသို့လျှင် သခင်ဖေမြွေး၏ တောင်းဆိုချက်အရ ထောင်တွင်းသို့ လာ၍ သူ့အား တွေ့ဆုံရသော အရေးပိုင် မစ္စတာဒီလုံးသည် သခင်ဖေမြွေးအား ပုလိပ် အစောင့် အရှောက်ဖြင့် တစ်လကြာမျှ ဆေးကုခွင့် ပေးပါမည် ဟူ သော ကတိပေးသွားရပါသည်။ အပြင်ဆေးရုံသို့ထွက်၍ ပုလိပ်အစောင့်အရှောက်ဖြင့် ဆေးကုခွင့်ရရှိပြီးလျှင် ခွင့်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားသော ရက်လည်း စေ့မြောက်၍ အားလည်း ပြည့်ဖြိုး လာသောအခါ၊ ဒုတိယအရေးပိုင် ဦးစိန်၏ရုံးတွင် အမှုတင်ကာ စစ်ဆေးစီရင်ရန် ပြင်ဆင်လေတော့သည်။

ထောင်ဆီသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သော သခင်ဖေမြွှေးသည် အမှုစစ်ဆေးရန်အတွက် ရုံးသို့ထုတ်ရန် လာရောက် ခေါ်ယူသောအခါတွင် အစစ်မခံလို ဟူ၍ ငြင်းဆန်ကာ ရုံးမထွက်ဘဲ နေလေသည်။ သို့ဖြင့် နယ်ချဲ့တရားရုံးကို အသိအမှတ်မပြုဟုဆိုကာ အစစ်အဆေးမခံဘဲ ငြင်းဆန်နေသော သခင်ဖေမြွှေးအား တစ်ဖက်သတ် စစ်ဆေး၍ စီရင်ချက် ချမှတ်ကာ အပြစ်ပေးလိုက်လေသည်။

"မတရားသင်း ဥပဒေ ပုဒ်မ (၁၇) အရ ထောင်ဒဏ် တစ်နှစ်"

တစ်နှစ်မျှသော ထောင်ဒဏ် အပြစ်ကို ကျခံရမည်ဖြစ်သော သခင်ဖေမြွှေးအား မအူပင် ထောင်တွင် မထားတော့ဘဲ မြောင်းမြထောင်သို့ ရွှေ့ပြောင်းလိုက်သည်။

**(သခင်မြသန်းရေး—နှစ်တစ်ချွန်းဖြန့် သံဓာတ်နှစ်ဦး တအုပ်မှ)**

## လယ်ကူလီကလေးတစ်ဦး ရှုံးသွားခြင်း

အသက် ၁၆ နှစ်ခန့်သာ ရှိသေးသော၊ သံကြိုးရွာဘက်မှ လယ်ကူလီလေး တစ်ဦးမှာကား ကျွန်တော်တို့နှင့်အတူ ရုံးဝိုင်း ဂါတ်ဝိုင်းပွဲတွင် ဖမ်းမိလာပြီး မအူပင်ထောင်ကြီး၌ အစာငတ်ခံ တိုက်ရာတွင် ကျွန်တော်တို့အရင် တစ်ရက် နှစ်ရက် စောပြီး လွတ်သွားပါသည်။ အင်အား မရှိသေး၍ အိမ်မပြန်နိုင်သေးသဖြင့် မအူပင်ဆေးရုံ တင်ထားရသူများအနက် အသက်လည်း အငယ်ဆုံးဖြစ်ပြီး၊ ငှက်ဖျားရောဂါ အခံကလည်း ရှိနေပြန်သဖြင့် မူလ ငှက်ဖျားရောဂါ အခံမှာ ပြန်ပေါ်လာ၍ သတိလစ်ပြီး ရှုံးသွားပါသည်။

ယခု ကျွန်တော်တို့ကို မအူပင် ဆေးရုံကြီးပေါ်မှ ဆွဲချ ပြန်ဖမ်းလာသည့်အခါတွင် ထိုသူငယ်ကလေးပါ ပြန်ပါလာပါသည်။

ထို့ပြင် လယ်ကူလီကလေးနှင့် တစ်ရွာထဲမှ မောင်စိန်ကြီးဆိုသူ လူလတ်ပိုင်းတစ်ဦးမှာ အနာကြီးရောဂါသည်တစ်ဦး ဖြစ်နေပါသည်။ ၎င်း



တို့နှစ်ဦးအား တစ်ယောက်မှာ စိတ်နောက်သွားခဲ့ရကြောင်း၊ တစ်ယောက်မှာလည်း ကိုယ်ရေပြား ရောဂါသည် ဖြစ်နေကြောင်း၊ ၎င်းတို့ နှစ်ဦးစလုံးမှာ တာဝန်အငယ်ဆုံး လယ်ကူလီကလေးများသာ ဖြစ်ခြင်းတို့ကြောင့် အရေးကြီးသူများလည်း မဟုတ်ပါသဖြင့် ဤဝေဒနာများတို့ကြောင့် ဆက်လက် ချုပ်နှောင်ခြင်းမပြုဘဲ လုံးဝလွှတ်ပေးပါရန် အရေးပိုင် မစ္စတာဒီလုံးအား ထောင်တွင်းသို့ ကျွန်တော့်အား လာရောက် တွေ့ဆုံခဲ့ရစဉ်က ရေရေလည်လည် ပြောပြပြီး အရေးဆိုခဲ့ပါသည်။ ပုလိပ်အရာရှိကြီး ရာဇဝတ်ဝန် (ခရိုင်) နှင့် ဆွေးနွေးပြီး၊ ၎င်းတို့နှစ်ယောက်မှာ ရုံးဝိုင်း၊ ဂါတ်ဝိုင်းကိစ္စမှ လွဲပြီး အခြားပြစ်မှုများ မရှိပါက လွှတ်ပေးနိုင်ပါလိမ့်မည်ဟု ပြောသွားခဲ့ဖူးပါသည်။ သို့ဖြင့် တိုက်ပိုင်အရာရှိနှင့် ရာဇဝတ်ဝန်ကြီး ကိုယ်တိုင် စိတ်နောက်နေသူ လယ်ကူလီလေးနှင့် ကိုယ်မကောင်း ရောဂါသည် လယ်သမားကြီးကို လာရောက် ကြည့်ရှုကြပြီး နောက်တစ်နေ့မှာ ညောင်တုန်းဂါတ်ဌာနသို့ ပြန်ပို့လိုက်ပြီး ညောင်တုန်းကမှ ကျေးရွာလူကြီး နှစ်ယောက်သုံးယောက်နှင့် အာမခံ လုပ်ပြီးလျှင် ၎င်းနှစ်ဦးအား လွှတ်လိုက်ပြီး ဖြစ်ကြောင်း ကျွန်တော်တို့တစ်တွေ ကြားသိရပါသည်။

ကျွန်တော်နှင့်အတူ ဆေးရုံမှ ဖမ်းမိသူများနှင့် ညောင်တုန်းမှာ အစာငတ်ခံ လွတ်မြောက်၍ မိမိတို့အိမ်မှာ အေးအေးဆေးဆေး အားမွေးအနားယူနေကြသူများတို့ကိုပါ ပြန်လည်ဖမ်းဆီးလာကြပြီး မအူပင်ထောင်တွင်း၌ ကျွန်တော်နှင့်အတူ ရောနှောပြီး အခန်းကျယ်ကြီး တစ်ခုထဲတွင် ထားကြပါသည်။ ရုံးတင် စစ်ဆေးမည် ဖြစ်သော်လည်း တစ်ဖက်သတ် အမှုစစ်ဆေးခြင်းကို မခံလို၍ ကျွန်တော်နှင့် ကျန်ရဲရဲနီများသည် ရုံးမထွက်ဘဲ ဆန္ဒပြနေကြပါသည်။

ကျွန်တော်တို့သည် ရုံးထွက် အစစ်မခံကြသော်လည်း မအူပင် ဒုတိယအရေးပိုင် ဦးစိန်၏ ရုံးမှ ကျွန်တော်တို့အား တစ်ဖက်သတ် ထောင်ချလိုက်ပါသည်။ သခင်သာဟန်နှင့် ကျွန်တော့်အား (ဘီ) အတန်းနှင့် ထောင်တစ်နှစ် ချမှတ်လိုက်ပြီး ကျန်ရဲနီများကိုတော့ (စီ) အတန်းနှင့် ထောင်ခြောက်လစီနှင့် လူပေါင်း ၁၁ ယောက်ကို မတရားသင်း ပုဒ်မ (၁၇) နှင့် ထောင်ချလိုက်ပြီး မြောင်းမြထောင်သို့ပို့ရန် ဝရမ်းမှာ မှတ်ချက်ရေးပေးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မျက်ကွယ်ရာတွင် စစ်ချင်သလိုစစ်ပြီး ထောင်ချ အမိန့်ထုတ်သောနေ့ကျမှ ဒုအရေးပိုင် ဦးစိန်နှင့် ရဲအရာရှိကြီးများ၊ ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးများပါ အုပ်လိုက်ကြီး ကျွန်တော်တို့တစ်တွေ အိပ်နေကြသော အခန်းတွင်းသို့ လျှောက်ဝင်လာကြပြီးနောက် ၎င်းတို့တွင် လက်ပါလာသော အမိန့်စာ (တရားသူကြီး စီရင်ချက်) ကို ဖတ်ပြကြပါသည်။ ကျွန်တော်သည် ဟက်ဟက်ပက်ပက် သရော်ရယ် ရယ်လိုက်ပြီး၊ မကြားချင်ယောင် ပြုနေလိုက်ပါသည်။

"ထောင်ချသူကပဲ ခွဲကောင်းမလား ... အစာငတ်ခံသူကပဲ ခံနိုင်ရည် ရှိလေမလား၊ ချသူနှင့် ခံသူတို့၏ ခွဲပြိုင်ပွဲတွင် ဘယ်သူက အနိုင်ကြဲမည် ဆိုသည်ကို ကြည့်ကြပါဦးစို့ ..."

"ထောင်ဒဏ် တစ်နှစ်" ဆိုကာ စီရင်ချက် ချလိုက်သည့် အချိန်မှ စတင်၍ "အစာငတ်ခံပြီ" ဆိုသည့် သူ၏ ဆုံးဖြတ်ချက်ကို ဖော်ထုတ် ကြေညာပြီးလျှင် အစာငတ်ခံတိုက်ပွဲကို ပြန်လည် ဆင်နွှဲလေတော့၏။

မြောင်းမြ ဗဟိုထောင်ကြီး အတွင်းဝယ် အစာငတ်ခံနေသော သခင်ဖေမွေးသည် တစ်နေ့တခြား အင်အားဆုတ်ယုတ်လာလေသည်။ အစာငတ်ခံရသည် ဆိုခြင်း၏ ဒုက္ခကြား သေးငယ်သောဒုက္ခ မဟုတ်ချေ။ ဝမ်းမီး၏ ပူလောင်မှုဒဏ်ကို အလူးအလဲ ခံစားရသည်၊ အာသာဆန္ဒကို ဖြတ်တောက်ရသည်။ အားအင်ဆုတ်ယုတ်မှုကို ခံစားရသည်။ နွမ်းနယ်မောဟိုက်လာသည်။ မူးဝေနောက်ကျိလာသည်။ အစာမရှိဘဲ အင်အားဆုတ်ယုတ်လာသော အချိန်တွင် အိပ်၍လည်း မပျော်တော့ချေ။ ပြင်းပြသော ဆာလောင်မှုကို အတင်းအကျပ် ဖိနှိပ်ထားရသဖြင့် မှေးခနဲ အိပ်ပျော်သည်နှင့် တစ်ပြိုင်နက် စားကောင်းသောက်ဖွယ် တွေကိုပင် အိပ်မက် မက်နေတတ်ပေသည်။ ထောင်အာဏာပိုင်တို့ကလည်း နေ့စဉ်နေ့တိုင်း စားချိန်သောက်ချိန်ဝယ် ထမင်းပွဲကို လာချ၍ ပေးသွားတတ်သည်။ ပြင်းပြစွာ



ဆာလောင်နေသူ တစ်ယောက်၏ အနီးတွင် ထမင်း ဟင်းလျာ စားဖွယ်သောက်ဖွယ်ရာများကို လာ၍ချထားသဖြင့် အငွေ့တသင်းသင်း ရှိနေသော ထမင်းဟင်းနံ့တွေက နှာဝသို့ လာ၍ဟပ်ကာ မြူဆွယ်သလို လုပ်နေတတ်ပေသည်။ သည်အခြေအနေထဲဝယ် အာသာဆန္ဒကို ချုပ်တည်းရသည့်ဒုက္ခမှာ သေးငယ်သည့်ဒုက္ခ မဟုတ်ချေ။

အစာငတ်ခံရသည် ဆိုသောခွဲမျိုးသည် ဘယ်လိုခွဲမျိုးနှင့်မျှ မတူချေ။ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်းတွင် ခံစားနေရသော သဘောရှိသဖြင့် တော်ရုံတန်ရုံကာ ခွဲများဖြင့်သာဆိုလျှင် ခံနိုင်ရည်ရှိမည် မဟုတ်ချေ။ သတ္တိကောင်းသော လူတစ်ယောက်သည် သူသေသေ ကိုယ်သေသေ သဘောထားကာ ရန်သူအား ရင်ဆိုင်ကာ ရဲရဲဝံ့ဝံ့စွာ တိုက်နိုက်ဝံ့မည် ဖြစ်သော်လည်း အချိန်ကြာမြင့်စွာ အစာငတ်ခံရသည့်ခွဲမျိုး ရှိဖို့ရာမှုကား အလွန်တရာမှ ခက်ခဲပေလိမ့်မည်။

ထမင်း တစ်နပ် နှစ်နပ်၊ ထိုမှ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်။

ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်မြောက်သော နေ့များတွင် အဆိုးဆုံးနှင့် အလူးအလိမ့် ခံစားလာရသည်။ အချို့အချို့သောသူတွေ အစာငတ်ခံ တိုက်ပွဲတွင် တပ်လန်သွားရသည်မှာ ထိုရက်ပိုင်းသို့ ရောက်သောအခါ၌ ပြင်းပြစွာ ခံစားရသော ဝေဒနာတစ်မျိုးကို မခံမရပ်နိုင်သောကြောင့်ပင် ဖြစ်လေသည်။

အစာငတ်ခံမည်ဆိုလျှင် ကျဉ်းမြောင်းသော တိုက်ခန်းကလေးထဲ သွင်းကာ သံတံခါးကြီးကို တစ်နေကုန် ပိတ်ထားလိုက်သေးသည်။ ဆာလည်း ဆာသည်။ ပျင်းစရာလည်း ကောင်းသည်။ အနီးအနားတွင် စကားပြောစရာဆို၍ တစ်ယောက်တလေမျှ မရှိချေ။ ဝေဒနာအား တစ်ကိုယ်တည်း ကျိတ်ခါ ခံစားနေရခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်၊ ဆယ့်ငါးရက်က ကျော်လွန်လာခဲ့သော အခါတွင် တရွေ့ရွေ့ဖြင့် မထူနိုင်၊ မထနိုင်သော အခြေအနေဘက်သို့ပင် ယိုယွင်း ကျရောက်လာသေည်။ ထိုရက်တွေမှ ကျော်လွန်သောအခါတွင် ခုတင်ပေါ်၌ ယှဲယှဲသာ ကျန်ရှိသော ဘဝသို့ ရောက်ရှိသွားလေသည်။ နေ့ရက်တွေ ကုန်လွန်သည်နှင့်အမျှ သူ၏ အသားအရေတွေလည်း ဆုတ်ယုတ်လာလေသည်။ ကိုယ်အလေးချိန်သည်လည်း ကျဆင်းသည်ထက် ကျဆင်းလာလေသည်။

အကြိမ်ကြိမ်အခါခါ အစာငတ်ခံခဲ့သော ဤဒုက္ခိတလူသားတစ်ယောက်၏ ရွဲအား အာဏာပိုင်တွေ ကိုယ်တိုင် မျက်လုံးမျက်ဆန်ပြူးကာ တအံ့တသြနှင့်ပင် အကဲခတ်နေကြလေသည်။

တစ်လကျော်ခဲ့ပါပြီ။ ခုတင်ပေါ်ဝယ် ယှဲယှဲသာ ရှိနေသော အစာငတ်ခံတိုက်ပွဲ အာဇာနည်ကြီး၏ အခြေအနေ ဆိုးရွားနေလေပြီ။ သွေးအားတွေ ဆုတ်ယုတ်လာသည်။ မူးဝေနောက်ကျိရုံသာမက မောပန်းလှိုက်ဖိုနေပြီ ဖြစ်သည်။

ထောင်အာဏာပိုင်တို့သည် လက်မြှောက်ပါပြီ ... အစာ ပြန်စားပါတော့မယ် ဆိုသောအဖြေကို တစ်နေ့တွင် သခင်ဖေမြွေးထံမှ ရနိုး ရနိုးနှင့် စောင့်စား မျှော်လင့်တုန်းပင် ရှိသေးသည်။ သည့်လောက်ကြာလာခါမှ သည်းခံနိုင်ပါဦးမလား ဟူသောအထင်ဖြင့် စောင့်စားလျက်ပင် ရှိနေပါသည်။

သခင်ဖေမြွေး၏ ကိုယ်အလေးချိန်သည် ၇၅ ပေါင် အောက်ပင် ကျဆင်းနေလေပြီ။ အဆီနှင့် အသား ဟူ၍ သူ့ကိုယ်ခန္ဓာတွင် လုံးဝ မကျန်တော့သည့် အဖြစ်ဆိုးသို့ ရောက်ရှိနေရုံသာမကဘဲ သူ၏ သွေးအားမှာလည်း အသက်စီဝိန်ကို ကြာရှည်ထိန်းသိမ်းထားနိုင်မည့် အတိုင်းအတာ ကုန်ဆုံးတော့မည် ဖြစ်ပါသည်။

သူ့ကိုယ်ခန္ဓာသည် ယိုယွင်းပြိုလဲလျက် ရှိလေပြီ။



သို့သော် သံမဏိလို မာသော သူ၏စိတ်ဓာတ်သည်ကား အနည်းငယ်မျှ ယိုင်နဲ့ခြင်းမရှိချေ။ သေမင်း၏ တမန်တော်များသည် သူ့အား လက်ယပ်၍ ခေါ်နေကြပေပြီ။ တိုက်ပွဲကို အလျှော့ပေးခြင်းထက် သေမင်း၏ တမန်တော်များနောက်သို့ အသာတကြည် လိုက်ပါသွားခြင်းက မြတ်သေးသည် ဟူ၍ တွက်ထားသော သခင်ဖေမြွေးသည် သေရန်အသင့် ဟူ၍ပင် ပိုင်းဖြတ်ထားပြီး ဖြစ်လေသည်။

လာလေသမျှ နေ့ရက်တို့အား အနိုင်မခံ အရှုံးမပေးဘဲ ကျော်လွှားလာလေသည်။ အခြေအနေ ဆိုးသည်ထက်သာ ဆိုး၍လာသည်။ သေမင်းနိုင်ငံ တံခါးမှူးကြီးသည် သခင်ဖေမြွေး ဆိုသော လူသတ္တဝါတစ်ယောက် ဝင်ရောက်လာဖို့အတွက် သူ၏တံခါးကိုပင်ဖွင့်ကာ စောင့်ဆိုင်းနေပြီဖြစ်ပေသည်။

မလျှော့သေးဘူးလား ...၊ သည်လောက်ထိ အခြေအနေ ဆိုးရွားသည့်အဆင့်တွင် အသေမခံလျှင် လက်မြှောက်ခါ အလျှော့ပေးရမည်သာ မဟုတ်ပါလော ...။ အာဏာပိုင်တွေကတော့ ခုထိအောင် မျှော်လင့်တုန်းပင် ရှိလေသည်။

ရက်ပေါင်း လေးဆယ် (၄၀) ကျော်ခဲ့ပြီ၊ သေလုမျောပါး ရှိသော်လည်း သူ၏ရွဲကား ပျော့၍မသွား။

သူ့အား စောင့်စားကြည့်ရှုနေကြသော ထောင်အာဏာပိုင်တွေ၏ မျက်လုံးတို့သည် ဝိုင်းစက်နေရုံသာမကဘဲ ပို၍ပို၍ ပြူးကျယ်လာလေသည်။

ရက်ပေါင်း လေးဆယ် (၄၀) ၏ ဟိုဘက်သို့ပင် ဆက်လက် ချဉ်းနင်းလာပြန်သည်။

လေးဆယ့်ငါးရက် (၄၅) ဆိုသော ကာလ အပိုင်းအခြားသို့တိုင်အောင် ဆိုက်ရောက်လာပြီ ဖြစ်ပါသည်။

သွေးအားနည်းပါးသည်ထက် နည်းပါးဆုတ်ယုတ်နေပြီးလျှင် အသက်ကို အန္တရာယ်ပြုတော့မည် ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ အပိုင်းအခြားမှာ နီးကပ်သည်ထက် နီးကပ်လာနေပြီ ဆိုသော အမှတ်အသားသည် ဆရာဝန်၏ မှတ်တမ်းနှင့် ဉာဏ်တွင်းဝယ် ဖော်ပြနေပြီ ဖြစ်ပေသည်။

ဆရာဝန်နှင့်တကွ မြောင်းမြ ထောင်အာဏာပိုင်တို့ထံမှ ရိုက်ကြား ပေးပို့လိုက်သော နောက်ဆုံး ကြေးနန်းတစ်စောင်သည် ရန်ကုန်မြို့ရှိ တရားရုံးဌာန ဝန်ကြီးထံသို့ ရောက်ရှိသွားလေပြီ။ ကြေးနန်းစာတွင် ဖော်ပြထားသည့် အဓိပ္ပာယ်မှာ "သွေးအား အလွန်နည်းနေသည် ဖြစ်သောကြောင့် အကယ်၍ အစာ မဝင်ခဲ့သော် များမကြာမီ အချိန်ပိုင်းမှာပင် သေဆုံးဖွယ်ရာရှိသည်" ဟူ၍ ဖြစ်ပါသည်။

သခင်ဖေမြေးကမူ ဘယ်နည်းနှင့်မျှ အလျှော့ပေးတော့မည် မဟုတ်ကြောင်း ထင်ရှားနေပေပြီ။

"ဖမ်းသူ" နှင့် "ခံသူ" တို့၏ အရှုံးအနိုင် ဖွဲပြိုင်ပွဲကြီးသည်ကား မုချ အဆုံးသတ်ရတော့မည် ဖြစ်ပေသည်။ အဆုံးသတ်ပုံ သတ်နည်းမှာ အခြားနည်း မဟုတ်ပါဘဲ လျှက် အာဏာပိုင်တို့ဘက်ကပင်လျှင် အလျှော့ပေးလိုက်ရသော အဆုံးသတ်နည်း ဖြစ်ပေသတည်း။

**(သခင်မြသန်းရေး-နှစ်တစ်ချွန်းပြန် သံမဏိနှစ်ဦး စာအုပ်မှ)**

ကျွန်တော်နှင့်အတူ ဖွဲကြီးကြီးဖြင့် ရက်ပေါင်းသုံးဆယ်တိတိ ပြတ်ပြတ်သားသား အစာငတ်ခံ တိုက်ပွဲဝင်လာခဲ့သူ သခင်သာဟန် (ယခုညောင်တုန်းတွင် သေဆုံးသွားရှာခဲ့သူ) သည် ၎င်း၏ဖွဲကို ရက်ပိုင်း လပိုင်းဖြင့်သာ ပိုင်းခြားထားဟန် ရှိလေသည်။ သို့ကြောင့်သာ ရက်ပေါင်း (၃၀) ပြည့်အောင် သူသည် ဖွဲရှိရှိ လိုက်လာနိုင်ပြီး ရက်ပေါင်း (၃၀) ကျော်မြောက်သော နောက်တစ်နေ့တွင် ဆက်လက် ဖွဲမတင်းနိုင်တော့ဘဲ မလွတ်မြောက်ရင်လည်း နေပါစေ ... ထောင်ကျပဲ ခံတော့မည်ဟု စိတ်ဓာတ်ကို လျှော့လိုက်ပြီး အစာငတ်ခံ တိုက်ပွဲကို အရှုံးနှင့် အဆုံးသတ်လိုက်ရဟန် တူပါသည်။ သခင်ညာဟန်အပြင် အခြား ရဲနီများမှာ အချို့ (၇) ရက်၊ အချို့



(၁၀) ရက် အထိသာ အစာငတ်ခံ လိုက်ပါလာသော်လည်း ရေရှည်မခံနိုင်သဖြင့် ပြန်စားကြပြီး ထောင်ကျခံလိုက်ကြရသည်။

ကျွန်တော့်မှာကား အခြား အစာပြန်စားသော ရဲနီများနှင့်မတူသော ဆုံးဖြတ်ချက်တစ်ခု ရှိပါသည်။ ဤဆုံးဖြတ်ချက်မှာကား အစာငတ် မခံမီကာလပိုင်း၏ နိုင်ငံရေး လှုပ်ရှား ဖြစ်ပေါ်နေမှု အခြေအနေစုံတို့ကို အပြန်ပြန်အလှန်လှန် စဉ်းစားဆင်ခြင် တိုင်းထွာခြင်း၊ "ငါလို ပုဂ္ဂိုလ်တစ်ယောက်အပေါ် သတ်ရဲ၊ မသတ်ရဲ၊ အကယ်၍ သူတို့က သတ်ရဲလို့ သေသည်အထိ ပစ်ထားလျှင်ကော၊ ငါသည် ဘဝကိုစွန့်လွှတ်ပြီး အသေခံနိုင်ပြီလား .." ဆိုသည့် မေးခွန်းများကို အပြန်ပြန် အလှန်လှန် ကိုယ့်ကိုယ်ကိုယ် မေးမြန်းဆန်းစစ်ပြီးမှ လည်းကောင်း၊ လက်ရှိ ရောက်ရှိနေသော တိုင်းပြည်၏ နိုင်ငံရေး အခြေအနေ၊ လှုပ်ရှားမှု အခြေအနေ အရပ်ရပ်တို့ပေါ်မှ ထောက်ချောင် ဆင်ခြင်သုံးသပ်ပြီးကာမှ၊ ပိုင်လောက်ပြီဆိုမှ အသက်နှင့်လဲပြီး လုပ်လိုက်သည့် အစာငတ်ခံခြင်းမျိုး ဖြစ်ပါသည်။

ရဲနီစိုးလှ၊ ရဲနီသိန်းဖံ၊ ရဲနီသာရွှေ၊ ရဲနီတင်မောင်ရှိန် စသော ရဲနီလေးယောက်တို့သည် "လုံးဝ လွှတ်ပေးရမည်" ဆိုသော တစ်ခုတည်းသော တောင်းဆိုချက်အရ အစာငတ်ခံ တိုက်ပွဲဝင်ရာတွင် ရဲနီတင်မောင်ရှိန်မှာ လွတ်မြောက်ပြီး အိမ်သို့ရောက်မှပင် ဤအစာငတ်ခံခဲ့ရသော ဒဏ်ချက်ဖြင့် သေဆုံးခဲ့ရခြင်း၊ ကျန် ရဲနီ ၃ ဦးမှာကား ထောင်ထဲတွင်ပင် အသေခံသွားကြသည်အထိ မိမိ ဆုံးဖြတ်ချက်နှင့် မိမိ ယုံကြည်ချက်ကို အသက်ပေးပြီး အနိုင်ယူသွားခဲ့ကြပြီ မဟုတ်ပါလော။

ဦးဝိစာရ အရှင်သူမြတ်သည်လည်း ဗြိတိသျှ အင်္ဂလိပ် အစိုးရတို့၏ မတရား ဖမ်းဆီးပြီး မတရား ချုပ်နှောင်ထားခြင်း (ထိုမျှသာမက ရဟန်းသံဃာ အရှင်မြတ်တို့ ရအပ်သော (ဘီ) အဆင့်အတန်း အခွင့်အရေးမျိုးနှင့် ဥပုသ်ပြုခွင့်၊ သိမ်ဝင်ခွင့် စသော ရဟန်းသံဃာတော်တို့၏ ရအပ်သည့် ဝိနည်းသိက္ခာတော်ကိုလည်း ချိုးနှိမ် ဖျက်ဆီးထားလိုက်သည့်အတွက်) ဦးဝိစာရ အရှင်သူမြတ်သည် ရက်ပေါင်း (၁၆၅) ရက်တိတိ အသက်သေသည်အထိ၊ မိမိတောင်းဆိုချက် မရမချင်း တိုက်ပွဲဝင်ခဲ့သည် မဟုတ်ပါလော။

ထို့အတူ မလွှတ်လျှင် မဖြစ်သော အခြေအနေ၊ မိမိ အဆုံးရ၏

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာ ကျဆုံးရတော့မည့် အခြေအနေဆိုလျှင် ထင်ရှားပြီး၊ လူထုခေါင်းဆောင်မှုလည်းရ၊ ခေါင်းဆောင်မှုလည်း ရှိထားသူကို လွယ်လွယ်နှင့် မသတ်ရဲကြကြောင်းကို ကျွန်တော်သည် ၁၉၄၀ ခုနှစ် ဘီကလပ်စ်ရရေးအတွက် မအူပင်ထောင်တွင် တစ်ကြိမ်၊ ၁၉၄၆ ခုနှစ်၊ သာယာဝတီထောင်ကြီးတွင် အထွေထွေ သပိတ်ကြီး မှောက်နေသည့်ကာလ (ဗိုလ်ချုပ်အောင်ဆန်း ယာယီ ရာထူးလက်ခံသည့်အချိန်) တွင် တစ်ကြိမ်၊ ၁၉၄၇ ခု ရုံးပိုင်း ဂါတ်ပိုင်းမှု (ရုံးတော် စော်ကားမှုဟုဆိုကာ) မအူပင်ထောင်တွင် ချုပ်နှောင် ဖမ်းဆီးထားခဲ့စဉ်ကလည်း ရက်ပေါင်း ၂၄ ရက်တိတိ အစာငတ်ခံ၍ တစ်ကြိမ် ... ဤသို့ အကြိမ်ကြိမ်မှာ အောင်မြင်ခဲ့သည်ချည်း မဟုတ်ပါလော။

ယခုလည်း "ငါ့ကို မသတ်နိုင်၊ ငါ မသေနိုင် ..."

"ငါ သေသော်လည်း ငါ့နိုင်ငံရေးကား မသေ ... ငါကား အရှုံးမပေး၊ အသက်ရှင်လျက် မလွတ်လျှင်လည်း အသက်သေလျက် (အသေကောင်၊ အလောင်းကောင်ကိုတော့ ထောင်အုတ်ရိုး အပြင်ဘက်ကိုထုတ်ပြီး သင်္ဂြိုဟ်ရမည် မဟုတ်ပါလား ...) လွတ်မြောက်ရမည်" ဟူ၍ ကျွန်တော်၏ ဆုံးဖြတ်ချက်ကား ချမှတ်ထားပြီး ဖြစ်သဖြင့် ရက်ပေါင်း ၃၀ ကျော် လွန်မြောက်သည်ဖြစ်စေ၊ ရက်ပေါင်း ၄၀ ကျော် လွန်မြောက်သည်ဖြစ်စေ ရက်ပေါင်းများစွာ တိုက်ပွဲဝင်ခြင်း ဖြစ်ပေသည်။

## လွတ်ပြီး ဖမ်း

တရားရုံးမှ ပေးပို့လိုက်သည့် အမိန့်အရ ထောင်မှ လွှတ်လိုက်သော သခင်ဖေမွေးအား လူနာတင်ကပ်ဖြင့် ထမ်းကာ ယူလာကြရသည်။ ဤသို့ လွှတ်လိုက်ခြင်းမှာ ထောင်ထဲတွင် အသေမခံနိုင်သောကြောင့်သာလျှင် ဖြစ်ပေသည်။ သို့သော်လည်း သူ၏ခရီးစဉ်မှာ အိမ်သို့ မဟုတ်ပေ၊ မြောင်းမြ ဆေးရုံသို့သာ ဖြစ်သည်။

ဆေးရုံသို့ရောက်သည်နှင့် တစ်ပြိုင်နက် ၄၅ ရက်လုံးလုံး ပြတ်လပ်နေခဲ့သော အာဟာရဓာတ်ကို ဂလူးကို့(စ်) အရည် သောက်သုံး၍ ဖြည့်ဆည်းပြီးလျှင် အားဆေးတွေကို ထိုးကာ ကုသရလေသည်။ သို့သော်လည်း အာဟာရပြန်လည်ဖြည့်တင်းနေဆဲ သုံးရက်မျှသာ ကြာသေးသော တစ်နေ့ဝယ် ... ထပ်မံ ဖမ်းဆီးဦးမည်ဆိုသော သတင်းဆိုးကို ကြားရပြန်လေသည်။



မြောင်းမြဆေးရုံတွင် တက်ရောက် ကုသနေစဉ်အတွင်း၌ မြောင်းမြမြို့ရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်ဗိုလ်ဦး က အစစအရာရာ အကူအညီပေးပါသည်။ မြောင်းမြတွင် အလံနီ ကွန်မြူနစ်ပါတီ မရှိဘဲ ဗမာပြည်ကွန်မြူနစ်ပါတီသာလျှင် ရှိသော်လည်း ပါတီချင်းကွဲပြားနေလင့်ကစား သခင်ဗိုလ်ဦးတို့တစ်တွေက သခင်ဖေမွေးအား ကူညီ စောင့်ရှောက်ခဲ့ကြသည်။

သေဘေးမှာကား အနည်းငယ် ဝေးကွာသွားပြီ ဟူ၍ ဆိုနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့သော်လည်း၊ အားအင်ပြည့်ဖြိုးရန်နှင့် ကျန်းမာလာဖို့ များစွာလိုသေးသော အချိန်အခါ ဖြစ်ပါလျက် အခြေအနေအရ ဆက်လက် နေနိုင်ရန် မဖြစ်တော့ဟု ယူဆရသောကြောင့် ချက်ချင်းဆေးရုံမှဆင်းကာ ရှောင်တိမ်းသွားရန် စီစဉ်ရလေသည်။ မအူပင်မှာတုန်းကကဲ့သို့ နှာနို့မျှလောက် သောက်ရသေးသည့်အချိန်တွင် တစ်ဖန် ပြန်လည် အဖမ်းခံရမည်ကို စိုးရိမ်ကြောင့်ကြနေရသောကြောင့် ဘယ်နည်းနှင့်မဆို ရှောင်တိမ်းတော့မည် ဟူ၍ ဆုံးဖြတ်ရခြင်း ဖြစ်လေသည်။

မိမိဘာသာ သီးသန့် ဆရာဝန်ဖြင့် ကုသတော့မည် ဖြစ်ကြောင်း၊ ဆေးရုံမှ ဆင်းခွင့်ပြုပါရန် ... ဆရာဝန်ကြီးထံ၌ ခွင့်တောင်းသောအခါတွင် ဆေးရုံမှ ဆင်းနိုင်သည့် အခြေအနေ မရှိသေးကြောင်းဖြင့် ဆရာဝန်က ပြောဆိုသဖြင့် မိမိသဘောနှင့် မိမိ ဆင်းကြောင်းကို လက်မှတ်ရေးထိုးကာ ဆင်းလာခဲ့လေသည်။ ဆေးရုံမှ ဆင်းလာသောအခါတွင် မြောင်းမြ–ဗမာပြည်ကွန်မြူနစ်ပါတီ အဆောက်အဦသို့ သခင်ဗိုလ်ဦးတို့က ခေါ်ယူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှ လွတ်ခဲ့သော်လည်း သူ၏ခရီးမှာ အိမ်သို့ မဟုတ်တော့ချေ။ မြောင်းမြမြို့ရှိ ဗမာပြည် ကွန်မြူနစ်ပါတီ တည်ရာဌာနတွင် ခေတ္တခဏမျှ တည်းခိုနေထိုင်ပြီးနောက် ဘိုကလေးမြို့သို့ ရှောင်တိမ်း ထွက်ခွာခဲ့လေသည်။ ဘိုကလေးမြို့တွင် သူ၏ အစ်မတော်တစ်ယောက် ရှိနေသဖြင့် အစ်မတော်၏အိမ်မှာပင် တည်းခိုနေထိုင်ကာ ဆေးကုရလေသည်။ ထိုအတောအတွင်း၀ယ် ညောင်တုန်းမြို့ရှိ ဖနီးသည်ထံမှ စာတစ်စောင် ရောက်ရှိလာသည်။ ဖနီးထံမှ ရောက်ရှိလာသော စာမှာ ... မြောင်းမြဆေးရုံတွင် ကြားခဲ့ရသည့် ပြန်ဖမ်းမည် ဆိုသောသတင်းကို ခိုင်လုံကြောင်း ဖော်ပြသည့် စာပင် ဖြစ်ပေတော့သည်။

ဘိုကလေးမြို့တွင် ပုန်းအောင်းပြီး ဆေး၀ါးကုသနေချိန်၌ ညောင်တုန်း နေအိမ်သို့ ပုလိပ်များ လာရောက်ရှာဖွေသည် ဟူ၍ ဖနီးဖြစ်သူက စာဖြင့် အကြောင်းကြားလိုက်ခြင်း ဖြစ်ပေသည်။ မြောင်းမြမှ တိတ်တဆိတ် ထွက်ခွာ၍ ဘိုကလေးသို့ သွားခြင်းကို ပုလိပ်ဘက်က မျက်ခြည်ပြတ်သွားပုံရသည်။ သို့ဖြင့် သူသည် ဘိုကလေးမှာပင် ဆက်လက် တိမ်းရှောင်နေခဲ့ရာ နောက်ထပ် ၁၅ ရက်မျှကြာသော်အခါတွင် ညောင်တုန်းနေအိမ်တွင် ပုလိပ်ဘက်က ထပ်မံရှာဖွေခြင်းခံရကြောင်း ကြားသိရပြန်လေသည်။

သည်အတိုင်းသာဆိုလျှင် နေရပ်သို့ပြန်ရန် ဖြစ်နိုင်တော့မည် မဟုတ်သောကြောင့် ဆက်လက်ရှောင်တိမ်းရန် ဆုံးဖြတ်လိုက်ပြီးလျှင် ဘိုကလေးမှ ရန်ကုန်မြို့သို့ လျှို့၀ှက်စွာ ထွက်ခွာလာခဲ့ရလေသည်။ သို့ဖြင့် ၁၉၄၇ ခုနှစ် ကတည်းကပင် စတင်၍ ရန်ကုန်မြို့တွင် လျှို့၀ှက်နေထိုင်ကာ၊ ပါတီတာ၀န်များကို ဆက်လက် ထမ်းဆောင်နေလာခဲ့သည်။

(သခင်မြသန်းရေး—နှစ်တချွန်းပြန် သံမဏိနှစ်ဦး စာအုပ်မှ)



ရန်ကုန်မြို့ တစ်နေရာတွင် ကျွန်တော်ကဲ့သို့ပင် အင်းစိန်ထောင်ကြီး၏ အတွင်းမှ အစာငတ်ခံ တိုက်ပွဲဖြင့် လွတ်မြောက်လာသော အလံနီ ကိုကျော်ဇော အား လျှို့၀ှက်စခန်းတစ်ခုတွင် ပြုစုရန် ကိုစိန်အုပ်နှင့် အတူထားပြီး ဆေးကုသပေးနေရာသို့ ကျွန်တော့်အားလည်း သခင်မြသန်းနှင့် ကိုထွန်းရင်တို့ နှစ်ယောက်က လိုက်ပို့ထားခြင်းဖြင့် ရန်ကုန်မြို့ပေါ် တစ်နေရာတွင် ကျွန်တော်နှင့် ဗိုလ်ကျော်ဇောကြီးတို့ အတူတူ ပုန်းအောင်းနေကြရပါသည်။

၎င်းနောက် ဤစခန်းမှာ လျှို့၀ှက်ရေးအရ မလုံခြုံ ဟူ၍ ယူဆကြပြီး ဗိုလ်ကျော်ဇောက တစ်နေရာကို ပြောင်းရွှေ့ပြီး ကျွန်တော်ကတော့ ပုဇွန်တောင်ဘက်ရှိ ကျွန်တော့် ညီအစ်ကိုတော်တစ်ဦး၏ နေအိမ်သို့ပင် တိတ်တဆိတ် အလစ်တာက်ရောက်ပြီး ပုန်းအောင်းနေလိုက်ပါသည်။ မကြာမီ ၎င်းစခန်းသို့ ကိုသက်တင် ရောက်လာပြီး ဗဟိုဌာနချုပ် အထွေထွေ အတွင်းရေးမှူး၏ တာ၀န်ပေးချက်အရ မြစ်၀ကျွန်းပေါ်တိုင်းသို့ ဗဟို ကော်မတီ (C.C.M.) အဖြစ်နှင့်ဆင်း၍ ပါတီတာ၀န်များ ဆက်လက်လုပ်ရန် တာ၀န်ပေးပါသည်။ ထို့ကြောင့် သမ္ဗန်တစ်စီးငှား၍ ရန်ကင်းစံရွာ ရွာနီကလေးသို့ ညဘက်များတွင် လှော်ခတ်သွားပါသည်။ သခင်လှမောင်နှင့် တွေ့ပြီးလျှင် ထိုအချိန်မှစပြီး ရန်ကင်းစံရာရွာ၊ ၎င်း သောင်ကျွန်း၊ ဘောလယ်ကျွန်း၊ ထိန်ကုန်း၊ စဥ္စော့ရေလယ်ကျွန်း အစရှိသော လှေ၊ သမ္ဗန်တို့ဖြင့် သွားလာ၍ရသော ရေလမ်းများအတိုင်း ညဘက်တွင် ခရီးထွက်ပြီး လှည့်လည် စည်းရုံးနေထိုင်ခဲ့ပါတော့သည်။

ထိုအချိန်အခါကာလ၀ယ် အထက်ဗမာပြည် ဆိ၀ါဖြူနယ်ဘက်တို့မှ အငတ်တပ်များ ထောင်နှင့်ချီ၍ အငတ်တပ် ချီတက်ရေးများ လုပ်ခဲ့ကြပေသည်။ အောက်ဗမာပြည် အနှံ့အပြားတွင် သီးစားခ လုံး၀ မပေးရေး၊ ထွန်တုံးတိုက်ပွဲ၊ လယ်ထွန်တိုက်ပွဲ၊ လက်ငုတ်လက်ရင်း တည်မြဲရေး၊ အမတော်ရေး ရယူရေး စသည်တို့အပြင် နောက်တစ်ဆင့် တက်ခဲ့သည်မှာကား ပရိုဂျက်စပါးများ၊ ပရိုဂျက် ဆန်များကို လမ်းမှ ဖြတ်ယူပြီး လူထုအုပ်ကြီးဖြင့် ဆန်ဝေပွဲကြီးများ ပြုလုပ်၍ တောနေ လယ်သမားမှူးများနှင့် လယ်ကူလီများ၊ တောနေ အလုပ်လက်မဲ့ ဆင်းရဲသားတို့အား ဝေငှးဆောင်

www.burmeseclassic.com

www.burmeseclassic.com



များက အဖမ်းခံ ထောင်အကျခံပြီး တောနေလူထုကြီးအား အလုပ်အကျွေး ပြုနိုင်ခဲ့ကြပါသည်။

ကျွန်တော် ကိုင်တွယ်၊ စည်းရုံး ရှေ့ဆောင်နေရသော မအူပင်ခရိုင် လေးမြို့နယ်နှင့် အင်းစိန်ခရိုင် ထန်းတစ်ပင်နယ်တို့တွင် အင်္ဂလိပ်အစိုးရ ခေတ်၏ နိုင်ငံခြားမနေရှင်ကြီးများပိုင် ဆန်၊ စပါးများတို့နှင့် ပရိုဂျက် ဆန် စပါး စသည်တို့ကို လူထုအုပ်နှင့်ချီပြီး သိမ်းဆည်းဝေ စားသောက် ကြသည်။ စပါးတိုက်ပွဲ၊ ဆန်တိုက်ပွဲများ တခြိမ့်ခြိမ့် လုပ်နေခဲ့ပါသည်။

ဗဟိုဌာနချုပ်နှင့် အလှမ်းနီးသော ဗဟိုကော်မတီ ဖိုးထွန်းသန်း ရှေ့ဆောင်သည့် တွံတေး၊ ကွမ်းခြံကုန်း ဘက်တို့တွင်လည်း မအူပင်ခရိုင်၊ အင်းစိန်ခရိုင်များကဲ့သို့ပင် စပါးလုပွဲ၊ ဆန်လုပွဲ တိုက်ပွဲများ ပေါ်ပေါက်လျက် ရှိပေ၏။ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ ဟံသာဝတီ အရှေ့ပိုင်းတွင်လည်း ထိုနည်းလည်းကောင်း အတိုင်းပင်တည်း။

သို့ဖြင့် အင်္ဂလိပ်ဘုရင်ခံ အစိုးရ၏ အမိန့်အရ ဒုတိယ မတရား သင်း ကြေညာထားရုံဖြင့် ဘာမှ အကြောင်း မထူးကြဘဲ ကျွန်တော်တို့ မြေအောက်ဆင်း၍ (တောရွာ ကျေးလက်များတွင် လျှို့ဝှက်စွာ နေထိုင်၍) မိမိတို့ နည်းအရ စည်းရုံးရေးများကို မပျက်မကွက် လုပ်ပေးနေနိုင်ကြ သဖြင့် "စိုးဝင်း-ဆုငွေငါးရာ" "မတင်တင်-ဆုငွေငါးရာ" "သခင် ဖေမြွေ-ဆုငွေတစ်ထောင်" စသဖြင့် မြို့ရော တောပါမကျန် အင်္ဂလိပ် အစိုးရက ကြေညာချက်များ ထုတ်ဆင့်ပြီး ကျွန်တော်တို့တစ်တွေအား လိုက်လံဖမ်းဆီးနေကြပါသည်။

အင်္ဂလိပ် အစိုးရတို့ကို ခါးခါးသီးသီး အမုန်းကြီး မုန်းတီးနေကြ သော ဗမာ-ကရင် တောနေ လယ်သမားထုကြီးတို့မှာ ဒုတိယံပိ ဗမာပြည် သို့ ကျွန်လုပ်၊ ကုပ်သွေးစုပ်၊ စော်ကားရန် ဝင်လာကြသည့် အင်္ဂလိပ်စစ်ပြီး အစိုးရတို့အား သူပုန်ထကြွ လက်နက်ကိုင် တိုက်ထုတ်ရန်ကိုပင် အသင့် ဖြစ်နေကြသောကြောင့် ကျွန်တော်တို့ အစိုးရ ဆန်စပါးကို လုပြီး တောနေ လုထုအား ဝေပေးကမ်းသည် ကောင်းမှုကုသိုလ်တော်ကြီးကို သာဓုအနု မောဒနာ ခေါ်ကြရင်းက ကျွန်တော်တို့အား ထောက်ခံကြပါသည်။ ကျွန်တော် တို့အား အားပေးကူညီကြပါသည်။

အင်္ဂလိပ် စစ်အစိုးရ အမိန့်အရ ဆုငွေတွေ ထုတ်ဆင့်ပြီး ပုလိပ်



တို့ဖြင့် လိုက်လံ ဖမ်းဆီးနိုင်းနေကြသော်လည်း လူထုကြီး လယ်သမား ထုကြီးတို့၏ ရင်ငွေ့ကို ခိုလှုံထားသော ကျွန်တော်တို့အား အဘယ်ပုလိပ် ကမှ ဖမ်း၍ မရနိုင်ခဲ့ကြပါချေ။

ကြေးစား ပုလိပ်များအထဲမှာပင် ကျွန်တော်တို့ကို လိုလားကြသည့် စိတ်ရင်းကောင်းရှိသော (မျိုးချစ်စိတ်ရှိသော) ပုလိပ်အချို့တို့ထံမှ ကြိုတင် သတင်းရထားခြင်းတို့ကြောင့်လည်း ကျွန်တော်တို့ကို ဖမ်းရန် လာရောက် ကြသော ပုလိပ်အမှုထမ်းတို့ဘေးမှ လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့ ကြခြင်းလည်း ရှိပါသေးသည်။ (ပုလိပ်တိုင်းလည်း အင်္ဂလိပ် အလိုတော်ရိ များ မဟုတ်ကြပေရာ၊ မျိုးချစ်စိတ် ရှိသူများလည်း တော်တော်ကလေး ရှိခဲ့ကြပါသည်)

**သခင်စိုး အဖမ်းခံသွားရချိန်တွင်**

အလံနီ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ချုပ် သခင်စိုး အဖမ်းခံသွားရသော အချိန်တွင် မြေအောက် တွင် ရှိနေသော အလံနီ ကွန်မြူနစ်ပါတီတွင် သခင်ဖေမြွေ သည် အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်လာပြီးလျှင် သခင်စိုး၏ကိုယ်စား အလံနီ ကွန်မြူနစ်ပါတီအား ခေါင်း ဆောင်လာခဲ့လေသည်။ သူသည် ၁၉၄၇ ခုနှစ်မှစ၍ ၁၉၄၉ ခုနှစ် ထိအောင် လျှို့ဝှက် နေထိုင်ကာ သူ၏ နိုင်ငံရေး တာဝန်များကို ထမ်းဆောင်လာခဲ့သည်။ ရဲနှင့် စုံထောက် ဘက်မှ သူ့အား ဖမ်းဆီးရန် ရှာဖွေလျက်ရှိသော်လည်း သူသည် ကျွမ်းကျင်လိမ္မာစွာဖြင့်ပင် ရှောင်ရှားနေထိုင် လုပ်ကိုင်လာနိုင်ပြီးလျှင် ရဲနှင့် စုံထောက်တို့၏ ဘေးမှ ပွတ်ခါသီခါ လွတ်မြောက်ခဲ့သော အကြိမ်ပေါင်းလည်း မရေမတွက်နိုင်အောင် များပြားခဲ့လေသည်။

၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင်မှ ၃၇ လမ်းရှိ သုံးထပ်တိုက်ပေါ်တွင် သခင်စိုး၏ဇနီး မနှင်းမေ နှင့်အတူ၊ သခင်ဖေမြွေ၏ မိသားစု များနှင့်တကွ ရဲဘက်မှ ဖမ်းဆီးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖေမြွေးအား ဖမ်းပုံမှာ ... ယုန်ထောင် ကြောင်မိ ခြင်းသာ ဖြစ်လေသည်။ အမှန်အားဖြင့် ၃၇ လမ်းရှိ သုံးထပ် တိုက်ခန်းတစ်ခုအတွင်း ၌ သခင်ဖေမြွေး ရှိနေသည် ဟူ၍ သတင်းအတိအကျ ရသောကြောင့် တက်ရောက် ရှာဖွေ သဖြင့် ဖမ်းဆီးရမိခြင်း မဟုတ်ချေ။

မှောင်ခိုဈေးသမား တရုတ် ကုလား ကုန်သည်များကို လိုက်လံ စုံစမ်း အရေးယူနေသော ရဲအဖွဲ့ဝင်များသည် မှောင်ခိုကုန်များ သိုလှောင်ထားသည်ကို ရှာဖွေဖမ်းဆီးရန် တိုက်ပေါ်သို့ တက်ရောက်လာကြပြီးလျှင် တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေရာမှ သခင်ဖေမြွေးတို့ ရှိနေသော အခန်းအတွင်းသို့ ရောက်ရှိလာလျက် သခင်ဖေမြွေးနှင့် ဒေါ်နှင်းမေ အပါအဝင် ရဲဘော်ရဲဘက် တစ်စုကို တွေ့ရှိ သွားခြင်းပင် ဖြစ်လေသည်။ သူတို့နေထိုင်သော တိုက်ခန်း ကို အလံနီပါတီ ဌာနချုပ် စခန်းတစ်ခုအနေဖြင့် အသုံး ပြုကာ စာပေးစာယူ အဆက်အသွယ်ပြုလုပ်ခြင်း၊ စာရွက် စာတမ်း ရိုက်နှိပ်ခြင်း၊ သင်တန်းပေးခြင်း စသည့် လုပ်ငန်း များကို လုပ်ကိုင်နေခဲ့ကြလေသည်။ မှောင်ခိုကုန်သည်များ တက်ရောက်ရှာဖွေသော ရဲအဖွဲ့ဝင်များသည် အလံနီ စာရွက်စာတမ်းများနှင့် လက်နှိပ်စက် စသည်များကို တွေ့ရှိသောအခါတွင်မှ ၎င်းတို့အား မြေအောက်ပါတီ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ သခင်ဖေမြွေးနှင့် သခင်စိုး ၏ဇနီး ဒေါ်နှင်းမေတို့ ဖြစ်နေကြောင်းကို သိရှိပြီးလျှင် ဖမ်းဆီးခေါ်ယူသွားခြင်း ဖြစ်လေသည်။

သခင်ဖေမြွေးသည် ထိုအချိန်မှစကာ ထောင်နှင့် ကျွန်း သံသရာတွင် ၁၂ နှစ်ကျော်လုံးလုံး ကျင်လည်ရတော့သည်။

ပထမတွင် သူ့အား မတရားသင်း ဥပဒေပုဒ်မ ၁၇ နှင့် ထောင်ဒဏ် ၂ နှစ် အပြစ်ပေးခဲ့သည်။ ထောင်ဒဏ် ၂ နှစ် ကျခံပြီး၍ လွတ်ရက်စေ့မြောက်သည့် အချိန်သို့ ရောက်ရှိ လာသော်လည်း သူ့အား မလွှတ်တော့ဘဲ ပုဒ်မ ၂ ဖြင့်



ပြန်လည် ဖမ်းဆီးကာ ထောင်ထဲမှာပင် ဆက်လက် ချုပ်နှောင် ထားခြင်း ခံခဲ့ရလေသည်။

သည်အကြိမ်တွင်မူ လွတ်မြောက်ရေးအတွက် အစာ ငတ်ခံ တိုက်ပွဲကို မဆင်နွှဲတော့ချေ။ အချိန်အခါကလည်း အစာငတ်ခံတိုက်ပွဲ ဆင်နွှဲရန် အချိန်အခါ မဟုတ်တော့ ချေ။ ထိုအခါဝယ် သင်းတို့ကပဲ ထောင်ချနိုင်မလား၊ ငါ ကပဲ ထောင်ထဲမှာ နေနိုင်မလား ... ဆိုသော ဇွဲဖြင့် သူ၏ ယုံကြည်ချက်ကို အလျှော့မပေး ဒူးမထောက် အညံ့မခံဘဲ ၁၂ နှစ်ကျော်ကျော် ပတ်လုံး ထောင်နှင့် ကျွန်း သံသရာတွင် ကျင်လည်နေခဲ့ခြင်းပင် ဖြစ်ပေသတည်း။

**(သခင်မြသန်းရေး–နှစ်တစ်ထောင်ပြန် သံဗေဒီနှစ်ဦး စာအုပ်မှ)**

နိုင်ငံရေး အခြေအနေမှာကား ပြောင်းလဲလာခဲ့ချေပြီ။ ဒုတိယကမ္ဘာ စစ်ပြီးကာလမှာ ဗမာပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသော စစ်ပြေး အင်္ဂလိပ်အစိုးရတို့ကို တိုက်ခိုက်ရသော ကာလပိုင်း၊ အချိန်ပိုင်းမျိုးနှင့် မတူတော့ပါပေ။ အင်္ဂလိပ် အစိုးရက တိုက်ရိုက်အုပ်စိုးထားစဉ်က ကိုလိုနီ နိုင်ငံအဖြစ်မှာ တည်ရှိခဲ့လေသည်။

ယခု နောက်ထပ် ကျွန်တော် အဖမ်းခံရသော ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာ လ (၈) ရက်နေ့ အချိန်အခါ ကာလပိုင်းကို ကိုလိုနီ တစ်ပိုင်း၊ ပဒေသရာဇ် တစ်ပိုင်း အစိုးရ ပုံသဏ္ဌာန်မျိုး ဟူ၍ ကျွန်တော်တို့ဘက်မှ ကျွန်တော်တို့ အမြင်၊ ကျွန်တော်တို့ ယုံကြည်ချက်များကို အတိအလင်းပင် တိုင်းပြည်သို့ တင်ပြ ကြေညာပြီး ဖြစ်ပါသည်။

(အကျယ်ကိုမူ နောက်များမှ ရေးသင့် ရေးပါဦးမည်)

## ပြည်တွင်းစစ်နှင့် ဖဆပလ အစိုးရခေတ်

ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၏ လက်ထက်တွင်မူ အစာငတ်ခံသူများအား အတင်းအကျပ် အစာသွင်းခြင်းကို ပြုလုပ်ရန် မလို၊ ၎င်းတို့၏ တောင်းဆိုချက်ကိုလည်း လိုက် လျောရန် မလို၊ သေလျှင် သေပါစေ ဟူ၍ အမိန့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အချို့ အစာငတ်ခံကြသော ရဲနီများ သေဆုံးသွားခဲ့ရခြင်းပင် ဖြစ်သည်။ ထိုအချိန်ကာလတွင် ပြည်တွင်းစစ်ကြီးပင်လျှင် ဖြစ်ပွားခြင်း မရှိသေးပါ။

၁၉၄၉ ခု၊ ဒီဇင်ဘာလ သခင်ဖေမြွေး အဖမ်းခံရချိန်၌မူ တစ်ဖက်နှင့်တစ်ဖက် သွေးချောင်းစီးအောင် ဆင်နွှဲနေသော ပြည်တွင်းစစ်ပွဲကြီး ဖြစ်ပွားသော အချိန်သို့ ဆိုက်ရောက်နေပြီ ဖြစ်ပေရာ အစာငတ်ခံတိုက်ပွဲ ဆင်နွှဲရန် အခြေအနေမှာ လုံး၀ ကုန်ဆုံးနေပြီ ဖြစ်လေသည်။ သို့သော်လည်း အခါအားလျော်စွာ ဖြစ်ပေါ်လာတတ်သော တိုက်ပွဲများတွင်ကား သူသည် အစာငတ်ခံသည့် လက်နက်ကိုပင်ကိုင်စွဲကာ တိုက်ပွဲဝင်ခဲ့ပေသေးသည်။

အင်္ဂလိပ်ခေတ်တွင် (ခ) အတန်း ရရှိကြသော အကျဉ်းသမားများ အနေဖြင့် စာရေးစက္ကူ၊ ဖောင်တိန် စသည့် ပစ္စည်းများကို ထောင်ထဲတွင် တရားဝင် ကိုင်ဆောင်ခွင့်ရရှိသော်လည်း ဖဆပလ အစိုးရခေတ်တွင်မူ တရားဝင်ကိုင်ဆောင်ခွင့်ကို ပိတ်ပင်တားမြစ်ခဲ့လေသည်။

ရန်ကုန်ထောင်တွင်း၌ သခင်ဖေမြွေး အပါအဝင် (ခ) တန်း အကျဉ်း သမားများထံမှ ဖောင်တိန်နှင့် မှတ်စုစာအုပ်များကို ထောင်အာဏာပိုင်တွေက သိမ်းဆည်းသွားသောကြောင့် ဖောင်တိန်ကိုင်ဆောင်ခွင့် ရရှိရေးအတွက် သခင်ဖေမြွေးသည် အစာငတ်ခံ တိုက်ပွဲကို ဆင်နွှဲရလေသည်။ သခင်ဖေမြွေးသည် ၁၅ ရက်ကြာမျှ အစာငတ်ခံပြန်လေသည်။ ထိုတိုက်ပွဲတွင် အောင်မြင်မှု ရှိခဲ့ပြီးလျှင် ဖောင်တိန်များကို ကိုင်ဆောင်ခွင့် ရရှိလာခဲ့သည်။

သို့သော် ထောင်အာဏာပိုင်များသည် မနက်စောစောတွင် ဖောင်တိန်များကို ထုတ်ပေးပြီး၊ ညနေပိုင်း ထောင်ပိတ်ချိန်တွင် ပြန်လည် သိမ်းဆည်းသွားကြ၏။ သုံးရက်ခန့် ကြာသောအခါတွင်မူ ညနေဘက်၌ ဖောင်တိန်များပြန်လည်သိမ်းဆည်းထားရန် လာရောက် တောင်းခံသော



အခါ မိမိတို့ ဖောင်တိန်များကို မပေးနိုင်ဟုဆိုကာ ငြင်းဆန်လိုက်ရာမှအစ ဖောင်တိန် အားလုံးကို နေ့ရောညပါ တရားဝင်ကိုင်ဆောင်ခွင့် ရရှိလာခဲ့လေသည်။

**(သခင်မြသန်းရေး–နှစ်တွန်းပြန် သံဇဏီနှစ်ဦး စာအုပ်မှ)**

မှတ်ချက်။ ။ သခင်မြသန်းရေး နှစ်ကျွန်းပြန် သံမဏိနှစ်ဦး စာအုပ်ထဲတွင် ဖောင်တိန် အသိမ်းခံရ၍ တိုက်ပွဲဝင်သူများ (လူအများ) ဆိုသည့်သဘောမျိုး ဖော်ပြထားပါသည်။

အမှန်မှာ ဖောင်တိန် စာအုပ်များ အသိမ်းခံရသူ (ဘီ) အတန်းအစားထဲက ၄–၅ ဦးခန့် ရှိကြပါသည်။ သို့သော် နားလည်မှုနှင့် ပြန်လည်ရရှိအောင် တောင်းယူကြပါသည်။ အချို့မှာ တောင်းယူ၍ မရပါ။ ဤအချိန်တွင် ၁၉၅၀ ခု ဦးခင်မောင်ချို ထောင်မှူးကလေး ဖြစ်စအချိန်၊ ကျွန်တော့်အခန်းတွင်းမှ ဖောင်တိန်နှင့် ကော်ပီစာအုပ်အလွတ်များ သိမ်းဆည်းသွားသည်ကို ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတို့အထိ အကျိုးအကြောင်းပြောပြီး နားလည်မှုယူ တောင်း၍မရတော့သဖြင့် အချို့ကိုတော့ နားလည်မှုယူပြီး ကိုင်ခွင့်ပြုထားသည်။ အချို့ကို တိတ်တဆိတ် ပြန်ပေးသည်။ ကျွန်တော့်ကိုတော့ ပြန်မပေးနိုင်ဟု သူတို့ လုပ်ချင်သလို လုပ်နေကြသည့်အတွက် ကျွန်တော်သည် ဒေါသထွက်ပြီး၊ ဖောင်တိန်တစ်ချောင်းနှင့် ကော်ပီစာအုပ်တစ်အုပ်အတွက် ၁၅ ရက်တိတိ နွေရာသီကြီးမှာ အလူးအလဲခံပြီး အစာငတ်ခံ တိုက်ယူပစ်လိုက်ပါတော့သည်။

ထိုအချိန်မှစပြီး ထောင်မှူးကလေး ခင်မောင်ချို ဆိုသူသည်လည်း ကျွန်တော့်ကို မထိမဲ့မြင် မပြုရဲတော့ပါပေ။ ထောင်ပိုင်ကြီး ဦးဆိတ်မှာကား မြောင်းမြထောင်မှာ ကျွန်တော် အစာငတ်ခံ တိုက်ပွဲဝင်စဉ်က အစအဆုံးရှိခဲ့သူ၊ ကျွန်တော့်ဖွဲ့နှင့် သတ္တိကို လေးစားခဲ့ရသူ ထောင်ပိုင်ကြီးဖြစ်၍ အစစအရာရာမှာ ကျွန်တော်က အကျိုးသင့်အကြောင်းသင့် တရားနည်းလမ်းကျကျနှင့် ပြောပြ တောင်းဆိုနိုင်လျှင် လိုက်လျောသည်က များပါသည်။

သို့ပါလျက် ဖောင်တိန်ကိစ္စမှာ ခင်မောင်ချို ထောင်မှူးလေးဘက်က လိုက်ပြီး ထောင်ပိုင်ကြီး ကိုယ်တိုင်က ခေါင်းမာမာလုပ် ငြင်းဆန်နေသဖြင့် ၁၅ ရက်တိတိ တိုက်ပွဲဝင်ခဲ့ပြီး နေ့ယူ၊ ညအပ် လုပ်နေရာမှ ပြန်

www.burmeseclassic.com

www.burmeseclassic.com



မအပ်တော့ဘဲ တစ်ခါတည်း အပိုင်ယူထားလိုက်သည်။ ကိုယ့်ပစ္စည်းကိုယ် ကိုယ့်နည်းနှင့်ကိုယ် ပြန်အရယူလိုက်ခြင်းပင်။ ဤအချိန်မှာပင် ထောင်မှူးရုံးခန်းများ၊ အလုပ်ဘက် ရုံးခန်းများ စသော ရုံးခန်းများတွင် အလုပ်လုပ်နေကြရသော ဘီကလပ်စ်များကိုတော့ ဖောင်တိန်ကိုင်ခွင့် ပြုထားပါသည်။

## ရန်ကုန်ထောင်တွင်း အခြေအနေနှင့် တိုက်ပွဲများ

ကျွန်တော် ရန်ကုန်ထောင်တွင် ရောက်စက ၁၉၄၉ ခု၊ ဒီဇင်ဘာလဖြစ်သည်။ ကြိုးတိုက်ထဲတွင် ထားပါသည်။ ပထမ (ဘီ) အတန်း မပေးပါ။ နောက်တစ်လကျော်ကြာမှ ဝတ်လုံတော်ရ ဦးထွန်းစိန်၊ ဦးစံသိန်းတို့က ဥပဒေဆောင်အတွင်း ဆောင်ရွက်မှုနှင့် ဘီကလပ်စ်ရပြီး အစာငတ်မခံရဘဲ လွယ်လွယ်နှင့် အောင်မြင်ခဲ့ပါတော့သည်။

၁၉၅၀ ခုနှစ်တွင် ကြိုးတိုက်အတွင်းမှာ ဗိုလ်အေးဖေနှင့် အခြားအရပ်ရပ်တို့မှ ကြိုးသမားများ တိုးလာကြပါသည်။ အထူးသဖြင့် ကရင်သူပုန်၊ ဗမာသူပုန်များကို ကြိုးမိန့်ပေးထားပြီး၊ ကြိုးတိုက်ထဲမှာ အယူခံခြင်း အသနားခံခြင်းတို့ကို လုပ်ခိုင်းထားပြီး၊ နောက်ထပ် အမိန့်တစ်ခုကို စောင့်စားခိုင်းထားသည့် အချိန်များ ဖြစ်ပါသည်။

ဤအချိန်ဝယ် ဒလကိုထွန်းစိန် (အလံဖြူ ကွန်မြူနစ်) အား ကြိုးမိန့်ပေးလိုက်ပြီး မိုးကြိုးတိုက်မှ ၎င်းကို ကြိုးတိုက်သို့ ရွှေ့ပြောင်းထားပြီးလျှင် ကျွန်တော့်အား ကြိုးတိုက်ထဲမှ မိုးကြိုးတိုက်သို့ ရွှေ့ပြောင်းပို့လိုက်ပါသည်။ ကျွန်တော်နှင့်အတူ အဖမ်းခံရသူ နှစ်ဦးမှာ တစ်ဦးကတော့ သခင်စိုးငြိမ်း ဒေါ်နှင်းမေ ဖြစ်သည်။ သူမအား အမျိုးသမီးထောင်သို့ (ဘီ) အတန်းနှင့် ပို့ထားလိုက်ပါသည်။ တစ်ဦးမှာ ကျောက်တန်းမှာ ကိုမြမောင် (ခေါ်) ဦးအေးမောင် ဆိုသူ ဖြစ်ပါသည်။ သူ့အား (ဘီ) အတန်း မပေးသော်လည်း၊ ကျွန်တော်နှင့် အတူထား၍ ကျွန်တော်နှင့် အတူစားရသဖြင့် အခြေအနေ မဆိုးလှပါပေ။

## စီကလပ်စ် ရိုးရိုးအကျဉ်းသားဘဝမှာ ဝေါ်လှသည်

စစ်ကြီးမဖြစ်မီ အင်္ဂလိပ်အစိုးရခေတ်မှ သော်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ပြီး စစ်ပြေးအစိုးရ ပြန်တက်လာသော ၁၉၄၆–၄၇ ခုနှစ်မှ သော်



လည်းကောင်း၊ ၁၉၄၈–၄၉ ခုနှစ်၊ ဖဆပလ အစိုးရခေတ်မှ သော်လည်းကောင်း၊ ဤခေတ် ဤစနစ်များတို့တွင် ရှိရှိသမျှသော ဘီကလပ်စ် အကျဉ်းသား အချုပ်ဖြစ်စေ၊ ထောင်ကျဖြစ်စေ အစားအသောက်၊ အနေအထိုင်၊ အိပ်ရာ၊ ခုတင်၊ မွေ့ရာ၊ အလုပ်အကိုင်မှ စ၍ သိပ်ဆိုးလှသည် မရှိပါ။ နေသာပါသည်၊ စားသာပါသေး ဟူ၍ ဆိုရပါပေမည်။

သို့သော် စီကလပ်စ် အကျဉ်းသားပဲဖြစ်စေ၊ စီကလပ်စ် အချုပ်များပင်ဖြစ်စေ မစားသာပါပေ။ အနေအထိုင်မှာလည်း အပြင်တွင်ရှိသော သူတောင်းစား တစ်ယောက်မျှလောက်ပင် အိပ်ရာလည်း မကောင်း၊ စားရာတွင်လည်း အပြင်မှာရှိသော သူတောင်းစား၏ စားရပုံကို မမီပါပေ။

မှတ်ချက်။ ။ အပြင်တွင် သူတောင်းစား ဘဝဖြင့် အသက်မွေးမြူသူတချို့ တစ်ခါတစ်ရံတွင် အကြောင်းတစ်ခုခုကြောင့် ထောင်ထဲသို့ ရောက်လာခဲ့ကြဖူးပါသည်။ ၎င်းသူတောင်းစားများ ကိုယ်တိုင်က ပြောပြပါသည်။ သူတို့ အပြင်မှာ စားရသော ထမင်းဟင်းလျာမှာ ထောင်ထဲက ဘီကလပ်စ် အဆင့်အတန်းနီးနီး စားနိုင်ကြပါသည်။ ယခု ထောင်ထဲက စီကလပ်စ် ထမင်းဟင်းလျာတို့မှာ သူတောင်းစားပင် မစားကြပေ။ ၎င်း သူတောင်းစားများ စားရသည့် အစားအစာမှာ ထောင်ထဲက ဆန်လုံးတီးထမင်းနှင့် အကောင်းဆုံးဖြစ်သော ကုလားပဲဟင်းလျာထက်ပင် သာပါသေးသည်ဟု ပြောကြပါသည်။

ဟုတ်ပါပေမည်။ မအူပင်ထောင်မှ တစ်ကြိမ် ထောင်ပိုင်ကြီးအိမ်မှ မွေးထားသော ခွေးကလေးတစ်ကောင် ထောင်ထဲ ဝင်လာသည်တွင် အကျဉ်းသားတချို့မှာ ထောင်ပိုင်ကြီး ခွေးကလေးအား ချစ်စနိုး၍ မိမိတို့ ထမင်းစားနေချိန် ရောက်လာသဖြင့် ၎င်းခွေးကလေးအား ငါးပိကြော်၊ ကုလားပဲဟင်းနှင့် ကောင်းမွန်စွာ နယ်ကျွေးပါသည်။ ခွေးကလေးမှာ နမ်းကြည့်ပြီး လျှာနှင့်ပင် မလျက်ကြည့်ဘဲ တစ်ခါတည်း လှည့်ထွက်သွားသည်ကို ကျွန်တော်ကိုယ်တွေ့ ဖြစ်ခဲ့ပါသည်။

ကိုကိုးကျွန်းမှာလည်း တစ်ကြိမ် ရဲဘက်ဌာနမှ မွေးထားသည့် ရဲခွေးကလေးတစ်ကောင်သည် သံဆူးကြိုးထောင်ထဲ ဝါဒါတစ်ဦးနှင့် လိုက်လာရာတွင် အကျဉ်းသားများ ထမင်းစားချိန်နှင့် တိုက်ဆိုင်နေ၍ ကိုကိုးကျွန်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်၏ ထမင်းဟင်းလျာတို့ကို ၎င်းဈေးကလေးအား ကျွေးကြည့်ကြပါသည်။ ဈေးကလေးမှာ နမ်းကြည့်ရုံမှတစ်ပါး လျှာနှင့်ပင် မတို့ပါ။

နံနက်ဘက်တွင် ကုလားပဲပြုတ်၊ နောက်တစ်နေ့ ပဲကြားပြုတ်၊ နောက်တစ်နေ့ ပဲနီကလေးပြုတ်၊ နောက်တစ်နေ့ ပဲဖြူကလေး၊ နောက် ပဲကတ္တီပါ၊ နောက် ပဲထောပတ် စသည်ဖြင့် ဤသို့ ဆီအလွန်နည်းနည်းနှင့် ပဲပြုတ်များကို ပြန်ကြော်၍ ငါးပိ (မျှင်ငါးပိ) ကြော်၊ မန်ကျည်းသီးနှင့် နိုင်းချင်း ရောနှောကြော်ထားပါသည်။ ဤသို့ ပဲပြုတ်ကြော်နှင့် မျှင်ငါးပိကြော် အနည်းငယ်ခန့်နှင့် ဆန်လုံးတီး ထမင်းကြမ်းကြမ်းကို နံနက်တိုင်း နံနက်တိုင်း၊ ထောင်တိုင်း ထောင်တိုင်းမှာ ဤပုံစံအတိုင်းပင် သမားရိုးကျ ကျွေးလေ့ရှိပါသည်။

ညနေစာအတွက် ရုံးပတီသီး အရင့်အနုတွေပါ (အရင့်များက များပါသည်) ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက် စသည့် အသီးနှင့် အရွက်အချို့နှင့် ရော၍ လည်းကောင်း၊ ရိုနေအောင် ဆားနှင့်ပြုတ်ပြီး ရေပေါ်ဆီကလေး တဝင်းဝင်းမြင်ရရုံ ချက်ပြုတ်ထားပါသည်။

ဤမျှဆိုးဝါးသော အစားအစာကို တစ်ရက်လည်း မဟုတ်၊ တစ်လလည်း မဟုတ်၊ တစ်နှစ်လည်း မဟုတ်၊ လွတ်ရက် ကြာလွန်းလှသော နှစ်ကြီးသမား ဆယ်နှစ်သမား၊ အနှစ်နှစ်ဆယ်သမားကြီးများအဖို့ ထမင်းစားချိန် ရောက်တိုင်း ရောက်တိုင်း အကြံအဖန် ဟင်းလျာကိုသာ မျှော်လင့်တောင့်တလိုလားလာကြရတော့သည်။

အကြံအဖန်ဟင်းလျာ ဆိုသည်မှာ မြေကြွက်ကြီးများကို ဖြစ်စေ၊ ရိုးရိုး အိမ်ကြွက်ကလေးများကို ဖြစ်စေ၊ ကျီးကန်း၊ စာကလေး၊ ခိုငှက်တို့ကို ဖြစ်စေ၊ ရရာ သားငါးဟင်းလျာ တစ်ခုခုကို မီးကင်၍ လည်းကောင်း၊ မီးဖုတ်၍ လည်းကောင်း၊ ချက်ပြုတ်၍ လည်းကောင်း၊ ကြော်လှော်၍ လည်းကောင်း ကြံဖန်၍ ဖန်တီးစားသောက်ကြသည်တို့ကို အကြံအဖန် ဟင်းလျာဟူ၍ ခေါ်ကြပါသည်။

လပိုင်း နှစ်ကလေးသမား၊ အကျဉ်းသမားများမှာကား ထောင်ထဲတွင် ထင်းနှင့်၊ မီးနှင့် ဆီ ဆား စသည်တို့ မရနိုင် မကြံစည်နိုင်ကြသေးသော အကျဉ်းသား မျက်နှာငယ်များ ဖြစ်ခြင်းကြောင့် (အိမ်ကလာသော ထောင်ဝင်စာမှတစ်ပါး) အခြား ထောင်ထဲတွင် ရှာဖွေရရှိနိုင်သည့် အကြံအဖန်



ဟင်းလျာမျိုးကို ဖန်တီး စားသောက်နိုင်သော အခွင့်အရေးမှာ နှစ်ကလေးသမားများနှင့် လပိုင်း ရက်ပိုင်းမျှသာ ထောင်ကျသူများအတွက် မဟုတ်ကြပါပေ။

အလုပ်များမှာကား ပညာသားမပါ။ အရည်အသွေးမရှိသော အလုပ်များမှာကား မိလ္လာအလုပ် (မစင်ကျုံးရသည့် အလုပ်)၊ ထောင်မှူး၊ ထောင်ပိုင်အိမ်များသို့ နံနက်တိုင်း၊ ညနေတိုင်း ရေထမ်းပေးရခြင်း အလုပ်၊ ထင်းခွဲ–ထင်းပေါက်၊ မြေတူး၊ မြေပေါက်၊ မြောင်းထိုး၊ တံမြက်စည်းလှည်းအလုပ်၊ ထောင်မှူး၊ ထောင်ပိုင် အိမ်များတွင် ထမင်းဟင်းချက်၊ အဝတ်လျှော်ဖွပ် အလုပ်၊ ဤသို့သော အလုပ်မျိုးကို နှစ်ကလေးသမား အကျဉ်းသားများနှင့် လပိုင်း ရက်ပိုင်း အကျဉ်းသားတို့က များသောအားဖြင့် ဤသို့ လုပ်ကြရပါသည်။

ဤအချိုး၊ ဤပုံစံများသည်ကား အင်္ဂလိပ်ကျွန်၊ ကိုလိုနီခေတ် စစ်မပြီးမီခေတ်နှင့် စစ်ပြီးခေတ်အထိသာမက ဖဆပလခေတ်မှ ယခု စာရေးနေသည့် အချိန်အထိ (ယခုအစိုးရမှ ပြုပြင်ရန်စီစဉ်နေသည်ဟုသိရသည်) ဗမာပြည် ထောင်ပေါင်းများစွာတို့တွင် လုံးဝ မပြုပြင်ဘဲ လုံးဝ မပြောင်းလဲဘဲ တည်ရှိလျက်နေသည့် အချိုးအစား ပုံစံစနစ်ပေတည်း။

ငါးနှစ်သမား၊ ဆယ်နှစ်သမား၊ အနှစ် နှစ်ဆယ်သမား စသည့် ထောင်နှစ်ကြီးသမားများသည်ကား ... များသောအားဖြင့် ရက်ကန်းလုပ်ငန်း၊ ကြိမ်ရက် ကြိမ်ထိုး စသော ကြိမ်ရုံလုပ်ငန်း၊ လက်သမား၊ ဗီရို၊ ကုလားထိုင်၊ စားပွဲကြီး၊ စားပွဲလေး၊ ဆေးလိပ်ခွက်၊ ကြောင်အိမ် အစရှိသော အိမ်ထောင်ပရိဘောဂ လုပ်ငန်းများ၊ စက်ချုပ် (ဝါဒါတွေဝတ်ရန် စစ်ဘောင်းဘီနှင့် စစ်အင်္ကျီများ) ချုပ်ရသည့်လုပ်ငန်း၊ စစ်ဖိနပ် ချုပ်လုပ်ခြင်းများကို လုပ်ရပါသည်။

ဤကား အရည်အချင်းပါသော ပညာပေးမှုဆိုင်ရာ လုပ်ငန်း ဟူ၍ ခေါ်ဆိုနိုင်စေကာမူ လူတစ်ဦးတည်းမှာ ဖိနပ်တစ်ရန်အထိ ကုန်စင်အောင် မလုပ်တတ်ကြပါပေ။ သဲကြိုးလုပ်ရသူ အကျဉ်းသားသည် သဲကြိုးတစ်မျိုးတည်းသာ လုပ်တတ်သွားပါသည်။ အဖောက်သမား တစ်ဦးသည်လည်း ထိုနည်းလည်းကောင်း အတိုင်းပင်၊ သူ လုပ်ရသည့် တစ်ခုတည်းကိုသာ နားလည်ပြီး ဖိနပ်ချုပ် မတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ချုပ်သည့်သူကလည်း အချုပ်သက်သက်သာ တတ်ပြီး ခွာထိုးခြင်း၊ သံစွဲခြင်း၊ ဓားလှီးခြင်းတို့ကို မတတ်ကြ၊ မလုပ်ကြရပါ။

ဤသို့ ဖိနပ်ဌာနတွင် လည်းကောင်း၊ လက်သမား ဌာနတွင် လည်းကောင်း၊ ရက်ကန်းဌာနတွင် လည်းကောင်း၊ ကြိမ်လုပ်ငန်းဌာနတွင် လည်းကောင်း အရည်အချင်း ပြည့်ပြည့်ဝဝနှင့် စုံစုံညီညီ အစမှအဆုံးတိုင် ပညာပေးမှု မရှိခဲ့သော ထောင်တွင်း နှစ်ကြီးသမား ထောင်လွတ်တွေမှာ ထောင်ကလွတ်ပြီး အပြင်ရောက်လာလျှင်လည်း ဘာတစ်ခုမှ မည်မည်ရရ သက်မွေးဝမ်းကျောင်း ပညာများ ပါမလာနိုင်ကြပါပေ။

သို့သော်လည်း အချို့ ထောင်ထဲ ရောက်ဖူးကြသော စာရေးဆရာ အချို့တို့က ထောင်သဘာဝအမှန် စနစ်ဆိုးတို့ကို တိတိကျကျ တင်မပြပဲ ကြသဖြင့် ဖဆပလခေတ်က ထောင်ကြီးတွေမှာ စံပြပေးထားပြီး ထောင်နှင့် မတူဘဲ တက္ကသိုလ် ကျောင်းတော်ကြီးများတမျှ အမွှမ်းတင်ခဲ့ကြသူများ လည်း ရှိပါသေးသည်။

ကျွန်တော်သည် နောက်ထပ် အချိန်ရသေးပါက စစ်ကြီးမဖြစ်မီ အင်္ဂလိပ် အစိုးရခေတ်မှ စပြီး အင်္ဂလိပ်ခေတ်ထိ၊ နောက် ဖဆပလခေတ်ထိ၊ အကျဉ်းထောင် အသီးသီးတိုင်းတွင် ခေတ်တိုင်းတွင် တွေ့ကြုံ ဆုံစည်းခဲ့ရသမျှ ထောင်စနစ်ဆိုးချင်း အတူတူပါပဲ ဆိုသည်ကို လက်တွေ့ ဒိဋ္ဌမျက်မြင် တွေ့မြင် သိရှိခဲ့ရပုံတို့ကို အနုစိတ် ရေးသားတင်ပြနိုင်ရန် ကြိုးစားသွားမည် ဖြစ်ပါသည်။

ယခုအကြိမ် ကျွန်တော် အဖမ်းခံရခြင်းသည် ၁၀ နှစ်ကျော် ရက်ရှည်လများ အချုပ်ခံရခြင်းပင် ဖြစ်ပေသည်။

ကျွန်တော်သည် ရန်ကုန်ထောင်တွင်း၌ ၁၀ နှစ်ကျော် အကျဉ်းခံရပြီးနောက် ၁၉၅၈ ခုနှစ်တွင် တက်လာသော အိမ်စောင့်အစိုးရလက်တွင် ညောင်ဦးထောင်သို့ ပြောင်းရွှေ့လိုက်ပါသည်။ ညောင်ဦးထောင်မှတစ်ဆင့် ကိုကိုးကျွန်းသို့ ဆက်၍ ပို့ကြပါသည်။

## ကိုကိုးကျွန်းမှတ်တမ်း

၁၉၅၉ ခု၊ မတ်လ ၁၈ ရက်နေ့တွင် ညောင်တုန်းမှ ပမညတ အဖွဲ့ဝင်များ (မအူပင်ထောင်မှ ဖျာပုံစက်ဆန်းသံဆူးကြိုးထောင်၊ ၎င်းမှတစ်ဆင့်) အင်းစိန် တွဲဖက် ထောင်လေးသို့ ရောက်လာကြ၍ ကျွန်တော်နှင့် အင်းစိန် တွဲဖက် ထောင်လေးထဲတွင် တွေ့ဆုံကြရတော့သည်။ ၎င်းတို့နှင့် ကျွန်တော် စကားပြောခွင့် ရကြပါသည်။



ညောင်တုန်းက ပါလာသော အချို့ပုဂ္ဂိုလ်များမှာ ကျွန်တော်နှင့် အလွန်ပင် ခင်မင်ရင်းနှီးကြပါလျက် လူချင်း မတွေ့ကြရသည်မှာ ၁၃ နှစ်၊ ၁၄ နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ၁၉၄၇ ခုနှစ် မြောင်းမြထောင်ကြီးမှ ကျွန်တော်သည် အစာငတ်ခံတိုက်ပွဲ (၄၅) ရက်နှင့် လွတ်မြောက်လာပြီးကတည်းက ညောင်တုန်းမြို့ပေါ်မှာ တရားဝင် ပြောင်မနေနိုင်ခဲ့သဖြင့် ဤအချိန်ကာလမှစ၍ မြေအောက် လှုပ်ရှားရေး ဆင်းခဲ့ရပြီး တောနယ်ဒေသ အရပ်ရပ်တို့တွင်သာ လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင်ကား ရန်ကုန်မြို့တွင်း ဝင်၍ မြေအောက် လှုပ်ရှားရေး စခန်းများတွင် လည်းကောင်း၊ အဖမ်းခံရသော ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ညအထိ လှုပ်ရှားနေထိုင်ခဲ့ရခြင်းတို့ကြောင့် အထက်ဖော်ပြပါ ညောင်တုန်းမြို့ပေါ်က မြို့လယ်ကောင်တွင် နေကြသူ ပုဂ္ဂိုလ်အချို့နှင့် ကျွန်တော် လူချင်း မတွေ့ရသည်မှာ ကြာခဲ့ပြီဖြစ်၏။

ယခုမှ မမျှော်လင့်ဘဲ ကိုယ့်နေရပ်ဖြစ်သော ညောင်တုန်းကလူချင်း အင်းစိန်တွဲဖက် ထောင်လေးမှာ လာတွေ့ရခြင်းမှာ ထူးခြားသလိုလိုပင်။ နောက်အကြောင်းတစ်ခုကလည်း အချို့ပုဂ္ဂိုလ်များမှာ ကျွန်တော် ငယ်စဉ်ကတည်းက နိုင်ငံရေး လုပ်ခဲ့ရာတွင် ယခုတွေ့ရသော ပမညတ ခေါင်းဆောင်ထဲမှ အချို့ ညောင်တုန်းသားကြီးများမှာ လုံးဝ နိုင်ငံရေးလုပ်ရမှန်းပင် မသိနားမလည်သူများ ဖြစ်ကြပြီး အေးအေးနေလာသူများသာ ဖြစ်ကြလျက် ယခုမှ ၎င်းတို့မှာ ဇရာမ နိုင်ငံရေးသမားကြီးများအဖြစ်ဖြင့် အစိုးရ၏ အကြီးအကျယ် အရေးယူခံရသော ကိုကိုးကျွန်းပို့မည့် နိုင်ငံရေးထိပ်သီးများ စာရင်းတွင် အပါအဝင် ဖြစ်လာခဲ့သည်။

၎င်းတို့မှာ ညောင်တုန်းမြို့ပေါ်မှ ကျောင်းဆရာဟောင်း ဦးဘရင်၊ ဦးစိန်အိုး၊ ၎င်း၏ညီ ကိုသိန်း၊ ဆံပင်ညှပ်သမား မောင်သောင်းကြည်၊ မောင်ညွန့်မောင်၊ ဆေးဆရာကြီး ဦးစိုးမြင့်၊ ပွဲစားကြီး ဦးကျော် ပန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



သမားကြီး ဦးဘ၊ ဝဲထောင့် ကိုကျော်သိန်း၊ မောင်မြအောင်၊ မောင်ဝင်းကြည်၊ မနေပြု ကိုလှဆိုင်၊ ပန်းတနော် မိုလ်ကျော်ဇွာ စသည်တို့ ဖြစ်ကြသည်။

ကျွန်တော့်အား ကိုကိုးကျွန်းပို့ရန် ညောင်ဦးထောင်မှ ပြန်ခေါ်ပြီး ပထမအသုတ် ဖြစ်သည်။ ရန်ကုန်ထောင်၊ အင်းစိန်ထောင်တို့မှ ပုဒ်မ ၅ များ ဖြစ်ကြသော ကိုအုန်းမောင်တို့လူစု ပို့လိုက်စဉ်ကပင် တစ်ပါတည်း အမီထည့်ပို့ရန် အာဏာပိုင်များတို့က စီမံကြသော်လည်း ကျွန်တော်မှာ လမ်းခရီး၌ မြင်းခြံအချုပ်ထဲတွင် သုံးရက်မျှ ကြာသွားသဖြင့် ပထမအသုတ် ပုဒ်မ ၅ ကိုကိုးကျွန်း အပို့တွင် လူကိုယ်တိုင် မမီလိုက်သော်လည်း အစိုးရ ရေဒီယိုက ကြေညာသည့် လူများ စာရင်းတွင်ကား ကျွန်တော်၏အမည် ပါရှိနေတော့သည်။

သို့ကြောင့် ကိုကိုးကျွန်းသို့ အပို့ခံရတော့မည်ကို ကြိုတင် သိထားကြရ၏။

ကိုကိုးကျွန်းသို့ ယူရန်အတွက် အဝတ်၊ ဆေးလိပ်၊ ငွေ စသည်ဖြင့် ကြိုတင်ပြင်ဆင် စုဆောင်းနိုင်သမျှ စုဆောင်းထားကြတော့သည်။

အင်းစိန်တွဲဖက် ထောင်လေးအတွင်းသို့ ကျွန်တော်တို့ မရောက်မီ ကတည်းက ရောက်နှင့်နေကြသော ဦးရုံရှုန်၊ ဦးကျော်ခ စသော ပြည့်တန်ဆာ မှုဖြင့် ဖမ်းထားသော သူများကိုကား ကျွန်တော်တို့နှင့်အတူ ကိုကိုးကျွန်းသို့ ပို့မည်ဟု မထင်ခဲ့မိသေးပါ။

ကျွန်တော်တို့လို နိုင်ငံရေးနှင့်ပတ်သက်၍ ဖမ်းဆီးချုပ်နှောင်ထားသော ပုဒ်မ ၅ များသာမက ပြည့်တန်ဆာမှုအတွက် လည်းကောင်း၊ ခိုးမှု ဖောက်ထွင်းမှုအတွက် လည်းကောင်း၊ ဓားပြမှုအတွက် လည်းကောင်း၊ ဖဲဝိုင်း ထောင် ပြန်ပေးဆွဲမှုအတွက် လည်းကောင်း၊ ပုဒ်မ ၅ ဖြင့် ဆွဲသွင်း ချုပ်နှောင် ထားသော ဖာခေါင်းများ၊ သူခိုးကြီးများ၊ ဓားပြကြီးများ၊ ပြန်ပေးကြီးများ တို့ကိုလည်း ကိုကိုးကျွန်းသို့ နက်ဖြန်ခါ ပို့တော့မည်ဖြစ်ကြောင်း ထောင် အာဏာပိုင်တစ်ဦးထံမှ တိုးတိုးတိတ်တိတ် သတင်းပေါက်ကြားလာသည်။

## ကိုကိုးကျွန်း ခရီးစဉ်

၁၉၅၉ ခု၊ မတ်လ ၁၈ ရက်နေ့ နံနက် ၃ နာရီတွင် ထောင်ပြောင်းရန် လာခေါ်ပါသည်။ ကျွန်တော်သည် ထောင်ရုံးခန်းအတွင်းသို့ ရောက်



သောအခါတွင် ညောင်တုန်း၊ ပန်းတနော်၊ မနေပြုက ပမညတ ပုဒ်မ ၅ များနှင့် အင်းစိန် တွဲဖက်တွင် မူလထဲက ရှိနှင့်ကြသော ပုဒ်မ ၅ များ စုရုံး ရောက်ရှိလာကြသည်။

ကျွန်တော်တို့အားလုံးကို နံနက်စောစော မိုးမလင်းမီ တွဲဖက် ထောင်လေးမှ ထုတ်ယူပြီး ဘတ်စ်ကားကြီးများပေါ်တွင် တင်ထား၍ အင်းစိန် ထောင်ကြီးဆောင်တွင် ကားကြီးများကို တန်းစီကာ ရပ်ထားကြရ သည်။

ရန်ကုန် ထောင်ကြီးမှ လည်းကောင်း၊ အင်းစိန် ထောင်ကြီးမှ လည်း ကောင်း၊ အင်းစိန် တွဲဖက် ထောင်ကလေးမှ လည်းကောင်း၊ ဘားလမ်း ရဲဌာန အချုပ်ကြီးမှ လည်းကောင်း လူပေါင်း ၅၂ ယောက်တို့ကိုရော၊ အင်းစိန် ထောင်ကြီးမှ ထောင်ကျ စီကလပ်စ် အလုပ်သမားများ လူပေါင်း တစ်ရာကို လည်းကောင်း၊ စုစုပေါင်း ၁၅၂ ယောက်တို့ကို လူစီး ဟီးနိုး ကားကြီးများပေါ်တင်၍ ထောင်ကြီးဆောင်၌ ကားကြီးတွေ တန်းစီထားပြီးမှ ရှေ့ဆုံးမှ ဝိုင်ယာလက်စ်ကားများ၊ စစ်ကားများ ရှေ့ရော နောက်ပါ ခြံရံ လျက် ကားကြီးတွေ ထွက်ခဲ့ကြသည်။

မိုးလင်းသောအခါ ရတနာပုံ ဆိပ်ကမ်းသို့ ရောက်ခဲ့ကြသည်။ ဆိပ်ကမ်းပေါ်မှ ဘောတံတား တစ်လျှောက်လုံးတွင် စစ်သားများ၊ ရဲသား များ လက်နက်ကိုင်ပြီး တစ်ယောက်နှင့်တစ်ယောက် တစ်လံကွာမျှ ခြားပြီး မတ်မတ်ရပ်၍ အသင့်စောင့်နေကြသည်။ အနီးအနားရှိ ဘောတံတားတွေ ပေါ်မှလည်း သေနတ်ကိုင် စစ်သားများ၊ ရဲသားများ အစောင့်ချထားလိုက် ကြပါသည်။

အဆင်သင့် ဖြစ်နေသော ပင်လယ်သွား မီးပြသင်္ဘောပေါ်သို့ မတက်ကြရသေးဘဲ ဘောတံတားကြီးပေါ်တွင် လူတွေကို တန်းစီနိုင်းပြီး လျှင် လူတွေ၏ ကိုယ်တွင်းကို လည်းကောင်း၊ အိပ်ရာလိပ်များ၊ လွယ်အိတ် များ၊ သေတ္တာများတို့ကို ရှာဖွေပြီးလျှင် နိုင်ငံရေး စာအုပ်များကို သိမ်းဆည်း လိုက်ကြသည်။

ဤသို့ ရှာဖွေပြီးမှ မီးပြသင်္ဘောပေါ် တက်ကြရသည်။ သင်္ဘော ပေါ်သို့ ရောက်တော့လည်း အားလုံး သင်္ဘော ဝမ်းခေါင်းထဲမှာ ဝင်လိုက်ကြ ကြရမည်ဟုဆိုပြီး သင်္ဘောဝမ်းခေါင်းထဲသို့ အားလုံး ဆင်းကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ မသန်စွမ်းသူ မကျန်းမာသူဖြစ်၍ ပက်လက်ကုလားထိုင်နှင့် လိုက်ရမည် ဖြစ်သောကြောင့် သင်္ဘောကုန်းပတ်ပေါ်မှ စီးလိုက်ပါရစေဟု ရဲနီလေးတစ်ဦးက ထောင်အာဏာပိုင်ကြီး တစ်ဦးအား ကျွန်တော်၏ကိုယ်စား သွားရောက် တောင်းပန်ပြောဆိုနေသံ ကြားရပြီးနောက် မျက်နှာမကြည်မသာနှင့် ပြန်လှည့်လာသော ရဲနီကလေးက "ဆရာကြီးအတွက် ဒုက္ခပဲဗျာ ... ကျွန်တော်တို့ကတော့ ကိစ္စမရှိပါဘူး၊ သန်သန်စွမ်းစွမ်း ကျန်းမာတဲ့လူတွေပဲ၊ သူတို့ကို ပြောလို့မရဘူး၊ ဆရာကြီးလည်း သင်္ဘောဝမ်းခေါင်းထဲမှာပဲ စီးရမှာပဲ၊ ဆရာကြီးတော့ ဆင်းနိုင်မှာ မဟုတ်ဘူး၊ လှေကားက မတ်စောက်စောက်ကြီးရယ် ... ဒီတော့ ကျွန်တော်တို့ တစ်တွေ ဝိုင်းချီ ပွေ့သယ်ယူရမှာပဲ"

"ဖြစ်သလိုပေါ့ကွာ ရဲနီရာ ... သိပ်ပြောမနေပါနဲ့ ဟော့ ... ငါ့ပက်လက်ကုလားထိုင်ကိုသာ ပထမ ယူသွား၊ နေရာကောင်းကောင်း ကြည့်ချထားခဲ့ပြီး၊ ငါ့ကို ပွေ့ယူကြပေါ့ကွာ" ဟု ကျွန်တော်က ဤဒုက္ခလောက်ကို ဂရုမစိုက်သလို ပြောလိုက်ရသည်။

ကျွန်တော်နှင့်တကွ လူပေါင်း ၁၅၂ ယောက်ခန့်သော ပုဒ်မ ၅ များနှင့် ထောင်ကျ အကျဉ်းသားတို့ ငါးသေတ္တာဘူးထဲမှ ငါးသေတ္တာလေးများ စီတာ ရီကာ ထည့်ထားသကဲ့သို့ ပြွတ်သိပ်ပြီး သင်္ဘော ဝမ်းခေါင်းမှောင်မည်းမည်းတွင် မီးလုံးများကြောင့် လင်းနေသော်လည်း လေဝင်ပေါက်များက နည်းလှပေသည်။

ဆေးလိပ်မီးခိုးများဖြင့် အသက်ရှူရှိုက်ရ ကျပ်တည်းသလိုလို ဖြစ်လာသည်။

မကြာမီ သင်္ဘောထွက်ကြောင်း သိရသည်။ သင်္ဘောဝမ်းခေါင်းထဲတွင် ကျွန်တော် ကိုယ်ပိုင် ပက်လက်ကုလားထိုင်ကို အဆင်ပြေစွာခင်းပြီး လိုက်ပါလာရသော်လည်း၊ ကမ်းမမြင် လမ်းမမြင် မီးလုံးအရောင်နှင့် ဝမ်းခေါင်းထဲတွင် အလွန် ပူအိုက်လှသည်။ သင်္ဘောထွက်ပြီး ပင်လယ်ထဲရောက်လျှင် သင်္ဘောဝမ်းခေါင်းထဲမှ အပေါ် တံခါးပေါက်ကြီး ၂ ပေါက်နှင့် အေားတံခါး လေဝင်ပေါက်များ ပိတ်လိုက်သေးသည်။ မပိတ်ရန် ဝိုင်းပြောကြသော်လည်း မရပါ။ ပြေးမည် စိုးရိမ်၍ဟု ဆိုသည်။ လူပေါင်း ၁၅၂ ယောက်တို့နှင့် ပြွတ်သိပ်နေပြီး တစ်နေ့လုံး လမ်း လုံးဝ မလျှောက်



နိုင်၊ ထိုင်ရာမှ အပေါ့သွားရုံပဲ ထ သွားပြီး၊ တစ်နေ့လုံး ပင်လယ်ထဲနှင့်နောက် တစ်ညလုံး ပင်လယ်ထဲမှာ မိုင်ပေါင်း ၂၆၀ ကျော်ကျော် ဖြတ်သန်းလာပြီးနောက် ... နောက်တစ်နေ့ ...၊

**၁၉၅၉ ခု၊ မတ်လ ၁၉ ရက်နေ့**

နံနက် ၁၁ နာရီလောက်မှ ကိုကိုးကျွန်းကြီးသို့ ရောက်၍ ကမ်းနှင့် ၃-၄ ဖာလုံအကွာမှာ သင်္ဘော ကျောက်ချလိုက်၏။

နံနက် ၁၂ နာရီ နေပူကြဲကြဲကြီးတွင် သင်္ဘောပေါ်မှ ကြိုးလှေကားနှင့် ဆင်းကြရသည်။ မော်တော်ဘုတ်ကလေး (လိုက်ဘုတ်) နှင့် ကျွန်းကမ်းခြေကပ်ပြီး စက်အရှိန် ဖြည်းဖြည်းမောင်း၍ ကျောက်ဆောင်များဖြင့် လိုက်ဘုတ် မတိုက်မိရန် ကျောက်ဆောင်ကြို၊ ကျောက်ဆောင်ကြား ဆိပ်ကမ်းမှာ မဆိုက်ကပ်ပါ။ သို့ကြောင့် အကျဉ်းသား၊ မူလရောက်နှင့်သူများ၊ ထောင်ဝါဒါများက အကြိုလွှတ်လိုက်သည့် သမ္ပန်ပေါ်သို့ မော်တော်လေးပေါ်မှ တစ်ဆင့်ကပ်ပြီး၊ သမ္ပန်နှင့်တစ်ဆင့် ကျောက်ဆောင်တွေကြားမှ ကမ်းခြေသို့ အရောက်တက်ကြရသည်။

ကမ်းခြေရောက်လျှင် သဲသောင်ပြင်ကြီးပေါ်တွင် ခြေကျင်လျှောက်၍ နေပူကြဲကြဲ သဲပူများကိုနင်းပြီး၊ ၂ ဖာလုံကျော် ၃ ဖာလုံခန့် အကွာရှိ သဲချိုင့်ဝမ်းထဲရှိ သံဆူးကြိုး ဝိုင်းထားသည့် ကိုကိုးကျွန်းအကျဉ်းဌာန ခေါ် ငရဲပြည်လေးသို့ ရောက်ကြသည်။

(မှတ်ချက်။ ။ စာရေးသူ၏ ခြေညှပ်ဖိနပ် တစ်ရန်မှာ သင်္ဘောပေါ်မှ လိုက်ဘုတ်မော်တော်၊ ၎င်းမှ သမ္ပန်ပေါ် အဆင့်ဆင့် ကူးရ ပြောင်းရသဖြင့် ဖိနပ်ပျောက်နေသောကြောင့် သဲပူထဲတွင် ခဲစူးခြင်း၊ သဲပူခြင်းတို့ကြောင့် လမ်းမလျှောက်နိုင်အောင် ဖြစ်နေစဉ်တွင် တောင်ငူထောင်မှ ပုဒ်မ ၅ ဖြင့် ရန်ကုန်ထောင်ထဲ ရောက်နေရခါမှ ကိုကိုးကျွန်းသို့ ပါလာရသည့် ဧယျာဝတီ သကြားစက်မှ စာရေးကလေး တစ်ဦး၏ အကူအညီဖြင့် ၎င်းဖိနပ်ကို ၎င်းက မစီးဘဲ စာရေးသူအား ၎င်းဖိနပ် ချွတ်ပေးပါတော့သည်။ ကျွန်တော်သည် တော်တော်နှင့်ပင် ၎င်း၏ဖိနပ်ကို မစီးရက်နိုင်သေးပါ။ ဖိနပ်အပိုပါ၍ ပေးခြင်းမဟုတ်ဘဲ ကျွန်တော်၏ဒုက္ခကို မရှုရက် မမြင်ရက်၍သာ ၎င်းကိုယ်တိုင် ခြေအပူခံပြီးမှ ၎င်းဖိနပ်ကို ချွတ်ပေးခြင်း ဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ၎င်းပေးသော ဖိနပ်ကို မစီးရက်နိုင်ပါပေ။ သို့သော် ... ကြာကြာ သဲပူကြီးထဲတွင် သဲကလည်း ပူပြင်း၊ ကျောက်ခဲလေးတွေကလည်း စူးပြန်နှင့် မခံရပ်နိုင်သောကြောင့် ၎င်း၏ဖိနပ်ကို ယူစီးလိုက်ရပါတော့သည်။

ဓမ္မဝတီ သင်္ဘောကြားစက်မှ စာရေးကလေးမှာ ကိုကိုးကျွန်းမှ ရန်ကုန် ပြန်ရောက်ပြီး အကျဉ်းထောင်မှ လွတ်သွားခဲ့သော်လည်း၊ တောင်ငူနှင့် ဓမ္မဝတီ သင်္ဘောကြားစက် အသွား လမ်းပေါ်တစ်နေရာတွင် မလိုသူ လူယုတ်မာတို့၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရကြောင်း နောက်ပိုင်းတွင် ကြားသိရပါသည်။ ၎င်းကို သတိရသော အထိမ်းအမှတ်ဖြင့် ဤမှတ်ချက်ကို ရေးလိုက်ရပါသည်)

နက်ဖြန်အတွက်ကား သင်္ဘော မဆိုက်ကပ်မီ အချိန်ကလေးက သင်္ဘောပေါ်တွင် အင်းစိန်ထောင်ကြီးမှ ယူလာသော ငါးပိကြော်နှင့် ပေါင်မုန့်များကို ထောင်မှူးများက ကျွေးကြသည်။ ပုဒ်မ ၅ များ၊ ထောင်ကျများမှာ သင်္ဘောပေါ်တွင် မူးဝေ အော့အန်လာကြသူများ ဖြစ်၍ စားနိုင် သောက်နိုင်သူ နည်းပါးလှပါသည်။

ကိုကိုးကျွန်း၏ အကျဉ်းထောင်မှ ထောင်မှူးကြီး ဦးစိန်လှိုင်သည် ၎င်းသင်္ဘောပေါ်တွင်ပင် ကျွန်တော်တို့နှင့်အတူ ရန်ကုန်မှ လိုက်ပါလာသည်။

ကိုကိုးကျွန်းရောက် ဒုတိယအသုတ် ကျွန်တော်တို့ ပုဒ်မ ၅ များကိုတော့ ပုဒ်မ ၅ များ ထားသည့် မူလကရောက်နှင့်နေကြသော ပထမသုတ် ပုဒ်မ ၅ များနှင့်အတူ ရောနှောထားလိုက်ပါသည်။

သို့သော် ... ကျွန်တော် တစ်ဦးတည်းကိုတော့ ကွန်မြူနစ်ပါတီမှ ခေါင်းဆောင် ကိုအုံးမောင်နှင့် အဖွဲ့အစည်း အသီးသီးမှ ထိပ်တန်း ခေါင်းဆောင်များကို ရွေးချယ်ထားသော ငါးနံပါတ် အိပ်ဆောင်သို့ ပြောင်းရွှေ့ထားလိုက်ပါသည်။

စီ-တန်းမှ ထောင်ကျများကိုတော့ ထောင်ကျများကို ခွဲခြားထားသည့် ထောင်ကျ အဆောင်များကို ပို့ထားလိုက်ကြပါသည်။

အိပ်ဆောင်ကြီးများမှာ အားလုံး ၁၀ ခု ရှိပါသည်။ ၎င်းအိပ်ဆောင် ၁၀ ခုကို တစ်ခုလျှင် သံဆူးကြိုးများဖြင့် ကာရံ ဝိုင်းထားပါသည်။ ၎င်း



နောက် အိပ်ဆောင် ၁၀ ခု စလုံးကို သံဆူးကြိုးတိုင်များဖြင့် ထပ်မံ ဝိုင်းရံထားလိုက်ပါသည်။

၎င်းသံဆူးကြိုးဝိုင်း အပြင်ဘက်တွင် ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီး ရုံးခန်း အဆောက်အဦတစ်ခုနှင့် ထောင်ကျ အကျဉ်းသားများ ထမင်းချက်ရုံနှင့် ရေတွင်းတစ်ခု ရှိပါသည်။

ပုဒ်မ ၅ အကျဉ်းသားအတွက် ရေတွင်းတစ်ခုနှင့် ထမင်းချက်ရုံတစ်ခုလည်း ဘေးတစ်ဖက်တွင် ရှိပါသည်။

၎င်းတို့အားလုံးကိုမှတစ်ဖန် တစ်ပတ်ဝိုင်းရံလျက် သံဆူးကြိုးဝိုင်းတိုင်များဖြင့် အခိုင်အမာ ခတ်ဝိုင်းထားလိုက်ပါသေးသည်။

မာတ်မီးတိုင်ကြီးများမှာကား ရန်ကုန် ကြည့်မြင်တိုင်တို့မှာ စိုက်ထူထားသည့် သံပိုက်လုံး အကြီးစား၊ အကောင်းစားဖြင့် ပြုလုပ်ထားသည့် ဓာတ်မီးတိုင်ကြီးများသာ ဖြစ်သည်။ မီးလုံးကြီးများအားမှာ ဗို့တစ်ထောင်အား ရှိသည့် မီးလုံးကြီးများသာ ဖြစ်သည်။ အိပ်ဆောင်ထဲ၌ ထွန်းပေးထားသော မီးလုံးအားများပင် ဗို့တစ်ရာအား ရှိသည့် မီးလုံးများ တစ်အိပ်ဆောင်လျှင် သုံးလုံးမျှ တပ်ဆင်ပေးထားပါသေးသည်။

ထိုမျှမကသေး ... သံဆူးကြိုးဝိုင်း ထောင်ကြီး၏ လေးဘက် လေးတန်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသည့် မျှော်စင်မြင့်မြင့်ပေါ်မှ အလွန် အားကောင်းသည့် မီးမောင်းကြီးများဖြင့် ညဦးမှစ၍ မိုးလင်းအထိ တစ်ညလုံး မီးမောင်းများ လှည့်ပတ်ထိုးကြည့်နေကြပါသည်။

အိပ်ဆောင်တစ်ခုစီ တစ်ခုစီ အခန်းအဝိုင်းထဲ၌လည်း ထောင်ကြပ် (ဝါဒါ) တစ်ယောက်ကျစီ နေ့ရော ညရော အလှည့်ကျဖြင့် အစောင့်ချထားလိုက်ပါသေးသည်။

ပထမအသုတ်နှင့် ဒုတိယအသုတ်မှ ပုဒ်မ ၅ များတွင် ပါလာကြသော ရေနွေးထည့် ဓာတ်ဘူးများကို အားလုံး သိမ်းဆည်းယူငင်ထားလိုက်ကြပါသည်။ အကြောင်းကတော့ ရေနွေးဓာတ်ဘူးများကို ဗောလုပ်ပြီး ပင်လယ်ထဲ ကူးခတ်ပြေးမှာ စိုးရိမ်ရပါသည်ဟု ဆို၏။ ကျွန်တော်တို့ ဒုတိယအသုတ် စတင်ရောက်စနေ့၏ ညစာကို ခပ်စောစော ညနေ ၃ နာရီလောက်မှာ စားကြရပါသည်။

ငါးသေတ္တာဟင်းနှင့် ကျွေးသောနေ့ ဖြစ်သည်။ ဤသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုးကျွန်းတွင် ပထမဆုံးအကြိမ် ကျွေးသော ငါးသေတ္တာဟင်း ဖြစ်သည်ဟု ပထမအသုတ်ရောက် ကိုအုံးမောင်တို့က ပြောပြပါသည်။

ကိုကိုးကျွန်း အကျဉ်းစခန်းတွင်ကား အထူးတန်း (ဘီကလပ်စ်) အဆင့်အတန်း မရှိ၊ ရိုးရိုး ပုဒ်မ ၅ များကို ပြည်မထောင် အသီးသီးမှ ကျွေးသလို မဟုတ်တော့ဘဲ ပထမ တစ်လကျော်တွင် အခွံမချွတ်သော ကုလားပဲ အလုံးလိုက် ပြုတ်ကျွေးခဲ့သည်။

၎င်းနောက်မှ ကုလားပဲကို အခွံချွတ်ပေးခဲ့ပြီး တစ်ပတ်လျှင် ငါးသေတ္တာ တစ်ယောက်လျှင် ၅ အောင်စ (လူ လေးယောက်တစ်တွဲမှ ငါးသေတ္တာ တစ်ဘူး ဖြစ်သည်) တစ်ကြိမ် (ညစာရော နံနက်စာရောအတွက်) ကျွေးပါသည်။

ကျွန်တော်တို့ ရောက်ချိန်မှာ အလွန်ပူအိုက်လှသော နွေရာသီ ဖြစ်ပါသည်။ တန်ခူးလသင်္ကြန်ကို ကိုကိုးကျွန်း ထောင်၌ပင် သင်္ကြန်ကျကြပါသည်။ ဘာသာရေးသမား လူကြီး လူငယ် အချို့မှာ ကိုကိုးကျွန်းသို့ ရောက်နှင့်နေသော ရွာမဘက်မှ ဘုန်းကြီးတစ်ပါးကို ပင့်ဖိတ်၍ လျှော်ဒါန်းဖွယ်များနှင့် ဥပုသ်စောင့် ရှစ်ပါးသီလ ခံယူကြပါသည်။

သို့ဖြင့် မကြာမီ မိုးကျလာပါတော့သည်။ နွေရာသီက ညစဉ် ကြားနေရသော ပင်လယ်လှိုင်း ကမ်းပါးသို့ ရိုက်သံမစဲဘဲ အမြဲမြည်သံမှာ မိုးကျလာပြီ ဆိုလျှင်ပဲ အသံကြီးများ ပြင်းထန်ကြီးမားပြီး ခပ်စိပ်စိပ် ရိုက်ခတ်သံကြီးတွေ နေ့ရော ညရော အမြဲကြားနေရတော့သည်။

မိုးမကျမီ သင်္ဘော နောက်ဆုံးအပတ်တွင် မီးပြသင်္ဘောနှင့်ပင် ပုဒ်မ ၅ အကျဉ်းသားသစ်များ နောက်ထပ် ထပ်မံ၍ တတိယအသုတ် သခင်မြသန်း (စာရေးဆရာ)၊ ဦးအောင်သန်း (မိုလ်ချုပ်အစ်ကို)၊ ကိုကိုကြီး (အမျိုးသားတိုးတက်ရေးပါတီ)၊ ကိုမြသန်း (စာရေးဆရာ မြသန်းတင့်)၊ ကိုဘိုးသာအေး (တက္ကသိုလ်တပ်ဦးသစ်ခေါင်းဆောင်)၊ သခင်လူအေး၊ သခင်ခင်ဇော်၊ ကိုအောင်ဘန်း (အလုပ်သမားပါတီ)၊ ဦးထွန်းတင် (လွှတ်တော် ရှေ့နေကြီး)၊ ကိုလှသောင်း (ဖျာပုံအမတ်)၊ ကိုမြင့်ဇော်၊ ကိုပြုံးချို (ယူ-အယ်လ်-အို ခေါင်းဆောင်)၊ ဦးကိုလေး (ရောဝတီ) စသည်တို့ ဖြစ်ကြပါသည်။

အစားအသောက်နှင့် ပတ်သက်၍ ငါးသေတ္တာနေ့မှတစ်ပါး ကျွန်



သောနေ့များမှာ (ဂေါ်ရင်ဂျီ ကုလားမတွေ၏ ဆိုင်ရှေ့တွင် ချရောင်းနေသည့်) ငါးခြောက် အမျိုးအစားလည်း ဖြစ်ပြန်၊ လတ်လည်း မလတ်ဆတ်ဘဲ မိုးတွင်းလည်း ရောက်လာသည်တွင် အားလုံး ပုပ်သိုးကုန်တော့သည်။ ပုပ်နေပြီဖြစ်သော ငါးခြောက်အပုပ်များကို အသက်ရှင်ရန်အတွက် စိတ်မချမ်းမသာနှင့် ထမင်းပွဲတွင် ဘယ်သူ့မျက်နှာမှ မကြည့်မသာ မရွှင်မလန်းနိုင်ကြတော့ဘဲ ဒေါသထွက်သည့် မျက်နှာများဖြင့်သာ မစားချင်ကြဘဲလျက် အောင့်အည်း၍ ဆန်လုံးတီးနှင့်ပင် မျိုချလိုက်ကြရတော့သည်။

မိုးကား ရွာသည်ထက် ရွာလာလေပြီ။ မိုးသက်လေပြင်းတို့ကား တစ်နေ့တခြား ပြင်းထန်လာလေပြီ။

ကိုကိုးကျွန်း မိုးမှာကား မစဲအောင် ရွာသွန်းလေတော့သည်။ တစ်ခါရွာလျှင် ၁၄ ရက်၊ ၁၅ ရက်တိတိ မရပ်မနား ရွာသွန်းတတ်သည်။ နေ၏ရောင်ခြည်ကို မမြင်တွေ့ရအောင် အဆက်မပြတ် ရွာတော့သည်။

တစ်လမှာ ၂၅ ရက်လောက် မိုးရွာ၍ ၅ ရက်လောက်သာ နေပူတော့သည်။ မူလကပင် ပုပ်အဲ့အဲ့ ဖြစ်နေသော ငါးခြောက်ပုပ်များနှင့် ပုစွန်ခြောက်ပုပ်များတို့သည် မိုးကျလာလေလေ လုံးဝ စားမရအောင်ပင် အနံ့ဆိုးရွားပြီး အရသာ လုံးဝ မရှိတော့ဘဲ (အာဟာရဓာတ် လုံးဝမရှိ) လုံးလုံးလျားလျား ပုပ်သိုးကုန်တော့သည်။ ဆရာဝန်ကြီး ကိုယ်တိုင်က လူစားလျှင် ဘေးဥပါဒ်ဖြစ်နိုင်၍ ဖျက်ဆီးပစ်ရန် ဆေးစာဖြင့် အမိန့်ချမှတ်လိုက်တော့မှပဲ ကျွန်တော်တို့အား ဤ ပုပ်နေသော ငါးခြောက်နှင့် ပုစွန်ခြောက်များ မကျွေးတော့ဘဲ ကုလားပဲ၊ ပဲစင်းငုံနှင့် ငါးသေတ္တာကို တစ်ခါတစ်ခါ ကျွေးပြီး၊ (ငါးခြောက်များ၊ ပုစွန်ခြောက်များအစား) ကျောက်ပိုး ခေါ် ပင်လယ်ကျောက်ပက်ကျိကြီးများ အသားနှင့် လူတစ်ယောက်လျှင် ညစာ နံနက်စာအတွက် လိပ်ဥ သုံးလုံးသာ ပေးခြင်းဖြင့် အစားထိုး ကျွေးခဲ့သည်။

× × ×

ကိုကိုးကျွန်းတွင် တစ်နေ့ထက်တစ်နေ့ အနိုင်ကျင့်သည့်သဘောထား အပြုအမူများကို ထင်ထင်ရှားရှား တွေ့လာကြရတော့သည်။

အဝတ်အထည်တွက် ဆိုလျှင်လည်း ပြည်မ ထောင်များမှာက ပုဒ်မ ၅ များအတွက် ရေလဲပိုင်းအဝတ် ပေးရခြင်း၊ ဖလန်နယ် အနွေးထည်

www.burmeseclassic.com

www.burmeseclassic.com



ပေးရခြင်း၊ ပင်နီ အပေါ်ဖုံးအင်္ကျီ ပေးရခြင်း၊ အဝတ်ဖိနပ် ပေးရခြင်း၊ ရှပ်အင်္ကျီ တစ်ထည်နှင့် ဇွပ်ကျယ်အင်္ကျီ နှစ်ထည်ကို ၆ လအတွက် တစ်ကြိမ်ကျ ပေးရခြင်းတို့မှာ ကိုကိုးကျွန်းတွင် လုံးဝပျောက်ကွယ်နဲ့၏။

၎င်းအစား ထောင်ကျ စီကလပ်စ်များ၊ နယ်ထောင် လူဆိုးထောင်များတွင်သာ ဝတ်ရသော ပိတ်ဖြူ အကြမ်းစားဖြင့် ရက်လုပ်ထားသည့် ရှပ်လက်တို တစ်ထည်နှင့် ကွင်းကျဉ်းကျဉ်း ပိတ်ဖြူလုံချည် တစ်ထည်တို့ကိုသာ ကဗ္ဗရာစေး တံဆိပ်ကြီးများ ရိုက်ပြီးပေးခြင်း။

ပုဒ်မ ၅ အတွက် ဆေးလိပ်ဖိုး ၂၅ ပြားအစား ၁၃ ပြားဖိုးသာ ဆေးရွက်ကြီး ဆေးလိပ်များ ဝယ်နိုင်ခြင်း၊ တစ်ခါတစ်ရံ သင်္ဘော ဆိုက်ကပ်လာပါလျက် ဆေးလိပ်၊ ဆေးဘူး၊ ဆေးရွက်ကြီး မပါ၍ မသောက်ကြရဘဲ အငတ်ခံကြရခြင်း။

ဆန်ဖြူကြိတ်ကျွေးလျှင် ဖြစ်နိုင်ပါလျက်၊ ဆန်ဖြူကြိတ် ဆန်စက်လည်း ရှိနေပြီးလျက် ၎င်းကိုကိုးကျွန်းမှ ကြိတ်ရသော ဆန်ဖြူများကို အကျဉ်းသားနှင့် ပုဒ်မ ၅ များတို့ကို မကျွေး၊ မစားစေရတော့ဘဲ ပြည်မအင်းစိန်ထောင်ကြီးမှ သင်္ဘောဖြင့် တိုက်ရိုက်ပို့လိုက်သော ဆန်လုံးတီးကိုသာ စားစေပြန်ခြင်း။ (ကိုကိုးကျွန်းရှိ စပါးကိုဒေါင်ထဲမှ စပါးကို ကိုကိုးကျွန်း ဆန်စက်ဖြင့် ကြိတ်၍ရသော ဆန်ဖြူဖွေးဖွေးကို ထောင်မှူး၊ ထောင်ပိုင်၊ ဝါဒါ စသော အမှုထမ်းများအတွက် သီးခြား ဖြစ်သွားတော့သည်)

ကြက်သွန်ဖြူ နီတို့ ကုန်နေခြင်း၊ နောက်ထပ် သင်္ဘောဆိုက်သော်လည်း ကြက်သွန်နီ၊ ဖြူများ ပါမလာချေ။

ထိုမှမက မူလက ကျွေးနေသော ငါးမုန့်ခြောက်၊ ငါးမန်းခြောက်များ ပုပ်သိုးကုန်၍ မြေမြှုပ်ပစ်လိုက်ရသည့်အစား ပုပ်အဲ့အဲ့ ဖြစ်နေသော ငါးစင်ရိုင်း ငါးခြောက်သေးသေးနှင့် အလွန် ငန်တူးနေသော ငါးခြောက်ကလေးများကိုသာ စားစေခြင်း။

ငါးသေတ္တာများ တစ်ပတ်လျှင် သုံးကြိမ်မှ လေးချိန်အထိ ရရှိခဲ့ပြီးမှ ယခုအခါ ငါးသေတ္တာများ ထပ် မပို့၍ဆိုကာ တစ်ပတ်မှတစ်ကြိမ်သာ စားရခြင်း။

ကျောက်ဆောင်များတွင် ကပ်နေသော ကျောက်ပိုး ခေါ် ကျောက်ပက်ကျိကြီးများကို ခွာ၍ ပြုတ်ချက်ကျွေးခြင်း။



ဟီရိုရှီးမားနေ့မှာ အသံမထွက်ကြဘဲ တိတ်တိတ်ဆိတ်ဆိတ် အေးအေး ငြိမ်သက်စွာဖြင့် အဏုမြူဗုံးဒဏ်ဖြင့် သိန်းသန်းချီ၍ မရှုမလှ သေဆုံးသွားရှာသော ဂျပန်လူထုကြီးအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်သဘော မိမိတို့ အဆောင်အတွင်း၌ပင် တန်းစီပြီး မတ်မတ်ရပ်၍ တစ်မိနစ် ခေါင်းငုံ့ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ် ပြုမိကြသည်ကို ထောင်အာဏာပိုင်တို့က အကြီးအကျယ် ဒေါသအမျက်ထွက်ပြီး ထောင်ဖောက်မှုကြီးများကို ကျူးလွန်ကြသကဲ့သို့ ပုဒ်မ ၅ များကို ရေချိုး မထွက်ရ၊ တစ်ဆောင်နှင့် တစ်ဆောင် မကူးရ၊ အိမ်ကလာသည့် စာကိုပင် မဖတ်ရ၊ မိမိတို့အိမ်ကိုလည်း စာ မရေးရ၊ မိမိတို့အိမ်ကပေးသည့် စားစရာ သောက်စရာများကိုလည်း မစားရဟု အရေးယူမှုတွေဖြင့် ကျွန်တော်တို့အား ချုပ်ချယ်လာတော့သည်။

ထိုမှမက စာရေးသူနှင့် ကိုအုန်းမောင် နှစ်ဦးတည်းကို ခေါင်းဆောင်သည်၊ လှုံ့ဆော်သည်ဟု ယူဆပြီးလျှင် ငါးနံ့ပါတ် အဆောင် (မူလထားသောနေရာ) မှာ မထားတော့ဘဲ အခြားအဆောင်က ပုဒ်မ ၅ လူထုနှင့် အဆက်ဖြတ်ရန် ဆေးရုံဝင်း အဆောင်သို့ လူနာစာရင်းသွင်းပြီး ဆေးရုံသို့ ပို့ထားတော့သည်။

ဤသို့သောအချိန်တွင် အစာငတ်ခံ ဆန္ဒပြကြရန်၊ မိမိတို့၏ နစ်နာချက်များကို ငုံ့ခံနေကြခြင်းထက် အစာငတ်ခံ ဆန္ဒပြရန် ဦးအောင်သန်း၊ ကိုအောင်ဘန်း၊ ကိုအုန်းမောင်၊ ကိုမြင့်ဇော်၊ ကိုပြုံးချို၊ သခင်လူအေး စသည်တို့နှင့် ကျွန်တော်သည် ဆွေးနွေးတော့သည်။ ယခင်ယခင် အချိန်များဟန်းက ဈေးတိုက်တွင် ကိုယ်တိုင်လိုက် ချိန်တွယ် မယူရဘဲ ထောင်မှူးကလေးတစ်ဦးက ချိန်တွယ်ပေးသမျှကိုသာ ပြည့်ပြည့် မပြည့်ပြည့် စားခဲ့ရသော အဖြစ်ကို တိုက်ရန် ညှိတုန်းကပင်လျှင် မရခဲ့သဖြင့် ယခုတစ်ကြိမ်ညှိကြရာဝယ် အနည်းဆုံး ၇ ရက်၊ သို့မဟုတ် ၃ ရက်လောက်တော့ အစာငတ်ခံ ဆန္ဒပြရန် ကျွန်တော်သည် စိတ်ရှည်လက်ရှည်ထားပြီး တင်ပြဆွေးနွေးပါသည်။

မည်သည့် ခေါင်းဆောင်ကြီးများကမှ သဘောမတူကြပါ။ ယူအယ်လ်အိုက ကိုမြင့်ဇော် အစက သဘောတူသော်လည်း ယူအယ်လ်အို ကိုပြုံးချိုတို့ ဒလ လူစုနှင့် သဘောမတူ ဖြစ်နေကြပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အစာငတ်ခံခြင်း၊ ကြွေးကြော်ဆန္ဒပြခြင်း ဘာတစ်ခုခုကိုမျှ သဘော မတူကြပါပေ။

အချို့ ခေါင်းဆောင်ကြီးများက လုံးဝ သဘောမတူဟု တိတိလင်းလင်း မပြောရဲဘဲ ကိုကိုးကျွန်းလို ပင်လယ်ကြီးထဲမှာ လူသူအိမ်ခြေ မရှိသည့် နေရာမျိုးမှာမို့ ကြွေးကြော်ခြင်း၊ အစာငတ်ခံခြင်း စသော ဆန္ဒပြခြင်း၊ တိုက်ပွဲလုပ်ခြင်းများ လုံးဝ မပြုအပ်ဟု ယူဆနေသော ခေါင်းဆောင်ပိုင်းလည်း ရှိသေးသည်။

သို့ရာတွင် ပါတီ အဖွဲ့အစည်းမှ အချို့ခေါင်းဆောင်တို့ကတော့ သဘောတစ်ပတ်အလာကို စောင့်ကြည့်ပါဦး၊ သတင်းထူးများ ပြည်မ အခြေအနေများ လေ့လာရန် စောင့်ပါဦးဟု ရက်များကို တဖြည်းဖြည်း ရွှေ့ဆိုင်းလာခဲ့သည်မှာ စာရေးသူ အနေနှင့် နောက်ဆုံးပိတ် ၎င်းတို့အား မယုံကြည်နိုင်၊ မစောင့်နိုင်တော့ဘဲ မိမိက တစ်ဦးတည်း ပထမ ရှေ့ဆောင်ပြီး အစာငတ်ခံတိုက်ပွဲ ဝင်ခဲ့လေသည်။ နောက် ၄–၅ ရက်ခန့်ရလျှင် လူငယ်တပ်ဦးနှင့် နယ်မှ ဖမ်းမိပြီး ပုဒ်မ ၅ ဖြစ်နေသော ရဲနီတို့က အစာငတ်ခံ တိုက်ပွဲဝင်ရောက်ကြရန် တိုင်ပင်ဆွေးနွေး စီစဉ်ပြီးလျှင် စာရေးသူသည် ၁၉၅၉ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် တစ်ဦးတည်း အစာငတ်ခံ ဆန္ဒပြတော့သည်။

## ကိုကိုးကျွန်းတွင် အစာငတ်ခံခြင်း

ကျွန်တော်သည် ထောင်အာဏာပိုင်၊ စစ်ဘက်၊ ပုလိပ်ဘက် အာဏာပိုင်များမှတစ်ဆင့် ပြည်မရှိ ထောင်မင်းကြီး၊ ၎င်းမှတစ်ဆင့် ပြည်ထဲရေး ဌာနတို့အထိ အကြောင်းကြားစာတစ်စောင် ရေးပြီးလျှင် အောက်ပါ တောင်းဆိုချက်များကို ဖော်ပြပြီး ၁၉၅၉ ခု၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကိုကိုးကျွန်း အကျဉ်းထောင်ထဲတွင် ကျွန်တော်သည် အစာငတ်ခံနေပြီ ဖြစ်ကြောင်း စာများ ရေးတင်လိုက်ပြီး အစာငတ်ခံတိုက်ပွဲ ဝင်ခဲ့တော့သည်။

ထောင်ထဲမှာ အစာငတ်ခံ ဆန္ဒပြမည်ဟု ထောင်အာဏာပိုင်တို့အား အကြောင်းကြားလိုက်လျှင်ပင် ထောင်အာဏာပိုင်တို့မှာ ထုံးစံအတိုင်း ထောင်ဥပဒေအရ အစာငတ်ခံသူကို သီးခြား တစ်ယောက်တည်း ခွဲခြားပြီး အစောင့်နှင့်ထား၍ တိုက်ပိတ်ရမည် ဖြစ်သည်။



သို့ကြောင့် ကျွန်တော့်အား ၁၉၅၉ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်စောစောကြီးတွင် ထောင်မှူးများနှင့် ထောင်ဝါဒါများ တိုက်ပိတ်ရန် လာရောက်ခေါ်သွားကြပြီး ၆ ဆောင်တွင် တစ်ဦးတည်းနှင့် အဆောင် တစ်ခုလုံး သော့ခတ်၍ အစောင့်ဝါဒါ အလှည့်ကျ ချထားပြီး တိုက်ပိတ် ထားလိုက်တော့သည်။

အဆောင်နံပါတ် ၆ မှာ အခြားအဆောင်များနှင့် မဆက်သွယ်နိုင်ရန် သံဆူးကြိုးများအပြင် သွပ်ပြားကြီးများ အလုံပိတ်၍ ကာရံထားသော သီးသန့်အဆောင်တစ်ခု ဖြစ်ပါသည်။ ကိုကိုးကျွန်းတွင် တိုက်ပိတ်သည် ဆိုရာတွင် ပြည်မက ထောင်များကဲ့သို့ အုတ်ဖြင့် လုပ်ထားသည့် တိုက်ခန်း ကလေးများ မရှိပါ။ သို့ကြောင့် အဆောင် ၁၀ ခုအနက် အစွန်ဆုံးဘက် လည်း ဖြစ်၊ ရဲဌာနနှင့် မျက်နှာချင်းဆိုင် အတွင်းဘက်က ဖြစ်သော နံပါတ် ၆ အဆောင်ကို သွပ်ပြားချပ်ကြီးများကို အလုံပိတ် ကာရံလိုက်ခြင်းဖြင့် အကျဉ်းသားများ တိုက်ပိတ်ရန်အတွက် အာဏာပိုင်တို့အတွက် မရှိလျှင် မဖြစ်သော တိုက်တစ်လုံး ဖြစ်သွားရတော့သည်။

အစာငတ်ခံသူ၏ တောင်းဆိုချက်မှာကား

(၁) လုံးဝ လွှတ်ပစ်ရန် ... သို့မဟုတ်

(၂) ပြည်မထောင် ပြန်ပို့ရန် ... သို့မဟုတ်

(၃) ဘီ–အတန်းအစား (စပယ်ရှယ်ကလပ်စ်) ပြန်ပေးရန် ...။

ဤအချက် သုံးချက်အနက် တစ်ခုခု မရလျှင် ကျွေးသမျှ ပေးသမျှ မစားနိုင်ဟု ဆန္ဒပြလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်တော့်အဖို့ အစာငတ်ခံ တိုက်ပွဲမှာ ထောင်ထဲရောက်တိုင်းလိုလို မကြာခဏ ၁၅ ရက်၊ (သို့မဟုတ်) တစ်လ၊ (သို့မဟုတ်) ရက် ၄၀ ကျော် အထိ အစာငတ်ခံဖူးနေကြ ဖြစ်နေသဖြင့် တည်ငြိမ်စွာပင် အစာငတ်ခံ ခဲ့သည်။

ပေါင်ချိန်များကို ဆရာဝန်နှင့် ထောင်မှူးကြီး ကိုယ်တိုင် နေ့တိုင်း လာရောက်၍ ပေါင်ချိန်ကြည့်ကြပါသည်။ နေ့စဉ်နေ့တိုင်းပင်လျှင် တစ်ပေါင် ကျ၊ တစ်ပေါင်ခွဲကျနှင့် အလေးချိန်မှာ ရက်ဆက် ကျမြဲ ကျ၍ ကျ၍သာ လာတော့သည်။

ဆရာဝန် ဆိုရာတွင် ဆရာဝန်နှစ်ဦး ရှိပါသည်။ ကျွန်တော်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ ပုဒ်မ ၅ များ၊ ထောင်ကျ အကျဉ်းသားများ၊ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်ကြပ်၊ စစ်ဗိုလ်၊ စစ်သား၊ ပုလိပ်တန်းလျားမှ ပုလိပ်များ စသည့် ကျွန်း၏ တစ်ဘက် ပုဒ်မ ၅ အကျဉ်းထောင်ရှိရာ ဘက်ခြမ်းအတွက် အမ်–ဘီ–အက်စ် ဆရာဝန်ကြီး အဆင့်ရှိသော ပန်ချာပီ ဆရာဝန်ကြီး တစ်ဦးနှင့် လက်ထောက် ကွန်ပေါင်ဒါ တစ်ဦးကို အစိုးရက ပို့ပေးထားပါသည်။

၎င်းပန်ချာပီ ဆရာဝန်ကြီးမှာ ကျွန်တော် အစာတော်မခံမီ တစ်လနီးပါးခန့်က စိတ်နောက်သွားပြီး၊ ၎င်း၏ ဇနီးနှင့် ကလေးများကို လက်သီးနှင့်ထိုးခြင်း၊ ပင်လယ်ထဲ အတင်းခုန်ချခြင်း၊ စကားတွေ ရောက်တတ်ရာရာ လျှောက်ပြောခြင်းတို့ကြောင့် ဆရာဝန်ကြီးတော့ ရူးသွားပြီဟု ထောင်အာဏာပိုင်အဖွဲ့က ထောင်ကြပ်(ဝါဒါ)အစောင့်များ ၎င်းအိမ်တွင် အလှည့်ကျ အစောင့်ချထားပြီး ပြည်မသို့ ဝိုင်ယာလက်စ်နှင့် အကြောင်းကြားပို့ထားရသည်။

ဆရာဝန်ကြီးမှာ မိုးမကျမီ ၎င်း၏နေရာတွင် အခြား ဆရာဝန်တစ်ဦး လဲလှယ်ပေးရန် စာတင်ခဲ့သည်။ ရန်ကုန်သို့ လူကိုယ်တိုင် မီးပြသင်္ဘောကြုံနှင့် လိုက်၍လည်း ဆိုင်ရာ အာဏာပိုင်တို့အား လူလဲပေးရန် အရေးဆိုခဲ့ပါသည်။

သို့ဖြစ်ပါလျက် ဆရာဝန်ကြီး နေရာတွင် လူလဲ မပေးဘဲ ၆ လ ဆိုခဲ့ရာ ယခု ၄ လ ကျော်၍ ၁၀ လ၊ ၁၁ လထဲ ရောက်ခဲ့ပြီ။ မိုးလည်း ကျခဲ့ပြီ။ ဆရာဝန်အလဲ တစ်ယောက်မျှတော့ ရောက်၍မလာပါ။

ထိုမျှမက ပုဒ်မ ၅ အကျဉ်းသားများနှင့် ထောင်ကျ အကျဉ်းသားတို့မှာ တစ်နေ့တခြား ဖျားနာသူတွေ၊ တီဘီဖြစ်လာသူတွေ၊ ပန်းနာ ထလာသူတွေ ရောဂါအမျိုးမျိုးတို့ဖြင့် ပုဒ်မ ၅ ဆေးရုံမှာရော၊ ထောင်ကျဆေးရုံမှာရော လူနာတွေ ပြည့်နှက်နေခဲ့၏။

အရပ်ထဲ (အရပ်ထဲ ဆိုရာမှာ) ပုလိပ်တန်းလျားရှိ ရဲသား ပုလိပ်များ၏ သားသမီး၊ သားမယားများတို့နှင့် ထောင်ဝါဒါ တန်းလျားရှိ ထောင်ကြပ် ဝါဒါတွေနှင့် ၎င်းတို့ သားသမီး၊ သားမယားတို့သည် လည်းကောင်း၊ ထောင်မှူး၊ ထောင်ပိုင်၊ ပုလိပ် အရာရှိကြီးတို့ပင် လည်းကောင်း မကြာခဏ ဖျားနာကြခြင်း၊ အရပ်ထဲ ကျွန်းထဲလည်း နေ့မအား ညမအား



ဆရာဝန်ကြီး တစ်ဦးတည်း လိုက်လံကုသပေးနေရခြင်း၊ ဆေးဝါး လုံလုံလောက်လောက် မရှိခြင်း၊ ဆေးဝါး မလုံလောက်သည်ထက် ပိုမိုဆိုးဝါးသည်က ဆေးရုံတင်ထားရသော အရေးကြီးသည့် လူနာများအတွက် လုံးဝ ထမင်းကျွေး၍ မဖြစ်သည့် ရောဂါသည်များအတွက် နွားနို့၊ နို့မှုန့်၊ ဇွပ်ပြုတ်၊ ကြက်ဥ၊ ဟောလစ်၊ မိုင်လို စသော အစာ အာဟာရများကို ဆေးရုံက မပေးနိုင်လောက်အောင် ဖြစ်လာခြင်း၊ ဆေးကျွေး ဆေးတိုက်၊ ဆေးထိုးရုံဖြင့် မပြီးဘဲ အစာ အာဟာရဖြင့် ကုသရမည့် ဝေဒနာရှင်တို့ကို အစာ အာဟာရ မပေးနိုင်ခြင်း။ (ဥပမာ–သွေးဝမ်းတွေ သွားနေသည့် လူနာတစ်ဦးကို အမ်တင်း ထိုးဆေး ထိုးပေးခြင်း၊ ဆာလဖာကွီနိုင်ဒင်း ဆေးပြားများ တိုက်ကျွေးခြင်း ပြုနေသော်လည်း လူနာသည် လုံးဝ ထမင်းဟင်းလျာ အစာကြမ်းများ မစားရဘဲဖြင့် နို့သက်သက် (အရည်ချည်း) သောက်နေရမည်။ သို့မဟုတ် ဟောလစ်၊ သို့မဟုတ် ဇွပ်ပြုတ် အရည်ချည်း သောက်နေရမည်။ အဖတ်နှင့် အစာကြမ်းများ လုံးဝ မစားဘဲ အရည်ဖြင့်သာ အာဟာရလုပ်ရမှ ဆေးထိုး ဆေးကျွေးခြင်းဖြင့် ရောဂါပျောက်နိုင်ပါသည်)

ယခုမူ လိုအပ်နေသော အစာအာဟာရ (ဓာတ်စာ) ကလည်း အစိုးရမင်းများထံ ဆရာဝန် စာရေးမှာသည်မှာ အတန်တန် မှာကြားပါလျက် အကျဉ်းသားတို့၊ ပုဒ်မ ၅ တို့အတွက် ဆေးဝါးများနှင့် အာဟာရ ဓာတ်စာများလည်း လုံးဝ မပို့ဘဲ လုံးဝ ပစ်ထားသည့် သဘောမျိုးသက်သက် ဖြစ်နေ၍ ဆရာဝန်ကြီးမှာ အစိုးရပေါ် မကျေနပ်ကြောင်းတို့ကို ၎င်း မရူးသေးမီ အချိန်က အေးအေးဆေးဆေးနှင့် ကျွန်တော်တို့ နိုင်ငံရေးသမားများကို အနုစိတ် ရှင်းလင်းပြဖူးပါသည်။

နောက်ဆုံးတွင် ဆရာဝန်ကြီးမှာ ပြည်မသို့ အချိန်စေ့လျက် မပြန်ရသေးသည့်အတွက် လည်းကောင်း၊ အလုပ် လုပ်ရရာတွင် ဆေးဝါး မစုံလင်သည့်အတွက် လည်းကောင်း၊ အာဟာရဓာတ်စာများ လုံလောက်စွာ မစုံနဲ၊ မပေးနိုင်ခဲ့တာတွေ စုပေါင်းပြီး အကြီးအကျယ် စိတ်ထိခိုက်လာပြီးလျှင် စိတ်ဖောက်ပြန်ခြင်း ဖြစ်ခဲ့ပုံရ၏။

ဤတော့မှပင် ထောင်အာဏာပိုင်တို့က ဖုံးဖုံးဖိဖိ လုပ်လာခဲ့သော ကိစ္စများ ပေါ်ပေါက်လာခါ ဆရာဝန်ကြီးတော့ဖြင့် ရူးသွားပါပြီဟု သတင်း ထွက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းနှင့် မရှေးမနှောင်းပင် ဝါဒါ ထောင်ကြပ် နှစ်ဦးမှာလည်း ညဘက် ညဉ့်နက်သန်းခေါင်ကျော်တွင် ပုဒ်မ ၅ အကျဉ်းသားတို့အား ညအလှည့် ကျ၍ ဂျူတီစောင့်နေစဉ် အသံနက်ကြီးဖြင့် အော်ဟစ်ခါ "ကျွန်တော် ရှုံးပါ ပြီဗျာ ... ကျွန်တော် ရှုံးပါပြီ" ဟု အော်ဟစ်၍ ငိုလိုက်၊ ရယ်လိုက်၊ မြေကြီး ပေါ်မှာ မှောက်လျက်သား အိပ်ပြီး ငိုယိုနေပါတော့သည်။

ဤသို့ အဖြစ်များကြောင့် ကိုကိုးလေးကျွန်းသို့ အုန်းသီးတွေ လာတင်ယူသော ကတ္တူစက်လှေကြီး အပြန်တွင် အစောင့် ထောင်မှူးတစ်ဦး နှင့် ဝါဒါ ၃ ယောက်ဖြင့် ဆရာဝန်ကြီးနှင့် ထောင်ကြပ်ဝါဒါ အရူး နှစ် ယောက်၊ ပင်လယ်ကမ်းစပ်တွင် ငါးမန်းစွယ်ဖြင့် ထိုးခံရသော အကျဉ်းသား ထောင်ကျ ၂ ဦးတို့ စုပေါင်း၍ ၎င်းကတ္တူ စက်လှေကြီးဖြင့် လေထဲလှိုင်းထဲ မိုးတွင်းကြီးမှာပင် ရန်ကုန်သို့ ပြန်ပို့ရန် ခွင့်ပြုချက်ရသည့်အတွက် ပြန်ပို့ လိုက်ကြောင်း သိကြရပါသည်။

ဤမျှလောက် အခြေအနေတွေ အဘက်ဘက်မှ ဆိုးရွားနေသည်ကို ချက်ကောင်းယူ၍ ကျွန်တော်သည် အစာငတ်ခံလိုက်ရခြင်း ဖြစ်ပေသည်။

ကျွန်တော့်ကို လာကြည့်သူ ဆရာဝန်တစ်ဦးမှာ ကျွန်း၏ အဖျား ဘက် လေယာဉ်ပျံကွင်း လုပ်နေရာ စခန်းဘက်က ဘီအီးအမ်အီးတပ်မှ အယ်လ်အမ်ပီ ဆရာဝန်လေး တစ်ဦးနှင့် ပုဒ်မ ၅ ဆေးရုံမှ ကွန်ပေါင်ဒါ ကုလားကပြား ဦးဘိုသိန်း တို့ ၂ ဦးကသာ သွေးစမ်းကြည့်ခြင်း၊ ပေါင်ချိန် ကြည့်ခြင်း လုပ်နေရတော့သည်။

ကိုမြင့်ဇော်၊ ဦးကုလားကြီး၊ ဦးကိုကိုလေး (လူငယ်တပ်ဦး ဥက္ကဋ္ဌ မောင်း)၊ ကိုစိုးသိန်း (လူငယ်တပ်ဦး)၊ သခင်မြသန်း (စာရေးဆရာ)၊ ဘိုးသာဘေး (တက္ကသိုလ်ကျောင်းသား)၊ သခင် ခင်ဇော် (အလုပ်သမား ပါတီ)၊ ၎င်းတို့က အစာငတ်ခံ တိုက်ပွဲဝင်နေသော ကျွန်တော့်အား လေးလေး နက်နက် ထောက်ခံကြတော့သည်။ ၎င်းတို့နှင့် သက်ဆိုင်ရာ ခေါင်းဆောင် ပိုင်းတို့ကိုလည်း သခင်ဖေမြွေး အစာငတ်ခံတာဟာ မှန်တယ် ... ဒါကြောင့် ကျုပ်တို့ဟာ ပစ်မထားသင့်ဘဲ ကျုပ်တို့ အဖွဲ့ပေါင်းစုံမှ တတ်နိုင်သမျှ ရက်သတ္တပတ်လောက်ဖြစ်ဖြစ် ထောက်ခံပြီး အစာငတ်ခံ တိုက်ပွဲဝင်ကြ ရမယ်ဟု ဆုံးဖြတ်လာတော့သည်။

ပြည်သူ့ရဲဘော် အောက်ထပ်များ၊ အလုပ်သမားပါတီ အောက်ထပ်



များအပြင် သခင် ခင်ဇော် အပါအဝင် ထောက်ခံအားပေး ကူညီပူးပေါင်း တိုက်သင့်ကြောင်း၊ အောက်ထပ်လူများနှင့် အများစုတို့က ဆုံးဖြတ်လာ ကြသောအခါ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများက ဟိုရက် ရွှေ့၊ ဒီရက်ရွှေ့ လုပ်မနေနိုင်တော့ဘဲ ဆွေးနွေးပွဲ ထိုင်ကြရတော့သည်။

၁၉၅၉ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဒုတိယအသုတ် အစာငတ် ခံသူ ၅ ယောက်တို့ တိုက်ပွဲတွင်းသို့ ဝင်ရောက် လိုက်လာတော့သည်။ (ထောင်အာဏာပိုင်တို့ မျက်လုံးပြူးကြည့်လာပြီး ပြည်မ ထောင်မင်းကြီးထံ ဝိုင်ယာလက်စ်နှင့် သတင်းပို့ကြရသည်) မောင်မြအောင် (ညောင်တုန်း)၊ မောင်အုံးမြ (ဓနုဖြူ)၊ မောင်မြင့်အောင် (တွံတေး)၊ မောင်ချစ် (တွံတေး)၊ မောင်ညွှန့်လှိုင် (ကွမ်းခြံကုန်း) ၎င်းတို့ ငါးဦးအား ကျွန်တော်နှင့် နံပါတ် ၆ အဆောင်မှာ လာရောက် ပူးပေါင်း မထားဘဲ ၎င်းတို့ငါးဦး အစာငတ် ခံသူ ဒုတိယအသုတ်အား ထောင်ကျများ ဆေးရုံသို့ ပို့ထားလိုက်ပြီး၊ ထောင်ကျ လူနာများကိုလည်း အစာငတ်ခံသူများနှင့် ရောနှော မထားနိုင် သဖြင့် တခြားတစ်နေရာသို့ တစ်ဖန် ရွှေ့ရ ပြောင်းရပြန်နှင့် ထောင်အာဏာ ပိုင်တို့မှာ အလွန် ဘေးကျပ်နံကျပ် ဖြစ်သွားတော့သည်။

ဒုတိယအသုတ် အစာငတ်ခံသူများ၏ တောင်းဆို တင်ပြချက်မှာ ကား ...

(၁) လုံးဝ လွှတ်ပစ်ရန် ... သို့မဟုတ်

(၂) ပြည်မ ထောင်ကြီးများသို့ ပြန်ပို့ပေးရန်၊ သို့မဟုတ်

(၃) ပုဒ်မ ၅ အခွင့်အရေးကို အပြည့်အဝ ပြန်လည်ပေးရန် စသည် တို့ ဖြစ်ကြသည်။

စာရေးသူအား နံပါတ် ၆-အဆောင်မှာ သီးသန့် ခွဲခြားပြီး အဆောင် ပိတ်ထားသော်လည်း ၎င်းအဆောင်နှင့် နီးကပ်လျက်ရှိသော အဆောင် မှာကား နံပါတ် ၅-အဆောင်နှင့် နံပါတ် ၇-အဆောင်များ ဘေးချင်း ကပ်လျက် တည်ရှိကြပါသည်။ နေ့လယ် နေ့ခင်းဘက်တွင် သော်လည်း ကောင်း၊ ညဘက်တွင် သော်လည်းကောင်း၊ လူသံ တိတ်ဆိတ်ချိန်တွင် လည်းကောင်း ဘေးချင်းကပ်နေသော အဆောင်များမှ စကားသံ ခပ်ကျယ် ကျယ် ပြောလျှင် သူတို့ချင်းချင်း ပြောသလိုလို ပြောဆိုနေသော်လည်း ကျွန်တော်မှာ သဲသဲကွဲကွဲ ကြားသိရပါတော့သည်။ ဤနည်းအားဖြင့် သိသင့်

www.burmeseclassic.com

www.burmeseclassic.com



တာတွေ တချို့ကို ကျွန်တော်သည် အစာငတ်ခံနေရင်းပင် သိနှင့်နေပါသည်။ အချို့အချက်များကတော့ နောက်မှ တဖြည်းဖြည်း သိရပါသည်။ အစာငတ်ခံရက် ကြာလာလေလေ အိပ်၍မရတော့ဘဲ မျက်လုံးကြောင်နေပါသည်။ ဆေးအဆောင်များက အသံဗလံများကိုလည်း နားလျှင်လျှင်နှင့် နားထောင် အကဲခတ်နေရသည်။

**ထောက်ခံကြပြီ။ အားလုံး ပူးပေါင်း၍ ဝိုင်းတိုက်ရန် အခြေအနေ ရောက်လာခြင်း**

အိပ်ဆောင်များတွင် ကျွန်တော်နှင့် အစာငတ်ခံ ပေါင်း ၆ ဦးတို့အား ထောက်ခံကြောင်း၊ ၎င်းတို့အဖွဲ့အသီးသီးမှ ထောက်ခံရုံမက ၎င်းတို့အထဲမှပင် တစ်ဆင့်ပြီးတစ်ဆင့် အစာငတ်ခံတိုက်ပွဲဝင်သွားကြမည် ဖြစ်ကြောင်း အကြိတ်အနယ်ဆွေးနွေးပွဲများ မကြာခဏထိုင်ကြပြီး၊ နောက်ဆုံး အများစုနှင့် အောက်ထပ်ထုတို့၏ ဆန္ဒအရ၊ တွေဝေသော ခေါင်းဆောင်များပါ မနေသာဘဲ မိမိတို့ ခေါင်းဆောင်မှု မကျစေရန် အစာငတ်ခံ ဆန္ဒပြ တိုက်ပွဲဝင်တာ မှန်ပါသည်။ နောက်ထပ်၍လည်း တစ်သုတ်စီ တစ်သုတ်စီဖြင့် အဆင့်ဆင့်အားလုံး အစာငတ်ခံ တိုက်ပွဲဝင်ကြမည်ဟု ဆိုသည့် ဆုံးဖြတ်ချက်ကိုရသည်အထိ အခြေအနေ တိုးတက်လာတော့သည်။

ကျွန်တော်၏ အစာငတ်ခံရက် ၁၂ ရက် ပြည့်သောနေ့တွင် နောက်ထပ်အသုတ်များ အစာငတ်ခံကြရန် ဖြစ်လေရာ ထောင်အာဏာပိုင်တို့ထံ လည်း သတင်းပေါက်သွားလေရာ ထောင်အာဏာပိုင်တို့ ဝိုင်ယာလက်ဖြင့် ပြည်မသို့ သတင်းပို့ခဲ့ကြသည်မှာလည်း နေ့ဆက် ရက်ဆက် ဖြစ်နေလေပြီ။

သို့ကြောင့်ပင် ကျွန်တော် အစာငတ်ခံရက် ၁၁ ရက်မြောက်သော နေ့ ၁၉၅၉ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ကား ...

နေ့လယ် ၁ နာရီခန့်တွင် စစ်သင်္ဘော မေယုသင်္ဘော ဆိုက်ကပ်လာပြီး ရေလယ်တွင် မေယုက ကျောက်ချလိုက်ပြီးလျှင် သင်္ဘောဦး ကုန်းပတ်ပေါ်မှာ တင်ဆောင်လာသော စစ်ရဟတ်ယာဉ် (ဟယ်လီကော်ပတာ) နှင့် ကိုကိုးကျွန်းကြီးပေါ်သို့ စစ်ဘက်ဆိုင်ရာ ဗိုလ်မှူးကြီးများနှင့် ဒုတိယ ထောင်မင်းကြီး ဦးငြိမ်းလှိုင်တို့ လူကြီးပိုင်းများသည် စစ်ရဟတ်ယာဉ်



ပေါ်မှ ဆင်းသက်ကာ ရောက်ရောက်ချင်း ကိုကိုးကျွန်း ထောင်အာဏာပိုင် ၄ ဦးနှင့် တွေ့ပြီး ၎င်းတို့အားလုံး တစ်ခါတည်းပင် ကျွန်တော် အစာငတ်ခံနေရာ နံပါတ် ၆–အဆောင်သို့ တန်းတန်းမတ်မတ် လျှောက်လာကြပြီး စကားပြောကြတော့သည်။

ကျွန်တော်ကား အိပ်ရာပေါ်မှပင် စကားပြောသည်။ ဒုတိယ ထောင်မင်းကြီးနှင့် စစ်ဗိုလ်များက "သခင်ဖေမြွေး ဘာလိုချင်လို့ အစာငတ်ခံ ဆန္ဒပြပါသလဲ" ဟု ဝတ္တရားအတိုင်း မေးကြပါသည်။

ကျွန်တော်က အခြေအနေဆိုးများ အားလုံးကို အကျဉ်းချုံး တင်ပြပြီး ကျွန်တော်တို့ လိုချင်တာကို တင်ပြပါသည်။ ဤတွင် နားထောင်နေကြသော စစ်ဘက် တာဝန်ခံများထဲမှ အကြီးဆုံးဟု ထင်ရသော စစ်ဗိုလ်ကြီးက "သခင်ဖေမြွေးကို ကျွန်တော်တို့ အဖြစ်မှန်ကို တင်ပြချင်ပါတယ် ... ကျွန်တော်တို့မှာ အဘက်ဘက်မှ အလုပ်တွေက များနေလွန်းလို့၊ ကိုကိုးကျွန်းကိစ္စကို ကိုင်တွယ်နေရာမှာ အနည်းငယ် ကြန့်ကြာမှု ရှိနေလို့ပါ၊ လုံးဝ ဂရုမစိုက် ပစ်ထားတာတော့ မဟုတ်ပါဘူး။ အခုဆိုရင်အားလုံးစီစဉ်ပြီးပါပြီ။ ၁။ လွှတ်သင့်သူတွေကို ရွေးချယ်ပြီးပါပြီ။ လုံးဝ လွှတ်ပေးပါမယ်။ ၂။ ပြည်မထောင်ကို ပြန်ခေါ်ပြီး အမှုစစ်သင့်တဲ့အမှုကို ရုံးတင် အမှုစစ်ရန်ကိုလည်း စီစဉ်ပြီးပါပြီ။ ၃။ ဘီအတန်း စပယ်ရှယ်ကလပ်စ် အဆင့်အတန်း ပြန်ထားသင့်သူတွေကို ပြည်မသို့ ပြန်မခေါ်မီ ဒီကျွန်းထောင်မှာပဲ ပြန်ပေးရန်လည်း စီစဉ်ကြပြီးပါပြီ။ အဲဒါတွေဟာ သခင်ဖေမြွေးတို့ အစာငတ်မခံသေးမီကာလ အပိုင်းအခြားလောက်တည်းက ကျွန်တော်တို့က စီစဉ်ဆွေးနွေး ဆုံးဖြတ်ကြပြီး ဖြစ်နေပါပြီ။ ဒါကြောင့် တိုတို ပြောချင်တယ် ... သခင်ဖေမြွေး အစာပြန်စားပါ၊ တစ်လခန့် စောင့်ကြည့်ပြီး သည်းခံစောင့်ဆိုင်းပါ။ တစ်လကျော်လို့မှ ကျွန်တော်တို့ပြောတာ မဟုတ်လျှင် ခင်ဗျားတို့ အချိန်မရွေး ပြန်ပြီး အစာငတ်ခံနိုင်ပါတယ်" ဟု ပြန်ကြားလိုက်ပါသည်။ ကျွန်တော် ပြောလိုက်သည်ကား– "ကောင်းပြီ ... ကျုပ် တစ်လတိတိ စောင့်ကြည့်မယ်၊ အခု အစာပြန်စားမယ်၊ တစ်လတိတိ စွေ့လို့မှ ခင်ဗျားပြောတဲ့အတိုင်း မဖြစ်ရင်တော့ အစာငတ်ခံ တိုက်ပွဲကို ပြန်စမှာပဲ" ဖြစ်သည်။

ထောင်အာဏာပိုင်များမှာ မျက်နှာများ ပြုံးပြုံး ပြုံးပြုံးဖြင့် "ကဲ

www.burmeseclassic.com

www.burmeseclassic.com



... သခင်ဖေမြွေး၊ ဟို ၅ ယောက် အစာငတ်ခံနေတာလည်း ပြန်စားကြဖို့ ခင်ဗျားထံက စာရေးပေးစမ်းပါဦး"

"ဒါကတော့ သူတို့သဘောနဲ့ သူတို့ အဆုံးအဖြတ် ရှိပါလိမ့်မယ် ... သို့ပေမဲ့ ကျွန်တော် စာရေးပေးလိုက်ပါမယ်" ဟု ပြောပြီး ကျွန်တော်က အကျိုးအကြောင်း စာရေးပေးလိုက်သည်တွင် မကြာမီ ရဲနီများ ၅ ယောက်နှင့် အိပ်ရာလိပ်များ ကျွန်တော်ရှိရာ နံပါတ် ၆–အဆောင်သို့ ပြုံးရွှင်စွာ ရောက်လာကြတော့သည်။

သကြားနှင့် သံပရာရည်၊ အဖျော်ယမကာတို့ဖြင့် မှီဝဲပြီး ထိုနေ့က စ၍ သပိတ်လှန်လိုက်ကြတော့သည်။

၁၂ ရက်နေ့မှာ အစာငတ်ခံ တိုက်ပွဲဝင်ရန် တာစူထားကြသော အဖွဲ့ပေါင်းစုံမှ ခေါင်းဆောင်များမှာလည်း အစာငတ်ခံကြရန် မလိုကြတော့ဘဲ ၎င်းတို့လူများကိုလည်း ၅ ယောက် တစ်တွဲ၊ ၄ ယောက် တစ်တွဲစီ ထောင်မင်းကြီးနှင့် စစ်ဗိုလ်ကြီးများက ကျွန်တော်နှင့်တွေ့ပြီး အပြန်တွင် ထောင်ရုံးခန်းတွင် ထိုင်ကြ၍ လူအားလုံးကုန်ကို အလှည့်ကျဖြင့် ခေါ်တွေ့ကြပြီး ၂ ရက် ဆက်၍ စကားပြောသွားကြပါသည်။

## ဘီတာလစ်စ် ရှိပြီ

စစ်ဗိုလ်ကြီးများနှင့် ထောင်မင်းကြီးတို့ ပြန်သွားကြပြီး ၁၁ ရက်မြောက်သောနေ့တွင် ဝိုင်ယာလက်ဖြင့် အမိန့်စာ ရောက်လာသည်မှာ ...

၁။ သခင်ဖေမြွေး၊ ၂။ သခင်မြသန်း၊ ၃။ ကိုအုန်းမောင်၊ ၄။ ကိုမြင့်ဇော်၊ ၅။ ဦးအောင်သန်း၊ ၆။ ကိုလှသောင်း (ဖျာပုံအမတ်)၊ ၇။ ကိုတင်စော၊ ၈။ ကိုထွန်းအေး (မန္တလေး) စုစုပေါင်း လူပေါင်း ၃၀ ယောက်တို့အား စပယ်ရှယ်ကလပ်စ် အဆင့်အတန်း အစားအသောက်များ ကျွေးရမည်ဟု ဖြစ်ပေသည်။

မှတ်ချက်။ ။ ၃–ထောင်မင်းကြီးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ ကိုကိုးကျွန်းမှ ပြန်သွားကြပြီး ၁၁ ရက်မြောက်သောနေ့တွင် လူပေါင်း ၃၀ ကျော်အား စပယ်ရှယ်ကလပ်စ် အဆင့်အတန်းနှင့် ညီမျှသော အစားအစာကျွေးရန် ဝိုင်ယာလက် အမိန့်စာ ရောက်လာပြီးလျှင် နောက်ထပ်ရက်ပေါင်း ၁၂ ရက်ကြား အကွာတွင်ကား ညဘက် ရေဒီယို အသံလွှင့်ဌာနမှ



ကြေညာချက် ထုတ်ပြန်သည်မှာ "ကိုကိုးကျွန်း အကျဉ်းထောင်သို့ ပို့ထားခြင်း ခံရသော ပုဒ်မ ၅ အားလုံးကို ရွေးကောက်ပွဲအတွက် အရွေးခံနိုင်ရန်၊ သို့မဟုတ် မဲဆန္ဒပေးနိုင်ရန်အတွက် ပြည်မထောင်ကြီး အသီးသီးသို့ ပြန်ခေါ်ယူရန် ဒီဇင်ဘာလ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ ပြန်ခေါ်မည်" ဟု ကြေညာလိုက်သံ ကြားရတော့သည်။

ကိုကိုးကျွန်းရှိ ပုဒ်မ ၅–များ ရေဒီယိုမှ အသံကြားလိုက်သည်နှင့် တစ်ပြိုင်နက် ထ ခုန်ပေါက် အော်ဟစ်မြူးထူးကြတော့သည်။

မှတ်ချက်။ ။ ကျွန်တော်တို့ အစာငတ်ခံ ဆန္ဒပြမှုကြောင့် စစ်ဘက်နှင့် ထောင်ဘက်ဆိုင်ရာ တာဝန်ခံ အကြီးအကဲများ အရေးတယူ လာရောက်ကြည့်ရှု စုံစမ်းမေးမြန်းသွားကြရသည်တို့မှာ ကျွန်တော်တို့ လူစုကလေးက စတင်၍ အနစ်နာခံ ခေါင်းဆောင်ပြီး၊ ရှေ့ပြေးတိုက်ပွဲဝင်ပြီး လှုပ်ရှားမှုကြောင့်ပင်ဟု နိုင်ငံရေးသဘာဝကို နားလည်သူတိုင်းက သင်ခန်းစာတစ်ရပ်ရရှိမည် ဖြစ်၏။

ကျွန်တော်တို့လို ပုဒ်မ–၅ အကျဉ်းသားတို့အားလုံး ပြန်ကြရတော့မည်မှာ သေချာနေလေပြီ။

ထိုအချိန်အခါတွင် မကြာခဏ ဝက်သားစားရခြင်း၊ ဘဲသား စားရခြင်းဖြင့် အစားအသောက်များမှာ ကောင်းမွန်လာပါတော့သည်။

စာရေးဆရာ သခင်မြသန်းနှင့် ကိုမြင့်ဇော်၊ ကိုလှသောင်း (ဖျာပုံအမတ်) တို့က သခင်ဖေမြွေးကို ဂုဏ်ပြုချီးကျူးသည့်အနေနှင့် ၎င်းတို့အိမ်မှ ပို့လိုက်သော အစားအစာများထဲမှ (ဟိုရိုရှီးမားနေ့ လုပ်ရမည်လား–ဟု အိမ်က ရောက်နေသော အစားအသောက် သေတ္တာများ အချို့ကို ရုံးခန်းထဲတွင် သော့ပိတ်ခတ်ပြီး သိမ်းဆည်းထားခဲ့ခြင်းတို့ကိုလည်း ပြန်ရရှိကြပြီးဖြစ်သည်) အစာငတ်ခံသူ ရဲနီ ၆ ယောက်အား ခွဲဝေပေးရန် သဘောတူကြပြီး ဝေငှပေးကြ၏။

လမ်းစဉ်အယ်ဒီတာ ကိုစောလွင်ကလည်း အသားစွပ်ပြုတ်များအိုးကြီးနှင့်ပြုတ်ပြီး စွပ်ပြုတ်အိုးကြီးကို ကိုယ်တိုင် မ ယူလာပြီး၊ အစာငတ်ခံ အောင်မြင်သူ ၆ ယောက်အား ကျွေးမွေးပြုစုပါသည်။ ဟိုက ဒီက စားစရာများ ပေးကြ၊ ကမ်းလှမ်းကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုးကျွန်း စစ်တပ်မှ စစ်တာဝန်ခံကလည်း ပဲသီးဘူး သံဘူး တစ်ခု ကျွန်တော့်ကို လာပေးပါသည်။

* * *

ပင်လယ်ကမ်းခြေ ရေစပ်နှင့် အကျဉ်းထောင်နေရာ၊ အကျဉ်းစခန်းဖြင့် ၃ ဖာလုံခန့် ၄ ဖာလုံခန့် ဝေးကွာမည် ထင်ပါသည်။

နွေ၊ မိုး၊ ဆောင်း မပြတ် ပင်လယ်လှိုင်းတံပိုးများ ပုတ်ခတ်သံ၊ လှိုင်းနှင့် ကျောက်ဆောင်များ ရိုက်ခတ်သံတို့မှာ တစ်ရံမပြတ် အမြဲတစေ အသံဗလံများ ကြားနေရတော့သည်။

မိုးတွင်းကာလ လေပြင်းတိုက်ခတ်ချိန်တို့တွင် ပေ ၃၀ ကျော်၊ ပေ ၄၀ အထိ မြင့်မားသော လှိုင်းလုံး လှိုင်းစောင်းဖြူကြီးများ တလိမ့်လိမ့် တစ်လုံးပြီးတစ်လုံး ... ဆက်ခါ ဆက်ခါ လာသံတို့မှာ ကြောက်မက်ဖွယ် ခြိမ်းခြောက်လျက် ရှိတော့သည်။

သားတကွဲ မယားတကွဲဖြင့် ထောင်ထဲမှာ အကျဉ်းကျခံ မနေခဲ့ရဘူးသူ အဖို့မှာ ရိုးရိုးအကျဉ်းထောင်များတွင်ပင် ကျရောက်နေခြင်း၌ အတိဒုက္ခ ဖြစ်ကြရသည်။

ထောင် ဆို၍ ဘယ်ထောင်၊ ဘယ်အချုပ်မှ မရောက်ဘူးသူများ၊ တစ်ခါတစ်ရံမျှ အဖမ်းမခံရဘူးသူများအဖို့တွင် ကိုကိုးကျွန်း ကဲ့သို့သော ပင်လယ်ရပ်ခြား မှန်တိုင်း၊ လှိုင်းလုံး ရိုက်ခတ်သံတွေ သောသောညံစီနေသည့် အကျဉ်းထောင်မျိုးတွင်ကား မျက်ရည်ပေါက်ကြီးငယ် ကျရောက်သူများ၊ ရှိက်ကြီးတငင် ငိုကြွေးမြည်တမ်းကြသူ၊ အသက်အရွယ် ကြီးရင့်ကြသော မြန်မာ ဆေးဆရာကြီး တစ်ဦးနှင့် ပန်းပဲဆရာကြီး တစ်ဦးဖြစ်သူ ညောင်တုန်းမြို့နယ် ပမညတ အဖွဲ့ လူကြီးများကို တွေ့မြင်ရသူတိုင်းမှာ စိတ်နှလုံး မချမ်းမြေ့ဖွယ်ဖြစ်မိခဲ့သည်ချည်းပင်။

ကျွန်တော့်အဖို့မှာတော့ ... ကိုကိုးကျွန်း အကျဉ်းထောင်၏ အတိဒုက္ခလောက်ကို ထုသား ပေသား ရလာခဲ့ပြီးသူပီပီ ခံနိုင်စွမ်းရည် ရှိသော်လည်း၊ ကျွန်တော့်ထက် အသက်အရွယ်ကလည်း ကြီး၊ နိုင်ငံရေးသမားလည်း မဟုတ်၊ တော်လှန်ရေးသမားကြီးတွေလည်း မဟုတ်ပါဘဲလျက် ပြည်တွင်းငြိမ်းချမ်းရေးကို လိုချင်ကြ၍သာ မိမိတို့ မြို့နယ်အတွင်းရှိ သာမန်



နိုင်ငံရေးလုပ်ငန်း၊ ဥပဒေဘောင်အတွင်းက လုပ်ငန်း အနည်းငယ်မျှသာ လုပ်ဆောင်ခဲ့ကြသည့် ဖော်ပြပါ ပုဂ္ဂိုလ်များကိုလည်း ဤကိုကိုးကျွန်းအထိ ပို့နိုင်ရက်လေခြင်းဟု စိတ်မချမ်းမသာ ဖြစ်မိပါသေးသည်။

## ကိုကိုးကျွန်းမှ ပြည်တော်ပြန်

၂၇-၁၂-၅၉။ ။ ညနေဘက် ၃ နာရီ ၄ နာရီတွင် ညစာထမင်း စောစောစားကြပြီး အဆောင်လိုက် အဆောင်လိုက် ကျွန်တော်တို့ပစ္စည်းများ၊ လူများကို ထောင်အရာရှိများက ရှာဖွေပြီးလျှင် တစ်နေရာတွင် ရှာဖွေပြီးသော ပစ္စည်းများနှင့် လူများကို စုရုံးထားပြီးမှ လူအမည်များကိုခေါ်၍ ပင်လယ်ဆိပ်ကမ်းသို့ ဆင်းရသည်။

ကျွန်တော်၏ အဖော်များက ပစ္စည်းများကို ဝိုင်းဝန်းသယ်ယူပေးကြခြင်းကြောင့် ကျွန်တော်သည် လူရှည်းသက်သက် တဖြည်းဖြည်း တစ်လှမ်းခြင်းဖြင့်သာ ၃ ဖာလုံခန့် လျှောက်ရတော့သည်။

ပင်လယ်ကမ်းခြေ ရေစပ်သို့ နေမဝင်မီပင် ရောက်နှင့်ကြပါသည်။ သို့ရာတွင် သင်္ဘောကြီးမှာ ကမ်းစပ်ဖြင့် အလှမ်းကွာဝေးသည့် တစ်နေရာတွင် ကျောက်ချပြီး ရပ်နားထားသည်။ 'သီဟ' အမည်ရှိ သင်္ဘောကြီး တစ်စင်း ဖြစ်ကြောင်း သိရပါသည်။ ၎င်းမှလွှတ်မည့် လိုက်ဘုတ် (စက်မော်တော်) ကလေးများ အလာကို စောင့်မျှော်ကြရင်းဖြင့် အမှောင်သန်းခဲ့ပါပြီ။

စောစောကပင် ကမ်းစပ်သို့ ရောက်နေကြတော့သော လူအုပ်ကြီးမှာ ပင်လယ်ကမ်းစပ်မှ ဂဏန်းကလေးများ လိုက်ကောက်သူ၊ ဝင်ကစွပ်ကောင်ကလေးများ ဖမ်းသူ ဖမ်းနေကြရင်းဖြင့် သင်္ဘောကြီးပေါ်မှ လွှတ်လိုက်မည့် မော်တော်ဘုတ်များ အလာကိုသာ စောင့်နေကြရတော့သည်။

နေမင်းသည် ပင်လယ်ရေပြင်သို့ ငုပ်လျှိုးသွားလေပြီ။ သင်္ဘောပေါ်သို့သွားရန် တစ်သုတ်ပြီးတစ်သုတ် မော်တော်ကလေးများနှင့် ပင်လယ်လှိုင်းတံပိုး အကြားမှ ပင်လယ်ရေပြင်ပေါ်တွင် လူးလာခေါက်ပြန် [illegible] ၅ များကို သင်္ဘောကြီးဆီသို့ ပို့ဆောင်ပေးနေကြသည်။

နေဝင်သွားပြီ ဖြစ်သော်လည်း ကောင်းကင်မှ ရောင်ပြန်ဟပ်သည့် ဆည်းဆာရောင်မှာ သင်္ဘောကြီးဆီသို့ လှမ်းမြင်ရပါသေးသည်။ ကမ်းခြေ

www.burmeseclassic.com



နှင့် ခပ်လှမ်းလှမ်း အကျဉ်းထောင် မျှော်စင်ပေါ်မှနေပြီး ဆတ်ချ်လိုက် မီးမောင်းကြီးများဖြင့်လည်း ပင်လယ်ကမ်းစပ်သို့ ထောင်ကြီးဆီမှ မီးထိုး ပြနေပါသေးသည်။ သီဟ သင်္ဘောကြီးပေါ်မှာလည်း မီးလုံးကြီးများအရောင် မှာ တပြောင်ပြောင် ထွန်းလင်းလျက်ရှိ၏။

နောက်ဆုံးအသုတ်ဖြစ်သော ကျွန်တော်တို့လူစု ဆေးရုံမှ လူမမာ များ မော်တော်ပေါ် တက်ချိန်မှာကား နေရောင်ခြည်၏ ရောင်ပြန်ဟပ်မှု မရှိတော့ဘဲ မှောင်ကြီးမည်းမည်းတွင် ကုန်းပေါ်ရှိ ထောင်ကြီး မျှော်စင်မှ မီးမောင်းကြီးများ ထိုးပြထားသည့်အတွက် အနည်းငယ်မျှ မြင်ရရုံသာ ရှိပါတော့သည်။

ကျွန်တော်တို့ လူမမာများ လိုက်ပို့သော ဦးဘရွှေထွန်း (ခေါ်) ထောင်ကျ၊ ဆေးရုံသူနာပြု ဘိတ်သားကြီးမှာ ကျွန်တော့်အား အခြား ထောင်ကျ အဖော်များနှင့် ၂ ယောက် ၃ ယောက်မျှ ပွေ့ချီမြှောက်၍ မော် တော်ဘုတ်ကလေးပေါ်သို့ တင်ပေးရသည်။ မော်တော်ဘုတ်မှာလည်း မီးပြ သင်္ဘောပေါ်က လိုက်ဘုတ်လောက် မသေးငယ်ပါ။ တော်တော်လေး ကြီး သဖြင့် မြင့်လည်း မြင့်၍ ကျွန်တော့်အား အတော်ကြီး မြှောက်၍တင်မှ ရပါတော့သည်။

ပစ္စည်းတွေရော၊ လူတွေပါ မော်တော်ဘုတ်ပေါ် ရောက်ကြပြီ။ ကျွန်းပေါ်မှ လိုက်ပို့ကြသော ကျွန်ရစ်သူ ထောင်ကျ အကျဉ်းသားတို့မှာ သံတိုရ လွမ်းဆွတ်ကျသည့် အမူအရာတို့ကို တွေ့မြင်ခဲ့ရပါသည်။ လိုက်ပို့ ကြသူ ထောင်မှူးများ၊ ဝါဒါများ၊ အကျဉ်းသားများ အားလုံးကို အော်ဟစ် နှုတ်ဆက်ကြရင်း မော်တော်ကလေးမှာ ပင်လယ်ရေပြင်တွင် ခုန်ပေါက် ထွက်လာခဲ့တော့သည်။

ပင်လယ်လှိုင်းကြီးများမှာ ရေတက်လာချိန်ဖြစ်၍ စောစောက အချိန် ထက် ပြင်းထန်လာလေပြီ။ မော်တော်ဘုတ်ပေါ်တွင် လှိုင်းစီး၍ ကောင်း သလောက် သင်္ဘောပေါ် တက်ရန်အတွက် အခက်အခဲနှင့် ရင်ဆိုင်တိုးနေ လေပြီ။ မော်တော်မှာ သင်္ဘောကြီး နံဘေးသို့ ဝင်ကပ်လိုက်ပြီး တွဲလောင်း ချပေးထားသော ကြိုးလှေကားနှင့် တက်ရန် အလွန်ခက်ပြီး အလွန် အန္တရာယ် ကြီးနေတော့သည်။

အကြောင်းကား … ပင်လယ်လှိုင်းတံပိုး ရိုက်ခတ်နေသည့် အဆက်



မပြတ် လှုပ်ရှားမှုကြောင့် မော်တော်ဘုတ်နှင့် သင်္ဘောကြီး နံရံမှာ ကွာသွား လိုက်၊ ပြေးကပ်သွားလိုက်၊ အောက်သို့ နိမ့်ကျ ဆင်းသွားလိုက်၊ အပေါ်သို့ မြှောက်ပင့်တက်လာလိုက်နှင့် အလွန့်အလွန် လှုပ်ရှားနေသဖြင့် ကြိုး လှေကားကြီးကို လှမ်းဆွဲတက်ရန် ကျွန်တော်နှင့်တကွ ကျွန်တော့်ကို တွဲထူ ပွေ့ဖက်ထားသူများပါ အရက်မူးပြီး နတ်ရူးက ကနေသကဲ့သို့ ဖြစ်နေလေ တော့သည်။

ဘယ်လိုမှ တက်လို့မရအောင် အတော်ကြာကြာ ဖြစ်နေတော့မှ သင်္ဘောပေါ်က အရာရှိနှင့် မော်တော်ဘုတ်မောင်းသူတို့က "ဆရာကြီး … ဒီက မတက်နဲ့တော့၊ ထိုင်ပါ … ထိုင်ပါ၊ မော်တော်ကို ကရိန်းကြိုးနှင့် ဆွဲတင်မယ်" ဟု ပြောသဖြင့် ပြန်ထိုင်နေရသည်။

မကြာမီ သင်္ဘောကြီးပေါ်မှ ကရိန်းသံကြိုးကြီး နှစ်ချောင်း ကျလာ ပြီ၊ ကျွန်တော် စီးသော မော်တော်ဘုတ် ဦးပိုင်း တစ်ချက်နှင့် ပဲ့ပိုင်း တစ်ချက်ရှိ သံကွင်းတွင် ချိတ်ဆွဲပြီး ကောင်းကင်သို့ မြင့်တက်လာပါ တော့သည်။

မော်တော်မှာ ရေပြင်နှင့် လှိုင်းရိုက်ခတ်မှုဒဏ် မရှိသော်လည်း ပုခက်လွှဲသလို အနည်းငယ် ဘေးတစ်ဖက်တစ်ချက် ယမ်းနေပါသေးသည်။ နောက်မှ တဖြည်းဖြည်း ငြိမ်သွားပြီး သင်္ဘောကြီး ကုန်းပတ်နှင့် ညီနေ တော့မှပဲ ထားဝယ် ဖေစီနှင့် ကိုသန်းဇော်တို့ ဗလခွန်အားကောင်းသူ နှစ်ဦး က မော်တော်ဘုတ်ပေါ်မှတစ်ဆင့် သင်္ဘော ကုန်းပတ်ပေါ်သို့ ပွေ့တင်ယူငင် လိုက်နိုင်ကြတော့သည်။

သင်္ဘောကြီးပေါ်သို့ ပုဒ်မ ငါး တွေရော၊ ပစ္စည်းတွေရော အားလုံး ရောက်ကြပါပြီ။ သို့သော်လည်း သင်္ဘောကြီး ကိုယ်တိုင်ကပင် ပင်လယ် ရေလှိုင်းဒဏ်ဖြင့် ကျောက်ချထားရာတွင် တလူးလူးတလွန့်လွန့်နှင့် လှုပ်ရှား နေသေးသဖြင့် မူးသူများ မူးနေကြပါသည်။ ပုဒ်မ ငါး ဦးထွန်းတင် (ဝတ်လုံ) မှာ မူးသူများကို ရှူဆေးရည်များ လိုက်လဲပေးပြီး ပြုစုနေပါ သည်။

ကျွန်တော့်အား ပုဒ်မ ငါး ရဲဘော်အချင်းချင်းတို့က ဝိုင်းဝန်း ပြုစု ကြပါသည်။ အိပ်ရာလိပ် ခင်းပေးခြင်း၊ ပက်လက်ကုလားထိုင် ခင်းပေးခြင်း တို့ဖြင့် ပြုစုကြသည့်အပြင် အစားအသောက်များလည်း ရှိစုမဲ့စုသာကျွေး

www.burmeseclassic.com

www.burmeseclassic.com



ကြပါသေးသည်။ ဤညက အဘယ်သူသည် နှစ်နှစ်မြိုက်မြိုက် အိပ်၍ ပျော်နိုင်ကြအံ့နည်း။ အတွေးကိုယ်စီဖြင့် လည်းကောင်း၊ ကျောက်ချထားသည့် သင်္ဘောကြီးမှာကလည်း အငြိမ်မနေဘဲ တလူးလူးဖြင့် လှုပ်ရှားနေသည်က တစ်ကြောင်း၊ ပင်လယ်ပြင်နှင့် ကောင်းကင်ရဲရဲကို မော့မျှော်ကြည့်လျှင် မှောင်နှင့်မည်းမည်းထဲတွင် ကြယ်ပွင့်ကလေး တစ်ပွင့် နှစ်ပွင့်။

ကိုကိုးကျွန်း ကမ်းခြေဘက်ကို လှမ်းကြည့်လျှင် ထောင်မှ မီးရောင်များ၊ ဝါဒါလိုင်း၊ စစ်လိုင်း၊ ပုလိပ်လိုင်းတို့ဘက်မှ မီးရောင်များကို မှုန်မွှားမွှား တွေ့မြင်ရပါသည်။

သို့ဖြင့် ဤညတွင် သင်္ဘောမှာ ကျောက်ချထားသည့်အတိုင်း တစ်ည အိပ်စက်ကြရသည်။

## နေရစ်တော့ ကိုကိုးကျွန်း

နောက်တစ်နေ့ နံနက်မိုးသောက်ယံသို့ ကူးပြောင်းလာခဲ့လေပြီ။ ပင်လယ်ပြင် သင်္ဘောပေါ်မှ အရုဏ်ခြည် အလင်းရောင်ဖြင့် လှမ်းမျှော်ကြည့်လိုက်ကြပြီးလျှင် မိမိတို့ စံမြန်းခဲ့ရာ ငရဲပြည်ကလေးကို မနှစ်မြို့သော ခွန့်ခွာရမှုအတွက် တစ်ယောက်သော ပုဒ်မ ငါး တစ်ဦး၏နှုတ်မှ "နေရစ်ပေတော့ ကိုကိုးကျွန်း ..." ဟု အော်လိုက်သတည်း။

ကိုကိုးကျွန်း အလာတုန်းကလို သင်္ဘော ဝမ်းခေါင်းထဲမှာ စီးရခြင်းမျိုး မဟုတ်ဘဲ သင်္ဘော ကုန်းပတ်ပေါ်မှာ လွတ်လွတ်လပ်လပ် စီးလာခဲ့ကြ၍ ရေချိုးခြင်း၊ လမ်းလျှောက်ခြင်း၊ ရေနွေးတည်သောက်ကြခြင်း၊ ထောင်အမှုထမ်းများ ချက်ပြုတ်ပေးသော ထမင်းဟင်းလျာများကို ထမင်းစားချိန် နံနက်ပိုင်းတွင် အစုလိုက် အစုလိုက် တပျော်တပါးကြီး စားကြနှင့် ကျွန်တော်တို့ ပျော်ရွှင်နေကြတော့သည်။

အချို့မှာတော့ သင်္ဘော မထွက်မီရော၊ သင်္ဘောထွက်ပြီးနောက် လှိုင်းမူး၍ နေကြသည်။ အချို့မှာတော့ စိတ်ပျော်ရွှင်သော်လည်း လူကတော့ အိပ်ရာပေါ်မှာပဲ လဲလျောင်းနေရရှာသည်။

၂၈-၁၂-၅၉ နံနက် နေမင်း မထွက်ပေါ်လာမီ ရွှေတော်ပြေးနေနှရောင်ခြည်သည် ပင်လယ်ရေပြင်ကျယ်ကြီး၏ နောက်ဆုံး အကျဆုံး တစ်နေရာမှ ထွက်ပြူလာတော့သည်။



ကျွန်တော်တို့ ကြည့်နေကြရင်းပင် နေမင်းသည် စိတ်မရှည်တော့သည့်အလား တစ်ဝက်ခန့်မျှ ပြူထွက်လာပြီးနောက် ဖြန်းဆို ရုတ်တရက် တစ်ခါတည်း ပင်လယ်ရေပြင်ထဲမှ ခုန်ထွက်လာဘိသကဲ့သို့ ထွက်ပေါ်လိုက်တော့သည်။

ပင်လယ်ထဲတွင် နေထွက်ပြူလာသည့် သဘောမှာ တစ်ခါတည်း နေလုံးကြီးမှာ ဘွားခနဲ ရုတ်ခြည်း ပေါ်ထွက်လာသည့်အချက်ကို ပင်လယ်ကျယ် ရေလမ်းခရီး သွားဖူးသူများသာ သိ၏။ ကမ္ဘာလုံးကြောင်းကို သက်သေခံနေသည့် သာဓကတစ်ခု ဖြစ်ပေသည်။

သင်္ဘောသည် ထွက်ခဲ့ပေပြီ။ ကိုကိုးကျွန်း ကမ်းခြေကိုပတ်လျက် ရွာမ ခေါ် ယနု လေယာဉ်ပျံကွင်း ဆောက်လုပ်နေသော ကိုကိုးကျွန်း၏ ပုဒ်မ ငါး အကျဉ်းထောင်နှင့် ၆ မိုင်ခန့် ကွာဝေးသော ၎င်းကျွန်းဖျား တစ်နေရာသို့ သင်္ဘောမောင်းလာသည့် လမ်းတွင် ရှုမျှော်ခင်းများ၊ ကျောက်ဆောင်များ၊ ပြာလဲ့လဲ့ ပင်လယ်ရေပြင်နှင့် ထွက်ပြူလာစ နေမင်း၏ အရောင်ဟပ်၍ တိမ်တိုက်တို့မှာ အနီ အဝါ အပြာနှရောင်များဖြင့် ပင်လယ်ရေပြင်ပေါ်တွင် တစ်ဆက်တည်း မိုးကာ၍ နေလိုက်ပုံတို့မှာ သာယာလှပနေလေတော့သည်။ ဩော် ... ငါတို့ နေလာခဲ့ရသော ငရဲပြည် သံဆူးကြိုးဝိုင်းအတွင်းက ရှုမျှော်ခင်းနှင့် ကွာလေခြင်းဟု အောက်မေ့မိတော့သည်။

ကိုကိုးကျွန်း၏ တစ်နေရာ ရွာမတွင် သင်္ဘောသည် ရေလယ်၌ ခေတ္တ စက်လျှော့ပြီး ကျောက် မချဘဲ ရပ်နားနေခိုက် အုန်းသီးအနည်းငယ် တင်ခြင်း၊ သင်္ဘော ဆိပ်ကမ်းလုပ်ရန် လာကြသည့်သော ရန်ကုန် မှ နေဗီ ရေတပ်မတော်သားများ မော်တော်ဘုတ်ကလေးနှင့် ကပ်လာကြပြီး သီဟ သင်္ဘောကြီးနှင့်ပင် ရန်ကုန် လိုက်လာကြပါသည်။

၎င်းမှ သင်္ဘောထွက်လာရာ ကိုကိုးကျွန်းလေး အလွန်တွင် မီးပြ အဆောက်အဦ (ဘုရားဖြူလိုလိုအဆောက်အဦ) ကို အဝေးမှ မြင်ကြရသည်။ မီးပြ အဆောက်အဦ ရှိသော ကျွန်းလေးကို စားပွဲကျွန်း ဟု ခေါ်ကြောင်း သိရသည်။

မှတ်ချက်။ ။ ကိုကိုးကျွန်း တစ်ဝိုက်တွင် ကျွန်းကလေးများနှင့် ကျောက်ဆောင်များ အလွန် များပြားလှသည်။

ဤသို့ဖြင့် ပင်လယ်ပြင်ကြီးထဲတွင် တစ်နေ့လုံး တစ်ညလုံး သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ခုတ်မောင်းလာခဲ့စဉ် ရေချိုး၊ ထမင်းစား၊ ဆေးလိပ်သောက်၊ လှုတ်ပြီး သဘော်ာ တစ်ပတ်လောက် လမ်းလျှောက်ကြည့်၊ ညောင်းလျှင် အိပ်ရာပေါ် လှဲအိပ်လိုက်နှင့် အချိန်ဖြုန်းခဲ့ရသည်။ ညနေစောင်းတွင် သင်္ဘောသား တချို့တို့ အလုပ်အားသဖြင့် ကျွန်တော်နှင့် အနည်းငယ် လာရောက် စကား ပြောကြသေးသည်။ စကားလက်ဆုံကျလာပြီး အလုပ်သမားတို့က ရေနွေး အိုး တည်ပေး၍ ရေနွေးကြမ်းသောက်ရင်း သင်္ဘောသား အလုပ်သမား အခွင့်အရေး အခြေအနေတို့ကို အတော်အသင့် ဆွေးနွေးလေ့လာခဲ့ရပါ သေးသည်။

သခင် ဘမောင်ကြီး တစ်ယောက်မှာ ကိုကိုးကျွန်း ထောင်မှာတုန်းက တယောကလေး တစ်လက်ဖြင့် တယောထိုးရင်း အေးအေးနေတတ်သည်။ ယခု သင်္ဘောပေါ်တွင် ပျော်ပျော်ရွှင်ရွှင် တီးမှုတ် လိုက်လာရမည့်ကာလ ရောက်နေတော့မှပဲ သခင်ဘမောင်မှာ သင်္ဘောမူးပြီးလျှင် ကျွန်တော့်ဘေးက အိပ်ရာပေါ်မှ လုံးဝ မထနိုင်ရှာဘဲ အစားလည်း မစားနိုင်၊ တယောကလေး ချထားပြီး အိပ်နေရှာတော့သည်။

တွံတေးဘက်မှ အသက် ၆၀ ကျော် အဘိုးကြီး ဦးသာခံမှာကား လုံးဝမူးခြင်း မရှိရုံမက အသက် ၂၀ အရွယ်နှင့် အောအန်မူးဝေပြီး ပါလာ သည့် တွံတေး မောင်မြင့်အောင် ဆိုသူ သူငယ်၏ အန်ဖတ်တွေကို ရေဆေး ပေးခြင်း၊ အန်ဖတ်တွေ ပေရေနေသော မောင်မြင့်အောင်၏ အဝတ်များကို လျှော်ဖွပ်ပေးနေလိုက်သေး၏။ “အာဂ” အဘိုးကြီးပဲ။

ညောင်တုန်းဆေးဆရာကြီး အသက် ၆၀ ကျော် ဦးစိုးမြင့်နှင့် တွံတေး ဦးသာခံ ၆၀ ကျော် အဘိုးကြီးနှစ်ဦးမှာကား လုံးဝ မမူးမဝေဘဲ သင်္ဘောပေါ်တွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ရပါသည်။

ပင်လယ်ခရီးသွားခြင်း၏ အတွေ့အကြုံအရ လေ့လာရသော ကောက်ချက်ကတော့ အသက်ကြီး အသက်ငယ်ခြင်းတို့ပေါ်မှာ မတည်ဘဲ ကျန်းမာရေးကောင်းခြင်း၊ အမူးအဝေ ခံနိုင်ခြင်းက အရည်အချင်းတစ်မျိုး ဖြစ်တော့သည်။ ဖေယျဝတီမှ ရမ်းတပုံစား ဆိုသော ဟင်ဒီ ကုလားလူမျိုး တစ်ဦးမှာ ညဘက်မှစပြီး တစ်ညလုံး တစ်နေ့လုံး ရန်ကုန်ရောက်သည့် အထိ လူမမာကြီး ဖြစ်သွားသည့်အထိ အောအန်မူးဝေခြင်း ခံနေရသည်ကို



တွေ့မြင်ရသည်။ (၎င်းမှာ ကျွန်းပေါ်တွင် သင်္ဘော မစီးရမီက ကျန်းမာ ကောင်းမွန်လျက် ရှိနေပါသည်)

ညနေစောင်းလာလေပြီ။ ပင်လယ်ရေပြင်ကြီးထဲတွင် နေဝင်ပုံကို လေ့လာသူတို့သည် သင်္ဘော၏တစ်ဖက်ခြမ်း နေဝင်မည့်ဘက်တွင် အားလုံး စိတ်ပါဝင်စားစွာ ရပ်၍ စောင့်၍ ကြည့်ရှုနေကြတော့သည်။

နေလုံးနီနီကြီးသည် တဖြည်းဖြည်း ပင်လယ်ရေပြင်နှင့် ထိတွေ့ သည့်အထိ လျော့လျော့ ရွှေ့ဆင်းလာခဲ့ပြီး ပင်လယ်ရေပြင်ကို အသာအယာ လာထိသည်။ နောက် တစ်စ တစ်စ ခေါင်းလျှိုးဝင်သွားပြီး နေလုံးတစ်ခြမ်း ခန့် ရေထဲအရောက်တွင် ရုတ်တရက် ငုပ်လျှိုး ပျောက်ကွယ်သွားတော့သည်။

နေလုံးနီနီရဲရဲကြီး ရုတ်တရက် ရေထဲသို့ ခုန်ဆင်း ပျောက်ကွယ် သွားသော်လည်း သူ၏ရောင်ခြည်တို့မှာ အလွန်လှပစွာ ကျန်ရစ်ခဲ့သည်။

ကျွန်တော်တို့သည် ကျွန်းပေါ်မှာ နေစဉ်တုန်းကတည်းက နေထွက် ချိန် နေဝင်ချိန်တို့ကို သတိထား ကြည့်လာခဲ့ကြသူများ ဖြစ်ပါသည်။ နေလုံးကြီး ရေထဲသို့ ငုပ်လျှိုးသွားပြီး ရောင်ခြည်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြသည့် နောက်ဆုံးတွင် မည်းမှောင်သွားတော့သည်။ ကြယ်ရောင်ကလေးများ အနည်းငယ်သာ ကောင်းကင်ယံတွင် တွေ့မြင် ရတော့သည်။

၂၉-၁၂-၅၉။ ။ လင်းရောင်ခြည်သည် ပင်လယ် ရေပြင်အောက်မှ ကောင်းကင်ယံဆီသို့ တဖြည်းဖြည်း အလင်းရောင် ပေးလာတော့သည်။ သို့လင့်ကစား နေလုံးကြီးကို မမြင်ရသေးပါ။ နောက် တဖြည်းဖြည်းမှ နေလုံး နီတာရဲကြီး ဖြုန်းခနဲ ထွက်ပြူလာပါတော့သည်။

မကြာမီ ရေစိမ်းသို့ ဝင်ရောက်လာတော့သည်။ ၎င်းနောက် တဖြည်း ဖြည်း ရန်ကုန်ဘက် နီးကပ်လေလေ ရွှံ့နုန်းရေ ရေနောက်ဘက်သို့ တစ်စ တစ်စ ရောက်လာသည်ကို တွေ့ရပါသည်။ ငါးဖမ်းသင်္ဘောများ၊ ငါးဖမ်း သည့် လှေငယ်ကလေးများအထိ တွေ့မြင်လာရပါပြီ။

ကမ်းခြေကို ရေးရေးမြင်ရပါပြီ။ လှိုင်း မရှိ၊ လေကလည်း ငြိမ်သက် နေသဖြင့် သင်္ဘောမှာလည်း ငြိမ့်ငြိမ့်ကလေး သွားနေပါသည်။ အမှန်မှာ သင်္ဘောသည် စက်အား လျှော့မောင်းနေခြင်းကြောင့်လည်း ငြိမ့်ငြိမ့်ကလေး သွားနေခြင်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ခဲ့သည်။ ဆိပ်ကမ်းတွင် လာကြိုသူများ၊ သတင်းထောက်များ၊ စစ်ဘက် ရဲဘက် တာဝန်ခံနှင့် ပြည့်နှက်နေ၏။

မှတ်ချက်။ ။ ဆိပ်ကမ်းဘောတံတားကြီး ကပ်ခါနီးတွင် သင်္ဘောပေါ်တွင် လိုက်ပါလာကြသော ပုဒ်မ ၅ အကျဉ်းသား အားလုံးနှင့် မိမိတို့ ပစ္စည်းများကိုပါယူပြီး သင်္ဘော အပေါ်ဆုံးအထပ်သို့ အားလုံး တက်ရမည်ဟု ကျွန်တော်တို့ကို တာဝန်ယူ ခေါ်လာကြသည့် ထောင်မှူး ထောင်အာဏာပိုင်တို့က စီစဉ်ချက်အရ ကျွန်တော်နှင့် ကိုအုန်းမောင် ခြေမသန်စွမ်းသူ ၂ ယောက်မှအပ အားလုံးကုန်ပင် သင်္ဘော အပေါ်ထပ်သို့ တက်ရတော့သည်။

၎င်းအပေါ်ထပ်သို့ ပုဒ်မ ၅ အကျဉ်းသားများ အားလုံး ရောက်တော့မှ အသုတ်လိုက်၊ အသုတ်လိုက် လူစုခွဲ၍ ရန်ကုန်ထောင် သွားရမည့် အသုတ်နှင့် အင်းစိန်ထောင်ကြီး၊ အင်းစိန်ထောင်လေး စသည်တို့ သွားရမည့် လူများကို ခွဲခြားလိုက်သည်။

နေ့လယ် ၁ နာရီ ထိုးပြီးလေပြီ။ ရန်ကုန် ပန်းဆိုးတန်း ကျွန်းမာရေး ဆိပ်ကမ်းသို့ ဆိုက်ကပ်ခြင်း ဖြစ်သည်။ သတင်းထောက်များက ဆိပ်ခံတံတားဘောကြီးမှ တဖျတ်ဖျတ် ဓာတ်ပုံများ ရိုက်ယူကြသည်။

ကြိုတင်သတင်းရ၍ လာရောက်ကြိုဆိုနေကြသော ပုဒ်မ ၅ များ၏ သားသမီး ဇနီး စသော အိမ်သူအိမ်သား လူစုကြီးကို တံတားပေါ်နှင့် ဘောတံတားပေါ်သို့ ဆိုင်ရာ အာဏာပိုင်တို့က အတက်မခံသဖြင့် အမျိုးသမီးအုပ်ကြီးမှာ လမ်းဘေးက ဟီးနိုးကားကြီးများဘေးတွင် မတ်တတ်ရပ်စောင့်နေကြသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်တို့ကိုလည်း စပ်သုတ်သုတ် ခေါ်ဆောင်၍ အသင့်ဆိုက်ကပ်ထားသော ဟီးနိုးကားကြီးများပေါ်သို့ ၎င်းတို့ အစီအစဉ်အတိုင်း တက်လိုက်ကြရပါသည်။

အမျိုးသမီးများမှ ကိုစောလွင်၊ ကိုလှဝင်း၊ ဦးကိုကိုလေး စသော ရန်ကုန်တွင် မိသားစုရှိကြသူ အိမ်သားစုတို့က သတင်းအရ လာပြီး ကြိုဆိုနေရာတွင် စကားပြောခွင့်ပင် မရကြ၍ ဟီးနိုးပေါ်သို့ အလုအယက် မောင်းတင်ခံနေရသော ကျွန်တော်တို့နှင့် မိမိတို့ အိမ်သားများကိုကြည့်၍ လှမ်းအော်ကြပါတော့သည်။ ဤသို့ လှမ်းအော်ဟစ် နှုတ်ဆက်ရင်းပင် ပုဒ်မ ၅



များ၏ ကားကြီးများ အတင်းပြေးထွက်လာသဖြင့် အမျိုးသမီး အုပ်စုကြီးမှာလည်း အငှားကားများ ငှားရမ်းပြီး အတင်းလိုက်လာတော့သည်။

ကျွန်တော်တို့ အင်းစိန်ထောင်ပို့သည့် အသုတ်မှာကား ... ကျွန်တော်၊ ကိုအုန်းမောင်၊ ကိုလှသောင်း၊ ကိုစောလွင်၊ ကိုကိုလေး၊ ဦးကိုကိုလေး (ရေဝတီ)၊ ကိုမြင့်ဇော်၊ သခင်လှအေး၊ သခင် ခင်ဇော်၊ သခင်ဘမောင်၊ မောင်စိုးသိန်း၊ မောင်အုန်းမြ စသော လူစုများ ဖြစ်သည်။

ကိုစောလွင်၏ ဇနီးနှင့် အိမ်သားစုများ၊ ကိုလှဝင်း ဇနီးနှင့် နှမများ၊ ဦးကိုကိုလေး ဇနီးနှင့် ဆိုင်ရာဆိုင်ရာ ပုဒ်မ ၅ များ၏ ဆွေမျိုးများ၊ အမျိုးသမီးများ အတော်များများ အင်းစိန်ထောင်ကြီးအဝထိ လိုက်လာကြပြီး ထောင်ဝင်စာတွေ့ရန် တောင်းဆိုကြပါသည်။ အာဏာပိုင်တို့က "ဒီနေ့ ထောင်ဝင်စာ မပြုနိုင်သေးဘူး" ဟု ဆိုသဖြင့် အပြင်ဘက်ရှိ ထောင်တံခါးဝတွင် နေပူကြီးထဲရပ်ပြီး အချို့မှာလည်း ကလေးတွေနှင့် သံတိုင်ကြားမှ ရပ်ကြည့်နေကြသော (ထောင်ဘူးထဲမှ) မိမိတို့ လင်ယောကျ်ား၊ ဖခင် သားချင်းများကို စကားပြောလိုလှတော့သည်။ ခပ်လှမ်းလှမ်းမှ လှမ်းမျှော်ကြည့်ရင်း နေပူကြဲကြဲထဲတွင် အချိန်အတော်ကြာအောင် မတ်တတ်ရပ်စောင့်နေကြပါသေးသည်။

နောက်ဆုံး "ဒီနေ့အဖို့တော့ ဘယ်လိုမှ ထောင်ဝင်စာ တွေ့ခွင့်မပြုနိုင် ..." ဆိုသဖြင့် အားလုံး စိတ်မရှမ်းမသာ ဖြစ်ကြသည်။

အပြင်က လူတွေပင် မပြန်ကြသေးမီ ကျွန်တော်နှင့် ကိုအုန်းမောင်နှစ်ဦးတည်းကို ထောင်က လော်လီကားကြီး တစ်စီးပေါ် တင်ပေးပြီး၊ အင်းစိန်ထောင်ကြီးမှ အင်းစိန် သီးသန့်ထောင်လေးသို့ ပြောင်းရွှေ့ပို့လိုက်သည်။ (နောက်တစ်နေ့ သတင်းစာထဲတွင် ကျွန်တော်တို့ နှစ်ယောက်မှာ အင်းစိန်ထောင်လေးတွင် ဖြစ်ပြီး အခြားလူများမှာ အင်းစိန်ထောင်ကြီးနှင့် ရန်ကုန်ထောင်ကြီးများ၌ အသီးသီး ခွဲထားပုံသတင်း ပါလာတော့သည်)

၂၉-၁၂-၅၉။ ယနေ့ညနေ ၃ နာရီလောက်တွင် အင်းစိန် တွဲဖက်ထောင်လေးသို့ ရောက်လာခဲ့သည်။ အသိဟောင်းများ ဖြစ်ကြသော ထောင်ပိုင်၊ ထောင်မှူးများနှင့် ရုံးခန်းတွင် ခေတ္တအနားယူ စကားပြောကြပြီးနောက်၊ တွဲဖက်ထောင်ဆေးရုံ အပေါ်ထပ်တွင် သခင်ဘတင် (ကိုကိုးကျွန်းမှ ကျွန်တော်တို့အရင် ပြန်ခွင့်ရရှိသော်လည်း မလွတ်သေးဘဲ ပုဒ်မ ၅) ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် အချုပ်ခံနေရသေးသူ မုဠ္ဌမ ကုမ္မဏီ မန်းနေဂျင်းဒါရိုက်တာ) နှင့်အတူ ဆေးရုံကြီးပေါ်တွင် နေကြရသည်။

### ဂေါ်တူးခေါ် လိပ်ကျွန်းသို့ ပို့ခြင်းခြင်း

ကိုကိုးကျွန်းပြန်များ အတော်များများအား ထောင်မှ လွှတ်လိုက်ပြီးသည့်အချိန်တွင်မှ သခင်ဖေမြွေးနှင့် ကိုအုန်းမောင်တို့မှုကား လွှတ်မြောက်ဖို့ဝေးစွ၊ ဂေါ်တူးခေါ် လိပ်ကျွန်းသို့ ထပ်မံပို့ဆောင်ခြင်းကိုပင် ခံရပြန်လေသည်။

ဆယ်လခန့်မျှ အကျဉ်းခံခဲ့ရပြီး ပြန်လည် လွှတ်မြောက်ခဲ့သော ကျွန်တော့်အဖို့ရာ အဖမ်းခံရစဉ်က ၂-လသားအရွယ် ကျန်ခဲ့သည့် ပဌမ သားကလေးအား ပြန်တွေ့ခဲ့ရသော်လည်း အိမ်ပြန်ရောက်စ လေးငါး ဆယ်ရက်တွင် ကလေးသည် ကျွန်တော့်အပေါ် စိမ်းနေသည်ကို တွေ့ရသေးသည်။

ထိုနောက်တွင်ကား သခင်ဖေမြွေး အကျဉ်းခံရသော မှတ်တိုင်တစ်တိုင်သည် ကျွန်တော်၏ မိသားစုတွင် ထပ်မံပေါ်ထွန်းလာပြန်လေတော့သည်။

ကျွန်းမှပြန်ရောက်၍ ထောင်မှ လွှတ်လာပြီးနောက်၊ ကျွန်တော်၏ မိသားစုတွင် ဆဋ္ဌမ သားရတနာလေး တစ်ယောက် ထွန်းကား ပေါ်ပေါက်လာခဲ့၏။ သခင်ဖေမြွေးမှုကား ထိုအချိန်တိုင်အောင် ထောင်ထဲမှာပင် ရှိနေပေသေးသည်။ သခင်ဖေမြွေး တစ်ယောက် ထောင်ထဲရောက်ပြီးမှ အိမ်ထောင်ပြုခဲ့သော ကျွန်တော့်၌ ကလေး ၅ ယောက် ရောက်ပြီးနောက် ထောင်ထဲသို့ တစ်ခေါက် ထပ်မံရောက်ရှိကာ တစ်မိုး တစ်နွေ မက အတူတကွ နေထိုင်ခဲ့ပြီး သကာလ ပြန်လည်လွှတ်မြောက်ခါ သားတစ်ယောက် ထပ်မံ မွေးဖွားလာသည့် အချိန်တိုင်အောင်လည်း သူကား မလွှတ်သေး။

လူသတ်မှု ကျူးလွန်ကာ ထောင်တစ်သက် (အနှစ် ၂၀) အပြစ် ပေးခြင်း ခံရသူများပင်လျှင် အနေကောင်းလျှင်



၇ နှစ်ကျော်လျှင် ထောင်မှ လွှတ်နိုင်ကြပြီးလျှင် အလွန်ဆုံး ဆယ်နှစ်ထက် ပို၍နေရသူ အလွန်တရာ ရှားလှပါသည်။ ပုဒ်မ ၅ ဖြင့် အကျဉ်းခံနေရသော သခင်ဖေမြွေးမှုကား ၁၁ နှစ်ကျော်၊ ၁၂ နှစ် ကာလတွင်းသို့ ချဉ်းနင်းဝင်ရောက်ကာ လာသည့်တိုင် ထောင်မှ လွှတ်ခွင့်မရအောင် ရှိနေခဲ့ပါသည်။ သူ ခံစားရသော ဒဏ်ချက်မှာ လူသတ်မှု ကျူးလွန်ကာ ထောင်တစ်သက် ကျသူတို့ထက်ပင် ပြင်းထန်သော ဒဏ်ချက် ဖြစ်ပေသည်။

လိပ်ကျွန်းသည် ကိုကိုးကျွန်းလောက် ဝေးလံခြင်း မရှိသော်လည်း အနေအထိုင်မှာ ကိုကိုးကျွန်းထက်ပင် ပိုမိုဆိုးဝါးသောနေရာ ဖြစ်သည် ဟူ၍ သခင်ဖေမြွေး၊ ကိုအုန်းမောင်တို့က ပြောပြကြပါသည်။ ကိုကိုးကျွန်း၌ သားငါးငတ်ပြီး အစားအသောက် ဆင်းရဲသော်လည်း အနေအထိုင်တော်သေးသည်။ လိပ်ကျွန်း၌မှုကား သား ငါး စားရသော်လည်း ထောင်အဆောက်အဦမှာ ကချော်ကချွတ် ဆောက်လုပ်ထားသည့် အဆောက်အဦများသာ ဖြစ်၍ သောက်ရေသုံးရေလည်း အလွန်ရှားပါးသည် ဆိုလေသည်။

မိုးရာသီတွင် သံဆူးကြိုးကာ၍ ခနော်ခနဲ့ ဆောက်ထားသော ထောင်အဆောက်အဦများ အတွင်းသို့ ရေဝင်သဖြင့် မိုးအခါ၌ လမ်းလျှောက်စရာ မြေနေရာပင် မရှိချေ။ အကျဉ်းသားတွေရော၊ ထောင်အမှုထမ်းတွေပါ ဒူးဆစ်မြုပ်သော ရေထဲမှာပင် လျှောက်သွားကြရပြီးလျှင်၊ ရေလွှမ်းသော မြေပေါ်တွင် ခနော်ခနဲ့ ရှိနေသည့် ကြမ်းပြင်ပေါ်မှာပင် နေထိုင်ရလေသည်။ လိပ်ကျွန်းသို့ ပို့ထားခြင်းမှာ လူမဆန်သောကြောင့် ပြည်မသို့ ပြန်ပို့ရန် တောင်းဆိုခဲ့သော်လည်း မပို့ဘဲထားသဖြင့် သခင်ဖေမြွေး၊ ကိုအုန်းမောင်နှင့် လိပ်ကျွန်းရောက် ရဲဘော်အချို့တို့ပါ အစာငတ်ခံကြရာ ၉ ရက် ကြာသောအခါ ပြန်ပို့ပေးမည် ဆိုသည့်ကတိကိုရ၍

www.burmeseclassic.com

www.burmeseclassic.com



အစာ ပြန်စားခဲ့ကြသည်။ ထိုအချိန်တွင် ပထမ အစိုးရ တက်ရောက်နေပြီ ဖြစ်၏။

အင်းစိန်ထောင်သို့ ပြန်လည် ရောက်ရှိသောအခါ၌ ထောင်ထဲတွင် ၁၂ နှစ်လုံးလုံး ကြာမြင့်လာခဲ့ပြီဖြစ်သော သခင်ဖေငွေးသည် မိမိအား လွှတ်သင့်ပြီ ဖြစ်ကြောင်းဖြင့် စာတင်ခဲ့လေသည်။ အစစ်အဆေးမရှိဘဲ ကြာမြင့်စွာ ချုပ်နှောင်ထားခြင်း (အမှုတင်စရာလည်း မရှိ၊ ထောင်ဒဏ် အပြစ်ရပြီးမှ နှစ်ဆုံးသော်လည်း မလွှတ်ဘဲ ဆက်လက် ချုပ်နှောင်ထားခြင်းသာ ဖြစ်သည်) ကျန်းမာရေး အခြေအနေကလည်း ကောင်းခြင်း မသော အကြောင်းများကြောင့် လွှတ်ပေးသင့်ကြောင်းဖြင့် စာတင်ခဲ့၏။ ဇနီးဖြစ်သူ ဒေါ်တင်တင်ငွေးကလည်း ၎င်း၏ ခင်ပွန်းသည်အား လွှတ်ပေးပါရန် အကြိမ်ကြိမ် အခါခါပင် လျှောက်လွှာများ တင်ခဲ့ဖူးလေသည်။

သို့သော်လည်း ထိုလျှောက်လွှာများကို ပယ်ချခဲ့သည်ချည်းသာ ဖြစ်ခဲ့၏။ ထောင်ထဲတွင် ၁၂ နှစ်လုံးလုံး ကြာမြင့်နေပြီဖြစ်သော သခင်ဖေငွေး၏ အကြောင်းကို သတင်းစာများတွင် ရေးသားဖော်ပြလာသည်ကိုလည်း အကြိမ်ကြိမ် အခါခါပင် တွေ့မြင်လာရပြီ ဖြစ်လေသည်။

## ထောင်စောင့်သည့် သခင်ဖေငွေ

လိပ်ကျွန်းမှ ပြန်ရောက်လာပြီး၍ အင်းစိန်ထောင်တွင် ရှိနေစဉ် တစ်နေ့တွင် ဝန်ကြီး ဒေါက်တာ ဦးအေးမောင်က ညောင်တုန်းတွင် နေထိုင်လျက်ရှိသော သခင်ဖေငွေးဇနီး ဒေါ်တင်တင်ငွေးအား ကြေးနန်းရိုက်ကြား ခေါ်ယူသဖြင့် ဒေါ်တင်တင်ငွေး ရန်ကုန်သို့ လိုက်လာကာ ဝန်ကြီး ဦးအေးမောင်နှင့် တွေ့ဆုံရလေသည်။ ဝန်ကြီးဦးအေးမောင်က သခင်ဖေငွေးအား လွှတ်ပေးမည် ဖြစ်ကြောင်း၊ လွှတ်ပေးလျှင် တောမဝိဘဲ ရန်ကုန်မှာပင် နေထိုင်စေလိုကြောင်း၊ ထိုအချက်ကို သခင်ဖေငွေး သဘောတူ မတူ ပြောဆို



မေးမြန်းစေလိုကြောင်းနှင့် ပြောဆို မှာကြားပြီးနောက်၊ ထောင်သို့ သွားရောက်တွေ့ဆုံခွင့် လက်မှတ်ကိုပင် ထုတ်ပေးလိုက်ပါသည်။

သခင်ဖေငွေးအား သွားရောက်တွေ့ဆုံနိုင်ခွင့် လက်မှတ်တွင် ဒေါ်တင်တင်ငွေးသာ မကဘဲ ကျွန်တော်၏ အမည်ကိုပါ ထည့်သွင်းပေးလိုက်သဖြင့် ဒေါ်တင်တင်ငွေးနှင့် ကျွန်တော်တို့သည် သခင်ဖေငွေးထံသို့ သွားရောက် တွေ့ဆုံခဲ့လေသည်။ ထိုအခါ သခင်ဖေငွေး၏ ကျန်းမာရေး အခြေအနေအရ တောမိုနိုင်ဖွယ်လည်း မဟုတ်ပါ။ ဥပဒေတွင်းမှာပင် လုပ်ကိုင်၍ ရန်ကုန်မှာပင် နေထိုင်မည်ဖြစ်ကြောင်း ပြန်ကြားပြောလိုက်ရုံသာမကဘဲ ထိုသဘောပါသော စာတစ်စောင်ကိုပါ ရေး၍ သက်ဆိုင်ရာသို့ တင်ပို့လိုက်ပါသည်။

"သခင်ဖေငွေး လွတ်တော့မည်" ဟု အားလုံးက ထင်နေကြသည်။ ကျွန်တော်ကလည်း ထင်သည်။ လွှတ်သည့်အခါ သူ့အတွက် နေရေးထိုင်ရေးကိုပါ အချို့သော မိတ်ဆွေများက ဆွေးနွေးလာကြသဖြင့် လွှတ်လာလျှင် အခိုက်အတန့် ကျွန်တော့်အိမ်မှာပင် နေနိုင်ကြောင်းဖြင့် ဒေါ်တင်တင်ငွေးအား ကျွန်တော်က ပြောထားပါသည်။ ဒေါက်တာ ဦးအေးမောင်နှင့် တွေ့ဆုံ ပြောဆိုခဲ့ပြီးနောက် သားသမီး ဇနီးဖြစ်သူတို့သည် ၎င်းတို့၏ဖခင် လင်သား လွှတ်လာမည့်ရက်ကိုပင် စောင့်မျှော်နေကြသည်။ ဆယ်ရက်ကြာလည်း လွှတ်မလာ၊ တစ်လကြာလည်း မလွှတ်ပါ၊ နှစ်လ ကြာသော်လည်း အချည်းနှီး သာ ဖြစ်ခဲ့သည်။

## ဘာဃ်လိုဖြစ်တာလဲ

တစ်နေ့သောအခါ၌ ဒေါ်တင်တင်ငွေးသည် ပြည်ထဲရေးဌာန အတွင်းဝန် ဦးသန်းအေးနှင့် သွားရောက်တွေ့ဆုံခဲ့ရသည်။ သခင်ဖေငွေး လွှတ်မည် ဆိုပြီးကာမှ မလွှတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းမှာ ထောင်မှ ထွက်ပြေးရန် ကြံစည်နေသည်ဟု သတင်းရရှိသောကြောင့် ဖြစ်သည်ဟု ပြောလိုက်ပါသည်။

ကဲ ... ဘယ့်နှယ်ရှိစ။

ထိုသတင်းကို ကြားရသူတိုင်း မရယ်ဘဲ မနေနိုင်ကြပါ။ သဘော်ပေါ် တက်ရာမှာပင် ကရိန်းနှင့် ဆွဲတင်ရသော ဒုက္ခိတ သခင်ဖေငွေး။ လမ်းလျှောက်ရာမှာပင် တရွေ့ရွေ့သာ လျှောက်နိုင်သော သခင်ဖေငွေး။ အဆင်း အတက် ဆိုလျှင် ဖေးမသူနှင့်သာ ဆင်းရ တက်ရရှာသော သခင်ဖေငွေး။ ဤ ... သခင်ဖေငွေးအား ထောင်ဖောက်ပြေးရန် ကြံနေပြီဟု အကြောင်းပြဝံ့သူတွေ ရှိနေသေးသည်တကား။

ထောင်အုတ်ရိုးကို ကျော်တက်ပြေးနိုင်ရန်နှင့် ထောင်ကို ဖောက်ထွင်းပြေးနိုင်ရန်မှာ သခင်ဖေငွေး မဆိုထားနှင့် ကျန်းမာရေး သန်စွမ်းသူတွေ အတွက်ပင်လျှင် လွယ်ကူသောအလုပ် မဟုတ်ချေ။ ထောင်အာဏာပိုင် (တာဝန်အရှိဆုံး ပုဂ္ဂိုလ်)ကြီးတစ်ဦးနှင့် ကျွန်တော် တစ်နေရာတွင် တွေ့ဆုံမိသည်နှင့် "သခင်ဖေငွေး ထောင်ကို ဖောက်ပြေးဖို့ ကြံနေတယ် ဆိုပြီး ခင်ဗျားတို့ကများ အစီရင်ခံလိုက်သလား ..." ဟု ကျွန်တော်က မေးသောအခါ "သခင်ဖေငွေးကို ကောင်းကောင်းသိနေတဲ့ ကျွန်တော်တို့လို ထောင်အာဏာပိုင်တွေဟာ ဒီလို အစီရင်ခံတယ်ဆိုရင် ကျွန်တော်တို့ရင်လည်း ရူးလို့ ဖြစ်ရမယ် ... ဒါမှမဟုတ် အဲဒီ အစီရင်ခံစာကို ယုံကြည်သူတွေရင်လည်း ရူးလို့ ဖြစ်ပါလိမ့်မယ် ..." ဟူ၍ ပင် ရယ်မော ပြောဆိုသွားဖူးပါသည်။

ထိုမျှသာ မကသေး ... "သခင်ဖေငွေးကို တာဝန်မယူနိုင်သဖြင့် သူ့အား လွှတ်ပေးရန် ကန့်ကွက်သည်" ဟူ၍ ရေးသား ကန့်ကွက်လေ့ရှိသည့် ရဲကြီးများကိုပင်လျှင် မိမိသာ ၎င်းတို့အထက်က အာဏာပိုင် ဖြစ်ခဲ့လျှင် ထိုအစီရင်ခံစာအရ အလုပ်က ဖြုတ်ပစ်မည် ဟူ၍လည်း ပုဂ္ဂိုလ်ကြီးက ကျွန်တော့်အား ပြောသွားပါသေးသည်။ "ကြည့်ပါဦးဗျာ ... ဒီလို လူတစ်ယောက်ကိုမှ မကြည့်နိုင်ဘူးဆိုတဲ့ ရဲ မျိုးလောက် ညံ့တာ ဘယ်ရှိမလဲ" တဲ့။



သခင်ဖေငွေးအား လွှတ်ပေးခြင်း မပြုရန် ရဲဘက်ကသာလျှင် အကြိမ်ကြိမ် ကန့်ကွက်ခဲ့သည် မဟုတ်သေးဘဲ ညောင်တုန်းမြို့နယ်တွင် သခင်ဖေငွေး၏ စည်းရုံးရေးသြဇာကို ကြောက်လန့်သည့် အာဏာလက်ရှိ နိုင်ငံရေးသမားများကလည်း အပြင်းအထန် ကန့်ကွက်ကြသည်ဟူ၍ ကြားသိရပါသည်။

သခင်ဖေငွေး၏ နေရပ်ဒေသမှ အာဏာရ အမတ်တစ်ယောက်မှာ ကျွန်တော်နှင့် သိကျွမ်းခဲ့ဖူးသူတစ်ယောက် ဖြစ်ပါသည်။ ထိုအမတ်မင်းနှင့် ကျွန်တော်သည် တစ်နေရာ၌ အမှတ်မထင် တွေ့ဆုံမိကြသဖြင့် "သခင်ဖေငွေးကိုတော့ လွှတ်ဖို့ကောင်းပါပြီဗျာ၊ ဒီလောက်ထားတာတော့ လွန်လွန်းပါတယ် ..." စကားစပ်ကာ ပြောဆိုသောအခါ၌ "ဒီလူက ထောင်ကများ ထွက်ချင်သေးလို့လား ... သူကိုယ်တိုင်ကကော လွှတ်ချင်စိတ် ရှိလို့လား" ဟူ၍ နှင့်သီးစွာ ပြောကြားသည့်စကားကို ကြားခဲ့ရပါသည်။ "ဘယ့်နှယ်ဗျာ ... လူပဲ ထောင်ထဲက လွှတ်ချင်တာပေါ့၊ ထောင်ထဲက မထွက်ချင်တဲ့လူ ဘယ်သူရှိမလဲ" ဟူ၍ နာကြည်းစွာပင် ပြန်လည်ပြောဆိုလိုက်ရသည်။

ယနေ့တော့ ထောင်မှ ထွက်ပြေးမည် ဆိုသည့် အကြောင်းပြချက်ဖြင့် လွှတ်ရေးကို ငြင်းဆိုထားလေပြီ။

လွှတ်တော့မည် ဆိုပြီးကာမှ မလွှတ်ရသည်မှာ ဤ တစ်ကြိမ်သာ မဟုတ်ပါ။ လွန်ခဲ့သော ၁၉၅၈ ခုနှစ် ဖဆပလ ကွဲပြီးနောက် သန့်ရှင်း အစိုးရ အာဏာရသော အချိန်တွင် သခင်ဖေငွေးနှင့် ကိုအုန်းမောင်တို့ နှစ်ယောက်အား ထောင်ထဲမှာ ကြာလွန်းနေပြီ ဖြစ်သောကြောင့် လွှတ်ပေးရန် စဉ်းစား ဆောင်ရွက်ခဲ့ကြပါသည်။ ထိုစဉ်က ဝန်ကြီး ဒေါက်တာဦးအေးမောင်ဝင်လျှင် ရန်ကုန်ထောင်တွင်သို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လာရောက်ပြီးလျှင် ကိုအုန်းမောင်နှင့် သခင်ဖေမြွေးကို လွှတ်ပေးမည်ဟု ပြောဆိုသွားခဲ့သည်။ ဖဆပလ မကွဲမီကလေးတွင် ရေှမ လူဖမ်းပွဲကြီးတွေ ဖြစ်ပေါ်ခဲ့ပြီးလျှင် ဖဆပလ ကွဲပြီးနောက် သန့်ရှင်းက အာဏာရသော အခါ၌ ဒေါက်တာ ဦးအေးမောင်သည် "လူလွှတ်ပွဲကြီး" တွေ ပြုလုပ်ခဲ့၏။ အုတ်တံတိုင်း အတွင်းရှိ လူပေါင်းများစွာအား အုတ်တံတိုင်းအပြင်သို့ ထုတ်ပေးရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နေသည့် အာဏာအရှိဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့် သူကိုယ်တိုင် ထောင်ထဲသို့ လာရောက်၍ အသေအချာ ပြောသွားကာမှဖြင့် ထိုစကားအား ကောလာဟလ စကား ဟူ၍ ထင်မှတ်မှားစရာ မရှိ ဟူ၍သာ အောက်မေ့ကြပါသည်။

သို့ဖြင့် ရန်ကုန်ထောင်အတွင်း အထူးတန်း အကျဉ်းသမားများ နေထိုင်ရာ ၅–ဆောင်တွင် ထောင်မှ လွှတ်တော့မည်ဖြစ်သော သခင်ဖေမြွေးနှင့် ကိုအုန်းမောင်တို့အား ဂုဏ်ပြု နှုတ်ဆက်ပွဲတစ်ရပ်ကို သိုက်မြိုက်စွာ ကျင်းပပြုလုပ်လေတော့သည်။ ထောင်ထဲတွင် ရှိနေသော မိတ်ဆွေသင်္ဂဟ ရဲဘော်ရဲဘက်များက မိမိတို့ ရရှိသော ရိက္ခာများထဲမှ စုဆောင်းထည့်ဝင်ကာ အကျွေးအမွေးများဖြင့် ဧည့်ခံပွဲပြုလုပ်ခြင်းပင် ဖြစ်ပါသည်။ ကိုအုန်းမောင်က လည်းကောင်း၊ သခင်ဖေမြွေးက လည်းကောင်း ဂုဏ်ပြုဧည့်ခံ နှုတ်ဆက်ပွဲတွင် နှုတ်ဆက်စကားတွေ ပြောကြားနေကြပါပြီ။ ထောင်ထဲမှာ ကျန်နေခဲ့မည့် သူတွေကလည်း ထောင်မှ ထွက်သွားကြမည်ဖြစ်သော သူတို့နှစ်ယောက်အတွက် နှုတ်ခွန်းဆက်နေကြပါပြီ။

နှုတ်ဆက်ပွဲ ပြုလုပ်ပြီးနောက် အထုပ်အပိုးတွေပြင်ကာ ထောင်မှ ထွက်ရမည့် အချိန်ကိုပင် စောင့်မျှော်နေပါသည်။ အိမ်ကိုကား မရောက်ပါ။ ကိုကိုးကျွန်းနှင့် လိပ်ကျွန်းတို့မှပင် တစ်ခေါက် ပြန်လာခဲ့ပါပြီ။



ထိုစဉ်က တစ်စုံတစ်ရာသော အင်အားစုက ကန့်ကွက်ခဲ့သောကြောင့် မလွှတ်နိုင်ခဲ့ခြင်းဟူ၍ သိုးသိုးသန့်သန့် ကြားခဲ့ရသည်။ ဟုတ် မဟုတ်ကား မသိ။ ယခုကော မည်သူတွေ ကန့်ကွက်နေပါသနည်း။

၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ထိုနေ့တွင်မှ ထောင်မှလွှတ်မပေးလျှင် အစာတော်ခံတော့မည် ဟူ၍ သခင်ဖေမြွေးက အာဏာပိုင်ထံသို့ တစ်လကြိုတင်ကာ ရာဇသံပေးလိုက်ပါလေပြီ။ အစာတော်ခံတိုက်ပွဲဆင်နွှဲရသည်ဆိုလျှင် အသက်အရွယ် ကြီးရင့်လာပြီဖြစ်သော သခင်ဖေမြွေးအဖို့လည်း သက်သာမည် မဟုတ်၊ အစိုးရအနေဖြင့်လည်း အရုပ်ဆိုးပါသည်။ ထိုကြောင့် ဤကိစ္စကို ပြေပြစ်ချောမောအောင် ဆောင်ရွက်သင့်ကြောင်းဖြင့် ပြည်ထဲရေးဌာန အတွင်းဝန် ဦးသန်းအေးအား ကျွန်တော်နှင့် ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းတို့ သွားရောက် တွေ့ဆုံကာ တင်ပြ ပြောဆိုပါသည်။ ထိုသို့ တွေ့ဆုံစဉ်မှာပင် ... သခင်ဖေမြွေးအား ထောင်ဖောက်ပြေးရန် ကြံစည်နေသည်ဆိုသည့် သတင်းအစီရင်ခံစာများမှာ ယုတ္တိမရှိကြောင်း၊ ၎င်းကို ယုံကြည်ရန် မသင့်ကြောင်းဖြင့် ကျွန်တော်တို့က ရှင်းလင်းပြောပြခဲ့သေးသည်။

ပထမတစ်ခါ လွှတ်မည်ဆိုပြီးကာမှ ထောင်ဖောက်ပြေးရန် ကြံနေသည်ဟု သတင်းရသဖြင့် မလွှတ်တော့ဟု ဆိုသည်။ ယခုအခါ အကြောင်းပြချက် မည်သို့ရှိပါသနည်း။

"ရာဇသံပေးသောကြောင့်မလွှတ်နိုင် ..." ဆိုသော အကြောင်းပြချက်ကို တိုင်းပြည်အဝန်းက ကြားသိခဲ့ရခြင်းပင် ဖြစ်ပေသတည်း။

သို့ဖြင့် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ကာ သခင်ဖေမြွေး အစာတော်ခံလေတော့၏။ အစာတော်မခံမီ နောက်ဆုံးနေ့တွင် သူ၏ဇနီး ဒေါ်တင်တင်မြွေးသည် ထောင်ဝင်စာ သွားရောက် တွေ့ဆုံခဲ့သေး၏။ သခင်ဖေမြွေးက ဇနီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူအား မှာကြားလိုက်သော စကားတစ်ခွန်းသာလျှင် ဖြစ်၏။ "ငါသေလို့ရှိရင် ငါ့အလောင်းသာ ရအောင် တောင်းကြ" ဟူ၍ပင် ဖြစ်ပါသည်။ သူ၏ သန္နိဋ္ဌာန်မှာ ခိုင်မာသည်။ အသက်ရှင်လျက်သော်လည်းကောင်း၊ အသက်မပါဘဲ သော်လည်းကောင်း ဘယ်နည်းနှင့်မဆို ထောင်မှ ထွက်ရအောင် တိုက်ပွဲဝင်တော့မည် ဆိုသည့် သန္နိဋ္ဌာန်ပင် ဖြစ်လေသည်။

အယူအဆချင်း တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အပြင်တွင် ရှိနေကြသော အဖွဲ့အစည်း ပေါင်းစုံတို့က သခင်ဖေမြွေး လွတ်မြောက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ရန် အဖွဲ့ပေါင်းစုံကော်မတီတစ်ခုကို ဖွဲ့စည်းလိုက်လေသည်။

သခင်ဖေမြွေးကား အစာငတ်ခံလျက် ရှိလေသည်။

အပြင်တွင် အဖွဲ့ပေါင်းစုံ သခင်ဖေမြွေး လွတ်မြောက်ရေး ကော်မတီက လှုပ်ရှားမှုများ ပြုလုပ်နေလေသည်။

သခင်ဖေမြွေး အဖို့ရာ သူ၏ လွတ်မြောက်ရေးတွက် အခြားနည်းလမ်း မရှိတော့သည့် အတွက်ကြောင့်သာ အစာငတ်ခံရခြင်း ဖြစ်ကြောင်းကို အဖွဲ့ပေါင်းစုံ ကော်မတီ ကိုယ်စားလှယ်များက သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပပြုလုပ်၍ တိုင်းပြည်သို့ ရှင်းလင်းတင်ပြလိုက်လေသည်။ ထို့နောက် ဆူးလေရင်ပြင်ပေါ်၌ ဆုတောင်းပွဲတစ်ခု ပြုလုပ်၍ သခင်ဖေမြွေးအား ကြင်နာ ထောက်ခံကြသော လူပေါင်းများစွာ လာရောက်ကြပြီးသကာလ အသက်မသေဘဲ လွတ်မြောက်လာရေးကို ဆုမွန်ကောင်း တောင်းခဲ့ကြလေသည်။

ထိုအတောအတွင်းတွင် ကျွန်တော် အပါအဝင် အဖွဲ့ပေါင်းစုံ ကော်မတီ ကိုယ်စားလှယ် အချို့သည် ဝန်ကြီး ဒေါက်တာ ဦးအေးမောင်ထံသို့ သွားရောက် တွေ့ဆုံပါသည်။ ဦးအေးမောင်နှင့် တွေ့ဆုံခွင့်တောင်းနိုက်တွင် အလုပ်သမားပါတီမှ ဦးဘငြိမ်းနှင့် သခင်လူအေးတို့သည်



လည်း ဦးအေးမောင်နှင့် တွေ့ဆုံရန် ရောက်ရှိနေသည်နှင့် ကြုံကြိုက်နေပါသည်။ ဝန်ကြီးက တွေ့ဆုံရန် ခေါ်ယူသောအခါ၌ အဖွဲ့ပေါင်းစုံ ကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် လာရောက်သော ကျွန်တော်တို့ လူစုနှင့် ဦးဘငြိမ်းတို့ နှစ်ယောက်အား အတူတကွ ခေါ်ယူတွေ့ဆုံသဖြင့် ဝန်ကြီး၏ အခန်းအတွင်းသို့ အတူတကွ ဝင်ရောက်ခဲ့ကြရလေသည်။ ကျွန်တော်တို့ ကိုယ်စားလှယ်များ အကျိုးအကြောင်း မပြောရသေးမီမှာပင် ဦးဘငြိမ်းက ဒေါက်တာ ဦးအေးမောင်အား သခင်ဖေမြွေးကို လွှတ်ပေးဖို့ ပြောချင်ကြောင်းနှင့် ပြောဆိုပြီးလျှင် အခြားကိစ္စများကိုပါ ပြောဆိုကာ ဦးဘငြိမ်းနှင့် သခင်လူအေးတို့ ပြန်လည် ထွက်ခွာသွားကြပါသည်။

ဦးဘငြိမ်းတို့ သွားပြီးနောက်မှ ကျွန်တော်တို့၏ ကိုယ်စားလှယ် အဖွဲ့ဝင်များက အစာငတ်ခံနေသော သခင်ဖေမြွေး လွတ်မြောက်ရေးအတွက် ပြောဆိုတင်ပြကြသောအခါ "သူ့ကို လွှတ်ချင်ပါတယ်၊ ဒါပေမဲ့ မလွယ်လှဘူး" ဆိုကာ "ဝန်ကြီးချုပ်သာ တတ်နိုင်မှာပဲ၊ ဝန်ကြီးချုပ်နဲ့ တွေ့ကြပါ" ဟု အကြံပေးပါသည်။ ကျွန်တော်တို့က ဝန်ကြီးချုပ်နှင့် တွေ့ဆုံရေးမှာ မလွယ်သောကြောင့် ဦးအေးမောင်နှင့်ပင် လာရောက်တွေ့ဆုံရကြောင်း၊ ထိုကိစ္စကို ဦးအေးမောင် ကိုင်နေသည် ဆိုသဖြင့် ဝန်ကြီးကပင် ဆောင်ရွက်ပေးစေလိုကြောင်း ထပ်မံ ပြောဆိုသောအခါ "ဝန်ကြီးချုပ်နဲ့ တွေ့ဖို့ လွယ်ကူတဲ့ လူတွေကိုမှ ခင်ဗျားတို့က ကိုယ်စားလှယ် ရွေးမလွှတ်ဘဲကိုး၊ ... ဦးဘငြိမ်းတို့ သခင်ချစ်မောင်တို့ကို လွှတ်ပါလား၊ သူတို့ဆိုရင် ဝန်ကြီးချုပ် အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်သားပဲ" ဟူသော စကားကိုသာ ကြားခဲ့ရပြီးလျှင် မည်သို့မျှ အကြောင်းမထူးဘဲ ပြန်လာခဲ့ကြရပါသည်။ ထိုစဉ်က ကိုဘငြိမ်း၊ သခင်ချစ်မောင်တို့အား ကိုယ်စားလှယ် မလွှတ်လို၍ ခြွင်းချန်ထားပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဘာသာ ကိုယ်စားလှယ်လုပ်၍ လာခဲ့ကြခြင်း မဟုတ်ပါ၊ အဖွဲ့ပေါင်းစုံ ကော်မတီထဲတွင် ပြည်သူ့လူငယ်မှ ကိုချန်ထွန်းနှင့် ဘီတီယူစီမှ ကိုသန်းတို့သာ ပါပြီး ကိုဘငြိမ်း၊ သခင် ချစ်မောင်တို့ မပါသောကြောင့်သာ ၎င်းတို့အား ကိုယ်စားလှယ် မရွေးဘဲ ထားရခြင်း ဖြစ်ပါသည်။ သခင်ဖေမြွေး လွတ်မြောက်ရေးအတွက် အဖွဲ့ပေါင်းစုံ ကော်မတီ ဖွဲ့စည်းစကမူ အလုပ်သမားပါတီက စိတ်ပါဝင်စားခြင်းပင် မရှိခဲ့ဘဲ နောက်ပိုင်းတွင် စိတ်ပါဝင်စားမှုကို ဖော်ပြ၍ ပူးပေါင်းပါဝင်ခဲ့ကြခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်နှင့် တွေ့ခွင့်ကို ဆက်လက် တောင်းဆိုထားပါသည်။ အစာငတ်ခံနေသူ၏ အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာနေပါပြီ၊ ကိုယ်အလေးချိန်မှာ တစ်နေ့တခြား ကျဆင်းနေပြီ ဖြစ်ပါသည်။

၁၉၆၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အစာငတ်ခံခဲ့သည်မှာ ဇန်နဝါရီ ၂၅ ရက်နေ့သို့ပင် ရောက်ခဲ့ပြီးလျှင် သခင်ဖေမြွေး၏ အသားအရေမှာ ၂၄ ပေါင်ကျော်မျှ ကျဆင်းသွားပြီ ဖြစ်လေသည်။

ဇန်နဝါရီလ (၂၅) ရက်နေ့ ညနေ ၅ နာရီတွင် ကျွန်တော်တို့၏ ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးချုပ် ဦးနုက တွေ့ဆုံခွင့်ပေးပါတော့သည်။ ပြည်သူ့ရဲဘော်ပါတီမှ ကိုသန်းမြင့်၊ ပြည်သူ့လူငယ်မှ ကိုချန်ထွန်း၊ စစ်ဆန့်ကျင်ရေး သံဃာအဖွဲ့မှ ဦးပဥ္ဇင်းတစ်ပါး၊ ကျွန်တော်နှင့် ဦးကိုကိုလေးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်နေအိမ်တွင် ဝန်ကြီးချုပ် ဦးနု၊ ဒေါက်တာ ဦးအေးမောင်၊ စစ်ဘက်မှ ဗိုလ်မှူးကြီးလွင်၊ ရဲဘက်မှ ဒုရဲချုပ် ဦးဘအေး၊ အတွင်းဝန် ဦးသန်းအေးတို့ ပါဝင်သော အာဏာပိုင်များနှင့် တွေ့ဆုံကြပါသည်။

ဤတွင် သခင်ဖေမြွေး၏ စိတ်ဓာတ် ထက်မြက် ပြင်းပြပုံကို ရှေ့ပိုင်းတွင် ကျွန်တော် ဖော်ပြခဲ့သည့် အင်းစိန်ထောင်



တွင်းမှ အဖြစ်အပျက် တစ်ခုကို ပြန်လည် ပြောကြားပါလေသည်။ နောက်ဆုံး သခင်ဖေမြွေးက ဥပဒေအတွင်းမှာ နေမည်၊ အစား ပြန်စားမည်ဟု ကတိပေးလျှင် လွှတ်မည်ဟု ဝန်ကြီးချုပ်က ပြောဆိုသဖြင့် ကျွန်တော်တို့အား သခင်ဖေမြွေးထံ သွားရောက်တွေ့ဆုံခွင့် လက်မှတ်ထုတ်ပေးရန် ပြောလိုက်ပါသည်။ အမှန်မှာ ဥပဒေအတွင်းမှာနေမည်၊ ရန်ကုန်မှာပင် နေမည် ဆိုသောအချက်ကို အစာငတ်မခံမီကတည်းက သဘောတူကြောင်း သခင်ဖေမြွေး ကိုယ်တိုင် စာရေးသား ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

နောက်တစ်နေ့ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အင်းစိန်ထောင်တွင်း တိုက်ခန်းကျဉ်းကျဉ်းကလေးမှ ခုတင်ပေါ်တွင် ခပ်မှေးမှေးသာ ကျန်နေသည့် သခင်ဖေမြွေးထံသို့ ကျွန်တော်တို့တစ်တွေ ထောင်ပိုင်ကြီးနှင့်အတူ ဝင်ရောက်တွေ့ဆုံကာ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပုံကို ပြောပြသောအခါ သခင်ဖေမြွေးက ဥပဒေအတွင်းမှာနေမည်၊ အစာပြန်စားမည် ဟူသော စာနှစ်ကြောင်းတွင် လက်မှတ်ရေးထိုးပေးလိုက်လေသည်။

အစိုးရဘက်မှ သူ၏သိက္ခာကို ဆည်ပုံမှာ အစာငတ်ခံ၍ လွှတ်သည် မဟုတ်၊ လွှတ်သင့်လို့ လွှတ်တာ ဆိုသည့်သဘောဖြင့် သိက္ခာဆည်ကာ ထောင်ထဲမှပင် အစာပြန်၍ စားစေခြင်း ဖြစ်လေသည်။ အမှန်အားဖြင့် ထောင်တွင်းမှ အစာငတ်ခံတိုက်ပွဲနှင့် အပြင်မှ အဖွဲ့ပေါင်းစုံ ကော်မတီတို့၏ လှုပ်ရှားမှု၊ သတင်းစာများနှင့် ပြည်သူတို့၏ ထောက်ခံမှု တည်းဟူသော တိုက်ပွဲကြောင့်သာ လွှတ်ပေးရခြင်း ဖြစ်ကြောင်း ထင်ရှားပါပေသည်။

ထိုနေ့ညမှာပင် သခင်ဖေမြွေးအား ထောင်မှလွှတ်လိုက်သဖြင့် သူ၏ ရဲဘော်များက ပွေ့ယူကာ ထောင်မှ ထုတ်လာပြီးလျှင် ကျွန်တော်၏နေအိမ်သို့ ခေါ်ယူခဲ့လေတော့၏။ အိမ်ရောက်လျှင် ယှဲယှဲသာကျန်သည့် သခင်

www.burmeseclassic.com

www.burmeseclassic.com



ဖေမြွေးအား ဒေါက်တာ ဦးသောင်းရှိန်နှင့် ကြပ်မတ်ကုသပေးသဖြင့် တဖြည်းဖြည်း တစ်စစ ပြန်လည်ကာ အားအင်ပြည့်ဖြိုးလာပါသည်။ ပထမတွင် သူ့အား နွားနို့နှင့် ဆိုဒါကို ရောစပ်၍ တိုက်ရပြီး အားဆေးများ ပေးပါသည်။ ၃ ရက်ခန့် ကြာသောအခါမှ နွားနို့ကို ဆိုဒါ မရောဘဲ တိုက်ပြီးလျှင် တစ်ပတ်ခန့် ကြာသောအခါတွင်မှ ဆန်ပြုတ်၊ ထို့နောက်မှ ထမင်း။

သခင်ဖေမြွေးသည် ကိုကိုးကျွန်းမှ ပြန်ရောက်၍ ကျွန်တော်နှင့် ထောင်မှ လွတ်လာပြီးနောက် တစ်နှစ်နှင့် ဆယ်ရက်အကြာတွင်မှ သခင် ဖေမြွေးမှာ ထောင်မှ လွတ်ခဲ့ရခြင်း ဖြစ်ပါသည်။ အတော်ကလေး ထူထူထောင်ထောင် ရှိလာသည့်အခါတွင်ကား ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော သခင်ဖေမြွေးသည် သူ၏ ထောင်သက်တမ်းအတွက် နောက်ဆုံး မှတ်တိုင်ကလေးဖြစ်သော ကျွန်တော်၏ ဆွေမမြောက် သားငယ်ကလေးအား ပွေ့ချီလိုသည်ဆိုသဖြင့် သူ၏လက်ထဲသို့ ထည့်ပေးလိုက်သောအခါကလေးအား ပွေ့ချီ မြှူချော့နေသည်ကို တွေ့ရပါသေးသတည်း။

ယခုအခါတွင်ကား သူသည် ဇနီး ဒေါ်တင်တင်မြွေး၊ သမီးကြီး ခင်မျိုးမြင့်မြွေး၊ သား မောင်ရဲထွဋ်မြွေး၊ မောင်ဇော်ထွဋ်မြွေး၊ သမီးငယ်ကလေး ခင်ရဲမြင့်မြွေး တို့တည်းဟူသော သူ၏ မိသားစုနှင့်အတူ ဝေဠုဝန် ကွက်သစ်တွင် အိမ်တစ်လုံး ငှားရမ်းနေထိုင်လျက် ရှိလေ၏။

**(သခင်မြသန်းရေး–နှစ်ကျွန်းပြန် သံမဏိနှစ်ဦးမှ)**

* * *

## နိဂုံး

ကျွန်တော် ကိုယ်တိုင်ရေး ကျွန်တော်၏ အကြောင်းသည် အတော်အတန် ပြည့်စုံလောက်ပြီဟု ကျွန်တော် ယူဆပါသည်။

ကျွန်တော်၏စာအုပ်တွင် သခင်မြသန်းရေး နှစ်ကျွန်းပြန် သံမဏိနှစ်ဦး စာအုပ်မှ ကျွန်တော်၏ လှုပ်ရှားမှု အပိုင်းကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ ဖော်ပြသင့်သည်ဟုလည်း ကျွန်တော် ယူဆပါသည်။

ကျွန်တော့်အကြောင်း သခင်မြသန်းရေး စာအုပ်တွင် အယူအဆရေးပြဿနာများနှင့် ပတ်သက်၍ အချို့ အတော်ကွဲလွဲပါသည်။

ကွဲလွဲသည့် အလျောက်လည်း ကျွန်တော်သည် ပြန်လှန်ချေပဖြေရှင်းရန် မူလပထမတွင် ရည်ရွယ်ခဲ့သော်လည်း ဤစာအုပ်တွင် ကျွန်တော်၏ ခံယူချက် သဘောထားများကိုသာ အပွင့်လင်းဆုံးနှင့် တင်ပြထားခြင်း ဖြစ်သောကြောင့် ဤသည်ကပင် သခင်မြသန်းနှင့် ကွဲလွဲချက်များကို ချေပရှင်းလင်းပြီး ဖြစ်နေမည်ဟု ယူဆ၍ ကျွန်တော်သည် အထူးတလည် အမည်တပ် ဖြေရှင်းခြင်းကို ချန်ထားခဲ့ရပါသည်။

ဤစာအုပ်တွင် နယ်ချဲ့ခေတ်နှင့် စစ်ပြီးခေတ်များတွင် အသေးစိတ်တင်ပြထားနိုင်သလောက် ဖ–ဆ–ပ–လ ခေတ်နှင့် ယခု ပြည်တွင်း ငြိမ်းချမ်းရေး ကာလများရှိ တိုက်ပွဲများနှင့် အဖြစ်အပျက်များကို ကျွန်တော့်ဘဝသည် ထောင်တွင်း၌သာ ရက်ရှည်လများ နေခဲ့ရခြင်းကြောင့်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ချန်လှပ်ထားခဲ့ရပါသည်။

ကျွန်တော်သည် ရှေ့အနာဂတ်တွင်လည်း ကျွန်တော် မိသည့် ဘဝဖြေ စုဆောင်းထားသည့် နိုင်ငံရေးမှတ်တမ်းများ၊ ကျမ်းများကိုလည်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



လက် ရေးသားဦးမည်ဟု ယူဆ ကြံရွယ်ထားသောကြောင့် အကယ်၍များ အခြေအနေ ပေးနေမည်ဆိုလျှင် ကျွန်တော်သည် နောက်ထွက်မည့် စာအုပ်များတွင် ထပ်လောင်းဖြည့်စွက် ရေးသွားမည် ဖြစ်ပေသည်။

ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုလျက်
**သခင်မြေထွေး**

BURMESE CLASSIC

www.burmeseclassic.com